# ကျောက်သဘော်

## ဆရာတော်ဘုရားကြီး-၏

ထေရုပ္ပတ္တိနှင့်တရားတော်များ

၁၄၈၊၉၃

ကျေးဇူးရှင်

# ကျောက်သဘော်-ဆရာတော်

# ဘုရားကြီး၏

## ထေရုပ္ပတ္တိနှင့် တရားတော်များ

( ဦးစိန်ဖေ - စီစဉ်သည် )

F. 1

၁၉၇၁-ခုနှစ်၊ နိုဝင်ဘာလတွင်
စတုတ္ထ အကြိမ် အုပ်ရေ ( ၃၀၀၀ ) ရိုက်နှိပ်သည်။
ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက် အမှတ် ( ၅၀၆၆ )

စိစစ်သူ .... ဦးစိန်ဖေ၊

ထုတ်ဝေသူ .... ဦးဘကျော် (ကန်ဦးရပ်-ကျောက်ဆည်မြို့) က ဝိမုတ္တိဥာဏဒဿနအဖွဲ့ချုပ် အမှုဆောင်အဖွဲ့၏ သဘောတူညီချက်အရ ထုတ်ဝေသည်၊

ပုံနှိပ်သူ .... ဦးစိန်တင် (ပ-မြဲ/၀၁၅၀၀)သုခဝတီစာပုံနှိပ်တိုက် ၀၄/၃၁-လမ်းဒေါင့် ကျောက်သွေးတန်း မန္တလေးမြို့၊

ထုတ်ဝေသူ .... ဦးစိန်တင် ( ထ-မြဲ/၀၆၄၂ ) သုခဝတီစာပေတိုက် ၀၄-လမ်းနှင့် ၃၁-လမ်းဒေါင့် ကျောက်သွေးတန်း မန္တလေးမြို့။

ဖြန့်ချိရာဌာန .... အမှုဆောင်အဖွဲ့ ဝိမုတ္တိဥာဏဒဿနအဖွဲ့ချုပ် ကျောက်ဆည်မြို့၊

ပူပိုင် .... ဝိမုတ္တိဥာဏဒဿနအဖွဲ့ချုပ်၊ ကျောက်ဆည်မြို့။



ကျေးဇူးရှင်-ကျောက်သဘော်ဆရာတော်ဘုရားကြီး ။

# မာတိကာ

## ပထမပိုင်း

နိဒါန်း

၁။ ပဋိပတ္တိ ပဋိဝေဓ သာသနာနှင့် ကျောက်သဘော်ဆရာတော် ၁၉

၂။ ကျောက်သဘော်ဆရာတော်နှင့် စိတ်-စိတ်အတိုင်းတိုင်း ၂၁

၃။ ဖွားရာဇာတိ ၂၄

၄။ ခမည်းတော်နှင့် မယ်တော် ၂၉

၅။ ပညာသင်ကြားရန် အပ်နှံခြင်း ၃၁

၆။ ရဟန်းပြုတော်မူခြင်း ၃၃

၇။ ပရိယတ္တိစာပေသင်ကြားခြင်း ၃၄

| | | |
|---|---|---|
| ၈။ | ပဋိပတ္တိလုပ်ငန်း စတင်ခြင်း | ၄၁ |
| ၉။ | ပဋိဝေဓဆိုက်ခြင်း | ၅၀ |
| ၁၀။ | ကျောက်သဘော်ဆရာတော် အမည်တွင်ခြင်း | ၅၇ |
| ၁၁။ | အတိုဆုံးသော တရား | ၆၂ |
| ၁၂။ | သာသနာပြုရန် လျှောက်ထားခြင်း | ၆၅ |
| ၁၃။ | နှစ်စဉ် သာသနာပြု ကြွရောက်ခဲ့သောဒေသများ | ၆၈ |
| ၁၄။ | ပကာသန အလုပ်ကိုမကြိုက် | ၇၅ |
| ၁၅။ | ဝိမုတ္တိဥာဏဒဿနအဖွဲ့ကြီး | ၇၇ |
| ၁၆။ | ခမည်းတော်နှင့် မယ်တော်တို့ ကွယ်လွန်ခြင်း | ၇၉ |
| ၁၇။ | ခရီးရောက်ရေးသာ အဓိက | ၇၉ |
| ၁၈။ | ရှောင့်ရဲလွှယ်ခြင်း | ၈၄ |
| ၁၉။ | လောကီရေးမပက် လောကုတ္တရာသက်သက် | ၈၉ |
| ၂၀။ | သည်းခံခြင်းနှင့် ရိုးသားခြင်း | ၉၂ |
| ၂၁။ | ပျံလွန်တော်မူခြင်း | ၉၈ |

## ဒုတိယပိုင်း


၁။ ၁၃၂၁-ခုနှစ် တပို့တွဲလဆန်း (၆) ရက်နေ့ ပဲခူး မြို့တော်ခမ်းမကြီး၌ ဟောသောတရား ၁၀၀

၂။ ၁၃၂၇-ခုနှစ် တပို့တွဲ လဆန်း (၂) ရက်နေ့ ပဲခူးမြို့ မဟာပုည ဓမ္မသာလာယံတန်ဆောင်း ကြီး၌ ဟောသောတရား ၁၃၃

၃။ ၁၃၂၉-ခုနှစ် နှောင်းတန်ခူးလဆန်း (၅)ရက်နေ့ ကျောက်ဆည်မြို့ ကျောက်သဘော်ဓမ္မာရုံကြီး၌ ဟောသောတရား ၁၆၅

၄။ ၁၃၂၄-ခုနှစ် တပေါင်းလဆန်း(၁၄)ရက်နေ့ ပဲခူး မြို့တော်ခမ်းမကြီး၌ ဟောသောတရား ၂၀၅

၅။ ၁၃၂၄-ခုနှစ် တပေါင်းလဆန်း(၁၅)ရက်နေ့ ပဲခူး မြို့တော်ခမ်းမကြီး၌ ဟောသောတရား ၂၂၁

၆။ ၁၃၂၂-ခုနှစ် တပေါင်းလဆန်း(၁၄)ရက်နေ့ ပဲခူး မြို့တော်ခမ်းမကြီး၌ ဟောသောတရား ၂၄၇

၇။ ၁၃၂၅-ခုနှစ် တပေါင်းလဆန်း(၁၄)ရက်နေ့ ပဲခူးမြို့ မဟာပုည ဓမ္မသာလာယံ တန်ဆောင်း ကြီး၌ ဟောသောတရား ၂၇၉

၈။ ၁၃၂၃-ခုနှစ် တန်ဆောင်မုန်းလဆန်း(၁၄)ရက်နေ့ ရန်ကုန်မြို့ ကျိုက္ကစံ၌ ဟောကြားသောတရား ၃၂၁

ဖြစ်ဖြစ်သမျှ ဒုက္ခသစ္စ

ဖြစ်လိုမှုက သမုဒယံ

အလိုသိမ့်မှ ငြိမ်းအေးနိဗ္ဗာန်

ငြိမ်းအေးမှု ပွားရှုမဂ်သစ္စံ။

# နိဒါန်း

ဗုဒ္ဓသည် ဘီစီ (၅၆၃)တွင်ဖွားမြင်တော်မူပြီး၊ဘီစီ (၅၂၈) တွင် ဗုဒ္ဓအဖြစ်သို့ရောက်တော်မူခဲ့လေသည်။ ဗုဒ္ဓအဖြစ်သို့ ရောက်တော်မူခဲ့သည်မှ ဘီစီ (၄၈၃)တွင် ပရိနိဗ္ဗာန်စံလွန်တော်မူသည်အထိ ၄၅-နှစ်တိုင်တိုင်၊ ဒေသတခုမှတခုသို့ လှည့်လည်ကြွရောက်တော်မူ၍ အမျိုးမျိုးကိစ္စရပ်တို့ကို အကြောင်းပြုပြီး ဟောကြားတော် မူခဲ့သော တရားတော်တို့မှာ အလွန်ပင် များပြားခဲ့လေသည်။

တူရာတူရာတရားတို့ကို စုပေါင်းလျက် သုတ္တန်, ဝိနည်း, အဘိဓမ္မာဟူ၍ ပိဋကတ်သုံးရပ်ရှိ၏။

သုတ္တန် ပိဋကတ်တွင် နိကာယ်ငါးရပ်ဟူ၍ ငါးမျိုး ခွဲခြားထားလေသည်၊ ၎င်းတို့မှာ.... (၁) ဒီဃနိကာယ်၊ (၂) မဇ္ဈိမနိကာယ်၊ (၃) သံယုတ္တနိကာယ်၊ (၄) အင်္ဂုတ္တရနိကာယ်၊ (၅) ခုဒ္ဒကနိကာယ်ဟူ၍ စုစုပေါင်း ဓမ္မက္ခန္ဓာပေါင်းနှစ်သောင်းတထောင်မျှ ရှိလေသည်။

ဝိနည်း ပိဋကတ်တော်တွင် (၁)ပါရာဇိကဏ်၊ (၂) ပါစိတ်၊ (၃) မဟာဝါ၊ (၄) စူဠဝါ၊ (၅) ပရိဝါဟူ၍ ဝိနည်းငါးကျမ်း ခွဲခြားထားရာ စုစုပေါင်း ဓမ္မက္ခန္ဓာပေါင်း နှစ်သောင်းတထောင် ရှိလေသည်။

အဘိဓမ္မာပိဋကတ်တော်တွင်မူ (၁)ဓမ္မသင်္ဂဏီ၊ (၂)ဝိဘင်း၊ (၃) ဓာတုကထာ၊ (၄) ပုဂ္ဂလပညတ်၊ (၅) ကထာဝတ္ထု၊ (၆) ယမိုက်၊ (၇) ပဋ္ဌာန်းဟူ၍ ခုနစ်ကျမ်းခွဲထားပြီး စုစုပေါင်း ဓမ္မက္ခန္ဓာပေါင်း လေးသောင်းနှစ်ထောင်မျှ ရှိလေသည်။

ဤသို့အားဖြင့် ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်မျှများပြား ကျယ်ဝန်းသော်ငြားလည်း၊ သံသရာမှ ထွက်မြောက်လိုသူတို့မှာ အားလုံးကိုသိရန်မလိုချေ၊ ကောဓမ္မောအရ၊ ဝိမုတ္တိရသ တည်းဟူသော အလုံးစုံသော ကိလေသာ အာသဝတို့၏လွတ်ရာ,ကင်းရာ,ကုန်ရာ,ချုပ်ရာ,နိဗ္ဗာန်ကို မျက်မှောက်ပြုဘို့ရန်သာလျှင် အရေးကြီးလေသည်။ ဗုဒ္ဓ ဟောကြားတော်မူခဲ့သော ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်ကို အဆီညှစ်ထုတ်လိုက်ပါက ဝိမုတ္တိရသအားဖြင့် တပါးသာလျှင် ရရှိလေသည်။

နိဗ္ဗာန် မျက်မှောက်ပြုနိုင်ရေးအတွက် ပုဂ္ဂိုလ် အမျိုးမျိုးတို့အား နည်းအမျိုးမျိုးတို့ဖြင့် ဟောကြားတော်မူခဲ့သည့်အတွက်သာလျှင် ဤမျှများပြားခဲ့ခြင်းဖြစ်၏၊ အဓိက လိုရင်းမှာ ဥပါဒါနက္ခန္ဓာတို့၏ ကင်းရာ,ကုန်ရာ,ချုပ်ရာ,ငြိမ်းရာ နိဗ္ဗာန်ကို မဂ်ဉာဏ်ဖြင့် မျက်မှောက်ပြုရေးသာလျှင် အရေးကြီးလေသည်၊ ပိဋကတ်အရာတွင် ကျွမ်းကျင်တတ်မြောက်တော်မူသော ပေါဋ္ဌိလမထေရ်ကြီးနှင့် အလွန်တရာ ဉာဏ်လေးလှသော စူဠပန် မထေရ်တို့၏ သာဓကတို့ကို ထောက်၍ နိဗ္ဗာန်ကို သိဘို့ရာသာလျှင် အလွန်အရေးကြီးကြောင်း ထင်ရှား၏။

အလွန်တရာမှဉာဏ်လေးပြီး၊ အနည်းငယ်မျှသော စာပေကိုပင် တဝါတွင်းလုံး ကျက်မှတ်လေ့လာခြင်းငှါ မစွမ်းနိုင်သော စူဠပန်မထေရ်အား ဗုဒ္ဓက တရားအစိတ်စိတ် အလီလီတို့ကို ဟောမနေတော့ပဲ၊ ဝိမုတ္တိရသ တည်းဟူသော နိဗ္ဗာန်ကို အလွယ်တကူ သိမြင်နိုင်မည့် တရားကိုသာလျှင် ပြသတော် မူခဲ့လေသည်။

စာပေကျမ်းဂန်တို့ကို စွယ်စုံဂုဏ်မြောက် တတ်မြောက်တော်မူသော်လည်း နိဗ္ဗာန်ကို မျက်မှောက်မပြုနိုင်သေးပါက၊ နွားတွေကို ကျောင်းပြီး၊ နွားနို့တွေကိုညှစ်နေပါလျက် နွားနို့၏ အရသာကို မခံစား မသုံးဆောင်ရသောသူကဲ့သို့ ဖြစ်နေပြီး၊ ဗုဒ္ဓ၏ ဆန္ဒတော်နှင့်လည်း ကိုက်ညီပေလိမ့်မည် မဟုတ်ပေ။

ဝိမုတ္တိရသ တည်းဟူသော အလုံးစုံသော ကိလေသာတို့၏ ကင်းရာ, ကုန်ရာ, ချုပ်ရာ, ငြိမ်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုပြီးမှ၊

သိမြင်ပြီးမှ အထက်ပါ ပိဋကတ်တော်များတွင် ဉာဏ်ကျက်စား ပါက ဗုဒ္ဓ၏ ဆိုလိုရင်း အနက်အဓိပ္ပါယ်တို့ကို နေရာဌာနအလိုက် အံဝင် ဂွင်ကျ သိမြင်ပြီး တရားတော်၏ လေးနက်မှု မှန်ကန်မှု တိကျမှုတို့ကို ကိုယ်တိုင် တွေ့မြင်ရပေမည်။

ဤသို့မဟုတ်ပါက ဗုဒ္ဓ၏ ပိဋကတ်တော်များမှ ပဋိဝေဓ အနက်သို့မဆိုက်ပဲ၊ ပရိယတ္တိ၊ ပဋိပတ္တိ အသိဉာဏ်မျှလောက်နှင့်သာ လမ်းဆုံးနေတတ်လေသည်၊ ပဋိဝေဓဆိုက်ပြီးသော ဗုဒ္ဓက အရိယာဉာဏ် အမြင်နှင့် ဟောကြားတော် မူခဲ့သော အလွန် နက်နဲသော တရားတော်တို့ကို နိဗ္ဗာန်သို့ တကြိမ်တခါမျှ မျက် မှောက်မပြုနိုင်သေးသော သာမန်ပုထုဇဉ်တို့၏ ဉာဏ်အမြင်ဖြင့် အနက်ဖွင့်ဆိုနေပါက ဗုဒ္ဓ၏ အလိုတော်ကျ ဖြစ်နိုင်ဘို့ရန် များ စွာမှ ခဲယဉ်းလှပေသည်၊ အဝိုင်းပေါက်ထဲသို့ လေးထောင့်တုံး၊ လေးထောင့်ပေါက်ထဲသို့ အဝိုင်းတုံးကို သွင်းဘိသကဲ့သို့ အံဝင် ဂွင်ကျ ဖြစ်နိုင်လိမ့်မည် မဟုတ်ပေ။

ဗုဒ္ဓ၏ တရားတော်များကို အနက်အဓိပ္ပါယ် ပြန်ဆိုကြရာတွင် ဉာဏ်အမြင်ချင်း မတူကြသောကြောင့် ကွဲလွဲမှုများ ရှိကြလေ သည်။ ပရိယတ္တိဉာဏ်ဖြင့် ပြန်ဆိုခြင်း၊ ပဋိပတ္တိဉာဏ်ဖြင့် ပြန်ဆို ခြင်း၊ ပဋိဝေဓဉာဏ်ဖြင့် ပြန်ဆိုခြင်းဟူ၍ အမျိုးမျိုး ရှိကြ၏။ တနည်းအားဖြင့်ဆိုရသော် လောကီဉာဏ်အမြင်ဖြင့် အနက်ဖွင့် ဆိုခြင်း၊ လောကုတ္တရာဉာဏ်အမြင်ဖြင့် အနက်ဖွင့်ဆိုခြင်း ဟူ၍ နှစ်မျိုးရှိလေသည်၊ သို့ကြောင့်လည်း ကိုးကားသော ပါဠိတော်

တူပါလျက် အနက်အဓိပ္ပါယ် ကောက်ယူပုံချင်း မတူညီကြတော့ချေ၊ ၃-နှင့် ၄-ကဲ့သို့ ကပ်နေပါလျက် မျက်နှာမူရာ အရပ်များမှာ တဖက်တလမ်းစီ ဖြစ်နေကြလေသည်။

လောကီဉာဏ်ဖြင့် ပြန်ဆိုချက်များ ဖွင့်ဆိုချက် များမှာ ဖြစ်မဆုံး ပျက်မဆုံးနိုင်သော လောကီနယ်မှ မလွန်မြောက်နိုင်ကြပဲ၊ လောကုတ္တရာဉာဏ်ဖြင့် ဖွင့်ဆိုချက်များမှာမူ စာလုံးတိုင်း စာကြောင်းတိုင်း လိုလိုမှာ လောကီမှ လွတ်မြောက်သော နိဗ္ဗာန်ကိုသာ မျက်မှောက်ပြုရေးသို့ သာလျှင် ဦးတည်လျက် ရှိကြလေသည်။

အကယ်၍ ပါဠိတော်တခုကို အနက်အဓိပ္ပါယ် ပြန်ဆိုကြရာ၌ တခုနှင့်တခု မတူညီပဲဖြစ်နေပါက ပဋိဝေဓသို့ နီးကပ်စေမည့်၊ သို့မဟုတ် ဆိုက်ရောက်စေမည့် ပဋိဝေဓဉာဏ်အမြင်ဖြင့် ဖွင့်ဆိုချက်ကိုသာလျှင် လက်ခံကြရပေမည်၊ လိုက်ကြရပေမည်၊ သို့မှသာလျှင် ဗုဒ္ဓ၏ အလိုတော်ကျဖြစ်ပြီး အံဝင် ဂွင်ကျ ဖြစ်ပေလိမ့်မည်။

သံသရာမှ လွတ်မြောက်စေခြင်းအကျိုးငှါ (ဝါ) နိဗ္ဗာန်ကို မျက်မှောက်ပြုစေခြင်း အကျိုးငှါသာလျှင် တရားကို ဟောကြားတော်မူခဲ့ကြောင်းကို မူလပဏ္ဏာသ ပါဠိတော်တွင် ပါရှိလေသည်။

တိဏ္ဏော သောဘဝါ တရဏတ္ထာယ ဓမ္မံ ဒေသေတိ။
ပရိနိဗ္ဗုတော သောဘဝါ ပရိနိဗ္ဗာနတ္ထာယ ဓမ္မံ ဒေသေတိ။

သန္တော သောဘဂဝါ သမထာယ ဓမ္မံ ဒေသေတိ။
ဒန္တော သောဘဂဝါ ဒမထာယ ဓမ္မံ ဒေသေတိ။

တိဏ္ဏော၊ သံသရာမှ လွတ်မြောက်ပြီးသော။ သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ တရဏတ္ထာယ၊ သံသရာမှ လွတ်မြောက်စေခြင်းငှါ (ဝါ) နိဗ္ဗာန်ကို မျက်မှောက်ပြုစေခြင်းငှါ။ ဓမ္မံ၊ တရားတော်ကို။ ဒေသေတိ၊ ဟောတော်မူ၏။

ပရိနိဗ္ဗုတော၊ ကိလေသာ ပရိနိဗ္ဗာန် စံဝင်တော်မူသော။ သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ပရိနိဗ္ဗာနတ္ထာယ၊ ကိလေသာတို့မှ ကင်းလွတ်စေ၍ ပရိနိဗ္ဗာန် စံဝင်စေခြင်းငှါ။ ဓမ္မံ၊ တရားတော်ကို။ ဒေသေတိ၊ ဟောတော်မူ၏။

သန္တော၊ အာရုံတည်းဟူသော ဥပါဒါနက္ခန္ဓာမီးမှ ငြိမ်းအေး တည်ငြိမ်တော်မူသော။ သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ သမထာယ၊ အာရုံဟူသော ဥပါဒါနက္ခန္ဓာမီးမှ ငြိမ်းအေး တည်ငြိမ်စေခြင်းငှါ။ ဓမ္မံ၊ တရားတော်ကို။ ဒေသေတိ၊ ဟောတော်မူ၏။

ဒန္တော၊ ယဉ်ကျေးလိမ္မာတော်မူပြီးသော။ သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဒမထာယ၊ ယဉ်ကျေးလိမ္မာစေခြင်းငှါ။ ဓမ္မံ၊ တရားတော်ကို။ ဒေသေတိ၊ ဟောတော်မူ၏။

ဤသို့အားဖြင့် နိဗ္ဗာန် မျက်မှောက်ပြုရေး၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် ဖြစ်ရေးကိုသာ အဓိက ဦးတည်ချက်ထားသော ဗုဒ္ဓ၏ ဆန္ဒတော်နှင့် ကိုက်ညီစေရန် ပဋိဝေဓ အနက်သို့သာလျှင် လိုက်ကြရသည်။

ဤစာအုပ်တွင်ပါရှိသော ကျောက်သဘော်ဆရာတော်ဘုရားကြီး ဟောကြားတော်မူခဲ့သော တရားတော် များမှာလည်း၊ နိဗ္ဗာန်ကိုမျက်မှောက်ပြုရေး၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်ဖြစ်ရေး၊ တရားကို တရားအတိုင်းတိုင်း၊ သူငါမစွက်၊ တရားအတိုင်းတိုင်း၊ သန့်သန့်မြင်ရေးကိုသာလျှင် အဓိက ထားခဲ့လေသည်၊ အနိစ္စ၊ ဒုက္ခ အနတ္တ လက္ခဏာရေး သုံးပါး၊ သီလ၊ သမာဓိ၊ ပညာ တည်းဟူသော သိက္ခာသုံးရပ်၊ စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်တည်းဟူသော ပရမတ္ထ တရားလေးပါး၊ သင်္ခတ တရား အသင်္ခတ တရားနှင့် သင်္ခါရတရား၊ ဥပါဒါနက္ခန္ဓာ ငါးပါးနှင့် အနုပါဒါနက္ခန္ဓာငါးပါး၊ သစ္စာလေးပါး အစရှိသော တရားတို့ကို ပဋိဝေဓ ဉာဏ်အမြင်ဖြင့်သာလျှင် ဟောကြားဖွင့်ဆို ထားသည်တို့ကို တွေ့ရပေမည်။

တရားနာ ပရိသတ်များ၊ သံဒိဋ္ဌိက၊ အကာလိက၊ ဂုဏ်များနှင့် ကိုက်ညီစွာ နိဗ္ဗာန်မြင်ရေး မဂ်ဉာဏ် ဖြစ်ရေးကို သာလျှင်

အဓိကထား၍ အနည်းနည်းအဖုံဖုံဖြင့် ဥပမာအမျိုးမျိုးပေးကာ ဟောကြားတော်မူခဲ့၏၊ ကုသိုလ်ဖြစ်ရေး, ကုသိုလ်ရရေး တခု လောက်ကိုသာ ရည်ရွယ်ခဲ့ခြင်း မဟုတ်ပေ၊ ဆရာတော်ဘုရား ကြီးသည် တရားဟောကြားရာ၌ တောင်သူလယ်သမားများ အလုပ်သမားများ၊ သာမန်အရပ်သူ အရပ်သားများ၊ ကလေး သူငယ်များပင်လျှင် နားလည် လွယ်မည့် စကားအသုံးအနှုန်း များဖြင့်သာလျှင် ဟောကြားလေ့ရှိ၏။

"နိဗ္ဗာနဓာတ်"ဆိုသည့်အတိုင်း ထင်ရှားရှိသည့် နိဗ္ဗာန် ကို ထင်ရှားရှိသလို၊ တရားနာယူသူများ တထိုင်တည်းနှင့်သိမြင် နိုင်စေရန်အတွက် ထပ်ခါထပ်ခါ နည်းအမျိုးမျိုးဖြင့် နိဗ္ဗာန်ကို ပြနေသည့်အတွက် တရားတပုဒ်လုံး နိဗ္ဗာန်ချင်း ထပ်နေသည်ကို တွေ့ရပေလိမ့်မည်၊ အနက်ပေးရာတွင်လည်း နိဗ္ဗာန်သို့တိုက်ရိုက် သိမြင်စေမည့် အနက်များကိုသာလျှင် ပေးလေ့ရှိ၏၊ ဟော ကြားရာတွင်လည်း နိဗ္ဗာန်သည်အစ နိဗ္ဗာန်သည်အဆုံးသာလျှင် ဖြစ်၏၊ တရား (၈) ပုဒ်ပါရှိသော်လည်း တပုဒ်မျှလောက်နှင့်ပင် လျှင် ဉာဏ်မြင် ရှင်းလင်းလောက်ပါသည်။

ဤစာအုပ်တွင် ပဌမပိုင်း, ဒုတိယပိုင်း ယူ၍ နှစ်ပိုင်း ခွဲခြား ထားပါသည်၊ ပဌမပိုင်းတွင် ဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိ ကိုဖော်ပြထားပြီး၊ ဒုတိယပိုင်းတွင် ဆရာတော်ဘုရားကြီးသက် တော်ထင်ရှား ရှိစဉ်က ဟောကြားတော်မူခဲ့သော များပြား လှစွာသော တရားတော်များမှ (၈)ပုဒ်ကိုသာလျှင် စာမျက်နှာ

ကို ၎င်းရသည့်အတွက် ဖေါ်ပြနိုင်ခဲ့ပါသည်။ အမှား အယွင်း ကင်းနိုင်းသမျှ ကင်းစေရန်အတွက် ကြိုးစားပြီး ဆောင်ရွက်ခဲ့သော်လည်း၊ အချိန်မှီ ထွက်နိုင်ရေးအတွက် လုံးပမ်းခဲ့ရသဖြင့်၊ အမှားအယွင်း ပါရှိကောင်း ပါရှိပေလိမ့်မည်၊ ဤကဲ့သို့ ပါရှိခဲ့ပါက၊ မူလ အသံသွင်းကြိုခွေမှ ကူးယူခဲ့သော ကျွန်ုပ်တော်၏ အမှားသာလျှင်ဖြစ်ကြောင်း တင်ကြိုဝန်ခံအပ်ပါသည်။

ဤစာအုပ်ဖြစ်မြောက်ရေးအတွက် အဖက်ဖက်မှ အကူအညီပေးသော မောင်တင်မှတ်-အား အထူးကျေးဇူး တင်ကြောင်း ဖေါ်ပြအပ်ပါသည်။

စိန်ပေ

၁၉၆၇-ခု၊ ဩဂုတ်လ (၂၁) ရက်။

—*—

ကျောက်ဆည်မြို့ ကျေးဇူးရှင်

ကျောက်သင်္ဘော ဆရာတော်

ဘုရားကြီး၏ ထေရုပ္ပတ္တိ ၊

ရတနတ္တယံ အဟံ ဝန္ဒာမိ၊

ပဋိပတ္တိ ပဋိဝေဓ သာသနာနှင့်
ကျောက်သဘော ဆရာတော်၊

ဗုဒ္ဓသာသနာတော်တွင် မဟာယာန ဗုဒ္ဓသာသနာနှင့် ထေရဝါဒ ဗုဒ္ဓသာသနာဟူ၍ အခုအခါ ဂိုဏ်းကြီး နှစ်ဂိုဏ်း ကွဲပြားလျက်ရှိ၏။

ကမ္ဘာတွင် ဗုဒ္ဓသာသနာတော် ထွန်းလင်းလျက် ရှိကြသော နိုင်ငံကြီးများအနက်၊ မြန်မာနိုင်ငံမှာ ထေရဝါဒ ဗုဒ္ဓသာသနာ အထွန်းလင်းဆုံးသော နိုင်ငံအဖြစ် ထင်ပေါ် ကျော်ကြားလျက် ရှိလေသည်။

ပရိယတ္တိသာသနာ ၊ ပဋိပတ္တိသာသနာနှင့် ပဋိဝေဓသာသနာ ဟူ၍ သာသနာတော် သုံးရပ် ရှိသည်တွင် ပရိယတ္တိ သာသနာ ဘက်၌ အထူးထင်ပေါ် ကျော်ကြားတော်မူကြသော ပိဋကတ်အရာဝယ် တဖက်ကမ်းရောက် တတ်မြောက်တော်မူကြကုန်သော ဆရာတော် ဘုရား ကြီး များ၊ အ များ အပြား ပေါ် ပေါက် ခဲ့လေသည်။ ပိဋကတ်အရာတွင် စွယ်စုံဂုဏ်မြောက် ထွန်းတောက်တော် မူကြကုန်သော၊ ကျမ်းပြု ပုဂ္ဂိုလ် ဆရာတော်ကြီးများ ယနေ့ထက်တိုင် ဆရာအစဉ်အဆက် ထွန်းလင်းပေါ်ပေါက်လျက် ရှိလေသည်။

ပရိယတ္တိသာသနာတော်ကြီး အစဉ်အဆက် စည်ပင်တိုးတက်လျက် ရှိသော်လည်း၊ ပဋိပတ္တိ သာသနာတော်နှင့် ပဋိဝေဓ သာသနာတော်တို့ဘက်တွင် စွမ်းစွမ်းတမံ ထင်ပေါ်ကျော်ကြားတော်မူသော ဆရာတော်များမှာ အထူးပင် နည်းပါးခဲ့ လေသည်။ နေလို လလို ထွန်းလင်း တောက်ပြောင်တော် မူကြကုန်သော အာဇာနည် ပုဂ္ဂိုလ်ထူးကြီးများ မရှိခဲ့သည် မဟုတ် ပေါ်ပေါက်ခဲ့ဘူးပါ၏။ သို့သော် ပေါ် ပေါက် ခဲ့ သည် တို့မှာ အရေအတွက်အားဖြင့် အလွန်အလွန် နည်းပါးလှ ပေသည်။ တခေတ်တခေတ်တွင် တပါးနှစ်ပါး စသည်ဖြင့်သာ ပေါ်ထွန်းခဲ့ဘူး၏။ ပရိယတ္တိသာသနာတော်မှ သာသနာ့အာဇာနည်ကြီးများ၏ အရေအတွက်နှင့် နှိုင်းယှဉ်လျှင် အလွန်ပင် နည်းပါးခဲ့လေသည်။ လက်ချိုး၍ ရေတွက်ခြင်းငှါ ရလောက်အောင်ပင် ရှားခဲ့၏။ ယနေ့ မျက်မှောက်ခေတ်တွင် ပဋိပတ္တိ ပဋိဝေဓ

နယ်ပယ်မှ တကွဲလေးစားလောက်သည့် ပုဂ္ဂိုလ်ထူး အာဇာနည်ကြီးများမှာ သုံးလေးပါး မျှလောက်သာလျှင် ပေါ်ထွက်တော်မူခဲ့လေသည်။

ထိုသုံးလေးပါးတို့တွင် လောကီမှ လွန်မြောက်၍ ခပ်သိမ်းသော ကိလေသာ အညစ်အကြေးတို့၏ ချုပ်ရာ (ဝါ) ဥပါဒါနက္ခန္ဓာတို့၏ ကင်းရာ ကုန်ရာ ချုပ်ငြိမ်းရာဖြစ်သော အသင်္ခတဓာတ် မြတ်သောနိဗ္ဗာန်ကို သက်သာလွယ်ကူစွာ မျက်မှောက်ပြုနိုင်ကြစေရန်အတွက် ရှင်းလင်းပြတ်သားစွာ အရပ်သုံးစကားဖြင့် သာမန် အရပ်သူအရပ်သားများ လုပ်သားပြည်သူ တောင်သူ လယ်သမားများအား ဟောပြောပြသ ဆိုဆုံးမတော်မူလေ့ရှိသော ဝိနည်းတော်တို့ကို ရိုသေလေးစားစွာဖြင့် ဝိနည်းကိုဆောင်သည်ဖြစ်၍ အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာ တည်းဟူသော သိက္ခာသုံးပါးနှင့် ပြီးပြည့်စုံပြီးလျှင် လဇ္ဇီပေသလ သိက္ခာကာမနှင့် ပြည့် စုံ တော် မူ သော ပဋိပတ္တိ ပဋိဝေဓ နယ် ပယ် တွင် ချောက်ချားတော်မူပြီး ကျောက်ထီးတန္တု အလေးဂရု ပြုအပ်သော ကျေးဇူးရှင် ကျောက်သဘော်ာ ဆရာတော် ဘုရားကြီးမှာ တပါး အပါအဝင် ဖြစ်ပေ၏။

**ကျောက်သဘော်ာဆရာတော်နှင့် စိတ်·စိတ်အတိုင်းတိုင်း။**

ကျောက်သဘော်ာ ဆရာတော် ဘုရားကြီးသည် မိမိ သိမြင်ကျင့်သုံးလျက်ရှိသောတရားကို တဆင့်ပြန်လည်ဟောပြောပြသ ဆိုဆုံးမရာ၌ မိမိသိမြင်သည့်အတိုင်း စာသံ ပေသံ မရောစွက်ပဲ

သာမန် အရပ်သူအရပ်သားများ ကလေးသူငယ်များ ပင်လျှင် နားလည်လွယ်သော အရပ်သုံးစကားဖြင့်သာ ဟောကြားလေ့ ရှိလေသည်။ " စိတ်-စိတ်အတိုင်းတိုင်း " ဟူသော ဝေါဟာရ စကားမှာ ဆရာတော်ဘုရားကြီးဟောလေ့ရှိသော အသုံးအနှုန်း ဖြစ်ရကား "စိတ်-စိတ်အတိုင်းတိုင်း" ဟု ကြားလျှင် ကျောက် သဘော်ဆရာတော်ဘုရားကြီးကို သိသလို ကျောက်သဘော်ဟု ဆိုလျှင် " စိတ်-စိတ်အတိုင်းတိုင်း " ကိုမူ သိသူမရှားကြပေ။

ကျောက်သဘော် ဆရာတော် ဘုရားကြီးနှင့် "စိတ်-စိတ် အတိုင်းတိုင်း" "စိတ်-စိတ်အတိုင်းတိုင်း" နှင့် ကျောက်သဘော် ဆရာတော်တို့မှာ ခွဲ၍ မရစကောင်းသော အမည် နာမများ အဖြစ် မြန်မာပြည်တွင် ထင်ပေါ်ကျော်ကြား လူသိများသော ဝေါဟာရများ ဖြစ်ခဲ့လေသည်။ နောင်တွင်လည်း နှစ်ပေါင်း မြောက်မြားစွာ ကြာညောင်းသည့် တိုင်အောင် ထွန်းလင်း တောက်ပ နေဦးမည့် ဝေါဟာရ စကားလုံးများအဖြစ် တွင်ရစ် ခဲ့ပေလိမ့်မည်။ အထူးသဖြင့် ပဋိပတ္တိသာသနာနှင့် ပဋိဝေဓ သာသနာတော်များ ထွန်းလင်း နေသည်နှင့်အမျှ ထွန်းလင်း တောက်ပြောင်နေမည့် ဝေါဟာရစကားလုံးများဖြစ်လေသည်။

စိတ်-စိတ်အတိုင်းတိုင်းထား ဆိုတာ ထားလို့ ရပါ့မလား၊ ရနိုင်မည်မထင်ပါ၊ စိတ်ဆိုသည်မှာ အာရုံနှင့် ကင်းကောင်းသည် မဟုတ်သောကြောင့် ထား၍ရနိုင်မည်မဟုတ်ဟု ဆိုလာသူများ ရှိသလို စိတ်ဆိုလျှင် စေတသိက်က ပါပြီးသားပဲ၊ စိတ်နဲ့စေတ

သိက်ဆိုတာက ယှဉ်ပေါ် ယှဉ်ဘက်ပဲ၊ စိတ်-စိတ်အကိုင်းတိုင်း ထား ဆိုတာကိုက စာပေ ကျမ်းဂန်တွေနဲ့ မကိုက်ညီပါဘူးဟု စာပေကို အနည်းငယ်မျှလောက်သာ သင်ကြားခဲ့ဘူးသောစာရွဲ ပေစွဲ အချို့၏ စွပ်စွဲသံများကလည်း ကြားရလေသည်။

စိတ်-စိတ်အတိုင်းတိုင်းထားဆိုတာက သက်သက်အန္တရာယ်ပဲ စိတ်ဆိုတာက ထိန်းချုပ်နိုင်မှ တော်ကာကျတာ၊ မိသိုသာ လွှတ်ထားလိုက်မှဖြင့် ထင်ရာတွေ စိုင်းပြီး ပေါက်လွှတ်ပဲစား ဝါဒကြီး ထွန်းကားလာမှာပေါ့ဟု တိုက်သူကတိုက်၊ အချို့ ကလည်း ကျွန်တော်ကျွန်မတို့တော့ ထားလို့မရဘူး၊ ကျောက် သဘော်ဆရာတော်ကြီးကတော့ ရဟန္တာ မထေရ်မြတ်ကြီးကိုး၊ ဆရာတော်ကြီးကတော့ ထားနိုင်မှာပေါ့၊ ဆရာတော်ကြီးကလဲ သူထားနိုင်တိုင်း အခြားလူတွေကိုသားနိုင်မယ်ထင်ပြီး လျှောက် ဟောနေတာ၊ တကယ်တော့ မလွယ်ပါဘူးဟု ပြောသူကပြော၊ အချို့ကတော့လည်း ဆရာတော်ကြီးကိုယ်တိုင် စိတ်အတိုင်းတိုင်း ထားနိုင်မယ်ဆိုတာတော့ ယုံမှားဘွယ်မရှိပါဘူး၊ များစွာသော သူ့တပည့်များအဖို့တော့ ဖြစ်နိုင်ကြပါ့မလား၊ သူ့တပည့်တွေ ကိုတော့ တိုးတိုးတိတ်တိတ် သင်ပြထားသလား မပြောတတ်ဘူး ဟု ရေးသူကရေးပြီး အချို့သောဝိပဿနာဂိုဏ်း ဆရာကြီးများ ကမူ ၎င်းတို့၏ တပည့်များက လာရောက် လျှောက်ထား မေး မြန်းသောကြောင့် တပည့်များအား ဝိနိစ္ဆယ ပေးကြရာတွင် တရားကတော့ မှန်ပါတယ် ဒီလိုနိဗ္ဗာန်ကို တိုက်ရိုက်ပြနေလို့ ဉာဏ်နုသူများက မြင်နိုင်ကြပါ့မလား၊ ဘုန်းကြီးတို့ကတော့

ဥာဏ်နှသူရောရင့်သူပါ ရနိုင်မည့်နည်းလမ်းတွေပြနေတာပဲ၊ အစရှိသည်ဖြင့် အနည်းနည်း အဖုံဖုံ မြန်မာပြည် ဝိပဿနာလောကကြီး တခုလုံး (ဝါ) ပဋိပတ္တိနှင့် ပဋိဝေဓသာသနာတော်နယ်ပယ်ကြီး တခုလုံး တုန်လှုပ်ချောက်ချားခဲ့လေသည်။

အထက်ဖေါ်ပြပါ ဂယက်ရိုက်ခတ်မှု အထွေထွေတို့ကို စိစစ်ကြည့်ပါက စာစွဲ ဆရာစွဲ ဝါဒစွဲ ရှိကြသူထည်းမှပင် အများစုကြီးက ကျေးဇူးရှင် ကျောက်သဘော် ဆရာတော်ဘုရားကြီးနှင့် ၎င်းကျင့်သုံးပွားများတော်မူသော တရားတို့မှာ တသားထည်းဖြစ်နေကြောင်းကိုမူ ဝန်ခံကြရလေသည်။ ဆိုလိုသည်မှာ ကျေးဇူးရှင် ကျောက်သဘော် ဆရာတော် ဘုရားကြီးသည် မိမိဟောသလို နေထိုင်ကျင့်သုံးပြီး မိမိကျင့်သုံးနေထိုင်သလို ( ကိုယ်တိုင်တွေ့ ကိုယ်တိုင်ကျင့်သုံး ပွားများပြီးခဲ့သလို ) သာ ဟောကြားလေ့ရှိသော ဆရာတော်ကြီးတပါးဖြစ်ကြောင်းကို ဆရာတော်ကြီး၏ တပည့်ဟုတ်သူရော မဟုတ်သူကပါ သံသယ ကင်းရှင်းစွာဖြင့် ကြည်ညိုလေးစားကြလေသည်။

## ဖွားရာဇာတိ။

ကျောက်သဘော်ဆရာတော်ဘုရားကြီးသည် ၁၂၆၄-ခုနှစ် ပြာသိုလပြည့်နေ့ ည ၁၂-နာရီအချိန်တွင် ရွှေဘိုမြို့ အရှေ့ခရီး (၂)မိုင်ခန့်မျှ ဝေးကွာသော ရွှေဘိုမြို့နယ်-ရွှေကူကျေးရွာတွင် မိးရှူးသန့်စင် ဖွားမြင်တော်မူလေသည်။



ရွှေကူကျေးရွာကို အဝေးမှ တွေ့ရပုံ။



ဆရာတော်ဘုရားကြီး၏ ချက်မြှုပ်ရာ အိမ်နေရာ။

ရွှေကူရွာကလေးမှာ လူနေအိမ်ခြေ ၅၆၀ ခန့်ရှိ၏၊ ရွာသူ ရွာသားများသည် ဘိုးဘွား မိဘရိုးရာ အစဉ်အဆက်ဆက်မှစ၍ တောင်သူ လယ်သမားများ ဖြစ်ကြ၏၊ ရိုးသားစွာ လယ်ယာ လုပ်ငန်းကို လုပ်ကိုင်ခြင်းဖြင့် အသက်မွေးမှု ပြုကြလေသည်။ ရှေးမြန်မာရိုးရာ ယဉ်ကျေးမှုဓလေ့ထုံးစံတို့ကို စောင့်ထိန်း လိုက် နာကြပြီးလျှင် သက်ကြီးသူမ မိဘ ဘိုးဘွားများ၏ ဆုံးမပဲ့ပြင် မှုကို လေးစား နာယူကြသော အလေ့အထသည် အစဉ်အလာ အားဖြင့် တည်ရှိခဲ့လေသည်။

ယင်းသို့သော အကြောင်းများကြောင့် ရွှေကူကျေးရွာတွင် လူဆိုးလူမိုက် နာမည်ပျက်များမရှိပဲ သူ့ကျွန်ဘဝ အင်္ဂလိပ် အစိုးရ လက်ထက်ကပင် နာမည်ကောင်း ရသော ရွာတရွာ ဖြစ်ခဲ့၏။

## ခမည်းတော်နှင့် မယ်တော်။

ကျော်ကြားသော ဆရာတော် ဘုရားကြီး၏ ခမည်းတော်၊ မယ်တော်တို့မှာ အထက်ပါ ရွှေကူရွာမှ ရိုးရာမပျက် စဉ်ဆက် လုပ်ကိုင်လာကြသော တောင်သူလယ်သမား ဦးကြီးများ ဖြစ် ကြ၏။ ခမည်းတော်မှာ ဦးလူတုတ်ဖြစ်ပြီး၊ မယ်တော်မှာ ဒေါ်ငယ်ဖြစ်လေသည်။

ဦးလူတုတ်-ဒေါ်ငယ်တို့မှာ သားသမီးရတနာ ၆-ယောက် ထွန်းကားခဲ့လေသည်။ အစဉ်အလိုက်အားဖြင့်....

(၁) မောင်ညွန့်မောင်
(၂) မောင်ဘိုးရန် (ကျောက်သဘော်ဆရာတော်)
(၃) မဖွားအုံ
(၄) မောင်ဘိုးစံ
(၅) မောင်ပေါ်အေး
(၆) မောင်မြအေး

တို့ဖြစ်ကြ၏။ သားရတနာ ငါးယောက်နှင့် သမီးရတနာ တယောက်ဖြစ်လေသည်။ ၎င်းသားသမီးရတနာခြောက်ယောက်မှ ဒုတိယမြောက် သားရတနာ မောင်ဘိုးရန်မှာ နောင်တွင် ကျောက်သဘော်ဆရာတော်ဟူသော အမည်ပညတ်ဖြင့် မြန်မာ ပြည် ပဋိပတ္တိ၊ ပဋိဝေဓ သာသနာနယ်ပယ်တွင် နေလအသွင် ထွန်းလင်းတောက်ပတော်မူမည့် သာသနာ့အာဇာနည် လောင်း လျာကလေး ဖြစ်လေသည်။

ဦးလူတုတ်-ဒေါ်ငယ်တို့ ဇနီးမောင်နှံမှာ ဗုဒ္ဓဘာသာ၌ အလွန်ကိုင်းရှိုင်း ကြည်ညိုသူများ ဖြစ်ကြသည့်အားလျော်စွာ ၎င်းတို့၏ သားရတနာများအား သာသနာ့ဘောင်တွင် မွေ့ လျော်သူများအဖြစ် ဆရာတော်သမားတော်များ အဖြစ်သာ ဖြစ်စေလိုသော အာသီသ ရှိကြလေသည်။

ဤသည်မှာလည်း ရှေးခေတ် တောလက် ကျေးရွာများရှိ ရိုးသားသော ရှေးလူကြီးများ၏ ဘာသာရေး ကိုင်းညွတ်မှုနှင့် အစဉ်အလာလိုဖြစ်နေသော ရည်မှန်းချက်တခုပင် ဖြစ်ကြလေ

သည်။ အထူးသဖြင့် ဦးလူတုတ်-ဒေါ်ငယ်တို့အတွက် ဤရည်မှန်းချက်ကို ပိုမိုခိုင်မာစေသော အားကျစေသော အချက်များမှာ (ဒေါ်ငယ်၏ အကိုရင်း ကျောက်သဘော်ဆရာတော်ဘုရားကြီး၏ဦးရီးတော်) ဆရာတော် ဦးဝိလာသသည် ပိဋကတ်အရာတွင် ကျွမ်းကျင်တတ်မြောတော်မူပြီး ဒီပနီကျမ်းအချို့ကို ရေးသားပြုစုတော်မူခဲ့သည့်ပြင် သာယာဝတီခရိုင်ဥက္ကံမြို့၌ ရွှေဘိုကျောင်းဆရာတော်ကြီးဟူ၍လည်း ထင်ရှားသော ဆရာတော်ကြီးတပါးဖြစ်တော်မူသောကြောင့် အားကျသင့် အားကျထိုက်ပါပေသည်။

ဆရာတော် ဦးဝိလာသသည် သက်တော် (၇၀) ဝါတော် (၅၀)တွင် ၁၉၅၉-ခုနှစ်လောက်က ပျံလွန်တော်မူခဲ့လေသည်။ ဦးလူတုတ် - ဒေါ်ငယ်တို့မှာ ၎င်းတို့၏ ရည်မှန်းချက်များပြည့်ဝခဲ့လေသည်။ သားကြီးဖြစ်သူ မောင်ညွန့်မောင်မှာလည်း ရဟန်းဘဝတွင် ပျော်မွေ့ခဲ့ပြီး (၃၈)ဝါထိ ရဟန်းဘဝတွင် နေခဲ့သူဖြစ်၏။ ဒုတိယသားရတနာမှာလည်း ကျောက်သဘော်ဆရာတော် အမည်ဖြင့် ထင်ပေါ် ကျော်ကြားတော် မူသော သာသနာ့အာဇာနည် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ကြီးတပါးပင် ဖြစ်ခဲ့ရလေသည်။

## ပညာသင်ကြားရန်အပ်နှံခြင်း။

မောင်ဘိုးရန် အသက် (၅) နှစ်နှင့်(၆) နှစ်သားအရွယ်သို့ ရောက်သောအခါ မိဘများမှာ မောင်ဘိုးရန်အား ရွှေကူ

ကျေးရွာ ဘုန်းကြီးကျောင်း၌ သီတင်းသုံးတော်မူသော ဆရာတော် ဦးဇောတထံ အရာရာဆုံးမပဲ့ပြင်ပြီး ပညာသင်ကြား ပေးပါရန် အပ်နှံထားခဲ့လေသည်။ ကလေးမှာ အရွယ်နှင့် မလိုက်အောင် ဉာဏ်စွမ်း ဉာဏ်စ ထက်ထက်မြက်မြက်ရှိလှပြီး လုံ့လဝီရိယနှင့်ပြည့်စုံ၏။ ဆရာတော်ဦးဇောတ၏ အရာရာဆုံးမသမျှကို နာခံမှတ်သား သင်ကြားခဲ့သည့်အတွက် ဆရာတော်၏ ချစ်ခင်မှုကို အများဆုံး ခံယူရရှိသူ ဖြစ်ခဲ့ရလေသည်။

မိဘနှစ်ပါးမှာလည်း မိမိတို့၏သားမှာ အရွယ်နှင့် မလိုက်အောင် ပညာဉာဏ်ထူးချွန်ပုံကို မြင်ရသောအခါ သားငယ်၏ ရှေ့ရေးအတွက် မြော်တွေးပြီး ဝမ်းသာမဆုံး တပြုံးပြုံးဖြစ်ကြရလေ၏။

အသက် ( ၁၂ ) နှစ်အရွယ်သို့ ရောက်သောအခါ ရှင်ရဟန်းပြုလိုသော နေက္ခမ္မဇ္ဈာသယဓာတ် ပေါ်ပေါက် လာလေသဖြင့် ရွှေကူကျေးရွာကျောင်း ဆရာတော် ဦးဇောတထံ၌ပင် မိဘများက ရှင်သာမဏေ ပြုပေးခဲ့လေသည်။ တနင်းလာသားဖြစ်သည့်အားလျော်စွာ ရှင်သာမဏေအား (ရှင်ကေသဝ) ဟူသော အမည် ဘွဲ့ချည်တော်မူခဲ့လေသည်။

ရှင်ကေသဝသည် တနေ့ခန့်မျှ ရွှေကူကျောင်း ဆရာတော်ထံတွင် သာမဏေအဖြစ်ဖြင့်နေပြီး ရှင်လူထွက်ခဲ့လေသည်။ မိဘများကို အရွယ်နှင့်မျှတစွာ ကူညီလုပ်ကိုင် ကျွေးမွေးခဲ့၏။ နေ့အခါမိဘများ၏ လယ်ယာလုပ်ငန်းခွင်သို့လိုက်၍ ကူညီလုပ်ကိုင်

ပေးပြီး ညအခါ၌ သဒ္ဒါ၊ သင်္ဂြိုဟ် စသည်တို့ကို မီးခွက်ငယ် ကလေးဖြင့် ညဉ့်နက်သန်းခေါင်တိုင် လေ့လာလေသည်။ ရံခါ နေ့ခင်းအချိန် လယ်တောတွင် လယ်ထွန်ပြီး နွားကျောင်းရင်း ဖလံပင်ရိပ်၌ ဖခင် ဦးလူတုတ်က သင်္ဂြိုဟ်သရုပ်ခွဲများ သင်ကြား ရှင်းလင်းပြ၏။ ရှေးခေတ် ဂဏန်းသင်္ချာဖြစ်သော (၉)ကြောင်း တွက်ပုံများ သင်ကြားပေးလေသည်။

မောင်ဘိုးရန်သည် နှစ်မငယ်၊ ညီငယ်များ အနည်းငယ် ကြီးပြင်း၍ မိဘအား အထောက်အကူရလျှင် ရဟန်းပြုရန် ၎င်းနှင့် ညီအစ်ကိုဝမ်းကွဲတော်သူ မောင်ပြားဆိုသူနှင့် တိုင်ပင် ထားကြပြီးဖြစ်သည်။ သို့သော် မောင်ပြားမှာမူကား ၎င်း၏ မိဘက ခွင့်မပြုသဖြင့် မဝတ်ရရှာတော့ချေ။

## ရဟန်းပြုတော်မူခြင်း။

ရွှေဘိုမြို့အရှေ့ (၄)မိုင်ခန့် ကွာဝေးပြီး ရွှေကူကျေးရွာမှ (၂)မိုင်ခန့်အကွာတွင် မင်းပေးရွာကြီး တည်ရှိလေသည်။ ၎င်း မင်းပေးရွာအနီး၌ ရွှေမုဋ္ဌောတောကျောင်း ရှိ၏၊ ထိုရွှေမုဋ္ဌော တောကျောင်း၌ သီတင်းသုံးတော်မူသော ဆရာတော်ကြီး ဦးအာသဘမှာ ဂန္ထဓုရ၊ ဝိပဿနာဓုရတို့နှင့် ပြည့်စုံတော်မူ၏၊ ဓုတင်များဆောင်ပြီး ဝိပဿနာတရားများ ပွားများအားထုတ် ကာ အကျင့်သီလ ကောင်းမွန်သောကြောင့် ၎င်းနယ်ပယ်မှာ ထင်ရှားပြီး အများ၏ ကြည်ညို လေးစားခြင်းကို ခံယူရရှိ

လေသည်၊ တပည့်တပန်း တကာ တကာမများ အားလည်း ဝိပဿနာတရားများ ဟောကြားဆုံးမလေ့ရှိ၏။

ရှင်ကေသဝမှာ ရွှေမုဋ္ဌောတောရ ဆရာတော်ဘုရားကြီး ဦးအာသဘ၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ် သတင်းများကို ကြားရသဖြင့် ၎င်းဆရာတော်ဘုရားကြီးထံတွင် ချဉ်းကပ်၍ ပညာသင်ယူလိုသောစိတ်များ ပေါ်ပေါက်လာလေသည်။

အသက် (၂၀ ပြည့်သောအခါ သာမဏေ ရှင်ကေသဝ သည် ၁၂၈၄-ခုနှစ် တပေါင်းလဆန်း (၈)ရက်နေ့တွင် ရွှေကူ ရွာကျောင်း ခဏ္ဍသိမ်၌ ရွှေမုဋ္ဌော တောရကျောင်း ဆရာတော် ဦးအာသဘကို ဥပဇ္ဈာယ်ပြု၍ ကာရကသံဃာ မြောက်မြားစွာ တို့က ချီးမြှောက်ကြပါသဖြင့် ရဟန်းအဖြစ်သို့ ရောက်ခဲ့ လေသည်။

## ပရိယတ္တိစာပေ သင်ကြားခြင်း။

ရဟန်းပြုပြီးနောက် ဦးကေသဝသည် ယခင် ရှင်သာမဏေ ဘဝကပင် ရွှေမုဋ္ဌောတောရကျောင်း ဆရာတော်ကြီး ထံတွင် ပညာရည်နို့ သောက်စို့လိုသော အာသီသရှိခဲ့သည်နှင့် ရွှေကူ ကျောင်းဆရာတော်ထံခွင့်ပန်ပြီးလျှင် ရွှေမုဋ္ဌောတောရကျောင်း သို့ ပြောင်းရွှေ့ကာ ဆရာတော်ကြီးထံ ချဉ်းကပ်ခဲ့လေသည်။

ဦးကေသဝသည် မူလပင်ကိုယ်ကပင် ဇဝနပဋိဘာန် ထက် မြက်သော ဉာဏ်ပညာရှိခြင်း၊ လုံ့လဝီရိယကောင်းခြင်းစသော ကောင်းသော ဂုဏ်အင်္ဂါများနှင့် ပြည့်စုံလာသည့် အထဲတွင် ရွှေမုဋ္ဌောတောရကျောင်း ဆရာတော်ကြီးကဲ့သို့သော ဂန္ထဝုရ

ဝိပဿနာခုရတို့နှင့် ပြည့်စုံကုံလုံတော်မူသော ဥပဇ္ဈာယ် ဆရာကောင်း ဆရာမြတ်ကို မှီဝဲဆည်းကပ်ရပြန်သဖြင့် မကြာမြင့်မီသော အချိန်အတွင်းမှာပင် ဒွေးမာတိကာ ပါဠိမောက် နှုတ်တက် အာဂုံအရဆောင်ပြီး ဝိနည်း ငါးကျမ်း ပါရာဇိကဏ် ပါဠိတော်နှင့် ၎င်းအဋ္ဌကထာများ အခြားသော ပါဠိတော်များနှင့် အဋ္ဌကထာများကို သင်ကြားတတ်မြောက်ခဲ့လေသည်။

ဆရာတော်ဘုရားကြီးထံတွင် ဆရာတော်ကြီး ဆုံးမတော်မူသည့်အတိုင်း ဓုတင်များ ကျင့်သုံးဆောက်တည်ခြင်း၊ ဝိပဿနာ တရားတော်များ ပွားများအားထုတ်ခြင်း ပိဋကတ်တော်များ သင်ကြားခြင်းဖြင့် နှစ်ဝါကိုင်တိုင် သီတင်းသုံးခဲ့လေသည်။

ပညာသင်ကြားရာတွင် ရောင့်ရဲတင်းတိမ်ခြင်း မရှိသေးသော ဦးကေသဝသည် ဆရာတော်ဘုရားကြီး၏ ညွှန်ကြားချက်ဖြင့် ပရိယတ္တိ စာသင်တိုက်ကြီးများ ပြည့်လျှမ်းလျက် ပိဋကတ် အရာတွင် တဖက်ကမ်းရောက် တတ်မြောက်တော် မူကြကုန်သော စာပေပုဂ္ဂိုလ်ကျော်တို့စုဝေးရာမန္တလေးမြို့ကြီးတွင် ဆက်သက်၍ ပညာဆည်းပူးလိုသောကြောင့် မန္တလေးမြို့သို့ ကြွလာခဲ့လေ၏။ မန္တလေး မစိုးရိမ်ကျောင်းတိုက် အဘိဓမ္မာကျောင်း၌ နေလျက် နှုတ်တက်အရ အာဂုံကျက်သင့်ရာရာ စာများကိုကျက်ပြီး နေ့ဝါ ညဝါ စာများကိုလိုက်လျက် ကြိုးကြိုးစားစား သင်ကြားခဲ့လေသည်။

ဤကဲ့သို့ နေ့ဝါ ညဝါများကို လိုက်ပြီး စာပေကို သင်ကြားလျက်ရှိစဉ် မန္တလေးမြို့တွင် အနည်းငယ် ပလိပ်ရောဂါအန္တရာယ်

များ ကျရောက် နေသောကြောင့် ကျောက်ဆည်မြို့ ရွှေသာလျောင်းတောင် တောင်လတ်ကျောင်း ဘုန်းတော်ကြီး ဦးတိက္ခထံတွင် တနှစ်တိတိ စာပေများ သင်ကြားခြင်း ကျောက်ဂူတွင် တရားအားထုတ်ခြင်းတို့ကို ပြုခဲ့လေသည်။

ပရိယတ္တိ သာသနာတော်၌ စာပေသင်ကြားခြင်း ပိဋကတ်တော်လာ ပါဠိအကောက်အယူများတွင် ပခုက္ကူ နည်းကိုလည်း သင်ယူလိုသော အာသီသများကြောင့် ကျောက်ဆည်မြို့ ရွှေသာလျောင်းတောင် တောင်လတ်ကျောင်းမှ ပခုက္ကူမြို့သို့ ကြွရောက်ခဲ့လေသည်။ ပခုက္ကူရေစကြိုအနောက်တိုက် သီရိမာကျောင်း၌ နေ၍ စာပေ ကျမ်းဂန်တို့ကို လိုက်နာ သင်ကြားခဲ့လေသည်။ သုတ်သီလက္ခန်အစရှိသော ပါဠိတော်များနှင့် ၎င်းအဋ္ဌကထာဋီကာကျမ်းများ အနက်ယောဇနာ အကောက်အယူများကို လေးလေးစားစား မှတ်သားသင်ကြားခဲ့လေသည်။

ပခုက္ကူတွင် စာလိုက်ယင်း အစိုးရ ပါဠိပထမပြန် စာမေးပွဲများတွင် ဝင်ရောက်ဖြေဆိုခဲ့ရာ ပထမလတ်စာမေးပွဲကို ကောင်းမွန်စွာ ဖြေဆိုအောင်မြင်ခဲ့၏။ ဆက်လက်၍ ပထမကြီးစာမေးပွဲကို ဖြေဆိုအံ့ဆဲဆဲတွင် ပခုက္ကူတွင် ရောဂါအန္တရာယ်များရှိလာပြန်သဖြင့် မိမိ၏နေရပ်ဖြစ်သော ရွှေကူရွာကျောင်းနှင့် မိမိ၏ ဥပဇ္ဈာယ် ဆရာတော်ကြီး သီတင်းသုံးတော်မူသော ရွှေမုဋ္ဌောတောကျောင်းသို့ ခေတ္တပြန်လာခဲ့သဖြင့် ပထမကြီးတန်း စာမေးပွဲ၌ မပင်မပန်း သက်သာလွယ်ကူစွာ ဖြေဆိုအောင်မြင်နိုင်သော အခြေအနေရှိပါလျက် ဝင်ရောက်ဖြေဆိုခြင်း မပြုနိုင်ခဲ့ပေ။

ရဟန်းတော်ဦးကေသဝသည် ကျောင်းသားအရွယ်မှ ရဟန်း ဘဝ ရဟန်း ရှစ်ဝါ ရသည်အထိ အမြို့မြို့ အနယ်နယ် တို့တွင် စာပေပိဋကတ်များကို လေးလေးစားစား သင်ကြား ဆည်းပူးခဲ့ လေသည်။ ရှေးအခါများမှစ၍ ယခုတိုင် ပရိယတ္တိစာသင်သား တို့၏ အားထားရာဖြစ်သော ပခုက္ကူနှင့် မန္တလေး စာသင်တိုက် ကြီးများ၌ ပိဋကတ်အရာတွင် ကု လိုကြွယ်ဝတော်မူကြကုန်သော ဆရာကောင်း သမားကောင်းများထံ ဆည်းကပ် မှီခဲ့ရသည်က တကြောင်း ကိုယ်တော်တိုင်ကလည်း ပညာဥာဏ် ထက်မြက်စူးရှ ပြီး လုံ့လဝီရိယရှိသူ ဖြစ်သောကြောင့် ပါဠိတော် အရပ်ရပ် အဋ္ဌကထာ အမျိုးမျိုးတို့တွင် လိမ္မာကျွမ်းကျင်တော်မူခလေ၏။ အဓိပ္ပါယ် အကောက်အယူတို့ဘွင် အလွန်ထူးချွန်ခဲ့ခလေသည်။

## ပရိယတ္တိ စာပေသင်ကြားခြင်း။

ဦးကေသဝမှာ စာပေပရိယတ္တိများကို စတင်သင်ကြားစဉ်က ဂန္ဓဓုရ ဝိပဿနာဓုရတို့နှင့်ပြည့်စုံတော်မူသော ရွှေမုဋ္ဌောတောရ ဆရာတော်ဘုရားကြီးထံတွင် စတင် သင်ကြားခဲ့ရသည် ဖြစ်လေ သောကြောင့် ထိုစဉ်ကပင် ဝိပဿနာတရားတော်များကို စိတ် ဝင်စားခဲ့လေသည်။ ပရိယတ္တိ စာပေများ ဆည်းပူး၍ ပြည့်စုံ လုံလောက်သော အချိန်ရောက်လျှင် အမှန်တရားကို ရှာဖွေရန် (ဝါ) ပဋိဝေဓ တည်းဟူသော နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ရန် အတွက် ပဋိပတ္တိလုပ်ငန်းကို ကြိုးကြိုး စားစား မရမနေ ရှာဖွေ ကျင့်သုံးမည်ဟု ရည်မှန်းချက် ပြုခဲ့လေသည်။ပရိယတ္တိစာပေများ

လှည့်လည်ဆည်းပူးနေစဉ်တွင်လည်း အလျဉ်းသင့်သလို ဝိပဿနာ ကမ္မဋ္ဌာန်းများကို ကျင့်သုံးပွားများခဲ့လေသည်။

ပခုက္ကူ၌ အန္တရာယ်များ လုံးဝကင်းစင်ခြင်းမရှိသေးသည်နှင့် ပခုက္ကူသို့ ပြန်လည် ကြွရောက်ရန် မဖြစ်နိုင် သေးသည်က တကြောင်း၊ ယခင်ကပင် ရည်ရွယ်ရင်း ရှိခဲ့သည်က တကြောင်း စသည်တို့ကြောင့် ရဟန်းရှစ်ဝါ ရနေပြီဖြစ်သော ဦးကေသဝ သည် အမှန်တရားကို မရမနေ ရှာတော့မည်ဟူသော အဓိဋ္ဌာန် ဖြင့် တရားရှာ ထွက်ခဲ့လေတော့သည်။

စစ်ကိုင်းတောင်ရိုးဇမ္ဗူပတိချောင်သို့ကြွရောက်ပြီး ဝိပဿနာ တရားတော်များကို ရက်အနည်းငယ်မျှနေ၍ လေ့လာသုံးသပ် လေသည်။ ထိုမှ မိုးညှင်းတောရကျောင်းသို့ ကြွသွားပြီးလျှင် မိုးညှင်းဆရာတော်ဘုရားကြီး၏ တရားတော်များကို နာကြားပြီး အားထုတ်ခဲ့လေသည်။ ၎င်းတရားဌာနတွင် သုံးလတာမျှ ကြာ သည်အထိ ကျင့်ကြံပွားများ အားထုတ်ခဲ့သော်လည်း အားရ ကြေနပ်ခြင်း မရှိခဲ့ပေ။

ကြေနပ်မှုမရှိသေးသော ဦးကေသဝသည် ထိုစဉ်က ဝိပဿနာ အရာတွင် အလွန် နာမည်ကြီးလှသော မုံရွာခရိုင် - ဘုတလင် မြို့နယ် ကြောင်ပန်း တရားဌာနသို့ ကြွသွားလေသည်။ ပဌမ ကြောင်ပန်းဆရာတော်ဘုရားကြီး ပျံလွန်တော်မူပြီးသည့်နောက် ဒုတိယ ကြောင်ပန်းဆရာတော်အဖြစ် ပန်းသာဆရာတော်ဘုရား ကြီးက ဆက်လက်ပြီး ကြောင်ပန်း ဆရာတော် ဘုရားကြီး၏ နည်းနာအတိုင်း တရားပြနေလေသည်။



ငယ်စဉ်က ပညာသင်ကြားခဲ့သော ရွှေကူရွာကျောင်း။



ဆရာတော်ဘုရားကြီးမှုလအားထုတ်ခဲ့သော ကျောက်ဂူငယ်။

ဦးကေသဝ သည် ဒုတိယ ကျောင်းပန်း ဆရာတော်ကြီးထံ နည်းခံနာကြားပြီး လေ့လာပွါးများခဲ့လေသည်။ ဆရာတော် ဘုရားကြီးက ကျောင်းပန်း"မူ"အတိုင်း တုံးနာမ်,တိုင်နာမ်, ဖျာ နာမ်စသည်ဖြင့် ဟောကြားသည်ကို သဘောမပေါက် ဘဝင် မကျနိုင်ပဲ တရားပြီးဆုံးသည်အထိ နာယူခဲ့လေသည်။ တရား ဟောပြီးသောအခါ ဆရာတော်ဘုရားကြီးအား မိမိမရှင်းခဲ့ သည်တို့ကို မေးလျှောက်ပြီး စောဒက တက်ခဲ့လေလည်။

"အရှင်ဘုရား....တုံးတို့, တိုင်တို့, ဖျာတို့ဆိုတာ အဋ္ဌကလာပ် ရုပ် ဖြစ်ပါသည်ဘုရား၊ နာမ်မဟုတ်ပါ။ ဘုရားတပည့်တော်တို့ စာပေများ သင်ခဲ့စဉ်ကလည်း ဒါတွေဟာ ရုပ်တွေပဲဟု သင်ကြားခဲ့ရပါသည်ဘုရား၊ အရှင်ဘုရား ဘို့ အခုဟောနေတာ တွေက ဘုရားဟောထားခဲ့တာတွေနဲ့ လွဲနေပါသည်ဘုရား" ဟု အစရှိသည်ဖြင့် စောဒက တက်ခဲ့လေသည်။ ကျောင်းပန်းဆရာ တော် ဘုရားကြီးက ပဋိပတ္တိ ဉာဏ်အမြင်ဖြင့် ဟောကြား ရှင်း လင်းခဲ့သည်ကိုလည်း ဘဝင်မကျ ဖြစ်ခဲ့ရ၏။

ဒုတိယ ကျောင်းပန်း ဆရာတော်ကြီးသည် အလွန် သဘော ကောင်းပြီး တပည့်များ သိလိုသမျှ မေးမြန်းသမျှတို့ကို စိတ် ရှည်ရှည်ထား၍ ရှင်းလင်းပြသလေ့ ရှိလေသည်။ တရားနှင့် ပတ်သက်၍ သိလိုလျှင် ကျိန်းစက်နေသည်ကိုပင် နှိုးပြီး မေး လျှောက်လျှင် ထ၍ ရှင်းသင်းဖြေကြားလေ့ရှိသည်။

တနေ့တွင် ဆရာတော်ကြီးထံမှ တရားနာပြီးသော အခါ ဦးကေသဝသည် အညောင်းအညာ ပြေစေခြင်းငှါ စကြံ

လျှောက်လျက်နေလေ၏။ စကြံလျှောက်နေစဉ် လက်မောင်းကို အတန်ငယ် လွှဲမိတော်မူ၏။ ထိုစဉ်....

" လက်မောင်း လက်မောင်း "

" လက်မောင်း လက်မောင်း "

" လက်မောင်း လက်မောင်း "

ဟူ၍ လက်မောင်းဟု သိသောအသိမှာ ၎င်း၏စိတ်တွင် ဖြစ်ပေါ် လာလေတော့သည်။ ထိုတွင်မှ ဩော်.... လက်မောင်း ဆိုတာ "စိတ်" မှာဖြစ်ပါကလား၊ လက်မောင်းက သူ့ဟာသူ သူသည် လက်မောင်းဖြစ်ကြောင်း ပြောခဲ့ပါသလား၊ မည်သည့် အခါကမှ ပြောခဲ့ဘူးသည်မဟုတ်ပါ၊ လက်မောင်းဆိုတာ လက်မောင်းမှာ ဖြစ်သည်မဟုတ်ပဲ "စိတ်" မှာသာ ဖြစ်လာ တာပါ ကလား၊ စိတ်ဖြစ်တာပဲ၊ အဲဒါ စိတ်ပါကလားဟု စိတ်ကို ကိုယ် တိုင်သိလာတဲ့ နာမပရိစ္ဆေဒဉာဏ် ဖြစ်ပေါ် လာလေသည်။

" စိတ္တေ စိတ္တာနုပဿီ ဝိဟရတိ"

စိတ္တေ၊ စိတ်၌။ စိတ္တာနုပဿီ၊ စိတ်ဟူ၍ သိသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ ဟူသော မိမိသင်ခဲ့ဘူးသော စာကို အမှတ် ရပြီး မိမိ စိတ်ဖြစ်ပေါ်လာပုံနှင့် သင်ခဲ့ဘူးသောစာကို တိုက်ဆိုင်ကြည့်ပြီး စိတ်ကို ရိပ်မိခဲ့လေ တော့သည်။ ဤတွင်မှ ကြောင်းပန်း ဆရာတော်ကြီး ဟောသော တိုးနမ်, တိုင်နာမ်, ဖျာနာမ် ဆိုသည်မှာ စိတ်ကို ဟောနေတာပါကလားဟု အသိ ဉာဏ် ဖြစ်ခဲ့ရလေသည်။စိတ်ကိုရိပ်မိခဲ့သော်လည်း ၎င်းစိတ်သည်

ယခုဖြစ်ပြီး ယခုပျက်သွားသော စိတ်ပါကလားဟူသော အသိမဖြစ်သေးချေ။

ထို့နောက် အောက်မြန်မာပြည်မှ ကမ္မဋ္ဌာန်းတိုက်များတွင် ဆရာကောင်းများထံ နည်းခံ အားထုတ်လိုသောကြောင့် အောက်မြန်မာပြည်သို့ ကြွရောက်ခဲ့လေသည်။ ရှေးဦးစွာ ဗုဒ္ဓသာသနာတော် ရောက်ရှိရာ သထုံမြို့တွင်၎င်း၊ ပုသိမ်မြို့၊ မြောင်းမြမြို့နှင့် လက်ပတန်း မြို့ကြီးများတွင်၎င်း၊ ထိုမြို့ကြီးများ၏ အနီးပတ်ဝန်းကျင် အရပ်တို့တွင်၎င်း တရားဘာဝနာများ ပွားများအားထုတ်ခဲ့လေသည်။

ဤကဲ့သို့ ဝီရိယရှိရှိ ဇွဲလုံ့လသန်သန်ဖြင့် အမှန်တရားကို ရှာဖွေခဲ့သော်လည်း ပဋိဝေဓမဆိုက်သည်နှင့် မင်းကွန်းသို့၎င်း၊ စစ်ကိုင်းတောင်ရိုးနှင့် မုံရွာခရိုင် - ဖိုးဝန်းတောင်သို့၎င်း ကြွရောက်ပြီး ကမ္မဋ္ဌာန်းတိုက်များတွင် ကမ္မဋ္ဌာန်းဆရာများ သင်ပြသောနည်းများအတိုင်း သမထဘာဝနာ, ဝိပဿနာဘာဝနာများ ပွားများအားထုတ်ခဲ့လေသည်။

ကေသာ လောမာ နခါ ဒန္တာ တစော၊ အစရှိသည်ဖြင့် ရှုမှတ်ပွားများရသော ဒွတ္တိံသ ကမ္မဋ္ဌာန်းများကိုလည်း ပွားများအားထုတ်ခဲ့ဘူးလေသည်။ ထိုစဉ်က ဦးကေသဝ၏စိတ်တွင် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ရေးအတွက် အရိုးကြေကြေ အရေစုတ်စုတ် မလျှော့သောလုံ့လဝီရိယနှင့် မိမိ၏အသက်ကိုပင်လျှင် ပမာဏမထားပဲ လုပ်ယူမှရမည်ဟူသော ယုံကြည်ချက် ရှိခဲ့လေသည်။ သို့ယုံကြည်ချက်ရှိခဲ့သည့်အတိုင်း ကမ္မဋ္ဌာန်းတိုက်တခုတွင်

အမှန်တရားကို မသိသေးသည်နှင့် အခြားတတိုက်သို့ရင်း၊ တဖန် ၎င်းနေရာတွင်လည်း အချိုးမကျပါက အခြားတဌာနသို့ရင်း ကြပြီး မြန်မာပြည်အနှံ့အပြားတွင် တရားရှာဖွေခဲ့လေသည်။

ဤကဲ့သို့ ဖာထက်အောက် မြန်မာပြည် အနယ်နယ် အရပ်ရပ်တို့တွင် ကြိုးကြိုး စားစား ငဲ့လို့လ ဝီရိယစိုက်ပြီး လေ့လာ ပွားများအားထုတ်ခဲ့သော်လည်း မည်သည့်နေရာတွင်မှ ကြေနပ်အားရသောအဆင့်ကို မရရှိခဲ့ပေ။ ဤမျှ တရားကို ပွါးများ အားထုတ်နေပါလျက် လောကဓံနှင့် ကြုံကြိုက်လာပါက ထောက်ရာ တည်ရာ မရခဲ့ပဲ ကိလေသာမှာလည်း ငြိမ်းအေးသက်သာမှုမရှိသေးကြောင်း ကိုယ်တိုင်သိရလေသည်။ မိမိကိုယ်ကို မိမိစစ်ဆေးကြည့်သော အခါတွင်လည်း အထက်ပါအတိုင်း မြင်ခဲ့သည်။ ဦးကေသဝသည် မိမိကိုယ်ကို မိမိသုံးသပ် စစ်ဆေးလေ့ရှိပြီး သံဒိဋ္ဌိက, အကာလိက, ဩပနေယိက အစရှိသော တရားဂုဏ်တော်တို့နှင့်လည်း တိုက်ဆိုင်ကြည့်လေ့ ရှိလေသည်။ နောင်သောအခါ တရားကို တရားအတိုင်းတိုင်း သိမြင်တော်မူ၍ တပည့်များနှင့် တကာ-တကာမ များအား ဆုံးမရာတွင်လည်း မိမိကိုယ်ကို မိမိအထင်မကြီးကြရန် အပြောတွင်မနေကြပဲ သိမြင်ထားသော တရားအတိုင်း ပွါးများကြရန်နှင့် မိမိကိုယ်ကို မိမိစစ်ဆေး ကြည့်ရှုရန် လောကဓံတရားနှင့် မှတ်ကျောက် တင်ကြည့်ကြရန် ဆုံးမလေ့ ရှိလေသည်။

မိမိ ကိုယ်တိုင်လည်း တရားကို ရှာဖွေရာတွင် အထင်မှား အမြင်မှား ဖြစ်ခဲ့ရပုံများ၊ အထူးသဖြင့် နိဗ္ဗာန်နှင့်ပတ်သက်၍

အထင်မှားခဲ့ရပုံများ၊ တရားများ ရှာဖွေအားထုတ် ပွားများနေပါလျက် ကိလေသာ မငြိမ်းခဲ့ကြောင်း၊ အပိုစိတ်ကိလေသာဒုက္ခ မငြိမ်းသည့်ပြင် နဂိုဝိပါက်ခန္ဓာ ဒုက္ခသာ ပိုလာပြီး မူလဂူကလေးထဲ၌ တရားထိုင် ကျင့်ရလွန်းသဖြင့် ဒူလာ ရောဂါလေငန်းရောဂါ စွဲကပ်လာကြောင်း မိမိကိုယ်ကို မိမိစစ်ဆေးသိရှိခဲ့ပုံများကို အောက်ပါအတိုင်း ဟောကြားဆုံးမခဲ့လေသည်။

"မိမိတို့စိတ်မှာ ပကတိအတိုင်းတိုင်းက ငြိမ်းချမ်းလျက်၊ သူ့အလိုလိုကတော့ ငြိမ်းချမ်းလျက် ရှိနေကြပါတယ်၊ခပ်သိမ်းသော စိတ်အကြံ,စိတ်အတွေး,စိတ်အမူတွေမှ ကင်းလွတ်နေတဲ့ စိတ်အဖြစ်တို့မှ ကုန်ခန်း ချုပ်ငြိမ်း ကင်းလွတ်နေတဲ့ စိတ်မအေးရတဲ့ စိတ်ဘေး ဒုက္ခတို့ရဲ့ကင်းရာ, ကုန်ရာ ချုပ်ရာငြိမ်းရာ စာလိုပြောတော့ ဥပါဒါနက္ခန္ဓာတို့ရဲ့ ကင်းရာ,ကုန်ရာ, ချုပ်ရာ,ငြိမ်းရာကို နိဗ္ဗာန်ခေါ်တယ်။

နိဗ္ဗာန် မသိဘူးဆိုတာဒါဗျ၊ အဲဒါ အသိ ခက်နေကြတယ်၊ ဒီအတိုင်းတိုင်း ငြိမ်းချမ်းလျက် ငြိမ်းရာကို နိဗ္ဗာန်မထင်ကြဘူး၊ ဒါမှတပါး တခြားသဘော များလားလို့ ခင်ဗျားတို့ထင်နေတာ၊ ပြောလို့လဲ ယုံချင်မှယုံမှာ၊ တရားလို့သွားပြောရင်လဲ ကြိုက်ချင်မှကြိုက်မှာ၊ ခင်ဗျားတို့ သိထား, ထင်မြင်ထားတာကြီးက ခက်လိုက်တာကြီးနဲ့ မပြောပါနဲ့တော့၊ အဲဒါ ဘုန်းကြီးတို့လဲ ကိုယ်တွေ့ ဖြစ်လာခဲ့ပါဘယ်၊ ခင်ဗျားတို့ သိထားတာ

လောက်တောင်မကပါဘူး၊ သိထားလိုက်တာမှ ပိဋကတ်
စာတွေ သင်ကြားလာလို့မို့ နိဗ္ဗန်ဆိုတာ....

| | |
|---|---|
| ဂမ္ဘီရော | အလွန်နက်နဲ၏ |
| ဒုရနုဗောဓော | အလွန်သိနိုင်ခဲ၏ |
| သန္တော | ငြိမ်သက်၏ |
| ပဏီတော | မြတ်၏ |
| အတက္ကာဝစရော | ပုထုဇဉ်တို့၏အရာမဟုတ် |
| ပဏ္ဍိတဝေဒနိယော | ပညာရှိသူတို့သာသိမြင်နိုင်၏၊ |

အစ ရှိသည်ဖြင့်ပေါ့ လွယ်လွယ်နဲ့ မရဘူး၊ လေးသချေနဲ့ ကမ္ဘာအသချေနဲ့ အစရှိသည်ဖြင့် ကျင့်မှရမှာ။ အရိုးကြေကြေ အရေခန်းခန်း အသား, အရေ, အသွေး, အသက်ကိုမှ မညှာရ၊ သမ္မပ္ပဓာန်တရားနဲ့ဝေး၊ အဲဒါတွေကိုပြစ်ခွါပြီးတော့ လုပ်မှရမှာ ဟ ဆိုပြီးတော့ ဘုန်းကြီးတို့ လုပ်လဲလုပ်လာခဲ့တယ်၊ ကျင့်လဲ ကျင့်လာခဲ့တယ်၊ အားလဲထုတ်လာခဲ့ပါတယ်။ ဗမာပြည်မှာရှိတဲ့ ကမ္မဋ္ဌာန်းတွေထဲက တခုမှမလွတ်ပါဘူး လုပ်လာခဲ့တယ်။ ငယ် ငယ်ကလေးထဲက ဝိပဿနာအလုပ်ကို ဝါသနာ ပါခဲ့တယ်။ အောက်မြန်မာပြည်မှာဆိုရင် ပုသိမ်, မြောင်းမြ, လက်ပတန်း မြို့တွေ နယ်တွေမှာ လေ့လာအားထုတ်ခဲ့ဘူးတယ်။ သထုံဘက် မှာလဲ အားထုတ်ခဲ့ဘူးတယ်။

မင်းကွန်းတို့ စစ်ကိုင်းတို့ မိုးညှင်းတို့ ကြောင်ပန်းတို့ ဖိုးဝန်း တောင်တို့ အနှံ့ပါပဲ။ ရှိသမျှကမ္မဋ္ဌာန်းတိုက်တွေ အနှံ့ပါပဲ၊ အဲဒီ လောက်နှံ့ခဲ့ပေမဲ့ တခုမှမကြိုက်ခဲ့ဘူး၊ တခုမှ သဘောမကျခဲ့

ဘူး၊ ဘုန်းကြီးက လုပ်သာ လုပ်ခဲ့တာ၊ လုပ်သမျှ တခုမှ အား မရဘူး။

ဒီလို နေလို့တော့ မဖြစ်သေးပါဘူး ဆိုပြီး မဖြစ်သေးဘို မဖြစ်တာ ကိုယ်တိုင်သိနေတယ်၊ ကိုယ့်မှာသက်သာရာပရခဲ့ဘူး၊ ထောက်ရာတည်ရာ မရခဲ့ဘူး၊ ကိလေသာကလဲ မငြိမ်းသေးဘူး၊ ငြိမ်းအေးတဲ့တရား ဟုတ်-မဟုတ် ဒီလို စမ်းကြည့်ရမယ်၊ မှတ်ကျောက်တင်ကြည့်ရမယ်။

မှတ်ကျောက်တင်ဘိုတာ မိမိတို့ ကိုယ်တိုင်က သက်သာရာ ရှရဲ့လား၊ ထောက်ရာတည်ရာရရဲ့လား၊ လောကဓံခံနိုင်ရဲ့လား၊ ခံနိုင်ရည် ရှိသလား - မရှိဘူးလား ဒါသက်သေခင်ဗျ။ သက္ကာယ ဒိဋ္ဌိ မပြုတ်ဘူး-ပြုတ်တယ်၊ ကိလေသာမခေါင်းပါးဘူး-ခေါင်းပါးတယ်ပေါ့။

ရှောက်ပြောလို့တော့ ကိစ္စမပြီးဘူး၊ အပြောပဲရှိမှာပဲ၊ အလကားပဲ။ ဘုန်းကြီးတို့ အဲဒီတုံးကလဲပဲ ဟောလဲဟောတတ်တယ်၊ ပြောလဲပြောတတ်တယ်။ ရဟန်းဝါ ရှစ်ဝါ ရပြီးတော့ တရားစလိုက်တော့တာပဲ၊စာရှစ်ဝါလောက် စာသင်ခဲ့တယ်၊ ပခုက္ကူတို့ မန္တလေးတို့မှာ စာသင်ခဲ့တယ်။ ဒီ-ရှစ်ဝါက ကျောင်းကတည်းက၊ တရားလိုက်တာ မြန်မာပြည်နှံ့ရော၊ ကမ္မဋ္ဌာန်းတိုက်အမျိုးမျိုးမှာ နည်းအမျိုးမျိုးတွေပေါ့၊နည်းအမျိုးမျိုးတွေပေးကြတာပဲ၊ လုပ်လုပ်ဆိုတာကို သဘောကျခဲ့တာပဲ၊ စလိုက်တာကတော့ မိုးညှင်းက စလိုက်တာပဲ၊နို့ပေမဲ့အားမရဘူး၊ အားမရဆိုလောကဓံက မခံနိုင်တာကို ကိုယ်တိုင် တွေ့နေတယ်ဗျ၊ စိတ်ဆိုး စရာ ရှိလဲ

နှင်းဆီးပြစ်လိုက်တာပဲ၊ သာတောင် ဆိုးသေးတယ်၊ ကမ္ဘာ့ဒွန်း သမား သာဆိုသေးတယ် ကိုယ်တွေ့ဗျ။ သမထ စွမ်းအားဖြင့် စိတ်က ငြိမ်နေလို့ ငြိမ်ရာက ထဖြစ်တဲ့ဒေါသ၊ သာမည ဒေါသ မဟုတ်ဘူး၊ မိုးပေါ်က ဈာန်လျှောကျတဲ့ ဟရိတစ ရသေ့ကြီး ဟာ ဘာဖြစ်လို့ ဒီလောက်တောင်ကျသလဲ၊ ခင်ဗျားတို့ အခု လူလူချင်းမြင်လို့ ဘာကိစ္စရှိသလဲ၊ မာတုဂါမမြင်လို့ ခင်ဗျား တို့ လဲကျသွားသလား၊ ဘယ်နှယ်မှမဖြစ်ပါဘူး။

ဟိုမှာတော့ဈာန်နဲ့မို့ ကောင်းကင်ကတောင် ထိုးကျရတာ ဘာဖြစ်လို့ကျရသလဲ၊ စောစောက ဈာန်စိတ်နဲ့ အငြိမ်းခတ် ဖြစ်နေလို့၊ ဈာန်အငြိမ်းခတ်က ထွက်ပေါ်ဖြစ်ရတဲ့ ကာမရာဂ စိတ်မို့လို့ အင်မတန်မှ ပြင်းထန်တယ် ဂျမ်းပြန်အောင်ကျရ လာရတယ်။ အဲဒါကြောင့် တရားသမားများ စိတ်ဆိုးပလားဆို ဘာစိတ်ဆိုးတာနဲ့မှမတူဘူး၊ သမထ သမားက သာ၍ သဲသေး တယ်။ စိတ်ငြိမ်နေရာက ထွက်ဖြစ်တာဗျာ။ အဲဒါ ကိုယ်တွေ့ တွေ့မို့ ပြောတာ၊ သက်သေတွေ ဆောင်ရတာ၊သတိထားကြ။

အခုဒီအတိုင်းတိုင်းနေတော့ ဘာဖြစ်တာတွေရှိသလဲဆိုတော့ ဘာဖြစ်တာမှမရှိဘူး၊ သူ့အလိုလိုငြိမ်းနေပါတယ်။ နဂိုငြိမ်းပေါ့ ဟိုကတော့ နဂိုငြိမ်းမဟုတ်ဘူး။ ငြိမ်းအောင် လုပ်ထားလို့ ငြိမ်းနေတာ၊ အဲဒါ နှိုင်းယှဉ်ကြည့်ပါလား။ အဲဒါကြောင့် အားမရခဲ့တာ၊ ဒီလိုသိရတယ်၊ ကိုယ့်ကိုကိုယ် စစ်ဆေးရတယ်။

ဟန်ကြီးပန်ကြီးနဲ့ ငါသိတယ်၊ငါတတ်တယ်၊ ငါမြင်တယ်လို့ ထိုင်ပြောနေတာ၊ ငါ့မှာ ဘယ်လောက်များ ခံနိုင်ရည်ရှိသလဲ၊

ထောက်ရာတည်ရာ သက်သာရာ ဘယ်လိုများရသလဲဆိုတာ မိမိစိတ်ကို မိမိတို့ စစ်တမ်းတွေ ထုတ်စမ်းကြည့်ကြပါ”

ဤကဲ့သို့ဆုံးမခဲ့လေသည်။

## ပဋိဝေဓဆိုက်ခြင်း။

မိမိကိုယ် မိမိစစ်ဆေးပြီး ကြေနပ်မှု မရှိသေးသောကြောင့် ဆရာတော်ဦးကေသဝသည် ယခင်အခါ တန့်စ်ခန့်က ပရိယတ္တိစာပေသင်ကြားယင်း၊ ဝိပဿနာတရားများ အားထုတ်ခဲ့ဘူးသော ကျောက်ဆည်မြို့ ရွှေသာလျောင်းတောင် တောင်လတ်ကျောင်းသို့ ကြွရောက်ခဲ့လေသည်။

ရွှေသာလျောင်းတောင်မှာ အလွန် စိမ်းလန်း စိုပြေသော သစ်ပင်များဖြင့် ပြည့်လျက်ရှိ၏။ တောင်ထိပ်တွင် အနော်ရထာမင်း တည်ထားကိုးကွယ်ခဲ့သော ရွှေသာလျောင်း စေတီတော်တဆူလည်း ရှိလေသည်။ တောင်ပေါ်မှ အရပ်လေးမျက်နှာသို့ ကြည့်လျှင် အလွန် သာယာဖွယ်ကောင်းသော ရှုခင်းများကို တွေ့မြင်ရလေသည်။

အဝေးတွင်ညို့မှိုင်းအုံ့ဆိုင်းလျက်ရှိသောတောင်တန်းကြီးများကိုင်း၊ဘောင်ခြေတွင် စီးခွေရစ်ပတ်လျက်ရှိသော ဇော်ဂျီမြစ်နှင့် ဆည်မြောင်းများကိုင်း ဆည်ရေသောက်ပြီး စိမ်းစိမ်းစိုစိုဖြင့် မြရည်လိမ်းထားဘိသကဲ့သို့ သာမောဖွယ်ရာ ရှိလှသော တောင်ယာစိုက်ခင်းများ ငှက်ပျောခင်းကြီးများ စပါးစိုက်ခင်းကြီးများနှင့် ကြည်နူးဖွယ်ရာ တွေ့မြင်ရလေသည်။

ရွှေသာလျောင်း တောင်တိပ်၏ အောက်နား ခပ်ကျကျ တောင်ခုလတ် တောင်လတ်တွင် သဘာဝကျောက်တုံးကြီးများ၊ ကျောက်စွန်း ကျောက်ဂူကြီးများ၊ ကျောက်ဂူငယ်များနှင့် ပြည့်နှက်လျက်ရှိ၏။ အမြိုက်တရားကို ရှာဖွေပြီး တကိုယ်တည်း ကေစာရီကျင့်သုံးပွါးများလိုသော သူတော်သူမြတ်များ အတွက် တိတ်ဆိတ်ငြိမ်သက်ပြီး အထူးပင် မွေ့လျော်ဖွယ်ကောင်းသော နေရာတခုဖြစ်လေသည်။

တောင်ပေါ်နှင့် တောင်ခြေတဝိုက်တွင် ယခုမြင်တွေ့နေရသော အခြေအနေမျိုးမဟုတ်ပဲ လွန်ခဲ့သော နှစ်ပေါင်း(၃၀) ကျော် လောက်က ကျောက်တုံး၊ ကျောက်ဆောင်၊ ကျောက်ကမူများ ပေါ်များသလို သစ်ပင်၊ ဝါးပင်များ ချုံနွယ်ပိတ်ပေါင်း ပျားဖြင့် ပိတ်ဖုံးလျက် ရှိလေသည်။

ဦးကေသဝ-တောင်လတ်ကျောင်းသို့ရောက်ပြီး ကြာမြင့်မီ တွင်ပင် တောင်လတ်ကျောင်း ဆရာတော် ဦးတိက္ခမှာ ပျံလွန် တော် မူခဲ့လေသည်။ ဆရာတော်ဘုရား မပျံလွန်မီ ကာင ကျောင်းကို တပည့်ဖြစ်သူ ဦးကေသဝနှင့် ဦးကေသရတို့ နှစ်ပါး အား အပ်နှံ လွှဲပြောင်းပေးခဲ့လေသည်။

ဤကဲ့သို့ သီတင်းသုံး နေထိုင်လာရာမှ ဦးကေသဝသည် တောင်လတ်ကျောင်းတွင် ဆက်လက် သီတင်းသုံးခြင်း မပြုပဲ တောင်လတ်ကျောင်းအနီးရှိ ကျောက်ဂူတခုအတွင်းဝယ် တပါး တည်း တရားကျင့်သုံး နေထိုင်လျက်ရှိ၏။ ( ဦးကေသဝတရား

ကျင့်သုံးရာ ဂူနှင့် တဆက်ထည်းတွင် ကျောက်တုံးကြီး တခုမှာ သဘော၏ အသွင်သဏ္ဍာန် ရှိခဲ့၏ )။

ဦးကေသရမှာလည်း အင်္ဂလိပ်များ မြန်မာပြည်သို့ ပြန်လည်ဝင်ရောက်ခါနီး အချိန်လောက်တွင် အောက်မြန်မာပြည်သို့ ကြွသွားပြီး ဦးကေသဝမှာ ကျောက်ဆည်မြို့နယ် ကြက်ရှာရွာ အနီး ဘုရားကြီးကုန်းသို့ ခေတ္တပြောင်းရွှေ့ သီတင်းသုံး လေသည်။ တိုင်းပြည် အေးချမ်းသောအခါတွင်လည်း တောင်လတ်ကျောင်းတွင် သီတင်းမသုံးပဲ ဘောင်လတ်ကျောင်း အနီးရှိ ရှေးကတရားကျင့်သုံးခဲ့သော ကျောက်ဂူတွင်သာ တပါးထည်း ဆက်လက် တရားကျင့်သုံးလျက် နေလေသည်။

သစ်ခေါက်ဆိုး သင်္ကန်းအညိုရင့်ရောင်ကို ဝတ်ရုံလျက် ဆွမ်းခံချိန်တွင်သာလျှင် ဂူပြင်ထွက်ပြီး တောင်ခြေအနီးအနားရှိ အိမ်များတွင် ဆွမ်းခံထွက်လေ့ ရှိလေသည်။ ဆွမ်းဘုဉ်းပေးပြီးသည်နှင့် သပိတ်ကို ဆေးကြောသုတ်သင်ပြီး ဂူပေါ်တွင်မှောက်ထားခဲ့၍ တပါးထည်း ဂူတွင်းတွင် တရားများကို လေ့လာသုံးသပ်တော်မူလေသည်။

ဤကဲ့သို့ ဂူတွင်း၌ တပါးတည်း ပလိဗောဓ ကင်းငြိမ်းစွာဖြင့် အားတုတ်ခဲ့ရာ လပေါင်း အတော်ကြာသည့် တိုင်ခအောင်ပင် ပဋိဝေဓသို့ ဆိုက်ရောက်ခြင်းမရှိသည်နှင့် မိမိ နှစ်ပေါင်းများစွာ လေ့လာပွားများအားထုတ်ခဲ့သော နည်းနာနိသျှများနှင့် ယခု အားထုတ်ဆဲ, အားထုတ်ပုံ, အားထုတ်နည်းတို့အပေါ် သံသယ

ရှိခဲ့ပြီး ပြန်လှန်ဆန်းစစ် ကြည့်ရန် သတိသမ္ပဇဉ် ဉာဏ်ယှဉ်ခဲ့လေသည်။

ယခင်ကလည်း နှစ်များစွာ ကြိုးကြိုးစားစား ရှုမှတ်ပွားများခဲ့၏။ ယခုလည်း ဂူတွင်းတွင် ကေစာရိကျင့်သုံးပြီး လပေါင်းများစွာ ရှုမှတ်ပွားများ အားထုတ်ခဲ့ပါလျက် နိဗ္ဗာန်ကို မျက်မှောက် မပြုနိုင်သေးသည်မှာ အဘယ်အကြောင်းကြောင့်နည်း၊ နည်းမှန် လမ်းမှန်မဟုတ်ပဲ တခုခုလိုနေ၍သာ ဖြစ်ပေမည်ဟု ဆင်ခြင်စဉ်စားပြီး စိတ်၏ဖြစ်ပုံပျက်ပုံ ( ၀၁ ) စိတ်ကို အမှီပြု၍ ကောင်းကောင်း ဆိုးဆိုးအမျိုးမျိုးသောစိတ်၊ ဟုတ်ဟုတ်မှန်မှန် မှားမှား အများအပြားသော ထင်မှတ်မှု၊ စွဲယူမှု၊ ရှုမှတ်မှု၊ ပွားများမှုအစရှိသော ဥပါဒါနက္ခန္ဓာ ကိလေသာ အာသဝတို့၏ ဖြစ်ပေါ်လာတတ်ပုံနှင့် ပျက်စီးတတ်ပုံကို အပြန်အလှန် အနုလောမနည်း၊ ပဋိလောမနည်းတို့ဖြင့် ဆင်ခြင်သုံးသပ်၍ နေ၏။

တရားတွေကိုတော့ အနိစ္စ အနိစ္စဟု လိုက်ရှု နေပါလျက် ၎င်းရှုတတ်သောစိတ်က နိစ္စလိုလို၊ တရားတွေကိုတော့ ဒုက္ခ ဒုက္ခဟု ရှုပါလျက် ၎င်းရှုနေသောစိတ်တရားက သုခလိုလို၊ တရားတွေကိုတော့ အနတ္တ အနတ္တဟု ရှုမှတ်ပွါးများနေပါလျက် ရှုတတ်သော စိတ်က အတ္တလိုလို၊ ပူမှု၊ အေးမှု၊ ထိမှု၊ သိမှု၊ လှုပ်မှု၊ ရှုမှု အစုစုတို့ကိုတော့ သိမှတ်နေပါလျက်၊ ၎င်းသိမှတ်နေသောစိတ်ကလေးကိုတော့ အလွတ်ထားပြီး၊ ၎င်းစိတ်ကလိုက်ပြီး ရှုမှတ်ပွားများ နေသည်ကိုသာ လိုက်ယုံနေမိ၏။ ၎င်းရှုတတ်သော

စိတ်၏သဘောက ဘယ်အနေနှင့် ရှိနေသနည်း၊ သူ့၏ပကတိ သဘောက အဘယ်နည်း။

ဤသို့ရှုတတ်သော စိတ်ကိုယ်တိုင်က အနိစ္စ, ဒုက္ခ, အနတ္တ တရားတွေ ပါတလား၊ ၎င်းကိုရှုပြီး သူ့သဘောကို သိရမည့် အစား ၎င်းကပြဌာန်းခဲ့သည်တို့ကိုသာ ရှုမှတ်ပွားများခဲ့သဖြင့် ပဓာနမဟုတ်သည်တို့ကို ရှုမှတ်ပွားများခဲ့သဖြင့် တရားမဆုံနိုင် ပုံကို ဉာဏ်အလင်းရောင်ဖြစ်ပေါ်လာလေ၏။

ကောင်းကောင်း ဆိုးဆိုး အမျိုးမျိုးသော ဥပါဒါနက္ခန္ဓာ ကိလေသာတို့သည် စိတ်ဖြင့်ကြံစည်တွေးတောပေးမှ ထုထောင် ပေးမှ ဖြစ်ကြရ၏။ စိတ်ဖြင့် ကြံစည်မှု, ဆင်ခြင်မှု, အောက်မေ့မှု, ရှုမှတ်မှု,ပွားများမှု အစုစုတို့သည် စိတ်က ပြုလုပ်ပေး ထုထောင် ပေး၍သာ ဖြစ်ကြရ၏။ ဖြစ်ပြီးလျှင်လည်း ပျက်ကြရ၏။ဆက်၍ ဆက်၍ ထုထောင်ပေးလျှင် ဆက်၍ဆက်၍ဖြစ်ပြီး ပျောက်ပျက် ကုန်ဆုံးကြရ၏။

ဤတွင် ကြံပေး, တွေးပေး, ပြုလုပ်ပေး, ထုထောင်ပေးနေ ရသော သင်္ခါရတရားတို့အပေါ်၌ အပြစ် (အာဒီနဝ) မြင်ပြီး ဆက်လက်၍ ကြံစည်တွေးတော ရှုမှတ်ပွါးများလိုသော အလို အာသာများကုန်ပြီး ကုန်သည့်အတိုင်းတိုင်း စိတ်ကို အသာ နားလိုက်ရာ အလုံးစုံသော စိတ်အကြံ, စိတ်အတွေး, စိတ်ကိစ္စ တို့၏ကုန်ရာ (ဝါ) အလုံးစုံသော ဥပါဒါနက္ခန္ဓာ ကိလေသာတို့၏ ကုန်ရာ(ဝါ)အလုံးစုံသော အာသဝတရားတို့၏ ကင်းရာ, ကုန်ရာ

ချုပ်ရာ, ငြိမ်းရာ, ဖြစ်သော အသင်္ခတ မြတ်သောနိဗ္ဗာန်ကို မျက်မှောက်ပြုလျက် ဖြစ်နေလေတော့သတည်း။

"ဣဓါနန္ဒ ဘိက္ခု ဧဝံ သညီဟောတိ၊ ဧတံ သန္တံ၊ ဧတံပဏီတံ၊ ယဒိဒံ သဗ္ဗသင်္ခါရသမ ထော၊ သဗ္ဗုပဓိနိဿဂ္ဂေါ၊ တဏှက္ခယော၊ ဝိရာ ဂေါ နိရောဓော၊ နိဗ္ဗာနန္တိ"

( အင်္ဂုတ္တိုရ်ပါဠိတော် )

အာနန္ဒ၊ အာနန္ဒာ။ ဣဓ၊ ဤသာသနာတော်၌။ ဘိက္ခု၊ ရဟန်းသည်။ ဧဝံ၊ ဤသို့အမှတ်ရှိသည်။ ဟောတိ၊ ဖြစ်၏။ ဧတံ၊ ဤဖြစ်ခြင်းကင်းရာ,ကုန်ရာ အသင်္ခတနိဗ္ဗာန်သည်။ သန္တံ၊ ငြိမ်သက်၏။ ဧတံနိဗ္ဗာနံ၊ ဤနိဗ္ဗာန်သည်။ ပဏီတံ၊ မြတ်၏။ ယဒိဒံ ယောအယံ ဣဒံနိဗ္ဗာနံ၊ အကြင်နိဗ္ဗာန်သည်။ သဗ္ဗသင်္ခါရ သမထော၊ အလုံးစုံသော သင်္ခါရတို့၏ ငြိမ်းရာလည်းဟုတ်၏။

သဗ္ဗုပဓိနိဿဂ္ဂေါ၊ အလုံးစုံ ဥပဓိခန္ဓာဘို့၏ စွန့်လွှတ်ရာလည်း ဟုတ်၏။ တဏှက္ခယော၊ တဏှာ၏ ကုန်ခန်းရာလည်း ဟုတ်၏။ ဝိရာဂေါ၊ တပ်မက်မှု ပြတ်ကင်းရာလည်းဟုတ်၏။ နိရောဓော၊ ကောင်းကောင်းဆိုးဆိုး အမျိုးမျိုးသောဥပါဒါနက္ခန္ဓာ သင်္ခါရ တို့၏ ချုပ်ငြိမ်းကွယ်ပျောက်ရာလည်း ဟုတ်၏။ ဣတိဧဝံ၊ ဤသို့ ငြိမ်းရာ နိဗ္ဗာန်သို့ တည်ကြည်သော စိတ်ရှိသည်ဖြစ်၍နေသည်။ ဟောတိ၊ ဖြစ်၏။

"အာယူဟာနံ ဒုက္ခတိ အဘိညေယျံ၊
အနာယူဟာနံ နိဗ္ဗာနန္တိ အဘိညေယျံ"
(ပဋိသမ္ဘိဒါမဂ် ပါဠိတော်)

အာယူဟာနံ၊ အားထုတ်ပြုလုပ်၍ နေရခြင်းသည်။ ဒုက္ခတိ၊ ဆင်းရဲ၏ဟူ၍။ အဘိညေယျံ၊ ထူးသောဉာဏ်ဖြင့် သိအပ်၏။ အနာယူဟာနံ၊ အားထုတ်ပြုလုပ်မှု မရှိခြင်းသည် (ဝါ) ကောင်းကောင်း ဆိုးဆိုး အမျိုးမျိုးသော စိတ်အကြံ, စိတ်အတွေး, စိတ်အမူ, စိတ်ကိစ္စ, စိတ်ဖြင့် ရှုမှတ်ပွားများမှု အစုစုတို့ ပြုလုပ်မှု မရှိခြင်းသည် (ဝါ) အေးငြိမ်းခြင်းသည်။ နိဗ္ဗာနန္တိ၊ နိဗ္ဗာန်ဟူ၍။ အဘိညေယျံ၊ ထူးသောဉာဏ်ဖြင့် သိအပ်၏။

နညတြ သဗ္ဗနိသဂ္ဂါ၊ သောတ္ထိံ ပဿာမိ ပါဏိနံ။

သဗ္ဗနိသဂ္ဂါ၊ အလုံးစုံသော ဥပဓိတရားတို့ကို စွန့်လွှတ်ခြင်းကို (ဝါ) အလုံးစုံသော စိတ်အလုပ်, စိတ်ကိစ္စ, စိတ်အမူ, စိတ်ပြုပြင်မှု ဟူသမျှစွန့်လွှတ်ခြင်းကို။ အညတြ၊ ကြဉ်ဖယ်ရှောင်ရှား အလွတ်ထား၍။ ပါဏိနံ၊ သတ္တဝါတို့၏။ သောတ္ထိံ၊ ချမ်းသာခြင်းကို။ နပဿာမိ၊ ငါဘုရား မြင်တော်မမူ။

ကျောက်သဘော်ဆရာတော် အမည်တွင်ခြင်း။

ဤသို့လျှင် ဆရာတော်ဦးကေသဝသည် ဂူတွင်း၌ပင် ဆက်လက်၍ သီတင်းသုံးပြီး ရံဖန်ရံခါ ဖလသမာပတ် ဝင်စားလျက်နေ၏။

တနေ့သောအခါ ကျောက်ဆည်မြို့မှ ဆည်ဝန်ထောက် ဦးဥာဏ်ကြီးသည် တပည့်များနှင့် အမဲလိုက်ထွက်ခဲ့ရာမှ ဆရာတော် တရားကျင့်သုံးရာ ဂူဝသို့ ရောက်ရှိခဲ့လေ၏။

ဗုဒ္ဓ၏သားတော် ပီသစွာ သစ်ခေါက်ဆိုး အညိုရင့်ရောင် သင်္ကန်းကို ဝတ်ရုံကျက် တပါးထည်း ဖလသမာပတ် ဝင်စားလျက်ရှိသော ဆရာတော်ဦးကေသဝအား ဖူးတွေ့ရသည်တွင် အလွန်ကြည်ညိုလှသောကြောင့် ဆရာတော် ခြေတော်ရင်းသို့ ဝင်ရောက်ဖူးမျှော်ပြီး တရားဓမ္မများ ချီးမြှင့်ပါမည့်အကြောင်း လျှောက်ထား တောင်းပန်လေ၏။

ဤသို့ လျှောက်ထားတောင်းပန်သည်နှင့် ဆရာတော်သည် ဦးဥာဏ်ကြီးအား မည်သည့် အလ္လာပ သလ္လာပ စကားမျိုးကိုမှ မေးမြန်းပြောဆိုခြင်း အလျဉ်းမရှိပဲ မိမိကိုယ်တိုင် သိမြင်ထားသော တရားကို သိလွယ်နိုင်သော စကားဖြင့် "တကာကြီး အတိုင်းတိုင်းနေယင် အတိုင်းဘိုင်းအေးနေတယ်" ဟု လိုရင်းကို တိုတိုတုတ်တုတ် ဟောကြားလိုက်ပြီး မည်သည့်စကားကိုမျှ ဆက်လက်၍ပြောဆိုခြင်းမရှိတော့ပဲ ခပ်မဆိတ်နေသောကြောင့် ဦးဥာဏ်ကြီးသည် ဆရာတော်အား ဦးချပြီး အပါးမှ ထွက်ခွါခဲ့လေသည်။

တရားတော်ကို ဆရာတော်ဟောကြားစဉ်တွင် ဦးဥာဏ်ကြီးသည် ဆရာတော်အား သေချာစွာ အာရုံစိုက်ပြီး ဖူးမျှော်နေရာ ဆရာတော်သည် ထက်ဝယ်ဖွဲ့ခွေထိုင်နေရာမှ အထက်သို့တတောင်ခန့် ကြွတက်လာသည်ဟု မြင်ရကြောင်းနှင့် ဟောကြားသော



ကျောက်သဘော်အမည်တွင်သော ကျောက်သဘော်။

တရားမှာလည်း အများနှင့်မတူ ထူးကဲ နက်နဲမှု ရှိကြောင်း ထိုပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်မှာ ရဟန္တာပင် ဖြစ်မည်တင်ကြောင်း များကို ၎င်း၏ဘပည့်များအား ပြန်ပြောပြပြီး "မင်းတို့သဘော အတိုင်း မင်းတို့ဆက်ပြီးဘော့ တောလိုက်ယင်လဲ လိုက်ကြ ပေတော့၊ ငါတော့ ဒီအလုပ်ကို အသုအပြုံကစပြီး ဘယ်တော့မှ မလုပ်တော့ဘူး"ဟု ပြောပြီး အိပ်သို့တခါထည်း လှည့်ပြန်ခဲ့လေ တော့သည်။

အိမ်နီးနားချင်းများနှင့် နီးစပ်ရာဆွေမျိုးမိတ်သင်္ဂဟတို့အား မိမိတောလည်သွားရင်း တောင်လတ်ကျောင်းနှင့် မနီးမဝေး သင်္ဘောပုံသဏ္ဍာန်နှင့်တူသော ကျောက်တုံးကြီးနှင့် ကပ်လျက် ရှိသော ကျောက်ဂူငယ်လေးတခုတွင် အလွန်ကြည်ညိုဖွယ်ရာ ကောင်းသော ရဟန္တာတပါးကို ဖူးတွေ့ခဲ့ရကြောင်း၊ မိမိအား ဟောကြားလိုက်သော တရားမှာလည်း တိုတိုနှင့် အဓိပ္ပါယ် အလွန်လေးနက်လှကြောင်း၊ မိမိဖူးမျှော်နေစဉ် အရာတော်မှာ မြေမှ အထက်သို့ တတောင်ခန့် လွတ်လျက်ရှိကြောင်း အစရှိ သည်ဖြင့် ငမ်းသာအားရ ပြန်လည်ပြောကြားလေသည်။

သို့နှင့် တဦးမှတဦး တယောက်မှတယောက် သတင်းစကား ပြန့်နှံ့သွားပြီးလျှင် ဆရာတော် ဦးကေသဝ သီတင်းသုံးရာ သင်္ဘောပုံသဏ္ဍာန်ရှိသော ကျောက်တုံး (ကျောက်သင်္ဘော) အနီးရှိဂူသို့ သွားရောက်ဖူးမျှော်ကြလေသည်။ ဖူးမျှော်ပြီး ပြန် လာသူတို့က ဖူးမျှော်ရန်သွားရောက်မည့်သူတို့အား ညွှန်ပြ ပြော ဆိုရာတွင်လည်း ကျောက်သင်္ဘောအနီးက (ကျောက်သင်္ဘောနှင့်

တူသော ကျောက်တုံးကြီးကို အစွဲပြု၍) ဆရာတော် (၀၁) ကျောက်သဘော်ဆရာတော်ဟူ၍ ပြောဆို ညွှန်ပြ သုံးနှုန်းရာမှ ဆရာတော် ဦးကေသဝမှာ ကျောက်သဘော်ဆရာတော်ဟူသော အမည်နာမဖြင့် တွင်ရစ်လေတော့သတည်း။

## အတိုဆုံးသောတရား။

ကျောက်သဘော် ဆရာတော်ဘုရားကြီး၏ ဂုဏ်သတင်းမှာ တစတစ ပြန့်နှံ့ပြီးလျှင် ဆရာတော်အား ဖူးမျှော်သူများ တနေ့တခြား များပြားလာ၏။ အမှန်တရားကိုသိမြင်လိုသူတို့ကလည်း ဆရာတော်ဘုရားအား တရားဓမ္မများ ဟောကြား ဆုံးမပါမည့်အကြောင်း အတန်တန် တောင်းပန်လျှောက်ထားကြ၏။

ဆရာတော်ဘုရားသည် အေးရာကိုမြင်ပြီး အေးသလိုကျင့်သုံးဆောက်တည်နေခြင်းမှတပါး အခြားသော ကိစ္စများကို စိတ်မဝင်စားသော်လည်း အမှန်တရားကို သိလို မြင်လိုရေးကြောင့် အထပ်ထပ်အခါခါ လျှောက်ထား တောင်းပန်ကြသောကြောင့် ထိုဝေနေယျတို့အပေါ် ကရုဏာမေတ္တာထားပြီး တရားကို တရားအကိုင်းတိုင်း တိုတိုနှင့် လိုရင်းများ ရောက်စေရန် ဟောကြားတော်မူ၏။ ဆရာတော်ဟောကြားသောတရားတော်မှာ အလွန်တိုလှန်းရကား အလွန်ဉာဏ်ထက်သောသူ အချို့ တို့ သာလျှင် ဆိုလိုရင်းကို အနည်းငယ် ရိပ်မိသော်လည်း ဉာဏ်နုံသူတို့မှာ မမြင်နိုင်အောင် ရှိကြရလေသည်။

" အေးငြိမ်းတဲ့ နိဗ္ဗာန်တရားဆိုတာ သူ့အလိုလိုကတော့ ငြိမ်းချမ်းလျက်ရှိတယ် ကိလေသာဟူသည့် အပူဝပ်သိမ်းတို့မှ ကင်းလွတ်နေတယ်၊ နဂိုငြိမ်း ငြိမ်းတဲ့အတိုင်းတိုင်းနေကြရတယ်၊ ဒီအတိုင်းဘိုင်းရှိတဲ့ နိဗ္ဗာန်ကို ဒီအတိုင်းတိုင်း မျက်မှောက်ပြုကြရမယ်...."

ဆရာတော်ဘုရားသည် ဤမျှသာ ဟောကြားလေ့ရှိ၏။ အံကျယ်ချဲ့ပြီး ဟောကြားလေ့မရှိ။ တခါတရံနာကြားသူတို့က မထင်နိုင် မမြင်နိုင် ရှိကြသည်နှင့် ဉပမာကလေး အနည်းငယ်ဆောင်ပေးပါရန် လျှောက်ထားကြသောအခါ ဆရာတော်သည် မိမိ၏ လက်ဖဝါးနှစ်ခု ဖြေးညှင်းစွာ ရိုက်ခတ်တီးပြပြီး....

" အဲဒါ ဘာလဲ "

" အသံပါဘုရား "

" အေး ...အဲဒီအသံ ဘာကြောင့်မည်သလဲ "

" ရိုက်ခတ်သောကြောင့် မည်ကြောင်းပါဘုရား "

" ဒါဖြင့် အခု အဲဒီအသံ ဘယ်ရောက်သွားသသဲ "

" မရှိတော့ပါဘုရား၊ ပျောက်ပျက်ကုန်ခန်းသွားပါပြီ "

" မရိုက်ခတ်ခင်ကရော၊ ဒီအသံ ဘယ်မှာရှိနေသလဲ "

" ဘယ်မှာမှ ရှိမနေပါဘုရား၊ အကြောင်းဆုံမှ ဖြစ်လာတဲ့ သဘောပါ "

" အေး....မတီးမှိုက အသံတွေရှိပြီးသား မဟုတ်ဘူး၊ ကုန်ပြီးသားသာလျှင် ဟုတ်တယ်၊ အသံတွေရဲ့ ကုန်ရာ, ချုပ်ရာ, ငြိမ်းရာသာလျှင်ရှိတယ် "

" မှန်ပါ့ဘုရား "

" ကုန်အောင်လုပ်ထားလို့ ကုန်တာ၊ ငြိမ်းအောင် လုပ်ထားလို့ ငြိမ်းနေတာ မဟုတ်ဘူး၊ သူ့အလိုလို ဒီအတိုင်းတိုင်း ကုန်နေ, ငြိမ်းနေတာ "

" မှန်ပါ့ဘုရား "

" မိမိတို့ရဲ့ခန္ဓာမှာလဲ ဒီအတိုင်းပဲ စိတ်က ဟိုတွေး ဒီတွေး၊ ဟိုရှု ဒီမှတ်နဲ့ ပူကြတော့မှ စိတ်မှာ ဖြစ်လာ ကြတယ်၊ ဖြစ်ပြီးတော့သဲ ပျက်ကြရတယ်၊ မတွေးမှိုက မရှုမှတ်မှိုက အေးနေတဲ့ သဘောရှိတယ်။ စိတ်–စိတ် အတိုင်းတိုင်းကတော့ အေးနေတယ်၊ အဲဒီ အေးရာကို မြင်အောင်ကြည့်ပြီး အေးတဲ့အတိုင်းတိုင်းနေကြ။ ကဲ ... တော်လောက်ပါပြီ "

ကျောက်သဘော်ဆရာတော်ဘုရားကြီးသည် ထိုစဉ်က ဤမျှ လောက်သာလျှင် တရားကို တရားအတိုင်းတိုင်း တိုတိုနှင့် ကျဉ်း ကျဉ်း အမေးအဖြေပြု၍ ဟောကြားလေ့ရှိခဲ့ပါသည်။ နာကြား ခဲ့ရသူတို့တွင်လည်း တရား ကိုအာရုံစူးစိုက်ပြီး ဟောသည့်အတိုင်း ယောနိသော မနသိကာရ ရှိကြသူတို့မှာ တရားကို တရားအတိုင်း တိုင်း သိမြင်ခွင့် ရကြလျက် အလွန်တရားမှ ဝမ်းမြောက်ဝမ်းသာ

ဖြစ်ကြရလေ၏။ ဆရာတော်ဘုရားကြီးအား ကျေးဇူး အထူး တင်ကြပြီး ကြည်ညို သဒ္ဓါတရားများ ပွားများသည်ထက် ပွားများကြလေတော့သည်။

## သာသနာပြုရန် လျှောက်ထားခြင်း။

ကျောက်သဘော်ဆရာတော်ဘုရားကြီး၏ အဆုံးအမ တရား တော်ကို နာယူပြီး၍ တရားကို တရားအတိုင်းတိုင်း သိမြင်ပြီး ထောက်ရာတည်ရာ သက်သာရာရရှိကြကုန်သောပုဂ္ဂိုလ်အပေါင်း တို့မှာ တစထက်တစ တိုးပွါးများပြားလာကြလေသည်။ တဦးမှ တဦးသို့လည်း ဆင့်ကူးဆင့်ကမ်း ဥာဏ်လှယ်လှမ်းခဲ့ကြလေသည်။

မိမိတို့ သံဒိဋ္ဌိက အကာလိက ဂုဏ်တော်များ ဖြစ်ကြသလို အခြားအခြားသော မသိသေးသူများ၊ မသိမှုအကြောင်းခံ တရားကြောင့် ဒုက္ခပွားနေသူများကလည်း မိမိတို့ ထောက်ရာ တည်ရာ သက်သာရာ ရကြသလို (ဝ၁)ဝိမုတ္တိရသ တည်းဟူသော မမှုရသကြီး သုံးဆောင်မှီဝဲရသလို မိမိတို့နှင့် ထပ်တူ ထပ်မျှ သိစေလို့ မြင်စေလို့ သုံးဆောင်မှီဝဲစေလိုသော သမ္မာဆန္ဒရှိကြ သည်ဖြစ်၍ ကျေးဇူးရှင် ကျောက်သဘော်ဆရာတော်ဘုရားကြီး အား တရားတော်ကို ယခုထက် ကျယ်ကျယ်ပြန့်ပြန့် ဟောကြား တော်မူပါမည့်အကြောင်း အကြိမ်ကြိမ်လျှောက်ထား တောင်း ပန်ကြလေ၏။

ဆရာတော်ဘုရားကြီးသည် လောကကိစ္စတို့ကို လုံးဝလျစ် လျူရှုထားပြီး ပင်ကိုငြိမ်း ငြိမ်းသည့် အတိုင်းတိုင်း သာလျှင်

ကျင့်သုံးနေထိုင်လျက်သာရှိ၏။ ဤကဲ့သို့ တကာ, တကာမများ ဝင်ထွက်သွားလာပြီး ဟောပြော ပြသနေရသော အလုပ်ကိုပင် လျှင် နှစ်သက်လိုလားခြင်း မရှိခဲ့ပေ။ တပါးထည်း ဧကစာရီ ကျင့်သုံးလိုသော အာသီသသာလျှင် ရှိလေသည်။

သို့ပင်ရှိငြားသော်လည်း အများစုကြီးက ကောင်းမွန်သော အကြောင်းပြချက်များဖြင့် အကြိမ်ကြိမ်လျှောက်ထား တောင်း ပန်မှုများကြောင့် တရားကို အနည်းငယ် ချဲ့ထွင်ပြီး ဟောကြား တော်မူခဲ့လေသည်။

ကျောက်သဘော် ဆရာတော်ဘုရားကြီး ဟောကြားတော် မူသော "မဂ်ပေါက်ဖိုလ်ဝင် နိဗ္ဗာန်မြင်" တရားတော်တို့မှာအမှန် တရားကို သိမြင်ရေးအတွက် လေ့လာ ပွားများလိုကြသော ဝေနေယျများအဖို့ မပင်မပန်းပဲ အေးငြိမ်းချမ်းသာစွာ သိမြင် ခွင့် ရကြလေ၏။

သုတသိ အနေဖြင့်မဟုတ်ပဲ၊ ဒိဋ္ဌသိအနေဖြင့် သိမြင်ကြသော ပုဂ္ဂိုလ်များမှာလည်း အနည်းငယ်အတွင်းမှာပင် ဒီရေအလား တိုးတက်များပြားလာလေ၏။ ကျောက်ဆည်မြို့နှင့် အနီးအနား ပတ်ဝန်းကျင် မြို့ရွာများတွင်သာ မကတော့ပဲ၊ ဝေးလံသော အထက်အောက် မြို့ရွာဒေသများမှပုဂ္ဂိုလ်များလည်း လာရောက် ၍ နာယူ လေ့လာကြလေသည်။ လူပုဂ္ဂိုလ်များသာလျှင်မက ရဟန်းသံဃာတော်များလည်း နာကြားကြပြီး တပည့်အဖြစ် အသိအမှတ်ပြု၍ဆုံးမတော်မူပါရန် လျှောက်ထားကြလေသည်။

"ဘူတံ ဘူတတော ပဿတိ" ဟူသော ပါဠိတော်နှင့်အညီ တရားကို တရားအတိုင်းတိုင်း သိမြင်စေရန် ကျောက်ဆည်မြို့ ရွှေသာလျောင်းတောင် တောင်ခုလတ်ရှိ ကျောက်သဘော ရိပ်သာမှနေ၍ တကာ့တကာမများ၏ အတန်တန် လျှောက်ထား တောင်းပန်ချက်ကြောင့် ဟောပြောပြသ ဆုံးမ၍နေခဲ့ရာ အထက်အောက် မြန်မာပြည် အမြို့မြို့ အနယ်နယ်မှ တရားနာလာရောက်ကြသောသူတို့မှာ တလထက်တလ တနှစ်ထက်တနှစ် တိုးတက် များပြားလာခဲ့လေသည်။

အနယ်နယ် အရပ်ရပ်မှ တပည့်များမှာ မိမိတို့ သိမြင်ပြီး၍ သက်သာရာ ရခဲ့သလို၊ မိမိတို့၏ မြို့ရွာနယ်ပယ်များမှ ဆွေမျိုး မိတ်သင်္ဂဟမှအစ ဝေနေယျ အပေါင်းတို့အားလည်း သိစေလို့ မြင်စေလို့ သက်သာရာရစေလိုသော စေတနာစိတ်များ ယိုဖိတ်လာကြသဖြင့် ဆရာတော်ဘုရားကြီးအား ပင့်လျှောက်ပြီး မိမိတို့ မြို့နယ်များတွင် တရားပွဲများကျင်းပကြလေသည်။ တရားပွဲများ ကျင်းပရေးအတွက် ကြံစည်အားထုတ်ကြလေသည်။

သို့ပင် ကြံစည် အားထုတ် ငြားသော်လည်း အခက်အခဲ တွေ့နေရသော ကိစ္စများမှာ ကျေးဇူးရှင် ကျောက်သဘော ဆရာတော်ဘုရားကြီးသည် ဤကဲ့သို့သော ပလိဗောဓမှုများမည့် ကိစ္စရပ်များကို လိုလားနှစ်သက်တော်မူခြင်းမရှိသည်ကို သိထားကြသဖြင့် ဆရာတော်ဘုရားကြီးအား လျှောက်ထား ခြင်းငှါ မဝံ့ကြချေ။

အမြို့မြို့အနယ်နယ်မှာ တရားရေအေး တိုက်ကျွေးပြီး တရားချီးမြှင့်ပါမည့်အကြောင်း မသိမှုအဝိဇ္ဇာကြောင့် ပူမှားနေကြသော ဝေနေယျသတ္တဝါများအား သနားသော မေတ္တာကရုဏာဖြင့် ကြွရောက်ပြီး ဟောကြား ဆုံးမပါမည့်အကြောင်း လျှောက်ထားတောင်းပန်ကြသော သူတို့မှာလည်း တလထက်တလ တနှစ်ထက်တနှစ် အထူးများပြားလာလေ၏။

ကျေးဇူးရှင် ကျောက်သဘော် ဆရာတော်ဘုရားကြီးမှာ အရပ်ရပ်မှလျှောက်ထားသော အကြောင်းပြချက်များကြောင့် အဝိဇ္ဇာရှေ့ထားအပူမှားနေကြသော ဝေနေယျတို့အပေါ်တွင် ကရုဏာထားပြီး တရားကို တရားအတိုင်းတိုင်း သိမြင်ကြစေရန်အတွက် ၁၃၀၈-ခုနှစ်မှ အစပြုပင့်လျှောက်ထားကြသော မြို့ရွာနယ်ပယ်များသို့ တရားချီးမြှင့်ရန် ကြွရောက်ခဲ့ရလေသည်။

## နှစ်စဉ်သာသနာပြုကြွရောက်ခဲ့သော ဒေသများ။

သာသနာရေးအတွက် ဝေနေယျ အများတို့အား ဖိစီးနှိပ်စက်လျက်ရှိသော ကိလေသာအပူမီးမှ ငြိမ်းအေးခြင်း ဖြစ်စေခြင်းငှါ၊ သက်သာရာ ရစေခြင်းငှါ၊ အမြို့မြို့အနယ်နယ်သို့စတင်ပြီး သာသနာပြုခရီးထွက်ခဲ့သော ၁၃၀၈-ခုနှစ်မှ နောက်ဆုံးခန္ဓာဝန်ကို ချခဲ့သည့် ၁၃၂၉-ခုနှစ်အထိ နှစ်ပေါင်း ( ၂၁ )နှစ်တိုင်တိုင် မနေမနား တနေရာမှတနေရာသို့ ကြွရောက်ခဲ့လေရာ မြန်မာပြည်အနှံ့အပြား ဖြစ်လေသည်။

တနှစ်ထက်တနှစ် လျှောက်တားတောင်းပန်ကြသော နေရာဌာနများမှာ များသည်ထက်များ၊ တိုးသည်ထက် တိုးတက်လာခဲ့လေသည်။

ကျေးဇူးရှင် ကျောက်သဘော်ာ ဆရာတော်ဘုရားကြီးသည် သာသနာပြုရာ၌ "တကြောင်းသောခရီးကို နှစ်ပါးမကြွလေနှင့်" ဟူသည့် ဗုဒ္ဓ၏ ဩဝါဒအတိုင်းပင် စတင်၍ တရားသိမြင်ပြီးသည့် နေ့မှ ပျံလွန်တော်မူသည့်အချိန်ထိ၊ တမြို့မှတမြို့၊ တနယ်မှတနယ် မရပ်မနား တရွာဝင်-တရွာထွက်၊ တတောင်ကျော် တတောင်ဆင်း၍ ယာဉ်ဖြင့်တမျိုး၊ ခြေလျင်ဖြင့်တတန်၊ ကျရာ ကြုံရာ ယာဉ်တို့ဖြင့် ပင်ပင်ပန်းပန်း၊ ဆင်းဆင်းရဲရဲ တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးခဲ့ပေသည်။

ဗုဒ္ဓသည် သတ္တဝါ ဝေနေယျတို့အား ဒုက္ခပင်လယ်ဝေမှ ကယ်တင်ရန်အလို့ငှါ တရပ်မှတရပ်သို့ မရပ်မနားသောခရီးဖြင့် ဘုရားဖြစ်သည်မှ ပရိနိဗ္ဗာန်စံဝင်တော်မူသည့်နေ့ထိ ဒေသစာရီ လှည့်လည်၍ သစ္စာလေးပါး တရားတော်တို့ကို ဟောကြားဆုံးမတော်မူခဲ့လေသည်။

ကျောက်သဘော်ာ ဆရာတော်ဘုရားကြီးသည်လည်း ဗုဒ္ဓ၏ သားတော်ပီသပါပေ၏။ နှစ်စဉ်နှစ်တိုင်း သီတင်းကျွတ် လပြည့်ကျော် ဝါကျွတ်သည်မှ ဝါဆိုလပြည့်နေ့ထိ (၉)လတာမျှသော ကာလအတွင်း နှစ်စဉ်သာသနာပြု ကြွရောက်ခဲ့ရသော ခရီးစဉ်ကို အကြမ်းပြင်းအားဖြင့် ဖေါ်ပြရမည်ဆိုသော် အောက်ပါအတိုင်း ဖြစ်ပါသည်။

(၁) မန္တလေးတိုင်း။

မိတ္ထိလာခရိုင်အတွင်းရှိမြို့ရွာများ မိတ္ထိလာမြို့၊ ဆည်တို၊ စံကြီးဆွဲ၊ ပျားလေးရွာ၊ လိမ်တော၊ သိမ်ကုန်း၊ စံပြ၊ ဂဠုန်ရွာ၊ သဖန်း၊ သဲတော၊ မလှိုင်မြို့။

ကျောက်ဆည်ခရိုင်-ကျောက်ဆည်မြို့နယ်မှ ကျောက်ဆည်မြို့၊တစိုး၊ရွာပုလဲ၊သပြေသာ၊ပင်တလည်၊ညောင်ရွှေ မြောင်းဦး၊ဝါးလုံးကုန်း၊ ရွာနန်း၊မုံပေါင်း။

မြစ်သားမြို့နယ်မှ မြစ်သားမြို့၊ စင်းကွတ်၊ ဒါ့ရဲကောင်း၊ ရွှေပေါ်ကျွန်း၊ ကူမဲ၊ ပဲခင်း။

စဉ့်ကိုင်မြို့နယ်မှ စဉ့်ကိုင်၊ သင်တော၊ ကြက်များ၊ ဥယျာဉ်ကြီး၊ ဝန်သို၊ ရွှေကာ၊ ရသာ၊ မြောင်းဆုံ၊ တအုန်၊ တောင်ကိုင်းသပြေရိုး၊ မုန့်တော၊ ရဘို။

တံတားဦးမြို့နယ်မှ တံတားဦး၊ တောင်တလုံး၊ တောင်ပြုံး၊ ချောင်းပတ်၊အုတ်တွင်းခံ၊ခွေးကုန်း၊ မြို့သာ၊ နတ်စိမ်း၊ ကျောက်တန်း၊ ဆင်တဲ။

မန္တလေးခရိုင်မှ မန္တလေးမြို့၊ မတ္တရာမြို့နှင့် မြို့နယ်ရှိ လွန်တောင်း၊ တောင်ပြုံး၊ ကောက်ရိုးပုံ၊ လက်ပန်ဇင်၊ ကျွန်းကြီး၊ ဝက်ပေါင်းရွေး၊ အမရပူရမြို့နယ်မှ အမရပူရမြို့၊ မြစ်ငယ်၊ ရေကြည်ပေါက်၊ လိပ်ဆန်ခွန်၊ ဖရဲကျွန်း၊ ရဲလုံးကျော်၊ ချင်းရွာ၊လက်သစ်ရပ်၊ရွှေကဲ၊ မြတလင်းကြီး။

ရမည်းသင်း ခရိုင်မှ ပျဉ်းမနားမြို့နှင့် မြို့နယ်မှ ကျည်တောင်ကန်။

မြင်းခြံခရိုင်မှ မြင်းခြံမြို့နှင့် မြို့နယ်မှ ရွာကြီးရွာ၊ သစ်ရုံ၊ ကနားဒေါင်းဦး၊ ရသစ်၊ ရှားတော၊ ကံကြီး၊ လေးအိမ်တန်း၊ နန္ဒင်းတော်ဖိုး၊ဆီမီးခုံ၊ကျွဲအင်း၊ ဒါ့မိုက်၊ ဆင်ပြူရွာ၊ ကျားဘို၊ ဆူးဖြူကုန်း၊ တောင်သာ။

## (၂) စစ်ကိုင်းတိုင်း။

စစ်ကိုင်းခရိုင် မြောင်မြို့နှင့် မြို့နယ်မှ မြောင်မြို့၊ ဘူးကိုင်း၊ ဆယ်ရွာ၊ သနပ်ကုန်း၊ ကျောက်ရစ်၊ ကင်းရွာ၊ နဘက်၊ ရွှေဘုံသာ၊ မရိုးကုန်း၊ မြစ်သာ၊ ဆင်လျှောင်၊ ဇီးကျွန်း၊ မြစ်ဆုံ၊ ပန်းညို၊ မင်းလှ၊ မင်းတန်းပရိမ္မ။

မုံရွာခရိုင် မုံရွာမြို့နှင့် မြို့နယ်များမှ ချောင်းမနား၊ ရွာသစ်၊ တောပု၊ မုံရွေး၊ ကြေးမုံ၊ ညောင်တော်ထုံး၊ အင်းရွာ၊ အောင်သာ၊ အလုံ၊ နန်းကျောင်းရွာ၊ မဏ္ဍလာ၊ ကံကုန်း၊ အမြင့်မြို့၊ အနိမ့်၊ မှန်ချိုချောင်းဦး၊ ကျားတက်၊ ဇီးကြိုင်၊ ကျောက်ကန်၊ ဆားခါးရွာ၊ ပြင်ဦး၊ သစ်ကြီးတော၊ ရိုးရွာ၊ လက်တောင်းကြီး၊ လိမ်ကုန်း၊ ပဲခူးရွာ၊ ရောင်တော်ကုန်း၊ ကန်ကုံးရွာ။

ရွှေဘိုခရိုင် ရွှေဘိုမြို့နှင့် မြို့နယ်မှ ထန်းတပင်မြို့၊ ဇီးကုန်းမြို့၊ မုဆိုးချုံရွာ၊ ကြီးသီးကုန်း၊ ဆင်မြေ၊ ဝိုင်တိုင်ကြီး၊ ရွှေပန်းကုန်း၊ တဂဏန်း၊ စင်းတဝဲကုန်း၊ သနရွာ၊

မောက်ကျိုးရွာ၊ ကဲပါရွာ၊ ဖုတ်ကုန်း၊ ငရုံနည်းရွာ၊ မင်းကုန်း၊ မူးတိမ်။

(၃) မကွေးတိုင်း။

ပခုက္ကူခရိုင် ရေစကြိုမြို့နယ်မှ လေ့ခုတ်ရွာ၊ အောင်းပန်းချောင်း၊ နေရင်း၊ ပြင်ဦး၊ မင်းလှ၊ သာခေါင်၊ ကွဲကုန်း၊ ကျောက်ဖူး၊ သစ်ကြီးတော၊ တောင်ဦး၊ နီပဆေးတော၊ တပဆေးတော၊ မိုင်၊ ချိုရွာ၊ ကွန်လပ်၊ မြေမလှ။ တောင်တွင်းကြီး မြို့နယ်မှ ဆူးတပ်ကြီးရွာ၊ ကုန်းတော်ရွာ။

(၄) ရောဝတီတိုင်း။

ပုသိမ်မြို့၊ မအူပင်မြို့၊ ညောင်တုံးမြို့၊ ဟသ်ာတမြို့၊ မြောင်းမြမြို့။

(၅) တနင်္သာရီတိုင်း။

မော်လမြိုင်မြို့၊ မုဒုံမြို့၊ ရေးမြို့၊ မြိတ်မြို့၊ စက်ဖဲ၊ ကျိုက္ခမိ၊ ကတိုးကော့နှပ်၊ ရွာလွတ်။

(၆) ကော့သူလေးပြည်နယ်။

ဘားအံမြို့။

(၇) ရခိုင်တိုင်း။

ကျောက်ဖြူမြို့၊ ပေါက်တောမြို့၊ မင်းပြားမြို့။

( ၈ ) ကချင်ပြည်နယ်။

မြစ်ကြီးနားမြို့၊ ကသာမြို့။

( ၉ ) ပဲခူးတိုင်း။

သာယာဝတီခရိုင် သာယာဝတီမြို့နှင့် မြို့နယ်မှ ပေါင်းတည်မြို့၊ ကြို့ပင်ကောက်မြို့၊နတ္တလင်းမြို့၊ဇီးကုန်း မြို့၊ တာပွန်၊ ဝက်လူး။

တောင်ငူခရိုင် တောင်ငူမြို့နှင့် မြို့နယ်မှ ရေကြည်၊ မန္တလာ၊ သာဂရ၊ မိုးကောင်း၊ ဇရပ်ကြီး၊ ကင်းမွန်းချို။

ပဲခူးခရိုင်၊ ပဲခူးမြို့၊ ဒိုက်ဦးမြို့၊ ညောင်ခါးရှည်၊ အုတ်ဖို၊ ကျုံးရိုး၊ တာဝရေတံခါးရွာ၊ ကျိုက်ဒေးရုံ၊ ဖရဲရွာ၊ ခုံဘိုင်းရွာ။

ဤကဲ့သို့ မြို့ရွာဒေသ ကျေးလက်ပါပကျန်၊ သာသနာပြုခရီး တလျှောက်လုံးတွင် တမြို့နှင့်တမြို့၊ တနယ်နှင့်တနယ်၊ တရွာနှင့် တရွာ၊ ရာသီဥတုအခြေအနေ၊ အစားအသောက် ရေမြေမှစ၍ ပထဝီအနေအထား ပြောင်းလဲ ခြားနားမှုကြောင့် ဖြစ်ပေါ် ခံစားရသည့် ရောဂါဝေဒနာများမှာလည်း သာမန်ပုဂ္ဂိုလ်တို့ ထက် ခံနိုင်ရည်ရှိလှသည်မှာ အံ့ဩစရာတရပ်ပင်။

တရားပွဲများသို့ အတူလိုက်ပါလေ့ရှိသော တပည့်ရဟန်းတို့ မှာလည်း တရားဟောပြောရေး အတွက်သာလျှင် ခေါ်ခဲ့ခြင်း ဖြစ်၏။ မည်သည့်အခါမျှ တပည့်ဟူ၍ တာဝန်ပေး ခိုင်းစေလေ့

မရှိပဲ လုပ်ဆောင်ရန်ဟူသမျှကို ကိုယ်တိုင်ပြုလုပ်ဆောင်ရွက်လေ့ ရှိလေသည်။ တပည့်ရဟန်းများအားလည်း တပည့်ဟူ၍ နှိမ့်ချလေ့မရှိပဲ ကိုယ်နှင့်တန်းတူ ရည်တူ ဆက်ဆံလေ့ ရှိလေသည်။

တခါက ကျိုက္ကမီမြို့နယ် စက်စဲ တရားပွဲအတွက် ပဲခူးမော်လမြိုင် ရထားဖြင့် နောက်ပါ ရဟန်းတပည့်နှင့်အတူကြွသွားရာ ( ထိုအခါက စစ်တောင်းတံတားကြီး မဆောက်ရသေးပေ ) ကမ်းကြီးဆိပ်မှစစ်တောင်းတဖက်ကမ်းသို့မော်တော်(ဖယ်ရီ)ဖြင့် ကူးရန်မီးရထားမှမော်တော်ပေါ်သို့ ပါလာသောအိမ်ဆာလိပ်များ သယ်ယူရန် ကြုံကြိုက်ခဲ့လေသည်။

နောက်ပါ တပည့်ရဟန်းမှာ ကျန်းမာရေး အနည်းငယ်ချို့တဲ့သည့်အတွက် အားအင်ချိနဲ့သည်ကို သိတော်မူသောဆရာတော်ဘုရားကြီးသည် တပည့်အား သနားညှာတာသောကရုဏာကြောင့် မိမိ၏အိပ်ရာလိပ်ကို လက်တဖက်မှဆွဲ၍ တပည့်ရဟန်း၏အိပ်ရာလိပ်ကို အခြားလက်တဖက်မှဆွဲပြီး မော်တော်ဆီသို့ သယ်ယူသွားမည် ပြုလေသည်။

ထိုစဉ်၌ တပည့်ရဟန်းသည် အိပ်ရာလိပ်များ သယ်ယူရန်အလုပ်သမား ရှာဖွေနေစဉ်ဖြစ်၍ ဆရာတော်ဘုရားကြီး၏ကဲ့သို့သယ်ယူသွားသည်မှာ မသင့်လျော်ကြောင်း လျှောက်ထားရာ "သာသနာပြုတာများ အလုပ်သမား စောင့်နေရအုံးမှာလား၊ ကိုယ့်အိပ်ရာလိပ် ကိုယ်သယ်ရမှာပေါ့၊ ကိုယ်တော်နေမကောင်းရင်နေပါ၊ ဘုန်းကြီးဆွဲသွားပါမယ်" ဟု မိန့်ကြားပြီး အိပ်ရာ

လိပ်ကို ကောက်ယူနေသဖြင့် တပည့်ရဟန်းက ဆရာတော်လက်မှ အတင်းဆွဲယူခဲ့ရဘူးလေသည်။

ကိုယ့်ဝန်ကိုယ်ထမ်း ကိုယ်အားကိုယ်ကိုးဟူသော ဆောင်ပုဒ်နှင့်လည်း ညီညွတ်လှပါပေသည်။

**ပကာသနအလုပ်မကြိုက်။**

ကျောက်သဘော်ဆရာတော်ဘုရားကြီးသည်ကား ပကာသနအလုပ်ကို ကိုယ်တိုင်လည်းမကြိုက်၊ တကာ, တကာမ များက နှစ်သက်၍ ဇွတ်ပြုလုပ်ခဲ့သည့် အခါများတွင်လည်း ငြင်းဆန်ခဲ့လေသည်။

အမြို့မြို့အနယ်နယ်မှ တရားပွဲများကို ဦးစီးပြီး ကျင်းပသော တကာ, တကာမများတွင် ငွေကြေးချမ်းသာ ကြွယ်ဝသူများ အရာရှိကြီးများရှိကြသလို ဆင်းရဲနွမ်းပါးသော သာမန် အလုပ်သမား, တောင်သူလယ်သမားများလည်း ရှိကြလေသည်။

ချမ်းသာ ကြွယ်ဝသူများနှင့် အရာရှိကြီးများက ကြီးမှူးကျင်းပသောတရားပွဲများတွင် ထုံးစံအတိုင်း ခန့်ငြားထယ်ဝါမှု ပကာသနအလုပ်ကိုအရေးထားလေ့ရှိကြလေသည်။ ဆရာတော်ဘုရားကြီးအားရင်းတို့ကျင်းပသောတရားပွဲများသို့ကြွရောက်ရန် စီစဉ်ကြရာတွင်လည်းခန့်ငြားမှုကို ဖြစ်စေလိုသည်ကတကြောင်း၊ ဆရာတော်ကြီး၏ဂုဏ်နှင့် ဆီလျော်စေရန်ရင်း ပဋ္ဌမတန်းတွဲဖြင့် ကြွရောက်ရန် လက်မှတ်များ ကြိုတင်ဝယ်ယူထားပြီး ကြွရောက်

သည့်နေ့ကာင် ၎င်းမီးရထား ပဋ္ဌမတန်း တွဲသို့ ကြွရောက်ရန် လျှောက်ထားကြရာ ဆရာတော်ဘုရားကြီးသည် ၎င်းတွဲမှမလိုက်ပါရန် လုံးဝငြင်းပယ်ပြီး တတိယတန်းတွဲမှ လက်မှတ်ကိုယူခိုင်း၍ တတိယတန်းမှ ကြွရောက်ခဲ့လေသည်။

ဤကဲ့သို့သောဖြစ်ရပ်များနှင့်ကြုံတွေ့ခဲ့ရသည်မှာ မကြာခဏဆိုသလို ဖြစ်ခဲ့ရလေသည်။ ဤကိစ္စမျိုးကို ယေဘုယျအားဖြင့် ကြည့်လျှင် လက်မှတ်ယူပြီးမှ ငြင်းပယ်ခဲ့သဖြင့် ငွေကြေးပိုမိုကုန်ကျရသည့်အတွက် နည်းလမ်းမကျဟု ထင်မှတ်ဖွယ်ရှိသော်လည်း သာသနာပြန့်ပွါးရေးအတွက် အရှည်ကိုမျှော်တွေးပါက အလွန်ပင် သင့်လျှော်၍ နည်းလမ်းကျလှပေသည်။

ဤကိစ္စမျိုးနှင့်ပတ်သက်၍ ဆရာတော်ဘုရားကြီး မိန့်ကြားဘူးသည်မှာ "သာသနာပြုရာမှာ ဇိမ်ခံနေဖို့ရာ မဟုတ်ဘူး၊ ရောက်လိုတဲ့ခရီးကို ရောက်ဖို့သာလိုရင်းပဲ၊ စတုတ္ထတန်းရှိသေးယင်လဲ ၎င်းစတုတ္ထတန်းကစီးမှာပဲ၊ နောက်တချက်ကလဲတတ်နိုင်သူတွေက တတ်နိုင်တိုင်း လုပ်တာကို လက်ခံလိုက်ရင်၊ နောင်ဆင်းရဲတဲ့ သူတွေကလဲ အတုလိုက်ပြီး လုပ်ရတော့ အကုန်အကျများပြီး ပင်ပန်းရှာကြမယ်၊ ဒီလိုနဲ့ ပြီးအုံးမှာ မဟုတ်ဘူး၊ နောင်တော့ ဆင်းရဲသူတို့အဖို့မှာ မပြုလုပ်ရရှာတော့ မင်္ဂဖိုလ်နဲ့ လွဲကြရရှာတော့မယ်၊ အခုလိုငြင်းလိုက်တော့ နောင်ဘယ်သူမှ ဒီလိုမစီစဉ်ကြတော့ဘူး၊ တတန်းစားထဲ ဖြစ်ကြရောပေါ့" ဟု မိန့်ကြားခဲ့ဘူးလေသည်။

## ဝိမုတ္တိဉာဏဒဿန အဖွဲ့ကြီး။

ကျောက်သဘော်ဆရာတော်ဘုရားကြီးတရားကို ကျယ်ကျယ်ပြန့်ပြန့် ဟောကြားတော်မူသောအခါ တရားနာယူသူတို့မှာ တနေ့ထက်တနေ့ များပြားလာခဲ့လေသည်။ အနီးအနားမြို့ရွာများမှသာ မဟုတ်ပဲ၊ ဝေးလံသော အရပ်ဒေသများမှလည်း လာရောက်ခါ ဆရာတော်ဘုရားကြီးအား ဖူးမျှော်ပြီး တရားကို နာယူကြလေသည်။ ဤသို့ တရားနာယူသူများ များပြား၍ ဝေးလံသောဒေသများမှ တရားနာပုဂ္ဂိုလ်များအတွက် တည်းခိုနေထိုင်ရန် နေရာထိုင်ခင်းများ လိုအပ်လာသောကြောင့် ၎င်းကိစ္စရပ်များကို ပြေလည်စေရန် နောင်သောအခါ ဆရာတော်ဘုရားကြီး၏ သာသနာပြု လုပ်ငန်းများတွင် ကူညီဆောင်ရွက်နိုင်ရန် အလို့ငှါ ဆန္ဒတူညီကြသော တပည့်, တကာ, တကာမများက 'ဝိမုတ္တိဉာဏဒဿန' အမည်ရှိသော သာသနာ့ဝန်ဆောင်အဖွဲ့ကြီးကို ၁၃၀၁-ခုနှစ်မှစ၍ ဖွဲ့စည်း တည်ထောင်ခဲ့ပြီး သာသနာရေးကိစ္စ အဝဝတို့ကို ဆောင်ရွက်ခဲ့လေသည်။

ထိုအဖွဲ့ကြီးက နှစ်စဉ် နှစ်ပတ်လည် တရားပွဲများ ကျင်းပပေးရာ အမြို့မြို့အနယ်နယ်မှ တပည့်သာဝကများက ကျေးဇူးရှင်ဆရာတော်ဘုရားအား သီတင်းဝါလကျွတ်တွင် စုပေါင်းပူဇော်မှုပြုကြရန်၎င်း၊ ဆရာတော်အမှူးပြုသော တပည့်သံဃာတော်တို့၏ (ဓမ္မကထိက တပည့်သံဃာတော် အပါးနှင့်ဆယ်ခန့်ဟောသည်) တရားဓမ္မ ဆုံးမသြဝါဒများကိုနာယူကြရန်၎င်း၊ ကျောက်ဆည်မြို့

ရွှေသာလျောင်း တောင်ခုလတ်ရှိ ကျောက်သဘော်ရိပ်သာတွင် နှစ်စဉ် သိတင်းကျွတ်လတိုင်း ကျင်းပလေသည်။

တနှစ်ထက်တနှစ် ပရိသတ်မှာ အရာမှအထောင်၊ အထောင်မှ အသောင်းအထိ တိုးတက်များပြားလာသဖြင့် တရားနာပရိသတ်များအတွက် နေရာခက်ခဲမှုများရှိခဲ့ရလေသည်။ ဤတွင် တရားနာပရိသတ် (အနယ်နယ်မှ) များက ၎င်းတို့ဆန္ဒတူစွာ ဖြစ်ကြသည်မှာ ဤမျှများပြားသော ပရိသတ်ကြီးနေဖို့မှာ လုံခြုံစွာ တရားနာကြရန် ကျယ်ပြန့်သော အဆောက်အဦးတခု လိုအပ်ကြောင်း စဉ်းစားမိကြ၍ ၎င်းတို့ဆန္ဒအရ စုဝေးတိုင်ပင်ကြ၏။ ဆရာတော် ဘုရားကြီး၏ မူလ ဂူအထိမ်းအမှတ်လည်း ဖြစ်စေ၊ နောင်အရှည်လည်း တည်တန့်ခိုင်မာစေ၊ တည်းခို နားနေရန်လည်း ရစေသဘောဖြင့် သဘော်ပုံသဏ္ဌာန် ဓမ္မာရုံကြီးကို စုပေါင်း ဆောက်လုပ်ကြလေသည်။

ဤသို့ဆောက်လုပ်ပါသော်လည်း တနှစ်ထက်တနှစ် ပို၍ ပို၍ များလွန်းလှသော ပရိသတ်အတွက် နေရာမဆံ့ပဲ တောင်လတ်တခုလုံး ပရိသတ်အပြည့် ဖုံးလွှမ်းနေတော့၏။ တရားပွဲမှာလည်း နေ့လယ် နေ့ဆွမ်း စားပြီးချိန်မှ စတင်ပြီး ညတွင် တညလုံး ဟောပြော၍ နံနက်လင်းမှပင် တရားပွဲကြီး ပြီးဆုံးတော့၏။ တရားနာပရိသတ်များ၏ စားသောက်ရေးအတွက်လည်း ၎င်းတို့ကပင် စုပေါင်း၍ လှူဒါန်းကြလေသည်။

ယခုအခါ ဆရာတော်ဘုရားကြီး၏ ရိပ်သာခွဲများမှာ.... ရန်ကုန်မြို့၊ မန္တလေးမြို့၊ သာယာဝတီမြို့၊ ကျိုက်ခမိ (စက်စဲ) တို့တွင်

ရှိကြလေသည်။ ရိပ်သာခွဲပင် မရှိသော်လည်း ဆရာတော်ဘုရား ကြီး၏ ဩဝါဒခံ တပည့်များစွာတို့သည် တောင်ငူမြို့နယ်၊ ကျောက်ဆည်မြို့နယ်၊ မြစ်သားမြို့နယ်၊ မြောင်မြို့နယ်၊ ပေါင်း တည်မြို့နယ်နှင့် ရခိုင်တိုင်းစသည်တို့တွင် အနှံ့အပြား ပြန့်ပွား လျက်ရှိပြီး မိမိတို့သိမြင်ထားသလို ဆွေးနွေးခြင်း၊ ဟောပြော ခြင်းများ ပြုလုပ်ကြလေသည်။

## ခမည်းတော် မယ်တော်တို့ ကွယ်လွန်ခြင်း။

ခကျူးဇူးရှင် ကျောက်သဘော ဆရာတော်ဘုရားကြီး၏ ခမည်းတော် ဦးလူတုတ်မှာ ၁၃၀၅-ခုနှစ်တွင် ကွယ်လွန်ခဲ့ပြီး၊ မယ်တော် ဒေါ်ငယ်မှာ ၁၃၀၆-ခုနှစ်တွင် ကွယ်လွန် အနိစ္စ ရောက်ခဲ့ကြလေသည်။ ဆရာတော် ဘုရားကြီး၏ မွေးချင်းများ မှာလည်း နှမဖြစ်သူ ဒေါ်ဖွားအုံ-မှတပါး ကျန်အားလုံးပင် ကွယ်လွန်ခဲ့ကြလေပြီ။

## ခရီးရောက်ရေးသာ အခိက။

ကျေးဇူးရှင် ကျောက်သဘော ဆရာတော်ဘုရားကြီး၏ သာသနာပြုကြွရောက်ခဲ့သော ဒေသများကို လေ့လာကြည့်မည် ဆိုလျှင် ခရီးလမ်းသာယာသော မြို့ကြီးများထက် လမ်းပန်းအာ ဆက်အသွယ်မကောင်းသော ကြမ်းတမ်းသော တောရွာကျေး လက်ဒေသများက များပြားသည်ကို တွေ့ရလေသည်။ အသွားရ အလာရ ခက်ခဲသော ချောင်းတတန်မြောင်းတတန် ကူးရဖြတ်ရ

သော နေရာများ၊ လှေငယ်၊ မော်တော်ငယ်များဖြင့်၎င်း၊ ယာဉ်များပေါ်တွင်ပင် တည, နှစ်ည စသည်ဖြင့် သိတင်းသုံး၍သွားရသော ဒေသများ၊ တရားပွဲများကျင်းပမည့်ဒေသသို့ရောက်ရှိရန်အတွက် ကားတတန့်, ရထားတတန့်, လှည်းတတန့်ဖြင့် တမျိုး၊ ခြေလျင်ဖြင့်တဖုံ၊ ခက်ခက်ခဲခဲ သွားရသည့်အရပ်များ အလွန်များပြားလေသည်။

သွားလာရာ၌လည်း မည်သည့်ယာဉ်နှင့်မှသွားမည်၊မည်သည့်ယာဉ်ကို စီစဉ်ပါဦးဟု မည်သည့်အခါကမျှ ပြောခဲ့ဘူးသည်မရှိပေ။ သွားလိုသောဒေသသို့ ရောက်ရှိရေးသာလျှင်အဓိက၊ မည်သည့်နည်းဖြင့်ရောက်ရောက်၊ ရောက်ရှိရေးသာလျှင် လိုရင်းဖြစ်လေသည်။ " ရှေးခေတ်တုံးက သာသနာပြုတဲ့ ပုဂ္ဂိုလ်ကြီးတွေ၊ ဘယ်ကယာဉ်နဲ့မှ သွားလာကြတာမဟုတ်ဘူး၊ ဒီအတိုင်း တရွာဝင် တရွာထွက်နဲ့ ခြေလျင်လျှောက်ပြီးသာသနာပြုခဲ့ကြတာပဲ" ဟုဆိုပြီး အချိန်ကုန်ခံပြီး လှည်းလေ့ အစရှိသည်တို့ကို စောင့်စား၍ မနေတော့ပဲ၊ ခြေလျင် ကြွသွားလေ့ရှိ၏။ တခါတရံ ကိုယ့်အိပ်ရာလိပ်ကိုပင် ကိုယ်တိုင်ဆွဲပြီး ကြွခဲ့သည့် အကြိမ်များမှာလည်း မနည်းလှပေ။

အချို့သော မြို့ကြီးများမှ တရားပွဲကို ဦးစီးခေါင်းဆောင်ပြုတတ်သူများက ဆရာတော်ဘုရားကြီးကြွလာသောအခါ ကားအစီး များစွာဖြင့် ကြိုဆိုပြီး ဝတ်အသင်းများက တရားလက်ဘုံးများ သံပြိုင်ရွတ်ဖတ်လျက် မြို့တွင်းသို့ လှည့်လည်ကာ အပူဇော်

ခံရန် စီစဉ်ထားကြလေ၏။ လူပေါင်းများစွာဖြင့် စောင့်ကြို နေကြ၏။

ဆရာတော်ဘုရားကြီး ရောက်ရှိလာသောအခါ ဦးစီး ခေါင်း ဆောင်လုပ်သော တပည့်, တကာ, တကာမများက ၎င်းတို့၏ အစီအစဉ်များကို ဆရာတော်ဘုရားကြီးအား လျှောက်ထား ကြကုန်၏။ ဆရာတော်ဘုရားကြီးသည် စီစဉ်ထားသော အစီ အစဉ်များကို ဖျက်သိမ်းစေပြီး ခေတ္တတည်းခို သီတင်းသုံးမည့် ကျောင်းသို့ ခြေလျင်ကြွရောက်ခဲ့လေသည်။ တရားနှင့် မလျော် သော ပကာသနအလုပ်များကို မည်သည့်အခါကမျှ လိုက်လျော ခြင်း မရှိခဲ့ပေ။

ပဲခူးမြို့သို့ ကြွရောက်စဉ် အခါများကလည်း အခမ်းအနား အဆောင်အယောင်မပါပဲ ရိုးရိုးကားငယ်တစီးဖြင့် ဘူတာရုံတွင် စောင့်ကြိုနေသည့် အခါများတွင် ပင်လျင် ၎င်းအတွက်နှင့် တပည့်များ ပင်ပန်းမည်ကို မလိုလားသောကြောင့် "ဘာဖြစ် လို့များ လာကြိုနေကြရတာလဲ၊ ဘုန်းကြီးတို့ဖါသာ လာတတ် တာပဲ၊ လာခဲ့မှာပေါ့" ဟု မကြာခဏ မိန့်ရှိခဲ့ဘူးလေသည်။

အလျဉ်းသင့်၍ ဖေါ်ပြရမည်ဆိုသော် ကျောက်ဆည်မြို့မှ လှည်းလမ်းသာပေါက်သည့် အဲ့ဗျကျေးရွာသို့ တရားဟောကြား ရန် ပင့်ဆောင်ထားခဲ့ပါသည်။ ပင့်လျှောက်ထားသည့် ရွာမှ အကြိုလွှတ်လိုက်သော လှည်းသည် ချိန်းဆိုထားသည့် အချိန် အတွင်းရောက်မလာသဖြင့် လှည်းကိုစောင့်မနေတော့ပဲ အဆိုပါ ရွာသို့ ခြေလျင် ခရီးဖြင့်သာ ကြွသွားကြရန် တပည့် ရဟန်း



F. 6

များအား တိုင်ပင်ရာ တပါးသာလျှင် ဆရာတော်နှင့်အတူ ခြေလျင် ကြွသွားရန် သဘောတူပြီး ကျန်နှစ်ပါးမှာလည်း ကျန်းမာရေးချို့တဲ့သည့်အတွက် လှည်းကိုစောင့်ဆိုင်းရန် ဆန္ဒရှိကြလေသည်။

ဤအကြောင်းကို ဆရာတော်ရိပ်မိလေလျှင် ပဥ္စမရဟန်းငယ် တပါးနှင့် ထိုရွာသို့ခြေလျင်လျှောက်၍ ကြွခဲ့ကြလေတော့သည်။

တခါကလည်း ပဲခူးမြို့မှ ရှစ်မိုင်ခန့်ဝေးသော သနပ်ပင်မြို့နယ် တာဝရေတံခါးကျေးရွာသို့ တရားဟောရန်အတွက် ကြွရောက်ခဲ့လေသည်။ ထိုစဉ်ကလည်း တရားပွဲစီစဉ်သူ တကာများက ရိုးရိုး သွားရိုးသွားစဉ်ဆိုလျှင် ပဲခူးမြို့မှ ရထားဖြင့် တာဝဘူတာသို့ စီးရမည်၊ ၎င်းဘူတာရွာမှ တာဝရေတံခါးရွာတဖက်ကမ်းသို့ ရောက်ရန် ခြေလျင်တမိုင်ခန့် လျှောက်ရမည်။ ၎င်းမှ ပဲခူးချောင်းကို လှေငယ်ဖြင့်ဖြတ်ကူးပြီး တာဝရေတံခါးရွာသို့ သွားရမည်။ ဤကဲ့သို့ ခရီးအတန်တန် ပြောင်းပြီး သွားရလျှင် ဆရာတော်ဘုရားကြီး ပင်ပန်းမည်ကို စိုးရိမ်သောကြောင့် ကားဖြင့် ပဲခူးမှ တာဝ ရေတံခါးရွာသို့ တောက်လျှောက်သွားရန် စီစဉ်ကြလေသည်။

ကားလမ်းမှာလည်း ကတ္တရာလမ်းနှင့် ကျောက်လမ်းမျိုး မဟုတ်ပဲ လယ်ကွင်းများကို ဖြတ်ဖေါက်ထားသော မြေညီလမ်း ဖြစ်လေသည်။ ထိုလမ်းမှသွားလျှင် တာဝရေတံခါးရွာသို့ တိုက်ရိုက် ရောက်နိုင်သဖြင့် ဂျစ်ကားဖြင့် ထိုလမ်းမှ သွားကြရလေ၏။

လမ်းမှာ တစတစနှင့် အလွန်ဆိုးဝါးကြမ်းတမ်းလာပြီး ဖုံလုံးကြီးများထ၍ ကားတစီးလုံးကိုဖုံးအုပ်လေတော့သည်။ ပါလာသော တပည့်ရဟန်းများနှင့် တကာများမှာ အသက်ရှူပင် မှားကြလောက်အောင် ဖုံလုံးကြီးများကြားတွင် နစ်မွန်းနေကြသော်လည်း ဆရာတော်ဘုရားကြီး အား ကြည့်လိုက်သောအခါ မည်သို့မျှ မခံစားရသလိုနှင့် လိုက်ပါခဲ့လေသည်။

ရွာသို့ရောက်၍ ကားပေါ်မှ ဆင်းကြသောအခါ ပါလာကြသော တပည့်ရဟန်းများနှင့် တကာတို့မှာ အလွန်ညည်းညူကြရာ၊ ဆရာတော်ဘုရားကြီးမှာမူ မည်သို့မျှခံစားမှုမရှိပဲ ကားပေါ်မှဆင်းပြီး သင်္ကန်းကိုခါလျက် "သာသနာပြုတယ်ဆိုတာ ဒီလိုပဲပေါ့၊ ဇိမ်ခံချင်လို့ ဘယ်ဖြစ်မလဲ၊ ဘုန်းကြီးဆိုတာ ဘယ်ဇိမ်ခံနေလို့ဖြစ်ပါ့မလဲ" ဟု မိန့်ကြားသည်ကို အံ့ဩစွာ တွေ့ရှိခဲ့ရလေသည်။

နောက်နှစ်တွင် အသွားအလာ ခက်ခဲသောကြောင့် ထိုရွာအတွက် တရားပွဲ မဝိစဉ်ခဲ့ကြောင်း လျှောက်ထားသောအခါ "တရားကို တကယ် နာယူ ကျင့်သုံး လို သူ များ ရှိက စီစဉ်ပေးလိုက်ပါ၊ ဘုန်းကြီးတို့ ဒုက္ခရောက်တာက အရေးမဟုတ်ပါဘူး" ဟု ပြန်လည်မိန့်ကြားခဲ့ပြန်ပါသည်။

သာသနာရေးနှင့်ပတ်သက်လျှင် ဤမျှအပင်ပန်းခံနိုင်သော ဆရာတော်ကြီးဖြစ်လေသည်။ တရားတော်ကို သိမြင်လိုကြသော ဝေနေယျတို့၏ အပေါ်တွင် ဤမျှ မေတ္တာ ကရုဏာ တရားရှိလေသည်။

ယခု ဖေါ်ပြသော နေရာတို့ထက် အလွန်တရာ ကြမ်းတမ်းသော နေရာဌာန များသို့လည်း အကြိမ်ပေါင်း မရေမတွက်နိုင်အောင် ကြွရောက်ခဲ့လေသည်။ ရှည်အံ့စိုးမည်ထင်၍ မရေးတော့ပြီ။

ရောင့်ရဲလွယ်ခြင်း။

ခရီးသွားရာတွင် ရောက်လိုသောခရီးသို့ ရောက်ရေးသာအဓိက၊ မည်သည့်ယာဉ်မျိုးဖြင့် သွားရသည်ဖြစ်စေ၊ သို့တည်းမဟုတ် ခြေလျင်ခရီးဖြင့်သွားရသည်ဖြစ်စေ ဇီဇာမချဲ့ပဲ ဖြစ်သလိုနည်းနှင့်သာ ကြွရောက်လေ့ရှိသလို အနေအထိုင်နှင့် ပတ်သက်လျင်လည်း မည်သည့်နေရာ, မည်သည့်ဒေသ, 'မည်သည့်ဌာန, မည်သို့သော အဆောက်အဦးဟူ၍ ကြောင့် ကြောင့် ကျ ကျ တောင့်တောင့်တတ ရှာဖွေခြင်းမပြုပဲ၊ ကျရာ ရရာ နေရာမှာပင်ဖြစ်သလို သီတင်းသုံး နေထိုင်လေ့ရှိလေသည်။ ငြိမ်းရာကိုမြင်ပြီးငြိမ်းသည့် အတိုင်းတိုင်းပင် သွားလာလှုပ်ရှား သီတင်းသုံးနေထိုင်နိုင်သော ဆရာတော်ဘုရားကြီး ဖြစ်လေသည်။

မူလသီတင်းသုံးရာ ကျောက်ဆည်မြို့ ရွှေသာလျောင်းတောင်တောင်ခုလတ်ရှိ ကျောက်သဘော်ရိပ်သာ၌ ဘုရား, ကျောင်း, ကန်, ဇရပ်, ဓမ္မာရုံအစရှိသည်ဖြင့် အုတ်တိုက် အဆောက်အဦးထည်ထည်ဝါဝါ ခန့်ခန့်ငြားငြား ဆယ်လုံးခန့် ရှိနေသော်လည်း၎င်း အဆောက် အဦး များ ပေါ် တွင် ခေတ္တ ခဏ သီတင်းသုံးနေထိုင်သည်မှအပ မိမိနှလုံးသွင်းရာ တရားနှင့် လျော်ညီသည့်



ဆရာတော်ဘုရားကြီး သီတင်းသုံးတော်မူခဲ့သော
ဝါးကျောင်းငယ်

အလျား(၁၂)ပေအနံ (၆) ပေခန့်သာရှိသော ဝါးဖြင့်ပြီးသည့် တပါးကျောင်းငယ်ကလေးတွင်ပင် ပျံလွန်တော် မူသည်အထိ တရားနှင့် လျှော်ညီစွာ သီတင်းသုံးခဲ့လေသည်။

အဆိုပါ ကျောင်း, ကန့်,ဇရပ် စသည့် အဆောက်အဦးများ အပေါ် သာယာခြင်း, တပ်မက်ခြင်းအလျဉ်းမရှိ၊ ပေယာလကံ ဥပေက္ခာရှုထားပြီး တနှစ်လျှင် ဝါတွင်းသုံးလမှတပါး၊ ကိုးလ တာမျှ အနယ်နယ် အရပ်ရပ် တရားပွဲများသို့ ကြွရောက်ပြီး ဟောပြောနေသည်က များလေသည်။ ရောက်ရာအရပ်မှလည်း သုတင်းမေးမြန်းခြင်း၊ ကျောင်းအတွက်,ဇရပ်အတွက် မှာကြား ခြင်း အလျဉ်းမပြုခဲ့ပေ။

ဝါးဖြင့်ပြီးသော တပါးကျောင်းငယ်ကလေး၌ ဖျာတချပ်, ခေါင်းအုံးတလုံး, ရေအိုး, ယပ်, ရေစစ်, သပိတ်, သင်္ကန်းနှင့် ဆေးဝါး စသည်တို့ကလွဲ၍ အခြား မည်သည့်ပစ္စည်းမျှမရှိပဲ၊ ခြိုးခြံစွာ ကျင့်သုံးနေထိုင်ခဲ့လေသည်။

အစားအသောက် ဆွမ်းခဲဘွယ်တို့တွင်လည်း ရောင့်ရဲ လွယ်လေသည်။ တကာ, တကာမများထံမှ ဆွမ်းခံ၍ ရရှိ လာသော ဆွမ်းခဲဘွယ်တို့ကိုသာ မျှတရုံ ဘုဉ်းပေးလေ့ရှိ၏။

နောက်ပိုင်းတွင် အသက်အရွယ်ကြီးရင့်ပြီး ကျန်းမာရေးချို့ တဲ့လာသည်ကတကြောင်း၊ အမြို့မြို့အနယ်နယ်သို့ သာသနာပြု ခရီး ကြွရောက် နေရသည်က တကြောင်း၊ စသည်တို့ကြောင့် ဆွမ်းခံ မဆင်းနိုင် တော့သည့်အခါ တကာ, တကာမ များက ဆွမ်းအုပ်ဖြင့် တောင်ပေါ်သို့ ပို့ပေးလေသည်။

တခါကလည်း ပဲခူးမြို့တရားပွဲသို့ ကြွရောက်လာရာ ရင်းနှီးသော တပည့်တကာ့တကာမများက ရင်းနှီးသော တပည့်ရင်းများ ဖြစ်သည့်အားလျော်စွာ ဆရာတော်ဘုရားကြီးနှင့် သင့်လျော်ရာ မျှားကိုသာ စီမံပြီး ဆွမ်းကပ်လိုသော စေတနာဖြင့် "အရှင်ဘုရား သင့်လျော်သည်များကို အမိန့်ရှိပါဘုရား" ဟု တပည့်ရင်း တကာရင်းဖြစ်သူများကလျှောက်ထားရာ "ဘုန်းကြီးပဲ အားလုံးနဲ့သင့်ပါတယ်" ဟု မိန့်ကြားခဲ့လေသည်။ အဓိပ္ပါယ်မှာ ဘုန်းကြီးဆိုတာဇီဇာကြောင်နေဘို့မလို၊ ရရာလှူဒါန်းရာနဲ့ပဲ ရောင့်ရဲကြရမည့်သူများ ဖြစ်သည်ဟု ဆိုလိုရင်းဖြစ်လေသည်။

သာသနာပြု ခရီးအချို့တွင် ဆွမ်းမစားခဲ့ရသည်များလည်း မကြာခဏ ကြုံတွေ့ရတတ်လေသည်။ တခါက ရွှေဘိုနယ်သို့ တရားပွဲအတွက် တပည့် တကာတဦးနှင့်အတူ ကြွရောက်ခဲ့လေသည်။ လမ်းပန်းအဆက်အသွယ် မကောင်းသည်နှင့် ခြေလျင်ခရီးဖြင့် ကြွသွားခဲ့လေသည်။

ယင်းသို့ကြွလာရာ ခရီးမှာအတန်ငယ်ဝေးကွာသဖြင့် ခန့်မှန်းသည့်အချိန်အတွင်း ရွာသို့ ဆွမ်းအချိန်မီ မရောက်နိုင်သည်ကို သိသော တကာက၊ အလွန်စိတ်မကောင်းလှသဖြင့် လျှောက်ထားသည်တွင် "သာသနာပြုတယ်ဆိုတာ ဒီလိုပဲပေါ့၊ ဖြစ်သလိုသွား၊ ရရာနဲ့ ရောင့်ရဲရတာပဲ၊မရှိတော့လဲ လုံးလုံးအငတ်ခံပေါ့" ဟု မိန့်ကြားပြီး တနေရာမှလှူဒါန်းလိုက်သောကောက်ညှင်းထုပ်များဖြင့်ပင် လမ်းခရီး၌ ဆွမ်းကိစ္စ ပြီးလိုက်လေတော့သည်။

ကိုယ်တွင်ဝတ်ရုံရသော သင်္ကန်းနှင့်ပတ်သက်၍ ဝိနည်းတော်နှင့်အညီသာ ဝတ်ရုံဆင်မြန်းခဲ့လေသည်။ မှက်,ကြင်,ယင်,သန်း အပူအအေးမှ ကာကွယ်ရုံမျှ ဗုဒ္ဓပညတ်ချက်အတိုင်း ပိတ်သင်္ကန်း (တရားနှင့်လျော်ညီသည့် သစ်ခေါက်ဆိုးအညိုရင့်ရောင်) မှလွဲ၍ အခြားပိုး, ဖဲ, ကတ္တီပါစသည့် သင်္ကန်းများကို ဝတ်ရုံသုံးဆောင်ခြင်းမရှိပေ။

တကာ-တကာမများပေးလှူ၍ ပိုလျှံလာသော သင်္ကန်းများကိုလည်း တပည့်ရဟန်းသံဃာများသို့ တဖန်ပြန်၍ ပေးလှူစွန့်ကြဲလေ့ရှိလေသည်။ ၎င်းသင်္ကန်းစသည့် လှူဖွယ်ဝတ္ထုတို့အပေါ်၌ သာယာတပ်မက်ခြင်း အလျှဉ်းမရှိခဲ့ပေ။

တရားဟောပြောရေး၊ သာသနာပြန့်ပွါးရေး အတွက် ခရီးလှည့်လည်ပြီး တရားနာယူသူတို့ တမဂ် တဖိုလ်ရရေး၊ ပကတိချုပ်သော ဝိမုတ္တိတရား မျက်မှောက်ပြုနိုင်ရေးကိုသာ အလေးပေး ဟောပြောဆုံးမလေ့ ရှိလေသည်။

**လောကီရေးမဖက်-လောကုတ္တရာသက်သက်။**

ကျောက်သဘော် ဆရာတော်ဘုရားကြီးဟု ထင်ရှားကျော်ကြားခြင်းမရှိသေးခင် ရွှေသာလျောင်း တောင်ခုလတ်ကျောက်ဂူအတွင်းတပါးထည်း မထင်မရှား ကေစာရီ ကျင့်သုံးဆောက်တည်နေစဉ်မှ ယနေ့မြန်မာပြည်တွင် နေလို့လလို ထွန်းလင်းတောက်ပခဲ့သည်အထိ နီးနီးကပ်ကပ် ကိုးကွယ်ဆည်းကပ်နေကြသော တပည့်, တကာ, တကာမများ၏။ ပြောပြချက်အရ

ဆရာတော်ဘုရားကြီးသည် အဆိုပါတပည့်များနှင့်တွေ့သည့်အခါ သွားရေး-သမီးရေး၊ နေရေး-ထိုင်ရေး၊ စားရေး-သောက်ရေး၊ အလ္လာပ-သလ္လာပ ပဋိသန္ထာရစကားများ ပြောကြားလေ့မရှိခဲ့ပဲ၊ တရားမြင်ရေး တရားနှင့်လျော်ညီစွာ ကျင့်သုံး နေထိုင်ရေးတို့ကိုသာ ပြောဆိုဆုံးမခဲ့ကြောင်းတို့ကို မှတ်သားခဲ့ရဘူးလေသည်။

ဆရာတော်ဘုရားကြီး၏ ခြေတော်ရင်းသို့ ရောက်ရှိလာကြပြီး ဆရာတော်ဘုရားကြီး၏ အန္တေဝါသိကတပည့်အဖြစ် နှစ်ပေါင်းများစွာ အနီးအဝေး နေထိုင်ခဲ့ကြသော တပည့်များကိုလည်း ၎င်းတို့ ကိုယ်ရေးကိုယ်တာကိစ္စများကို မေးမြန်းစောကြောခြင်း ပြုလေ့မရှိပဲ၊ (အယုတ်သဖြင့် မည်သည့်အလုပ်ကို လုပ်ကိုင်စားသောက်ကြောင်းပင် မမေးခဲ့) တရားမြင်ရေးကျင့်သုံးရေး၌ မည်သို့ရှိသည်ကိုသာ မေးမြန်းခြင်း၊ မရှင်းလင်းသည့် ဝိစိကိစ္ဆာများကိုသာ ရှင်းလင်းပြသ ဆိုဆုံးမလေ ရှိလေသည်။

အချို့သူတို့၏ အလုပ်အကိုင် စသည်ဘို့ကို သိရာတွင်သည်း ဂရုတစိုက် မေးမြန်းပြီး သိခြင်းမျိုးမဟုတ်ပဲ၊ တပည့်၊ တကာ၊ တကာမများ အချင်းချင်း ဆရာတော်ကြီး ရှေ့မှောက်တွင် မေးမြန်း ပြောဆို နေကြခြင်းကြောင့်၎င်း၊ တကာ၊ တကာမများက တမင်သိစေလိုသောကြောင့် လျှောက်ထားသော အခါများတွင်မှသာလျှင် သိရှိလေသည်။

အမြို့မြို့အနယ်နယ်သို့ ကြွရောက်ခဲ့သည်နှင့်အမျှ ရောက်ရှိရာနေရာတိုင်းတွင် ဆရာတော်ဘုရားကြီး၏ ထင်ရှားကျော်ကြားမှု ဂုဏ်သတင်းကြောင့်၎င်း၊ တရားတော်များကို နာကြား

မေးလျှောက်လိုသောကြောင့်ရှင်း၊ ဆရာတော်ဘုရားကြီး ခေတ္တ သီတင်းသုံးရာသို့ လာရောက်ဖူးမျှော်သူ များစွာရှိကြလေသည်။

လာရောက်သူတို့တွင် သာမန်ဆင်းရဲသား အလုပ်သမား၊ တောင်သူလယ်သမားများ ပါရှိသလို၊ ရာထူးဌာနန္တရရှိသူများ၊ ဂုဏ်ဒြပ် ရှိသူများ၊ လောကီစီးပွားဥစ္စာ ချမ်းသာကြွယ်ဝသူ များလည်း ပါရှိကြလေသည်။

ဆရာတော့် အပါးတွင်ရှိသော တကာ, တကာမ များက လာရောက်ဖူးမျှော်သူများ၏ ရာထူးဌာနန္တရ၊ ဂုဏ်ဒြပ်များကို ‘ဖေါ်ပြောပြီး လျှောက်ထားသော အခါများတွင် ဆရာတော် ဘုရားကြီး၏မျက်နှာတွင် မည်သို့မျှ ထူးခြားသော ပြောင်းလဲမှု မျိုးမှမဖြစ်ပဲ အေးဆေးတည်ငြိမ်စွာဖြင့်ပင် သာမန်လူတယောက် ကို ကြည့်သည့်အတိုင်း သာမန်မျှသာကြည့်ပြီး ဦးခေါင်းငြိမ့် တတ်လေသည်။

တရားနှင့်ပတ်သက်ပြီး လျှောက်ထား မေးမြန်းမှသာလျှင် ဆက်လက်ပြီး ဖြေကြားခြင်း၊ ဟောကြားခြင်းတို့ကိုပြုလေသည်။ သို့မဟုတ်ပါက မည်သို့မျှ အဆိုပါ ပုဂ္ဂိုလ်များအပေါ် စိတ်ဝင် စားခြင်းမရှိပဲ၊ ခပ်မဆိတ်နေလေ့ရှိလေသည်။

တခါတရံ ကြည်ညိုသူများက ပစ္စည်းလေးပါး ဒါယကာ, ဒါယိကာမ အဖြစ် မှတ်တော်မူပါ ဘုရားဟု လျှောက်ထား ကြသည့် အခါ၌လည်း ဤနည်းနှင်နှင်ပင် ခပ်မဆိတ်နေတော် မူတတ်သဖြင့် အချို့သူများက ဆရာတော်သည် လောကဝတ် မကြေ၊ လူမှုရေး နားမလည်ဟူ၍ပင် ထင်မှတ်ကြလေသည်။

တရားဟောပြောရာမှအပြန် တောင်ပေါ် ပြန်ရောက်လာသည့်အခါ ဟောပြောခဲ့ရသည့်တရားပွဲအခြေအနေ လှူပရိသတ်, ရဟန်းပရိသတ်တို့မည်မျှရှိသည်မှစ၍ ရင်းနှီးသောတပည့်များက အင်မတန်လျှောက်ထားမေးမြန်းနိုင်ပါမှ "အေး....များသားပဲ" ဟူ၍ ငုံးတိတိပင်ဖြေဆိုပြီး ဆက်လက်ပြီး မိန့်ကြားလေ့မရှိ။

ရင်းနှီးသောတပည့်များ၊ တကာ-တကာမများဟု ဆိုရာတွင်လည်း ဆရာတော်ကြီးဟောကြားဆုံးမသည့်အတိုင်း ကျင့်သုံးပြီး ဆရာတော်ဘုရားကြီး၏ သာသနာပြု လုပ်ငန်းတွင် ကူညီပြီး လုပ်ကိုင်ဆောင်ရွက်နေသော သူများကိုသာ ဆရာတော်ဘုရားသည် ရင်းရင်းနှီးနှီး ဆက်ဆံလေ့ရှိ၏။ သာသနာရေးအရ, တရားရေးအရသာလျှင် ရင်းနှီးကြလေသည်။

ကျေးဇူးရှင် ကျောက်သဘော် ဆရာတော် ဘုရားကြီးကား လောကီရေးမဖက် လောကုတ္တရာရေး သက်သက်ဖြင့် ၎င်းဟောကြားလေ့ရှိသည့် "စိတ်-စိတ်အတိုင်းတိုင်း" ဟူသော ဆောင်ပုဒ်နှင့်အညီ နေသလိုဟော၍ ဟောသလို နေသွားတတ်သော ဗုဒ္ဓ၏သားတော်စစ် ဖြစ်ကြီးဖြစ်တော်မူသော ပုဂ္ဂိုလ်ထူးပါပေတည်း။

## သည်းခံခြင်းနှင့် ရိုးသားခြင်း။

လောကတွင် လူတို့ ပြောဆိုသုံးစွဲနေသော ဆိုရိုးစကား (အရပ်သုံးစကား) တခုရှိ၏။ "အနာပေါ်ဒုတ်ကျ" "မှန်တာပြောတော့ မခံချင်ကြ" "မှန်တာပြောလို့ရွာပြင်ထွက်ခနေရ" ဆိုသော စကားရပ်များ ရှိကြလေသည်။

အမှန်တရားကို ရှာနေပါသည်၊ မှန်တဲ့စကားကိုပင် ကြိုက်ကြပါသည်ဟု ပြောပင် ပြောကြသော်လည်း တကယ်လက်တွေ့ကြုံရသောအခါတွင် နာကျည်းတတ်သော သဘောများလည်း ရှိကြလေသည်။

ဆရာတော် ဘုရားကြီးသည် ၎င်းသိမြင်ခဲ့သည့် တရားကို ဟောရာတွင်လည်း အတ္တကိစ္စ၊ သတ္တကိစ္စများမပါပဲ တရားကို တရားအတိုင်းတိုင်းသာလျှင် ဟောကြားလေ့ရှိ၏။ တန်ဆာဆင်ပြီး ဟောကြားလေ့လည်းမရှိ။ သာမန်လူများ နားမလည်နိုင်သော၊ နားလည်နိုင်စွမ်းမရှိသော ပါဠိတော်များ ( မာဂဓစကား)ဖြင့် မဟောပဲ၊ သိလွယ်မြင်လွယ်သော မြန်မာစကားပြေသက်သက်၊ တခါတရံ အရပ်စကားသက်သက်ဖြင့်သာ ဟောကြားတော်မူလေသည်။ သစ္စာတရားများ ဖြစ်သည့်အားလျော်စွာ သစ္စာအနေဖြင့်သာလျှင် ဟောကြား၏။ မေးမြန်းလျှောက်ထားကြသည် တို့ကိုလည်း သစ္စာနယ် အတွင်းမှ သစ္စာဉာဏ်အမြင်ဖြင့် သစ္စာအတွင်းသို့သာလျှင်သွင်းပြီး သစ္စာဖြင့် ကိုက်ပြလေ့ရှိ၏။

မည်သည့်တရားမှ မှားနေသည်မရှိ၊ လွဲနေသည်မရှိ၊ သစ္စာမှ မှားနေအောင်၊ လွဲနေအောင် နေ၍မဖြစ်၊ သစ္စာလေးပါးရှိသည်တွင် မည်သည့်သဘောတရားမှ သစ္စာနှင့်လွဲမနေပဲ တခုခုသော သစ္စာနှင့်တော့ အကျုံးဝင် နေရမည်ပင်။ မှန်နေရမည် ဖြစ်လေသည်။

သမုဒယသစ္စာ အနေဖြင့်သော်၎င်း၊ သို့တည်းမဟုတ် မဂ္ဂသစ္စာနှင့် နိရောဓသစ္စာအနေဖြင့်သော်၎င်း မှန်နေရပေမည်၊ ဤမှလွဲ၍ တခြားဖြစ်ရိုးမရှိ။

ဆရာတော်ဘုရားကြီးမှာ အမှန်တရားအတိုင်းတိုင်း ရိုးရိုးနှင့် ရှင်းရှင်းကြီး ဟောတတ်သည့်အတိုင်း ဟောကြားရာတွင် အချို့သော တရားသမားများ၊ တရားအားထုတ်နေသူများ၊ အဖွဲ့အစည်းများမှာ အနှောင့်ပေါ် ဒုက္ခကျ ဖြစ်လာပြီး မခံမရပ်နိုင်နှင့် ဆရာတော်ဘုရားကြီးအား စွပ်စွဲခြင်း၊ ပုတ်ခတ်ခြင်းများ ပြုခဲ့ကြလေသည်။ ဆရာတော်ဘုရားကြီးသည် ၎င်းတို့အား ပုတ်ခတ်လိုစိတ်၊ ဝန်တိုစိတ်များ မြူမျှမရှိခဲ့ပါပေ။ စိုးစဉ်းမျှမရှိခဲ့ပါ။

"သဗ္ဗေသင်္ခါရာဒုက္ခာ" ကို မြန်မာစကား သက်သက်ဖြင့် "လုပ်သမျှဒုက္ခ" ဟု ဟောကြားသောအခါ အရိုးကြေကြေ အရေစုတ်စုတ် လုပ်ရမည်ဟုထင်မြင်ပြီး လုပ်နေသူများက နာကြသည်၊ ပုတ်ခတ်ကြသည်၊ ဆရာတော်ဘုရားကြီး သည်လည်း တရားမသိခင်က အရိုးကြေကြေ အရေစုတ်စုတ် လုပ်မှရမည်ဟု ထင်၍ လုပ်ခဲ့သော ဆရာတော်တပါးဖြစ်ကြောင်း ၎င်းတို့ မသိကြ၊ ၎င်းလမ်းစဉ်ကြီးကို စွန့်လွှတ်ပြီးမှ တရားမြင်ခဲ့သည့် အားလျှော်စွာ နောင်သောအခါ ၎င်းကဲ့သို့ အထင်မှား အမြင်မှား အလုပ်မှားနေသူများအား သက်သာရာ ရကြပါစေ၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်များ ဖြစ်ကြပါစေဟူသော မေတ္တာကရုဏာနှင့် ဟောပြောခဲ့ခြင်း ဖြစ်လေသည်။ ပုတ်ခတ်လိုစိတ် ဖိနှိပ်လိုစိတ်များ လုံးဝမရှိခဲ့ပါပေ။

အယောနိသော မနသိကာရ နှလုံးသွင်းသူများက သတင်းစာ များမှရင်း၊ စာအုပ်စာတမ်းများမှရင်း၊ ဟောပြောပွဲများမှရင်း ဆရာတော်ဘုရားကြီးအား စွပ်စွဲခြင်း ပုတ်ခတ်ခြင်းများ ပြုကြလေ၏။ ဆရာတော်ဘုရားကြီးကား စိုးစဉ်းမျှတုန်လှုပ်ခြင်း မရှိ၊ စိတ်လည်း မပင်ပန်း၊ ပြန်လည်ဖြေရှင်းရန် အိုသည်မှာ ဝေလာဝေး၊ မခံချင်တက်သော ငယ်ရွယ်သူ တပည့်တကာ အချို့က ပြန်လည်ရှင်းလင်းရန် ကြံစည်ကြသည်ကိုပင် သည်းခံကြရန်နှင့် ၎င်းတို့၏ ပြောဆိုရေးသားမှုများကို မိမိတို့စိတ်တွင် လက်ခံသိမ်းပိုက်စွဲယူပြီး တေးတောမနေကြရန် ဆုံးမလေသည်။ "ကိလေသာဆိုတာ အလိုလိုဖြစ်ပြီးသားရှိနေတာမဟုတ်ဘူး၊ မိမိတို့က ဖေးမှုဖြစ်လာတာ၊ အယောနိသော မနသိကာရ နှလုံးသွင်းမှုဖြစ်လာတာ၊ မတွေးမိက ဒီအတိုင်းတိုင်းအေးနေပါတယ်၊ အဲဒီ အေးရာကိုမြင်ပြီး အေးသလို နေကြယင် အေးပါတယ်၊ မအေးတာတွေကို နှလုံးသွင်းပြီး မနေကြနဲ့၊ ဘုန်းကြီးတို့ ဟောတာဟာကို သဘောမပေါက်ကြသေးလို့ ဒီလိုပြောကြတာပါ" အစရှိသဖြင့် တရားဖြင့်သာ ဆုံးမလေ့ရှိလေသည်။ ကိုယ်တိုင်လည်း ထိုအတိုင်းပင် ကျင့်သုံးနေလေ့ရှိ၏။

ဆရာတော်ဘုရားကြီး မန္တလေးမြို့သို့ ခေတ္တကြွရောက်စဉ်က ဆူးခါးကျောင်းတိုက်တွင် ခေတ္တသီတင်းသုံး နေထိုင်စဉ်တွင် ပိဋကတ်အရာတွင် ကျွမ်းကျင် လိမ္မာသော ရဟန်းလူထွက် တကာကြီးတယောက် ရောက်ရှိလာပြီး ဆရာတော် ဘုရားကို ဝတ်ပင်မပြုပဲ ဆရာတော့်တရားများမှာ သက်သက် ဓမ္မန္တရာယ်

(ထိုစဉ်က ဗမ္မန္တရာယ်ခေတ်စားနေသောအချိန်) တရားများသာ ဖြစ်ကြောင်း၊ တပည့်တော်တို့ လက်မခံနိုင်ကြောင်း၊ ထိုသို့ မဟောကြားသင့်ကြောင်းများကို လျှောက်ထား နေသည်ကို တွေ့ကြုံခဲ့ရ၏။ ဆရာတော်အား အသာအကဲခတ် ကြည့်သော အခါ ဆရာတော်ဘုရားကြီးသည် မည်သို့မျှထူးခြားပြောင်းလဲမှု မရှိပဲ သာမန်အကြည့်မျိုးဖြင့် ထိုပုဂ္ဂိုလ်ကြီးအား ကြည့်ပြီး မကြေနပ်မှုများရှိက လျှောက်ထားရန်နှင့် မရှင်းလင်းသည်ကို အားမနာတမ်း မေးမြန်းရန် ခွင့်ပြုခဲ့လေသည်။

ထိုလူလည်း စာဖြင့်ရေးမှတ်လာသော မကြေနပ်ချက်များကို တချက်ခြင်း မေးမြန်းလျှောက်ထားသည်ကို အေးဆေးတည်ငြိမ်စွာ စိတ်ရှည်လက်ရှည် ရှင်းလင်းပေးရှာသည်။ ထိုပုဂ္ဂိုလ် အလို ရှိသော အကိုးအကား ပါဠိတော်တို့ကိုလည်း ထုတ်ဆောင် ပေး၏။ အဓိပ္ပါယ် အကောက်အယူလွဲနေသည်ကိုလည်း မေတ္တာ တရားဖြင့် ထောက်ပြပေး၏။

နောက်ဆုံး ထိုပုဂ္ဂိုလ်ကြီးသည် မိမိယခင်က မှားခဲ့ကြောင်း ဆရာတော်နှင့် ဆရာတော့်တရားတို့ကိုပါ အထင်မှားခဲ့မိသဖြင့် စွပ်စွဲ ပုတ်ခတ်ခြင်း ပြစ်မှားမိသည် တို့ကို ခွင့်လွှတ်ပါမည့် အကြောင်း လျှောက်ထား တောင်းပန်၍ ကန်တော့ခဲ့ရ လေသည်။

ဤမျှ သည်းခံခြင်းတရားနှင့် ပြည့်စုံပြီး စိတ်ရှည်သော ဆရာ တော်ကြီးဖြစ်၏။ အထက်ဖော်ပြပါအတွေ့အကြုံမျိုးကို မကြာ ခဏဆိုသလိုတွေ့ကြုံရသော်လည်း ရှည်အံ့စိုး၍မဖော်ပြတော့ပါ။

ဆရာတော်ဘုရားကြီးသည် အခါခပ်သိမ်း ဟောကြားသူ အနေဖြင့်သာ တွေ့ရမည်မဟုတ်၊ မည်သည့်ပုဂ္ဂိုလ်က ဟောသည် ဖြစ်စေ၊ စိတ်ဝင်စားစွာဖြင့် နာကြားလေ့လည်း ရှိပေသည်။ ၎င်း၏တပည့်သံဃာတော်များ ဟောကြားနေသော အခါတွင် ၎င်း၊ တကာ-တကာမများအား ရှင်းလင်းပြောပြနေသောအခါ တွင်၎င်း၊ သို့မဟုတ် တပါးသော အယူဝါဒကိုးကွယ်ဂဏက ပုဂ္ဂိုလ် တဦး တယောက်က ဟောသည်ဖြစ်စေ ဆရာတော်ကြီးသည် အစမှ အဆုံးထိ စူးစူးစိုက်စိုက် နာကြားလေ့ရှိတတ်ပေသည်။ တပည့် အချင်းချင်း တရားဆွေးနွေးသည်ကိုလည်း စိတ်ဝင် စားစွာ နားထောင်လေ့ရှိ၏။

တခါနိုက ကျောက်ဆည်မြို့တွင် နာမည်ကျော် လူခမ္မကထိက တဦး ဟောပြောနေသော တရားပွဲ၌ တရားနာ ပရိသတ်ထဲတွင် ကျောက်သဘော်ဘော ဆရာတော်ကြီးကိုလည်း တရားနာသူအဖြစ် တွေ့မြင်ရလေသည်။ ဓမ္မကထိကပုဂ္ဂိုလ်သည် ငါမှငါဆိုသော တရားလက်ကိုင်ထားသူပီပီ၊ သူ့ဝသီအတိုင်း ကျောက်သဘော်ဘော သော၊ ကြေးသဘော်ဘောသော၊ ဘာသော ညာသော စသည်ဖြင့် ပုဂ္ဂလမိဋ္ဌာန် ပုတ်ခတ်ခဲ့သည်ကို ဆရာတော်သည် ပြုံးပြီး နား တောင်ခဲ့လေသည်။ ပဲခူးမြို့သို့ ကြွရောက်စဉ်ကလည်း ပဲခူးခရိုင်မှ နာမည်ကျော် ဆရာတော်ကြီးတပါး၏ တရားကို နာကြား လိုသည်ဟု အမိန့်ရှိသဖြင့် ၎င်းဆရာတော်၏ တရား အသံသွင်း ကြိုးခွေများကို ငှါးရမ်းပြီး ဖွင့်ပြခဲ့ရဘူးလေသည်။

တရားသိလို၍ မရှင်းလင်း၍ မေးမြန်းသော အခါတွင်လည်း အလွန်မေးမြန်း၍ ကောင်းလေသည်။ စိတ်ရှည်ရှည် ထားပြီး ရှင်းလင်းဟောပြလေ့ရှိ၏။ တောင်ပေါ်ရှိ တပည့်ရဟန်းများက ညဘက်တွင် ဆရာတော်ကျိန်းစက်နေသည်ကိုပင် နှိုး၍ မေးခဲ့ဘူးရာ၊ ကျိန်းစက်ရာမှထပြီး စိတ်ရှည်လက်ရှည် ရှင်းလင်းပြသလေ့ ရှိပါသည်။

တခါကလည်း ဆရာတော်ဘုရားကြီး ခေတ္တ သီတင်းသုံးရာ အိမ်တအိမ်၌ ဆရာတော်ဘုရားကြီး၏ သတင်းကို တစွန်းတစ သိကြားဘူးသော တကာတယောက်သည် ဈာန်တရားနှင့် မဂ်တရား ဖိုလ်တရားအကြောင်းကို မေးမြန်း လျှောက်ထားရာမှ စကားစပ်မိပြီး ဆရာတော်ဘုရားကြီးကို ပဌမ စတင် ဖူးတွေ့၍ တရားကို စတင်နာကြားခဲ့ဘူးသော ပုဂ္ဂိုလ်ကြီး တယောက်က (ဦးဉာဏ်ကြီးကို ဆိုလိုသည်) သူဖူးတွေ့ခဲ့ရစဉ်က ဆရာတော် ဘုရားမှာ မြေမှ အထက်တတောင်ခန့်ကြွလျက် ဖူးတွေ့ခဲ့ရသည် ဆိုသည်မှာ မှန်ပါသလားဟု လျှောက်ထားရာ ဆရာတော်ဘုရား ကြီးသည် ရယ်မော၍ "သူကသာ ဈာန်ပျံတယ်လို့ ပြောတာ၊ ဘုန်းကြီးတို့ဖြင့် တောင်ပေါ်နဲ့တောင်အောက် ဆွမ်းခံကြွရ လွန်းလို့ ခြေထောက်ကို ဆပ်ခေါက်လိုက်နေပြီ" ဟု ရိုးသား ပွင့်လင်းစွာဖြင့် ပြန်လည်မိန့်ကြားခဲ့လေသည်။

## ပျံလွန်တော်မူခြင်း။

မြန်မာပြည်အရပ်ရပ် အမြို့မြို့ အနယ်နယ်၊ တောကျေး တောင် ကြားပါ မကျန် ဆင်းရဲသား အလုပ်သမား လယ်သမားမှအစ၊

ချမ်းသာကြွယ်ဝသူ၊ ရာထူးဌာနန္တရ ရှိသူများအထိ၊ တရားကို တရားအတိုင်းတိုင်းသိမြင်ပြီး (ဝါ) အေးရာကိုမြင်၍ အေးငြိမ်းသလို နေထိုင်ပွားများတတ်သည့် "ဒုက္ခနိရောဓဂါမိနီပဋိပဒါ" ဒုက္ခချုပ်ရာ ချုပ်ကြောင်း အကျင့်ကောင်းဖြစ်သော မဂ်ပေါက်ဖိုလ်ဝင် နိဗ္ဗာန်မြင် တရားတော်များကို ဆရာတော်ဘုရားကြီးသည် လှည့်လည်ပြီး ဆုံးမဟောကြားတော်မူခဲ့လေသည်။

တရားစတင်သည့်နေ့မှစ၍ ပျံလွန်တော်မူသည့် နောက်ဆုံးနေ့အထိ မရပ်မနား ဒလစပ်၊ တနေရာမှတနေရာ၊ တရွာမှတရွာ၊ တမြို့မှတမြို့ လှန်းထိုးဘီသကဲ့သို့ ဟောကြားခဲ့ပြီး နောက်ဆုံး ရန်ကုန်မြို့တွင် တရားဟောပြောယင်းပင် ပျံလွန်တော် မူရလေသည်။

ကျေးဇူးရှင် ကျောက်သဘော် ဆရာတော် ဘုရားကြီးသည် ၁၃၂၉-ခုနှစ်က ကဆုန်လွှန်း ၁-ရတ်နေ့တွင် ကျောက်ဆည်မြို့မှ တပည့် ရဟန်းတပါးနှင့်အတူ တောင်ငူမြို့သို့ ကြွရောက်ခဲ့လေသည်။ တောင်ငူမြို့တွင် ကဆုန်လဆန်း(၁)ရက်နေ့ (၂)ရက်နေ့ညများတွင် တရားများ ဟောကြားခဲ့ပြီး လဆန်း (၃)ရက်နေ့တွင် ရန်ကုန်ရိပ်သာခွဲသို့ ကြွရောက်ခဲ့လေသည်။

ရန်ကုန်မြို့မှ တပည့်တကာတဦးက ကဆုန်လဆန်း (၆)ရက်နေ့တွင် နေ့ဆွမ်းကပ်လိုပါကြောင်းနှင့် တရားဓမ္မများ ချီးမြှင့်ပါမည့်အကြောင်း လျှောက်ထားသည်ကို လက်ခံခဲ့၏။

ကဆုန်လတန်း (၆)ရက်နေ့သို့ ရောက်သောအခါ အထက်ပါ ပင့်လျှောက်ထားသော အိမ်တွင် နေ့ဆွမ်း ဘုဉ်းပေးပြီး၊ လူပရိသတ် (၄၀)ခန့်အား တရားဓမ္မများ ဟောပြော ပြသ ဆိုဆုံးမလျက်ရှိ၏။

တရားဟောနေစဉ် မိနစ် (၃၀)ခန့် ကြာသောအခါ ဆရာတော် ဘုရားကြီး၏ ဝမ်းဗိုက်မှ အောင့်ပြီးနာလာသဖြင့် တရားပွဲကို ခေတ္တရပ်နားထားပြီး ဆရာတော်ဘုရားကြီးအား ဝိုင်းဝန်းပြုစုကြလေသည်။ ဝေဒနာမှာသက်သာခွင့်မရရှိသဖြင့် ရန်ကုန်မြို့ ကျိုက္ကစံအနီး ကျောက်သင်္ဘောရိပ်သာခွဲသို့ ကားဖြင့်ပင့်ဆောင် လာကြလေသည်။

ရိပ်သာသို့ရောက်သောအခါ အနှိပ်သယ်များ၊ သမားတော်များကို ပင့်ခေါ်၍ ကုသပါသော်လည်း ခံစားနေရသည့် ဝေဒနာမှ အနည်းငယ်မျှ သက်သာခွင့် မရသည်နှင့် "ဆန်းလိုက် ဆေးတိုက်" သို့ တဖန် ပင့်ဆောင်သွားရပြန်ပါသည်။ ထိုတွင် ဆက်ယက်ကုသရာ ရောဂါမှာ တိုးသည်ထက် တိုး၍သာ လာတော့သည်။

ဆေးတိုက်မှ ဆရာဝန်၏ညွှန်ကြားချက်အရ၊ ရန်ကုန် ပြည်သူ့ ဆေးရုံကြီးသို့ ပင့်ဆောင်သွားကြရပြန်သည်။ ဆေးရုံကြီး ရောက်သောအခါ ဆေးရုံကြီးမှ ဆရာဝန်ကြီးများ၊ ဆရာမကြီးများက အထူးကြိုးစားကြပ်မတ်၍ကုသပါသော်လည်းရောဂါဝေဒနာမှာ သက်သာခွင့်မရရှိပဲ တိုးသည်ထက် တိုး၍သာ ဆိုးလာတော့၏။ ဆရာဝန်ကြီးများ၏ စမ်းသပ်ချက်အရ၊ ကျေးဇူးရှင် ဆရာတော်

ဘုရားကြီး၏ ရောဂါများမှာ စုံလွန်းလှချေ၏။ လေရောဂါ၊ သွေးတိုးရောဂါ၊နှလုံးရောဂါများဖြစ်ကြ၏။ရက်ပေါင်းများစွာ ကပင် စတင်စွဲကပ်ခဲ့ကြောင်း ဆိုးဖြတ်ကြလေသည်။

ဆရာတော်ဘုရားကြီးသည် ဝေနေယျတို့အား တရားသိမြင်ရေး, မဂ်ဉာဏ်-ဖိုလ်ဉာဏ်ဖြစ်ရေးနှင့် သာသနာရေး ကိစ္စများမှ တပါး မည်သည့်ကိစ္စကိုမှ ဂရုမစိုက်ခဲ့၊ မိမိ၏ ကျန်းမာရေးကို သော်မှ ဂရုမစိုက်နိုင်ပဲ၊ တရားကိုသာလျှင် တပွဲပြီးတပွဲ ပွဲဆက် ပေါင်းများစွာ ဟောကြားခဲ့လေသည်။ ယခု သော်ကား၊ ရောဂါမှာ စုံရှုံမျှမက လွန်လျက်ရှိချေပြီတကား။ နောက်ဆုံး ခန္ဓာဝန်ကို ချရမည့်နေ့တွင်ပင်လျှင် ဟောကြား လျက်ပင် ရှိသေး၏။ ဤမျှ ဝေနေယျတို့ အပေါ်တွင် ကရုဏာတော် ထားခဲ့သော ဆရာတော်ကြီးပါပေတည်း။

ဆရာဝန်ကြီးများက တညလုံး အစွမ်းကုန် ကုသပါသော် လည်း သက်သာသည်မရှိပဲ ကဆုန်လဆန်း ၇-ရက်(၁၅-၅-၆၇) နေ့သို့ ကူးခဲ့လေပြီ။ ဤနေ့သည်ကား တနင်းလာနေ့ ဖြစ်၏။ ဆရာတော်ဘုရားကြီး၏ မွေးနေ့ပင်ဖြစ်လေသည်။ ၎င်းနေ့ နံနက် (၇) နာရီ (၃၅)မိနစ် အချိန်တွင် ( ငြိမ်းရာကို မျက်မှောက်ပြု လျက် ) ပျံလွန်တော် မူခဲ့လေသည်။ မြန်မာပြည်သူ ပြည်သား များအတွက် သာသနာ့အာဇာနည် ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်ကြီး တပါး ဆုံးရှုံးခဲ့ရလေပြီတကား။

ကျေးဇူးရှင် ကျောက်သဘော် ဆရာတော် ဘုရားကြီးအား ၁၂၆၄-ခုနှစ် ပြာသိုလပြည့်နေ့ ည (၁၂)နာရီ အချိန် မီးရှူး

သန့်စင်ဖွားမြင်ပြီး၊ သက်တော် (၆၅)နှစ်၊ ဝါတော် (၄၅) လွန်မြောက် (၄၆)အရောက် ၁၃၂၉-ခုနှစ် ကဆုန်လဆန်း (၇)ရက်၊ ၁၉၆၇-ခုနှစ် မေလ(၁၅)ရက် တနင်းလာနေ့ နံနက် (၃)နာရီ (၃၅)မိနစ်အချိန်တွင် ပျံလွန်တော်မူခဲ့လေသည်။

အောက်မြန်မာပြည်မှ တပည့်တပန်းများ၊ တကာ-တကာမများ ဖူးမျှော်နိုင်ရန်အတွက် ကျိုက္ကစံရိပ်သာတွင် ၁၃၂၉ ခုနှစ် ကဆုန်လဆန်း (၁၃)ရက်နေ့အထိ အဖူးအမျှော်ခံ ထားရှိပြီး၊ ၎င်းနေ့ည ( ၉ ) နာရီခွဲ အချိန် ထွက်သောရထားဖြင့် ရန်ကုန်ဘူတာကြီးမှ ကျောက်ဆည်မြို့ ၎င်း၏ ကျောက်သဘော်ာရိပ်သာသို့ ဆရာတော်ဘုရားကြီး၏ အန္တေဝါသိက တပည့်ကြီးများ ဖြစ်ကြသော ဓမ္မကထိကအကျော်သံဃာထော်မြတ်များနှင့် အထက်မြန်မာနိုင်ငံမှ ဝိမုတ္တိဥာဏဒဿန အဖွဲ့ဝင်လူကြီးများ၊ အောက်မြန်မာပြည်မှ ဝိမုတ္တိဥာဏဒဿနအဖွဲ့ဝင်လူကြီးများက ဦးဆောင်ပြီး ဥတုဇရုပ်ကလာပ်ကို သင့်တင့်လျှောက်ပတ်စွာ ပင့်ဆောင်သွားကြလေသည်။ ကျောက်ဆည်သို့ ကဆုန်လဆန်း(၁၄)ရက်နေ့ ညနေ (၅)နာရီအချိန်တွင် ရောက်ရှိပေသည်။

ကျိုက္ကစံ ကျောက်သဘော်ာရိပ်သာမှ ရန်ကုန်ဘူတာကြီးသို့ ပို့ဆောင်ရာတွင်၎င်း၊ ကျောက်ဆည်ဘူတာမှ ဆရာတော်ဘုရားကြီး၏ ရွှေသာလျောင်းတောင် · တောင်ခုလတ်ရှိ ကျောက်သဘော်ာရိပ်သာသို့ ကြိုဆိုကြရာတွင်၎င်း၊ မြန်မာပြည်အရပ်ရပ်မှ

တပည့်တပန်းများ၊ တကာ-တကာမများဖြင့် အလွန်ပင်စည်ကား သိုက်မြိုက်လှပေသည်။

ဆရာတော်ဘုရားကြီး၏ ရုပ်ကလာပ်ကို ကျောက်သဘော်ာ ဓမ္မာရုံစံကျောင်းတွင် သိတင်းကျွတ်လပြည့်ကျော် (၁၀)ရက်နေ့ ထိ၊ အပူဇော်ခံ ထားရှိပြီး (၁၁)ရက်နေ့တွင် အန္တိမ အဂ္ဂိဈာပန အဖြစ် သင်္ဂြိုဟ်ကြရန် ၁၃၂၉-ခုနှစ် ကဆုန်လပြည့် နေ့တွင် ကျေးဇူးရှင် ဆရာတော်ဘုရားကြီး၏ ရဟန်းတပည့်၊ လူဒါယကာ နှစ်ရပ်ပေါင်း အစည်းအဝေးကြီးမှ ဆုံးဖြတ်အဘည်ပြုလိုက်ကြ ပါသည်။

ဗုဒ္ဓ၏ သားတော်စစ် ဖြစ်ကြီးဖြစ်တော်မူသော ကျေးဇူးရှင် ကျောက်သဘော်ာဆရာတော်ဘုရားကား ပျံလွန်တော်မူခဲ့လေပြီ။

ဗုဒ္ဓက ဥပါဒါနက္ခန္ဓာဟူသော ခန္ဓာဝန်ကြီးသည် နှစ်သိန်း လေးသောင်း အထုရှိသော မြေထုကြီးထက်မက ကြီးကျယ်လှ သော အလေးဆုံးသော ဝန်ထုပ်ဝန်ပိုးကြီး ဖြစ်ကြောင်းကို ခန္ဓာဝဂ်သံယုတ်ပါဠိတော်၌ ဟောတော်မူခဲ့လေသည်။

ဥပါဒါနက္ခန္ဓာတို့၏ ကင်းရာ ချုပ်ရာ ငြိမ်းရာကို ပြသတော် မူခဲ့ပြီး ငြိမ်းသလို နေထိုင်ကျင့်သုံးသွားကြရန် ညွှန်ကြားပြသ ဆိုဆုံးမတော်မူခဲ့သော ကျေးဇူးရှင်ကျောက်သဘော်ာဆရာတော် ဘုရားကြီး၏ ကျေးဇူးတော်နှင့် ဂုဏ်တော်သည်ကား နှစ်သိန်း လေးသောင်း အထုရှိသော မြေထုထက် ကြီးမားလှပါပေ၏။ စင်စစ် အနန္တဂုဏ်နှင့် ထိုက်ပါပေ၏။

ဗုဒ္ဓသည် ပရိနိဗ္ဗာန်စံအံ့ဆဲဆဲမှာပင် သုဘဒ် ရဟန်းကြီးအား တရားဓမ္မများ ရှင်းလင်းပြသ ဟောကြားတော် မူခဲ့သေး၏။ သတ္တဝါ ဝေနေယျတို့အပေါ် ဤမျှ မေတ္တာ ကရုဏာတရား ကြီးမားပါပေ၏။

အလားတူစွာပင် ဗုဒ္ဓ၏သားတော်ပီသလှသော ကျေးဇူးရှင် ကျောက်သဘော် ဆရာတော်ဘုရားကြီးသည်လည်း နောက်ဆုံး ပျံလွန်တော်မူခါနီး နာရီပိုင်းအထိ ချုပ်ရာ၊ ငြိမ်းရာ၊ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ရေးအတွက်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် ဖြစ်ရေး အတွက် ဟောပြောပြသ ဆိုဆုံးမတော် မူခဲ့လေသည်။

ဆရာတော်ဘုရားကြီး၏မေတ္တာကရုဏာတရားကား ကြီးမား လှပေ၏။

ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ
ဝယဓမ္မာ သင်္ခါရာ၊ အပ္ပမာဒေန သမ္ပါဒေထ။

(မဟာပရိနိဗ္ဗာနသုတ်)

ဘိက္ခဝေ၊ ချစ်သားတို့။ ဟန္ဒဒါနိ၊ ယခု ငါဘုရားပရိနိဗ္ဗာန် စံခါနီးအချိန်။ ဝေါ၊ ချစ်သားတို့အား။ အာမန္တယာမိ၊ နောက် ဆုံး အရေးကြီးသည့်စကား ပြောကြားခဲ့ပေအံ့။ ဘိက္ခဝေ၊ ချစ် သားတို့။ သင်္ခါရာ၊ ကောင်းကောင်း ဆိုးဆိုး အမျိုးမျိုးသော ဥပါဒါနက္ခန္ဓာ ကိလေသာစိတ်မျိုးတို့သည်။ ဝယဓမ္မာ၊ နဂိုမူလ သဘာဝအားဖြင့်ကား ဖြစ်သဘောသို့ မရောက်ပဲ ပျောက်ပျက် ကုန်ဆုံး၍ နေကြကုန်၏။ (ဝါ) သူ့အလိုလို နဂိုမူလက ဖြစ်

သဘောတို့မှ အေးငြိမ်းလျက် ရှိကြကုန်၏။ တေသံသခါရနှ်၊ ထိုသင်္ခါရတရားတို့၏။ ဝယမွော၊ သဘောဖြစ်သည့် သင်္ခါရတို့၏ ကုန်ရာ, ခန်းရာ, ချုပ်ရာ, ငြိမ်းရာ နိဗ္ဗာန်ကို။ အပ္ပမာဒေန၊ မမေ့မလျော့သော သတိတရားနှင့်။ သမ္ပာဒေထ၊ ပြည့်စုံကြလေ (ဝါ) မျက်မှောက်ပြုရစ်ကြလေ။

ဗုဒ္ဓသည် နောက်ဆုံး ပရိနိဗ္ဗာန်စံခါနီး ဆဲဆဲမှာပင် ၎င်း၏ တပည့်သား သာဝကတို့အား အထက်ပါအတိုင်း ထပ်ခါထပ်ခါ မှာကြားခဲ့လေသည်။

အလားတူစွာပင် ဗုဒ္ဓ၏ သားတော်စစ် ဖြစ်တော်မူသော ကျေးဇူးရှင် ကျောက်သဘော်ာ ဆရာတော်ဘုရားကြီးသည်လည်း ၎င်း၏တပည့်သား သာဝကများ၊တကာ,တကာမများ၊တရားနာ ဝေနေယျများအား ငြိမ်းရာကို မြင်ပြီး၊ ငြိမ်းသလို နေထိုင် ကျင့်သုံးသွားကြရန် အထပ်ထပ် အခါခါ မှာကြားတော်မူခဲ့ လေသည်။ ဝေနေယျတို့အပေါ် မေတ္တာကရုဏာ ကြီးမားလှပါ ပေ၏။ ဗုဒ္ဓ၏ သားတော် ပီသပါပေ၏။

ဤမျှ မေတ္တာတရား၊ ကရုဏာတရား ကြီးမားတော်မူပြီး တပည့်သား သာဝကများနှင့် ဝေနေယျများအား ကိလေသာ တို့၏ ချုပ်ရာ, ငြိမ်းရာ ဖြစ်သော အသင်္ခတဓာတ် မြတ်သော နိဗ္ဗာန်ကို ညွှန်ကြားပြသဖြင့် သက်သာရာ, ချမ်းသာရာ,ထောက် တည်ရာ ရကြကုန်သော တပည့်, တကာ, တကာမ အပေါင်းတို့ ကလည်း ဆရာတော်ဘုရားကြီး၏ ကျေးဇူး ဂုဏ်တော် တို့ကို သတိရပြီး ဆရာတော်ဘုရားကြီး ဆုံးမခဲ့သည့်အတိုင်း ကျင့်သုံး

နေထိုင်သွားကြ၍ သာသနာ့တာဝန်ကို ဆက်လက် သည်ပိုး ကြရန်ပင် ဖြစ်လေသည်။

ယောခေါ အနန္ဒ ဘိက္ခုဝါ ဘိက္ခုနိဝါ
ဥပါသကောဝါ ဥပါသိကာဝါ၊ ဓမ္မာနုဓမ္မပဋိပန္နော
ဟောတိ၊ သော တထာဂတံ သက္ကရောတိ ဂရုကရောတိ
မာနေတိ ပူဇေတိ ပရမာယ ပူဇာယ။

အာနန္ဒ၊ အာနန္ဒာ။ ယောဘိက္ခုဝါ၊အကြင်ရဟန်းသည်၎င်း၊ ယာ ဘိက္ခုနိဝါ၊ အကြင် ရဟန်းမိန်းမသည်၎င်း။ ယော ဥပါ သကောဝါ၊ အကြင်ဥပါသကာသည်၎င်း။ ယာ ဥပါသိကာဝါ၊ အကြင် ဥပါသိကာသည်၎င်း။ ဓမ္မာနုဓမ္မပဋိပန္နော၊ လောကီမှ လွန်မြောက်သော အကြင်လောကုတ္တရာတည်းဟူသော နိဗ္ဗာန်ကို မဂ်ဉာဏ်ဖြင့် မျက်မှောက် ပြုနေခြင်းသည်။ ဟောတိ၊ ဖြစ်၏။ သော၊ ထိုသို့ ကိလေသာတို့၏ ချုပ်ရာ ငြိမ်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုတတ်သော မဂ်ပညာ, ဖိုလ်ပညာဖြင့် ပြည့်စုံပြီး ငြိမ်း ရာကိုမြင်ပြီး ငြိမ်းသလိုကျင့်သုံးနေထိုင်လေ့ရှိသောပုဂ္ဂိုလ်သည်။ တထာဂတံ၊ ငါဘုရားကို။ သက္ကရောတိ၊ ပူဇော်သက္ကာရ ပြုသည် မည်၏, ကောင်းစွာ အရိုအသေပြုသည်မည်၏။ ဂရုကရောတိ၊ အလေးအမြတ်ပြုသည်မည်၏။ မာနေတိ၊ မြတ်နိုးသည် မည်၏။ ပရမာယ၊ အလွန်မြတ်လှစွာသော။ပူဇာယ၊ ဤကဲ့သို့ ရှိခိုးပူဇော် ခြင်းဖြင့်သာ။ တထာဂတဿ၊ ငါဘုရားအား။ ပူဇေတိနာမ၊ ရှိခိုးပူဇော် ဖူးမျှော်ကန်တော့ခြင်း ပြုရာ၏။

ထေရုပ္ပတ္တိ

ဤကဲ့သို့ ငြိမ်းရာမြင်ပြီး ငြိမ်းသည့်အတိုင်းတိုင်း ကျင့်သုံးနေထိုင်သွားခြင်းဖြင့် သာသနာ့ ဗုဒ္ဓအားရင်း ဗုဒ္ဓ၏သားကော်စစ်ဖြစ်သော ကျေးဇူးရှင် ကျောက်သဘော်ဆရာတော်ဘုရားကြီး အားရင်း ရှိခိုးပူဇော်ကြရာ၏။

ဤတွင် ကျေးဇူးရှင် ကျောက်သဘော်ဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိနိဂုံးကမ္ပတ် အဆုံးသတ်၏။

ကျေးဇူးရှင်

ကျောက်သဘော်ဆရာတော်ဘုရားကြီး၏

ထေရုပ္ပတ္တိပြုစုရေးအဖွဲ့ဝင်။

နေ့စွဲ ၁၉၆၇-ခု၊ ဇူလိုင်လ ၇-ရက်။

၁၃၂၁-ခုနှစ်၊ တပို့တွဲလဆန်း
(၆)ရက်နေ့ညတွင် ပဲခူးမြို့ မြို့တော်
ခမ်းမကြီး၌ ကျေးဇူးရှင် ကျောက်
သင်္ဘောဆရာတော်ဘုရားကြီး
ဟောကြားတော်မူသော
( မဂ်ပေါက် ဖိုလ်ဝင် နိဗ္ဗာန်ပြင် )
တရားတော်မြတ်ဒေသနာ။

''မဂ်ပေါက်ဖိုလ်ဝင် နိဗ္ဗာန်မြင်''

တရားတော်မြတ်ဒေသနာ။

မြတ်စွာဘုရား ရှေးဦးစွာမြင်တော်မူတယ်၊ ဥဒါန်းဂါထာလို့ ဘုရားက ဟောတော်မူခဲ့တယ်၊ ပဋ္ဌမဗုဒ္ဓဝစနပေါ့၊ အနေကဇာတ တင်လေ့ရှိကြတယ်။

''အနေကဇာတိ သံသာရံ သန္ဓာဝိဿံ အနိဗ္ဗိသံ'' အစရှိသည်ဖြင့် ဥဒါန်းဂါထာလို့ ခေါ်တယ်၊ ရှေးဦးစွာ မြင်တော်မူတတ်၏။

အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ၊ သင်္ခါရ ပစ္စယာ ဝိညာဏံ၊
ဝိညာဏ ပစ္စယာ နာမရူပံ။

အဲဒါ ဖြစ်တရားတွေ ဖြစ်တဲ့လိုင်းပေါ့၊ ဖြစ်လိုင်းလို့ ခေါ်တယ်။

အဝိဇ္ဇာယတွေဝ အသေသ ဝိရာဂနိရောဓါ
သင်္ခါရနိရောဓော။

အဲဒါက ချုပ်လိုင်းပေါ့၊ ပဋိစ္စသမုပ္ပါဒ် ပဋိလောမ ခေါ်တယ်။ လွယ်ကူအောင်ပြောတော့ ချုပ်လိုင်းပေါ့၊ တရားဆိုတာ ဖြစ်တဲ့လိုင်းက တလိုင်း၊ ချုပ်တဲ့လိုင်းကတလိုင်း၊ လိုင်းနှစ်လိုင်း ရှိတယ်။

မြတ်စွာဘုရားဟာဖြစ်လိုင်း ကိုလဲမြင်တော်မူကာပါ၊ ချုပ်လိုင်း ကိုလဲ မြင်တော်မူတယ်၊ လိုင်းနှစ်လိုင်း ရှိသော်လဲ ဖြစ်လိုင်းကို လိုက်ကြရမှာမဟုတ်ဘူး၊ ကျင့်ကြရမှာမဟုတ်ဘူး၊ ချုပ်လိုင်းကို သာ လိုက်ကြရလိမ့်မယ်၊ ချုပ်ကြောင်းအကျင့်ကိုသာ ကျင့်ကြ ရမယ်။

ချုပ်ရာ ချုပ်ကြောင်း အကျင့်ဆိုတာ မဂ္ဂင် အကျင့်ပေါ့၊ ဒုက္ခနိရောဓဂါမိနီပဋိပဒါ အကျင့်ခေါ်တယ်။ အဲဒီတရား သိဘို့ ကျင့်ဘို့အရေးကြီးတယ်။ မသိမှုအဝိဇ္ဇာကြောင့် ကောင်းကောင်း ဆိုးဆိုး အမျိုးမျိုးဆိုတဲ့ (၃၁)ဘုံ ဖြစ်လိုင်းကြီးကလဲ တလိုင်း၊ (၃၁)ဘုံ အဖြစ်တို့မှ လွတ်ကင်းနေတဲ့ မဖြစ်လိုင်းကြီး (ဝါ) ချုပ်လိုင်းကြီးကလဲတလိုင်း၊ အဲဒီလို သိတော်မူ မြင်တော်မူပြီး ဝေနေယျတွေလဲ ဟောကြားတော်မူတယ်။

မဖြစ်ချင်တဲ့ သူတွေက မဖြစ်လိုင်း လိုက်ကြရမယ်၊ မဖြစ် ကြောင်း အကျင့်ပေါ့၊ (တနည်း) ချုပ်ရာချုပ်ကြောင်း အကျင့် ကျင့်ကြရမယ်၊ အဲဒီတော့မှ ခန္ဓာတွေမဖြစ်မှာ။

ခန္ဓာအိမ်တွေ အသစ်အသစ်ဖြစ်ဖြစ်လာတာဒုက္ခတဲ့၊ အနေက ဇာတိ သံသာရံ အစရှိသည်ဖြင့် ဒုက္ခာ ဇာတိ ပုနပ္ပုနံ အစ

ရှိသည်ဖြင့် ဟောတယ်။ ခန္ဓာအိမ်တွေ အသစ်အသစ် ဖြစ်တာ ဒုက္ခတဲ့၊ အဲဒီခန္ဓာအိမ်တွေ မဆောက်ကြနဲ့၊ မပြုကြနဲ့။

အဲဒီခန္ဓာအိမ်ဆိုတာက ဘယ်ခန္ဓာအိမ်လဲ၊ သိကြရ မြင်ကြရမှာက လိုရင်းပဓါနကျတဲ့ မနေ့ာမှာဖြစ်တဲ့ ခန္ဓာအိမ်ကို သိကြရမယ်။ အဲဒီမနေ့ာမှာဖြစ်တဲ့ခန္ဓာအိမ်တွေကို အသစ်သစ် မဆောက်လုပ်ကြနဲ့။ အဲဒီခန္ဓာအိမ်တွေကို ဆောက်လုပ်တယ် ဆိုရာမှာလဲ စင်စစ်ကတော့ လူက ဆောက်လုပ်တာမဟုတ်ဘူး၊ သတ္တဝါတွေက ဆောက်လုပ်တာမဟုတ်ဘူး။

ခန္ဓာအိမ် ဆောက်လုပ်တဲ့တရားတွေက ဆောက်လုပ်ကြတာ၊ အဲဒီတရားက တဏှာ လောဘ သမုဒယ သစ္စာတဲ့။ ဘာပြုလို့ ဒီခန္ဓာအိမ်ကို ဆောက်လုပ်တဲ့ တဏှာလောဘ သမုဒယသစ္စာက ဖြစ်ဖြစ်နေသလဲ၊ ခန္ဓာအိမ်ဆောက်လုပ်တဲ့တရားကိုက ချုပ်လိုင်းကိုမမြင်လို့၊ ချုပ်လိုင်းကို မသိလို့၊ ချုပ်ရာကို မသိလို့ သူ့အလိုအလျောက် ချုပ်ပြီးသား ရှိရှိနေတာကို မသိလို့၊ သိတဲ့ဉာဏ်မဖြစ်လို့ လိုချင်တဲ့သမုဒယက ဖြစ်ရှလာတယ်။

ဖြစ်ပြီးသားတွေကတော့ ဘာမှမရှိဘူး၊ သဘာဝပေါ့၊မှန်တာကို သိရင်လဲ သိလိုက်ပေါ့။ ငြိမ်းရော အမှန်ကို သိလိုက်တော့ မဂ်ဖြစ်သွားမယ်။ မှန်တာကို မသိဘူးဆိုလို့ရှိယင် သမုဒယက ဖြစ်မှာ မဖြစ်ဘဲကိုမနေဘူး၊ တခုခုတော့ဖြစ်မှာ၊ မဂ်ဖြစ်ယင်ဖြစ် မဖြစ်ယင်တော့ သမုဒယဖြစ်မယ်၊ အဲဒီလိုကိုး၊ မဂ်က, မဂ္ဂသစ္စာ၊ လောဘက, သမုဒယသစ္စာပေါ့၊ အကြောင်းသစ္စာနှစ်ပါးပဲ၊ ဒီအကြောင်းနှစ်မျိုးထဲက တခုခုကတော့ဖြစ်ရမယ်၊ ဒီအကြောင်း

နှစ်မျိုးမှ လွတ်အောင်နေလို့မရဘူး၊ အဲဒါကြောင့် မဂ်ဖြစ်ရင်ဖြစ်၊ မဖြစ်ရင်တော့ သမုဒယက ဖြစ်ရမှာပဲ။

မဂ်ဖြစ်တယ်ဆိုတာ ဘယ်လိုဖြစ်တာလဲ၊ ကိလေသာခန္ဓာတို့ရဲ့ ကင်းရာ, ကုန်ရာ, ချုပ်ရာ, ငြိမ်းရာကို သိမြင်တဲ့ဉာဏ် ဖြစ်၍လာတာ၊ ကိလေသာနှင့်တကွ ဖြစ်တဲ့ ခန္ဓာတို့ရဲ့ ချုပ်ရာ ငြိမ်းရာကို သိတဲ့ အသိဉာဏ် မဖြစ်ယင်တော့ သမုဒယဆိုတဲ့ တဏှာလောဘ ဖြစ်နေကြတယ်။ အဲဒီ သမုဒယသစ္စာဖြစ်တဲ့ တဏှာလောဘက ခန္ဓာအိမ်ကို ဆောက်ဆောက်နေတယ်။

ခန္ဓာအိမ် ဆောက်တယ်ဆိုတာ ဘယ်လိုခန္ဓာအိမ်လဲ၊ ယခု ဝိပဿနာဉာဏ်ဖြင့်သိဘို့က မနောကဖြစ်တဲ့ ခန္ဓာငါးပါး၊ မနောက ဖြစ်တဲ့ ခန္ဓာငါးပါးဆိုတာ စိတ်ကတွေးပေးလို့ ဖြစ်လာတာ၊ ပူစရာတွေတွေးလို့ ပူစိတ်တွေ ဖြစ်လာတာ၊ လိုချင်စရာတွေ တွေးလို့ လိုချင်စရာတွေဖြစ်လာတာ၊ မခံချင်စရာတွေတွေးလို့ မခံချင်စိတ်တွေ ဖြစ်လာတာ၊ အဲဒါကို ခန္ဓာအိမ်တွေ ဆောက်လုပ် နေကြတယ်လို့ခေါ်တယ်။

လွယ်လွယ်သိသာကြဘို့က စိတ်ကိစ္စ စိတ်အကြံ စိတ်အတွေး စိတ်အမူတွေ စိတ်ပြုပြင်ပေးမှုတွေ စိတ်အလုပ်ပေးမှုတွေ၊ အဲဒါတွေဟာ ခန္ဓာအိမ်ဆောက်လုပ်တာပဲ၊ အဲဒီမနောကဖြစ်တဲ့ ခန္ဓာငါးပါး၊ (တနည်း) ကိလေသာနှင့်တကွဖြစ်တဲ့ ဥပါဒါနက္ခန္ဓာငါးပါး၊ အဲဒီခန္ဓာအိမ်တွေကိုမဆောက်လုပ်ကြနဲ့၊အဲဒီခန္ဓာအိမ်တွေ ဖြစ်ပေါ်၍ ဖြစ်ပေါ်၍ လာတာ ဒုက္ခတဲ့။

ဥပမာအားဖြင့် အိမ်တွေဆောက်လုပ်ကြသလိုပေါ့၊ မိမိတို့နေထိုင်ကြရန် အိမ်တွေအိမ်တွေ အသစ်အသစ်ဆောက်လုပ်ကြသလို၊ မြို့ရွာတွေ အသစ်အသစ် တည်ကြသလို၊ မိမိတို့အိမ်တွေ အသစ်အသစ် ဆောက်တော့ နေစရာတွေ အိမ်တွေ အသစ်အသစ် ဖြစ်လာတာပဲ အသစ်အသစ်ဖြစ်လာယင် ဒီအိမ်ဟာမမြဲဘူး တနေ့ပျက်ရမယ်၊ ဆွေးမြေ့ရမယ်၊ ပျောက်ပျက်ရမယ်၊ မမြဲပါဘူး၊ အကြိမ်ကြိမ်ဆောက်တော့ အကြိမ်ကြိမ်ဖြစ်ပြီး၊ အကြိမ်ကြိမ်ပျက်ကြရမယ်။

အဲဒီဥပမာလိုပဲ မိမိတို့မနောမှာ ခန္ဓာအိမ်တွေ အကြိမ်ကြိမ်ဆောက်လုပ်လို့ အကြိမ်ကြိမ် ဖြစ်နေကြတာပဲ၊ အကြိမ်ကြိမ်ဖြစ်ပြီး အကြိမ်ကြိမ်ပျက်ကြရတယ်။ အဲဒီလို အကြိမ်ကြိမ်ဖြစ်ပြီး အကြိမ်ကြိမ်ပျက်တာကိုပဲ " ဒုက္ခ ဇာတိ ပုနပ္ပုနံ " လို့ ဆိုတာ။ ဝိပဿနာဉာဏ်ဖြစ်ရေးမှာတော့ ဒီလိုမြင်ရမယ်။ လူ့ဘဝ တခါဖြစ်တာမျိုး ဘဝအကြိမ်ကြိမ်ဖြစ်တာမျိုးကို မြင်ရမှာမဟုတ်ဘူး၊ လူဖြစ်လိုက် နတ်ဖြစ်လိုက် လူ့ဘဝ တခါဖြစ်လိုက်၊ နတ်ဘဝတကြိမ်ဖြစ်လိုက်၊ အဲဒီလို တဘဝပြီး တဘဝဖြစ်တာကို ဝိပဿနာဉာဏ်က မြင်ရမှာမဟုတ်ဘူး။

ဝိပဿနာဉာဏ်ဆိုတာ မိမိမနောကဖြစ်တဲ့ ခန္ဓာငါးပါးတွေ၊ ယခုတွေးလို့ ယခုဖြစ်တာ၊ ယခုအောက်မေ့လို့ ယခုဖြစ်တာ၊ ယခုကြံစည်လို့ ယခုဖြစ်တာ၊ အဖန်တလဲလဲ တွေးကြံနေလို့ အဖန်ဖန်တလဲလဲဖြစ်နေတဲ့ဒုက္ခ၊ အဲဒါကိုဇာတိဒုက္ခလို့လဲခေါ်တယ်၊ အဲဒီဇာတိဒုက္ခကို သိကြရမယ်၊ သတ္တဝါတွေ တဘဝမှာ တခါ

ပဋိသန္ဓေတည်နေရတဲ့ ဇာတိကို သိနေမြင်နေကြရုံနဲ့ ဘယ့်နှယ် လုပ်ပြီး ဝိပဿနာဉာဏ် ဖြစ်နိုင်မလဲ။ စိတ်အသစ်အသစ် ဖြစ်ဖြစ် နေတဲ့ ခန္ဓာငါးပါး၊ အဲဒီခန္ဓာ ဖြစ်ပေါ် ဖြစ်ပေါ်လာတဲ့ ဇာတိ ဒုက္ခကိုသိမှ ဝိပဿနာ ဉာဏ်ဖြစ်ကြမယ်။

အဲဒီလိုဖြစ်နေတာတွေကို ဖြစ်လိုင်းရယ်လို့ တမျိုးခေါ်တာ။ အဲဒီလို ဖြစ်နေတာတွေကလဲမှန်တယ်။ ဘာဖြစ်လို့ ဖြစ်ရတာလဲ၊ မသိလို့ဖြစ်တာ၊ ဘာကိုမသိလို့လဲ၊ ဤခန္ဓာအိမ် ဆိုတာက ပြုမှ ဖြစ်မှာ မပြုယင် မဖြစ်ဘူး၊ နေစရာအိမ်ကဆောက်လုပ်မှ အိမ်ကြီး ဖြစ်ပေါ်လာတာ၊ မဆောက်လုပ်ခင်က အိမ်မရှိဘူး၊ အိမ်မရှိ ပေမဲ့ အိမ်ရာကြီးကတော့ရှိတယ်။ဒီမှာလဲပဲ ခန္ဓာတွေ မဆောက် လုပ်ခင်က ခန္ဓာတွေမရှိဘူး။ ခန္ဓာတွေရဲ့ ချုပ်ရာကြီးရှိတယ်။ ခန္ဓာတွေရဲ့ ကင်းရာ, ကုန်ရာ, ခန်းရာ, ငြိမ်းရာဆိုတာက နိဗ္ဗာန်၊ အဲဒီ ခန္ဓာတွေရဲ့ ငြိမ်းရာနိဗ္ဗာန်ကိုမြင်တာက မဂ်ဉာဏ်ပဲ။

အဲဒီနိဗ္ဗာန်ကို မသိမြင်လို့၊နိဗ္ဗာန်ကို မသိမမြင်တာအဝိဇ္ဇာပဲ၊ အဲဒီအဝိဇ္ဇာကရှိနေမှတော့ ယူချင်, ရချင်, ဟိုလိုချင်, ဒီလိုချင်, ဟိုလိုဖြစ်ချင်,ဒီလိုဖြစ်ချင် အစရှိသည်ဖြင့် အမျိုးမျိုးတွေဖြစ်ချင် ရချင်လာတာပေါ့၊ချင်ခြင်းတွေတပ်လာတယ်ဆိုပါတော့၊ အဲဒါ တဏှာပေါ့။ လိုချင်တယ်ဆိုတာ မသိလို့လိုချင်လာတာပဲ။

မသိလို့ လိုချင်
လိုချင်တော့ ပြုလုပ်
ပြုလုပ်တော့ရရှိ

အဲဒီလို ပြုလုပ်တာ ပြုပြင်တာကို သင်္ခါရလို့ ခေါ်တယ်၊ စာလိုပြောယင်တော့....

အဝိဇ္ဇာပစ္စယာ သင်္ခါရာ
သင်္ခါရပစ္စယာ ဝိညာဏံ

အစရှိသည်ဖြင့် ပဋိစ္စသမုပ္ပါဒ် ဖြစ်လိုင်းကြီး လည်ပတ်တာပဲ၊ ဖြစ်လိုင်းဆိုတာ မသိလို့သာ ဗမာလို ရှင်းရှင်းပြောတော့—

မသိလို့ လိုချင်
လိုချင်တော့ ပြုလုပ်
ပြုလုပ်တော့ ရရှိကြ

ရရှိကြမှတော့ ညည်းညည်း ညူညူ လုပ်မနေကြနဲ့တော့ ကြိုးစားရှာသာ ခံကြပေတော့။ ရရှိလာယင်တော့အိုမှာပဲ၊ နာမှာပဲ၊ သေမှာပဲ၊ အဲဒါမသိတာက စထားတော့၊ ဖြစ်ပျက်ကုန်ကြတာပေါ့၊ အဲဒါခန္ဓာဖြစ်ရေး ဖြစ်တဲ့လိုင်း၊ အဲဒီခန္ဓာတွေ အသစ်အသစ်ဖြစ်အောင် မလုပ်ကြနဲ့၊ ခန္ဓာဝန်ကိုချကြ၊ ခန္ဓာဆိုတာ အလွန်တရာမှ ဝန်လေးတယ်။

အစရှိသည်ဖြင့် ဟောခဲ့တယ်၊ ခန္ဓာဝန်ကိုစွန့်ကြ၊ ခန္ဓာဆိုတာ ဘယ်လို ဘယ်လို ဖြစ်လာတာလဲ၊ သိမြင်အောင် ထပ်ပြောရအုံးမယ်၊ ခန္ဓာတွေ ဖြစ်တယ်ဆိုတာ စိတ်ကူးကောင်းမှ စိတ်ကူးကောင်း၊ စိတ်အကြံကောင်း၊ စိတ်အတွေးကောင်း တာတွေပဲ၊ စိတ်ပြုပြင်လို့ ဖြစ်လာတဲ့သဘောကို ခန္ဓာလို့ ခေါ်တယ်။ အဲဒီ ခန္ဓာတွေကို စွန့်ကြ၊ ခန္ဓာဝန် လေးတယ်၊ ခန္ဓာဝန်ချကြ။

ခန္ဓာဝန်လေးတယ်ဆိုတာ စာလိုလျှောက်ပြောနေတာ၊ တခါ တခါ စိတ်အဖြစ်တွေများလာတော့ ဂိလာန်များ လေးမနေကြ ဘူးလား၊ ဟကာကြီးဘို့ တကာမကြီးကို သားကိစ္စ၊ သမီးကိစ္စ၊ မြေးကိစ္စ၊ အရပ်ကိစ္စ အစရှိသည်ဖြင့် အရပ်ရပ်သော ကိစ္စတွေ ကြောင့် တခါတခါ စိတ်လေးကြရတယ်၊ အဲဒါ ဝန်လေးတာ ပေါ့၊ အဲဒါ ခန္ဓာဝန်လေးတယ်ခေါ်တယ်၊ စိတ်ဝန်လေးတာတွေ ပါပဲ၊ အဲဒီ ခန္ဓာဝန်လေးတာကို ချလိုက်ကြ။

ဒါကို ပရိယတ်အားဖြင့် ဟောတယ်လို့ ပြောရ ဟောရပြန် တာပဲ။ ဒေသနာတွေဆိုတာက ပရိယတ်နဲ့ ဟောဒါတွေပဲ၊ ခန္ဓာ ဝန်တွေချကြဆိုတာတော့ ခန္ဓာတွေက နဂိုကရှိပြီးသားလို့ ယူကြ ပြန်ရော၊ နဂိုကတော့ရှိပြီးသားမဟုတ်ဘူး၊ ငြိမ်းပြီးသားပဲရှိတယ်၊ ရှိလာအောင် အသစ်အသစ် မလုပ်ကြနဲ့၊ အသစ်မယူကြနဲ့လို့ ပြောလိုရင်းကို သဘောပေါက်ကြရမယ်၊ အဲဒါကြောင့်မို့လို့....

"တပါးသောခန္ဓာကို မယူကြနဲ့၊ ဆိုလိုတာက တပါးသော ကိစ္စတွေကို ထွေလာ ကေလာ တွေးတော စိတ် မကူးကြနဲ့လို့ ပြောတာ၊ စိတ်ချထားလိုက်ဆိုတာ အသုံးစုံ အကုန်လွှတ်ရမှာပဲ"

ဝေနေယျတွေ တရားမရနိုင်ကြတာ တခု ကျန်နေကြလို့၊ နိဗ္ဗာန်မရဆိုတာ အဲဒါကြောင့် မရကြတာ၊ တခုကျန်နေလို့ပဲ၊ တရားတွေ အားထုတ်နေကြပါလျက် နိဗ္ဗာန်ဘာဖြစ်လို့ မရကြ သလဲ၊ တခုကျန်နေလို့ စာကတော့ အကုန်စွန့်ရမယ်လို့ ပါတာ ပါပဲ။

"နညြ္တ သဗ္ဗနိသဂ္ဂါ၊ သုတ္တိ ပဿာမိ ပါဏိနံ"

သဗ္ဗနိသဂ္ဂါ၊ အလုံးစုံသော ဥပဓိ တရားတို့အား စွန့်လွှတ်ခြင်းကို။ အညြ္တ၊ ကြဉ်ထား၍။ ပါဏိနံ၊ သတ္တဝါတို့၏။ သုတ္တိံ၊ ချမ်းသာခြင်းကို။ နပဿာမိ၊ ငါဘုရားမြင်တော်မမူ။

အလုံးစုံ မစွန့်လွှတ်ပဲ သတ္တဝါတို့ မချမ်းသာဘူး။ အဲဒီလို အလုံးစုံစွန့်လွှတ်ရမှာ။ အလုံးစုံ စွန့်လွှတ်ရတယ်ဆိုတာ စိတ်မှာ ဖြစ်လာတဲ့ အညစ်အကြေးတွေသည် ဘာတွေမှကောင်းတယ်လို့ မရှိဘူး။ ဒီလိုပြောတာ၊ အခုတော့ ဒီလိုမဟုတ်ဘူး ဒါကလေး ကတော့ ကောင်းတယ်လို့ ချန်ထားကြတယ်။ ကောင်းတာ ဆိုတာကလဲ ဖြစ်ပေါ် လာရတာပဲ၊ ဖြစ်ပေါ် လာတာ ဆိုရင် ဇာတိပဲ၊ အလုံးစုံစွန့်တာကို စိတ်တော့ချန်ထားကြတယ်။ အဲဒါကြောင့် တရားတွေကိုတော့ အားထုတ်ကြပါရဲ့ နိဗ္ဗာန်တော့ မရခဲ့ကြဘူး။ ဘာကြောင့်လဲဆိုတော့ တခုထဲ လိုနေလို့၊ နဲနဲကလေး ကျန်နေတယ်။

အားထုတ်တာတွေကလဲ မမှားဘူး မှန်သွားဘဲ၊ နဲနဲလေး ကျန်နေတယ်၊ တခုထဲကျန်နေတယ်။ အဲဒီအားထုတ်နေတဲ့ တခု မသိကြလို့ပဲ။

သိရမှာက အဲဒီအားထုတ်တော့အားထုတ်မှုဖြစ်ဘယ်၊ ဖြစ်ပြီးတော့ ပျက်တယ်၊ ဒီလိုသိရမှာပေါ့၊ ဒါဖြင့် အားမထုတ်မှီကဖြစ်နေသလား၊ ဖြစ်ပြီးသားအနေနဲ့ ရှိနေပါမလား။ အားမထုတ်မီက အားထုတ်မှုကြီးက ဖြစ်ပြီးသား အနေနဲ့ မရှိဘူး။ ဒီလိုသိရမှာ၊ အဲဒီလိုမဖြစ်တာသိရမှာ၊ သူ့အလိုလိုကတော့ အားထုတ်

မှုတွေ မဖြစ်နိုင်ဘူး။ အဗျာပါရတရား၊ အဗျာပါရသည်ဆိုတာ သူ့အလိုလိုကတော့ မဖြစ်နိုင်ဘူး။ သူ့အလိုလိုမဖြစ်တာကတော့ မှန်ပါတယ်။ အောက်မေ့တော့မှ အောက်မေ့မှုက ဖြစ်ပါတယ်။ ရှုတော့မှ ရှုမှုတွေကဖြစ်တယ်၊ မှတ်တော့မှ မှတ်မှုတွေက ဖြစ်ပါတယ်။

တရားတွေမရှုမိက၊ မမှတ်မိက၊ မအောက်မေ့မိက၊ အောက်မေ့မှုတွေ မဖြစ်ပါဘူး။ တခြားတွေကိုလဲ ဒီလိုပဲ မအောက်မေ့မိက အောက်မေ့မှုတွေ မဖြစ်ပါဘူး။ ပြုပြင်ပေးတော့မှ ဖြစ်တာ၊ မပြုမပြင်ပဲ မဖြစ်နိုင်ဘူး။ သင်္ခါရတွေဆိုးနေတယ်၊ သူ့အလိုလိုကတော့ အားအစွမ်းမရှိဘူး၊ အဗျာပါရ တရားတွေ၊ အနတ္တတရားတွေ။ အနတ္တတရားဆိုတာ ကိုယ်စွမ်းမရှိဘာ စိတ်ထဲမှာ အလိုလိုဖြစ်ခြင်းမရှိတာ၊ အဲဒါ သုညတအနတ္တ။ ဖြစ်ခြင်းငါ မစွမ်းနိုင်ဘူး။ ဖြစ်ဘို့ရာ အကြောင်းတွေကြောင့်၊ ပတ်ဝန်းကျင် အကြောင်းတွေကြောင့်ဖြစ်ရတာ၊ ဖြစ်သင့်တဲ့ အကြောင်းတွေကြောင့်သာလျှင် ဖြစ်ရဘာ။ အဲဒါကြောင့် လယ်တီ ဆရာတော် ဘုရားကြီးက ဖြစ်ဘို့ရာအကြောင်းတွေ ပေါင်းဆုံညီညွတ် ပြုပြင်မှသာ ဖြစ်ရပါတယ်လို့ ရေးခဲ့တာ။

ဖြစ်ဘို့ရာတွေက အကြောင်းကူမှ ဖြစ်ရလေတော့ တနည်းနည်းနဲ့ပေါ့၊ ကံရယ်၊ စိတ်ရယ်၊ ဥတုရယ်၊ အာဟာရရယ်၊ အဝိဇ္ဇာရယ်၊ တဏှာရယ်၊ ဥပါဒါန်ရယ် အများကြီးပဲ။ အကြောင်းတွေဆိုတာက အများကြီးပဲ၊ ဒေသနာနည်းနဲ့ ပြောမယ် ဆိုလျှင်တော့ ဆုံးနိုင်မှာတော့ မဟုတ်ဘူး။ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်

နည်းအားဖြင့်က (၁၂)ပါး၊ ပဋ္ဌာန်းဒေသနာတော်နည်းအားဖြင့် (၂၄)ပါးရှိတယ်၊ အဲဒါကြောင့် တရားချည်း ဟောတာ။

သူ့ဟာသူ ကတော့ မဖြစ်နိုင်ပါဘူး၊ သူ့ဟာသူ ကတော့ အဗျာပါရတရားမို့လို့၊ သည်းနေပါတယ်၊ ဆိတ်နေပါတယ်၊ ကုန်နေပါတယ် ခန်းနေပါတယ်၊ ဒါပြောချင်တာပါ။ အားထုတ်မှုက ဗျာပါရတရားပါ၊ နဂိုကတော့ သူ့အလိုလိုကတော့ သူ့အတိုင်းတိုင်းကတော့ အဗျာရတရားပါ၊ ဖြစ်ခြင်းကို မစွမ်းနိုင်လို့ အဖြစ်တွေမှ....

သည်းနေရပါတယ်၊
ဆိတ်နေရပါတယ်၊
ကုန်နေရပါတယ်၊
ခန်းနေရပါတယ်၊
ငြိမ်းနေရပါတယ်၊
ချုပ်နေရပါတယ်၊

အဲဒီချုပ်နေတာသိတာဝိပဿနာဉာဏ်ခေါ်တယ်၊ ဝိပဿနာဉာဏ်က ဒီလိုဖြစ်နေတာတွေမရှိဘူး ချုပ်နေတာသာလျှင် ရှိပါကလားလို့သိတယ်။ စာကလဲ

သမုဒယောနတ္ထိ
နိရောဓေါအတ္ထိတဲ့၊

သမုဒယော၊ ဖြစ်ပေါ်နေခြင်းသည်။ နတ္ထိ၊ မရှိ။ နိရောဓော၊ မဖြစ်ပေါ်ပဲ ချုပ်ငြိမ်း၍ နေခြင်းသည်။ အတ္ထိ၊ ထင်ရှားရှိ၏။

ဤကဲ့သို့ ဟောခဲ့ပါတယ်။ ဤလိုသိတဲ့ဉာဏ်ကို ဝိပဿနာဉာဏ် လို့ခေါ်တယ်။ ဖြစ်နေကျ စိတ်တွေ, ဖြစ်နေကျ ခန္ဓာတွေ၊ မိမိ တို့ရဲ့ မနေ့မှာကြည့်။ တရားဆိုတာ တခြား လှမ်းလှမ်းပြီး မကြည့်ရဘူး။ မိမိတို့ရဲ့ မနေ့မှာ နောက်တုံးက ဖြစ်နေကျ စိတ်ဖြစ်ပေါ်နေပြီးသား မရှိဘူး။ ဖြစ်ပေါ် နေပြီးသား မရှိပါ ကလား၊ သူ့အလိုလို ချုပ်နေမှုသာလျှင် ရှိပါကလားလို့ သိတဲ့ ဉာဏ် ဖြစ်ရမယ်။

သူ့အလိုလို ချုပ်နေတော့၊ ချုပ်ရာကြီး ရှိတယ်ပေါ့။ ချုပ် နေတာသိ၍ ချုပ်ရာကိုမြင်ပါ၊ အဲဒီ ချုပ်ရာဟာ နိဗ္ဗာန်ပဲ။ ချုပ်တာသိတာ ဝိပဿနာဉာဏ် ချုပ်ရာသိတာက မဂ်ဉာဏ်ပဲ။ အဲဒီလို ချုပ်ရာဖြစ်တဲ့ နိဗ္ဗာန်ကိုမြင်တဲ့ဉာဏ် ဖြစ်ပလား ဆိုမှပြင့် အဝိဇ္ဇာအစရှိသည်တို့ကလဲ ချုပ်ပါလေရော၊ "အဝိဇ္ဇာယ တွေဝ အသေသ ဝိရာဂနိရောဓါ သင်္ခါရနိရောဓော" ဆိုတာ အဲဒီလို ချုပ်သွားပုံ,ချုပ်လိုင်းကြီးကိုဟောတာ၊ ဒီလိုသိကြရမယ်။အဲဒီလို သိလျှင်ဖြင့် မကျန်ပါဘူး ကုန်ရော၊ ဒီလိုမြင်ပြီး ဒီလိုသိတာကို နိဗ္ဗာန်ရောက်တယ်လို့ ပြောရတာ။

အဲဒီလို သိစေခြင်းငှာ၊ ရောက်စေခြင်းငှာ မြတ်စွာဘုရားက နည်းအမျိုးမျိုးနဲ့ ဟောခဲ့တာပေါ့၊ အကြောင်းသတ်တဲ့ နည်း တွေနဲ့ ဟောခဲ့တယ်၊ အကျိုးသတ်တဲ့နည်းတွေက မြတ်စွာဘုရား ရဲ့ နည်းမဟုတ်ဘူး၊ ဒိဋ္ဌိတို့ရဲ့နည်း။ အကြောင်းသတ် ဆိုတာက တခြားမဟုတ်ဘူး၊ ဘာရယ်,ညာရယ်လို့သိတော့ သိတဲ့စိတ် ဖြစ် လာတယ် မဟုတ်လား။ လူရယ်လို့ဆိုတာ မိန်းမ- ယောကျ်ား

ရယ်လို့ဆိုတာ၊ သိတဲ့စိတ် ဖြစ်လာတာပါ။ ဘာတွေ့ ညာတွေ့ ဆိုတာလဲ သိတဲ့စိတ် ဖြစ်လာတာပေါ့။ ရုပ်တွေ နာမ်တွေလို့ သိတော့ သိတဲ့စိတ်ဖြစ်လာတာ၊ အဲဒီသိတဲ့စိတ်က ပဓာန။ ဟို– လူတွေ ယောကျ်ား မိန်းမတွေ ရုပ်တွေ နာမ်တွေက အဓိက မဟုတ်ဘူး။ အဲဒီစိတ်ကို သိရမယ်လို့ ဘုန်းကြီးတို့က ပြောတာ။

အခုတော့ အဲဒီစိတ်ကို ချန်ထားတယ်၊ ရုပ်တွေရယ်လို့တော့ သိပါရဲ့၊ နာမ်တွေရယ်လို့ဘော့ သိပါရဲ့၊ ခန္ဓာတွေလို့တော့ သိပါရဲ့၊ အာယတန, ဓါတ် အစ ရှိသည်တို့ကိုတော့ သိပါရဲ့၊ သိတာတခုကိုတော့ ချန်ထားကြတယ်။ ပဓါန သိတာက ပဓါန၊ အဲဒါကို သိရမှာ။

လိုရင်းကဘော့ ဒီရုပ်တရား နာမ်တရား၊ ခန္ဓာတရား တွေ့ကို သိဘော့၊ ရုပ်နာမ်သိတဲ့ဉာဏ်၊ ခန္ဓာသိတဲ့ဉာဏ်၊ အာယတနသိတဲ့ ဉာဏ်တွေပဲဖြစ်မယ်။ မဂ်ဉာဏ်, ဖိုလ်ဉာဏ်တွေတော့ မဟုတ်ဘူး။ မဂ်ဉာဏ်,ဖိုလ်ဉာဏ် မဖြစ်သရွေ့တော့ သက္ကာယဒိဋ္ဌိ မပယ်နိုင် သေးဘူး။

ဒါကြောင့်မို့ ဒိဋ္ဌိအကြောင်း ပြတ်ပြတ် သားသား ကွဲကွဲ ပြားပြား စေ့စေ့ စုံစုံ သိရှိအောင် ဟောရအုံးမယ်။ အလွန် အရေးပါ အရာရောက်တဲ့ ဒိဋ္ဌိလေးမျိုးကို ခွဲခြားသိရမယ်၊ အဲဒီ ဒိဋ္ဌိလေးမျိုးဟာ....

အတ္တ သြဠာရိကဒိဋ္ဌိ
သြဠာရိကဒိဋ္ဌိ

သုခုမဒိဋ္ဌိ
အတိသုခုမဒိဋ္ဌိ

ဆိုပြီး လေးမျိုးရှိတယ်။ အတ်ဩဠာရိကဒိဋ္ဌိ၊ ဩဠာရိကဒိဋ္ဌိ၊ သုခုမဒိဋ္ဌိတို့က နာမ်ရုပ်တရားတို့၏ ဖြစ်ခြင်း ပျက်ခြင်းသဘော၊ မမြဲသောသဘော၊ အမြဲမရှိသောသဘောပဲ။ အဲဒီ ဒိဋ္ဌိတွေ ပယ်နိုင် သတ်နိုင်တာက ဥဒယဝယဉာဏ်၊ အနိမိတ္တ အနိစ္စ ဝိပဿနာဉာဏ်၊ သုညတ နုပဿနာဉာဏ်တိုင်အောင် သိမြင်ပါမှ ပယ်သတ် ချုပ်ငြိမ်းနိုင်တယ်။ သို့သော်လည်း အမြဲ မငြိမ်းဘူး။ သမုစ္ဆေဒ မငြိမ်းဘူး။ ရှုတုံး မှတ်တုံး ပွားများတုံး အခိုက်အတန့် တဒင်္ဂ၊ ဝိက္ခမ္ဘနသာ ချုပ်တာ ငြိမ်းတာ၊ တနည်းအားဖြင့် ဝိတိက္ကမဒိဋ္ဌိကိလေသာ၊ ပရိယုဋ္ဌာနဒိဋ္ဌိကိလေသာဆိုတဲ့ အကြမ်းစား ဒိဋ္ဌိတို့သာ ငြိမ်းတာ။

ဒိဋ္ဌာနုသယ ဆိုတဲ့ အတိသုခုမ ဒိဋ္ဌိကတော့ အလွန်အလွန်နူးညံ့သိမ်မွေ့လို့ မငြိမ်းဘူး။ မပယ်သတ်နိုင်ဘူး။ တိုတို ပြောတော့ အမြစ်မပြတ်ဘူးပေါ့။ အဲဒီ ဒိဋ္ဌာနုသယခေါ်တဲ့ အနုသယ ဒိဋ္ဌိကိလေသာ အမြစ်အရင်း ကိလေသာကိုတော့ နိဗ္ဗာန်ကို သစ္စိကာတဗ္ဗ ကိစ္စဖြင့် မျက်မှောက်ပြုတတ်သော မဂ်ဉာဏ်မှသာလျှင် ပယ်သတ်နိုင်တယ်။

သူကဖြစ်ပေါ်ပြီးသားမရှိဘူး။ ဖြစ်အုံးမဲ့သဘောမို့ မိမိတို့ရဲ့စိတ်မှာ ဘာကိုမှမတွေး၊ဘာကိုမှမကြံ၊ ဘာကိုမှမအောက်မေ့ပဲ နိဗ္ဗာန်ကို မျက်မှောက်ပြုလိုက်မှ အဲဒီ ဖြစ်ပေါ်အုံးမဲ့ ဒိဋ္ဌာနုသယ ကိလေသာဟာ ဘယ်အခါမှ တဖန် ပြန်ဖြစ်ပေါ်ခွင့်

မရတော့ပဲ၊အမြစ်နှင့်တကွ အကြွင်းမရှိ သမုစ္ဆေဒပယ်သတ် ချုပ်ငြိမ်းသွားတော့တာ။ အဲဒါ အနုသယ ကိလေသာ ပယ်တယ်လို့ ပြောတာ။

အဲ ပယ်တယ်ဆိုတော့ တမျိုးထင်ကြဦးမယ်။ ဟိုလိုလုပ်ချင် ဒီလိုလုပ်ချင်၊ ဟိုလိုဖြစ်ချင် ဒီလိုဖြစ်ချင်နေကြဦးမယ်။ ဘယ်လိုမှ လုပ်မနေရဘူး။ မိမိတို့ရဲ့စိတ်မှာ ဘာတွေ့မှ ဘာကိုမှ မတွေးခင်က မအောက်မေ့ခင်က အေးငြိမ်းနေတဲ့သဘောကို သိ-သိနေရမှာ၊ တခြားလုပ်နေရမှာမဟုတ်ဘူး။ ဒီရုပ်ဓာတ် နာမ်ဓာတ်တွေသိနေတာ၊ ရုပ်ဓာတ် နာမ်ဓာတ်တွေကို သိတဲ့ဉာဏ်ပဲ ဖြစ်မယ်။ မဂ်ဉာဏ် ဖိုလ်ဉာဏ်မဟုတ်ဘူး၊ သက္ကာယဒိဋ္ဌိ မပယ်နိုင်သေးဘူး၊ နိဗ္ဗာန်မြင်မှ သက္ကာယဒိဋ္ဌိက လွတ်တာ ပယ်တာ။

ပထဝီသိတော့ ပထဝီသိတဲ့ဉာဏ်ပဲ၊
အာပေါသိတော့ အာပေါသိတဲ့ဉာဏ်ပဲ၊
နာမ်ရုပ်သိတော့ နာမ်ရုပ်သိတဲ့ဉာဏ်ပဲ၊
ဖြစ်ပျက်သိတော့ ဖြစ်ပျက်သိတဲ့ဉာဏ်ပဲ၊

အဲဒါကို စာလိုပြောတော့ နာမရူပပရိစ္ဆေဒဉာဏ်၊ဥဒယဗ္ဗယဉာဏ်ဆိုပြီးပြောကာ၊ မဂ်ဉာဏ်မဟုတ်ဘူး၊ မဂ်ဉာဏ်ဆိုတာက နိဗ္ဗာန်မြင်မှ မဂ်ဉာဏ်ဖြစ်တယ်။ အဲဒါကြောင့် နိဗ္ဗာန် မြင်တဲ့ မဂ်ဉာဏ်ဖြစ်အောင် ဟောနေရတာ။

ဖြစ်တယ် ပျက်တယ်လို့ သိတာ သိတဲ့တရားပဲ မဟုတ်ဘူးလား၊ သိတယ်ဆိုတာ စိတ်တရား ဉာဏ်တရား၊ အဲဒီသိတဲ့တရား

ကိုက မြဲပါ့မလား၊ မမြဲဘူးပေါ့။ ဖြစ်ပြီးတော့ ပျက်သွားတယ်၊ မဖြစ်ခင်ကကော သူရှိသလား၊ မရှိပါဘူးဗျ။ မဖြစ်ခင်က မရှိပါဘူး။ မဖြစ်ပဲသူ့အလိုလိုအဖြစ်တို့မှ သုဉ်းနေပါတယ်၊ အဗျာပါရတဲ့ရားမို့လို့၊ သူ့အလိုလို....

အဖြစ်တို့မှ သုဉ်းနေပါကသလား၊
အဖြစ်တို့မှ ဆိတ်နေပါကလား၊
အဖြစ်တို့မှ ကင်းနေပါကလား၊
အဖြစ်တို့မှ ကုန်နေပါကလား၊
အဖြစ်တို့မှ ချုပ်နေပါကလား၊
အဖြစ်တို့မှ ငြိမ်းနေပါကလား၊

ရယ်လို့ သိတဲ့ဉာဏ်ဖြစ်လာရတယ်၊ အခုတော့ ဒီလိုက မဟုတ်ကြဘူး။ တရားကိုတော့အောက်မေ့ပါရဲ့၊ ရှုမှတ်ပွားများပါရဲ့၊ အောက်မေ့ဘတ်တဲ့စိတ်၊ ရှုမှတ်တတ်တဲ့စိတ်ကိုတော့ ချန်ထားကြတယ်။ အဲဒါကလေးတခုကျန်နေကြတယ်။

အဲဒါကို ဘုန်းကြီးတို့က ကျွဲဆယ်ကောင် ဥပမာနဲ့ထားပြီးတော့ ဟောလေ့ရှိဘယ်၊ ကျွဲဆယ်ကောင် ကျောင်းတဲ့ ကျွဲကျောင်းသားကလေး တယောက်ဟာ ညနေစားကျက်ကနေပြီး ကျွဲသွင်းခါနီးကျတော့ ကျွဲတွေရေကြည့်တယ် ကျွဲတကောင်ကို ခွစီးထားပြီးတော့ ကျွဲတွေကို ရေကြည့်တဲ့အခါ ကိုးကောင်ပဲရေလို့ရတယ်၊ မကြေနပ်လို့ထပ်ခါထပ်ခါ ရေကြည့်ပြန်တော့လဲ ကိုးကောင်ပဲ ရတယ်။ တကောင် ကျန်နေတယ်တဲ့၊ ဘယ်ကျွဲ

ကျန်နေသလဲ၊ သူခွစီးထားတဲ့ကျွဲ ချန်ထားလို့ သူစီးထားတဲ့ကျွဲ ထည့်မရေမိဘူး။ သူစီးတဲ့ကျွဲ ကျန်ရောပေါ့။

ဒီမှာလဲတရားကျန်နေတယ်ဆိုတာ တခြားမဟုတ်ဘူး၊ တရားတွေကိုတော့ အောက်မေ့ပါရဲ့ အောက်မေ့တဲ့စိတ် ချန်ထားလို့ သူ့ပါရောထည့်လိုက်၊ အနိစ္စဆိုလို့ရှိယင်လဲ သူပါအနိစ္စထဲရောထည့်လိုက်၊ အနတ္တဖြစ်လာယင် သူ့ပါအနတ္တ၊ အတ္တ မဟုတ်ဘူး အနတ္တထဲရောထည့်လိုက်။ ဒုက္ခဖြစ်လျှင်လည်း သူ့ပါဒုက္ခထဲရောထည့်လိုက် ဒီလိုမြင်ကြရမှာ။

အခုတော့ ဒုက္ခ-ဒုက္ခလို့တော့ အောက်မေ့ပါရဲ့၊ အောက်မေ့တဲ့စိတ်ကတော့ ချမ်းသာ သလိုလိုနဲ့၊ အနိစ္စ- အနိစ္စလို့တော့ ရှုမှတ်ပါရဲ့၊ ရှုမှတ်တဲ့စိတ်က နိစ္စလိုလို၊ အနတ္တ အနတ္တလို့တော့ ပွားများပါရဲ့၊ ပွားများတဲ့ စိတ်က အတ္တလိုလို။ အရေးကြီးတာက အဲဒီအောက်မေ့ ရှုမှတ်ပွားများတဲ့စိတ်ကို သိရမှာ၊သူက ပဓါန၊ သူ့မြင်ရမှာ၊ ဘာတရားပဲ ရှုမှတ် ရှုမှတ် အဲဒီ ရှုတတ်မှတ်တတ်တဲ့ စိတ်ကိုသိရမယ်။ အောက်မေ့တတ်တဲ့ စိတ်တရား ရှုမှတ်တတ်တဲ့ စိတ်တရားကိုက မမြဲတာ၊ အမြဲမရှိတာ။ ရှုမှတ်တတ်တဲ့တရားက အဗျာပါရ တရားမို့လို့ သူ့အလိုလိုကတော့ သုဉ်းနေတာ၊ ဆိတ်နေတာ၊ ခန်းနေတာ၊ ချုပ်နေတာ၊ ငြိမ်းနေတာ၊ ဖြစ်နေတာတွေ မရှိဘူး၊ အဖြစ်တွေမှ သုဉ်းဆိတ်နေတာ၊ အဖြစ်တွေမှ ချုပ်ငြိမ်းနေတာ။ အဖြစ်တွေမှ ချုပ်ငြိမ်း နေပါကလားလို့ သိပြီး ချုပ်ရာကို မျက်မှောက်ပြု၍ သွားတာ။

အဲဒီချုပ်ငြိမ်းရာကိုမြင်ပြီး ငြိမ်းတဲ့အတိုင်းတိုင်း နေကိုင်သွား ရမှာ၊ အဲဒီအကျင့်တရားရှိကြရမှာ။ အဲဒီလိုမကျင့်ဘူးလို့ဆိုလို့ ရှိလျှင် အပြင်တွေလိုက်လိုက်ရှုတာပေါ့၊ ရုပ်ပါရုံတို့ ဘာတို့ အပြင် လိုက်ရှုကြတာ၊ အဲဒီနည်းက အကြောင်းမငြိမ်းဘူး၊ သူကအကျိုး သတ်တရားပဲ၊ ဒီရုပ်ပါရုံက စက်ဆုတ်ဖွယ်၊ ရွံရှာဖွယ်တဲ့၊ အပုတ် ကောင်တဲ့၊ အဲဒီလို အပြင်လိုက်ရှုနေကြတာ၊ သာယာတယ် ဆိုတာကကော ဘယ်ကသာယာတာလဲ၊ အပြင်က သာယာတာ မဟုတ်ဘူး၊ မိမိတို့မနေ့က သာယာတာ မဟုတ်ဘူးလား။ မိမိ စိတ်ကပြုမှ ဖြစ်လာတာပါ။ အယောနိသော မနသိကာရ နှလုံး သွင်းမှ ဖြစ်လာတာပါ။ ဖြစ်ပြီးသား အနေနဲ့ကား မရှိပါဘူး၊ ချုပ်ကြောင်း အကျင့်ရှိသော သူတွေမှာတော့ မြင်ရုံ ကြားရုံနဲ့ သာယာမှုတွေ မဖြစ်ကြပါဘူး။

ချုပ်ပြီးသားသာလျှင် ရှိပါတယ်၊ ချုပ်ပြီးသား ရှိနေပါလား လို့ သိပြီး ချုပ်ရာကို အာရုံပြုနေလိုက်တာပေါ့။ အဲဒီလိုချုပ်ရာ ကို အာရုံပြုပြီး ချုပ်သလို နေသွားတဲ့အကျင့်ကို ဒုက္ခဂါမိနီ ပဋိပဒါအကျင့်၊ မဇ္ဈိမပဋိပဒါ အကျင့်ရယ်လို့ ခေါ်တာ၊ တနည်းအားဖြင့် ချုပ်လိုင်းလို့လဲခေါ်တယ်၊ တနည်းအားဖြင့် ပြောတော့ အကြောင်းသတ်နည်း။ မြတ်စွာဘုရားတို့ရဲ့ နည်း လို့ခေါ်တယ်။ အကြောင်းသတ်မှ ငြိမ်းတာ၊ အကျိုးတွေ သတ်နေလို့တော့ မငြိမ်းနိုင်ကြဘူး။

အနိစ္စ အနိစ္စလို့ အောက်မေ့ပေမဲ့ အဲဒီ အောက်မေ့တဲ့ စိတ်ကိုက အမြဲမရှိဘူး၊ အနိစ္စဖြစ်နေတယ်၊ အနိစ္စရောက်နေတယ်။

အခုတော့ ဒီလိုမဟုတ်ကြဘူး၊ အနိစ္စလို့တော့ အောက်မေ့ပါရဲ့ အောက်မေ့တဲ့ စိတ်ကိုတော့ ချန်ထားတယ်။ အဲဒါ စီးကွဲ ချန်ထားတယ်လို့ ပြောတာ၊ တခုခုကျန်နေတယ်လို့ ပြောတာ၊ အဲဒီလို မကျန်ကြစေနဲ့ပေါ့။

တရားတွေ အောက်မေ့တော့ ဘာနဲ့ အောက်မေ့မှာလဲ၊ စိတ်နဲ့ပဲ အောက်မေ့ရမှာပါ။ ဒါအောက်မေ့တဲ့စိတ်က ခုမျှား ရှိပြီးသားလား-မရှိသေးပါဘူး။အဲဒါကို ခန္ဓာနည်းနဲ့ ပြောတော့ အဲဒီမနေ့က ပြုလုပ်တတ်တဲ့ ခန္ဓာအိမ်ကဆောက်လုပ်မှုဖြစ်ရမှာ၊ မဆောက်လျှင်တော့ ခန္ဓာတွေရဲ့ မဖြစ်ရာ ခန္ဓာတွေရဲ့ကုန်ရာ ခန္ဓာတွေရဲ့ချုပ်ရာ ငြိမ်းရာသာလျှင်ရှိတယ်။ အဲဒီချုပ်ရာငြိမ်းရာ သာလျှင် မြင်စရာရှိဘယ်၊ ဘယ်အခါမှာမဆို မြင်စရာရှိတယ်။ အမြင်ခံခဲ့တဲ့တရားပဲ၊ သံဒိဋ္ဌိက၊ အကာလိက၊ ဟေိပဿိက၊ ဩပနေယျိကလို့ဆိုတယ်။

နိဗ္ဗာန်ဆိုတာနိစ္စ ဓုဝသဿတဘရားပဲ၊ နိစ္စဆိုတာ အမြဲရှိ တယ်၊ ဓုဝဆိုဘာခိုင်မြဲတယ်၊ သဿတဆိုတာ အထင် အရှား ရှိတယ်။ ခန္ဓာအိမ်တွေကတော့ ဆောက်ဆောက် နေလို့ပါ။ ခင်ဗျားတို့က ဟိုလိုတွေးလိုက် ဒီလိုတွေးလိုက်၊ ဘာဘာညာညာ ကောင်းကောင်းဆိုးဆိုး အမျိုးမျိုးသော ကိစ္စဝေ့ကို အသစ် အသစ်တွေးလို့ စိတ်ဖြစ်လာကြတာတွေ၊ အဲဒါ ခန္ဓာအိမ်တွေ ဆောက်တာပဲ၊ ဘုန်းကြီးတို့က တကဲ့တရားကိုမြင်ရေ၊ နိဗ္ဗာန် မျက်မှောက်ပြုရေး ပြောဟောနေတာ။

လောကီ လုပ်ရေးကိုင်ရေး ပြောတာမဟုတ်ဘူး၊ ဘာမှမလုပ်ရဘူး၊ ဒီအတိုင်းတိုင်း ထိုင်နေဘာ အေးတယ်ဆိုပြီး လုပ်ရေးကိုင်ရေး လုပ်စရာရှိတာတွေ မလုပ်ပဲ နေရင်တော့ ငတ်ကြလိမ့်မယ်။ တဖက်စွန်း နင်းသွားတာပေါ့။ အဲဒီလိုပဲ တချို့အရပ်တွေမှာ ကျောက်သဘော်တရားက ဘာမှ မလုပ်ရဘူး၊ ဘာမှ မလုပ်ရဘူးဆိုပြီး လုံးထွေးပြီးပြောနေကြတယ်။ ဘုန်းကြီးဟောတာက နိဗ္ဗာန်မျက်မှောက်ပြုရေးဟောတာ၊ နိဗ္ဗာန်မျက်မှောက်ပြုနေတဲ့အချိန်ဘာလုပ်ရဦးမှာလဲ၊နိဗ္ဗာန်မျက်မှောက်ပြုနေတော့ ဘာကိုလုပ်လို့ ဖြစ်သေးသလဲ၊ လုပ်ဖြစ်သေးတယ်ဆိုရင် နိဗ္ဗာန်မျက်မှောက်ပြုနေတာမဟုတ်ဘူး၊ နိဗ္ဗာန်မျက်မှောက်ပြုနေတယ်ဆိုရင်နိဗ္ဗာန်ပဲ မျက်မှောက်ပြုနေတာပဲ၊ နိဗ္ဗာန်မျက်မှောက်ပြုတဲ့ စိတ်မှတပါး ဘာမျှမဖြစ်ဘူး၊ ဘာမှဖြစ်လို့မရဘူး။

နိဗ္ဗာန်မျက်မှောက် ပြုရေး တရားက အသိတရား၊ အငြိမ်းတရား၊ စိတ်-စိတ်အတိုင်းတိုင်းတရား။ နိဗ္ဗာန်မျက်မှောက်ပြုရေး သဘော ပြောတာကို သဘော မပေါက်ကြပဲ လောကီရေးတောင်မှ ဘာမှမလုပ်ရဘူးရယ်လို့ ဒီလိုထင်မှတ်၍ သွားတတ်ကြတယ်။ဒီလိုမဟုတ်ဘူး၊အဲဒါကပြုပြင်ရေးကိစ္စ၊အဲဒါလိုနားမလည်တော့ ဘုန်းကြီးတို့ကျောက်ဆည်အနီး သာဂရဆိုတဲ့ရွာဘရွာမှာ လင်မယားနှစ်ယောက်ရှိတယ်။ ညဘက်ဘုန်းကြီးတို့တရားနာပြီး မနက်ကျတော့ဆွမ်းချက်ကြတာပေါ့၊ဒီတော့ တကာမက ထင်းပေါက်ခိုင်းတယ်တဲ့၊ “ မောင်ရင်ရယ် ထင်းပေါက်ပေးပါလို့ ”

ခိုင်းတယ်တဲ့ ဒါနဲ့ ယောကျ်ားလုပ်သူက ပုဆိန်ကိုင်ပြီးတော့ ထင်းတုံးနားသွားပြီး အကြံရတာကိုး၊ ညက ကျောက်သဘော်ာ ဆရာတော် ဘုရားကြီးက ဒီအတိုင်းတိုင်း နေလို့ ပြောတာ၊ ဒီအတိုင်းတိုင်းနေရင် သက်သာတယ်လို့ပြောတာ မဟုတ်လား ဟုတ်လား ဆိုတာ သိရအောင်ဆိုပြီး ထင်းတုံးပေါ်မှာ ပုဆိန် တင်၍ အသာထိုင်နေလိုက်တယ်တဲ့၊ အဲဒါနဲ့ တကာမက ထပြီး တော့" ထင်းပေါက်ခဲ့ပါဆို ဘာလုပ်နေသလဲမောင့်နှယ်"စသည် ဖြင့် မြည်တွန်တောက်တီးတာပေါ့။ ဒါနဲ့ ယောကျ်ားလုပ်သူက ပြန်ပြောတယ် " ညီးတို့ ကျောက်သဘော်ာ ဆရာတော်ကြီးက ဒီအတိုင်းတိုင်း နေနေတာ သက်သာတယ်လို့ပြောတာနဲ့ ငါ ဒီအတိုင်းတိုင်း နေတာပဲ" လို့ ပြန်ပြောလိုက်သတဲ့။

အဲဒီအတိုင်းတိုင်း နေမျိုးလဲ့မဟုတ်ဘူး၊ ထင်းပေါက်ရေးကိစ္စ ပြောနေတာ မဟုတ်ဘူး။ ထမင်းချက်ရေးကိစ္စ ပြောနေတာ မဟုတ်ဘူး။ လောကီရောင်းရေး ဝယ်တာကိစ္စ ပြောနေတာ မဟုတ်ဘူး။ တရားအားထုတ်ရေး ကိစ္စတွေ ပြောတာ မဟုတ် ဘူး၊ သတိပဋ္ဌာန်ပွားရေးကိစ္စ ပြောနေတာ မဟုတ်ဘူး၊ နိဗ္ဗာန် မျက်မှောက်ပြုရေးကိစ္စကို ဟောနေတာ။

နိဗ္ဗာန်ဆိုတာ အဋ္ဌကထာ ဆရာကတော့ နိဗ္ဗာန်ပဲတဲ့၊ အဲဒါ ဖေါ်ပြနေရတာ၊ နိဗ္ဗာန်ဆိုတာ မိမိတို့မနေ့ာက ကောင်းကောင်း ဆိုးဆိုး အမျိုးမျိုးသော စိတ်တွေက မဖြစ်ခင်ကသဘော၊ အဲဒီ

ကောင်းကောင်းဆိုးဆိုး အမျိုးမျိုးသောစိတ်တွေ မဖြစ်သေးဘူး ဆိုလို့ရှိယင် ဘယ်နှယ်နေလိမ့်မလဲ၊ မဖြစ်ရာဆိုတဲ့ အဖြစ်အေးရာ ရှိတာပေါ့။ အဲဒီ အဖြစ်အေးရာက နိဗ္ဗာန်၊ အေးရာမြင်တာက မဂ်ဉာဏ်၊ အေး-အေးတဲ့အတိုင်း သိရှိသိရှိနေတာ အဲဒါ မဂ္ဂင် အကျင့်၊ ဒီအကျင့်ကိုတော့ ဘယ်တော့မှ မမေ့ကြနဲ့၊ နိုးကြား သော စိတ်ရှိကြလေ၊ ကဲ....တော်လောက်ပါပြီ။

—*—

၁၃၂၆-ခုနှစ်၊ တပို့တွဲလဆုတ်
(၂)ရက်နေ့ ညတွင် ပဲခူးမြို့ ရွှေမော်
ဓော ခြေတော်ရင်းရှိ မဟာပုညဝမ္မ
သာလာယံ တန်ဆောင်းကြီး၌ ကျေး
ဇူးရှင် ကျောက်သင်္ဘော ဆရာတော်
ဘုရားကြီး ဟောကြားတော်မူသော
( မဂ်ပေါက် ဖိုလ်ဝင် နိဗ္ဗာန်မြင် )
တရားတော်မြတ်ဒေသနာ။

"မဂ်ပေါက် ဖိုလ်ဝင် နိဗ္ဗာန်မြင်"

တရားတော်မြွက်ဒေသနာ။

လောကမှာ ရှိတာတွေက တရားတွေချည်းရှိပါတယ်။ တရားမဟုတ်ထာရယ်လို့ မရှိဘူး။ တရားသက်သက်သာလျှင် ရှိဘယ်။ ဒီလိုသန့်သန့်မမြင်ကြလို့ တရားအပြင် သူတွေရှိတယ်၊ ငါတွေရှိတယ် လူတွေရှိတယ်၊ နတ်တွေရှိတယ်၊ သတ္တဝါတွေရှိတယ်၊ ယောကျ်ားတွေ မိန်းမတွေရှိတယ်လို့ ထင်ထားကြတယ်။ မှတ်ထားကြတယ်။ သိမှတ် စွဲယူထားတယ် ဆိုပါတော့။ အဲဒါ ဝိပလ္လာသတရား။ ဘာဖြစ်လို့ ဝိပလ္လာသဘရားတွေဖြစ်ကြရသလဲ ဆိုတော့ တရားချည်းပါပဲရယ်လို့ သန့်သန့်မမြင် မသိကြလို့။

ကောင်းကောင်း ဆိုးဆိုး အမျိုးမျိုး၊ ဟုတ်ဟုတ် မှန်မှန် မှားမှား အများအစား ထွေထွေလာလာ ဘာဘာညာညာ ဘာတွေပဲဖြစ်ဖြစ် တရားတွေချည်းပါပဲဆိုတာ သိတဲ့ဉာဏ်ဖြစ်ကြရမှာ။

ကောင်းတာတွေဖြစ်တော့ ကောင်းတဲ့တရား
မကောင်းတာတွေဖြစ်တော့ မကောင်းတဲ့တရား
ကောင်းမကောင်း၊ မဖြစ်သော့လဲ မဖြစ်တဲ့တရား
စာလိုတော့ ကုသလာဓမ္မာ
အကုသလာဓမ္မာ
အဗျာကတာဓမ္မာ

ရယ်လို့ သုံးမျိုးပဲရှိတယ်။ ကုသလာဓမ္မာဆိုတာ ကောင်းတဲ့စိတ်တွေဖြစ်တာ။ အကုသလာဓမ္မာဆိုတာ မကောင်းတဲ့စိတ်တွေဖြစ်တာ။ အဗျာကတာဓမ္မာဆိုတာ ကောင်းမကောင်း မဟုတ်တဲ့တရားတွေ အစရှိသည်ဖြင့် တရားချည်းပါပဲ။

အစမရှိတဲ့သံသရာက ဖြစ်လာသမျှတွေဟာ တရားချည်းပါပဲ၊ ရှေးဦးစွာ ဤလို သိရမယ်။ နောက်အဆင့်ကတော့ ဒီတရားတွေဟာ အနတ္တလက္ခဏာ၊ အနတ္တတွေပါပဲလို့ သိရမယ်။ အဲဒါကြောင့် "သဗ္ဗေဓမ္မာ အနတ္တာ" လို့ ဟောခဲ့ပါတယ်။ လိုရင်းကတော့ ဒါပါပဲ၊ သဗ္ဗေဓမ္မာ အနတ္တာကို ဟောရမှာပဲ၊ အစမရှိတဲ့ သံသရာက ဖြစ်လာရသမျှတွေကလဲ တရားချည်းပဲ။

ဖြစ်လာရတဲ့ တရားတွေက လောကီတရားတွေ ဖြစ်တယ်။ လောကီတရားဆိုတာ ကာမတရား၊ ရူပတရား၊ အရူပတရား

တွေ့ပေါ့။ သုံးဆဲ့တစ်ဘုံတရား၊ လောကီတရား၊ ဈာန်တရား အဘိညာဉ်တရား အဲဒီတရားတွေလဲ ဖြစ်ကြရဘူးပြီးပါပြီ။ အခု မဖြစ်လဲ နောက်ဘုံကဖြစ်ခဲ့ပါတယ်။ ဖြစ်နေကျတရား လက်ရိုးကြီးပဲ။ အဲဒီလို အဲဒီလိုသာလျှင် ဖြစ်ရှိလာတယ်။

တရားတွေချည်းပါပဲလို့ ပြောပေမယ်လို့ လိုရင်း ပြောလိုတာက သံသရာတလျှောက်လုံးက ဘယ်ဘုံကမှ မဖြစ်ခဲ့ဘူးသေးတဲ့တရား၊ အဲဒီတရားဖြစ်ဘို့ရာ အရေးကြီးတယ်။ အဲဒီတရားကို သိတဲ့ဉာဏ်ဖြစ်ဖို့ရာ ဘုန်းကြီးတို့က ဟောပြနေရတာပဲ။ အဲဒီ တရားက လောကုတ္တရာတရား။ လောကုတ္တရာ တရားဆိုတာ မဂ်တရား, ဖိုလ်တရား, နိဗ္ဗာန်တရားပဲ။ လိုရင်းကတော့ မဂ်ဉာဏ် ဖိုလ်ဉာဏ်။ အဲဒီလောကုတ္တရာ ကုသိုလ်ဆိုတဲ့တရားက ဘယ်ဘုံကမှ မဖြစ်ခဲ့ကြဘူးသေးဘူး။

လောကီကုသိုလ်ဆိုတာက မကြာမကြာဖြစ်ပါတယ်။ မကြာမကြာ ဖြစ်ဆိုတာ အခုတရားပွဲကြီး ကျင်းပတယ်ဆိုတာ ကုသိုလ်ပေါ့။ တရားဟောရတယ်ဆိုတာ ကုသိုလ်ပေါ့ဗျ။ တရားနာကြရတယ်ဆိုတာ ကုသိုလ်ပေါ့ဗျ။ ဆွမ်း၊ ဆီမီး၊ ပန်း၊ ရေချမ်း အစရှိသည်တို့ လှူဒါန်းပေးကမ်းရတာကလဲကုသိုလ်ပေါ့။ ဒါနကုသိုလ် သီလကုသိုလ်၊ သမထကုသိုလ်၊ ဝိပဿနာကုသိုလ် ဒီလိုကုသိုလ် တွေကတော့ အဖန်တလဲလဲ ထပ်ခါထပ်ခါ ဖြစ်ခဲ့ကြရလေပြီ။

အဲဒီလိုဖြစ်ခဲ့တဲ့ တရားတွေက မမြဲတရား၊ ဆင်းရဲတဲ့ တရား မို့လို့ ဒုက္ခတရား၊ ဒုက္ခသစ္စာတရား၊ ဒါကြောင့် "တေဘူမကာ

ဝဋ္ဋံ ဒုက္ခံ ” ဘုံသုံးပါးမှာတော့၊ ဘာတွေပဲဖြစ်ဖြစ်၊ ဖြစ်သမျှ မှာတော့ ဒုက္ခပါပဲ။ ဒုက္ခဆိုတာအချည်းနှီး၊ အချည်းနှီး ဖြစ်သွားတယ်။ အလကား အလကား ဖြစ်သွားတယ်။ ဆင်းရဲတယ် အချည်းနှီးပဲ ဒီလိုဆိုတယ်။ အဲဒါကြောင့် ယခုကျင်းပတဲ့ တရားပွဲက သံသရာတလျှောက်လုံးက ဘယ်တုံးကမှ မဖြစ်ခဲ့ဘူးသေးတဲ့ လောကုတ္တရာကုသိုလ်ဖြစ်ကြဘို့ရာ ပြုလုပ်ကြ၊ ကျင်းပကြရတယ်။ တရားပွဲကြီး ပြုလုပ်ကြရတယ်။ ဟောကြရတယ်။ နာယူကြရတယ်။ နာယူတဲ့ သူတွေကလဲပဲ တို့-ဘယ်တုံး ဘယ်အခါ ဘယ်ကာလကမှ မဖြစ်ခဲ့ဘူးသေးတဲ့ ကုသိုလ် ဖြစ်ကြရတော့မယ်လို့ တရားကို လေးလေးစားစားနဲ့ ကြိုးစား၍သာ နာကြပေတော့။

ဘုန်းကြီးတို့ကလဲ ဘယ်တုံးဘယ်အခါကမှ မဖြစ်ဘူးသေးတဲ့ ကုသိုလ်တွေ ဖြစ်ကြရအောင်လို့ ဟောပေးရမှာ။ ဖြစ်နေကျ ကုသိုလ်မျိုးမဟုတ်ဘူး၊ အဲဒီကုသိုလ်တွေကတော့ အဖန်တလဲလဲ ဖြစ်ခဲ့ဘူးကြပါပြီ။ ဒီဖြစ်နေကျ ကုသိုလ်မျိုးတွေ ဖြစ်ဖို့လောက်ကိုတော့ ဘုန်းကြီးတို့က ကြိုးကြိုးစားစား ပင်ပင်ပန်းပန်း ဆင်းဆင်း ရဲရဲ ဟောပေးဖို့ မလိုပါဘူး။ နာတဲ့ ပရိသတ်တွေကလဲ ဒါလောက်ဆင်းဆင်းရဲရဲ ဒုက္ခခံ၍နာကြလိမ့်မယ် မဟုတ်ပါဘူး။ အဲဒီတော့ သံသရာတလျှောက်လုံးက ဘယ်တုံးကမှ မဖြစ်ခဲ့ဘူးသေးတဲ့ ကုသိုလ်၊ လောကုတ္တရာ ကုသိုလ် ဖြစ်ကြရအောင်လို့ ဟောကြရတယ်။ နာကြရတယ်။ သတိဝီရိယ စိုက်ပြီးတော့ ကောင်းမွန်စွာ နာယူကြ။

သံသရာတလျှောက်လုံးက ဘယ်တုန်းကမှ မဖြစ်ခဲ့ဘူးသေးတဲ့ ကုသိုလ်မျိုးဆိုတာ ဘယ်လို လုပ်ရသေးသလဲ။ အဲဒါက အလုပ်မဟုတ်ဘူး။ လောကုတ္တရာ ကုသိုလ်ဆိုတာ အလုပ်မဟုတ်ဘူး။ အပြုအပြင်မျိုး မဟုတ်ဘူး။ ပြုရတယ် ပြင်ရတယ် အားထုတ်ရတယ် မဟုတ်ဘူး။ ပြုရတယ် ပြင်ရတယ် အားထုတ်ရတယ် လုပ်ရတယ်ဆိုတာ လောကီကုသိုလ်မျိုးသာလျှင် ဖြစ်ကြရမယ်။

လောကုတ္တရာကုသိုလ်မျိုးဆိုတာ ပြုရပြင်ရ လုပ်ရကိုင်ရတာမျိုး မဟုတ်ဘူး။ လောကုတ္တရာဆိုတာ ဖြစ်လာရအောင် လုပ်ရတာမျိုး မဟုတ်ဘူး။လောကုတ္တရာနိဗ္ဗာန်ဆိုတဲ့တရားက အသင်္ခတဓာတ်မို့ မပြုမပြင် မစီရင်ဘဲလျက် သူ့အလိုလိုက ရှိနေတဲ့တရား သူ့အလိုလိုရှိတဲ့တရား၊ ရှိပြီးသားတရား၊ ဟုတ်ပြီးသားတရား၊ မှန်ပြီးသားတရား၊ အဲဒီတရားဘယ်မှာရှိသလဲ၊ ဟိုအနား ဒီအနား ဟိုမှာဒီမှာ ရှိတာလား။ ဒီလိုမဟုတ်ဘူး၊ မိမိတို့ရဲ့ခန္ဓာကိုယ်မှာ ရှိတယ်။ အကျယ်ပြောမယ် ဆိုတော့ တကိုယ်လုံးပဲ ရှိတယ်။ သည့်ထက်ကျယ်အောင် ပြောမယ်ဆိုရင် နေရာတကာမှာ ရှိနေတယ်။ ရှိနေတဲ့တရားကြီးက ကျယ်ကျယ်ဝန်းဝန်းကြီးပါဗျာ၊ ရှိပါသတဲ့။

ဘယ်နေရာမှာရှိတယ်လို့ နေရာနဲ့ညွှန်ပြခြင်းငှာ မထိုက်တဲ့။ ဒါဖြင့် နေရာတကာမှာ ရှိနေတယ်ပေါ့။

မိမိတို့ရဲ့ခန္ဓာကိုယ်မှာ မိမိတို့ရဲ့စိတ်သန္တာန်မှာ သူ့အလိုလိုက သူ့သဘာဝအတိုင်း ပကတိအလိုလိုရှိနေတဲ့ သန္တိသုခဆိုတဲ့ နိဗ္ဗာန် နိရောဓသစ္စာတရားကို သိကြရမယ်။

ဘုန်းကြီးတို့ ကတော့ သိလွယ်အောင် မြင်လွယ်အောင် ဗမာလို ရိုးရိုးနဲ့ လွယ်လွယ်လေး ဟောပြမယ်။ ခင်ဗျားတို့က သိအောင် မိမိတို့ရဲ့ခန္ဓာမှာ (၀၁) စိတ်မှာ ကြည့်ရလိမ့်ဦးမယ်။ ကြည့်မှမြင်မှာဗျ။ မကြည့်ပဲနဲ့တော့ မမြင်ဘူး။ အဲဒါ အလုပ်နဲ့ ပြောရင် အလုပ်ပေါ့။ ကြည့်ဆိုတာကတော့လောကီ။ လောကီ အလုပ်ဆိုတာကတော့ ဝိပဿနာပေါ့။

တိုတိုကတော့ ဘယ်တော့မှ မဖြစ်ဘူးသေးတဲ့ ကုသိုလ် ဖြစ်အောင်၊ ဘယ်တုံးကမှ မသိသေးတဲ့ အသိဖြစ်လာအောင် ဘယ်လို လုပ်ရမလဲဆိုတော့ ဘယ်သူ့မှမလုပ်ရဘူး။ မိမိတို့ရဲ့ မနောမှာ စိတ်ဆိုတာ သိကြတယ်မဟုတ်လား။ သိပါတယ်၊ လူတိုင်း သိပါတယ်။ မိမိတို့ရဲ့စိတ်မှာ ဘယ်လို ဘယ်ပုံ ဟုတ်နေသလဲဆိုတာကို ခင်ဗျားတို့ သိလိုက်ကြ။ တရားနာ ပရိသတ်တို့ သိလိုက်ကြ။ တရားဆိုတာ အဟောမဟုတ်ဘူး၊ အပြောမဟုတ်ဘူး၊ ပြောရုံ ဟောရုံမဟုတ်ဘူး။ နာရုံကြားရုံမဟုတ်ဘူး။ ဘုန်းကြီးတို့ ဟောရုံ မဟုတ်ဘူး။ သူ့ဖါသာ သူ့အလိုလို ဟုတ်နေတာကို ကြည့်လိုက်လျှင် သိတာ။ အဲဒါကို သံဒိဋ္ဌိက၊ အကာလိက၊ ဩပါနေယျိက လို့ ပြောတာ။

ပြောရုံသက်သက်မဟုတ်ဘူး၊ ပါးစပ်ကတော့ ပြောချင်တာ တွေပြော၊ ဟောချင်တာတွေဟော၊ ဆိုချင်ရာတွေဆိုဖြစ်တယ်။ တကာကြီးတို့လဲ ဖြစ်ပါတယ်ဗျ။ စိတ်ဆိုတာလဲ ဒီအတိုင်းပဲ၊ ပါးစပ်က ပြောချင်ရာတွေ ပြောဖြစ်သလို စိတ်ကလဲ ကြံချင်တာ တွေကြံ၊ တွေးချင်တာတွေတွေး၊ ဘယ်သူမှမတတ်နိုင်ဘူး။ ဘုရား

လဲ မတတ်နိုင်ဘူး။ စိတ်လုပ်သမျှ မှာတော့ ဒုက္ခ၊ ဒုက္ခ သစ္စာ မှန်တယ်။ စာလိုခန့်ခန့်ကြီး ပြောတော့ စိတ္တသင်္ခါရ၊ စိတ္တ အဘိသင်္ခါရဏ သင်္ခါရ၊ အဝိဇ္ဇာကြောင့် ဖြစ်တဲ့စိတ်၊ အဝိဇ္ဇာကြောင့် ဖြစ်တဲ့သင်္ခါရ၊ ဒီလိုဆိုတာကိုး။

ဒီစိတ်လုပ်နေတာကလဲ မဟုတ်ဘူး၊ စိတ်က သိမှတ်ပြီးတော့ ပြောဆိုနေတာလဲ မဟုတ်ဘူး၊ မှန်ချင်မှလဲ မှန်မှာပေါ့၊ မှန်ရာ ပြောပိရင်လဲ၊ မှန်ရာလုပ်မိရင်လဲ မှန်ချင်မှန်မှာပေါ့၊ မှန်ပေမယ့် လို့ ဒီလိုမဟုတ်ဘူး။ ဟုတ်တာက သူ့ဖါသာသူ သူ့အလိုလို ဟုတ်နေတာကို သိလိုက်လို့ရို့ သိသွားတာ၊ အဲဒါ မဖြစ်ဘူး သေးတဲ့ ကုသိုလ် ဖြစ်တာပဲ။ ဘယ်သော အခါကမှ မဖြစ်ဘူး သေးတဲ့ ကုသိုလ်ဖြစ်လာတာ၊ အဲဒါ လောကုတ္တရာ ကုသိုလ်လို့ ခေါ်တယ်။

အဲဒီအသိဉာဏ်ရမှ ဘေးခပ်သိမ်း ရန်ခပ်သိမ်း ဒုက္ခခပ်သိမ်း တို့မှ ချုပ်ငြိမ်းမယ်။ ဟုတ်နေတဲ့အတိုင်းတိုင်း မှန်နေတဲ့ အတိုင်း တိုင်း တရား တရားအတိုင်းတိုင်းသိမှ ချမ်းသာမယ်။ ဤလိုသိတဲ့ ဉာဏ်မှတပါး ဘာမှချမ်းသာတာ မရှိဘူး။ ခင်ဗျားတို့ဆီမှာ ဘာတွေရှိရှိ ရှိနေလေ ဆင်းရဲလေပဲ၊ ဒုက္ခတွေ များလေလေပဲ၊ ရွှေ၊ ငွေ၊ စိန် အစရှိသည်ဖြင့် ဘာပဲရှိရှိ ရှိရင် ရှိတာနဲ့ ပူရမှာပဲ၊ မရှိ ဘော့လဲ မရှိလို့ပူရမှာ၊ ဘယ်တော့မှမသက်သာဘူး၊ မရှိတော့တ ရှိကြောင့်ကြနဲ့ သက်သာမှာ ကတော့ တရား တရားအတိုင်း တိုင်း၊ မှန်-မှန်တဲ့အဘိုင်းတိုင်းသိတဲ့ဉာဏ်ဖြစ်မှ သက်သာရရမယ်၊ ချမ်းသာရမယ်။

ချမ်းသာရာရအောင်လို့ သက်သာရာရအောင်လို့ တရားတွေ ဟောကြရတာ၊ လူနတ်ဗြဟ္မာ သတ္တဝါတွေချမ်းသာရာရအောင်လို့ ဘုရားအဆူဆူတွေ ပွင့်ထွန်းတော်မူလာခဲ့ရတာ၊ အလကား မဟုတ်ဘူး၊ တို့တတွေချမ်းသာအောင်လို့ သက်သာရာရအောင်လို့ ထောက်ရာ တည်ရာရအောင်လို့ ဘုရားရယ်၊ တရားရယ်၊ သံဃာရယ်လို့ ရတနာသုံးပါးရှိရတာ ပေါ်ပေါက်ရတာ။

ဘုရားရယ်လို့ ပွင့်ထွန်းလာပြီးဘာလုပ်သလဲ သတ္တဝါတွေကို တရားဟောတယ်၊ လေးပါးသော သစ္စာတရားကို ဟောတယ်။ လေးပါးသော သစ္စာတရားတို့တွင် နိရောဓသစ္စာဆိုတဲ့ နိဗ္ဗာန်တရား၊ အဲဒီနိဗ္ဗာန်သိဖို့ အရေးကြီးတယ်။ နိဗ္ဗာန်သိလို့ရှိရင် ဒုက္ခကလဲ ပိုင်းခြားပြီးသားဖြစ်မှာပဲ၊ သမုဒယကလဲ ပယ်ပြီးသား ဖြစ်မှာပဲ၊ မဂ်ကလဲ ပွားပြီးသားဖြစ်မှာပဲ။ သိ၊ ပယ်၊ ဆိုက်၊ ပွား၊ လေးပါးကိစ္စ မဂ်၏ကိစ္စတွေဆိုတာ စိတ်တခုထဲဖြစ်တာ၊ မဂ်စိတ် တခုထဲဖြစ်တာ၊ ၎င်းမဂ်စိတ်က ဘာကိုသိသလဲ၊ ဘာကို အာရုံပြုသလဲ၊ နိဗ္ဗာန်တခုထဲအာရုံပြုတယ်။ အဲဒီနိဗ္ဗာန်တခုကိုသိတော့ လေးပါးသောကိစ္စ ပြီးသွားတာပဲ။

နိဗ္ဗာန်ဆိုတာကဘာလဲ၊တယ်မှာလဲ၊ တခြားမှာမဟုတ်ဘူးဗျ။ မိမိတို့ ခန္ဓာကိုယ်မှာ ရှိကြောင်း ရောဟိတ နတ်သား အစရှိသည်တို့ကို ဟောကြားထားတဲ့ ဒေသနာတွေမှာ ရှိပါတယ်။ ကြားဘူးကြမှာပေါ့၊ ထပ်မံအကျယ်တဝင့် ပြောမနေပါရစေနဲ့တော့၊ နိဗ္ဗာန်ဆိုတာ မိမိတို့ရဲ့ ခန္ဓာမှာရှိတယ်၊သေပြီးမှနိဗ္ဗာန် ရောက်မှာမဟုတ်ဘူး၊ မသေခင် အရှင်လတ်လတ် ရောက်ရမှာ၊

မသေခင် အရှင်လတ်လတ် ရောက်တာကို ကိလေသာ ပရိနိဗ္ဗာန်လို့ခေါ်တယ်၊ ပရိနိဗ္ဗုတ ပုဂ္ဂိုလ်လို့ခေါ်တယ်၊ ကိလေသာတွေ ပရိနိဗ္ဗာန်ပြုကုန်ပြီပေါ့၊ ကိလေသာတွေ ပရိနိဗ္ဗာန်ပြုကုန်ပြီဆိုတာ ကိလေသာတွေအဖြစ်ငြိမ်းနေတာပြောတာ။ ကိလေသာတွေက အဖြစ်ငြိမ်းကုန်ပြီး လောဘတို့ ဒေါသတို့ သောကတို့ ပရိဒေဝတို့ ဒေါမနဿတို့ အစရှိသည်ဖြင့် ထောင့်ငါးရာကိလေသာပေါ့၊ ဆယ်ပါးသော ကိလေသာ သံယောဇဉ် ပြောတော့ သံယောဇဉ် ၃-ပါး၊ ဥပါဒါန်နဲ့ ပြောတော့ ဥပါဒါန်၊ အာသဝ၊ ကာမ၊ ယောဂ၊ နီဝရဏအစရှိသည်ဖြင့် အမည်ရတဲ့ တရားတွေ အဖြစ်ငြိမ်းနေတာကို ပရိနိဗ္ဗုတ ပုဂ္ဂိုလ်လို့ သမုတ်ရတာပဲ။

ပရိနိဗ္ဗုတပုဂ္ဂိုလ်ဆိုတာ ကိုယ်တိုင်ကြီးရှိတာပဲ၊ နိဗ္ဗာန်ဆိုတာ ကိုယ်တိုင်သိရှိပြီး၊ ကိုယ်တိုင်မြင်တွေ့၊ ကိုယ်တိုင်ရောက်တာပဲ။ ပရိနိဗ္ဗုတ ပုဂ္ဂိုလ်ဆိုတာ အထင်အရှား ရှိပါတယ်လို့ ထင်ရှားသောဆရာတော်ကြီးတပါးက ဂမ္ဘီရာ ဂမ္ဘီရ ပရိနိဗ္ဗုတ ဒီပနီကိုရေးခဲ့တယ်၊ အချို့ဆရာတော်တွေက မနှစ်သက်ကြဘူး၊ မနှစ်သက်ကြပေမဲ့ ရှိရမှာပဲဗျ။ ကိလေသာတွေက ငြိမ်းတော့ ကိလေသာ ငြိမ်းတာတွေကရှိရမှာပဲ။ ခင်ဗျားတို့ လောကကြီးမှာ စိတ်ဆင်းရဲနေတော့ စိတ်ဆင်းရဲနေတဲ့သူ မရှိဘူးလား။ စိတ်ချမ်းသာနေတော့ စိတ်ချမ်းသာနေတဲ့လူ မရှိဘူးလား၊ ရှိတာပေါ့ဗျ။ သမုတ်တာပေါ့ဗျ၊ အဲဒီလို သမုတ်တာတွေ ရှိနေတာ။

တရားက သူ့ဖါသူ ဟုတ်နေတာ မှန်နေတာဗျ၊ သမုတ်ထာ မပါသေးဘူးပေါ့၊ အဲဒီသမုတ်ထာ မပါသေးတဲ့ တရား

သိရမှာ။ အဲဒါကြောင့် ကိလေသာ ချုပ်ငြိမ်းနေတော့ ကိလေသာ ချုပ်ငြိမ်းနေတဲ့ပုဂ္ဂိုလ်ပေါ့၊ အဲဒီလိုသိတဲ့ အဲဒီပုဂ္ဂိုလ်ကို ပရိနိဗ္ဗုတ ပုဂ္ဂိုလ်လို့ သမုတ်ပြီးပြောတာ။ ပရိဆိုတာက ကိလေသာတွေ ချုပ်ငြိမ်းတာကို ပရိလို့ခေါ်တယ်။ ပရိမပါပဲ နိဗ္ဗာန်ဆိုတာက အသင်္ခတဓာတ်နိဗ္ဗာန်။ ပရိနိဗ္ဗာန်ပေါ့။ ဒါတွေရှင်းပြနေရတာက ခင်ဗျားတို့ကို နိဗ္ဗာန်ဆိုတာ သေပြီးမှ သေပြီးတဲ့နောက်မှ ရောက်မှာ မဟုတ်ဘူးဆိုတာ သိစေလိုလို့ပဲ၊ ဟိုဘဝဒီဘဝ မနက်ဖြန်ခါ သဘက်ခါကျမှ ရောက်မှာမဟုတ်ဘူး။ အခုဟောပြလိုက်လို့ အခုသိမြင်သွားရင် အခုရောက်မှာ။

နိဗ္ဗာန်ကိုသိတာ မြင်တာ ဒဿနကိစ္စလို့ခေါ်တယ်။ အဲဒါသောတာပန်လို့ခေါ်တယ်။ အရိယာအငယ်စားကလေး ဖြစ်လာပြီပေါ့။ ရှေးဦးစွာမြင်လိုက်တယ်။ ရှေးဦးစွာသိလိုက်တယ်ပေါ့။သိရင်သိတဲ့အတိုင်းတိုင်း၊ မြင်မြင်တဲ့အတိုင်းတိုင်း သိသလိုမြင်သလို နေထိုင်ကျင့်သုံးသွားတယ်ပေါ့။ ပွားများတယ်ပေါ့။ အဲဒါ အထက်မဂ်အလို့ငှာပဲ။ ကိလေသာအဖြစ် နည်းနည်းသွားတယ်။ ဒါကိုပဲ ကိလေသာက ပါးပါး၊ ကုန်ကုန် သွားတယ်လို့ ဆိုရပြန်တာ။ အဲဒီလို နေသွားရမှာ။

လိုရင်းကတော့ မိမိတို့ရဲ့မနောမှာ စိတ်မှာသူ့ဟာသူဟုတ်နေတာကို သိကြရမယ်။ သိအောင်လို့ ကြည့်လိုက်ကြရမယ်။ ဒါအလုပ်ပဲဗျ။ အဲဒါ ဘုန်းကြီးတို့ပေးတဲ့ အလုပ်တရားပဲ။ မိမိတို့ရဲ့ မနောမှာ သူ့ဟာသူအလိုလိုဟုတ်နေတာကို ယထာဘူတလို့ခေါ်တယ်။ သမ္မာလို့ခေါ်တယ်။ ယထာဘူတတဲ့၊ ဘူတံ

ဘူတတော့ ပဿတိ။ အဲဒါကိုစကျုမ်သပုဒ်လို့ ခေါ်တယ်။ စာလို ခေါ်တာပါ။ လိုရင်းကတော့ ခင်ဗျားတို့ သူ့ဟာသူ ဟုတ်နေ မှန်နေတာ မြင်လိုက်ကြ၊ သိလိုက်ကြ။

တရားနာ ပရိတ်သတ်တို့ မိမိတို့စိတ်မှာ ဘယ်လို အနေနဲ့ ဟုတ်မှန်နေသလဲ၊ ဟုတ်မှန်မှာက ဘယ်လိုသာလျှင် ဟုတ်မှန်၍ နေကြမလဲ။ များသောအားဖြင့် ခင်ဗျားတို့စိတ်ထဲမှာ အေးပြီး သား၊ ငြိမ်းပြီးသား၊ အေးလျက် ငြိမ်းလျက်၊ ချမ်းသာလျက်၊ လွတ်ပြီးသား၊ ကျွတ်ပြီးသား၊ ဒီအတိုင်းသာလျှင် မှန်ရမယ်။ ဟုတ်ရမယ်။

ဒီအချိန်မှာ လောဘတွေ ဖြစ်နေတာလဲမဟုတ်ဘူး၊ ဒေါသ တွေ ဖြစ်နေတာလဲမဟုတ်ဘူး။ သောကပရိဒေဝတွေကလဲ ဖြစ် မနေဘူး၊ တောင့်တ ကြောင့်ကျတဲ့ စိတ်တွေကလဲ ဖြစ်မနေဘူး၊ သတ်မှုတွေ ခိုးမှုတွေကလဲ ကင်းရှင်း၍နေပါတယ်၊ ဖြစ်မနေပါ ဘူး၊ အဲဒါ အနတ္တ၊ ဘာတွေ ဘာတွေကို လုပ်ဦးမယ်ဆိုတဲ့ စိတ် ကလဲ မရှိပါဘူး၊ အယူအစွဲတွေကလဲ မရှိပါဘူး။

အယူအစွဲတခုနဲ့ ပြုလုပ်တာက အတ္တလို့ခေါ်တယ်။ အခု အချိန်အခါမှာတော့ အခုအခိုက်အတန့်ကလေးမှာတော့ ဘာကို မှ စွဲလမ်းတဲ့စိတ်၊ ဘာကိုမှ ပြုချင်တဲ့စိတ်ကလဲ မရှိလေတော့၊ ပကတိအတိုင်းတိုင်း အေးနေပါတယ်။ အဲဒါအနတ္တ။ ကိုယ်က ဘယ်လိုမှမလုပ်ပဲ ဘာကိုမှမကြံပဲ၊ ဘယ်ကိုမှမတွေးပဲ ဒီအတိုင်း တိုင်း အေးနေပါတယ်။ လိုရင်းကတော့ စိတ်အကြံ စိတ်အတွေး

စိတ်အလုပ်၊ စိတ်ကိစ္စ၊ စိတ်အပူတွေမဖြစ်တာ။ စိတ်အလုပ်တွေ မဖြစ်တာ။ ဒီစိတ်အလုပ်တွေကြောင့်ခက်တာ၊ နိဗ္ဗာန်ကြီးကို မမြင်နိုင်တာ။ ဒီစိတ်အလုပ်တွေကဖုံးနေတာ။ ကောင်းတဲ့စိတ်ပဲ ဖြစ်ဖြစ်၊ မကောင်းတဲ့စိတ်ပဲဖြစ်ဖြစ်၊ ဘာစိတ်ပဲဖြစ်ဖြစ်၊ စိတ် အလုပ် လုပ်ရင်တော့ စိတ်အလုပ်ဖုံးတာ။ ဒီစိတ်အလုပ်ကို စာလို တော့ သင်္ခါရခေါ်တယ်။ စိတ္တသင်္ခါရလို့ ခေါ်တယ်။ အဲဒါ ကြောင့်မို့ နိဗ္ဗာန်ကို ကံကိလေသာဖုံးတယ်၊ သင်္ခါရဖုံးတယ်လို့ ဘုရားကဟောခဲ့တာ။

အဲဒီကံကိလေသာတွေက အဝိဇ္ဇာကြောင့်ပြုတာ။ အဝိဇ္ဇာ ဆိုတာ မသိဘာပဲ။ မသိတာက ဘာကိုမသိတာလဲ ဘယ်လိုမသိ တာလဲ။ မိမိတို့မနေ့မှ သူ့အလိုလိုကတော့ အေးနေတာချုပ် နေတာ အေးငြိမ်းချမ်းသာနေတာ။ ပူတယ် ဆွေးတယ် မအေး တယ်ဆိုတဲ့ စိတ်မျိုးတွေမရှိဘူး။ တကာကြီးတွေ တကာမကြီး တွေမှာ ပူစိတ်တွေ ဖြစ်ပြီးသားအနေနဲ့ မရှိဘူး၊ ဖြစ်နေတာတွေ မရှိဘူး။ သူကအနိစ္စမျိုး။ အဲဒီ အနိစ္စကို အတ္တနဲ့ ပြန်ဖြေရရင် တော့ အကျယ်ကြီး ဟောရဦးမှာပဲ။ သဗ္ဗေ သင်္ခါရ အနိစ္စလို့ ဟောလို့မို့၊ အလုံးစုံသောသင်္ခါရတရားကရှိနေတာမဟုတ်ဘူး၊ လောဘကလဲ ရှိနေတာ မဟုတ်ဘူး။ ဒေါသကလဲ ရှိနေတာ မဟုတ်ဘူး၊ မောဟဆိုတာကလဲ ရှိနေတာမဟုတ်ဘူး။ ရှိမနေဘူး အဲဒါကြောင့် အနိစ္စလို့ ဟောတာ။

တခါတခါတော့ ရှိတာပေါ့။ ရန်ခါရန်ခါကတော့ ရှိတာ ပေါ့။ ဖြစ်လာတာပေါ့၊ ဖြစ်ပြီးတော့လဲပျက်သွားတယ်။ ဖြစ်ပြီး

ပျက်သွားလို့မရှိဘူး။ ဖြစ်ဦးမဲ့ တရားကလဲ မဖြစ်သေးလို့မို့ ဖြစ်နေတာတွေ မရှိဘူး။ အဖြစ်မှအေးလျက် ငြိမ်းလျက်ရှိတယ်၊ လွတ်လျက်ရှိတယ်။ ခပ်သိမ်းသောအဖြစ်တို့ရဲ့ အေးရာ ငြိမ်းရာ ကြီးရှိတယ်။ နိဗ္ဗာန်အထင်အရှား ရှိတယ်ဆိုတာ ဒါပြောတာ။

အဲဒါကြောင့် အေးပြီးသား ငြိမ်းပြီးသားတရားကို အေးပြီးသား၊ ငြိမ်းပြီးသားပါကလား၊ သူ့ပင်ကိုကတော့ သူ့အလိုလိုကတော့၊ သူ့ဟာသူ အေးပြီးသား၊ ငြိမ်းပြီးသား ချုပ်ပြီးသား တရားပါကလားရယ်လို့ ဤလိုသိတဲ့ဉာဏ်ဖြစ်တာပဲ။

ဤကဲ့သို့ ဘယ်တုံးကမှ မသိခဲ့ဘူးလေတော့ ရှုမှု၊ မှတ်မှု၊ ပွားမှု၊ ဒါမှရမှာလို့ သိပြန်ရော။ အဲဒီတော့မှ သင်္ခါရတွေက ဖြစ်လာပါရော။ နိဗ္ဗာန်ဆိုတာ အလုပ်လုပ်ယူရမယ် အစရှိသည် ဖြင့် ဒီလိုသိသွားကြပြန်ရော၊ ဘုရားက ဟောသွားခဲ့ပါတယ်။ သစ္စာလေးပါး ဖြစ်လာအောင် မင်းတို့က လုပ်မပေးရပါဘူး၊ သစ္စာလေးပါးတရားဆိုတာ သူ့အနေအထားဖြင့် ကိုက မဖေါက် မပြန် ဟုတ်မှန်စွာရှိပြီးသားပါတဲ့၊ အဲဒီရှိပြီးသား သစ္စာလေးပါး ကို ရှေးဦးစွာ သိမြင်တော်မူတာကို ဘုရားလို့ခေါ်တာ။ သစ္စာ လေးပါး တရားကို ဘုရားက လုပ်ပေးတာမဟုတ်ဘူး၊ ဘုရား လုပ်လို့ သစ္စာလေးပါးဖြစ်လာတယ်ဆိုရင် အခြားအခြားသော ဘာသာဝင်တွေ ဖြစ်ကုန်လိမ့်မယ်၊ သူ့ဟာသူ ဟုတ်နေ မှန်နေ တာကို သိတာ။

သိစရာတရား အပေါင်းတို့တွင် သူ့အလိုလိုမှန်ကန်ပြီး ငြိမ်း ချမ်း၍နေသော တရားကို သိမြင်ဘို့ရာ အရေးကြီးတယ်၊ အဲဒီ

တရားက နိရောဓသစ္စာတရား၊ သည့်အပြင် ဖြစ်တာတွေကတော့ သခ်ါရတရားခေါ်တယ်၊ အဲဒါတွေကလဲ ခင်ဗျားတို့မနေ့မှာ ရုံခါရုံခါ ဖြစ်လာတာကလဲ မလွဲဘူး၊ မှန်ပါတယ်။

လောဘဖြစ်တော့ လောဘဖြစ်တဲ့တရား၊
ဒေါသဖြစ်တော့ ဒေါသဖြစ်တဲ့တရား၊
သောကပရိဒေဝဖြစ်တော့ သောကပရိဒေဝဖြစ်တဲ့တရား
တရားတခုခု ရှုမှတ်တော့သဲ ရှုမှတ်နေတဲ့တရား

အဲဒီလိုလဲ မှန်နေပါတယ်။ ဘယ်လိုမှ လွဲနေတာ မရှိဘူး။ ဒီလိုသိကြရမယ်၊ အဲဒီလိုစိတ်က ဖြစ်လာတာတွေကို ဥပါဒါနက္ခန္ဓာလို့ခေါ်တယ်။ အဲဒီဥပါဒါနက္ခန္ဓာက အစဉ်အမြဲ ရှိနေတာမဟုတ်ဘူး၊ ဖြစ်အောင်လုပ်တဲ့အခါမှ ဖြစ်ပြီး၊ ပြီးတော့လဲ ပျက်တဲ့တရား၊ အဲဒါလိုသိကြရမယ်၊ ဒီခန္ဓာကိုယ်ကြီးကို ပြောတာမဟုတ်ဘူး၊ ဒီခန္ဓာကိုယ်ကြီးက ပဉ္စက္ခန္ဓာလို့ ခေါ်တယ်။ အနုပါဒါနက္ခန္ဓာလို့လဲခေါ်တယ်။

အဲဒီ ခြေအစ ခေါင်းအဆုံးဖြစ်တဲ့ ပဉ္စက္ခန္ဓာ (ဝါ) အနုပါဒါနက္ခန္ဓာကို ကြည့်ရမှာမဟုတ်ဘူး၊ မြင်တာတို့ ကြားတာတို့ နံတာတို့ စားတာတို့ ဒီလိုကြည့်ရမှာ မဟုတ်ဘူး၊ ဒီခန္ဓာ ကြည့်နေလို့ မဂ်မဖြစ်ဘူး၊ နိဗ္ဗာန်ရောက်မှာ မဟုတ်ဘူး နိဗ္ဗာန်ရောက်ဖို့ နိဗ္ဗာန်မြင်ဖို့က ဥပါဒါနက္ခန္ဓာတွေ သူ့အလိုလို မဖြစ်ပဲနေတာ၊ သူ့အလိုလို ချုပ်ငြိမ်း၍နေတာ၊ သူ့အလိုလို—

ခယဝမ္မဖြစ်၍နေတာ
ဝယဓမ္မဖြစ်၍နေဘာ
ဝိရာဂဓမ္မဖြစ်၍နေတာ
နိရောဓဓမ္မဖြစ်၍နေတာ

ကိုသိကြရမယ်၊ အဲဒီ ဥပါဒါနက္ခန္ဓာ တည်းဟူသော လောကကြီး သွဉ်းနေတယ်၊ ဆိတ်နေတယ်၊ ကုန်နေတယ်၊ ခန်းနေတယ်၊ မရှိဘူး ဤလိုဟောကြားတော်မူခဲ့တာ။ အဲဒီ ဥပါဒါနက္ခန္ဓာဆိုတဲ့ နာမ်ရုပ်က သူ့အလိုလိုက အဖြစ်တို့မှ သုဉ်းဆိတ်ချုပ်ငြိမ်း၍နေတယ်၊ မရှိဘူး၊ အဲဒီလိုသိကြရမယ်၊ အဲဒီလိုသိမှ မဖြစ်ဘူးသေးတဲ့ ကုသိုလ်တွေဖြစ်မှာ။

ခန္ဓာနာမ်ရုပ်တွေ ရှိတယ်လို့ သိခဲ့ကြသားပဲ၊ ဖြစ်တယ် ပျက်တယ် ဘယ်နှယ်ညာ့နှယ်နဲ့ သိခဲ့ကြသားပဲ၊ အဲဒါမှန်တော့ မှန်တယ်၊ လောကီကုသိုလ်ပေါ့၊ ထပ်ခါထပ်ခါ ထပ်တလဲလဲ ဖြစ်ခဲ့ကြဘူးတဲ့ လမ်းစဉ်လက်ရိုးကြီးပေါ့၊ မဖြစ်သေးတဲ့ ကုသိုလ်မျိုး မဟုတ်ဘူး၊ မဖြစ်သေးတဲ့ကုသိုလ်မျိုး ဆိုတာက ဆိုခဲ့တဲ့ ဥပါဒါနက္ခန္ဓာက သူ့အလိုလို ချုပ်နေတယ်၊ ဥပါဒါနက္ခန္ဓာ ဆိုတာ အစဲ့လမ်းနဲ့တကွ ဖြစ်တဲ့စိတ်ကို ပြောတာ၊ လောဘစိတ်၊ ဒေါသစိတ်၊ သောကစိတ်၊ ပရိဒေဝစိတ်၊ သူထင်၊ ငါထင်၊ လူထင်၊ ပုဂ္ဂိုလ်ထင်၊ အစရှိသည်ဖြင့် ဖြစ်နေကျ စိတ်မျိုးတွေကို ဥပါဒါနက္ခန္ဓာလို့ ခေါ်တယ်။

အဲဒီမနောဒွါရကဖြစ်တဲ့ ခန္ဓာငါးပါး၊ အဲဒီခန္ဓာငါးပါးက သူ့အလိုလိုကတော့သုဉ်းနေတယ်၊ ပြောနေရတာက ဖြစ်တိုးက

ဖြစ်ခဲ့တာတွေ ဖြစ်တတ်တာတွေကိုပြောနေရတာ။ အခုမရှိတော့တာကို ငါးပြီးပြောရတယ်။ အခုနေတာကဘာလဲ၊ အေးနေတဲ့သဘောပဲရှိတယ်၊ အေးနေတာဟုတ်တယ်၊ ငြိမ်းနေတာရှိတာပဲ၊ အဲဒီ အေးငြိမ်းနေတာကို သိကြရမယ်၊ အဲဒီလို အသိမျိုးက ဘယ်တုံးကမှမဖြစ်ခဲ့ကြဘူးသေးတော့ ဒီလိုနေတော့ အလကားပဲ၊ ဒီလိုနဲ့ ရနိုင်ပါ့မလား ရောက်နိုင်ပါ့မလား အစရှိသည်ဖြင့် အဲဒီလို သိကုန်ကြပြန်ရော၊ ခက်တယ်။

ဒီအတိုင်းတိုင်းနေတာ အေးချမ်းနေပါကလား၊ ငြိမ်းချမ်းနေပါကလား၊ အေးရာ ငြိမ်းရာပါကလား၊ ချုပ်ရာပါကလား၊ နိဗ္ဗာန်ပါကလား၊ ဤလိုမှတပါး ဘာမှ မတိုးရပါကလား၊ သည့်ထက် မတိုးရပါကလားလို့ သိတာ။ ဤလို ပိုင်းပိုင်းခြားခြားသိတော့ သည့်ထက်များ တိုးလုပ်လိုက်ရင်တော့ သင်္ခါရမျိုးတွေချည်းပဲဖြစ်ကုန်မှာ၊ ဒုက္ခအိုးတွေဖြစ်တော့မှာ၊ ဒီအတိုင်းတိုင်း အေးရာမှ တိုးလိုက်ရင်တော့ တမျိုးတက်လိုက် ရင်တော့ ဒုက္ခဖြစ်မဲ့ သတောတွေဖြစ်ပြီး ပျောက်ပျက်ကုန်ဆုံးမဲ့ သဘောတွေဖြစ်တော့မယ်လို့ ကေန်သိသွားတာ၊ ခြားခြားနားနားသိတာကို ပိုင်းခြားသိတယ်လို့ ဟောတာ။

ဤကားဒုက္ခ
ဤကားသမုဒယ
ဤကားနိရောဓ
ဤကားမဂ္ဂ

ရယ်လို့ ပိုင်းခြားပြီး သိတာ။ သည့်ထက် မတိုးရဘူးလို့ သိတော့ ဆုံးနေတယ်ပေါ့။ဘုရားဦးခေါင်းဆုံးတယ်ပေါ့၊ဓမ္မခန်း ဆုံးတယ်ပေါ့၊ ဓမ္မခန်းဆုံးအောင် သိတဲ့အသိ၊ ဒသနကိစ္စ လောကုတ္တရာဆိုတဲ့ သောတာပတ္တိ မဂ်ဉာဏ်။ အဲဒါမှ သောတာ ပန် ဖြစ်တာဗျ၊ နိဗ္ဗာန်မြင်တာပဲ။

နိဗ္ဗာန်မြင်အောင်က ခင်ဗျားတို့ ဘယ်နှယ်မှ မလုပ်ရဘူး၊ ဘယ်နှယ်မှမလုပ်ရလို့ နိဗ္ဗာန်လို့ပြောတာ၊ အသင်္ခတာ ဓမ္မာ လို့တော့ ခင်ဗျားတို့ ရွတ်ကြသားပဲ၊ ဘာသာပြန်လိုက်တော့ ကံရယ်၊ စိတ်ရယ်၊ဥတုရယ်၊အာဟာရရယ် အစရှိတဲ့ အကြောင်း တရားတို့ဖြင့် မပြုပြင်အပ်တဲ့တရား၊ ဘယ်နှယ်မှမလုပ်ရတဲ့တရား၊ ဘယ်နှယ်မှမလုပ်ရလို့လဲ ချမ်းသာတယ်လို့ပြောတာ၊ ဘာကိုမှ ဘယ်လိုမှ မပြုလုပ်ရလို့ ချမ်းသာတာ၊ နိဗ္ဗာန်ချမ်းသာဆိုတာက ဘယ်နှယ်မှ မလုပ်ရပဲ အလိုလိုရှိပြီးသား၊ လောကီချမ်းသာ ဆိုတာက ဒီလိုရှိပြီးသားမဟုတ်ဘူးဗျ၊ လုပ်နိုင်၊ ကိုင်နိုင်၊ ရှာနိုင်၊ ဖွေနိုင်မှရတာ၊ ပြုနိုင်၊ ပြင်နိုင်၊ ထူထောင်နိုင်မှရတာ၊ လောကီ ကုသိုလ်ဆိုတာ တယ်လွယ်တာမျိုးမဟုတ်ဘူး။

လောကီ ကုသိုလ်ဆိုတာ ပြုနိုင်၊ ပြင်နိုင်၊ လုပ်နိုင်၊ ကိုင်နိုင်၊ ရှာဖွေနိုင်မှ ရတာမျိုး၊ အလုပ်လုပ်တယ်ဆိုတာ ဒီအတိုင်းတိုင်း နေလို့မဖြစ်ဘူး၊ သွားရလာရလုပ်ရကိုင်ရသေးတာ၊ ထမင်းဆာ တယ်ဆိုရင်လဲ စားပေးရသေးတယ်၊ လူချမ်းသာ၊နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာဆိုတာအလိုလိုရတာမျိုးမဟုတ်ဘူး၊ ငရဲတိရစ္ဆာန် ပြိတ္တာ အသူရကာယ်ဖြစ်တယ်ဆိုတာလဲအလိုလိုမဖြစ်ဘူး၊ မိုက်ရဲမှ

မိုက်နိုင်မှုဖြစ်တာ၊ ထင်ရှားအောင် ဥပမာတခု ပြောရရင် ခင်ဗျားတို့တတွေ လောကမှာ အခုရှိတဲ့ အကျဉ်းထောင်ကြီးထဲ အလိုလိုကျပါ့မလား၊ မကျပါဘူးဗျ။ ဒါဖြင့် အလိုလိုလွတ်ပြီး သွားမဟုတ်ဘူးလား၊ သူ့အတိုင်းတိုင်းကတော့ လွတ်ပြီးသား မဟုတ်ဘူးလား၊ ထောင်က လွတ်နေအောင် ဘယ်သူ့မှ တိုင်ကြားထားရတာ၊ ပြုလုပ်ထားရတာ မဟုတ်ဘူး၊ ဒီအတိုင်းပဲ လွတ်နေပါတယ်၊ ဘယ်လိုမှ မလုပ်ရပါဘူး။

နိဗ္ဗာန်ဆိုတာလဲ ဒီသဘောပဲ၊ ဘယ်လိုမှမလုပ်ရပဲ အလိုလို ငြိမ်းနေတဲ့သဘော၊ ဒီအတိုင်းတိုင်းလွတ်နေတဲ့သဘော၊ ဘယ်လိုမှ မလုပ်ရပါဘူး၊ ဥပမာ ဒီလိုပြောတာ ထောင်ကလွတ်အောင်ကတော့ ဘယ်နှယ်မှမလုပ်ရဘူး၊ ဒီအတိုင်းနေရုံပဲ၊ လွတ်ပြီးသား လွတ်ပြီးသားအတိုင်း နေလိုက်ရုံပဲ ထောင်ကျဘို့ကတော့ လွယ်တယ်မှတ်သလား၊ တယ်မလွယ်ဘူး၊ တော်တော်မိုက်ရဲမှ ကျမှာ၊ တော်တော်မိုက်ရဲမှထောင်ထဲကျတာ၊ အဲဒီလိုပဲ သံသရာဆိုတဲ့ တဘုံ တည်းဟူသော ထောင်အိမ်ကြီးထဲ၊ နှောင်အိမ်ကြီးထဲ ကျရောက်ဖို့ကတော့ ဒီအတိုင်းတိုင်းမကျဘူး၊ တော်တော်ကြီး မိုက်ရဲမှ ရောက်တာ့ကျတာ။

ပြောတာလဲမယုံ၊ ဟောတာလဲမယုံ၊ဟုတ်တာလဲမသိ၊မဟုတ်တာလဲမသိ၊ မသိလို့ သပ္ပုရိသလဲ မရှာမှီးပဲနဲ့ ပုထုဇဉ်ဆိုတာ ထင်ရာလုပ်တာပဲ၊ အဲဒါ မိုက်မဲတာ မိုက်ရဲတာ၊ တရားလိုပြောတော့ အဝိဇ္ဇာ၊ အဝိဇ္ဇာဆိုတာ မသိဘူး မိုက်မဲတယ်၊ ဘာကို မသိတာလဲဆိုတော့ သူ့အလိုလို ချုပ်ငြိမ်းပြီးသားပါကလား

အေးနေပါကလား ငြိမ်းနေပါကလားရယ်လို့ မသိတာ၊ ဒီလို မသိတော့ မသိတဲ့အတိုင်း ရပ်နေသေးတာ မဟုတ်ဘူး၊ အေးအောင်ကတော့ လုပ်ရဦးမှာပဲ၊ ရှာဦးမှပဲ၊ ကြံဦးမှ ပြုပြင်ဦးမှနဲ့ ဖြစ်လာတာပေါ့။

အေးမှု ငြိမ်းမှု ချမ်းသာမှုဆိုတာ သူ့လိုလိုကအ ရှိပြီးသား ရှိနေတာကို ဘယ့်နှယ်မှ မလုပ်ရဘူး၊ မပြုပြင်ရဘူး၊ ဘာကိုမှ ဘယ်လိုမှ မလုပ်မကိုင်ရလို့ အသင်္ခတခာတ် နိဗ္ဗာန်လို့ ဟောခဲ့တာ၊ ဒီအတိုင်းတိုင်းအေးမနေဘူးလား၊ အေးချင်ကြရင်တော့ ဒီအတိုင်းတိုင်း နေကြရုံပဲ၊ စိတ်ချမ်းသာလိုကြလျှင် စိတ်အေးလိုကြလျှင်ဖြင့် ဒီအတိုင်းဘိုင်း နေကြရုံပဲ၊ ဒီအတိုင်း ကတော့ အေးပြီးသားပါဗျာ၊ ပူချင့်ဆွေးချင်ရင်ဖြင့် ဒီအတိုင်းမနေကြနဲ့ စိတ်အလုပ် ကြပ်ကြပ်လုပ်ကြ၊ စိတ်လုပ်သမျှတော့ ဒုက္ခချည်းပဲ။ ဒုက္ခသစ္စာတဲ့ စိတ်အလုပ် ကြပ်ကြပ်လုပ်လေ ဒုက္ခများများ ရောက်လေပဲ။

ယခုအချိန် အခုအခိုက်မှာ ခင်ဗျားတို့ စိတ်ကလေးမှာ ဟုတ် မှန်၍ နေရမှာက ...

လောဘတွေကလဲ ဖြစ်ဆဲမဟုတ်
ဒေါသတွေကလဲ ဖြစ်ဆဲမဟုတ်
သောကတွေကလဲ ဖြစ်ဆဲမဟုတ်
ပရိဒေဝတွေကလဲ ဖြစ်ဆဲမဟုတ်
သတ်ချင့်ဖြတ်ချင်တဲ့ စိတ်တွေကလဲ ဖြစ်ဆဲမဟုတ်
ခိုးချင်ဝှက်ချင်တဲ့ စိတ်တွေကလဲ ဖြစ်ဆဲမဟုတ်

ယခုအချိန် ယခုအခိုက်မှာ ဖြစ်ဆဲကတော့ ကုသလာဓမ္မာ၊ ဒီလိုစိတ်မျိုးကတော့ ဖြစ်တယ်ဗျ၊ ပယ်လို့မဖြစ်ဘူး၊ ဘုရား ရဟန္တာများလဲ တရားနာတဲ့ စိတ်ကတော့ ဖြစ်တယ်။ သူက ကျေးဇူးပြုထောက်ပံ့တယ်ပေါ့၊ တရားနာနေတဲ့စိတ် လောကီ ကုသိုလ်ပေါ့ဗျာ၊အဲဒီစိတ်ကကျေးဇူးပြုပေးတာ၊ဟောဘဲ့အတိုင်း ကြည့်တော့ ဒီအတိုင်းက အေးနေတာ၊ ပင်ကိုယ်ကငြိမ်းနေတာ၊ ချမ်းသာနေတာကို သိသွားတယ်။

အဲဒါကြောင့်မို့ ပင်ကိုယ်ကတော့ ကင်းနေတယ်၊ ပင်ကိုယ် ကတော့ ရှင်းနေတယ်၊ ပင်ကိုယ်ကတော့ရှင်း ပင်ကိုယ်ကကင်းတဲ့ တရား၊ အဲဒီလိုသိတာဗျ။ ဒါမဖြစ်ဘူးသေးတဲ့ ကုသိုလ်ဖြစ်တာ၊ ဒီလိုပြောလိုက်တော့ ခင်ဗျားတို့က လွယ်လှချေလားလို့ ပြောဦး မှာဗျ၊ ပြောပြလိုက်တာကိုး လွယ်မှာပေါ့၊ ပြောလိုက်တော့ ခင်ဗျားတို့ကကြည့်လိုက် ကြည့်လိုက်တော့ မြင်သွားရော၊ လွယ် တာပေါ့၊ ပြောဟောပေးတော့ လွယ်တာပေါ့။

ဥပမာ ခင်ဗျားတို့ရဲ့နာမည်တွေကို တစ်စုံတယောက်ကသိချင် လို့မေးရင် ပြောလိုက်တော့ မလွယ်ဘူးလား။ ဒီလိုမှ မမေးပဲ မပြောပဲ စဉ်းစားနေမှုင်၊ ကြံဆနေရင်တော့ နာမည်သိဘို့ရာ လွယ်ပါ့မလား၊ ဘယ်လွယ်ပါ့မလဲ၊ မေးလို့ ပြောလိုက်ရင်တော့ လွယ်ကူတာပေါ့၊ အဲဒီဥပမာလိုပဲ၊ ဒီမှာလဲ နိဗ္ဗာန်ကို သိချင် ရောက်ချင်ကြတယ်ဆိုတော့ ပြောဟောပေးလိုက်တော့ လွယ်ကူ စွာ၊ သက်သာစွာ သိသွားကြရတာပဲ၊ သူ့အလိုလို ကတော့ သိနိုင်ပါ့မလား။

အခုတော့ ဒီလိုမဟုတ်ပဲ မမြင်ကြဘူး၊ ကိလေသာဆိုတာ ရှိနေတယ်၊ ပရိယုဋ္ဌာနအားဖြင့် မရှိငြားသော်လည်း အနုသယ အားဖြင့်တော့ ရှိနေတယ်ရယ်လို့ လာပြန်သေးဘယ်။ တရား ဟောရင်လဲ ဟောတဲ့အတိုင်းမသိဘူး၊ ပိုပိုပြီးတော့ လာလိုက်တာ တွေက နဲတာမဟုတ်ဘူး၊ ဘုရားက သဗ္ဗေသင်္ခါရ အနိစ္စရယ်လို့ ဟောတယ်၊ သူ့ဘိုက ရှိနေတယ်သို့ယူဘယ်။ တည့်ပါ့မလား မတည့်ပါဘူး၊ ကိလေသာ အမြဲရှိနေတယ်လို့ ယူတဲ့ အယူဘရား သမားဟာ နိဗ္ဗာန်နဲ့ဝေးသွားပြီ၊ တော်တော်ကြီး ခက်သွားပြီ။

အမှန်က ကိလေသာဆိုတာ ရှိမနေဘူး၊ ရှိမနေကြောင်းကို ဘုရားက အမျိုးမျိုး ဟောကြားခဲ့ပါဘယ်၊ အဒဿနတော အာယန္တိ အစရှိသည်ဖြင့် ဟောခဲ့ပါတယ်၊ ဒီသင်္ခါရတရားတွေက အချည်းနှီးတရားတွေပဲ၊ ဖြစ်ချည် ပျက်ချည် ဘရားဘွေဖြစ်ပြီး ပျက်တယ် မရှိဘူးလို့ ဟောတာ၊ အဲဒါဥပါဒါနက္ခန္ဓာ ဟောတာ။

ဥပါဒါနက္ခန္ဓာဆိုတာ အဒ္ဓါန သန္တတိတွေမရှိဘူး၊ အဒ္ဓါန သန္တတိဆိုတာ ဘဝအတူ၊ အဖြစ်မရှိဘူး၊ ရှိမှုမရှိပဲ၊ အာရမ္မဏ မရှိဘူး၊ သူကကိုင်စမ်း ဖမ်းလို့မရဘူး၊ ပုံဟန်သဏ္ဌာန် နိမိတ် မရှိဘူး၊ အခကာင် အသည် မရှိဘူး၊ သောက တရား ဆိုတာ အကောင်အထည်ရှိပါ့မလား၊ ဒေါသ,သောက,ပရိဒေဝ တရား တွေကလဲ အကောင်အထည်ရှိပါ့မလား၊ စိတ်အတွေး စိတ်အကြံ ဆိုတာကလဲအကောင်အထည်ရှိပါ့မလား၊ မရှိပါဘူးဗျ။ ဖြစ်တဲ့ အခါဖြစ်ပြီး, ပျက်တဲ့အခါ ပျက်သွားတာပါ၊ အဲဒါကိုပြောဘာ နဂိုက ရှိမနေဘူးလို့ပြောတာ။

ဒါကို ဘုရားက ဥပမာနဲ့ ဟောခဲ့တာပဲ၊ တိမ်တိုက် နှစ်ရပ် စပ်မှ လျှပ်စစ်ရောင် လက်ခနဲပေါ်သလို စည်းနဲ့ လက်ခတ်တီး ခတ်ကြတော့မှ အသံတွေ မြည်သလို အကြောင်းတိုက်မှဖြစ်၊ ဖြစ်ပြီးတော့လဲ ပျောက်သွားတာပဲ၊ နဂိုက ရှိမနေပါဘူး၊ နဂို ကတော့ အဲဒီလျှပ်စစ်တို့ရဲ့ မရှိရာ၊ အသံတို့ရဲ့မရှိရာ၊ အေးရာ၊ ငြိမ်းရာ ချုပ်ရာသဘောသျှင်ရှိတယ်၊ ဒီမှာလဲဒီလိုပဲ၊ လောဘ၊ဒေါသ၊ သောက၊တရားတွေက ရှိမနေပါဘူး၊ငင်းကိလေသာတရားတွေရဲ့ မဖြစ်ရာ၊ (၀၁) ချုပ်ရာ အေးရာ၊ ငြိမ်းရာသဘောသျှင် ရှိပါတယ်။

အဲဒီ လောဘ၊ဒေါသ၊သောကဆိုတဲ့ ကိလေသာ တရားတွေ မရှိတော့ တရားလွဲတယ်ရယ်လို့၊ တရားမဟုတ်ဘူးရယ်လို့ ထင် နေကြသလား။ ဒီလိုမဟုတ်ပါဘူး၊ စတုသစ္စဝိနိမုတ္တော ခမ္မော နာမ နတ္ထိတဲ့။ သစ္စာလေးပါးမှ လွတ်နေတဲ့တရား၊လွဲနေတဲ့တရား မရှိဘူးတဲ့၊ လေးပါးအနက် တပါးပါးနဲ့တော့ မှန်နေရဦးမှာ၊ ဟုတ်နေရဦးမှာ၊ မိမိတို့ရဲ့မနေမှာသဲ့ တပါးပါးကတော့ ဟုတ် ရမှာ၊ ရှိရမှာ၊ အဲဒါကြောင့်မို့ လောဘ၊ဒေါသ၊မောဟတွေက ဖြစ်နေတာ မရှိလေတော့ လောဘ ဒေါသတွေရဲ့ မဖြစ်ရာ၊ ချုပ်ရာ ဆိုတဲ့ သဘောကြီး ရှိတယ်၊ အဲဒါ မရှိရာ ချုပ်ရာ ဆိုတဲ့ သဘောကို နိဗ္ဗာန်လို့ဆိုတာ။

နိဗ္ဗာန်ဆိုတာ ဘုံကြီးနဲ့၊ ဗိမာန်ကြီးနဲ့၊ ပြာသာဒ်ကြီးနဲ့ မဟုတ်ဘူး၊ ရာဂ၊ဒေါသ၊ မောဟ၊ မရှိလေတော့ ရာဂ ဒေါသ မောဟတွေက မဖြစ်လေတော့ အပူတွေ အဆွေးတွေ မအေးတဲ့ စိတ်တွေက မရှိလေတော့ မိမိတို့ရဲ့ စိတ်မှာ ပကတိအတိုင်း

အေးနေတာ၊ငြိမ်းချမ်း၍နေတာ၊ အဲဒါနိဗ္ဗာန်ဗျ၊ ပကတိအတိုင်း စိတ်မှာ ငြိမ်းချမ်း၍နေတာ။ စိတ်ကိုနိဗ္ဗာန်လို့လဲ မယူကြနဲ့ဦး။ စိတ် ငြိမ်းချမ်းနေတယ်ဆိုတာ စိတ်မှာအပူမကပ်တာပေါ့၊ အဲဒီ အပူတွေ မကပ်လေတော့ စိတ်အပူတို့ရဲ့ မကပ်ရာ၊ ဒီနေရာမှာ အပူမကပ်တာနဲ့ အပူမကပ်ရာနဲ့၊ နည်းနည်းကလေး ကွဲတာကို သတိထားကြ၊ ပူတာတွေမကပ်လေတော့ မကပ်ရာတဲ့၊ အဲဒါ ရှိတယ်၊ အဲဒါနိဗ္ဗာန်ပဲ။

အပူတွေမကပ်တော့ အေးရာနဲ့နေတဲ့စိတ်၊ အဲဒါကို တနည်း ပြောတော့ နိဗ္ဗာန်နဲ့နေတဲ့စိတ်၊ အဲဒါ စိတ်-စိတ်အတိုင်းတိုင်း ဆိုပြီး ဘုန်းကြီးက ဟောတာ၊ စိတ်-စိတ်အတိုင်းတိုင်း ဆိုတာ ဘယ်လိုနေတာလဲ၊ အဲဒီလိုသိမှ နေတတ်တာ၊ အမှန်ကတော့ စိတ် စိတ်အတိုင်းတိုင်း ဘာနဲ့နေမလဲ၊ စိတ်အတိုင်းတိုင်း နိဗ္ဗာန် နဲ့ နေတာပေါ့၊ စိတ်-စိတ်အတိုင်းဆိုရင်တော့ ဖြူစင် သန့်ရှင်း တယ်ပေါ့။

စိတ်မှာ ရာဂ ဒေါသ မောဟ ကပ်ရောက်နေတာမရှိဘူးပေါ့၊ အတိုင်းတိုင်း ဆိုတာ ဒါကိုပြောတာ၊ ဖြူစင်သန့်ရှင်းနေတာ အတိုင်းတိုင်းပဲ၊ ရေသည် ရေအတိုင်းတိုင်းနေတာလိုပေါ့၊ ရေထဲ အမျိုးမျိုးရောတော့ အမျိုးမျိုးမဖြစ်ကြဘူးလား။ ရေထဲ အနီ တွေ ရောတော့ ရေနီနေမှာပေါ့၊ အစိမ်းရောတော့ ရေစိမ်း နေ မှာပေါ့၊ နောက်စရာတွေရောတော့ ရေနောက်နေမှာပေါ့။

အဲဒီလိုပဲ မိမိတို့ရဲ့စိတ်မှာလဲ....

ပူစရာထည့်တွေးတော့ ပူတဲ့စိတ်တွေဖြစ်

သားထည့်ပေးတော့ သားစိတ်တွေဖြစ်
သမီးထည့်ပေးတော့ သမီးစိတ်တွေဖြစ်
ကုသိုလ်ထည့်ပေးတော့ ကုသိုလ်စိတ်တွေဖြစ်
အကုသိုလ်ထည့်ပေးတော့ အကုသိုလ်စိတ်တွေဖြစ်
ဘာတွေထည့်ပေး ထည့်ပေး၊ ထည့်ပေးတာတွေ ဖြစ်ကြမှာပဲ။

စိတ်-စိတ်အတိုင်းတိုင်းဆိုတာ အစစ်အမှန်တိတိကျကျ သိကြရအောင် မေးကြပါလား၊ စိတ်ဆိုတာ အာရုံနဲ့ ကင်းပြီးတော့ နေမဖြစ်ပါဘူး၊ စိတ်အတိုင်းတိုင်း ဘာနဲ့နေသလဲလို့ မေးကြပါလား။

စိတ်-စိတ်အတိုင်းတိုင်း ဘာနဲ့နေသလဲဆိုရင် ဘာနဲ့ထားသလဲဆိုရင် နိဗ္ဗာန်တည်းဟူသော အာရုံနဲ့ နေတယ်၊ နိဗ္ဗာန်တည်းဟူသော အာရုံနဲ့ထားတယ်၊ နိဗ္ဗာန်ဆိုတာ မိမိတို့ရဲ့စိတ်မှာ စိတ်အလုပ် စိတ်အပူ စိတ်ကိစ္စတွေမရှိဘာ၊ စိတ်အတိုင်းတိုင်းနေတာ၊ စိတ်တိုင်းတိုင်းနေရင် မအေးဘူးလား၊ မငြိမ်းဘူးလား၊ ငြိမ်းနေတာ ငြိမ်းတဲ့တရား၊ လောဘတွေ မဖြစ်တော့ မဖြစ်တဲ့တရားချုပ်တာ၊ မဖြစ်တာ ကုန်တာက လောဘတွေ၊ လောဘတွေ ကုန်တာ နိဗ္ဗာန်မဟုတ်ဘူး၊ ကုန်တာ ချုပ်တာက တခြား၊ ကုန်သွားမှ ချုပ်သွားမှ ကုန်ရာ ချုပ်ရာကြီး ကျန်နေတယ်။ စိတ်ပူတွေ ကုန်သွားလို့ရှိရင် စိတ်ကျန်ရမှာပေါ့။ လောဘတွေ

ကုန်တော့ စိတ်ကျန်တယ်။ အဲဒါစိတ်အတိုင်းတိုင်းလို့ပြောတာ၊ သည်မှတပါး အဖြေတွေကတော့ အများချည်းပေါ့။

ဘုန်းကြီးတို့က အနည်းနည်းနဲ့ ဟောခဲ့ပါတယ်။ ဖြေခဲ့ပါတယ်။ အခုနေအခါမှာ ခင်ဗျားတို့ လောဘတွေ ဖြစ်နေကြသလား၊ လောဘဖြစ်ရင် ဘယ်မှာဖြစ်သလဲ စိတ်မှာဖြစ်တာပါ။ ဒေါသဖြစ်ရင် ဘယ်မှာဖြစ်သလဲ စိတ်မှာဖြစ်တာပါ။ ဒါဖြင့် ဒေါသမဖြစ်တော့ ဒေါသစိတ်မဟုတ်ဘူးပေါ့။ ဒေါသဖြစ်နေတဲ့ စိတ်မဟုတ်ဘူးပေါ့။ ဒေါသမဖြစ်ပဲ ဒေါသမဖြစ်တာနဲ့ပဲ၊ ခင်ဗျားတို့မှာ စိတ်မရှိဘူးလို့ပြောမလား။ ဒေါသသာမဖြစ်တာဗျ၊ စိတ်ကတော့ရှိပါတယ်။ ဒါဖြင့် ဒေါသမဖြစ်တဲ့စိတ်ပေါ့။ ဒေါသမဟုတ်တဲ့ စိတ်-စိတ်အတိုင်းဘိုင်းပါပဲ။ လောဘမဖြစ်လေတော့ လောဘမဖြစ်တဲ့ စိတ်-စိတ်အတိုင်းတိုင်း။ အဲဒါပြောတာ ဤလို ဟောတာ။

တနည်းအားဖြင့် နိဗ္ဗာန်နှင့်နေတဲ့စိတ်။ လောကုတ္တရာစိတ်။ နိဗ္ဗာန်နဲ့ ထားတဲ့စိတ်။ နိဗ္ဗာန်နဲ့ နေတတ်ကြပါပြီ ထားတတ်ကြပါပြီ။ နိဗ္ဗာန်ဆိုတာ ဘယ်လိုမှမလုပ်ရဘူး။ ဒီလိုမှ မဟုတ်ရင်တော့ လောကီချည်းပဲ။ လောကီမှာတော့ အလုပ်ရှိတယ်။ လောကမှာတော့အလုပ်ရှိတယ်။လောကုတ္တရာဆိုတာ ခင်ဗျားတို့ လုပ်နေတဲ့ အလုပ်မျိုးမရှိဘူး။ ချုပ်ရာကိုသိပြီး သိသလိုနေသွားကြတာပဲ။ အဲဒါ ပွားတယ်လို့ခေါ်တာပဲ။ တနည်းအားဖြင့် မဂ္ဂဘာဝနာ ပွားဘယ်လို့ခေါ်တယ်။ ဒုက္ခနိရောဓ ဂါမိနီ ပဋိပဒါ အကျင့်ကို အခုဆိုရင် သိကြလောက်ပါပြီ။

နိဗ္ဗာန်ကို သူရောက်ချင်၊ ငါရောက်ချင်နဲ့၊ သူရချင်၊ငါရချင်နဲ့ပြုလုပ်နေကြတာ။ သတ္တကိစ္စ အတ္တကိစ္စနဲ့ ပြုလုပ်နေကြတာတွေဟာ မဟုတ်ဘူး။ ဘယ်သူဘယ်ဝါမှ မရောက်ဘူး မရဘူး။ ဘာပြုလို့လဲဆိုတော့ ဘယ်သူဘယ်ဝါ ဘာဘာညာညာဆိုတာ အစတုံးထဲကမရှိဘူး။ အစတုံးထဲကရှိတာက တရားတွေချည်းပဲ ရှိတယ်။ ခြေအစ ခေါင်းအဆုံး ဆိုတာကလဲ တရားတုံးကြီး၊ တရားကောင်ကြီး။ ဖြစ်ဖြစ်သမျှ စိတ်ကလဲတရား၊ ဖြစ်ပြီး ပျက်တတ်တယ်။ ဖြစ်ပြီးတော့ ပျောက်ပျက်ကုန်ဆုံးသွားတာ၊ အလကား အချည်းနှီးပဲ ဖြစ်တယ်။ အဲဒါက မှန်တယ်။ အဲဒါကို လုပ်ရင် သူရမယ် ငါရမယ် ငါလုပ်မှ ငါအကျိုးရမယ်၊ ကိုယ်ပြုမှ ကိုယ်ကျိုးရမယ်လို့ဆိုတာက အယူဖြစ်တာ။ မဟုတ်ပဲနဲ့ တလွဲယူတာ။ မဟုတ်ပဲနဲ့ အလွဲစွဲတာ။ အဲဒါကို ဥပါဒါန်တရား လို့ဆိုဘယ်။

အဲဒီ ဥပါဒါန်စိတ်တွေကလဲ အမြဲဖြစ်နေသလား ဆိုတော့ ဖြစ်မနေပါဘူး။ စွဲယူတဲ့အခါမှာမှ စွဲယူတဲ့ ဥပါဒါန်စိတ်တွေက ဖြစ်လာတာပါ။ သူ့အလိုလိုကတော့ စွဲပြီးသား မရှိပါဘူး။ အစွဲတွေမှ လွတ်ပြီးသား ငြိမ်းပြီးသားသာလျှင် ရှိပါတယ်။ သူ့ဟာသူ လွတ်ပြီးသား ငြိမ်းပြီးသား မှန်နေပါကလားလို့ သိတာ။ သူ့ဟာသူ အဖြစ်တွေမှ ချုပ်နေတာ ငြိမ်းနေတာ မှန်တယ်။ အဲဒါ သုညလို့ခေါ်တယ်။ သုညတ အနတ္တလို့ ခေါ်တယ်။ အနိမိတ္တ အနိစ္စ နုပဿနာလို့လဲ ခေါ်တယ်။ အဲဒါ ဝိပဿနာဉာဏ်။ သူ့ဟာသူ သဥ်းဆိတ်ချုပ်ငြိမ်းနေတယ်ပေါ့။

ငြိမ်းမနေကြဘူးလား။ ချုပ်မနေကြဘူးလား။ ခင်ဗျားတို့ သွားလုပ်ရတာ မဟုတ်ဘူး။ သွားလုပ်လို့ ချုပ်ရင်တော့ သင်္ခတ ဖြစ်မှာပေါ့။ အခိုက်အတန့်ဖြစ်မှာပေါ့။ အတ္တစိတ်နဲ့ ပြုတာကိုး။ အဲဒါကြောင့် တရားကလဲ အတ္တတရား၊ အနတ္တတရားတဲ့။ အနတ္တတရား အနတ္တတရား အတိုင်းတိုင်းသိ။ အဲဒီလိုသိမှ သီလကလဲ အနတ္တသီလ။ သမာဓိကလဲ အနတ္တသမာဓိ။ ပညာကလဲ အနတ္တပညာ ဖြစ်ကြမယ်။

အဲဒီလို အနတ္တသီလ၊ အနတ္တသမာဓိ၊ အနတ္တပညာတွေ မဖြစ်ကြလို့ နိဗ္ဗာန်မရကြတာ။ ခင်ဗျားတို့ သီလမရှိလို့ မဟုတ်ဘူး။ သီလကလဲ ရှိသားပဲ။ စိတ်ပုတီးတခုနဲ့ စိတ်ကြတုံးပဲ။ သီလတွေ ရှိကြပါတယ်။ ငါးပါး၊ ရှစ်ပါး၊ ဆယ်ပါး၊ ၂၂၇-သွယ် အစရှိသည်ဖြင့် သီလတွေချည်းပဲ ရှိသားပဲ။ ဒါဖြင့် နိဗ္ဗာန်မြင်ကြပလား။ မမြင်ကြသေးဘူး။ သီလကတော့ မှန်ဘယ်။ ဒါပေမဲ့ ခင်ဗျားတို့ သီလတွေက အတ္တသီလကိုး။ ဘယ်မှာ နိဗ္ဗာန်မြင်နိုင်ပါ့မလဲ။ နိဗ္ဗာန်ဆိုတာ ကိုယ်လုပ်လို့ ငြိမ်းတာ မဟုတ်ဘူး။ သူ့ဟာသူ အလိုလိုချုပ်ငြိမ်းနေတာ။ အဲဒီလို သူ့ဟာသူ အလိုလိုချုပ်ငြိမ်းနေတာမှ (ဝါ) သူ့ဟာသူ အလိုသို အကုသိုလ်မှုတွေမှ လွတ်ငြိမ်းလျက် စောင့်စည်းပြီးသား ဖြစ်နေတာမှ အနတ္တသီလ၊ အဲဒီသီလမှ မဂ်ဖြစ်ဘာ။ မဖြစ်ဘူးသေးတဲ့ ကုသိုလ်တွေ ဖြစ်နိုင်ဘာ။

သမာဓိကလဲ ခုနပြောတဲ့ အတိုင်းပဲ၊ ခင်ဗျားတို့မှာ မဖြစ်သေးဘူးရယ်လို့ မရှိဘူး၊ သမထလေးဆယ်ထဲမှ တခုခုအားထုတ်

လို့မို့ လွန်ခဲ့တဲ့ဘဝအထွေထွေက သမာဓိတရားတွေ အားထုတ်ခဲ့ဘူးပါတယ်။ ယခုတိုင်လဲ အားထုတ်ချင် အားထုတ်နေကြဦးမှာပါပဲ၊ သမယ လေးဆယ်မှ တခုခုကို အားထုတ်၍ဖြစ်တဲ့ သမာဓိနဲ့ နိဗ္ဗာန်ကို မျက်မှောက်မပြုနိုင်ဘူး။ ဘာဖြစ်လို့လဲ ဆိုတော့ အဲဒီသမာဓိက အတ္တသမာဓိဖြစ်နေလို့ပဲ။ အဲဒီ သမာဓိလမ်းစဉ်က ဈာန်လမ်းဖြစ်တယ်။ နိဗ္ဗာန်လမ်းမဟုတ်ဘူး။

နိဗ္ဗာန်ရောက်စေနိုင်တဲ့ မျက်မှောက်ပြုစေနိုင်တဲ့ သမာဓိက သူ့အလိုလိုက ငြိမ်းနေပြီး၊ မပြန့်လွင့်တာ တည်ငြိမ်နေတာ၊ သူ့အလိုလိုက ဖြစ်နေတာတွေမရှိဘူး။ ကောင်းကောင်း ဆိုးဆိုး အမျိုးမျိုးသော စိတ်တွေ ဖြစ်နေတာမရှိဘူး။ သူ့အလိုလိုကတော့ အမျိုးမျိုးသော စိတ်အဖြစ်တို့မှ (၀၁) စိတ်ပြန့်လွင့်နေခြင်းမှ ငြိမ်းနေတယ်၊ တည်ငြိမ်နေတယ်။ အဲဒီလို အလိုလိုငြိမ်းနေ တည်နေတာသမာဓိပဲ၊စိတ်ဆိုတာက အမြဲဟန်းပြန့်လွင့်မနေပါဘူး။ သူ့အလိုလိုကတော့ တည်ငြိမ်၊ ငြိမ်းအေးနေတဲ့ သမာဓိဖြစ်နေပါတယ်။ အဲဒီသမာဓိက ကိုယ်လုပ်လို့ ဖြစ်နေတဲ့ သမာဓိမဟုတ်ဘူး၊ သူ့အလိုလို သူ့သဘာဝအတိုင်း တည်ငြိမ်၊ ငြိမ်းအေးနေတယ်။အဲဒီသမာဓိကို အနတ္တသမာဓိလို့ခေါ်တယ်။ အဲဒီအနတ္တသမာဓိကမှ နိဗ္ဗာန်ကို ရောက်စေနိုင်၊ မျက်မှောက်ပြုစေနိုင်တဲ့ သမာဓိပဲ။

အဲဒီလို သူ့အလိုလို ငြိမ်းအေးနေတဲ့ အနတ္တသီလ အနတ္တသမာဓိကရှိပါတယ်။ ရှိပြီးသားပါ။ အဲဒီရှိပြီးသား သီလ သမာဓိ

ကို ခင်ဗျားတို့က သိတဲ့ဉာဏ်က မဖြစ်ကြလို့ပါ။ ဒါကြောင့် ဘုရားက ပညာဉာဏ်က ဦးစီးပြဋ္ဌာန်းတယ်၊ ဉာဏ်က ပဓာန ပြဋ္ဌာန်းတယ်လို့ ဟောတော်မူခဲ့တာ။

ဪ....သီလသဘောက ဤလိုပါလား၊ သမာဓိသဘောက ဤလိုပါလားလို့ သိတဲ့ဉာဏ်ဖြစ်ကြရမယ်။ သိတဲ့ဉာဏ် ဆိုရာမှာလဲ ဘုန်းကြီးဟောခဲ့တာလို မိမိတို့ရဲ့မနေ့မှာ မိမိတို့ရဲ့စိတ်မှာ ဘယ်ပုံဘယ်လိုဟုတ်နေသလဲဆိုတာကြည့်လိုက်ကြ။ မိမိတို့ဖါသာ မိမိတို့ကိုယ်တိုင် ကြည့်လျှင်တော့ သိကြပါတယ်။ ဘုန်းကြီးတို့က သိပေးလို့တော့ မဖြစ်နိုင်ဘူး။ ခင်ဗျားတို့ကိုယ်တိုင် ကြည့်လိုက်ကြလို့ ခိုင်းရုံပဲ ခိုင်းနိုင်တာ၊ ခင်ဗျားတို့ကိုယ်တိုင်ကြည့်မှ သိကြမြင်ကြမှာ။ အဲဒါမှ သံဒိဋ္ဌိက အကာလိက ဖြစ်၍လာကြပြီး ဒိဋ္ဌသရဏဂုံ တည်မယ်။

ကိုင်း....တော်လောက်ပါပြီ။

—*—

၁၃၂၆-ခုနှစ်၊ နယုန်လဆန်း
(၅)ရက်နေ့တွင် ကျောက်ဆည်မြို့
ကျောက်သဘော်ာ မှာရုံကြီး၌ ကျေး
ဇူးရှင် ကျောက်သဘော်ာ ဆရာတော်
ဘုရားကြီး ဟောကြားတော်မူသော
( မင်္ဂလာပေါက် ဖိုလ်ဝင် နိဗ္ဗာန်မြင် )
တရားတော်မြတ်စဒသနာ ။

"မင်္ဂလာပါ့ဓမ္မဒေသနာ မိုးလ်ဝင် နိဗ္ဗာန်မြင်"

တရားတော်ဖြတ်ဒေသနာ။

တရားနာလာကြတဲ့ ပရိသတ်တွေ နိဗ္ဗာန်ကို လိုချင်ကြတယ်၊ တောင့်တကြတယ်၊ ရှာဖွေကြတယ်၊ ဘာဖြစ်လို့ လိုချင်ကြ၊ တောင့်တကြသလဲ ဆိုတော့ နိဗ္ဗာန်ဆိုတာ ချမ်းသာတယ်လို့ သိထားကြတာကိုး။

နိဗ္ဗာန်ဆိုတာ ဘယ်မှာရှိသလဲ၊ လွယ်လွယ် ပြောရရင်တော့ နိဗ္ဗာန်ဆိုတာ မိမိတို့ရဲ့ ခန္ဓာကိုယ်မှာရှိတယ်။ ပါဠိတော်များမှာ တော့ နိဗ္ဗာန်ဆိုတာ စိတ်သညာနဲ့တကွ ကဠေဝရ ဖြစ်သော၊ ဉာတလံမျှသော ခန္ဓာကိုယ်မှာ ရှိတယ်လို့ ဟောထားခဲ့တယ်။

နိဗ္ဗာန်တရားကတော့ ရှိပြီးသားပါ။ ရှိပြီးသား ဟုတ်ပေမဲ့ မိမိတို့က သိပြီးသားဉာဏ် မဖြစ်ကြဘူး။ အဲဒါကြောင့် ရှိပြီးသားပင် ဖြစ်သော်လည်း၊ သိပြီးသားဉာဏ် မဖြစ်ကြတဲ့အတွက် ဒီရှိပြီးသားဖြစ်တဲ့ နိဗ္ဗာန်တန်ဘိုး မသိကြဘူး။ မသုံးစားကြဘူး၊ အချည်းနှီးအလကားဖြစ်၍နေတယ်။ အဲဒါကြောင့် ရှိပြီးသား ဖြစ်တဲ့ နိဗ္ဗာန်ကို သိပြီးသားဖြစ်အောင်လို့ ဟောရမှာ ပြောရမှာ။ ဘယ်ပုံဘယ်နည်းနှင့် ရှိနေမယ်ဆိုတာ သိသွားရအောင် ဟောရ ပြောရမှာပဲ။

ဆင်းရဲခြင်းအမှန်
ဆင်းရဲဖြစ်ကြောင်းအမှန်
ဆင်းရဲချုပ်ငြိမ်းရာအမှန်
ဆင်းရဲချုပ်ငြိမ်းကြောင်းအမှန်

ဆိုတဲ့ သစ္စာလေးပါးကတော့ ထင်ရှားရှိပါတယ်။ ထင်ရှား ရှိပေမဲ့ သိတဲ့ဉာဏ်က မဖြစ်ကြလေတော့ တန်ဘိုး မရှိဘူး။ အလကား အချည်းနှီးဖြစ်နဲ့ကြရတယ်။ တိုတိုကတော့ ရှိပြီးသား ဖြစ်တဲ့နိဗ္ဗာန်ကို သိတတ်မြင်တတ်တဲ့ဉာဏ် ဖြစ်သွားအောင်(ဝါ) နိဗ္ဗာန်ကို မြင်တတ်တဲ့ မဂ်ဉာဏ်တွေ ဖြစ်သွားအောင် ဟောပြ လိုက်တော့ နိဗ္ဗာန်ကိုတွေ့သွားမယ်၊ မြင်သွားမယ်၊ မျက်မှောက် ပြုသွားနိုင်မယ်ပေါ့။

နိဗ္ဗာန်ဆိုတဲ့ အေးရာ, ငြိမ်းရာ, ချမ်းသာရာ၊ သိမြင်သွား မျက်မှောက်ပြုသွားနိုင်မှ ချမ်းသာအောင် နေတတ်ကြမယ်။ ချမ်းသာအောင် ဘယ်လိုလုပ်နေမလဲ၊ဘာနဲ့နေရမလဲ။ နိဗ္ဗာန်

မမြင်သေးရင်တော့ သတ္တဝါ ဝေနေယျတွေ ချမ်းသာအောင် ဘယ်လိုမှ မနေတတ်ဘူး။ ဆင်းရဲစရာ တရားတွေနဲ့ချည်းပဲ တွေ့ကြုံနေကြရမှာပါပဲ။ မိမိတို့ ကြုံကြိုက်နေစိတ်ထက်ကဲ့ အာရုံတွေနဲ့ ခံစားရလို့ရှိရင် ချမ်းသာပါတယ်လို့ ပြောကြဦးမှာပဲ။ အဲဒါ တွေက မမြဲဘူး၊ ဝိပရိဏာမသဘောရှိတယ်။ ဖေါက်ပြန်ပျက်စီး တတ်သည့် သဘောရှိတယ်။ မချမ်းသာဘူး ဆင်းရဲရတယ်။ အဲဒါ ကောင်းပဲ မဟုတ်လား။

လောကမှာ ဘယ်ဟာမှ အမြဲမရှိဘူး၊ မမြဲဘူး၊ ချမ်းသာတဲ့ စိတ်ကလေးနဲ့ နေပါမယ်ဆိုပေမယ့်လို့ ဒီချမ်းသာဆိုတဲ့ စိတ် ကလေးကလဲမမြဲဘူး၊ အနိစ္စတရားပါပဲ။ ဆင်းရဲတာကလဲ မမြဲ ပါဘူး၊ ဘယ်ဟာမှ မမြဲပါဘူးတဲ့။ အဲဒါကြောင့် သင်္ခါရ အနိစ္စလို့ဟောတာ။ ချမ်းသာစစ်ဆိုတာက မဖြစ်ရမပျက်ရဲ ပကတိအားဖြင့် အေးချမ်းရာ၊ ငြိမ်းချမ်းရာ ဆိုတဲ့ နိဗ္ဗာန်ပဲ။ သူကတော့ဖြစ်ခြင်း ပျက်ခြင်းကင်းတယ်။ ဖြစ်ခြင်း ပျက်ခြင်း မရှိဘူး။ ပျက်စီးခြင်း, ရွေ့လျောခြင်း, ပျောက်ကွယ်ခြင်း ဘယ် တော့မှမရှိဘူး။

အဲဒီနိဗ္ဗာန်က မိမိတို့ရဲ့ခန္ဓာကိုယ်မှာရှိတယ်။ ရှိတဲ့နိဗ္ဗာန်ကလဲ ပြလျက်ပြလျက်အရှိသားပဲ။ ပြုံ့ပြုံ့နေသားပဲ။ အေး-ပြုံ့နေပေ မဲ့လဲ မမြင်ကြဘူး။ မြင်လျက်နဲ့လဲ မသိကြဘူး။ အဲဒါကြောင့် လယ်တီဆရာတော်ဘုရားကြီးက "ကြောင်ကြောင်မြင်လျက် မသိ ကြလေကုန်တဲ့"တရားတွေကို ကြောင်ကြောင်မြင်လျက် မသိကြ လေကုန်တဲ့။ မြင်တော့မြင်သားပဲ မသိတာခက်နေတယ်။တရားမှ

တပါး အခြားမြင်စရာ မရှိဘူး။ ဘယ်တော့ ဘယ်အခါဖြစ်ဖြစ် မျက်စိက မြင်နေတာကလဲ တရားတွေမြင်နေတာပဲ။ တရားမှ တပါး အခြားကို မမြင်နိုင်ဘူး။ နားတလဲ တရားတွေကိုသာ ကြားနေတာပဲ၊ တရားမှတပါးဘာကိုမှမကြားနိုင်ဘူး၊နှာခေါင်း ကလဲ တရားတွေကိုသာ နံနေတာပဲ၊ တရားမှတပါး ဘာကိုမှ မနံနိုင်ဘူး။ပါးစပ်မှာလဲတရား၊ ဒီကာယကြီးမှာလဲ တရားတွေပဲ၊ ဘယ်လိုပဲဖြစ်ဖြစ် တရားတွေသာလျှင် ဖြစ်တာ။ ဘယ်လိုနေနေ ဘယ်လိုထိုင်ထိုင် တရားတွေချည်းပဲ။ တရားမှတပါး အခြားကို လွဲပြီး ဘာမှမဖြစ်လို့ တရားသက်သက်သာလျှင်ရှိတယ်။ တရား သန့်သန့်သာလျှင် ရှိတယ်လို့ သိကြရမယ်။

အကျဉ်းချုပ်အားဖြင့်ကတော့ တရားနှစ်ပါးပဲ ရှိပါတယ်။ လောကီတရားနဲ့ လောကုတ္တရာတရား၊ တနည်းအားဖြင့်အသင်္ခတ တရားနဲ့ သင်္ခတ၊ သင်္ခါရတရားပါပဲ။ အသင်္ခတတရား ဆိုတာတ လောကုတ္တရာတရား။ သင်္ခတနဲ့ သင်္ခါရတရားက လောကီတရား။ ဒီနှစ်ပါးပဲရှိပါတယ်။ ဒီတရားနှစ်မျိုးမှတပါး လွဲပြီးတော့ မဖြစ် ပါဘူး။

ထိုင်တော့ထိုင်တဲ့တရား။ ရပ်တော့ရပ်တဲ့တရား။ နံတော့နံတဲ့ တရား။ ကြားတော့ကြားတဲ့တရား။ ထိတော့ထိတဲ့တရား။ ပြုပြင် တော့ ပြုပြင်တဲ့တရား။ တရားချည်းပါပဲ။ တနည်းအားဖြင့်....

ကုသလာဓမ္မာ

အကုသလာဓမ္မာ

အဗျာကတာဓမ္မာ

ကုသိုလ်ကသဲတရား
အကုသိုလ်ကလဲတရား
ကုသိုလ်၊ အကုသိုလ် မဟုတ်တာကလဲတရား
ဤတရားသုံးပါးတို့တွင် တခုမဖြစ်တခုဖြစ်ပြီးတော့၊ တခုခုနဲ့ တော့ ဖြစ်နေရမှာပဲ။ တရားနဲ့ လွတ်ဘယ်ရယ်တော့မရှိဘူး။ လွတ်တယ်ရယ်လို့မရှိဘူး။ တရားမဟုတ်တဲ့ အချိန်ရယ်လို့ မရှိဘူး။ စဖြစ်လာကတည်းကိုက ဇာတိတရားက စဖြစ်လာတာပဲ။ အစမထင်တဲ့ သံသရာက ဖြစ်လာကတည်းကိုက တရားတွေပဲ ဖြစ်လာတာ။ အဲဒီတရားတွေ ဖြစ်လာတာကို ဝိကာရခေါ်တယ်။

(၁) သင်္ခါရ
(၂) ဝိကာရ
(၃) လက္ခဏ
(၄) ပညတ်
(၅) နိဗ္ဗာန်

ရယ်လို့ ညွှန်ပြအပ်တဲ့တရား ငါးပါးရှိပါတယ်။

လူရယ်,နတ်ရယ်,ဗြဟ္မာရယ်,တိရစ္ဆာန်ရယ်, ယောကျ်ားရယ်, မိန်းမရယ်,ခြေရယ်,လက်ရယ် အစရှိသည်ဖြင့် ပုံဟန် သဏ္ဌာန် ပညတ်နဲ့မိတ်တွေကတော့ မဟုတ်ဘူးပေါ့။မဟုတ်ပေမဲ့ စင်စစ်ကတော့ တရားတွေချည်းပါပဲ။ မတူတဲ့အတွက် ခွဲခြားပြီး သမုတ်ရတာ။ လူရယ်,ယောကျ်ားရယ်,မိန်းမရယ်လို့ သမုတ်ရတာ၊ ပညတ်တာ သမုတိသစ္စာ ခေါ်တယ်။ အမည် နာမတွေက သမုတ်ရှိတာ။ အဟုတ်ရှိ ရှိတာက တရားတွေသာရှိတာ။ သမုတ်တယ်ဆိုတာက

အဟုတ်မရှိတာကို ခေတ္တသမုတ်ရတာ။ အဟုတ်မရှိလို့ ခေါ်စရာ ပညတ်တင်ပြီး သမုတ်ရတယ်လို့ ပြောတာပေါ့။

သိဖို့ကတော့ အဟုတ်ရှိတဲ့တရား သိဖို့ပဲ။ တရားတွေကတော့ တရားတွေချည်းပါပဲ။

၊အနိစ္စကလဲတရား

ဒုက္ခကလဲတရား

အနတ္တကလဲတရား

သတိပဋ္ဌာန်ကလဲတရား

သမ္မပဓာန်ကလဲတရား

ဣဒ္ဓိပါဒ်-ဗိုလ်-ဗောဇ္ဈင်ကလဲတရား

မဂ်ကလဲတရား

ဗိုလ်ကလဲတရား

နိဗ္ဗာန်ကလဲတရား

ရုပ်နာမ်နှစ်ပါးကလဲတရား

ခန္ဓာငါးပါးကလဲတရား

အာယတန ၁၂-ပါးကလဲတရား

ဓာတ် ၁၈-ပါးကလဲတရား

သစ္စာလေးပါးကလဲတရား

ပဋိစ္စသမုပ္ပါဒ်ကလဲတရား

အကုန်လုံး တရားတွေချည်းပါပဲ။ တရားကတော့ တရား အတိုင်းတိုင်း သူ့ဟာသူ မှန်နေတာပဲ။ ဒါပေမဲ့ ခင်ဗျားတို့ စိတ်က ကလိမ်ချပြီး လိမ်ပြနေတာ။ မှတ်ထားရတာနဲ့ သိထား

ရတာနဲ့၊ ကြံထား တွေးထားရတာနဲ့၊မိမိတို့အသီးသီး ဘာသာ အလျောက် ယူထားစွဲထားကြတယ်။ ဒါမှကောင်းတယ်၊ ဒါက မကောင်းဘူး၊ ဒါမှမှန်တယ်၊ ဟိုဟာမမှန်ဘူး၊ ဒီလိုလုပ်မှရတယ်၊ ဟိုလိုလုပ်ရင်မရဘူးနဲ့ အဲဒါ စိတ်က ကြားထဲက ဝင်ရှုပ်တာ။ စိတ်အလုပ်လုပ်တာမို့ စိတ်တွေက ရှုပ်လာတာ။ အဲဒါကို လောကမှာ တရားတွေက ရှုပ်လိုက်တာလို့ ပြောကြတယ်။ တရားတွေကတော့ မရှုပ်ပါဘူး။ တရား တရားအတိုင်းတိုင်း နေတာပါပဲ၊ စိတ်အလုပ်တွေ စိတ်အယူအဆတွေကသာ ဝင်ရှုပ်နေတာပါ။

ဒီလိုမသိတော့ တရားတွေက ရှုတ်တယ်ရှုတ်တယ်နဲ့ ညည်းကြတယ်။ ဘယ်ဂိုဏ်းက ဘယ်လို၊ ဘယ်ပုဂ္ဂိုလ်ဟောတာက ဘယ်လို ဘယ်ရိပ်သာ ဘယ်ကမ္မဋ္ဌာန်းတိုက်က ဘယ်လိုအားထုတ်ဘယ်၊ ဘယ်လိုမှဟုတ်တယ်၊ အစရှိသည်ဖြင့် တရားအလုပ်၊ တရားတွေကများလိုက်ထာ၊ ဘယ်လိုလုပ်ပြီး ဘယ်လိုအားထုတ်ရမှန်းတောင် မသိဘူးလို့ တချို့လဲ ညည်းကြတယ်။

တရားတွေကတော့ မရှုပ်ပါဘူး၊ ခင်ဗျားတို့ အတွေးတွေကသာ ဟိုလိုတွေး ဒီလိုတွေးနဲ့ရှုပ်နေကြတာ။ဘယ်ကမ္မဋ္ဌာန်းက ဘယ်လိုတဲ့၊ ဘယ်ရိပ်သာက ဘယ်လိုအားထုတ်ရတယ်တဲ့၊ ဘယ်ကိုယ်တော်ကတော့ ဘယ်လိုဟောသတဲ့၊ ကျောက်သင်္ဘော ဆရာတော်ကတော့ လုပ်သမျှဒုက္ခတဲ့၊ စိတ်စိတ်အတိုင်းတိုင်း တဲ့၊စိတ်နဲ့ အာရုံနဲ့မထိစေနဲ့တဲ့၊ တရားဆိုတာက မလုပ်ပဲနဲ့ ရနိုင်ပါ့မလား အစရှိသည်ဖြင့် စိတ်ကတွေးတော့ စိတ်အလုပ်လုပ်တော့မှရှုပ်ကုန်

ကြတာပါ။ တရားကတော့ ဘာမှမရှုပ်ပါဘူး။ စိတ်က ဝင်ရှုပ်နေတာပါ။

တရားတွေကတော့ သူ့အလိုလိုကတော့ မှန်နေကြပါတယ်။ ဘယ်ပုဂ္ဂိုလ်ကမှ ပြုပြင်ဖန်တီးလို့မရဘူး။ ဂင်္ဂါဝါလု သဲစုမက ပွင့်လေကုန်ပြီးသော ဘုရားတွေကလဲ ပြောင်းသွားအောင်၊ လဲသွားအောင် ပြုပြင်လို့ မရဘူး။ တားထားခဲ့လို့ မရဘူး။ အမှန်တရားကတော့ တရားအတိုင်းတိုင်းမှန်နေတယ်။ ဘယ်သူမှ အမှန်တရားမှ လဲသွားအောင် ပြုလုပ်လို့ မရဘူး။ ဒီအတိုင်း ဒီအတိုင်းသာလျှင်မှန်၍နေတယ်။တရား တရားအတိုင်းတိုင်းသာ လျှင် မှန်၍နေတယ်။ အဲဒါကို ယထာဘူတတရားလို့ခေါ်တယ်။ ဒါကြောင့်မို့လဲ ဗုဒ္ဓမြတ်စွာဘုရားက ဟုတ်ဟုတ်နေတဲ့ အတိုင်းတိုင်း၊ မှန်မှန်နေတဲ့အတိုင်းတိုင်း၊ တရား တရားအတိုင်းတိုင်းသာလျှင် ဟောကြားတော်မူခဲ့တယ်။ အဲဒါ ဗုဒ္ဓဝါဒ၊ စာလိုတော့ ယထာဘူတဝါဒ၊ ဗုဒ္ဓမြတ်စွာဘုရားရဲ့ ဝါဒက ယထာဘူတဝါဒ ဖြစ်တယ်။ ဟုတ်မှန်တဲ့တရားကို ဟုတ်မှန်နေတဲ့ အတိုင်းတိုင်း သိမြင်ပြီး၊ ဟုတ်-ဟုတ်နေတဲ့အတိုင်းတိုင်း၊ မှန်မှန်နေတဲ့ အတိုင်းတိုင်း ဟောကြားတော်မူခဲ့တာပဲ။

အမှန် တရားကို၊ ပြုပြင်ပြီးဟောလို့ ဖြစ်တာမဟုတ်ဘူး။ ပြောင်းလဲပြီး ဟောလို့ဖြစ်တာ မဟုတ်ဘူး။ ဗုဒ္ဓဝါဒ ဆိုတာ အလွန်လွယ်တာ၊ ကြံကြံစည်စည် တွေးတွေးတောတော မဟုတ်ဘူး။ ဖန်ဆင်းပြီး ဟောတာမဟုတ်ဘူး။ မှန်မှန်တဲ့ အတိုင်းတိုင်း ဟောတာ။

သစ္စာလေးပါးအနက်၊ သမုဒယသစ္စာနှင့် ဒုက္ခသစ္စာအနေနဲ့ သော်လည်းကောင်း၊ နိရောဓသစ္စာနဲ့ မဂ္ဂသစ္စာအနေနှင့် သော်ငင်း၊ တပါးပါးသော အမှန်တရားနဲ့တော့ ဖြစ်နေရမှာပဲ၊ မှန်နေရမှာပဲ။ အဲဒီ အမှန်တရား လေးပါးနဲ့ ( ဝါ ) ဖြစ်တော့လဲ ဖြစ်တရားနဲ့ မဖြစ်တော့လဲ မဖြစ်တဲ့တရားနဲ့ မှန်နေရမှာပဲ။ အဲဒီလို မှန်မှန်တဲ့အတိုင်းတိုင်း ဟောတာမို့လို့ လွယ်ကူပါတယ်လို့ပြောတာ။

အဲဒီအမှန်တရား လေးပါးမှ လွတ်တဲ့တရားရယ်လို့ မရှိဘူး။ ငြင်းပယ်လို့မရဘူး၊ အဲဒါ ဗုဒ္ဓဝါဒ ယထာဘူတ ဝါဒလို့ ခေါ်တယ်။ အစကတည်းကိုက ရှိပြီးသား ဟုတ်ပြီးသား၊ သစ္စာလေးပါးတရားဆိုတာ ဘယ်တော့မှ ပျောက်ဆုံးသွားတယ်လဲ မရှိဘူး၊ လျော့နည်းသွားတယ်လဲမရှိဘူး၊ ပိုလာတယ်လဲမရှိဘူး၊ ပျောက်ကွယ်သွားတယ်၊ ပျက်ပြယ်သွားတယ်လို့ မရှိဘူး။ ဟောကြားတဲ့ ဘုရားတွေကသာ ကွယ်တာ၊ သိမြင် ဟောကြားနိုင်တဲ့ ဘုရားတွေကသာ တခါတခါ သုဉ်းဆိတ်နေတယ်၊သုညကမ္ဘာတွေ ဖြစ်ဖြစ်နေတယ်ဆိုတာ သစ္စာလေးပါးသိတဲ့ဉာဏ် မဖြစ်ကြဘူးပေါ့။ အဲဒီ ဉာဏ်တွေက ပျောက်ကွယ်နေတာ။ တခါတခါမှ ပေါ်ပေါက်လာတာ။ အဲဒီလို တခါတခါမှ ပေါ်ပေါက်လာတာကို ဘုရားပွင့်တာလို့ပြောတာ။ တရားကတော့ ဒီအတိုင်း ဒီအတိုင်းပဲ။ ဘယ်တုံးကစ ဘယ်တော့ဆုံးမယ်လို့ မရှိဘူး။

ဘုန်းကြီးတို့ဟောတဲ့ ဒီအတိုင်းတိုင်းတရားက အလွန်မှနက်နဲခက်ခဲတဲ့ တရားကို လွယ်ကူအောင် သိလွယ် မြင်လွယ်အောင်၊

(၀၇) အာသဝေါ မြန်မြန်ကုန်အောင်သာ ဟောနေ ရတာ။ ဒီအတိုင်းတိုင်းဆိုတဲ့တရားက ပရမတ်တရား၊ ပရမတ်တရားဆိုတာ အစအဆုံးမရှိဘူး။ ဘယ်တုံးကစပြီး ဘယ်တော့ဆုံးမယ်လို့ မရှိဘူး။ ဘယ်သူက ပြုလုပ်ဖန်ဆင်းထားတာရယ်လို လဲ မဟုတ်ဘူး။ ကုန်မှာ လျော့မှာနည်းမှာရယ်လို့လဲမဟုတ်ဘူး၊ သစ္စာလေးပါး မှန်နေတယ်, ရှိနေတယ်ဆိုတာ ဒီလိုမှန်နေ ရှိနေတာ။

အဲဒီသစ္စာလေးပါးသိတဲ့ဉာဏ်ဖြစ်ဖို့ အရေးကြီးတယ်။ ဘယ်သူကမှ ပြုပြင်ပြောင်းလဲပစ်လို့ မဖြစ်တဲ့တရား၊ မှန်နေတဲ့တရား ပေါ်ကလာရယ်လို့ သိမှ အပူအေးမယ်။ ဒီအမှန်တရားကိုသိတော့ ပူပင်စရာ၊ တောင့်တစရာ၊ ကြောင့်ကျစရာတွေ မဟုတ်ဘူး။ သာယာစရာ၊ မုန်းထားစရာ၊ မဲ့စရာ၊ ရွံ့စရာ၊ ခုစ်စရာ တရားတွေလဲ မဟုတ်ဘူးလို့ သိပြီး ငြိမ်းချမ်းမှုရတာ။မိမိတို့ကိလေသာ ခန္ဓာတွေ၊ ကိလေသာစိတ်တွေအေးကုန်တာ။ တရားတွေအပေါ်မှာ မကြိုက်တာတို့၊ ကြိုက်တာတို့၊ မဖြစ်ချင်တာတို့၊ ဖြစ်ချင်တာတို့၊ ဝင်မရှုပ်တော့ပဲ အကုန်အေးသွားတယ်။

အဲဒီလို တရား တရားအတိုင်းတိုင်း မသိရင်တော့ အဲဒီ မဖြစ်ချင်တာတို့ ဖြစ်ချင်တာတို့က ဝင်ရှုပ်နေဦးမယ်။ မသိပုံ ထင်ရှားအောင် ပြောရဦးမယ်။ ခင်ဗျားတို့ ဘယ်လိုများ သေချင်ကြသလဲ။ ဘယ်သူမှ ဘယ်လိုမှ မသေချင်ကြပါဘူး၊ မနာချင်ကြပါဘူး၊ မအိုချင်ကြပါဘူး။ အိုမှာ, နာမှာ, သေမှာ, စိုးရိမ်ကြတယ်။ အဲဒါ အလကားဒုက္ခ၊ အပိုဒုက္ခ၊ အကြိုဒုက္ခတွေပဲ။ အပိုစိတ်ဆိုတာ သူ့ကိုပြောတာ။

အိုရမယ်,နာရမယ်,သေရမယ်ဆိုတာက မှန်တယ်။ ဘယ်သူမှ မလွတ်ဘူး။ ဒုက္ခသစ္စာတရားမှန်တယ်။ လူရယ်လို့ဖြစ်လာရင်တော့ အိုရမယ်, နာရမယ်, သေရမယ်၊ မသေချင်ဘူး၊ သေချင်တယ်ဆိုတာတွေက အပိုတွေဝင်မရှုပ်နဲ့၊ ဝင်ရှုပ်ရင်ထော့ မမှန်ဘူး၊ မတရားဘူး။ သစ္စာဖေါက်တဲ့စိတ် ဖြစ်လာတာ။ ဒါပေမဲ့ သစ္စာကတော့ ဘယ်တော့မှ မပျက်ဘူး။ ခင်ဗျားတို့က ဖျက်ချင်ပေမဲ့လဲ မပျက်ဘူး။ ခင်ဗျားတို့က သေရမှာ ကြောက်လို့ မြေမှာလူပြီး လိမ့်နေပေမဲ့ ရေသာ ဒူးလောက်ထွက်ချင် ထွက်လာမှာ သေမှာကတော့ သေမှာပဲ။

အဲဒီလိုပျက်တာ၊ အဲဒီလိုမှန်တာ၊ ဤလိုမှန်တာ သိတော့ သေချိန်ကျတော့သေမှာပဲ၊ သေခြင်းတရားမို့ သေမှာလို့အေးအေးသိတာ၊ ပူပူမဆွေးဘူး၊ ပူဆွေးတာတွေငြိမ်းကုန်တယ်။

ဒီနေ့ ဟောလိုတာကတော့ မြတ်စွာဘုရား ဆုံးမတဲ့ လိုရင်းအချက်ကို ဟောလိုတာပဲ။ ဘယ်လိုဆုံးမခဲ့တယ်၊ ဘာတွေ ဆုံးမခဲ့တယ်ဆိုတာ မြတ်စွာဘုရားရဲ့ အနုသာသနာလို့ ခေါ်တယ်။ ဩဝါဒတဲ့၊ သာသနာတဲ့၊ ဒီလိုရှိတယ်။ ဩဝါဒကလဲ အမျိုးမျိုးရှိထယ်။ အခုဟောမှာက သာသာနေတဲ့၊ အနုစိတ်ပြီး ဟောထားလို့ အနုသာသနလို့ ခေါ်တယ်။

ဘယ်လိုဟောကြားဆုံးမခဲ့သလဲဆိုတာ ဟောရမယ်။ တချို့က ကျောက်သဘောတရားကလဲ အစမရှိဘူးလို့ ပြောကြတယ်။



F. 12

အဲဒီတော့ အစရှိကြောင်း အစဆိုတာ ဘာခေါ်သလဲ ဆိုတာ နားလည်အောင် အစရယ်၊ အလယ်ရယ်၊ အဆုံးရယ် ရှိပုံကို မြတ်စွာဘုရား ဆုံးမခဲ့တာနဲ့ ဟောပြရမယ်။

တရား ဆိုတာက အစ၏ ကောင်းခြင်းနဲ့လဲ ပြည့်စုံတယ်။ စာလိုကတော့အာဒိကလျာဏတဲ့။ အလယ်၏ကောင်းခြင်းနဲ့လဲ ပြည့်စုံတယ်။ စာလိုကတော့ မဇ္ဈေကလျာဏတဲ့။ အဆုံး၏ ကောင်းခြင်းနဲ့လဲ ပြည့်စုံတယ်။ စာလိုကတော့ ပရိယောသာန ကလျာဏတဲ့။ ဤကောင်းခြင်း သုံးပါးနဲ့ ပြည့်စုံရင်ဖြင့် လုံ လောက်ပါသတဲ့။ အစ၊ အလယ်၊ အဆုံးဆိုတာ သီလ၊ သမာဓိ၊ ပညာနှင့် ပြည့်စုံတာကို ပြောတာ။ မိမိတို့မှာ ဤသုံးပါးနှင့် ပြည့်စုံရင်ဖြင့် လုံလောက်ပါတယ်လို့ ဟောတာ။

သီလကိုဟောရင် နိဗ္ဗာန်ပေါ်လွင်လာမယ်။ နိဗ္ဗာန်ဆိုတာ ခန္ဓာကိုယ်မှာရှိတယ်လို့ ဆိုခဲ့တဲ့အတိုင်း နိဗ္ဗာန်မြင်သွားကြမယ်။ သီလဆိုတာ အလိုလိုရှိနေတယ်။ ပကတိ အတိုင်းတော့ ရှိနေ တယ်။ ဘုရားဟောလိုတာက ဤလို မဂ္ဂင်ထိုက်သော သီလကို ဟောချင်တာ။ အဲဒါကို အဓိသီလလို့ ခေါ်တယ်။ ပဟာန သီလလို့လဲခေါ်တယ်။ သူ့အလိုလိုက ပယ်၍နေတာ။ ကိုယ်က ဘယ်လိုမှ မလုပ်ရဘူး။ ဘယ်စိတ်ကူးမှုလဲ မဖြစ်ရဘူး၊ သူ့အလို အလျောက် ကာယကံ၊ ဝစီကံဖြင့် မကျူးလွန်၍နေတာ(ဝါ) ကျူးလွန်မှုတွေမှ လွတ်နေတာ လုံနေတာ၊ အဲဒီသီလကို အဓိ သီလ၊ မဂ္ဂင်သီလ၊ ပဟာနသီလ၊ အနတ္တသီလလို့လဲ ခေါ်တယ်။

ငါးပါးသီလ, ရှစ်ပါးသီလ ခံယူဆောက်တည်ရဦးမယ်လို့ ခံယူပြီးဆောက်တည်နေရတာမျိုး မဟုတ်ဘူး၊ သူ့ဖါသာ သူ့ အလိုလို, သူ့အလိုအလျှောက် လွန်ကျူးမှုတွေ မဖြစ်ပဲနေတာ၊ ကာယကံဖြင့် ကျူးလွန်မှုမဖြစ်ပဲနေတာ၊ ဝစီကံဖြင့် လွန်ကျူးမှု မဖြစ်ပဲ နေတာ၊ ကာယဒုစရိုက်တရား သုံးပါး၊ ဝစီဒုစရိုက်တရား လေးပါး၊ အဲဒီ ဒုစရိုက် ခုနစ်ပါး မလွန်ကျူးပဲ ဒီတိုင်းတိုင်းနေတာ၊ အဲဒါ အဓိသီလ၊ သီလဝိသုဒ္ဓိလို့ ခေါ်တယ်။ ဒီကစ သိတာ၊ အဲဒါကို အစမှန်းမသိကြဘူး၊ အချို့က သွားထိုင်မှ စတယ်လို့ မှတ်ဘယ်၊ ထင်တယ်၊ သိလေ ပတ္တဒ္ဓါန သပညော။

သီလဆိုတာ တခြားမဟုတ်ဘူး၊ ကျောက်ဖျာအသား လှုပ်ရှားမရှေ့ ဒီအတိုင်း တည်ရှိ တည်ရှိနေတာ၊ အဲဒါ သီလလို့ ခေါ်တယ်၊ သီလဆိုတာ ရှိပါတယ်၊ မသိကြလို့ပါ၊ အင်္ဂုလိမာလကြီး လူတွေ သတ်နေတာ၊ ဘုရားက ဟောလိုက်တော့ ရဟန္တာဖြစ်သွားတာဟာ သီလရှိလို့ ပေါ့၊ သီလရှိလို့ရတာပေါ့၊ သီလမရှိပဲရပါ့မလား၊ သူ့ရပ်နာဒထောင်လိုက်တော့ ကာယကံ လွန်ကျူးမှု၊ ဝစီကံလွန်ကျူးမှု ဆိုတာတွေက အခိုက်အတန့်မှာ မဖြစ်ဘူး၊ စိတ်ကလဲပဲ မပြေးဘူးလို့ ဟောလိုက်တော့၊ သူ့စိတ်ကလဲ အာရုံစူးစိုက်ပြီး ဟိုဟိုဒီဒီမပြေးဘူး၊မပြေးတော့ပျံ့လွင့်တဲ့ စိတ်ကလဲမဖြစ်ဘူး၊မပျံ့လွင့်ပဲ စိတ်က ဒီအတိုင်းတိုင်းနေတယ်။ ဘာကိုမှ ဘယ်လိုမှ မအောက်မေ့လို့ ဘာကိုမှ အာရုံမပြုလို့ မရှုလို့ မမှတ်လို့ မကြံလို့ ဒီအတိုင်းတိုင်းနေတယ်။ အဲဒါအဓိ

စိတ္တလို့ခေါ်တယ်၊ ဒီအတိုင်းနေတော့ ဒီအတိုင်းတိုင်း ငြိမ်းနေတာကိုး၊ အဲဒီငြိမ်းနေတဲ့ ငြိမ်းရာမြင်တာ အဓိပညာပဲ၊ အဲဒါ အစမပါပဲဘယ့်နှယ်လုပ်ဖြစ်မလဲ၊ အစဆိုတာ ဘာကိုခေါ်မှန်းမှ မသိတာ၊ အစဆိုပြန်တော့ အစတိုင်တာ အစမှတ်နေကြတယ်။ အဲဒါခက်တယ်။

အဲဒါကြောင့် မြတ်စွာဘုရား ဆုံးမတော်မူတာက အစကောင်းခြင်းနဲ့လဲပြည့်စုံတယ်၊ အစကောင်းခြင်းဆိုတာက သီလ သီလဆိုတာမှာလဲ အနတ္တသီလမှ မဂ်ဖြစ်တာ၊ အနတ္တသီလ၊ အနတ္တတရားဆိုတာက ကိုယ်ကဘယ်လိုမှ မပြုလုပ်ရဘူး။ သတ္တ ကိစ္စ၊ အတ္တကိစ္စမရှိစေရဘူး၊ အခုတော့အတ္တတရားတွေက ဖြစ်နေတာကိုး၊ နိဗ္ဗာန်ရောက်ဖို့က ဒီအနတ္တသီလနဲ့မှ နိဗ္ဗာန်ရောက်မှာ၊ အတ္တသီလမျိုးတွေနဲ့ကတော့ နိဗ္ဗာန်မရနိုင်ဘူး၊ ရနိုင်တာမျိုး မဟုတ်ဘူး။

အတ္တသီလဆိုတာကိုက တရားကို တရားအတိုင်းတိုင်း မသိလို့၊မသိတော့ ဥပုသ်စောင့်ရင် ငါကုသိုလ်ရတယ် ငရဲမကြီးဘူး၊ အပါယ်မကျဘူး၊ ငါကုသိုလ်ရအောင် ကောင်းရာရောက်အောင် ဆိုတဲ့အယူမျိုးနဲ့ စောင့်တယ်၊ ရှစ်ပါးသီလ, ကိုးပါးသီလ, ဆယ်ပါးသီလ, ၂၂၇-သွယ်သောသီလ အစရှိတဲ့ သီလတွေက အများကြီးပေါ့၊ အဲဒီသီလတွေ ကတော့ စောင့်လာကြတာ ကြာလှပါပြီ၊ နိဗ္ဗာန်ရပြီလား ဆိုမှတော့လဲ မရကြသေးဘူး၊ မရသေးပါတဲ့၊ မရတာလဲ မှန်ပါတယ်၊ စောင့်လိုက်တဲ့ သီလ၊

တချို့ များရက်ရှည်ရှည်ကြီးများနဲ့ မနည်းပါဘူး၊ တချို့များလဲ သီလတွင် မကပါဘူး၊ သမာဓိတောင်ပါလိုက်သေးတယ်၊ ဒါလဲ မရဘူး၊ ဒါလောက်အခက်ကြီးပြုတာတောင် မရဘူး။

ဘာဖြစ်လို့ မရတယ်ဆိုတော့ တရား - တရားအတိုင်းတိုင်း သိတဲ့ဉာဏ်, မြင်တဲ့ဉာဏ် မဖြစ်လို့ပဲ၊ အဲဒီလို မမြင်တော့ ငါကုသိုလ်ရအောင် ဆိုတဲ့ အလိုနဲ့ ရအောင် သွားလုပ်တာ၊ ငါဆိုတဲ့အယူ ငါရဖို့ဆိုတဲ့အယူ ငါရစရာရှိတယ်ဆိုတဲ့ အတ္တကြီးက ရောတည်ထားလို့၊ သီလကတော့ဟုတ်ပါတယ်၊ ဒါပေမဲ့ အတ္တ သီလကြီးဖြစ်နေတယ်၊ ကုသိုလ်နယ်ကကြည့်ရင်တော့ မွန်မြတ်တဲ့ ဥပေါသထသီလပါပဲ၊ စောင့်သဲစောင့်ကောင်းပါတယ်၊ သို့ပေမဲ့ နိဗ္ဗာန်တော့မရနိုင်ဘူး။ ဘာဖြစ်လို့မရသလဲ၊ လွယ်လွယ်ပြော လိုက်မယ် အတ္တသီလဖြစ်နေလို့ပဲ၊ အနတ္တတရားကိုမသိပဲ စောင့် ထိန်းတဲ့ သီလက အတ္တသီလ ဖြစ်နေလို့မို့ ဥပုသ်တွေကတော့ စောင့်လာဘာ များလှပါပြီ သို့ပေမဲ့ နိဗ္ဗာန်ကတော့မရဘူး။

နိဗ္ဗာန်မြင်နိုင်တဲ့သီလကတော့ အနတ္တသီလဖြစ်တယ်၊ အနတ္တ သီလဆိုတာ ဘယ်လိုမှမလုပ်ရဘူး၊ ခင်ဗျားတို့တတွေမှာ အခု ကာယဒုစရိုက်တွေ့ဝစီဒုစရိုက်တွေများ ကျူးလွန်၍နေသလား၊ မကျူးလွန်အောင် ဘယ်လိုများ လုပ်ထားရသေးသလဲ၊ ဘယ် လိုမှ မလုပ်ရဘူး၊ ဘယ်လိုမှမလုပ်ရပဲ အလိုလို လုံနေဘာ၊ အနတ္တသီလလို့ပြောတာ၊ ခုနလုပ်တာတွေက အတ္တကိစ္စလို့ ပြောတယ်။

ဤ်ဟာဝ ဗျာပါဒေါ ဝ သတ္တကိစ္စံ၊

ဤ်ဟာဝ-အားထုတ်ခြင်းသည်ငှင်း။ ဗျာပါဒေါ၊ ဗျာပါဒ ကိစ္စသည်ငှင်း။ သတ္တကိစ္စံ၊ သတ္တကိစ္စမည်၏။ အတ္တကိစ္စံ၊ အတ္တ ကိစ္စမည်၏။

တရားက သူ့ဟာသူတတော့ဟုတ်နေမှန်နေတယ်၊ သမ္မေခမှာ အနတ္တာတဲ့၊ တရားတရားအတိုင်းတိုင်း မသိတော့ ငါကချည်း လုပ်နေရလို့ဆိုပြီး၊ ငါစွမ်းတွေချည်းတုတ်နေတာ၊ ငါစွမ်းတွေ ထုတ်၍လုပ်သမျှကတော့ ဒုက္ခသာဖြစ်၍ နိဗ္ဗာန်မရနိုင်ဘူး၊ အဲဒီ အလုပ်က ဟုတ်တော့ဟုတ်ပါတယ်၊ ဘာဟုတ်သလဲဆိုတော့ ဒုက္ခ သစ္စာသာလျှင်ဟုတ်တယ်၊ လုပ်သမျှဒုက္ခပါပဲ၊ ဒီလိုဟောတော့လဲ မကြိုက်ချင်ကြဘူး၊မသိရင်တော့ဖြင့်ဒီလိုပဲဖြစ်နေကြရမှာပဲပေါ့။

အဲဒါ့ အစဖြစ်ပုံ၊ အာဒိကလျာဏဆိုတဲ့ အစကောင်းခြင်းနဲ့ ပြည့်စုံနေပုံတွေပဲ၊ ကာယဒုစရိုက်၊ ဝစီဒုစရိုက်၊ အမှုတွေ မဖြစ် အောင်ကတော့ ဘယ်နည်းနှယ်မှ မပြုလုပ်ရပါဘူး၊ သူ့ဟာသူပကတိ အားဖြင့် ဒုစရိုက်မှုတွေမှ ငြိမ်းချုပ်၍ နေပါတယ်၊ ပယ်ပြီး ဖြစ်နေပါတယ်။

သတ်တယ် ဖြတ်တယ်၊ ခိုးတယ်၊ ဝှက်တယ်၊ မုသားတွေပြော ဆိုတယ် ဆိုတာတွေလဲ ပရိယုဋ္ဌာန ကိလေသာလို့ ခေါ်တယ်။ အဲဒီပရိယုဋ္ဌာန ကိလေသာကို ဘယ်လိုပယ်မှာလဲ၊ ဘယ်တရားက ပယ်မှာလဲဆိုတော့၊ သီလတရားက ပယ်မှာ၊ သီလကပယ်မယ် ဆိုတော့ ဒီအတိုင်းတိုင်းကြီးက ပယ်ပြီးသား ဖြစ်မနေဘူးလား၊ သီလကရှိနေတော့ ပယ်ပြီးသားဖြစ်နေတယ်၊ သီလအကျင့်

ရှိနေတာ၊ သီလမင်္ဂလာပွားနေတာ၊ သီလမင်္ဂလာဖြစ်နေတာကို သီလ အကျင့်ကျင့်လို့ ကျင့်နေမှန်း မသိကြဘူး၊ အဲဒါကြောင့် မသိ တာ တခုခက်နေဘာ၊ မသိမှုကြောင့် ဒုက္ခဖြစ်နေတာကို ဘယ် သူ့ကြောင့် ဘယ်ဝါကြောင့်ဆိုပြီး သူများကို လွှဲမချနေကြနဲ့၊ ဖြစ်ရသမျှ ဒုက္ခတရားတွေဟာ မသိမှုကြောင့်ပဲ။

သီလဆိုတာ ပညာဖြင့် ဆေးကြောမှု ပညာဖြင့် စစ်ဆေးမှု ဖြစ်တယ်၊ စင်ကြယ်တယ်လို့ စာကဆိုတယ်၊ ခုတော့ ပညာက မရှိပဲ မသိတာကစထားတော့ သီလလုံနေလို့ လုံနေမှန်းလဲမသိ ဘူး၊ သီလဖြစ်နေလို့ ဖြစ်နေမှန်းလဲ မသိဘူး၊ သီလ အကျင့် ကျင့်နေလို့လဲ ကျင့်နေမှန်း မသိဘူး။ မသိတော့ အနည်းဆုံး လက်အုပ်ကလေးချီပြီး ဘုရားရှေ့ ဘုန်းကြီးရှေ့ သွားပြီး ပါဏာတိပါတာ ဝေရမဏီသွားလုပ်မှ သီလအကျင့်ရှိတယ်လို့ ဒီလိုသိနေကြတယ်၊ အဲဒါ မှားသလားဆိုတော့ မှားတော့မမှား ပါဘူး လွဲနေတယ်၊ မင်္ဂလာအဖြစ်မှလွဲနေတယ်၊ သည့်ထက် တည့် တည့်ပြောရင်တော့ မှားတော့မမှားပါဘူး၊နိဗ္ဗာန်နဲ့ လွဲနေတယ် လို့ပြောရမှာ။

စိတ်အတိုင်းတိုင်းဆိုတာ စိတ်က ဟိုလိုသည်လို မဖြစ်ဘူးပေါ့၊ စိတ်အလုပ်မရှိဘူးပေါ့၊ ဒီအတိုင်းတိုင်းနေတော့ အလုပ်တွေက ကင်းနေတာပေါ့၊ ရှင်းနေတာပေါ့၊ စိတ်အလုပ်တွေ ငြိမ်းနေ တာပေါ့၊ အဲဒီလို စိတ်အလုပ်တွေ ငြိမ်းနေတာကို မြင်တာ။ ဘုန်းကြီးတို့လဲ လုပ်ခဲ့တာပဲ၊ ဘုန်းကြီးတို့ လုပ်ခဲ့တဲ့လမ်းကို ပြန် ပြောတာပါ၊ စက္ခုရယ် အလင်းရယ် အဆင်းရယ် နှလုံးသွင်း

အကြောင်းတွေရှိမှ စက္ခုဝိညာဉ်စိတ်ဆိုတာ တခု ဖြစ်တယ်လို့ တခါလုပ်ပြန်ပါလေရော၊ အသေးစိတ်ပြီး ခွဲခြမ်းစိတ်ဖြာ နေကြတယ်၊ လိုရင်းကတော့ မိမိတို့ ချုပ်ရာ ငြိမ်းရာ နိဗ္ဗာန်မြင်ပြီး၊ သောတာပန်ဖြစ်ဖို့၊ အာသဝေါကုန်ပြီး ရဟန္တာဖြစ်ဖို့ အရေးကြီးတယ်။

ဒီပဋ္ဌာနကြီးကို အနုစိတ်ပြီး သိဖို့က အလွန်တရာမှ ခက်ခဲနက်နဲပြီး သိမ်မွေ့တယ်၊ ကုန်စင်အောင်သိဖို့ကတော့ ဘုရားမှပဲ သိနိုင်မယ်၊ နိဗ္ဗာန်မျက်မှောက်ပြုဖို့က ဒီပဋ္ဌာနကြီးနဲ့ မဆိုင်ဘူး၊ ဒါပေမဲ့ သူနဲ့လဲအကြောင်းမကင်းဘူး။ မကင်းလို့ သူက မြင်တယ် ကြားတယ်၊ အဲဒီလိုမြင်တဲ့ ကြားတဲ့အခါမှာမှ သူ့ကို အမှုပြုပြီး အာယောနိသော မနသိကာရဖြစ်တဲ့အခါ သာယာတယ် မုန်းထားတယ် ပြစ်မှားတယ်ဆိုပြီး သုံးဆဲ့တစ်ဘုံ ပဋိစ္စသမုပ္ပါဒ် ဆက်လည်ပြန်ရော၊ သူမရှိပဲကလဲ မဖြစ်ပဲဟာကိုး၊ ဒီတရားကြီးက အဗျာကတာဓမ္မာခေါ်တယ်၊ အဗျာကတာဓမ္မာဆိုတာ ကုသိုလ်ကိုလဲ ကျေးဇူးပြုတယ်၊ အကုသိုလ်ကိုလဲ ကျေးဇူးပြုတယ်၊ အဲဒါကြောင့် ဒီကစစ ဟောရတာ၊ အဲဒါကိုခွဲခြားပြီး မသိနိုင်လို့ လုံးထွေးပြီး ရောထွေးပြီး ဟောခဲ့တယ်၊ ကျင့်ခဲ့တယ်၊ ဘုန်းကြီးတို့လဲ အဲဒီလိုလုပ်လာခဲ့ပါတယ်၊ ဟောလဲဟောလာခဲ့ပါတယ်။ ကွဲကွဲပြားပြားတော့ မသိခဲ့ဘူး။

လိုရင်းကတော့ ဒီခန္ဓာကိုယ်ကြီးကို မကြည့်နဲ့ နိဗ္ဗာန်ဆိုတဲ့ တရားကလဲ ဒီခန္ဓာကိုယ်မှာရှိတယ်၊ သစ္စာလေးပါး တရားကလဲ ဒီခန္ဓာကိုယ်မှာပဲ ရှိတယ်လို့ ဟောတယ်၊ ဒီခန္ဓာကိုယ်ကြီးက

တခြားထား၊ အဲဒါက ပဋ္ဌက္ခန္ဓာ၊ သိရမဲ့ခန္ဓာက ဥပါဒါနက္ခန္ဓာ ခေါ်တယ်၊ အဲဒီဥပါဒါနက္ခန္ဓာက ယခုအချိန် ယခုအခါမှာ ခင်ဗျားတို့စိတ် ဖြစ်နေတာတွေ မရှိဘူး၊ အဖြစ်တွေမှ သဲ့ဦးနေ တယ်၊ ချုပ်နေတယ်၊ ငြိမ်းနေတယ်၊ သုညချည်း ဖြစ်၍နေတယ်၊ အဲဒါသိတာ၊ ဖြစ်တာတွေကတော့ ဖြစ်ခဲ့တယ်၊ လောဘတွေ ဖြစ်တုံးက ဖြစ်ခဲ့တယ်၊ ဖြစ်ပြီးတော့လဲ ပျက်ခဲ့ပြီ၊ အခု မရှိတော့ ဘူး၊ ချစ်တုံးကလဲ ချစ်တဲ့စိတ်တွေ ဖြစ်ခဲ့တယ်၊ အခုအဲဒီစိတ်တွေ ရှိသေးသလား မရှိတော့ဘူး၊ ပျက်ခဲ့ပြီ။ ဟို ငှရှးတုံးကတော့ အလွန်ချစ်ခဲ့ကြပါတယ်၊ မမြင်ရလျှင် မနေနိုင်ပါဘူးတဲ့၊ ချစ်ကြ ခင်ကြ အောက်မေ့ကြကယ်ပေါ၊ အဲဒီစိတ်တွေက မြဲသလား ဆိုတော့ မမြဲပါဘူး၊ မမြဲလို့လဲ တော်ဘော်ကြာတော့ ထပြီး ရန်ဖြစ်ကြရော လင်မယားတောင် ကွာမယ် ရှင်းမယ်နဲ့ ကွာကြ သေးတယ်၊ ဒီလိုမဟုတ်ဘူးလား၊ ချစ်တရက် မုန်းတရက် မတည့် တရက် ဒီလိုမဟုတ်ဘူးလား၊ ခဏခဏ ပြောင်းလွဲ၍ နေတယ်၊ ဖြစ်ဘယ် ပျက်ဘယ် ဆိုတာ အလွန်ထင်ရှားပါဘယ်၊ ဤသို ကတော့ သိနိုင်ကြပါဘယ်။

ယခု အခိုက်အတန့် ရှိနေတဲ့ စိတ်ကလေးကို ကြည့်လိုက်မယ် ဆိုတော့ ဖြစ်နေတာတွေ မရှိဘူး၊ အဖြစ်မှ သုဉ်းနေတယ် ကုန် နေတယ် ဆုံးနေတယ်၊ အဲဒါ သုညတော လောကံအဝေက္ခဿု၊ သုညတော လောကံ-ဥပါဒါနက္ခန္ဓာ တည်းဟူသော လောကကို သုညတော-သုဉ်းဆိတ်၍ နေခြင်းအားဖြင့်၊ အဝေက္ခဿု-မမြင် မြင်အောင်ရှုပါ (ဝါ)ကြည့်ပါ၊ သုဉ်းနေတယ် ဆိတ်နေဘယ်၊

စိတ်ကတော့ ဒီအတိုင်းတိုင်းပဲ။ အတိုင်းတိုင်းနေမှ မြင်လို့ဖြစ်တာ။ ဒီလိုစိတ်က ဘာမှအာရုံမရောက်၊ ဘယ်မှအာရုံမပျံ့လွင့်ပဲ ဒီအတိုင်းတိုင်း တည်နေတာကို သမာဓိခေါ်တာ။ သမာဓိရှိမှ မြင်လို့ဖြစ်တယ်ဆိုတာ ဒီလိုသမာဓိကိုပြောတာ။ အတိုင်းတိုင်း မနေရင်တော့ ဘယ်တော့မှ မြင်လို့မဖြစ်ဘူး။ အဓိစိတ္တ ဆိုတဲ့တရား ဘယ်တော့မှ မဖြစ်ဘူး။ မိမိတို့ စိတ်က ဖြစ်ဆဲ ဖြစ်ဆဲ တခုခုဖြစ်နေလို့ပဲ။ ဟုတ်ဟုတ်မှန်မှန်မှားမှား အများအပြားမှ တခုခုဖြစ်နေလို့ပဲ။ ဘာစိတ်ပဲဖြစ်ဖြစ် ဖြစ်ဆဲဆိုရင်ဖြင့် မြင်လို့ကို မဖြစ်နိုင်ဘူး။

အဲဒါကြောင့် ဘာလိုမှ ဘယ်လိုမှ မအောက်မေ့လို့ အဖြစ်တွေချုပ် အဖြစ်တွေငြိမ်းနေကာ။ စိတ်ပျံ့လွင့်မှုမရှိဘူး။ အဲဒီလို စိတ်ပျံ့လွင့်မှုမရှိမှ နိဗ္ဗာန်ကို မြင်လို့ ဖြစ်နိုင်တာ၊ အဲဒါကြောင့် သမာဓိရှိမှ မြင်နိုင်တယ်ဆိုတာဟုတ်တယ်၊ သမာဓိတရားမရှိမှဖြင့် ဘယ်အလုပ်မှ မဖြစ်ဘူး။ အတိုင်းတိုင်းနေဆိုတာ အဓိစိတ္တဆိုတဲ့ သမာဓိဟောလိုက်တာ။ လိုရင်းကတော့ ပျံ့လွင့်တဲ့စိတ် မရှိတာပေါ့။ အဲဒါက သမာဓိနဲ့ပြောတဲ့ သမာဓိပေါ့။

သီလဆိုတာက ခင်ဗျားတို့သီလဖြစ်မနေဘူးလား၊သီလမှာလဲ လောကုတ္တရာ မဂ္ဂင်သီလမှ နိဗ္ဗာန်ကို မြင်နိုင်တဲ့သီလ၊ ကိုးပါး သီလတွေက သမ္မာစာရိတ သီလလို့လဲခေါ်တယ်။ မှန်းတဲ့သီလ လို့လဲခေါ်တယ်။အရိယာဖြစ်ပြီးလို့စောင့်မှသာ၍ကောင်းမှာ၊ အရိယာတို့စောင့်တဲ့သီလ အတုယူပြီးစောင့်ကြတာ။ ဝိသာခါတို့

အနာထပိဏ်တို့နေ့စဉ်အိမ်ယာကိစ္စ၊ ဗျာပါဒတွေကများလွန်းလို့ တလမှာ လေးရက်ဆိုပါတော့၊ ထမင်းအုပ်ကလေး ယူပြီးတော့ ဒီနေ့မှာတော့ဖြင့် သစ်ဘပင် ဝါးဘပင်အောက်မှာ အေးအေး ဆေးဆေး ငြိမ်းရာမြင်ပြီး ငြိမ်းသလို နေထိုင်တော့မယ်လို့ ဤသို့ထွက်လာကြတာ အဲဒီပုဂ္ဂိုလ်ကြီးတွေကို အတုယူပြီး အခု လူတွေစောင့်တာ။

အဲ ၂ါ ဥပေါသသဘဲ့။ ဖြူစင်သန့်ရှင်းတယ် (ဝါ) ဆင်ဖြူတော်ကြီးနှင့်တူသတဲ့။ သာမညမဟုဘ်ဘူး၊ ငြိမ်းရာမြင်ပြိုးမှ စောင့်ရင် သာ၍ကောင်းဘာပေါ့။ သီလဆိုဘာ ကာယဒုစရိုက်၊ ဝစီဒုစရိုက်တွေကို မလွန်ကျူးတာ၊ လွန်ကျူးမှု မဖြစ်ဘာ။ သီလမြဲဘယ်ရယ်လို့ ခေါ်ကြဘာ။ အခု ခင်ဗျားဘို့ ဒီအတိုင်းတိုင်းနေတော့ ကာယဒုဇရိုက်ဘွေ့ ဝစီဒုစရိုက်ခတွေ အခုကျူးလွန်နေကြသသား မကျူးလွန်ပါဘူးဘျ။ ကျူးလွန်မှု့တွေ့မဖြစ်အောင်များ ဘယ်သို လုပ်သားကြသို့လဲ။ စိဘ်ကလေးကို အောင့်သားရသို့လား၊ တရားတခုခုနဲ့ ရှုမှတ်ပြိး တားထားလို့လား။ ဒါမှမဟုဘ် တန်ခိုးတော်ကြီးနဲ့ ဖန်ဆင်းသားသို့လား။ ဘယ်လိုမှ လုပ်မထားရပါဘူး။ သူ့အလိုသို လွန်ကျူးမှုတွေမှ ကင်းလွှဘ်ခနေတယ် (ဝါ) သီလလုံခြုံနေတယ်။ သီလမြဲနေတယ်။ အသိုသိုသီလမြဲနေတယ်။ အဲဒီအလိုသိုမြဲနေတဲ့သီလကို အနတ္တသီလလို့ ခေါ်တယ်။ ကိုယ်က ပြုလုပ်ပေးနေရဘာ မဟုဘ်ဘူး။ သူ့အသိုလို သီလဘာနဲ့ ပြည့်စုံနေတာ။ အဲဒီသိုအစကောင်းခြင်းနဲ့ လဲပြည့်စုံခနေဘယ်။

ဗီလို သူ့အလိုလို သီလဖြစ်နေတာကို မသိတော့၊ ငါသီလ မြဲအောင်ဆိုပြီးတော့မှ စောင့်ဟယ်၊ ထိန်းဟယ်နဲ့ သီလ ဖြစ်အောင် လုပ်ကြတာ။ အဲဒါ အတ္တသီလလို့ခေါ်တယ်။ ကုသိုလ်တော့ ဖြစ်ပါတယ်၊ နိဗ္ဗာန်တော့ မမြင်နိုင်ဘူးပေါ့။

သမာဓိကလဲ ထို့အတူပါပဲ၊ အလယ်ကောင်းခြင်း ဆိုတဲ့ သမာဓိကလဲ ထို့အတူပဲ၊ အခုတော့ သမာဓိဖြစ်အောင် သွားလုပ်နေကြတယ်။ အဲဒါ သမထခေါ်တယ်။ သမထ လေးဆယ်ထဲမှ တခုခုနဲ့ စိတ်ကလေးတည်ငြိမ်အောင် သွားလုပ်နေတယ်။ သွားလုပ်တော့ မတည်ဘူးလားဆိုတော့ တည်ပါတယ်၊ အဲဒီ သမထ သမာဓိမျိုးနဲ့က ဗြဟ္မာတောင်ဖြစ်သေးတယ်၊ပဋ္ဌမစျာန်ပေါ့၊ အဲဒါ သမထ သမာဓိရဲ့ အကျိုးတရားပဲ၊ နေဝသညာနာသညာဆိုတဲ့ ဘုံရောက်သွားတာ၊ စိတ်ကလေးကို ငြိမ်အောင် ပြုလုပ်ပြီးမှ တည်ငြိမ်တဲ့သမာဓိမို့လို့ သမထသမာဓိခေါ်တယ်။ တနည်းပြောတော့ အတ္တသမာဓိလို့ ခေါ်တယ်၊ အဲဒီ သမထ သမာဓိ(ဝါ)အတ္တသမာဓိမျိုးနဲ့ နိဗ္ဗာန်ကို မျက်မှောက်မပြုနိုင်ဘူး၊ စျာန်စိတ်ဖြစ်ပြီးတော့ ဗြဟ္မာဖြစ်ရုံပဲ၊ အဲဒီကမှ တဆင့်တက်ပြီး နိဗ္ဗာန်ရောက်ချင်ရင်တော့ ဆရာကောင်းများရှာပြီး တဆင့်တက်ယူရမှာ၊ ဝိပဿနာလက္ခဏာ ထင်ရမယ်လို့ ဆိုလိုတာပေါ့။

အဲဒါကြောင့် သမထ လေးဆယ်ထဲက သမာဓိမျိုး မဟုတ်ဘူး၊ သမထလေးဆယ်ထဲက သမာဓိက သမာဓိဖြစ်ပြီး ဘာဖြစ်လို့ နိဗ္ဗာန်မရတာလဲ၊ အတ္တသမာဓိဖြစ်၍နေလို့၊ မိမိက ပြုလုပ်

ထားတဲ့ သမာဓိမို့၊ အဲဒါကြောင့်နိဗ္ဗာန်မရတာလို့ လွယ်လွယ် မှတ်ကြ၊ ဘုန်းကြီးတို့တရားက သမာဓိဖြစ်အောင် ဘယ်လိုလုပ်ရမလဲ။ သမာဓိဖြစ်အောင်ကတော့ ဘယ်လိုမှ မပြုလုပ်ရပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ သမာဓိ ဖြစ်တယ်ဆိုတာ စိတ်အလုပ်မလုပ်မှ သမာဓိဖြစ်မှာ၊အနတ္တသမာဓိဖြစ်မှာ၊ အဲဒီအနတ္တသမာဓိနဲ့မှ နိဗ္ဗာန်ရမှာ၊ အဲဒီ အနတ္တသမာဓိက သူ့အလိုလို ရှိတယ်၊ ဘယ်လိုမှပြုလုပ်မပေးရဘူး၊ဘယ်လိုမှပြုလုပ်မပေးတော့ ခင်ဗျားတို့ စိတ်ကလေး ဘာတွေဖြစ်သလဲ၊ ဘာကိုမှမကြံ၊ ဘာကိုမှလဲ မတွေး၊ ဘာကိုမှလဲ အာရုံမပြု၊ ဘယ်လိုမှလဲ မပြုရင်ဖြင့် ဘာတွေများ ဖြစ်ကြမလဲ၊ ဘာစိတ်မှမဖြစ်ပါဘူး၊ ဘာစိတ်မှ မဖြစ်တာကို စိတ်မပျံ့လွင့်ဘူးလို့ဆိုတာ၊ အဲဒီလို ဘာစိတ်မှမဖြစ်ပဲ မပျံ့လွင့်တဲ့စိတ်ကို အဝိစိတ္တသမာဓိလို့ခေါ်တယ်၊ အဲဒီသမာဓိကို မသိကြဘူး၊ ဒီသမာဓိက အနတ္တသမာဓိဖြစ်တယ်၊ ကိုယ်လုပ်လို့ ဖြစ်တာမဟုတ်ဘူး။

ကိုယ်က သွားလုပ်ရင် အနတ္တသမာဓိ ပျက်သွားပြီ၊ မိမိက လုပ်တော့ လုပ်တဲ့စိတ်တွေက ဖြစ်လာမယ်၊ အဲဒါကြောင့် ဘယ်လိုမှ ပြုလုပ်မပေးပဲနေပါ၊ လုပ်လုပ်ပေးနေလို့ သမာဓိ ပျက်တာ၊ စိတ်က လုပ်လုပ်ပေးနေလို့ အာရုံတွေပြုနေလို့ အဲဒီတော့မှ စိတ်ဖြစ်လာတာ၊ အဲဒီ စိတ်ဖြစ်လာတာကို စိတ်ပျံ့လွင့်လာတယ်လို့ ပြောရတာ၊ အဲဒီတော့မှ သမာဓိ ပျက်တော့တာ။ မိမိစိတ်က ဘယ်လိုမှ မပြုလုပ်ဘူးဆိုရင် ဘာတွေမှ မဖြစ်ဘူး၊ ဘာတွေမှမဖြစ်တော့၊ ဘယ်မှမပျံ့လွင့်ဘူး၊ အဲဒီလို မပျံ့လွင့်တဲ့

သမာဓိကို အဓိစိတ္တလို့ခေါ်တာ။ အလယ်ကောင်းခြင်းနဲ့လဲ ပြည့်စုံတာ၊ အဲဒါကို စာလိုကတော့ အဓိစိတ္တလို့ခေါ်တယ်၊ အဓိစိတ္တ သမာဓိဆိုတာ ဘာကိုခေါ်တာလဲ ဆိုတော့ ပျံ့လွင့်တဲ့ စိတ်တွေ မဖြစ်တာပဲ၊ ပျံ့လွင့်တဲ့စိတ်တွေ မဖြစ်အောင် ဘယ်လို လုပ်ရမလဲ၊ ဘယ်လိုမှ မလုပ်ပဲနေမှ ဘာမှမဖြစ်တာ၊ ဘာမှ မဖြစ်မှ ပျံ့လွင့်တဲ့စိတ်မဖြစ်ကာ၊ လုပ်ရင်တော့ဖြစ်မယ်၊ ဖြစ်ရင် တော့ ပျံ့လွင့်တော့မှာပဲ၊ အခုတော့ ဖြစ်တယ် ပျက်တယ်နဲ့ သွားရှုရော၊ ရှုတော့ ဖြစ်တယ် ပျက်တယ်ဆိုတဲ့ စိတ်တွေဖြစ်လို့ မို့ စိတ်တွေက ပျံ့လွင့်လာပြီး၊ အဲဒါကြောင့် သမာဓိ မဖြစ် ပြန်တော့ဘူး။

"ဖြစ်ပျက်တဲ့နိမိတ်ခံလျှင်-နိဗ္ဗာန်ကိုမေ့ပါကဖုံး" တဲ့ဝိပဿနာ ဆရာတို့ကလဲ ခန္ဓာအရှိ ထားလိုကြသေးတယ်။ သူတို့ရှုစရာ မှတ် စရာ ခန္ဓာကို အရှိထားပြီးတော့ ခန္ဓာက ဖြစ်တယ် ပျက်တယ်နဲ့ လုပ်ကြပြန်ရော၊ အဲဒါကို ဟုတ်လှပြီဆိုပြီး ဖြစ်တယ် ပျက်တယ်၊ ဖြစ်တယ် ပျက်တယ်နဲ့ အဖြစ်အပျက်တွေကြာတော့၊ ဖြစ်ပျက် တွေကို မုန်းတော့မှဆုံးမယ်ဆိုပြီး လုပ်ကြပြန်ရော၊ ဟုတ်သလိုလို ဟုတ်နိုးနိုးနဲ့ ပေါ့၊ စင်စစ်ကတော့ စိတ်က ဖန်ဆင်းတာ၊ စိတ် ကလိမ်ချပြီးလိမ်ပြတာ၊ မာယူပမဉ္စ ဝိညာဏံ ဖြစ်တာ သိရမှာက ခန္ဓာတွေက အဖြစ်မှ သဉ်းနေတယ်, ဆုံးနေတယ်, ကုန်းနေတယ်, ခန်းနေတယ် မရှိဘူး၊ အဖြစ်မှ ကုန်ဆုံးနေတဲ့ ခန္ဓာက ဘယ် ခန္ဓာလဲ ဥပါဒါနက္ခန္ဓာဖြစ်တယ်၊ ခြေအစ ခေါင်းအဆုံး ဆိုတဲ့

ရုပ်တုံးခန္ဓာကြီးပြောတာမဟုတ်ဘူး၊ မျက်စိ, နား, နှာ,ကြားတာ နံတာ ပြောတာမဟုတ်ဘူး။

အခုတော့ နိဗ္ဗာန်ရအောင်လို့တဲ့ စကျွ စကျွန့်. စာစကား လေးတွေ မှတည်ထိုးတဲ့ အကြောင်းကစပြီး သင်ပြန်တော့တယ်။ ခန္ဓာမရှိဘူး၊ ဥပါဒါနက္ခန္ဓာဆိုတာ သုဉ်းနေပါကလား,ချုပ်နေပါကလား, ငြိမ်းနေပါကလား, မရှိပါကလားရယ်လို့ သိရမှာ ခုတော့ ဒီလိုမဟုတ်ဘူး၊ ခန္ဓာငါးပါး သာလျှင် ရှိတယ်လို့ ဤလိုသိထားလို ဒီဘုရားသမား နိဗ္ဗာန်နဲ့ မတွေ့တော့ဘူး၊ ဥပါဒါနက္ခန္ဓာ ငါးပါးရှိတယ်ဆိုတော့ ဘယ်နှယ်လုပ်ပြီး နိဗ္ဗာန် တွေ့တော့မလဲ။

ဥပါဒါနက္ခန္ဓာငါးပါးရဲ့ ချုပ်ရာ, ငြိမ်းရာ, ကုန်ရာ, ခန်းရာ, ကို နိဗ္ဗာန်ခေါ်တယ်၊ ဥပါဒါနက္ခန္ဓာ ငါးပါးကို ဒုက္ခ အရိယသစ္စာ၊ အဲဒီခန္ဓာငါးပါး မရှိပါကလားရယ်လို့ ဤလိုသိရမှာ၊ အဲဒါ မကြားဘူးသေးတဲ့သူတွေ စဉ်းစားရန်ပေါ့၊ ခန္ဓာငါးပါး မရှိဘူးဆိုတာ ဘယ်ခန္ဓာလဲ၊ မင်းတို့ စိတ်ထဲက တခါတခါမှ ကြိတ်ခဲမရအောင် တွေးလိုက်လို့ ဖြစ်ပေါ်လာတဲ့ သဘောကို ပြောတာ၊ စိတ်ထဲက လောဘဖြစ်တယ်၊ ဒေါသဖြစ်တယ် သော က ဖြစ်တယ်ဆိုတာ အဲဒီလို ကြံစည်တွေးတောပေးမှ ထူထောင် ပေးမှ ဖြစ်တာပါ၊ ဒီအတိုင်းတိုင်းကတော့ သုဉ်းနေတာကို သိရ မယ်၊ မိမိတို့ ဖြစ်သမျှတွေ သုဉ်းနေတာ၊ ဒီအတိုင်းဘိုင်း စိတ် အဖြစ်တို့မှသုဉ်းနေပြီး စိတ်ကလေး မပျံ့လွင့်တာ အဲဒါ သမာဓိ လို့ ပြောတာ။

ဒီသမာဓိမှမရှိရင် ဘယ်နှယ်မှ မြင်လို့မဖြစ်ဘူး၊ သုဉ်းရာ, ဆိတ်ရာ, ကုန်ရာ, ခန်းရာကို ဘယ်လိုလုပ်လို့မှ မြင်လို့မဖြစ်ဘူး။ ဒီသမာဓိရှိမှ မြင်နိုင်တာ၊ ဤသမာဓိတရားကို အလယ်ကောင်း ခြင်းနဲ့လဲ ပြည့်စုံတယ်လို့ မြတ်စွာဘုရား ဟောကြားတော်မူတယ်၊ သမာဓိဖြစ်အောင် ဘယ်လိုကျင့်ရမှာလဲလို့ မေးရင် ဘယ်လိုမှမလုပ်ရဘူး၊ အတိုင်းတိုင်းလေးနေပေါ့၊ ခင်ဗျားတို့ ကြားဘူးပါလိမ့်မယ်၊ ကျောက်သဘော်က စိတ်အတိုင်းတိုင်း နေတဲ့၊ စိတ်အတိုင်းတိုင်းတဲ့၊ စိတ်အလုပ်မပေးနဲ့၊ စိတ်အလုပ် မရှိဘူးပေါ့၊ စိတ်အတိုင်းတိုင်းနေတာ၊ စိတ်အတိုင်းတိုင်း မနေတော့ ပျံ့လွင့်တာပေါ့၊ဟိုကြံဒီတွေးဟိုအောက်မေ့ ဒီအောက်မေ့၊ပျံ့လွင့်တော့ သမာဓိမရဘူး၊စိတ်တွေဖြစ်လာတယ်ဆိုတာ ပျံ့လွင့်တာပဲ၊ တခုခုသောစိတ်တွေဖြစ်လာရလို့ သမာဓိမရဘူး၊ သမာဓိပျက်တယ်လို့ ပြောတာ၊ ဘာမှမဖြစ်ဘူးလို့ ဆိုရင် သမာဓိရတယ်၊ အဓိစိတ္တဖြစ်တယ်၊ အဲဒါ အလယ်၏ ကောင်း ခြင်း အဝိက္ခေပတ္တော အဓိစိတ္တံတဲ့။

သမာဓိဆိုတာ ပျံ့လွင့်တဲ့ စိတ်တွေမဖြစ်တာပဲ၊ သီလကတော့ အဝီတိက္ကမော အဓိသီလံ။ အဓိသီလံဆိုတာဘာလဲ လွန်ကျူးမှုတွေ မဖြစ်တဲ့၊ မဖြစ်ရေးပဲ၊ ဖြစ်အောင်မလုပ်ရဘူး၊ ဘုန်းကြီးတို့ဟောတာ မကောင်းမှုတွေဖြစ်အောင် မလုပ်ဖို့ပဲ၊ အဲဒါ တရားအကျင့်ပဲ၊ တနည်းအားဖြင့်တော့ ဒုက္ခတွေ ဖြစ်အောင် မလုပ်ရေးပဲ၊ စိတ်ဒုက္ခတွေဖြစ်အောင် မလုပ်မှု၊ မလုပ်ပဲ နေတဲ့ အနေအကျင့်၊ အဲဒါ တရားအကျင့် ဖြစ်တယ်၊ အခုတော့

တရားအကျင့် ဆိုတာ လုပ်ရမယ်လို့ မှတ်ထားကြတယ်၊ ဒီလို မဟုတ်ဘူး ဒုက္ခတွေဖြစ်အောင် မလုပ်ပဲနေတဲ့ အနေ အကျင့်၊ အဲဒါ တရားအကျင့်လို့ ပြောတာ၊ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ၊ ဒုက္ခတို့ရဲ့ ချုပ်ငြိမ်းရာ ချုပ်ငြိမ်ကြောင်း ကျင့်သော (ဝါ) ဒုက္ခမဖြစ်တဲ့အကျင့်၊ အဲဒီအကျင့်ကို မဇ္ဈိမပဋိပဒါ အကျင့်လို့ ခေါ်တယ်။

အဲဒီအကျင့်ကို ကျင့်ပါဆိုတာ ဒုက္ခတွေကို ကျင့်နေကြတယ်၊ ဒုက္ခတွေဖြစ်အောင် ရှောက်ရှောက်လုပ်နေကြတယ်၊ဘုရားဟော ကြားတော်မူတဲ့ အကျင့်တရားက ဒုက္ခဖြစ်အောင် မလုပ်တာ၊ အဲဒါ အကျင့်၊ သတ်မှု၊ ခိုးမှု၊ ဝက်မှု၊ မုသားပြောမှု အစရှိ သည်ဖြင့် ဒီအမှုတွေ မလုပ်ပဲနေတာ၊ မလုပ်ပဲ ဘယ်နှယ်များ နေရအုံးမှာလဲ၊ မဖြစ်အောင်ကတော့ လွယ်လွယ်ကလေးပါ၊ ဒီအတိုင်းတိုင်းနေတာပါ၊ စိတ်အတိုင်းတိုင်းနေတာပါ၊ အသာ နေပါ၊ သူ့အသက်သတ်မှုတွေမဖြစ်အောင် ဘယ်နှယ်မှ လုပ် မထားရပါဘူး၊ ဘယ်သူ့မှ တိုင်ကြားထားရမှာ မဟုတ်ပါဘူး၊ ဘာမှမလုပ်ပဲ ဒီအတိုင်းတိုင်းအသာနေရုံပဲ အဲဒီလိုအသာနေတဲ့ အကျင့်ဖြစ်ပါတယ်။

မြတ်စွာဘုရား ဟောကြားတော်မူခဲ့တဲ့ တရားအကျင့်ဆိုတာ၊ ကျင့်လိုက်လျှင် အလွန်ချမ်းသာတာ၊ အခုတော့ ဒီလိုမဟုတ်ဘူး၊ ကျင့်မှ ဆင်းရဲဘယ်၊ ဘုရား တရားဆိုတာ ကျင့်ရင် အလွန် ချမ်းသာပါတယ် မဂ္ဂင်အကျင့်ကျင့်ရင် ချမ်းသာပါတယ်၊သတ်မှု၊ ဖြတ်မှု၊ ခိုးမှုတွေ မဖြစ်ဘူး၊ ချမ်းသာပါတယ်၊ ချမ်းသာတဲ့

အကျင့်၊ ဤကဲ့သို့ သိကြရမှာ၊ တိုတိုပြောရရင် မကောင်းမှုတွေ မဖြစ်အောင် မလုပ်ရေးတခုပဲ၊ ကာယကံ၊ ဝစီကံ၊ မနောကံ၊ မကောင်းမှုတွေမဖြစ်အောင် မလုပ်ရေးတခုပဲ၊ အဲဒါတွေ မဖြစ်အောင်ဟာ ဘယ်လိုများ လုပ်ရဦးမှာလဲ၊ ဒီအတိုင်းက နေပြီး သွားပဲ၊ နဂိုက နေပြီးသွားပါ၊ နဂိုကအကျင့်ကရှိပြီးသွားပါလို့ ပြောရဘာ၊ အဲဒီ ရှိပြီးသား အကျင့်ကို အစကောင်းခြင်းနဲ့လဲ ပြည့်စုံနေတယ်၊ အဲဒါ အဓိသီလလို့ခေါ်တယ်။

အစကောင်းခြင်း၊ သီလဆိုတာ အဲဒါပြောတာ၊ နိဗ္ဗာန် ရောက်တယ်ဆိုတာ ဒီလိုမှ ရောက်နိုင်တာ၊ အလယ်ကောင်းခြင်း ဆိုတာ အခုနပြောခဲ့တဲ့ သမာဓိပေါ့၊ အဓိစိတ္တ သမာဓိပေါ့၊ လိုရင်းကတော့ နီဝရဏတွေ၊ ပရိယုဋ္ဌာနကိစ္စဖြင့် မိမိတို့မနောမှာ ဖြစ်လာအောင် မပြုပြင်ရေး၊ မကြံရေး၊ မတွေးရေး၊ မအောက်မေ့ရေး၊ စိတ်မကူးရေးတွေပဲ၊ နီဝရဏတရားဆိုတာ ကာမစ္ဆန္ဒ၊ ဗျာပါဒ၊ ထိနမိဒ္ဓ၊ ဥဒ္ဓစ္စ အစရှိသည်ဖြင့်ပေါ့၊ အဲဒီ နီဝရဏတရားတွေ မိမိစိတ်မှာ ဖြစ်ပေါ်အောင် မလုပ်ရေး၊ ဒီမလုပ်ရေးကို နားမလည်ကြဘူး၊ လုပ်ရမယ်ချည်း မှတ်နေကြတယ်၊ အဲဒါတွေ ဖြစ်အောင်လုပ်မပေးပဲ သူ့ဖါသာသူကတော့ အဖြစ်တို့မှ သဦး နေတယ်၊ ဆိတ်နေတယ်၊ ကင်းနေတယ်၊ ရှင်းနေတယ်၊ လင်းနေတယ်၊ စင်ကြယ်နေတယ်၊ အဓိစိတ္တ ဖြစ်၍နေတယ်၊ အဲဒါ စိတ္တဝိသုဒ္ဓိ ဖြစ်နေတယ်။

အဲဒါကြောင့် တရားက ဖြစ်အောင်မလုပ်ရေးတရား၊ အခုန နီဝရဏတရားတွေက ဖြစ်စရာတွေ၊ မအေးစရာတွေ၊ ရှေ့ရေး

နောက်ရေးတွေကို လှည့်လှည့်ပြီးတော့ မတွေးနဲ့၊ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်၊ လှည့်လှည့်မတွေးနဲ့၊ သားအတွက် သမီးအတွက် အိုးအိမ်အတွက်ဆိုတဲ့စိတ်တွေဟာ နိဝရဏစိတ်တွေပေါ့၊ သံယောဇဉ်စိတ်၊ဥပါဒါန်စိတ်တွေပေါ့၊ အဲဒီစိတ်တွေဖြစ်အောင် လုပ်မပေးနဲ့၊ မလုပ်ရေး မပြုပြင်ရေးတရား၊ အဲဒီလို စိတ်ဖြစ်ပေါ်လာအောင် မလုပ်ပေးတော့ စိတ်ဖြစ်ပေါ် မလာဘူး၊ အဲဒါတွေက သူ့အလိုလိုကတော့ ဖြစ်ပေါ်မလာဘူး၊ လုပ်ပေး၊ ကြံပေး၊ တွေးပေး၊ ပြုပြင်ပေးမှဖြစ်လာကြမှာ၊ ဒီအတိုင်းတိုင်းက ဖြစ်ပေါ်မလာဘူး၊ အလိုလိုကတော့ အေးနေတာ၊ ငြိမ်းနေတာ၊ အေးပြီးသား၊ငြိမ်းပြီးသား၊အဲဒီလို သူ့အလိုလို အေးရာ ငြိမ်းရာကို နိဗ္ဗာန်ခေါ်တယ်၊ နိဗ္ဗာန်ရှိဘယ်ဆိုတာ ဒီလိုရှိတာမျိုး၊ နဂိုကရှိတာ၊ ပင်ကိုယ်ကရှိတာ၊ သူ့အလိုလိုကရှိတာ။

နိဗ္ဗာန်ဖြစ်အောင်ကတော့ ဘယ်လိုမှ လုပ်မပေးရဘူး၊ ဘယ်လိုမှမလုပ်ရလို့ နိဗ္ဗာန်လို့ပြောတာ၊ အခုတော့ နိဗ္ဗာန်လုပ်ယူမယ်လို့ကြံလိုက်ခါမှ အလွဲဖြစ်သွားတယ်၊ အဲဒါမသိလို့ လုပ်ကြတာပေါ့၊ လုပ်တာကိုတော့ အပြစ် မဆိုကောင်း ပါဘူး၊ မကောင်းဘူးလို့ မဆိုကောင်းပါဘူး၊ ဒီထက် မကောင်းတာတွေကရှိတော့ အဲဒီမကောင်းတာတွေနဲ့စာလိုက်ရင် ကောင်းတဲ့ကုသိုလ်ခမ္မာ ဖြစ်တယ်ပေါ့၊ တရားကို အောက်မေ့မယ်၊ အားထုတ်မယ်၊ လေ့လာမယ်ဆိုရင် ဘယ်တရားကိုပဲ အောက်မေ့ အောက်မေ့၊ အားထုတ် အားထုတ်၊ အားတုတ် လေ့လာ ကောင်းပါတယ်၊ လုပ်ကောင်းပါတယ်၊ ဤလိုသိလျှင် ပြောဘို

ရှိပါတယ်၊ မကောင်းဘူး ရယ်လို့တော့ ပြောဘို့ မရှိပါဘူး၊ ကောင်းဆိုတဲ့ ကုသလာဓမ္မာကတော့ မှန်ပါတယ်၊ ဒုစရိုက်မှုတွေကိုတော့ မကောင်းဘူးလို့ ပြောရတာပဲ၊ ဒုစရိုက်မှုထက် စာရင်တော့ ကောင်းပါတယ်၊ ဒါပေမဲ့ နိဗ္ဗာန် မရောက်သေးတာ တခုပဲ။

ဘုန်းကြီးတို့ကတော့ နိဗ္ဗာန်ကို တိုက်ရိုက်ရောက်ဘို့ ဟောနေတာ၊ နိဗ္ဗာန်ရောက်ဘို့ကတော့ အစကောင်းခြင်း သီလနဲ့လဲ ပြည့်စုံနေပါတယ်၊ မိမိတို့စိတ်ကို ကြည့်ရင် ထင်ရှားပါတယ်၊ လောဘ ဒေါသဆိုတဲ့ နီဝရဏစိတ်မျိုးတွေ ဖြစ်နေတာမရှိပါဘူး၊ ဖြစ်မနေတာ ကေန်မှန်ပါတယ်၊ ဖြစ်ပြီးသားမရှိတာ ကေန် မှန်ပါတယ်၊ အဖြစ်မှ ချုပ်ငြိမ်းနေတာ မှန်ပါတယ်၊ ဖြစ်အောင်ကတော့ တွေးရဦးမယ်။

ဒီအတိုင်းနေရင်ကတော့ ဒီအတိုင်း အေးနေတယ်၊ မဖြစ်အောင်ကတော့ ဘယ်မှမရောက်အောင်ကတော့ မခက်ပါဘူး၊ ဒီတိုင်းနေရုံပါပဲ၊ (၀ါ) စိတ်-စိတ်အတိုင်းတိုင်းနေရုံပါပဲ၊ ခင်ဗျားတို့တတွေ ခရီးဘယ်မှမသွားတော့ ဘယ်မှမရောက်ဘူး၊ အဲဒီလိုပဲ ဘာမှမဖြစ်အောင်ဆိုတာ ဘာမှမလုပ်ပဲ ဒီအတိုင်းတိုင်းနေတာ၊ ဖြစ်အောင်ကတော့ လုပ်ရတယ်လို့ သိရတယ်။

စိတ်ကတွေးတယ်၊ နှလုံးသွင်းတယ်၊ လောဘဖြစ်စရာ ဒီလို နှလုံးသွင်းတယ်၊ အောက်မေ့တယ် သောကဖြစ်စရာ၊ ပူစရာတွေကိုလဲ လှည့်လှည့်ပြီးတွေးတယ် အောက်မေ့တယ်၊ အဲဒီအခါမှ ဖြစ်လာတာ မတွေးတဲ့အခါမှာတော့ ဒီအတိုင်းပဲ အေးနေတယ်၊

ငြိမ်းနေတယ်၊ အဲဒါ အခိုစိတ္တလို့ ခေါ်တယ်၊ သမာဓိလို့ခေါ်တယ်၊ အလယ်၏ ကောင်းခြင်းနဲ့ လဲ ပြည့်စုံတယ်၊ ဒီအတိုင်းတိုင်း နေတော့ ပူတာ ဆေးဟာ မအေးဘာတွေ မဖြစ်ပဲ၊ အလိုလို အေးငြိမ်းနေတာ၊ စိတ်မှာဖြစ်နေတာတွေမရှိဘူး၊ ဒီအတိုင်းတိုင်း အဖြစ်တွေမှ အေးနေတယ်၊ အဲဒီလိုအေးနေတဲ့ အေးရာမြင်သွားတာ၊ အဲဒါ ပညာလို့ခေါ်တယ်၊ မိမိတို့စိတ်မှာ ဖြစ်တာက်ကဲ့ လောဘ,ဒေါသ,သောက,ပရိဒေဝ စိတ်မျိုးတွေက သူ့အလိုလို ဆုံးနေလို့၊ ကုန်နေလို့၊ချုပ်နေလို့၊ ငြိမ်းနေလို့၊ကုန်ရာချုပ်ရာ ငြိမ်းရာကြီးက ထင်ရှားရှိတယ်၊ အတိုင်းတိုင်းမနေပဲ ဟိုကြံဒီတွေး ဟိုပြုဒီပြု ဟိုရှုဒီရှုဆိုရင် အဲဒါ အတ္တတရားခေါ်တယ်၊ ဘာမှ မလုပ်ပဲ သူ့ဟာသူနေမှ အဲဒါမှ အနတ္တ။

မြတ်စွာဘုရားဟောတာက သဗ္ဗေခမ္မာ အနတ္တာတဲ့၊ အနတ္တတရားက စင်ကြယ်တယ်၊ သန့်ရှင်းဘယ်၊ ဟုတ်တယ် မှန်ဘယ်၊ ဒီလိုဟောတာ၊ ဟုတ်-ဟုတ်ဘဲ့အတိုင်းတိုင်း မသိတော့ အတ္တကိစ္စတွေဖြစ်ကုန်ရော၊အတ္တကိစ္စတွေ အတ္တအလုပ်တွေကဖြစ်ကုန်တော့ မဟုတ် မမှန်တာတွေ ဖြစ်ကုန်တာ၊ အဲဒါ သံသရာလည်တာပဲ၊ သံသရာဆိုတာက လည်ပြီးသား မရှိဘူး၊ ဖြစ်ပြီးသား မရှိဘူး၊ သံသရာကြီးက ရှိပြီးသားထင်ပြီး သံသရာပြတ်အောင် ချုပ်အောင် ဆုံးအောင် ဒုက္ခတွေကို ကုန်အောင်ဆိုပြီး အားထုတ်ကြတယ်၊ ဤမှတခါဆက်၍ လောဘ, ဒေါသ, မောဟတွေ ကုန်အောင်၊ ကိလေသာတွေကုန်အောင် အားထုတ်ရမယ်၊လုပ်ရမယ် ရယ်လို့ လုပ်ကြပြန်ရော၊ အလွဲချည်းပဲ၊ ရှိမှမရှိပဲနဲ့ ကုန်အောင်

ဘယ်နှယ်လုပ်ရမလဲ၊ ရှိနေလို့ ကုန်အောင် လုပ်ရင်တော့ ဟုတ်သွားပဲ၊ ဖန်ခွက်ထဲမှာ ရေရှိရင်တော့ ကုန်အောင်သွန်ရင် ဟုတ်သွားပဲ၊ ရေမရှိပဲနဲ့ ကုန်အောင်သွန်နေရင်တော့ ဟုတ်နိုင်ပါ့မလား၊ မှန်ပါ့မလား၊ ရေရှိတယ်ထင်လို့ သွန်တာ ရေက နဂိုကမှမရှိတာ၊ ရေမရှိပဲနဲ့ သွန်နေရင် ဒီအလုပ်မဟုတ်တော့ဘူး။

အဲဒီလိုပဲ ဒီမှာလဲ အထူးသဖြင့် တရားသမားတွေ ဖြစ်တတ်တယ်၊ ကိလေသာကုန်နေတဲ့တရား၊ ကုန်နေတဲ့အမျိုး၊ သံသရာက ပြတ်ပြတ်နေတဲ့အမျိုး၊ ရပ်ရပ်နေတဲ့အမျိုး၊ ပဋိစ္စသမုပ္ပါဒ်ဆိုတာ စက်ရဟတ်ကြီးကဲ့သို့ ဒလစပ်ကြီး လည်နေတယ်လို့ ဒီလိုသိထား ကြပြန်ရော၊ ပဋိစ္စသမုပ္ပါဒ်ဆိုတာ....

အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ
သင်္ခါရ ပစ္စယာ ဝိညာဏံ
ဝိညာဏ ပစ္စယာ နာမရူပံ

အစရှိသည်ဖြင့်ဟုတ်နေတယ်၊ အဲဒါပဋိစ္စသမုပ္ပါဒ် အဝိဇ္ဇာက စဖြစ်တာပေါ့၊ အဝိဇ္ဇာက စကာရှိသေးတယ်၊ အဝိဇ္ဇာ ဘာကြောင့်ဖြစ်သလဲ၊ အဝိဇ္ဇာကို ရှိပြီးသားအနေနဲ့ ထင်ထားပြန်တယ်၊ အဝိဇ္ဇာကလဲ နဂိုရှိပြီးသား မဟုတ်ဘူး၊ ဒီအတိုင်းပဲ၊ ဒီကဋ္ဌေဝရဖြစ်တဲ့ ခန္ဓာကိုယ်ကြီးက အပုပ်ကောင်၊ အပုပ်ကောင် အတိုင်းတိုင်းပဲ၊ ဘာတွေမှ ရှိမနေဘူး၊ ဒီခန္ဓာကိုယ်ကောင်ကြီး ထဲမှာ ဝမ်းထဲမှာ အူတွေ အသဲတွေပဲ ရှိမှာပေါ့ ခေါင်းထဲမှာလဲ ဦးနှောက်ပဲ ရှိပါတယ်၊ စိတ်ကရှိမနေပါဘူး၊ ဦးနှောက်ထဲမှာ စိတ်ရှိတယ်, ရင်ချိုင့်ထဲမှာ စိတ်ရှိတယ်ဆိုပြီး ပြောနေကြတာ၊

အမှန်စင်စစ်ကတော့ မရှိပါဘူး၊ ဖြစ်တဲ့အခါမှာ မှီဖြစ်တာပါ။ အဲဒါလောက်ပါ၊ ဇောမဖြစ်တဲ့အခါ ဘဝင် ဘဝင်ဆိုတာ ဖြစ်နေတာ၊ ဘဝင်စိတ်ခေါ်တယ်၊ ဘာပဲ ညာပဲလို့ သိနေတဲ့အခါ ဘဝင်ကလဲမရှိပြန်ပါဘူး၊ဒီစိတ်က ဘယ်မှာရှိမနေဘူး၊ဒီလိုသိကာ၊ အဲဒီဂတော့ အဝိဇ္ဇာကိုက စိတ်ကိုမှီဖြစ်ရမှာ၊ ဒီစိတ်ကိုက ရှိမနေဘဲ ဟာပဲ၊ ဘယ်မှာမှရှိမနေဘူး၊ ဘယ်အခါမှ ရှိနေသလဲ၊ အဲဒါကြောင့်မို့ အဝိဇ္ဇာဆိုဘာက အကြောင်းရှိသေးတာကိုး၊ သူ့ချည်းဖြစ်လို့ မရဘူး၊ အဝိဇ္ဇာ ဘယ်သူ့ကြောင့် ဖြစ်သလဲ၊ "အာသဝသမုဒယာ အဝိဇ္ဇာသမုဒယော" အာသဝကြောင့်တဲ့၊ အာသဝဆိုဘာ ဘယ်လိုဖြစ်တာလဲ၊ အလိုသို ဖြစ်ဖြစ်လာတာ မဟုတ်ဘူး။

အာသဝဆိုတာ ယိုစီးတာ၊ ယိုစီးတဲ့စိတ်တွေကလဲ ယိုစီးရာ အာရုံမရှိပဲ ဖြစ်ပါ့မလား၊ မဖြစ်ပါဘူး။

အာရုံပြုမှ အာရုံရှိမှ အာရုံပေါ်မှာယိုစီးတာ၊ အိမ်ကိုအာရုံပြုတော့ အိမ်ပေါ်မှာ စိတ်တွေဖြစ်လာဘာ၊ ယိုစီးလာတာ။ ရှေးဦးစွာ အိမ်ကိုအာရုံပြုလိုက်ရမယ် မဟုတ်လား၊ အဲဒီစိတ်က အာရုံတခုကိုပြုမှ အာရုံဖြစ်လာတာ၊ အာရုံမှယိုစီးတဲ့စိတ် စဖြစ်တော့တာ၊ အာရုံနှင့်တကွ ယိုစီးတဲ့စိတ်ကို မသိခြင်း၊ အဲဒီအာရုံတွေ မပြုခင်က ဗလာရှင်းပြီးတော့ ဒီအတိုင်းလင်းနေတယ်ဆိုဘဲ့ အသိ မသိမြင် (ဝါ) ဝိဇ္ဇာဉာဏ်မဖြစ်လို့ အာရုံတွေကပြုရော၊ သားဆီ၊အိမ်ဆီ၊အာရုံပြု၊ အာရုံပြုတော့ အာရုံဖြစ်၊ အဲဒီအပေါ် စိတ်တွေဖြစ်လာတာ။

အာသဝတွေ ဖြစ်လာတာ၊ အဲဒီအဖြစ်တွေ မသိတာ၊ အဲဒါ အာသဝသမုဒယာ အဝိဇ္ဇာသမုဒယော၊ အာသဝမှ ဖြစ်မှာတဲ့။

အာသဝဆိုတာ ဘာ့ကြောင့်ဖြစ်ရတာလဲ၊ အာရုံပြုလို့၊ ဘာကိုမှ ဘယ်ကိုမှ၊ဘယ်လိုမှ အာရုံမပြုပဲ၊အာရုံနဲ့ စိတ်နဲ့ မထိစေနဲ့၊ မိမိတို့ရဲ့မနောစိတ်နဲ့ ဗဟိဒ္ဓအာရုံတွေနဲ့ မတွေ့စေနဲ့လို့ ဘုန်းကြီးတို့ ရှေးဦးစွာ စဟောခဲ့တာပေါ့၊ အာရုံနဲ့ စိတ်နဲ့ မတွေ့ပဲ၊ ဒီအတိုင်းနေတာ၊ စိတ်ဟာ ဒီအတိုင်းနေတာ၊ စိတ်အလုပ် မရှိတာ၊ ဒီလိုနေလို့ အေးတာ-ငြိမ်းတာပဲ၊ ဒီလိုမနေပဲလုပ်မှ တခုခု အောက်မေ့မှ၊ ရှုမှ၊ မှတ်မှ၊ အဲဒီလို ရှုမယ် မှတ်မယ် ဆိုရင်တော့ ဒုက္ခဖြစ်မှာပဲ၊ အဲဒါကြောင့် လုပ်သမျှမှာတော့ ဒုက္ခဖြစ်မှာပဲ၊ ဒီလိုဟောခဲ့တာပါ။

အဲဒါ အာရုံကစတာ ထင်ရှားတယ်။ သံသရာလည်တယ်ဆိုတာ အဲဒီမှာလည်တာ၊ ပဋိစ္စသမုပ္ပါဒ်လဲ အဲဒီမှာလည်တာ။ ဒီအတိုင်းတိုင်းနေရင် လည်တာ မဟုတ်ဘူး၊ ပဋိစ္စသမုပ္ပါဒ်ကလဲ ရှိပြီးသားဖြစ်နေတာ မဟုတ်ဘူး၊ အခုတော့ ပဋိစ္စသမုပ္ပါဒ်လဲ အရှိထားလိုက်တယ်၊ ခန္ဓာငါးပါးလဲ အရှိထားလိုက်တယ်။

ရုပ်နာမ်နှစ်ပါးကိုလဲ အရှိထားကြည့်တယ်၊ အဲဒီတရားသမားတော့ မထွက်နိုင်တော့ဘူး၊ အဲဒါရှိနေတာမဟုတ်ဘူး၊ ကိုယ်က အာရုံပြုမှ အာရုံဖြစ်လာတာ။ အဲဒါ အာရုံပြုမှ ရှိတာပါ။ သူမဖြစ်ခင်က ပကတိအားဖြင့် ရှင်းလင်းနေတာလဲ မသိဘူးပေါ့၊ အဲဒီမသိတာကြောင့် အဝိဇ္ဇာဖြစ်လိုင်းကြီးတွေ ဖြစ်နေတာ။

အဝိဇ္ဇာဖြစ်လာတော့ စိတ်တွေပြုပြင်လာတာ၊ ပြုပြင်ဆိုတာ တောင့်တရေး၊ ကြောင့်ကျရေး၊ ပူပန်ရေးတွေဖြစ်လာရော၊ အဲဒီတော့ စိတ်တွေဖြစ်လာတော့မှ ဝိညာဉ်တွေဆိုတာ ပေါ်လာတာ၊ အားထုတ်တော့ ဖြစ်ပေါ်လာတာပေါ့၊ အဲဒါကို သင်္ခါရပစ္စယာ ဝိညာဏံတဲ့၊ ပြုပြင်လို့ ဝိညာဉ်တွေဖြစ်လာတာတဲ့၊ အခုလို ပြောတော့ ခင်ဗျားတို့နားလည်ချင်မှ နားလည်မှာ၊ ခင်ဗျားတို့ နားလည်အောင်ပြောမယ်။

သမထတခု သွားအားထုတ်မယ်၊ စိတ်ကလေး တည်အောင် လုပ်ဘာ၊ လုပ်နေရတာ-မဟုတ်ဘူးလား၊ အဲဒီစိတ်ကလေး တည်အောင် ပြုလုပ်နေရဘာ၊ ပြုပြင်နေရဘာ သင်္ခါရ ခေါ်တယ်၊ အဲဒီသင်္ခါရပြုလုပ်တော့ သင်္ခါရဖြစ်ဘာပေါ့၊ စိတ်ကလေး ငြိမ်အောင် အားထုတ်တာ ငြိမ်မှုဖြစ်တာ၊ ငြိမ်မှုအရောင်အဆင်းတို့ ဘာတို့ ဖြစ်လာတာ၊ တောတောင်တို့ အရိုးစုတို့ နိမိတ်တွေ ထင်လာတယ်ဆိုဘာ ကြားဘူးကြမှာပေါ့၊ နိမိတ်ဆိုတာတခြား မဟုတ်ဘူး၊ ဝိညာဉ်ဖြစ်ဘာ၊ ဒီဝိညာဉ် သူပြင်လို့ ဖြစ်တာ၊ သူ့ဟာသူ နေတဲ့စိတ်ကို တည်အောင် သွားလုပ်လို့ စိတ်က တည်ရော၊ တည်တော့ ထင်လာရော၊ လုပ်တာကသင်္ခါရ,မြင်ဘာ ထင်တာက ဝိညာဉ်၊ သင်္ခါရပစ္စယာ ဝိညာဏံဆိုဘာ အဲဒါ ပြောတာ။ ပဋိစ္စသမုပ္ပါဒ်ဆိုတာ အဲဒီအခါမှလည်ဘာ၊ အခုလဲ ဒီလိုသည်နေတာ ပြချင်လို့။

ခင်ဗျားတို့တတွေ ဆုတောင်းလာခဲ့ကြဘဲ့ အိုခြင်းကင်းရာ၊ နာခြင်းကင်းရာ၊ နိဗ္ဗာန်ဆိုတာကိုရှင်းပြရဦးမယ်၊ အိုခြင်းကင်းရာ

နာခြင်းကင်းရာ ဆိုတာ ဒီခန္ဓာကြီးကင်းရာ နိဗ္ဗာန်ကတော့ ခင်ဗျားတို့ရှာလို့ တွေ့မှာမဟုတ်ဘူး၊ ခင်ဗျားတို့စိတ်ထဲ တခါ တခါ ဖြစ်ဖြစ်ပြီး ပျောက်ပျက်ခဲ့တာကို သေတယ်လို့ ပြောတာ၊ အဘိဓမ္မာနည်းနဲ့ သေတယ်လို့ ပြောတာ၊ ဒီသေခြင်းကင်းရာမှာ ရှင်းရှင်းပြောရရင် ဥပါဒါနက္ခန္ဓာ ဖြစ်ခြင်းပျက်ခြင်းကင်းတာကို ပြောတာ၊ အဲဒီဥပါဒါနက္ခန္ဓာ ဖြစ်တာပျက်တာကို သေတယ်လို့ ပြောရတာ၊ အဘိဓမ္မာမှာ သေတယ်လို့ မရှိဘူး သေတယ်လို့ ဆိုတာ သုတ္တန်ဒေသနာသာလျှင်ဟုတ်တာ၊ အဲဒီ ဖြစ်ခြင်း ပျက်ခြင်းကင်းရာကို ဆိုလိုတာပဲ။

အဲဒီတော့ အိုခြင်းကင်းရာ၊ နာခြင်းကင်းရာ၊ သေခြင်းကင်းရာ နိဗ္ဗာန်ဆိုတာ ခင်ဗျားတို့က နားမလည်ပဲ အကောက်အယူ မတတ်တော့၊ ဘယ်လိုမှ ရှာလို့ မတွေ့နိုင်ကြဘူး၊ ဒီခန္ဓာကိုယ်ကြီးရဲ့ အိုခြင်း၊ နာခြင်း၊ သေခြင်းကင်းရာကိုပဲ ရှာနေကြမှာပဲ၊ ဒီခန္ဓာကိုယ်ကြီးကတော့ သေလဲသေကယ်၊ သေပြီးလို့ ခေါင်း သွင်းလဲ မပျောက်သေးဘူး၊ တွင်းထဲထည့်လဲ ရှိသေးတာပဲ။ နောက် တလ နှစ်လကြာမှ သွားကြည့်လဲ ရှိသေးတာပဲ၊ ဘယ်မှ မပျောက်ဘူး။

ဒီလိုမဟုတ်ဘူး၊ အိုခြင်း၊ နာခြင်း၊ သေခြင်း ကင်းရာဆိုတာက မိမိတို့မနောက၊ ကောင်းကောင်း ဆိုးဆိုး အမျိုးမျိုးသော ဥပါဒါနက္ခန္ဓာ ကိလေသာစိတ်တွေမှ အဖြစ်ကင်းလို့မို့ အပျက်ကင်းသွားတာ အဲဒါကို အိုခြင်း၊ နာခြင်း၊ သေခြင်းကင်းတယ်လို့

ပြောတာ၊ ဒါကိုပဲ တနည်းပြောတော့ ပဋိစ္စသမုပ္ပါဒ်ရပ်နေတယ်၊ ဆက်မလည်ဘူးပေါ့။

ပဋိစ္စသမုပ္ပါဒ်တရားဆိုတာက အမြဲတမ်းဒလစပ် လည်နေတာမျိုးမဟုတ်ဘူး၊ အာရုံတခုပြုလိုက်မှ အဲဒီအာရုံပေါ်မှာ စိတ်က ယိုစီးပြီးတော့မှ ပဋိစ္စသမုပ္ပါဒ်စက် တခုပြီးတခု ဆက်လည်တာ၊ မိမိတို့မနေ့က ဒီအတိုင်းတိုင်းနေပြီး ( ၀၁ ) စိတ်-စိတ်အတိုင်းတိုင်းနေပြီး ဘာကိုမှ ဘယ်လိုမှ အာရုံမပြုဘူး၊ မတွေးဘူး၊ မအောက်မေ့ဘူးဆိုရင်၊ဘယ်လိုလုပ်ပြီး ပဋိစ္စသမုပ္ပါဒ် စက်လည်လို့ရပါ့မလဲ၊ ဘယ်ကိုမှ ဘယ်လိုမှ အာရုံမပြုတော့ စိတ်မှာ အားလုံးစုံသော ကိလေသာတွေမှ အလိုလို အေးငြိမ်းနေဘယ်။

စိတ်မှာအဖြစ် ငြိမ်းနေတာက ကိလေသာ
အဖြစ်ငြိမ်းရာက နိဗ္ဗာန်
အဖြစ်ငြိမ်းတာ သိတာက ဝိပဿနာဉာဏ်
အနိမိတ္တ အနိစ္စ နုပဿနာဉာဏ်
အဖြစ်ငြိမ်းရာ အဖြစ်ကင်းရာ မြင်တာက မဂ်ဉာဏ်

နိဗ္ဗာန်ဆိုဘာ ဒါပြောတာ၊ ဒါကြောင့် ရှေးက ဆရာတော်ကြီးတွေက "အာရုံမဲ့ကင်း၊ ဒုက္ခရှင်း၊ စံကင်းနိဗ္ဗုတာ" ဆိုပြီး သံပေါက်တွေ ရေးစပ်ခဲ့ကြပါတယ်။ နိဗ္ဗာန်ဆိုတာ လောကီ အာရုံတွေမှ ကင်းနေတာ၊ ဘာကိုမှ ဘယ်လိုမှ အာရုံမပြုပဲ ဒီအတိုင်းတိုင်းနေတာ ဒီအတိုင်းနေတော့ ဒီအတိုင်းတိုင်း ဆုံးမနေဘူးလား၊ အခုနပြောခဲ့တဲ့ လောဘ ဒေါသ သောက ဆိုတဲ့ ဥပါဒါနက္ခန္ဓာတွေက သူ့အလိုလိုတော့ဆုံးနေလို့၊ သူ့အလိုလို

ကတော့ ဆုံးနေပါကလားရယ်လို့ သိတဲ့ဉာဏ်ဖြစ်တာ၊ အဲဒီ အဖြစ်တွေကဆုံးနေလို့မို့ ဆုံးရာချည်းပဲရှိပါကလားလို့၊ ဆုံးရာဆိုတာကလဲ မဖြစ်ပဲ ဒီအတိုင်းတိုင်းနေတာ၊ အဲဒါ ဆုံးရာလို့ ခေါ်တယ်။

ဩော်... ဉပါဒါနက္ခန္ဓာဆိုတဲ့ ကိလေသာတရားတွေက သူ့အလိုလိုကတော့ ဆုံးနေပါကလားရယ်လို့ သိတဲ့ဉာဏ် ဖြစ်ကြတာပဲ၊ အဲဒီလို အစ၏ကောင်းခြင်း၊ အလယ်၏ ကောင်းခြင်း၊ အဆုံး၏ကောင်းခြင်းတို့နဲ့ ပြည့်စုံ၍နေပါသည်။

ကဲ....တော်လောက်ပါပြီ။

—*—

၁၃၂၄-ခုနှစ်၊ တပေါင်းလဆန်း
(၁၄)ရက်နေ့ညတွင်ပဲခူးမြို့ မြို့တော်
ခမ်းမကြီး၌၊ ကျောက်ဆည်မြို့ ကျေး
ဇူးရှင် ကျောက်သဘော် ဆရာတော်
ဘုရားကြီး ဟောကြားတော်မူသော
( မဂ်ပေါက် ဖိုလ်ဝင် နိဗ္ဗာန်မြင် )
တရားတော်ပြတ်ဒေသနာ။

"မဂ်ပေါက် ပိုလ်ဝင် နိဗ္ဗာန်မြင်"

တရားတော်မြတ်ဒေသနာ။

တရားသိချင်လို့ တရားနာလာကြတဲ့ ယောဂီတွေ သိလွယ်အောင် မြင်လွယ်အောင် မြန်မြန် သိကြရအောင် လွယ်လွယ်ပြလိုက်မယ်၊ သိဘာဝရှိတာပဲ၊ သိရုံနှင့် ပြီးတယ်ဆိုတာ နာမ်ရုပ်သာလျှင် ဟုတ်တယ်၊ ဘယ်လိုသိသလဲ အာရုံ နာမ်ရုပ် ဆိုတာ မရှိဘူး၊ တခါတလေမှဖြစ်တယ်၊ လောဘတို့ သောကတို့ ဒေါသတို့ မောဟတို့ ပရိဒေဝတို့ဆိုတာ တခါတလေမှ ဖြစ်တယ်၊ တခါတခါ အဖြစ်ငြိမ်းနေတယ်။ အဲဒီလို တခါတခါ အဖြစ်ငြိမ်းနေတာ အဖြစ်ငြိမ်းနေပါကလားလို့ သိတယ်၊ အဲဒါ နာမ်ရုပ်ကတော့

သိရုံနှင့်ပြီးတယ်၊ နာမ်ရုပ်ကအဖြစ်ငြိမ်းနေတော့၊ အဖြစ်ငြိမ်းရာဆိုတာ ဒီအတိုင်းတိုင်းငြိမ်းနေတယ်၊ အဖြစ်ငြိမ်းတာက ဒီအတိုင်းတိုင်း အဖြစ်တွေကို ငြိမ်း၍နေတာ၊ ဒီအဖြစ် ငြိမ်းနေတာကို မျက်မှောက်ပြုကြရမှာ၊ အဲဒါကတော့မပြီးဘူး၊ သိရုံနဲ့မပြီးဘူး၊ မျက်မှောက်ပြုအပ်တဲ့တရားမို့ လို့ မျက်မှောက်ပြုပြီး နေကြရမှာ၊ သိရင် လွယ်လွယ်လေးပဲ။

အဲဒီလိုပြုရမှာ၊ တရားမဟောရသေးဘူး၊ သိလိုတဲ့ တရားမဟောရသေးဘူး၊ ဒီအတိုင်း ရှောက်ပြောသွားတာပဲ ရှိသေးတယ်၊ တရားသိချင်၍ တရားနာလာကြတဲ့ ယောဂီတွေ ဟာတရားဆိုတာက သူ့အနေအတိုင်း၊ မိမိတို့မှာ တရားဆိုတာ တခြားထင်မနေကြနဲ့၊ ငါ့ကိုဟောနေတဲ့တရားဟာ ငါ့စိတ်ကလေးကိုဟောနေတာပဲလို့ ဤလိုသဘောထားကြ။ ဤလို သိထားမှသိမယ်။

အဲဒါကြောင့်မို့ တရားနဲ့က နေပြီးသွားကြီး၊ တရားနဲ့က နေပြီးသွားမို့ မိမိတို့မှာ အေးပြီးသွားပါကလားလို့ သိကြလေ၊ သိတာတွေဖြစ်တယ်၊ မိမိ မိမိတို့စိတ်က နေပြီးသွားအတိုင်းဟာ တရားပါပဲ၊ သစ္စာတရားဆိုဘာ ဒါကို ပြောတာ၊ တခြားက လာတာမဟုတ်ဘူး။

မိမိတို့နဲ့ နေပြီးသွား၊ အဲဒီနေပြီ သွားအတိုင်းတိုင်း မသိခင်က သိစရာရှိတယ်၊ အဲဒါဟရားအစစ်ဗျ တရားအစစ်၊ သူ့အတိုင်းတိုင်း နေပြီးသွား ဖြစ်နေတာက စိတ်ကလေးဗျ စိတ်ကလေး၊

နောက်တုံးက ဖြစ်နေတဲ့စိတ်တွေ ယခုအချိန်မှာ ဖြစ်၍မနေဘူး၊ ဖြစ်ပေါ်၍မနေတာကိုသိပါ။

ဘုန်းကြီးတို့ကတော့အထင်နဲ့ဟောရတာပေါ့လေ၊ ပွဲကြည့်တုံးက စိတ်တွေ ယခုအချိန် ဖြစ်မနေပါဘူး၊ ဆဲတဲ့ ဆိုတဲ့ စိတ်တွေကလဲ ယခုအချိန်မှာ ဖြစ်ပေါ်၍ မနေပါဘူး၊ ဖတ်တုံးရွတ်တုံးကစိတ်တွေကလဲ ယခုအချိန်မှာ ဖြစ်ပေါ်၍ မနေပါဘူး၊ ဖြစ်များဖြစ်နေကြသလား၊ ထိုးရအောင်များ ကြံနေသလား၊ သတ်ချင်အောင်များ ကြံစည် နေကြသလား၊ မဟုတ်ပါဘူး၊ ဤလိုဆို လွဲကုန်လိမ့်မယ်။

နိဗ္ဗာန်ရချင်ကြလို့ အေးအေး ဆေးဆေး တရားနာနေကြသော ပရိသတ်တွေ အဲဒါကြောင့် မှန်မနေဘူးလား၊ ကောင်မှန်ပါတယ်၊ အဲဒါ ဒီအတိုင်းတိုင်း အေးနေတာပါပဲ။

အခုအချိန်မှာ တရားနာနေတဲ့စိတ်၊ တရားနာနေတဲ့စိတ်ကို မဂ်က ပယ်လို့မရဘူး၊ ဘုရားသဲ တရားနာတာပဲ၊ ရဟန္တာလဲ တရားနာတာပဲ၊ ပုထုဇဉ်လဲ တရားနာတာပဲ၊ တရားနာတဲ့စိတ်ဆိုတာက အပါယ်သွားတာမဟုတ်ဘူး၊ တရားနာတော့ တရားနာတဲ့စိတ်၊ အဲဒီတော့ တရားနာရင်း သိရမှာက တရားနာတော့ တရားနာတဲ့စိတ်ဟာ တရားနဲ့တွေ့ပြီး ဖြစ်တာယ်လို့သိ၊ အဲဒီလို တရားနာရင်း လောဘတွေဖြစ်နေတာမရှိဘူး၊ ဒေါသတွေ ဖြစ်နေတာ မရှိဘူး၊ သောကပရိဒေဝတွေ ဖြစ်နေတာလဲ မရှိဘူး၊ စိတ်ဆိုးတာတွေ မုန်းတီးတာတွေ သာသာယာယာတွေ ဖြစ်နေတာလဲ မရှိဘူး၊ အဲဒီလို စိတ်မျိုးတွေ မရှိတာကိုသိကြ။

ဒါဖြင့် အဲဒီစိတ်တွေက အဖြစ်ငြိမ်းမနေဘူးလား၊ အဲဒီစိတ်တွေက အဖြစ်ငြိမ်းနေတယ်။ အဲဒီ စိတ်တွေက အဖြစ်ငြိမ်းနေတော့ အဖြစ်ငြိမ်းရာ နိဗ္ဗာန်ကြီးက ရှိနေတယ်၊ ရှိပြီးသားနိဗ္ဗာန်တရားကြီးကို ဤလိုသိကြရမှာ၊ အဲဒါနိဗ္ဗာန်ပဲ နိဗ္ဗာန်ချမ်းသာဆိုတာ အမြဲရှိတာ၊ ရာဂကုန်တော့ ကုန်ရာနိဗ္ဗာန်မှတပါး ဘာမှမရှိဘူး၊ ထိုနည်းအတိုင်းပဲ။

ပူတတ်တဲ့စိတ်တွေမဖြစ်တော့ အေးတဲ့စိတ်ရှိတယ်၊

ချစ်တတ်တဲ့စိတ်တွေ မဖြစ်တော့ အချစ်အေးတဲ့စိတ် ရှိတယ်၊

မုန်းတတ်တဲ့စိတ်တွေမဖြစ်တော့ မမုန်းတဲ့စိတ်ရှိတယ်၊

ဒါဖြင့် အေးမနေဘူးလား၊ အေးနေတယ်ဆိုတာ ခင်ဗျားတို့ယူတတ်အောင်တော့ နိဗ္ဗာန်ဆိုတာ ရင်ပူအေးချဲ့နေတာ၊ ခေါင်းမနောက်တာ၊ ခေါင်းမရှုပ်တာ၊ ခေါင်းမရှုပ်ပဲ ခေါင်းရှင်းနေတာ၊ အဲဒါ အေးနေတဲ့တရား။

အဲဒီလို သိကြရမယ်၊ အဲ ါ နိဗ္ဗာန်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာဆိုဘာ အမြဲရှိတာ၊ အဲဒီနိဗ္ဗာန် အဲဒီရှိပြီးသားနိဗ္ဗာန်ကို အာရုံမပြုပဲ မေ့လျော့နေကြလို့ ဘုန်းကြီးက ပြောဟောနေရတာ၊ ဟောတော့ ဟောတဲ့အတိုင်းတိုင်း သိသွားတာ၊ဪ....လက်စသတ်တော့ သူ့အတိုင်းတိုင်း နေပြီးသား နေပြီသား ဆိုဘာ စိတ်ကိစ္စ, စိတ်အလုပ်, စိတ်အတွေး, စိတ်အဆွေးတွေ လုပ်မနေပဲ စိတ်က အလုပ်မလုပ်တော့ ယခုအခါ ယောဂီတို့စိတ်တွေက ဘာများလုပ်နေကြသလဲ မလုပ်ပါဘူး၊ ဒါဖြင့် စိတ်က အလုပ်မလုပ်တော့ စိတ်တွေရှုပ်နေတာ မရှိဘူးပေါ့၊ စိတ်ရှုပ်တယ်ဆိုတာ

စိတ်က အလုပ်လုပ်လို့၊ စိတ်အလုပ်လုပ်တော့ စိတ်ရှုတ်တယ်၊ အလုပ်လုပ်တဲ့လူ အလုပ်ရှုပ်သပေါ့ဗျာ၊ အဲဒီနည်းတူ ဒီမှာလဲ စိတ်အလုပ်လုပ်တော့ စိတ်တွေရှုပ်မယ်၊ စိတ်အလုပ်မလုပ်တော့ ရှုပ်နေတဲ့စိတ်တွေက မရှိဘူး။

စိတ်ကလေးနားပြီးတော့ကြည့်၊ အသာနားကြည့်လိုက်တော့ အဲဒီလုပ်မဲ့ စိတ်တွေက ဖြစ်နေတာမရှိဘူး၊ ကောင်းကောင်း ဆိုးဆိုး အမျိုးမျိုးသောစိတ်တွေက အောက်မေ့မှု ဆင်ခြင်မှု သတိပြုမှုရှိမယ် အခုရှိမနေဘူး၊ အဲဒါအမြဲရှိတဲ့ အနိဂ္ဂတရားပဲ။

ဒီလိုပြောပြောရတာ၊အဲဒီမှတ်မဲ့စိတ်တွေပြုမဲ့စိတ်တွေကအနိစ္စ မျိုးမို့လို့မှတ်မဲ့စိတ်တွေ ရှုမဲ့စိတ်တွေ ပြုမဲ့စိတ်တွေက ခုရှိ မနေပါဘူး၊ မရှိလို့ ရှိရင် ဘာနဲ့လုပ်ရမှာလဲ ပြုလုပ်လို့ရနိုင်ပါ့ မလား၊ ပြုလုပ်မဲ့စိတ်တွေကရှိမှမရှိပဲ၊ ဘာဖြစ်လို့တုံးဆိုတော့ ဘာအလုပ်ကို လုပ်လုပ် အောက်မေ့ပြီးမှ ပြုလုပ်ရတာကိုး၊ ဘာလေးကြံမယ်ဆိုပြီးမှ ကြံရတာကိုး၊ ဘာကိုရှုမယ်ဆိုပြီးမှ ရှုရ တာကိုး၊ဘယ်လိုမှတ်ဦးမယ်ဆိုပြီးမှ မှတ်ရတာကိုး၊ အဲဒီလိုပြုမယ် မှတ်မယ် ဆိုတဲ့ စိတ်တွေက ဖြစ်မနေဘူး၊ ဖြစ်မနေတော့ ယောဂီ ဘာ ဘာနဲ့သိမှာတုံး၊ ဘာနဲ့ရှုမှာတုံး၊ အဲဒီရှုမဲ့ မှတ်မဲ့ ပြုမဲ့ စိတ်တွေကရှိမနေလို့ ရှုမဲ့စိတ် မှတ်မဲ့စိတ်တွေက ဒီအတိုင်း တိုင်း ချုပ်ငြိမ် ရှိနေတာ။

ဒီအတိုင်းငြိမ်းနေပါကယ်ဆိုတော့၊ ရှုမယ် မှတ်မယ် ပွားမယ် ပြုပြင်မဲ့စိတ်တွေ အဲဒီစိတ်တွေက ဖြစ်နေတာ မရှိသေးတော့ သူ့အလိုလိုက သဉ်းနေတော့ ဘာနဲ့လုပ်ကြမှာလဲ၊ ဘာနဲ့မှ

လုပ်မဖြစ်ဘူး၊ စိတ်အလုပ် ဘာနဲ့မှလုပ်မဖြစ်ဘူး၊ လုပ်မဲ့စိတ်ကိုက မရှိလို့၊ လုပ်မဲ့စိတ်မရှိတဲ့အတွက် မလုပ်ပဲ ဒီအတိုင်းတိုင်း နေလိုက်ရတာ၊ ဒီအတိုင်း နားနေရဟော့တာ၊ ဒီအတိုင်းတိုင်း နားနေတာက ဖိုလ်စိတ် ဖိုလ်ချမ်းသာ၊ မဂ်ဉာဏ် ဆိုတာက ခံစားရတာမဟုတ်ဘူး၊ နိဗ္ဗာန်ကိုမြင်ရုံမြင်လိုက်တာ အရိပ်ကို မြင်ရုံမြင်လိုက်သလို။

ဥပမာပြောရလျှင်နေပူထဲလာတဲ့လူသည် အရိပ်အာဝါသကို မြင်ရုံ မြင်လိုက်ရသလို၊ မြင်ပြီးတော့ ဝင်နားနေမှ ဖြစ်တာ၊ မမြင်ပဲနဲ့ ဝင်နားနေလို့ဖြစ်ပါ့မလား၊ ဒီမှာလဲ ဒီလိုပဲ သွား ရောက် ဝင်နားနေရာက ဖိုလ်၊ အေးအေး ချမ်းချမ်း အသာ နားနေလို့မို့ ဖိုလ်ချမ်းသာလို့ ခေါ်တာ။

အဲဒါ သိကြရမှာ၊ သိဖို့ကလဲမခက်ပါဘူး၊ တရားက နေပြီး သား အခုလိုနေပြီးသားအတိုင်း သိရှိနေလိုက်ရုံပဲ၊ ဟိုလို ဒီလို ကြံမယ် စည်မယ် တွေးတောမယ် စိတ်က အားထုတ်မယ်ဆိုတဲ့ စိတ်က ပြုမဲ့စိတ်က ရှုမဲ့စိတ်ကဝိပဿနာဉာဏ်လို့ ပြောတာ၊ အဲဒီဉာဏ်ကိုက အမြဲမရှိဘူး၊ ဒီလိုမြင်ရမှာ အဲဒီဝိပဿနာဉာဏ် အမြဲမရှိတာကိုသိရမှာ၊ မရှိဘူးသို့သိရမှာက ဘာနဲ့သိရမှာလဲ၊ ဘာနဲ့လုပ်ရမှာလဲ၊ ငွေမရှိဘူးဆိုရင် ဘာနဲ့ဝယ်မလဲ၊ မရှိတော့ သုံးမဖြစ်ဘူးပေါ့၊ သုံးမဖြစ်တော့ ဒီအတိုင်းတိုင်း နေရမှာပေါ့၊ သုံးစရာမရှိတော့ ဒီအတိုင်းနေလိုက်တာ၊ ထိုနည်းငှင်းပဲ စိတ် ကလေးကို အလုပ်မပေးဖဲ ဒီအတိုင်းတိုင်း နေလိုက်တာ နိဗ္ဗာန် ရောက်တယ်ဆိုတာ အဲဒီလိုရောက်တာ။

လိုရင်းကတော့ ရှုမဲ့ပွားမဲ့မှတ်မဲ့အောက်မေ့မဲ့ စိတ်တွေကို အသာနားကြည့်လိုက်ဘော့၊ အဲဒီစိတ်တွေကိုက မရှိဘူး ကွယ်ပျောက်နေတယ်၊ ငြိမ်းနေတယ်၊ ဆုံးနေတယ်၊ ကုန်နေတယ်၊ ချုပ်နေတယ်လို့ သိရတာ၊ ဒါဖြင့် ဘယ်လိုသိရမှာလဲ၊ ကမ္မဿ ကာရကော နတ္ထိ၊ ဝိပါကဿဝ ဝေဒကော၊ ဆိုတဲ့ ပဋိဝေဓ အနက်ပြောတာ၊ ပရိယတ္တိ ပဋိပတ္တိဆိုတဲ့ အနက်ကတော့ပြုပြင်မဲ့ ပုဂ္ဂိုလ်မရှိဘူး၊ ပဋိဝေဓအနက်ကသော့ ပြုတတ်၊ ခံစားတတ်တဲ့ စိတ်ကိုက မရှိပါပဲကလားလို့ သိရမှာ၊ မရှိပဲနဲ့ ဘာနဲ့ ရှုမှာတုံး ဘာနဲ့မှမရှုဘူး ဒီအတိုင်းနေတာ၊ အဲဒါ နိဗ္ဗာန် ရောက်သွားတယ်လို့ ပြောတာ၊ ရှုမဲ့စိတ်က မရှိတော့ မရှုဘူး၊ မရှုတော့ ရှုမှု မငြိမ်းဘူးလား၊ သူ့ဘာသာသူ ငြိမ်းနေတော့ သက်သာတာပေါ့၊ ချမ်းသာတာပေါ့၊ နိဗ္ဗာန်ရောက်တယ်ဆိုတာ ဒီလိုရောက်တာ၊ နိဗ္ဗာန်ကို ဘယ်ပုံဘယ်နည်း ရောက်သလဲဆိုရင် ဒီလိုရောက်တယ်လို ပြောကြလေ။

ရဟန္တာများမှာတော့ ငြိမ်းတဲ့အတိုင်းတိုင်း ဒီလို နေသွားတာ၊ မငြိမ်းတဲ့စိတ်က မရှိဘူး ကုန်နေပြီ၊ အာသဝက္ခယံအသိဉာဏ်တဲ့ မငြိမ်းတဲ့စိတ်ကိုက ကုန်နေပြီတဲ့၊ စိတ်မဆိုးတာက ဆိုးမဲ့စိတ်တွေက ကုန်နေလို့ ဆိုးလို့မဖြစ်ဘူး၊ ဆိုးလို့မဖြစ်တော့ ဘယ့်နှယ်နေသလဲ၊ ဒီအတိုင်း ဒီအတိုင်းပဲပေါ့၊ လောဘတို့ သောကတို့ ဆိုတဲ့ စိတ်ကလဲ ကုန်နေလို့ ယူချင်လို့ မဖြစ်ဘူး၊ ပူတတ်တဲ့ စိတ်ကလဲ ကုန်နေလို့ ပူလို့မဖြစ်ဘူး၊ ဘယ့်နှယ်လုပ် နေသလဲ မပူပဲ ဒီအတိုင်းနေတာပေါ့၊ အဲဒါ နိဗ္ဗာန်ပြောတာပေါ့။

အဲဒီလို သမုစ္ဆေဒ အားဖြင့် ကုန်သွားတာကို ရဟန္တာပဲ၊ ခင်ဗျားတို့ အနေနဲ့ကတော့ အဲဒီလိုမဟုတ်ဘူး၊ တဒင် တဒင် ကုန်နေတယ်၊ တခါတခါတော့ ပူတာတွေ မဖြစ်ဘူးလား၊ ဖြစ်တော့ ငြိမ်းနေရသေးသလား၊ မငြိမ်းရပါဘူး၊ ပူတဲ့အခါ တော့ ပူတယ်၊ မပူတဲ့အခါတော့ မပူပါဘူး၊ စိတ်ဆိုးတဲ့အခါ ဆိုးတယ်၊ မဆိုးတဲ့အခါ မဆိုးပါဘူး။

တခါတခါတော့ ငြိမ်းနေတယ်၊ ငြိမ်းမနေပဲ စိတ်ဆိုးနေတဲ့ စိတ်များ ဆက်ဖြစ်နေကြရင်ခက်ရချေရဲ့၊ အဲဒါကြောင့် တဒင် မှာတော့ ငြိမ်း၍ငြိမ်း၍နေတယ်၊ ကုန်၍ကုန်၍နေတယ်၊ အဲဒါ ကတော့ သူ့သဘောအမှန်၊ ယောဂီတို့ကသွားသွားပြီး တရား အောက်မေ့ထားလို့၊ မှတ်ထားလို့၊ ပွားထားလို့ မဟုတ်ဘူး၊ သူ့သဘော အမှန်ကတော့ ဖြစ်တဲ့အခါလဲဖြစ်တယ်၊ ငြိမ်းတဲ့ အခါလဲ ငြိမ်းနေပါတယ်။

အဲဒီလို လောဘရယ်၊ ဒေါသရယ်၊ သောကရယ်လို့ စိတ်တွေ၊ သတ်ချင်၊ ဖြတ်ချင်တဲ့ စိတ်တွေ၊ လုချင်၊ ယက်ချင်တဲ့ စိတ်တွေ၊ အကုသိုလ် စိတ်ဆိုးတွေက သူ့အလိုလိုကငြိမ်းနေလို့မို့ ငြိမ်းနေ တယ်လို့ သိတာ ဝိပဿနာဉာဏ်၊ ငြိမ်းနေလို့ ရှိရင် အဖြစ်တွေမှ ငြိမ်းရာကြီးရှိတယ်၊ အဲဒီငြိမ်းရာက နိရောဓသစ္စာ၊ သိတဲ့စိတ်က မဂ္ဂသစ္စာ၊ ငြိမ်းရာကလဲတရား၊ မဂ္ဂသစ္စာကလဲတရား၊ အဲဒီလို သိရမှာ၊ အဲဒါ လိုရင်းပဲ။

နိဗ္ဗာန်ရောက်တယ်ဆိုတာ ဒီလိုရောက်တာ၊ ဘာဘာညာညာ ထွေထွေလာလာ ကောင်းကောင်းဆိုးဆိုး အမျိုးမျိုးသော

စိတ်တွေကမရှိလို့မို့၊ အဲဒီစိတ်က အောက်မေ့မှ အောက်မေ့တဲ့စိတ်ကဖြစ်မှာ၊ ကုသိုလ်ပြုမှ ကုသိုလ်စိတ်ဖြစ်မှာ၊ အကုသိုလ်ပြုမှ အကုသိုလ်ဖြစ်လာမှာ၊ အဲဒီလိုပြုပြင်တတ်တဲ့စိတ်က မရှိဘူးလို့ ဒီလိုသိရဘာ။

ကောင်းကောင်း ဆိုးဆိုး အမျိုးမျိုး၊ ဟုတ်ဟုတ် မှန်မှန် မှားမှား များပြားသောစိတ်တွေက ဖြစ်နေတာမရှိဘူး၊ အပြစ်မှ ကုန်ရှိနေတယ်၊ ဒီလိုသိထား၊ ဖြစ်နေတာတွေမရှိတော့ ဘာနဲ့ လုပ်ကြမလဲ ဘယ်နှယ်လုပ်မှ မဖြစ်လို့ ဒီအတိုင်းနေတယ်၊ အလုပ်ငြိမ်း၍နေတာ။ အဲဒီ အလုပ်ငြိမ်းနေတဲ့ စိတ်မျိုးကို ဖိုလ်စိတ်ခေါ်တာ။ လောကုတ္တရာစိတ်လို့ခေါ်ဘယ် အဲဒါဝိပဿနာ လုပ်နေဘယ်မဟုတ်ဘူးပေါ့၊ နိဗ္ဗာန်ရောက်နေဘယ် ပြောတာ၊ နေပြီးသားအတိုင်း တရားရယ်လို့မသိလို့တရားရှာနေကြရတာ၊ တရားနဲ့နေပြီး တရားမသိတာ ဂမ်းနည်းဖွယ် ကောင်းဘယ်။

ဒီမှာလဲ ဒီလိုပဲ ဗမာလူမျိုးဖြစ်ပါလျက်ဗမာပြည်မသိသလိုပဲ၊ ရှိတာက တရားချည်းပဲ၊ ဟုတ်နေတာလဲ တရားချည်းပဲ မှန်နေတာလဲ တရားချည်းပဲ၊ အဲဒီလို တရားကို တရားအတိုင်းတိုင်း မသိကြဘူး၊ မသိတော့ မသိသလိုမနေဘူး၊ မသိတာအဝိဇ္ဇာ၊ အဝိဇ္ဇာရှိတော့ သင်္ခါရတွေကဖြစ်ကြရဦးမှာပဲ၊ မသိဆိုတာ မှန်တာကိုသာ မသိတာ၊ မှားတာ ကိုတော့ အသိများကြတယ်။ အဲဒါ အလွဲချည်းပဲ။

ယောဂီတို့တရားမဟုတ်အောင် ဘယ်လိုနေလို့မှ မဖြစ်ဘူး။ တရားနဲ့လွဲနေအောင် ဘယ်သွားနေလို့မှ မဖြစ်ဘူး။ သေရင်

သေခြင်းတရားဖြစ်သွားမှာ၊ မဖြစ်အောင်လို့ကတော့ ဘာကိုမှ သွားလုပ်နေစရာမလိုပါဘူး၊ ပြုလုပ်ပြန်တော့လဲ ပြုလုပ်တဲ့တရား ချည်းဖြစ်မှာပဲ၊ ဘယ်လိုမှ နေလို့မဖြစ်ဘူး ဘာဖြစ်လို့လဲ ဆိုတော့ တရားချည်းပဲ ဖြစ်တယ်လို့ မြတ်စွာဘုရားက ဟော တော်မူတယ်။ စာလိုကတော့—

သဗ္ဗေ ဓမ္မာတဲ့။

အဲဒီတရားတွေက အနတ္တလက္ခဏာ၊ သူ့သဘော သူဖြစ်၍ သူ့သဘော သူပျက်တဲ့တရားကြီး။ ကိုယ်ထင်သလို မဟုတ်ဘူး။ မြတ်စွာဘုရားက "သင်တို့ထင်တာတွေဟုတ်ဘူး၊ ထင်ရာမပြော ကြနဲ့၊ထင်ရာမမြင်ကြနဲ့၊ထင်ရာမဆိုကြနဲ့၊ ထင်သလိုမနေကြနဲ့ သင်တို့ထင်တာတွေကကောန်ဟုတ်မှာမဟုတ်ဘူး" လို့ဟောတယ်၊ ဘယ်ကထင်သလဲ၊ ဘယ်လိုများထင်သလဲ၊ ငါ့ကိုယ်တဲ့၊ သူ့ကိုယ် တဲ့၊ ငါ့ဖို့တဲ့၊ ငါ့အတွက်တဲ့၊ငါ့အကျိုးဖြစ်အောင်လို့ ငါ့အကျိုး ရှိအောင်လို့ ငါကြိုးစားမယ်တဲ့။ကိုယ်လုပ်မှကိုယ်ကျိုးရမယ်တဲ့၊ အဲဒီအယူဟာ မမှန်ဘူး။ ကိုယ်ဆိုတာ နဂိုကမရှိဘူး။ ငါဆိုတာ နဂိုကမရှိလို့ ဘာရှိသလဲဆိုတော့ တရားတွေချည်းပဲ ရှိတယ်။ တရားဆိုတာ ထင်သလိုမဟုတ်ဘူး။ ထင်တာတွေ ဖြစ်မလာဘူး၊ လိုရာလဲပြည့်မလာဘူး၊ သူ့ဟာသူမှန်၍နေတယ်၊ ဒီလိုသိရမှာ။

ဒီခန္ဓာကိုယ်ကြီးက တရားတုံးကြီး၊ ဟောဒီပရိသတ်တွေကလဲ ပေါလိုက်တာမပြောနဲ့တော့ အခုထိုင်နေကြတဲ့ ခင်ဗျားတို့ကိုယ် ခင်ဗျားတို့ ဘာထင်သလဲ၊ ယောကျ်ားတွေ, မိန်းမတွေ ထိုင်နေ တယ်လို့ မထင်ဘူးလား၊ အဲဒီလိုထင်နေတာ ဒိဋ္ဌိလို့ခေါ်တယ်၊

အဲဒါတွေမဟုတ်ဘူး၊ စက္ကူကို ငွေလုပ်၍ သုံးနေရသလိုပါပဲ။ ခင်ဗျားတို့ အထွေအထူး မှတ်မနေကြပါနဲ့၊ ဒါဖြင့် ခြေအစ ခေါင်းအဆုံး တကိုယ်လုံးရှိတာ သင်္ခါရတုံးကြီး၊ သင်္ခါရကောင်ကြီးလို့ ခင်ဗျားတို့ မယုံကြဘူးလား။ သင်္ခါရ တရား ဆိုတာ အိုမှာ, နာမှာ, သေမှာ၊ အိုဆဲ,နာဆဲ,သေဆဲ၊ အမျိုးမျိုး ဖြစ်တဲ့ တရား။ ခုတမျိုး ခုတမျိုးဖြစ်တဲ့ တရား။ ငြိမ်ငြိမ်ကလေး ထိုင်မနေနိုင်တဲ့တရား။ ဟိုမပြောင်းရ, ဒီမပြောင်းရ၊ ဟိုမစောင်းရ, ဒီမစောင်းရ, ဟိုမလှည့်ရဘူးလား မှန်ပါတယ်။

တရားတွေပဲ ယောကျ်ားတွေ မိန်းမတွေ ထိုင်နေတာမဟုတ်ဘူး၊တရားတွေထိုင်နေပြီး တရားတွေချည်း နာနေရတာပဲ။ ဤလိုသိရမှာ တရားထိုင်နေတာ တရားကိုက ထိုင်ပြီးသားကြီးပါ၊ တရားသိဘယ် တရားမြင်တယ်ဆိုတာ ဒီလိုမြင်ရမှာ၊ တရားကို ငါကထိုင်ချင်ဘယ်ဆိုရင် ထိုင်နိုင်ပါတယ်၊ ဘုန်းကြီးတို့က မတားပါဘူး၊ ထိုင်တော့ ဒုက္ခသာဖြစ်နေမှာပဲ၊ ဒုက္ခသစ္စာတော့ မှန်တယ်၊ချုပ်ရာ, ငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန်ကို ရောက်မှာမဟုတ်ဘူး၊ ဘာဖြစ်လို့တုံးဆိုတော့ အစထဲက မရှိတဲ့သူကို ပေးချင်နေသလို ဖြစ်နေတယ်။ ငါမှမရှိပဲ ငါ့အတွက်ကလိုချင်လို့ ဘယ်တော့မှ ရမှာမဟုတ်ဘူး၊ သူဘပါးမှမရှိပဲ သူဘပါးပေးချင်လို့ ဖြစ်ပါ့မလား၊ ဘယ်တော့မှမရဘူး။ အဲဒါ ဒုက္ခ သက်သက်သာလျှင် ဖြစ်မှာလို့ပြောတာ။

အဲဒါကြောင့် တရားထိုင်ပြီး တရားတွေနာနေတာ။ အဲဒါကိုပဲ တရားဟောလို့ တရားနာကြဘယ်ဆိုတာ မဟုတ်ဘူးလား။

အဲဒါ ဟုတ်တယ် မှန်တယ်။ တရားဟောလို့ တရားနာနေကြတယ်။ ဟောနေတာကလဲတရား တရားပလ္လင်ပေါ် ထိုင်ပြီးတော့ တရားတွေဖြစ်နေတော့၊ ဟောနေတော့ သင်္ခါရတွေ ဖြစ်နေတာပေါ့၊ သင်္ခါရဖြစ်တယ်ဆိုတော့ ဝိတက် ဝိစာရဖြစ်တယ်။ ဝိတက် ဝိစာရဆိုတာ စိတ်ပဲမဟုတ်လား။ စိတ်ကလဲ စိတ်တရားပဲ၊ အဲဒီ ဝိတက် ဝိစာရ ဆိုတာက စိတ်ပဲမဟုတ်လား။ စိတ်က ပြုပြင်ပေးတော့ ပါးစပ်က တတွတ်တွတ်နှင့် ရှောက်ပြောနေတာပဲ။ အဲဒါ သင်္ခါရတရားပဲ။ ယောဂီတို့ ဘုန်းကြီးရယ်လို့ သိရတာ စိတ်မှာ ဖြစ်တာပါ။ အဲဒီစိတ်မှာဖြစ်လာတဲ့သင်္ခါရတရားတွေက နက်နဲတဲ့ တရားတွေ မဟုတ်ပါဘူး။ ရဟန္တာတွေလဲ ဒီလိုပဲ သိနေရတာပဲ၊ ဘုန်းကြီးဆိုတာ စိတ်ဖြစ်ပေါ်လာတာပါကလားရယ်လို့ ဒီလို လွယ်လွယ်နှင့် သိကြ မြင်ကြ။

တရားတွေရှိလို့ တရားဟောတာ၊ တရားထဲမှာ ဘုန်းကြီး မပါဘူး။ တရားဟောလို့ တရားတွေနာရတာ၊ တရားထဲမှာ ယောဂီမပါဘူး။ ခြေအစ ခေါင်းအဆုံးဆိုတဲ့ ရုပ်တုံးကြီးလို့ သိ။ ဘာဘာညာညာ ဖြစ်လာရတဲ့ စိတ်ကလဲ တရားပဲ၊ သင်္ခါရကလဲ တရားပဲ၊ နိဗ္ဗာန်ကလဲ တရားပဲ၊ ဤမှတပါး အပိုအလို မရှိဘူး၊ အဲဒါကြောင့် မို့လို့ တရားဖြစ်တဲ့အတိုင်း တရားနာရတယ်၊ မတရားဖြစ်မှာမဟုတ်ဘူး။ အခုတော့ ထင်တာက ငါတို့တရားနာကြတယ်၊ ဘယ်လို တရားနာနေတယ်၊ ယောကျ်ားတွေက တရားနာနေတယ်၊ မိန်းမတွေက တရားနာနေတယ်၊ အဲဒီလို ထင်တော့တာပဲ၊ ထင်တာတွေ မဟုတ်ဘူး၊ တရားတွေသာလျှင်

ဟုတ်တယ်။ တရားဟောမယ်လို့ ကြားကထဲက တရားနာယူချင်တဲ့ စေတနာဆန္ဒတွေ မဖြစ်ဘူးလား၊ အဲဒီဖြစ်လာတဲ့ စေတနာကလဲ စေတနာတရားပဲ။

ဒါကိုပဲ စေတနာတရားကောင်းတယ်၊ သဒ္ဓါတရား ကောင်းတယ်လို့ ဆိုကြ ပြောကြတယ်၊ အဲဒီလို ခေါ်ကြ ပြောကြတာ ဟုတ်သားပဲ၊ စိတ်တရားတွေဖြစ်ရှိလာတာ၊ တရားကိုကြားပြန်တော့ တရားတဲ့ တရားပဲ၊ ဝီရိယစိုက်ပြီး နာပြန်တော့ ဝီရိယတရား၊ သတိထားပြန်တော့ သတိတရား၊ ဟုတ်ပေတယ် မှန်ပေတယ်၊ ယုံကြည်ပြန်တော့ ယုံကြည်တဲ့တရား၊ တရားမဟုတ်ထာရယ်လို့ကို မရှိဘူး၊ တရားချည်းပဲ၊ အဲဒီလို သိတာကို တရားသိတယ်၊ တရားမြင်တယ်လို့ ပြောတာ။

အခုတော့ ဒီလိုမသိဘူးဗျ၊ သားလို့ သိထားတယ်၊ သမီးလို့ သိထားတယ်၊ မြေးလို့ သိထားတယ်၊ မှတ်ထားတယ်၊ မှတ်တဲ့အတိုင်း ယုံထားတယ်။ ယူသဲယူထားကြတယ်၊ အဲဒါ သညာစိတ် ဒိဋ္ဌိလိမ် တရားတွေ ဖြစ်ရှိနေကြတာ၊ အဲဒီလို မဟုတ်ဘူး ဖေါက်ပြန်စွာ ယူထားကြပြီး မျက်စိလည်နေကြတယ်၊ အမှန်ကတော့....

တရားရှိလို့ တရားမြင်တယ်
တရားဟောလို့ တရားနာတယ်
အိုခြင်းတရားကလဲ အိုတာပဲ
နာခြင်းတရားကလဲ နာတာပဲ
သေခြင်းတရားကလဲ သေတာပဲ

ဒါတွေဟာ တရားတွေချည်းပဲပေါ့၊ သူ့အတိုင်းတိုင်း မြင်ကြ သိကြ၊ အဲဒီလို တရားကို တရားအတိုင်းတိုင်းသိတော့၊ တရားတွေ မှတပါး ဘာကမှ မရှိပါကလားရယ်လို့၊ စိတ်ကလေးကို အသာ လျှော့ချ ထားလိုက်တာ၊ စိတ်ဘာသာ အတိုင်းတိုင်း ထားလိုက် တော့၊ မအေးပေဘူးလား၊ အေးနေတာမှန်တယ်။

ဥပမာ ပြောရရင် ယောဂီတို့ အိမ်ကြီးဟာ အိမ်ဖါသာ နေတာပဲ အိမ်က သူ့ဖါသာနေပြီး၊ ယောဂီစိတ်ကလည်း စိတ် ဖါသာနေရင် အေးနေတာပဲ၊ အိမ်နဲ့ စိတ်နဲ့ မရောနဲ့၊ ကလေး နှစ်ယောက် ရန်ဖြစ်တဲ့ ဥပမာလို "မင်းကလဲ မင်းဖါသာနေ၊ မင်းကလဲ မင်းဖါသာနေ" လို့ဆိုရင် မအေးပေဘူးလား၊ ဒီမှာ လဲပဲ အိမ်က အိမ်ဖါသာနေ၊ စိတ်ကလဲ စိတ်ဖါသာ နေတော့ အေးနေတယ်၊ စိတ်-စိတ်အတိုင်းတိုင်းဆိုတာ ဒီလိုပြောတာ။

ပကတိက သားကလဲ သားဖါသာ၊ သမီးကလဲ သမီးဖါသာ၊ နေပြီးသားကို ငါ့သား ငါ့သမီးရယ်လို့ သွားပြီးယူထားစွဲထား ပြန်တော့ စိတ်ပူ စိတ်ဆွေး စိတ်မအေးရတာတွေ ဖြစ်ပြီး သေ ဘေးနဲ့ ခဏခဏ ကြုံနေရတာပဲ၊ အဲဒီတော့ တရားသိချင်လို့ ရှိယင် မိမိတို့စိတ်ကလေး နဂိုက သူ့အလိုလိုအေးနေတာ၊ ငြိမ်း နေတာ၊ ချုပ်နေတာကို သူ့အတိုင်းတိုင်း သိ၍သိ၍ နေသွားတဲ့ အလေ့အကျင့် ရှိကြစေ။

ကဲ...တော်လောက်ပါပြီ။

၁၃၂၄-ခုနှစ်၊ တပေါင်းလဆန်း
(၁၅)ရက်နေ့တွင် ပဲခူးမြို့-မြို့တော်
ခမ်းမကြီး၌၊ ကျောက်ဆည်မြို့ ကျေး
ဇူးရှင် ကျောက်သင်္ဘော ဆရာတော်
ဘုရားကြီး ဟောကြားတော်မူသော
( မဂ်ပေါက် ဖိုလ်ခင် နိဗ္ဗာန်မြင် )
တရားတော်ပြတ်ဒေသနာ။

တရားတော်ပြတ်ဒေသနာ။

“မဂ်ပေါက်ပိုလ်ဝင် နိဗ္ဗာန်မြင်”

တရားပွဲ စကြဦးစို့၊ နေပြီးသားတရားအတိုင်းတိုင်း သိကြဖို့၊ မနေ့က ဟောခဲ့တယ်၊ လွယ်လွယ်ကလေးပါ၊ တရားတွေနဲ့က နေပြီးသား၊ ဟုတ်-ဟုတ်တဲ့အတိုင်းတိုင်း မှန်-မှန်တဲ့အတိုင်းတိုင်း မြင်ကြရမှာပါပဲ၊ တရားတွေနဲ့က နေပြီးသား တရားတွေသာ ဟုတ်တယ်၊ တရားတွေသာမှန်တယ်၊ ဟုတ်-ဟုတ်တဲ့အတိုင်း ၊မှန် မှန်တဲ့အတိုင်း၊ရှိ-ရှိတဲ့အတိုင်း၊ တရား-တရားအတိုင်းတိုင်း သိကြရ မယ်၊မြင်ကြရမယ်၊တရား-တရားအတိုင်းတိုင်း သိတော့မြင်တော့ ဘာဖြစ်သလဲ၊ တရားအတိုင်းတိုင်းသိကြရင်တော့ အခုဘဝ အခု

ပစ္စက္ခကနေပြီးတော့၊ ရင်ပူအေးကြရမယ်၊ ခေါင်းမရှုပ်ကြရဘူး၊ ခေါင်းမနှောက်ကြရဘူး၊ သဉပါဒိသေသ နိဗ္ဗာန်ကို မျက်မှောက်ပြုကြရမယ်၊ အဲဒါ ကိလေသာ ပရိနိဗ္ဗာန်လို့ ခေါ်တယ်၊ ကိလေသာတွေက ချုပ်ငြိမ်းတော့ ကိလေသာဆိုတာ ပူပန်တာ ညစ်ကျုတာ ဖြစ်ပျက်တာ။

စိတ်ညစ်တာ စိတ်ပူတာ စိတ်ဆင်းရဲတာ အတိဒုက္ခများတာ စိတ်မှာ မခံချင်တာ စွဲလမ်းတာ နှစ်သက်တာ သာယာတာ အများကြီးပေါ့၊ တထောင့်ငါးရာများတောင် ပြားပြီးတော့ ဟောခဲ့ရတာ။

အဲဒီလို ပူပန်နှောက်ကျိတာတွေဟာ ဘာဖြစ်လို့ ဖြစ်ရသလဲ ဆိုတော့ ဟုတ်-ဟုတ်တဲ့အတိုင်းတိုင်း၊ မှန်-မှန်တဲ့ အတိုင်းတိုင်း မသိလို့ဖြစ်ကြရတာ၊ အဲဒါကို ဖာလိုကတော့....

ဘူတံ ဘူတတော ပဿတိ၊

ဘူတံ၊ ဟုတ်မှန်သည်ကို။ ဘူတတော၊ ဟုတ်မှန်သည်အတိုင်း။ ပဿတိ၊မြင်သိလေ(ဝါ)သိပါလေတဲ့။တရား-တရားအတိုင်းတိုင်း သိတာ၊ သိစရာတရားက တခြားရှာရမှာမဟုတ်ဘူး၊တရားတွေက ရှိပြီးသား၊ စဖြစ်ကထဲကိုက တရားဖြစ်လာတာ၊ အမိဝမ်းမှာ စဖြစ်လာကထဲကိုက တရားဖြစ်လာတာ၊ စဖြစ်တာကိုပဲ"ဇာတိပိ ဒုက္ခာ" အဲဒီစဖြစ်တာကိုပဲ ဇာတိဒုက္ခတရားလို့ ဘုရားကဟောခဲ့တာ၊ သည့်နောက်တော့ ဘာဖြစ်မှာလဲ၊ ဇရာ-အိုခြင်းတရား၊ ဗျာဓိ-နာခြင်းတရား၊ မရဏာ-သေခြင်းတရား၊ ဝိပရိနာမ-အမျိုးမျိုး ဖေါက်ပြန်ခြင်းတရား စသည်ဖြင့်ပေါ့။

အဲဒါကြောင့်တရားချည်းပါပဲလို့ ဟောရတာ၊ ပြောရတာ၊ အဲဒါတွေက သင်္ခါရတရားတွေပဲ၊ သင်္ခါရတရားတွေက ဖြစ်ပေါ် ဖြစ်ပေါ်ရှိနေလို့မို့၊ တရားတွေနဲ့ကနေပြီးသား၊ သင်္ခါရတရား မဟုတ်တဲ့နိဗ္ဗာန်ဆိုတဲ့တရားကဘော ခုနဟောခဲ့တဲ့ ပူပန်ညစ်ကျုနှစ်သက်မှုဆိုတဲ့ စိတ်ဘော့က အနိစ္စမျိုးမို့လို့ မမြဲဘူး။ သဗ္ဗေ သင်္ခါရအနိစ္စမျိုး၊ အနိစ္စဆိုတာ ဖြစ်နေတာတွေ မမြဲဘူး၊ အမြဲ မရှိဘူး၊ ဒီလိုသိရမှာ၊ အဲဒီလိုသိမှ နိဗ္ဗာန်မျက်မှောက်ပြုနိုင်မယ်၊ ဖြစ်နေတာတွေအမြဲမရှိတာကိုသိတာ အနိစ္စမိတ္တာ အနိစ္စ နုပဿနာ ဉာဏ်ခေါ်တယ်၊ သညာက နုပဿနာလို့လဲခေါ်တယ်၊ နိရောဓ နုပဿနာလို့လဲခေါ်တယ်၊ ဝိပဿနာဉာဏ်ပေါ့ပေါ့။

အနိစ္စသိတယ်ဆိုတာ အမျိုးမျိုးပဲ၊ ဘာတွေ ညာတွေ တိုက်တွေ အိမ်တွေ ဖြစ်ရင်ပျက်ရမယ်လို့ အဲဒီလိုသိတာကလဲအနိစ္စပဲ၊ ရုပ်တွေနာမ်တွေ ဖြစ်ရင်ပျက်တယ်လို့ သိတာလဲအနိစ္စပဲ၊အဲဒါက အဖျားကသိဘာတွေပါ အစွန်းအဖျားသိတာတွေ အပေါ်ယံ သိတာပေါ့၊တကယ့်လိုရင်းကျကျ သိရမှာကတော့ပူပန်ညစ်ကျုနှိပ်စက်မှုဆိုတဲ့ ကိလေသာ ဥပါဒါန်ဆိုတဲ့ တရားတွေ (ဝါ) ကိလေသာနှင့်တကွဖြစ်တဲ့ ဥပါဒါနက္ခန္ဓာ ဆိုတဲ့ ခန္ဓာငါးပါး တရားတွေ ဖြစ်နေတာမရှိဘူး၊ ဖြစ်ပြီးသား မရှိဘူး။

အဖြစ်မှ ကုန်နေတယ်
အဖြစ်မှ ခန်းနေတယ်
အဖြစ်မှ သုဉ်းနေတယ်
အဖြစ်မှ ဆိတ်နေတယ်

အဖြစ်မှ ချုပ်နေတယ်
အဖြစ်မှ ကင်းစင်နေတယ်

ငြိမ်းနေတာ ချုပ်နေတာက ခင်ဗျားတို့ သွားလုပ်တော့မှ ငြိမ်းတာ ချုပ်တာ မဟုတ်ဘူး၊ သူ့ရဲ့သဘောအမှန်ကိုက ငြိမ်းနေတာ ချုပ်နေတာ၊ သူမှန်နေတာက ဒီလိုမှန်နေတာ၊ တခါတခါဖြစ်တယ်၊ တခါတခါတော့ အဖြစ်ငြိမ်းနေတယ်၊ သခ်ါရ သဘော မှန်တယ်ဆိုတာ ဒီလိုမှန်တာ၊ တခါတခါတော့ ဖြစ်လာတယ်၊ တခါတခါတော့အဖြစ်ငြိမ်းနေတယ်၊ အဲဒါမမှန်ဘူးလား၊ အဲဒါကြောင့်....

ရံခါရံခါ ဒေါသဖြစ်ကြတယ်၊
ရံခါရံခါ ဒေါသအဖြစ် ငြိမ်းနေကြတယ်၊
ရံခါရံခါ သောကတွေ ဖြစ်ကြတယ်၊
ရံခါရံခါ သောကအဖြစ်တွေ ငြိမ်းနေကြတယ်၊
ရံခါရံခါ လောဘတွေဖြစ်နေကြတယ်၊
ရံခါရံခါ လောဘအဖြစ်တွေငြိမ်းနေကြတယ်၊
ရံခါရံခါ ချစ်တဲ့စိတ်တွေဖြစ်ကြတယ်၊
ရံခါရံခါ ချစ်တဲ့စိတ်တွေအဖြစ်မှ ငြိမ်းနေတယ်၊
ရံခါရံခါ မုန်းတဲ့စိတ်တွေ ဖြစ်ကြတယ်၊
ရံခါရံခါ မုန်းတဲ့စိတ်တွေအဖြစ်ငြိမ်းနေတယ်၊
ပြောရမယ်ဆိုရင်တော့ အများကြီးပဲပေါ့။

မခံချင်တဲ့စိတ်၊ သာယာတဲ့စိတ်၊ လွမ်းတဲ့စိတ်၊ ကြောက်တဲ့စိတ်တွေဟာ တခါတခါတော့ ဖြစ်တာမှန်တယ်၊ တခါ တခါ

ငြိမ်းနေတာလဲ မှန်တယ်၊ အတင်းပြော အဖျင်းပြောတဲ့ စိတ် သတ်ချင်ဖြတ်ချင်, ခိုးချင်, ဝှက်ချင်တဲ့ စိတ်တွေ နာမည်နဲ့ ရှောက်ပြောနေရင်တော့ နည်းတာတွေမဟုတ်ဘူး၊ အဲဒီလိုစိတ် တွေက တခါ တခါ ဖြစ်တာတော့ မှန်တယ်၊ ဖြစ်ပြီးတော့လဲ ပျက်ကြတယ်၊ တခါ တခါ အဖြစ်ငြိမ်း၍ငြိမ်း၍ နေဘာလဲမှန် တယ်၊ အဲဒါ သူ့သဘောနဲ့သူ မှန်နေတာ၊ အဲဒီလို မှန်-မှန်တဲ့ အတိုင်းတိုင်းမြင်ပါ။

ဖြစ်တော့ ဖြစ်တာမှန်တယ်၊ ဖြစ်ပြီးတော့လဲ ပျက်တာ မှန် တယ်၊ အဲဒါ ဖြစ်ပျက်သိဒါ၊ အဲဒါဖြစ်လာမှ ပျက်ရတာကိုး၊ မဖြစ်သေးရင်တော့ ဘယ်လိုမှပျက်စရာမရှိဘူး၊ မဖြစ်ရင် မပျက် ဘူးပေါ့၊ မဖြစ်ရင်တော့ ဘယ်လိုများသိရမှာလဲ၊ ဖြစ်မှုတွေ မရှိ တော့ အဖြစ်တွေမှငြိမ်းနေတယ်၊ အဖြစ်တွေမှ ကုန်ဆုံးနေကြ တယ်လို့ မှန်-မှန်တဲ့အတိုင်းတိုင်း သိရမှာပဲ၊ အဖြစ်မှကုန်ဆုံး နေလို့ အဖြစ်တို့၏ ကုန်ဆုံးရာ၊ ဖြစ်နေကျတွေက ဖြစ်မလာဘူး ဆိုတော့ နေရာချည်းရှိတယ်ပေါ့၊ ဖြစ်နေကျတွေက ဖြစ်မလာ တော့ မဖြစ်ရာကြီးရှိဘယ်။

ဥပမာအားဖြင့် မိုးတွေပေါက်နေကျနေရာမှာ မိုးတွေပေါက် မလာဘူးဆိုတော့၊ မိုးတွေမပေါက်တဲ့ မိုးမပေါက်ရာ နေရာကြီး ကတော့ရှိတယ်၊ မိုးပေါက်ရာကြီးရှိတယ်၊ တနည်းအားဖြင့် မိမိခန္ဓာကိုယ်ကြီးမှာ အနာတွေ ပေါက်နေကျ, ယားနာတွေ ပေါက်နေကျ ပေါက်မလာဘူးဆိုတော့ မပေါက်ရာကြီးရှိဘယ်၊ မပေါက်ရာကြီးရှိတာက ပကတိအတိုင်းကျန်းမာ၍ ချမ်းသာစွာ

ရှိတာပဲ၊ နိဗ္ဗာန်ရှိတယ်ဆိုတာ အဲဒီလို ပကတိအတိုင်း ရှိတာ၊ ပကတိအတိုင်းရှိတော့ ပကတိအတိုင်း သိနေပါတော့လား ဆိုတော့၊ ခင်ဗျားတို့ကမသိတော့ ပကတိအတိုင်းရှိတာကို ပကတိအတိုင်းက မနေဘူး၊ ခုနက ပူပန်ညစ်ကျုသာယာမှုဆိုတဲ့ စိတ်တွေကလာလာဖြစ်နေတယ်၊ လာလာဖြစ်တော့ လာလာဖြစ်လို့ နိဗ္ဗာန်ကြီးကတော့ ပျက်သွားတာ မဟုတ်ဘူး၊ နိဗ္ဗာန်ကြီးကို ဖုံးဖုံးသွားတယ်၊ အဲဒီလို နိဗ္ဗာန်ကို ဖုံးသွားတာကို အဝိဇ္ဇာဖုံးတယ်၊ အဝိဇ္ဇာကွယ်တယ်လို့ တင်စားပြောတာ။

အဲဒါကြောင့် ပကတိ အနေအားဖြင့် ရှိပြီးသား တရားကတော့ နိဗ္ဗာန်နှင့်နေပြီးသားတဲ့၊ နိဗ္ဗာန်ကတော့ ရှိပြီးသားဖြစ်ပါတယ်၊ သိပြီးသားဉာဏ်သာ မဖြစ်ကြတာ၊ ရုပ်နာမ်တွေကတော့ အရှိတရားမဟုတ်လား၊ သူကအဖြစ်တရားပဲ၊ သူကဖြစ်တတ် ပျက်တတ်တဲ့တရား သူ့ကိုအရှိတရားလို့ မခေါ်နိုင်ဘူး၊ ရံခါရံခါမှ ဖြစ်တတ်ပျက်တတ်တဲ့တရား၊ ရံခါရံခါတော့လဲ မဖြစ်မပျက်ဘူးပေါ့၊ ရံခါရံခါမဖြစ်တော့လဲ အဖြစ်တို့မှ ချုပ်ငြိမ်းနေတာမှန်တယ်၊ဖြစ်ပျက်တော့လဲ ဖြစ်ပျက်နေတာမှန်တယ်၊ ချုပ်ငြိမ်းတော့လဲ ချုပ်ငြိမ်းနေတာမှန်တယ်၊ ဤလိုနှစ်မျိုးမှန်တယ်။

ယံကိဉ္စိ သမုဒယဓမ္မံ သဗ္ဗန္တံ နိရောဓဓမ္မံ၊

ဓမ္မစကြာကပြောတာ၊ အလုံးစုံသော သင်္ခါရတရားတို့သည် ဖြစ်လာတာလဲမှန်တယ်၊ ချုပ်နေခြင်း သဘောကလဲ ဟုတ်တယ် မှန်တယ်၊ အဲဒီလိုသိကြရမှာ။

အဲဒါကို ပူပန်ညစ်ကျုံးနှိပ်စက်မှုဆိုတဲ့ ဒုက္ခတွေက ဖြစ်နေတာ မရှိလို့၊ ဖြစ်နေတာမရှိ ဘာရှိသလဲ၊ ဖြစ်နေတာမရှိတော့ ပကတိအတိုင်း ပကတိအတိုင်း ငြိမ်းနေပါတယ်၊ အဲဒီ ပကတိ အတိုင်း ပကတိအတိုင်း ချုပ်ငြိမ်းနေတဲ့နိဗ္ဗာန်ကရှိတယ်၊ အဲဒီ ချုပ်ငြိမ်းနေတဲ့ နိဗ္ဗာန်ဆိုတဲ့တရားက ရှိပြီးသားမှန်ပါလျက် သိပြီးသား ဉာဏ်က မဖြစ်ကြလေတော့ ဒုက္ခဖြစ်၍ နေကြတယ်၊ အဲဒါ တရားအကျဉ်းပြောတာပေါ့ဗျာ၊ အဲဒါ တရားနဲ့ နေပြီးသား ပါလို့ပြောရတာ။

တရားနဲ့ နေပြီးသားဆိုတာကို ထင်ရှားအောင် ပြောရဦးမယ်၊ ဟောဒီ ခြေအစ ခေါင်းအဆုံးဆိုတဲ့ ခန္ဓာကိုယ်ကြီး ကတော့ တရားတုံးကြီးပါပဲ၊ အဲဒါ သင်္ခါရ တရားတုံးကြီး၊ ရုပ်တရားကြီးပေါ့၊ ရုပ်ဆိုတာ တခြားပြောတာ မဟုတ်ဘူး၊ ဒီခြေအစ ခေါင်းအဆုံးဆိုတဲ့ တရားတုံးကြီးက ရုပ်တရားကြီး ပါပဲ၊ ထွေထွေလာလာ ဘာဘာညာညာ သိတတ်တာကနာမ်၊ နာမ်ရုပ်မှတပါး မရှိပါဘူး၊ နာမ်ရုပ်ပါ နာမ်မဟုတ်ရင် ရုပ်၊ ရုပ်မဟုတ်ရင် နာမ်ပဲ၊ နာမ် ဟုတ်ရင် ဟုတ်၊ မဟုတ်ရင် ရုပ်ပဲ၊ တလှုပ်လှုပ် ကလှည့်လှည့်နေလို့မို့ မျက်စိကလဲမြင် နားကလည်း ကြား နာမ်နဲ့ရုပ် တွဲ၍နေတာ၊ တွဲ၍ဖြစ်ပေါ်နေတာ နာမ်ရုပ် လို့ပြောတာ၊ အဲဒါကလဲတရားကြီးပါ၊ တရားနဲ့ နေပြီးသား ဆိုတာ ဒါပြောတာ။

ဖျားနေတဲ့ လူတယောက်ဟာ ဘာနဲ့နေသလဲဆိုရင် ဖျားတာနဲ့မနေရ ဘူးလား၊ ခေါင်းကိုက်နေတဲ့ လူတယောက်

ခေါင်းကိုက်တာနဲ့ မနေရ ဘူးလား၊ မျက်စိနာနေတဲ့ လူတယောက် မျက်စိနာတာနဲ့ပဲ မနေရဘူးလား၊ လေနာနေတဲ့ လူတယောက်လေနာတာနဲ့ပဲ မနေရဘူးလား၊ အဲဒီလိုပဲ တရားနဲ့နေတယ်ဆိုတာ တရားတွေချည်းပဲ ဖြစ်နေတာမှန်လို့ တရားနဲ့လွဲလို့ကို မဖြစ်ဘူး၊ အိုနေတော့လဲ အိုနေတဲ့တရားနဲ့နေတာပဲ၊ နာလာတော့လဲ နာလာတဲ့တရားနဲ့ နေတာပဲ၊ သေတော့လဲ သေတဲ့တရားနဲ့နေရတာပဲ၊ တရားနဲ့နေရတယ်ဆိုတာ ထင်ရှားအောင်လို့ ထပ်ခါ ထပ်ခါ ပြောရ ဟောရတာ၊ ဘုရားတွေကတော့ တရားတွေချည်းပဲပေါ့၊ ဘုန်းကြီးတို့အခု ပြောဟောပြချင်တဲ့တရားကတော့ မများပါဘူး လိုရင်းကတော့ စိတ်ပါပဲ ပူပန်မယ်, ညစ်ကျုံးမယ်,သာယာမယ်,မုန်းထားမယ်,ဖြစ်မှားမယ်ဆိုတာတွေ ဘယ်မှာဖြစ်သလဲ ဘယ်ကမှမဖြစ်ဘူး၊ စိတ်မှာ ဖြစ်လာတာ စိတ်မှာ ဖြစ်ဖြစ်လာတာ အဲဒါကြောင့် အဲဒီစိတ်ကို သိဖို့ ဟောရတာ။

ဥပါဒါနက္ခန္ဓာဆိုတာ စိတ်မှာဖြစ်တာ စွဲလမ်းရင် ဘယ်မှာဖြစ်သလဲ၊ သာယာတယ်ဆိုတာ ဘယ်မှာဖြစ်မှာလဲ၊ မုန်းတယ်ဆိုတာ ဘယ်မှာဖြစ်မှာလဲ ကိုယ်က ဖြစ်လာတာလား၊ ခြေကဖြစ်လာတာလား၊လက်ကဖြစ်လာတာလား၊ နားကဖြစ်လာတာလား၊ နှာခေါင်းက ဖြစ်လာတာလား၊ မျက်စိက ဖြစ်လာတာလား၊မဟုတ်ပါဘူး၊မျက်စိကလဲမြင်ရင် မြင်ရုံမျှသာပဲ၊ နားကလဲကြားရင် ကြားရုံမျှသာပဲ၊ နှာခေါင်းကလဲ နံရင် နံခါမျှသာပဲ၊ သူတို့က မစွဲလမ်းနိုင်ပါဘူး၊ စိတ်မှာဖြစ်တာပါ၊ စိတ်က ကြိတ်ခဲ

မရ၍ ဖြစ်နေကြရတာ၊ အဲဒီစိတ်ထဲကကြိုက်ခဲ့မရဖြစ်၍ လာရတဲ့ သဘောကိုအခုဟောပြရမှာ၊ ဟောပြမှာဆိုတော့ အခု ခင်ဗျား တို့ စိတ်ထဲမှာ ကြည့်လိုက်တော့ ခင်ဗျားတို့စိတ်ထဲမှာ ကြိုက်ခဲ့ မရ ဖြစ်နေ၍ စိတ်က အခု အခိုက်အတန့်မှာ ဖြစ်မနေ ပါဘူး၊ တရားက လွယ်လွယ်လေးပဲ ရှိမနေပါဘူး၊ မရှိတော့ မရှိသလို သိရမှာ ရှာမနေရဘူး၊ ရှာလို့မတွေ့ပါဘူး၊ မရှိရင် မရှိဘူးလို့ သိတာ ပြီးတာပါပဲ၊ ခင်ဗျားတို့စိတ်ထဲကြိုက်ခဲ့မရဖြစ်တဲ့ သဘော တွေ ဖြစ်နေတာ မရှိဘူးလို့ ပြောတာ၊ မရှိတာကို မရှိသလို နေကြ၊ ရှိအောင်အားထုတ်မပေးနဲ့၊ ထူထောင်မပေးနဲ့၊ မရှိ တော့ ဒီအတိုင်းပဲ အေးမနေဘူးလား ဒီအတိုင်းပဲ ငြိမ်းမနေ ဘူးလား၊ အဲဒီလို စိတ်ထဲက ကြိုက်ခဲ့မရတဲ့စိတ်တွေက ရှိမနေဘူး၊ ဖြစ်မနေဘူးဆိုတော့ ရှိတာကဘာလဲ အဲဒီစိတ်တွေက ဖြစ်နေ တာ မရှိတာ၊ ပကတိအတိုင်း ဒီအတိုင်းတိုင်းက အေးနေတယ်၊ အေးပြနေတယ်၊ တရားက တကာကြီးတို့ တကာမကြီးတို့ကို ပြောင်အေးပြတယ်၊ ငြိမ်းပြနေတယ်။

သင်္ခါရတရားတွေကလဲ ပြနေတာပဲ၊ အိုပြလိုက်၊ နာပြလိုက် သေပြလိုက်၊ မသက်သာပြလိုက်၊ မခံသာပြလိုက်၊ ရယ်ပြလိုက်၊ မြင်ပြလိုက်၊ ကြားပြလိုက်၊ နံပြလိုက်၊ အဲဒီလို ပြပြနေတာကို တကာ၊တကာမကြီးတို့က မိမိတို့ဖါသာ သိရမှာ၊ ဘုန်းကြီးတို့ ကတော့ အဖျားကနေပြောပြနေရတာ၊ ဘုန်းကြီးတို့က ပြောရုံ ပြောတတ်တာ၊ ပြနေတဲ့တရားက ဘယ်မှာလဲ၊ ပြနေတဲ့တရား က မိမိတို့မှာ အဲဒီလိုပြနေတဲ့တရားတွေ သိကြရမှာ။

နိဗ္ဗာန်ဆိုတဲ့တရားကလဲ အေး၍ပြနေတယ်၊ ငြိမ်း၍ပြနေတယ်၊ နိဗ္ဗာန်ဆိုတာ ဟိုမှာ၊ သည်မှာ ထီးကြီးတွေ၊ နန်းကြီးတွေနဲ့ မဟုတ်ဘူး၊ မိမိစိတ်မှာ အေးငြိမ်းနေတာ' စိတ်အလုပ် စိတ်ကိစ္စ စိတ်အကြံစည်တွေ ပြုပြင်မပေးလို့မို့ ဒီအတိုင်းတိုင်း နေလို့ ဘယ်ကိုမှ ဘယ်လိုမှ တွေးမပေးလို့ ဘာကိုမှ အာရုံမပြုလို့ ဘယ်နဲ့မှ မအောင့်မေ့လို့မို့ ဒီအတိုင်းတိုင်းမှ ဒီအတိုင်း နေလို့ (ဝါ)စိတ်ကိုအလုပ်မပေးလို့ စိတ်ပူပင်မှုတွေမရှိပဲ အလုံးစုံသော အဖြစ်တို့မှ အေးငြိမ်းနေပါတယ်၊ "စိတ် စိတ်အတိုင်း တိုင်းထားဆိုတာ" စိတ်အလုပ်မပေးလို့ သေသွား သေးတာ မဟုတ်ဘူး၊မသေသေးပါဘူး ဝိညာဉ်ရှိပါသေးတယ်၊ ကိုလေသာ တွေသာ မရှိသေးတာပါ အဲဒ စိ -စိတ်အတိုင်းတိုင်း ဆိုတာပဲ စိတ်ကို အလုပ်မပေးပဲနဲ့ နေကြလို့ မလုပ်ပဲနဲ့ရတာ၊ နိဗ္ဗာန်ဆိုတာ မလုပ်ပဲနဲ့ရတာ၊ ဟုတ်တယ် နိဗ္ဗာန်ဆိုတာ မလုပ်မှရတာ၊ အဲဒါ နိဗ္ဗာန်မလုပ်တော့ အလုပ်မငြိမ်းဘူးလား အဲဒါ ငြိမ်းရာကို နိဗ္ဗာန်လို့ ပြောတာ၊ စိတ်အလုပ် မလုပ်မှ နိဗ္ဗာန်၊ စိတ်အလုပ်မလုပ်တော့ စိတ်ကငြိမ်းမနေဘူးလား၊ ငြိမ်းနေပါတယ်၊ အဲဒါ ငြိမ်းရာ ငြိမ်းရာဆိုဘာနဲ့ နိဗ္ဗာန်ဆိုတဲ့စကားနဲ့ အတူတူပဲ၊နိဗ္ဗာန်ဆိုတဲ့စကားက ပါဠိစကား ငြိမ်းနေတယ်ဆိုတာ စိတ်အလုပ်ငြိမ်းနေတယ်ဆိုတာက ဗမာစကားအတူတူပဲ၊ နိဗ္ဗာန်ဆိုတာက စိတ်အလုပ်ငြိမ်းနေတာ။

သင်္ခါရဆိုတာက ပြုလုပ်တာ ပြုပြင်တာ၊ ပြုပြင်တာနဲ့လုပ်တာနဲ့ အတူတူပဲ၊ စကားတွေသာ ကွဲပြားနေတာ၊ လက်ဦး

မတော့ လုပ်ရမှာပဲ၊ လုပ်ရမှာဆိုတော့ လုပ်ဟာ လုပ်ဟာနဲ့ ပြုလုပ်ရမှာဆိုပြီး ပြုလုပ်တယ်၊ ပြုလုပ်တယ်ဆိုတာက သင်္ခါရ ဖြစ်တာ၊ သင်္ခါရဆိုရင် "သဗ္ဗေ သင်္ခါရာ ဒုက္ခာ" လို့ မဟော ဘူးလား၊ လုပ်ရင်တော့ ဘာစိတ်နဲ့ လုပ်မယ်ဆိုတာ ရှင်းအောင် မေးလိုက်ဦးမယ်၊ လောကီစိတ်နဲ့ လု မှာလား၊ လောကုတ္တရာ စိတ်နဲ့ လုပ်မှာလား၊ လောကုတ္တရာစိတ်ဆိုတာ လုပ်ရတာမျိုး မဟုတ်ဘူး၊ ငြိမ်းချမ်းရာဆိုတဲ့ နိဗ္ဗာန်ကို အောက်မေ့လို့မို့ မျက်မှောက်ပြုနေလို့၊ နားနေလို့မို့ ငြိမ်းချမ်းသော စိတ်သာ လျှင် ဖြစ်၍နေတာ၊ အလုပ်လုပ်တဲ့ စိတ်မျိုးမဟုတ်ဘူး။

ခင်ဗျားတို့ အလုပ်လုပ်တယ်ဆိုတာကတော့ လောကီစိတ်နဲ့ လုပ်တာ၊ လောကီစိတ်ဆိုလို့ရှိရင် လောကီစိတ်ဖြစ်လာလို့ရှိရင် ဒုက္ခမဖြစ်ဘူးလား ဖြစ်သလား၊ ခင်ဗျားတို့ စာကလေး ဘာ ကလေး သင်ဘူးကြမှာပေါ့၊ လောကီစိတ် ဖြစ်လို့ရှိရင် ဒုက္ခ သစ္စာသာလျှင် ဖြစ်ရမှာ အမှန်ပဲလို့ ဟောခဲ့တာရှိပါတယ်။

"တေဘူမကံ ဝဋ္ဋံ ဒုက္ခံ" လို့ ဘုရား ဟောခဲ့ ပါတယ်၊ အဲဒါကို ဘုန်းကြီးကတော့ အများနားသည်အောင် လွယ်လွယ်ပဲ ပြောလိုက်တာ၊ "လုပ်သမျှဒုက္ခ" လို့ ဟောခဲ့တာပဲ။

ပြုပြုသမျှ ဒုက္ခသစ္စာ၊
ပြုလိုရေးက သမုဒယ်၊
အလိုသိမ်းမှ ငြိမ်းအေးနိဗ္ဗာန်၊
ငြိမ်းအေးမှု ပွားရှုမဂ်သစ္စာ။

ပြုပြုသမျှ လုပ်လုပ်သမျှ၊ မှတ်မှတ်သမျှ ဒုက္ခသစ္စာချည်းပါပဲ၊ လောကီစိတ်မှန်သမျှ အကုန်လုံးပဲ၊ မလွဲပါဘူး၊ စာမှာလဲ ရှိပါတယ်၊ စာလိုကလဲ ဟုတ်တာ မှန်တာပါပဲ၊ ဟုတ်-ဟုတ်တဲ့ အတိုင်း မှန်-မှန်တဲ့အတိုင်း ဟောရပြောရတာ၊ အဲဒါတွေမလုပ် ရတော့ မလုပ်တော့လဲငြိမ်းနေတာ မမှန်ဘူးလား၊ မလုပ်တော့ ငြိမ်းသွားတာ၊ အဲဒါ နိဗ္ဗာန်ရောက်တယ်ဆိုတာ၊ အလုပ်ငြိမ်း ဆိုတာ စိတ်ကအလုပ်လုပ်မယ်ဆိုတော့ စိတ်နဲ့ လုပ်ရမယ် မဟုတ် ဘူးလား၊ တခုခု အလုပ်လုပ်တယ်ဆိုတာတော့ တရားရော ဘာ ရောပေါ့ဗျာ၊ အကုန်ပဲ ထားလိုက်ပါတော့၊ စိတ်နဲ့ လုပ်ရမှာ မဟုတ်ဘူးလား၊ စိတ်အလုပ် လုပ်တယ်ဆိုတာ စိတ်နဲ့ လုပ်ရမှာ မဟုတ်ဘူးလား၊ အဲဒီ လုပ်မဲ့စိတ်က အခုစိတ်ကလေး အသာ နားပြီးကြည့်လိုက်၊ အသာရပ်ပြီး ကြည့်လိုက်တော့ အဲဒီလုပ်မဲ့ စိတ်က ရှိပါ့မလား၊ အခုလုပ်မဲ့စိတ်ကမရှိပဲ ဘာနဲ့ လုပ်မှာလဲ၊ ဘယ်နှယ်လုပ်ဖြစ်ပါ့မလဲ၊ မဖြစ်ဘူးဗျ၊ လုပ်စရာစိတ်မရှိတော့ လုပ်လို့ မဖြစ်ဘူး။

လက်ရှိမှ ကိုင်လို့ဖြစ်တာ၊ လက်မရှိရင် ဘာနဲ့ ကိုင်ဖြစ်မလဲ၊ အဲဒီလိုပဲ လုပ်တဲ့စိတ်က လက်နဲ့ တူတယ်၊ အဲဒီလို လုပ်မဲ့စိတ်ကိုက သူကအမြဲမရှိဘူး၊ ခင်ဗျားတို့က ရှိပြီးသားများ မှတ်မနေကြနဲ့၊ အမြဲမရှိဘူးလို့ ဟောတာ၊ ဟိုပြန် ဒီပြေး ဟိုတွေး ဒီတွေး၊ ဟိုအောက်မေ့ ဒီအောက်မေ့ နေတဲ့စိတ်က အမြဲမရှိဘူး၊ ဟိုသိ ဒီမှတ်ဆိုတဲ့ ဝိပဿနာဉာဏ်ကလဲ အမြဲမရှိဘူး၊ ရှိအောင်ကတော့ အတော်ကြီး ထူထောင်ယူရတာ၊ ထူထောင်တယ် ဆိုတာကလဲ

အကြာကြီးပါ၊ အခုသိရဖို့က အဲဒီလိုစိတ်မျိုးဘော့က ထူခဲသောင် ယူရတာ၊ ထူထောင်တယ်ဆိုတာကလဲ အကြာကြီးပါ၊ အခုသိရဖို့က အဲဒီလိုစိတ်မျိုးတွေက ပြုလုပ်မဲ့စိတ်၊ ပြုတယ်ဆိုတာ ရှုတာ, မှတ်တာ, ကြံတာ, ဘေးတာ, ဆင်ခြင်တာ, အောက်မေ့တာ အဲဒါတွေပြုလုပ်တာပေါ့ဗျ၊ စိတ်ပြုလုပ်တာတွေပေါ့၊ အဲဒီပြုလုပ်မဲ့စိတ်တွေက ခင်ဗျားတို့မှာ အခုရှိသလား ကြည့်လိုက်စမ်းပါ၊ အခုအခိုက်အတန့်ကလေးမှာ ကြည့်လိုက်စမ်းပါ၊ ကြည့်လိုက်မှ သိမှာ၊ မကြည့်ရင် မသိဘူး၊ နိဗ္ဗာန်ကဘော့ရှိတယ်၊ ခင်ဗျားတို့ မျက်မှောက်မပြုပဲ နမော်နမဲ့ အမှတ်တမဲ့နေကြလို့ အေးလို့ အေးမှန်းမသိ၊ ချမ်းသာလို့ ချမ်းသာမှန်းမသိ၊ ဂုဏ်ရှိလို့ရှိမှန်း မသိ၊ ကျေးဇူးရှိလို့ရှိမှန်းမသိကြဘူး၊ ဘာဖြစ်လို့လဲဆိုဘော့ နမော်နမဲ့နေလို့ ခင်ဗျားတို့ သိခွင့်မရကြဘာ။

ခင်ဗျားတို့အဖို့ ဥပမာတခုပြောရအုံးမယ်၊ ပဲခူးမြို့ကြီး မီးမလောင်ခင်ကဘော့ မီးလောင်မှုဘေးကြီးမှအေးမနေဘူးလား၊ နေရပေမယ်လို့ ကျေးဇူးကြီးမှန်း ကျေးဇူးတရားမှန်း မသိလို့ အမှုမဲ့အမှတ်မဲ့ပဲ နေခဲ့ကြတယ်၊ ဒီဘတွေ မီးဘေးက ရောက် မလာလေဘော့၊ မီးမလောင်လေဘော့ ချမ်းချမ်းသာသာ နေရ ပါကလားရယ်လို့ ကျေးဇူးရှိနေဘာ သတိမထားခဲ့သလို၊အမှတ် တမဲ့ နမော်နမဲ့ နေကြသလို၊ ဘယ်လောက်များ ကျေးဇူးများ နေသလဲ မီးမလောင်ဘော့၊သူခိုးတွေကလဲမလာ၊ဓါးပြတွေကလဲ မရောက်၊ လုမဲ့ယက်မဲ့ လူဘွေကလဲမရှိ၊ ဟိုသည်ဒီသယ် ဟိုပြေး ဒီပြေးလဲ မပြေးရ ရန်သူတွေကဆောက်မလာလို့ ဒီအကိုင်းဘိုင်း

အေးနေကြတာ မဟုတ်ဘူးလား၊ ဒီအတိုင်းတိုင်း အေးနေတာကို ကျေးဇူးတင်ရမှန်းလဲမသိဘူး၊ ကျေးဇူးရှိမှန်းလဲ မသိဘူး၊ အလကားပဲလို့ ထင်နေကြတာ။ အဲဒါကို ခင်ဗျားတို့ ကျေးဇူးတင်အောင်ကတော့ မီးလောင်တဲ့မြို့ရွာတွေရဲ့ဘေးဒုက္ခတွေနဲ့ နှိုင်းစာကြည့်ရမယ်၊ မီးလောင်တဲ့မြို့ရွာတွေနဲ့ လဲချင်ကြပါ့မလား၊ ဘယ်လဲချင်ကြမလဲ၊ မီးများလောင်မှဖြင့် ဒီလိုအေးအေးနေလို့ ရကြပါ့မလား၊ မရပါဘူး၊ အလွန်ဒုက္ခများကြဦးမှာပါ။

ဒီမှာလဲ ဒီအတိုင်းပဲ၊ ဒီအတိုင်းနေလို့ ဒီအတိုင်းအေးနေတာကို ကျေးဇူးရှိဘယ်လို့ အေးနေတယ်လို့ ငြိမ်းနေတယ်လို့ မသိကြဘူး၊ အမှုမဲ့ အမှတ်မဲ့ နမော်နမဲ့နေလို့ ဒီအတိုင်းနေတာ ဒီအတိုင်းတိုင်းအေးနေတာကို တရားလို့မသိကြဘူး၊ တရားရယ်လို့မသိဘူး၊ တရား-တရားမှန်းမသိတာ အလွန် ဝမ်းနည်းဖွယ်ကောင်းတယ်၊ ဒီအတိုင်း နေတော့ ဒီအတိုင်း အေးနေတာကို တရားမှန်းမသိဘူး၊ ဟိုလိုပြု ဒီလိုပြုနဲ့၊ ဟိုလိုမှတ် ဒီလိုမှတ်နဲ့၊ ဟိုလိုဒီလိုပြုမှ မနေနိုင်လို့ ဒုက္ခတွေများလာတာကိုမှ တရားရယ်လို့မြင်တယ်၊ မှန်ပါတယ်၊ အဲဒါကလဲမှန်တယ်၊ ဒုက္ခများလို့ဆင်းရဲတဲ့တရားမှန်တယ်၊ ကြာလေကြာလေ နိဗ္ဗာန်နဲ့ ဝေးပြီးသွားတဲ့တရား၊ ဘာပြုလို့ဝေးပြီးသွားရသလဲဆိုတော့၊နိဗ္ဗာန်က ဝေးပြီး နောက်မှာကျန်ရစ်ခဲ့လို့။

လိုရင်းကတော့ စိတ်တွေ မဖြစ်သေးခင်က အဖြစ်အေးနေတာက နိဗ္ဗာန်၊ မပြုပြင်ခင်သဘောက နိဗ္ဗာန်၊ စိတ်တွေ သင်္ခါရ

တော့ မဖြစ်သေးခင်က အဖြစ်အားရာ ကုန်ရာက နိဗ္ဗာန်၊ အဲဒီ နိဗ္ဗာန်ကို နိဗ္ဗာန်အတိုင်းတိုင်းမမြင်တာကို အဝိဇ္ဇာလို့ ခေါ်တယ်၊ အဝိဇ္ဇာဆိုတာ နိဗ္ဗာန် မသိမမြင်တာ၊ သစ္စာလေးပါးကို မသိ မမြင်တာ၊ မသိတော့ နိဗ္ဗာန်ကို ရချင်ယူချင်လို့ သမုဒယကြီးက ဖြစ်ကရော၊ သမုဒယဖြစ်တော့ ပူရရှုရရော၊ ပူရှုရတော့ ဒုက္ခ ကြီးက ဖြစ်ကရော၊ အဲဒီလိုရှုရှုနေတော့ ဒုက္ခကြီးက ကုန်သွား မှာလား၊ ရှုတာတွေ ပျောက်ပျက်ကုန်ဆုံးမှာ၊ အနိစ္စမျိုးကို ခင်ဗျားတို့ ရှုလို့မှတ်လို့များ ကုန်သွားမယ်ထင်သလား၊ ဘယ် တော့မှမကုန်ဘူး၊ မနက်ဖြန်လဲရှု၊ သဘက်ခါလဲရှု၊ ဟိုဘဝလဲရှု၊ ဒီဘဝလဲရှု၊ ဘယ်လောက်ကြီးရှုရှု မကုန်ပါဘူး၊ အဲဒါကြောင့် မို့လို့ ဘုရားက သခ်ဘာ မွေလို့ ဟောခဲ့တာ၊ မရမတ္တအား ဖြင့် မှန်နေတယ်၊ သင်္ခတတရားဆိုတာ ဘယ်တော့မှ မကုန်ဘူး၊ ဒီအတိုင်း ဒီအတိုင်းပဲ၊ မင်းတို့ပူချင်တာပူ၊ ပူတာတွေကတော့ ပျောက်ပျက် ကုန်ဆုံးမယ်၊ ဖြစ်ဦးမှာတွေ ကတော့ ဒီအတိုင်း ဒီအတိုင်းပဲ၊ ဘယ်တော့မှ မကုန်ဘူး၊ အဲဒါကြောင့် ကြာလေ နိဗ္ဗာန်နဲ့ ဝေးလေလို့ပြောတာ၊ ပြောလိုတဲ့ အချက်ကတော့ ခုနက စိတ်ပူပြင်တယ်ဆိုတာ ပူပြင်တဲ့စိတ်ကမရှိဘူး၊ မရှိတော့ ပူပြင်လို့မဖြစ်ဘူး၊ ပူပြင်လို့ မဖြစ်လို့ မပူပြင်ပဲ ဒီအတိုင်းတိုင်း နေတာပါ၊ အဲဒါ နိဗ္ဗာန်ရောက်ပါတယ်လို့ ပြောတာ၊ လိုရင်း ကတော့ ဒါသိရမှာပေါ့။

ရှေးဦးစွာ အရေးကြီးတာကတော့ သက္ကာယဒိဋ္ဌိပဲ၊ သက္ကာယ ဒိဋ္ဌိကို ပယ်မယ် သယ်မယ်နဲ့ အားခဲနေကြတယ်၊ သက္ကာယဒိဋ္ဌိ

ဆိုတာ ချုပ်အောင်၊ ပယ်ရအောင်က ရှုရမှတ်ရမှာ မဟုတ်ဘူး၊ သက္ကာယဒိဋ္ဌိရဲ့ သဘောမှန်နေတာကို သိရမယ်။

သက္ကာယဒိဋ္ဌိ ဆိုတာ ငါ့ကိုယ်လို့ ထင်တယ်၊ သူ့ကိုယ်လို့ ထင်တယ်၊ ငါ့ပစ္စည်းလို့ထင်တယ်၊ ငါ့သားလို့ထင်တယ်၊ ငါ့မယားလို့ထင်တယ်၊ ငါ့အကျိုးရတယ်လို့ထင်တယ် အစရှိသည်ဖြင့် ငါတလုံးနဲ့ အသုံးကျယ်တဲ့သဘောပေါ့၊ အဲဒါကို သက္ကာယဒိဋ္ဌိခေါ်တယ်။

အဲဒီသက္ကာယဒိဋ္ဌိဆိုတာက ခင်ဗျားတို့မှာ ရံခါရံခါမှဖြစ်တာမှန်တယ် အမြဲတမ်းဖြစ်တာ မဟုတ်ဘူး၊ တခါတခါမှ ဖြစ်တာ၊ ဖြစ်မှုကြီးက အမြဲတမ်း သပ်ကြီးလျှိုထားသလို ဖြစ်နေတာမျိုး မဟုတ်ဘူး၊ ဒီလိုအမြဲတမ်း ဖြစ်နေလို့မရဘူး၊ တခါတခါတော့ အဖြစ်ငြိမ်းရှိနေတယ် အဖြစ်ငြိမ်းနေတော့ အဲဒီအဖြစ်ငြိမ်းဘာကိုသိတော့ အဲဒီအဖြစ်ငြိမ်းရာကိုပဲ မျက်မှောက်ပြု၍ နေရတာ၊ အဖြစ်ငြိမ်းရာကို မျက်မှောက်ပြုခြင်းကြောင့် ငါငါနဲ့ ခေါ်ဖို့ရာ ဘာနဲ့ခေါ်မလဲ၊ ဘာနဲ့မှ ခေါ်လို့ မရဘူး၊ ဒီလိုသိကြမြင်ကြရမှာ။

သက္ကာယဒိဋ္ဌိဆိုတာ တခါတခါမှ ဖြစ်တတ်တဲ့စိတ်၊ သူကလဲ အနိစ္စမျိုးပါ၊ အမြဲမရှိပါဘူး၊ ဘုန်းကြီးက အားလုံး နားလည်အောင် အရပ်သုံးစကားနဲ့ ခပ်လွယ်လွယ်ပဲ ပြောတတ်တယ်၊ သံသရာကြီး ဖြစ်တယ်ဆိုတာ ဘာဖြစ်လို့ ဖြစ်သလဲ၊ ကောင်းကောင်း ဆိုးဆိုး အမျိုးမျိုးတွေ ဘာဖြစ်လို့ ဆက်ဖြစ်ကြရသလဲ၊ ဆက်ခါဆက်ခါ ဘာဖြစ်လို့ ဖြစ်ကြရသလဲ၊ တရားကို တရား

အတိုင်းတိုင်းမသိလို့၊ မှန်မှန်တဲ့အတိုင်းတိုင်းမသိလို့၊ မသိလို့ ဖြစ်တာ သံသရာ၊ သံသရာဆိုတာ မသိလို့ပဲဖြစ်တာ၊ သိရတော့ မဖြစ်ပါဘူး၊ ဘဝတွေ ဘဝတွေ အသစ် အသစ် မဖြစ်ပါဘူး၊ အဲဒီ ဘဝတွေ အသစ် အသစ် မဖြစ်လို့ ဘယ်ရောက်သွားသလဲ မေးရင်၊ အဲဒါနိဗ္ဗာန်ရောက်သွားတယ်လို့ ဖြေရမယ်။ ဆိုလိုရင်း ကတော့ ခန္ဓာတွေ အသစ် အသစ် မဖြစ်တာပဲ၊ အသစ် အသစ် မဖြစ်တော့ မဖြစ်ရာ ရောက်သွားတယ်လို့ ပြောတာ၊ သံသရာ ဖြစ်တယ်ဆိုတာ မသိလို့ဖြစ်တာ၊ မှန်မှန်တဲ့အတိုင်းတိုင်း မသိ တော့ မှားတဲ့အသိတွေက ဖြစ်ပေါ်လာတာ၊ ငါ့ကိုယ် ငါ့သား ငါ့မယား ငါ့ဥစ္စာ အစရှိတဲ့ သက္ကာယဒိဋ္ဌိက စထားမှဖြင့် သံခါရ တွေ ဖြစ်ပါလေရော၊ ဘာဖြစ်လို့လဲဆိုတော့ ငါငါဆိုတဲ့အယူက ရှိထားလို့၊ ငါ့အတွက် ငါ့အကျိုးရှိအောင် ငါနိဗ္ဗာန်ရောက် အောင် ဆိုတာတွေဟာ ငါရှိလို့ဖြစ်နေတာ။

မြင်ရမှာက ဘယ်သူ ဘယ်ဝါ ဘာမှ ရစရာမရှိဘူး၊ ဘာကို လုပ်လုပ် ဘယ်သူဘယ်ဝါမှ မဟုတ်ဘူး၊ ဘာတွေသာလျှင် ဖြစ် သလဲဆိုတော့ ဒုက္ခသက်သက်သာလျှင် ဖြစ်တယ်၊ ဒုက္ခမေဝဟိ သမ္ဘောတိ၊ ဒုက္ခသက်သက်သာ ဖြစ်တာ။

ဒုက္ခသက်သက်ဖြစ်တာရယ်လို့ မသိကြဘူး၊ အခုတော့ ငါရ မှာ ငါ့အကျိုးရှိအောင်တဲ့ ငါ့တလုံးနဲ့ အသုံးကျယ်လာတာ၊ အိမ်မှာလဲ ငါရှိမှတဲ့၊ ခရီးသွားတော့လဲ ငါမရှိမဖြစ်ဘူး၊ တရား နာတော့လဲ ငါပါမှ ဖြစ်မှာပါတဲ့၊ တရားထိုင်တော့လဲ အထူး သဖြင့် ကြိုးကြိုးစားစား ပင်ပင်ပန်းပန်းဆိုင်တော့လဲ ငါကျိုးရ

မလားလို့ ထိုင်နေကြတယ်၊ များများပင်ပန်းရင် များများ အကျိုးရှိတယ်လို့ များတောင် ထင်နေတယ်၊ သံသရာဖြစ်တယ် ဆိုတာ ငါရှိလို့ ဖြစ်နေတာ၊ ဒီငါဆိုတဲ့ သက္ကာယဒိဋ္ဌိကလဲ စိတ်မှာဖြစ်တာပါ၊ လိုရင်းကတော့ ငါရှိလို့ ငါဖြစ်တာ၊ ငါမရှိ ရင် ငါမဖြစ်ဘူး၊ အမှန်ကတော့ တရားတွေသာလျှင် ဖြစ်တယ်၊ တရားတွေသာလျှင် ရှိတယ်လို့ သိဖို့ပါပဲ၊ တရားတွေချည်းပဲလို့ သိဖို့လိုပါတယ်။

လိုရင်းက အဲဒီ ငါငါဆိုတဲ့ တရားဆိုး တရားညစ် တရားယုတ် တွေက ရံခါရံခါမှ ဖြစ်ဘတ်တာပါ တခါတလေမှ ဖြစ်တတ်တာ ပါ၊ ဖြစ်နေတာမရှိဘူး အမြဲမဖြစ်ဘူး၊ ဖြစ်လာတော့လဲ မမြဲဘူး ပျက်တယ်၊ ဖြစ်တာတွေ အမြဲမရှိခြင်းကြောင့် အဖြစ်ငြိမ်း နေတာသာလျှင် ရှိနေပါကလားလို့ သိတယ် ဤလိုသိတဲ့ဉာဏ် ဖြစ်ကြရမှာ၊ အဲဒါ ဘာခက်သလဲဗျ၊ ဆိုးယုတ်တဲ့စိတ်ဆိုတာ....

လောဘစိတ်ဖြစ်လိုက်
ဒေါသစိတ်ဖြစ်လိုက်
သောကစိတ်ဖြစ်လိုက်
ချစ်တဲ့စိတ်ဖြစ်လိုက်
မုန်းတဲ့စိတ်ဖြစ်လိုက်

အဲဒီလို ယုတ်မာညစ်ပတ်တဲ့စိတ်မျိုးတွေက အမြဲတမ်းရှိမနေ ပါဘူး၊ မမှန်ဘူးလားဗျ၊ မှန်ပါတယ် အမြဲဘမ်း မဖြစ်ပါဘူး၊ တခါတလေမှ ဖြစ်ဘတ်တာတွေပါ၊ ဖြစ်နေတာတွေ မရှိဘူး၊

အဖြစ်မှ ကုန်ဆုံးနေတယ်၊ သဥ္ဥးဆိတ် နေတယ်၊ ဒီလို ဖြစ်တဲ့ စိတ်မျိုးကို ဥပါဒါနက္ခန္ဓာလို့ခေါ်တယ်၊ အဲဒီ ဥပါဒါနက္ခန္ဓာ လောကကြီးက....

သုဥ္ဥးနေတယ်၊
ဆိတ်နေတယ်၊
ကုန်နေတယ်၊
ခန်းနေတယ်၊
ချုပ်နေတယ်၊
ငြိမ်းနေတယ်၊

အဲဒီချုပ်ငြိမ်းနေမှုတွေဉာဏ်နဲ့မြင်အောင်ကြည့်ကြ၊ လိုရင်း တရားကတော့ ဒါပါပဲ၊ ခက်နေတာ မဟုတ်ဘူး တရားရှုတယ် ဝိပဿနာ ရှုတယ်ဆိုတာ ဒါပါပဲ၊ ညစ်ပတ်တဲ့ စိတ်မျိုးတွေ မကောင်းတဲ့ စိတ်မျိုးတွေကို ခန္ဓာလို့ခေါ်တယ်၊ နာမ်ရုပ်လို့ ခေါ်တယ်၊ အဲဒီစိတ်မျိုးတွေက ဖြစ်နေတာမရှိဘူး၊ အဲဒီခန္ဓာကို သိပါ၊ အဲဒီ အာရုံရုပ်နာမ်ကို သိပါ၊ မိမိမနေ့ာမှာ ဒီလိုစိတ်မျိုး တွေ တခါတလေ ဖြစ်တာကို သိပါ၊ သူကတော့ တခါတလေ ဖြစ်တာတော့မှန်တယ်၊ ဖြစ်ပြီးတော့လဲ ပျက်သွားလို့မို့၊ ရံခါ ရံခါ အဖြစ်ငြိမ်းနေတာ မှန်တယ်၊ တခါတလေ အဖြစ်ငြိမ်း နေတာမှန်တော့ အဲဒီအဖြစ်ငြိမ်းရာကို သိပါ၊ မြင်ပါ။

ဥပါဒါနက္ခန္ဓာဆိုတာ တခြားပြောတာမဟုတ်ဘူး၊ ခြေအစ ခေါင်းအဆုံး တကိုယ်လုံးကို ပြောတာမဟုတ်ဘူး၊ မျက်စိ, နား, နှာ, လျှာ, ဒါကိုလဲပြောတာမဟုတ်ဘူး၊ မနေ့ာက စိတ်က တခါ

တခါ မကောင်းတဲ့စိတ်တွေ၊ ယုတ်မာတဲ့စိတ်တွေ၊ အဲဒီစိတ်တွေ တခါတခါ ဖြစ်တာဟာ တခါတခါမှဖြစ်တာ၊ ဖြစ်ခဲ့ပါတယ် အမြဲတမ်းဖြစ်မနေပါဘူး၊ အဲဒီလို တခါတခါဖြစ်လာတဲ့သဘော၊ ဖြစ်လာတတ်တဲ့ သဘော၊ အဲဒီစိတ်တွေကို ဥပါဒါနက္ခန္ဓာလို့ ဖွဲ့ဟောတယ်၊ အဲဒီ ဥပါဒါနက္ခန္ဓာရဲ့သဘောကိုသိလို့ပြောတာ၊ သူ့သဘောက သူ့သဘောလက္ခဏာက တခါတခါဖြစ်လာတာ တော့ မှန်တယ်၊ ဖြစ်ပြီးတော့လဲ ပျက်သွားတယ်၊ တခါတခါ တော့ အဖြစ်တွေ ငြိမ်းနေတာမှန်တယ်၊ တခါတခါ သူ့ဟာသူ အဖြစ်ငြိမ်းနေတာ မှန်မနေဘူးလား။

သူ့အလိုလို အဖြစ်တို့မှ ငြိမ်းရင်ငြိမ်းတယ်လို့ သိရမှာပဲ၊ ဒီလို သိမှ နိဗ္ဗာန်ကို မြန်မြန်ရမယ်၊ အဲဒီလိုသိမှ နိဗ္ဗာန်ရမှာ၊ အဲဒီလို မသိတော့ ရှုရတာပဲ၊ မှတ်ရတာပဲ ဖြစ်နေဦးမှာ၊ ခွေးကို ခဲနဲ့ ပေါက်သလို ဖြစ်နေဦးမှာပဲ၊ ခွေးကိုခဲနဲ့ပေါက်တော့ ပေါက်တဲ့ ခဲကို လိုက်လိုက်ကိုက်နေ ဟောင်နေသလိုပဲ၊ ခဲကို လိုက်လိုက် ကိုက်တော့ အပေါက်မငြိမ်းဘူး၊ အဟောင်မငြိမ်းဘူးပေါ့၊ အခု ဘုန်းကြီးတို့ ဟောတဲ့တရားက အကျိုးသတ်တရား မဟုတ်ဘူး၊ အကြောင်းသတ်တရား ဟောနေတာ၊ ဖြစ်တဲ့စိတ်ကို လိုက်ရှုနေ ရမှာ မဟုတ်ဘူး၊ အဖြစ်ငြိမ်းရာ မျက်မှောက်ပြုခိုင်း နေတာ၊ အဖြစ်မှသုဉ်းနေတယ်၊ အဖြစ်မှဆိတ်နေတယ်လို့ သိတော့ အဖြစ် သုဉ်းရာ အဖြစ်ဆိတ်ရာသိတော့ ခြင်္သေ့ကို ခဲနဲ့ ပေါက်လိုက်သလို ခြင်္သေ့ကို ခဲနဲ့ပေါက်လိုက်တော့ ခြင်္သေ့က ခဲကိုမကိုက်ပဲ ပေါက်

သူကိုသာ ခုန်ပြီးခဲလိုက်သလို၊ ခုန်ပြီးကိုက်လိုက်တော့ နောက်ထပ် ခဲနဲ့မပေါက်နိုင်တော့ဘူး၊ ခဲပေါက်ငြိမ်းသွားတာပေါ့။

အဲဒီလို အကြောင်းသတ်တရားကို ဟောနေတာ၊ အခုတော့ အကြောင်းကမသတ်ဘူး၊ အကျိုးတရားကြီးတွေ အပေါ်မှာ ဘယ့်နှယ်လေး၊ ညာ့နှယ်လေး၊ ဘယ်လိုလုပ်ရမယ်၊ ဘယ်လို ပွားရမယ်၊ ဘယ်လိုရှုရမယ်နဲ့ အဲဒါတွေကရှိနေတာမဟုတ်ဘူး၊ ရှိနေတာ မဟုတ်တာတွေကိုပဲ ဆုံးမယ်ထင်လို့ လုပ်ရင်တော့ ဆုံးမယ်မဟုတ်ဘူး၊ နန္ဒမင်းသားကျတော့လဲ ဒုက္ခသကပ္ပဋ္ဌာန်းနဲ့ မဟောဘူးလား၊ ရာဂကရှိနေတော့။

ဘဒ္ဒကလျာ မင်းသမီးက အလုံးအရပ်နဲ့သဏ္ဌာန်ကရှိနေလို့ နှစ်သက်နေတဲ့ ရာဂကရှိနေတော့၊ အဲဒီ ကာမရာဂ ဖြစ်တာ ပျောက်စေခြင်း အကျိုးငှါ လုံးရပ်သဏ္ဌာန်ကြီး ပျောက်စေခြင်းငှါ ဒုက္ခသ ကမ္မဋ္ဌာန်း အစရှိသည်တို့ကို ပေးရဘာ ပြီးဆုံးသွားသေးဘာ မဟုတ်ဘူး၊ အဲဒီလိုလဲ နားလည်ထားကြဦး။

အဲဒါ အထိုက်အလျောက်အားဖြင့် မြတ်စွာဘုရားက ဆုံးမခဲ့တာပေါ့၊ အဲဒီလို ဆိုင်ရာဆိုင်ရာ နည်းတွေက အများကြီးမို့ မကျဉ်း မကျယ်အားဖြင့်လည်း ဟောခဲ့ရဘာပေါ့၊ လိုရင်းကတော့ ခင်ဗျားတို့ ဒီလိုညစ်ပတ်ဘဲ့ ကိလေသာစိတ်တွေ မရှိသေးမီက အဖြစ်အေးပြီးသားကြီးပါ ငြိမ်းရာကြီးနဲ့ နေပြီးသားကြီးပါ၊ နေပြီးသား နေပြီးသားအတိုင်းတိုင်း သိကြမြင်ကြပါ၊ သဉ်းနေပြီးသား, ဆိတ်နေပြီးသား, ငြိမ်းနေပြီးသားပါ၊ ဆုံးအောင် လုပ်ရမှာ မဟုတ်ဘူး၊ ငြိမ်းအောင် လုပ်ရမှာမဟုတ်ဘူး၊

ကုန်အောင် လုပ်ရမှာ မဟုတ်ဘူး၊ ချုပ်ငြိမ်းနေပြီးသား ဆိတ်သုဉ်းနေပြီးသား၊ သူ့ဟာသူ သုဉ်းဆိတ်နေပြီးသားပါ။

အဲဒါကြောင့် သူ့ဟာသူ သုဉ်းနေတဲ့အတွက် "သုညတော လောကံ အဝေက္ခဿု၊ မောဃရာဇ သဒါ သတော" အစရှိသဖြင့် အကျယ်ဟောတယ်၊ အဓိပ္ပါယ်ကတော့ ဒါပါပဲ၊ မောဃရာဇ ရဟန်းကို ဟောတာ၊ သုဉ်းနေတယ်, ဆိတ်နေတယ်, ချုပ်နေတယ်, ဘာတွေချုပ်နေတာလဲ ကုန်နေတာလဲဆိုတော့ ညစ်ပတ်တဲ့ ကိလေသာ စိတ်တွေ ဒီလို ပြောရင်တော့ ခင်ဗျားတို့ နားလည်မှာပဲ။

ဒီလိုရှုမယ်,မှတ်မယ်,ပွားများမယ်,ဆင်ခြင်မယ်, အောက်မေ့မယ် ဆိုတဲ့ စိတ်မျိုးတွေ အခုရပ်ကြည့်လိုက်တော့ စိတ်ကလေး အသာနားကြည့်လိုက်တော့ မရှိဘူး၊ မရှိတော့ ရှုလို့မဖြစ်ဘူးပေါ့၊ ရှုလို့မှတ်လို့မဖြစ်တော့ ဒီအဘိုင်းတိုင်း နေလိုက်တာပေါ့၊ အဲဒီလို နေသွားကြရမှာ၊ ဒေါသတွေက ချုပ်နေတဲ့တရားမို့လို့ ချုပ်နေတာသိတော့၊ ချုပ်ရာကိုမျက်မှောက်ပြု၍ နေလေတော့၊ ဒေါသကလဲ ဖြစ်နေတာမှမရှိပဲ ဘာနဲ့ဒေါသဖြစ်မှာလဲ၊ ဘာနဲ့ စိတ်ဆိုးမှာလဲ၊ ဘာနဲ့မှ စိတ်ဆိုးလို့မဖြစ်ဘူး၊ စိတ်ဆိုး မဖြစ်၍ စိတ်မဆိုးပဲ ဒီအတိုင်းတိုင်းနေကြ၊ ရာဂလဲချုပ်နေတယ်, သောကလဲ ချုပ်နေတယ်၊ အလားတူ အခြားစိတ်တွေလဲ ဒီလိုသိသွားရမှာပဲ၊ အဲဒါ လိုရင်းပါပဲ။

အဲဒီ စိတ်တွေက ကုန်နေတာ, သုဉ်းနေတာ, ဆိတ်နေတာ၊ အဲဒါ "သုညတော လောကံ အဝေက္ခဿု" လို့ ဟောတယ်၊

သုဉ်းပြီးသား၊ ငြိမ်းပြီးသား၊ ချုပ်ပြီးသား မဟုတ်ဘူးလား၊ ပကတိအတိုင်း ချမ်းသားပြီးသားကို နိဗ္ဗာန်လို့ ပြောတာဗျ၊ ဘာဖြစ်လို့လဲဆိုတော့ မချမ်းသာတဲ့သဘောတွေက ဖြစ်မလာသေးလို့ အဖြစ်အေးရှိနေတယ်၊ အဲဒါ အေးရာသိဟာပဲ။

ကဲ.. တော်လောက်ပါပြီ။

—*—

၁၃၂၄-ခုနှစ်၊ တပေါင်းလဆန်း

(၁၄)ရက်နေ့ညတွင် ပဲခူးမြို့ မြို့တော်

ခမ်းမကြီး၌၊ ကျောက်ဆည်မြို့ ကျေး

ဇူးရှင် ကျောက်သဘော ဆရာတော်

ဘုရားကြီး ဟောကြားတော်မူသော

( မဂ်ဥပါက် ဖိုလ်ဝင် နိဗ္ဗာန်မြင် )

တရားတော်မြတ်ဒေသနာ။

"မဂ်ပေါက်ဖိုလ်ဝင် နိဗ္ဗာန်မြင်"

တရားတော်မြတ်ဓေသနာ။

သိအပ်စရာ တရားတွေကို သိကြမြင်ကြရအောင် သိမြင်ရေး တရားကို ဟောကြားရမယ်။ တရားတွေကတော့ အများကြီးပဲပေါ့၊ အကျဉ်းအားဖြင့် ပြောရရင်တော့ တခုထဲပဲ ရှိပါတယ်၊ လောကီတရားတွေကလဲ သိစရာသိအပ်စရာဘရား၊ လောကုတ္တရာ တရားကသဲ သိစရာတရား၊ မျက်မှောက်ပြုစရာ တရားရယ်လို့ ရှိတယ်။

သိမြင်စရာတရားကို သိမြင်ကြရမှာ။ သိမြင်အောင်လို့ သတိ ထားပြီး နာကြားကြ၊ သိစရာတရားတွေကို ညွှေသျှခမ္မလို့

ခေါ်တယ်။ အဲဒီ ညေယျဓမ္မတွေဖြစ်တဲ့ သိစရာ တရားတွေကို သိတာ၊ အဘိညာဏ်ခေါ်တယ်၊ အဘိညေယျတရား၊ ပရိညေယျ တရား၊ သစ္ဆိကာတဗ္ဗတရားလို့ စာလိုခေါ်တယ်။

အဘိညေယျဆိုတဲ့ သိစရာစကားကို သိမြင်တဲ့ဉာဏ်ဖြစ်ရမယ်၊ ပရိညေယျဆိုတဲ့ ပိုင်းခြားအပ်တဲ့တရားကို ပိုင်းခြားပြီး သိတဲ့ ဉာဏ် ဖြစ်ကြရမယ်၊ သစ္ဆိကာတဗ္ဗဆိုတဲ့ မျက်မှောက်ပြုအပ်တဲ့ တရားကို မျက်မှောက်ပြုတတ်တဲ့ဉာဏ်တွေ ဖြစ်ကြရမယ်။

တရားတွေကတော့ ရှိပြီးသား၊ မှန်ပြီးသားပါ၊ သူ့အနေနဲ့ သူရှိပြီးသား၊ ဟုတ်ပြီးသား မှန်ပြီးသားပါ၊ လွဲနေတာရယ်လို့ မရှိဘူး၊ အဲဒါ သစ္စာဉာဏ်နဲ့ပြောတာ၊ လွဲနေတယ် မှားနေ တယ်ရယ်လို့ မရှိဘူး၊ ကောင်းတော့လဲ ကောင်းတဲ့ တရား၊ မကောင်းတော့လဲ မကောင်းတဲ့တရား၊ ကုသိုလ်တရားလဲတရားပဲ၊ အကုသိုလ်တရားလဲ တရားပဲ၊ ကုသိုလ်, အကုသိုလ်, မဟုတ်တဲ့ အဗျာကတ တရားကလဲ တရားပဲ၊ တရားတွေချည်းပဲ ဟုတ်နေ တယ်ဆိုတာ အဲဒါပြောတာ။

တနည်းပြောရရင် ဖြစ်ပေါ်လာတော့လဲ ဖြစ်ပေါ်လာတဲ့ တရား၊ မဖြစ်ပေါ်ပဲ ချုပ်နေတော့လဲ မဖြစ်ပေါ်ပဲ ချုပ်နေတဲ့ တရား၊ ဖြစ်ပေါ်တဲ့ မျိုးတွေကလဲ ဖြစ်ပေါ်တဲ့ မျိုးဖြစ်တဲ့တရား၊ အဲဒီ တရားတွေက စိတ်၊ စေတသိက်၊ ရုပ်တရားတွေ၊ အဲဒီစိတ်၊ စေတသိက်၊ ရုပ်ဆိုတဲ့ ဖြစ်ပေါ်တဲ့ မျိုးတွေက ဇာတိရှိတဲ့တရား၊ မဖြစ်ပေါ်ပဲ ချုပ်နေတဲ့ မျိုးကတော့ နိဗ္ဗာန်တရား၊ အဲဒီ နိဗ္ဗာန်

ကတော့ ဘယ်တော့ ဘယ်အခါမှ ဖြစ်ပေါ်အောင် လုပ်လို့ မရဘူး၊ သူက သူ့အမျိုးအတိုင်းတိုင်း ချုပ်ငြိမ်းနေတဲ့တရား။

နိဗ္ဗာန်ကို ဖြစ်ပေါ်လာအောင်လို့ လုပ်ရမှာ မဟုတ်ဘူး၊ သူ့အလိုလို ချုပ်ငြိမ်းနေဘာ၊ ချုပ်အောင်လဲ သွားလုပ်ရမှာ မဟုတ်ဘူး၊ အဲဒီ နိဗ္ဗာန်ကို သိဘတ်မြင်တတ်တဲ့ မဂ်စိတ် ဖိုလ်စိတ်၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် ဖြစ်ပေါ်အောင်သာ နာကြားကြရမှာ။

မဂ္ဂင်အကျင့်ကိုဘော့ ဖြစ်အောင်လုပ်ရမယ်၊ လုပ်ရမဲ့တရားက အဲဒီတရား၊ အဲဒီမဂ္ဂင်အကျင့် ပဓာနပဲ။

မဂ္ဂင်ဆိုရာမှာလဲ နိဗ္ဗာန်ကိုမြင်မှ မဂ္ဂင်ကျဖြစ်မှာ၊ ဘုန်းကြီးတို့ ပြောနေဘာက မဂ္ဂဖလသမ္မာဒိဋ္ဌိမဂ္ဂင်ကိုပြောနေတာ၊ မဂ္ဂင်တွေလဲ အမျိုးမျိုးရှိတယ်၊ သစ္စာတိုက်ဘဲ့မဂ္ဂင်ဖြစ်ဖို့ အရေးကြီးတယ်၊ အကုသိုလ်တရားတွေကလဲ မဂ္ဂင်နဲ့သွားဘာပဲ၊ သူ့မဂ္ဂင်ကလဲ သာလို့တောင်များသေးတယ် ၁၂-ပါးဘောင်ရှိတယ်၊ သူကလဲ မဂ္ဂင်ပဲ၊ မဂ္ဂင်တွေကတော့ ...

မိစ္ဆာမဂ္ဂင်၊
ကမ္မသကတာသမ္မာဒိဋ္ဌိမဂ္ဂင်၊
ဈာနသမ္မာဒိဋ္ဌိမဂ္ဂင်၊
ဝိပဿနာသမ္မာဒိဋ္ဌိမဂ္ဂင်၊
မဂ္ဂဖလသမ္မာဒိဋ္ဌိမဂ္ဂင်၊

ရယ်လို့ အမျိုးမျိုးရှိကြဘယ်၊ ဒါကြောင့်မို့ အားထုတ်တာဘွေကတော့ မဂ္ဂင်နဲ့အားတုဘ်ဘာပါပဲ၊ နိဗ္ဗာန်ကို မြင်တဲ့ သစ္စာထိုက်ဘဲ့ မဂ္ဂဖလသမ္မာဒိဋ္ဌိသာ ဖြစ်ကြဘာ၊ ဤသို့

သိထားကြပါ၊ ကိုယ်အားထုတ်နေတဲ့မဂ္ဂင်က ဘာမဂ္ဂင်လဲဆိုတာကိုလဲ ဆန်းစစ်ကြည့်ကြ။

ဥပမာအားဖြင့် ရထားစီးကြတဲ့သူတွေလိုပေါ့၊ မန္တလေးသွားလဲ ရထားစီးရတာပဲ၊ ရန်ကုန်, မော်လမြိုင်, ပြည် သွားတာလဲ ရထားစီးရတာပဲ၊ ကိုယ်သွားချင် ရောက်ချင်တာက မန္တလေး၊ ဒါပေမဲ့ ကိုယ်တက်စီးထားတဲ့ ရထားက မော်လမြိုင်ရထားဆိုရင် ကိုယ်ရောက်ချင်တဲ့ မန္တလေးကို ရောက်နိုင်ပါတော့မလား၊ အဲဒီဥပမာလိုပဲ ဒီမှာလဲ ကိုယ်ရောက်ချင်တာနဲ့ ကိုယ်အားထုတ်နေတဲ့ မဂ္ဂင်နဲ့လဲ စစ်ဆေးကြည့်ပါဦး၊ ရောက်ချင် မျက်မှောက်ပြုချင်တာက နိဗ္ဗာန်၊ အားထုတ်နေတာက နိဗ္ဗာန်ကို မြင်စေနိုင်တဲ့ မဂ္ဂဖလသမ္မာဒိဋ္ဌိ မဖြစ်ပဲ တခြားမဂ္ဂင်တွေ ဖြစ်နေကြအုံးမယ်၊ သတိထားကြ။

မဂ္ဂင်ကတော့ မဂ္ဂင်ချည်းပဲ၊ အားထုတ်တော့ အားထုတ်တဲ့မဂ္ဂင်၊ ကုသိုလ်ဖြစ်တယ်၊ လူဖြစ်တယ်၊ နတ်ဖြစ်တယ်၊ လူချမ်းသာ နတ်ချမ်းသာ ဖြစ်တယ်၊ အဲဒီလို ဗြဟ္မာချမ်းသာဖြစ်တဲ့ မဂ္ဂင်၊ ဝိပဿနာဉာဏ်ဖြစ်တဲ့ မဂ္ဂင်၊ ဝိပဿနာဉာဏ်ဆိုတာ ဝိပဿနာဉာဏ်ဖြစ်ပြီးလို့ပြောတဲ့လောကီမဂ္ဂင်၊ အဓိက အရေးကြီးတာကတော့ မဂ္ဂသစ္စာထိုက်တဲ့ မဂ္ဂဖလသမ္မာဒိဋ္ဌိ မဂ္ဂင်ကမှ နိဗ္ဗာန်မြင်တဲ့ မဂ္ဂင်ဖြစ်တယ်။

အဲဒီတော့ နိဗ္ဗာန်မြင်တဲ့မဂ္ဂင်ဖြစ်အောင် ဟောရမှာပဲ၊ သတိထားပြီးတော့ နာယူကြ၊ တရားတွေ ဘယ်လောက်များပေမဲ့

လိုရင်းအကျဉ်းချုံးလိုက်ရင် ဝိမုတ္တိရသအားဖြင့် တပါးသာလျှင် ရှိပါတယ်၊ အဲဒီဝိမုတ္တိဆိုတဲ့ တရားကိုပဲ ဒီညဟောရမယ်။

တကာကြီးတို့ ဇကာမကြီးတို့ ကျွတ်ချင်လွတ်ချင် သံသရာက လွတ်မြောက်ချင်ကြတာကိုး၊ သုံးဆယ် တဘုံမှ ကျွတ်ချင်ကြတယ်၊ လွတ်ချင်ကြတယ်၊ မကောင်းတဲ့ ဒုက္ခအပေါင်းတို့မှ လွတ်ချင်ကြ၊ အေးချင်ကြတယ်၊ လွတ်ရာလွတ်ကြောင်းဖြစ်တဲ့ ဝိမုတ္တိကို ဟောကြားလို့ ရင်းဝိမုတ္တိတရားကိုမြင်တဲ့ ဉာဏ်က လွတ်ကြောင်းဖြစ်ပါရောဗျ။

ဝိမုတ္တိတရားက လွတ်ရာ၊ မြင်တဲ့ဉာဏ်က လွတ်ကြောင်း။ လွတ်ရာလွတ်ကြောင်းတရားတဲ့၊ လိုရင်းကတော့ ဒါပါပဲ။

တို့တကာ တကာမများ တရားကို ရှာကြတာ၊ တရားမသိနိုင်ဘူး၊ တရားမတွေ့နိုင်ဘူး၊ မပြီးနိုင်ပဲ နေကြတယ် မဟုတ်ဘူးလား၊ မပြီးနိုင်ကြလို့ တလည်လည်နဲ့ ဟိုလိုကျင့်၊ ဒီလိုကျင့်၊ ဟိုလိုယူ၊ ဒီလိုယူ၊ ဟိုလိုမှတ်၊ ဒီလိုမှတ်၊ ဟိုလိုတွေး၊ ဒီလိုတွေးနဲ့ ဟုတ်မှ ဟုတ်ပါ့မလားလို့ ရှုပ်ပွေ နေလိုက်ကြတာ တွေကလဲ အများအပြားပဲ၊ ရှုပ်ဆိုပြန်တော့လဲ ဘယ်က ရှုပ်မှန်းလဲ မသိကြဘူး၊ ဟိုတရားတွေကရှုပ်တယ်၊ ဒီတရားတွေက ရှုပ်တယ်နဲ့ ပွေလို့၊ ဟိုတရားက ဟုတ်နိုးနိုး ဒီတရားကလဲဟုတ်နိုးနိုး ရှုပ်လိုက်တာ ပွေလို့တဲ့။

ဒီလောက်တောင် ရှုပ်လှမှဖြင့် ဘာမှမလုပ်ကြနဲ့တော့လို့ ဘုန်းကြီးတို့ကသဲ လွယ်လွယ်ပဲပြောလိုက်တာပဲ၊ ဟုတ်တယ် ဘာမှ မလုပ်တော့မှ လုပ်တာတွေ၊ လုပ်မှုတွေက မဖြစ်တော့ဘူး။

လုပ်တာတွေက လုပ်မှ လုပ်မှုတွေ ဖြစ်နေမှာ၊ ဘာမှမလုပ်ခင် ပကတိကတော့ အလိုလိုကတော့ လုပ်မှုတွေမှချုပ်နေတယ်၊အဲဒီ ချုပ်နေတာမို့၊ ချုပ်ရာသာလျှင် ရှိပါတယ်၊ အဲဒီချုပ်ရာရှိတာ ဝိမုတ္တိလို့ ခေါ်တာပါ၊ ဒီအတိုင်းပဲ ရှိနေပါတယ်၊ အဲဒီတော့ ချုပ်တာသိပြီးတော့ ချုပ်ရာကို မျက်မှောက်ပြုနေဖို့ပြောတာပဲ၊ ဒီလို ပြောပေမယ်လို့ ဘယ်လို နားလည် သွားကြမယ်တော့ မသိဘူး။

ရှုပ်တယ်ဆိုတဲ့ စကားကလဲ ဟိုတရားတွေက ရှုပ်ပါတယ်၊ ဒီတရားတွေက ရှုပ်ပါတယ်ရယ်လို့ အဲဒီလိုအပြစ်တင်နေကြတာ မဟုတ်ဘူး၊ ခင်ဗျားတို့သာလျှင်သိုရင်း၊ ရှုပ်တယ်ဆိုတာဘယ်မှာ ရှုပ်တာလဲ၊ ဟိုတရား ဒီဟာရားဘာက ရှုပ်တာလား၊ ခင်ဗျားတို့က ရှုပ်တယ်လို့ထင်တဲ့ စိတ်ကသာလျှင်ရှုပ်၍ နေတာလား၊ ရှုပ်တာ က မိမိတို့က ရှုပ်တယ်ထင်လို ရှုပ်တာ၊ စိတ်ဆိုတာက ရှုပ်တယ် ထင်ရင် ရှုပ်တာပဲ၊ ဟုတ်တယ် ထင်တော့လဲ ဟုတ်ပြန်တာပဲ၊ မဟုတ်ဘူးထင်တော့လဲ မဟုတ်ဘူး ဖြစ်ပြန်တာပဲ၊ လူလို့အထင် ဖြစ်တော့လဲ လူရယ်လို့ အထင်ဖြစ်ပြန်တာပဲ၊ ယောကျ်ားလို့ ထင်တော့လဲ ယောကျ်ားလို့အထင်ဖြစ်ပြန်တာပဲ၊ ချစ်တယ်လို့ ထင်တော့လဲ ချစ်တဲ့စိတ်ရယ်လို့ အထင်ဖြစ်ပြန်တာပဲ၊ တခါ သူ့ကိုပဲ မုန်းတယ်လို့ ထင်တော့လဲ မုန်းတဲ့စိတ်ရယ်လို့ အထင် ဖြစ်ပြန်တာပဲ၊ ဘာတွေကိုပဲထင်ထင် ထင်ချင်သလို ဖြစ်တယ်။

အဲဒီစိတ်အလုပ်၊ စိတ်အတွေး၊ စိတ်အကြံ၊ စိတ်အမှု၊ စိတ်ကိစ္စ တွေ၊ အဲဒီ စိတ်ကို ဦးစားမပေးနဲ့၊ စိတ်အလုပ် မပေးနဲ့လို့

ပြောတာ၊ အဲဒီလို လောကီနှင့် လောကုတ္တရာကို ပိုင်းခြားပြီး ပြောတာ၊ စိတ်အလုပ် လုပ်သမျှမှာတော့ ကောင်းကောင်း ဆိုးဆိုး အမျိုးမျိုး ဘာဘဲဖြစ်ဖြစ် လောကီလို့သာ မှတ်ပါ၊ လောကုတ္တရာ ဆိုတာက အဲဒီစိတ်တွေကို ဦးစားမပေးပဲ စိတ် အလုပ် မလုပ်တာ၊ စိတ်အလုပ် မလုပ်မိက အလိုလိုအေးနေတဲ့ အေးရာ, ငြိမ်းရာ, ချုပ်ရာ တရားကြီးက ထင်ရှားရှိဘယ်။

စိတ်အလုပ်မလုပ်လို့ သေသွားသလားဆိုတော့ မသေပါဘူး၊ မသေပဲ ဒီအတိုင်းတိုင်း နေတဲ့စိတ်၊ စိတ်အတိုင်းတိုင်း ဆိုတာ စိတ်အလုပ် မဟုတ်ဘူးပေါ့၊ မလုပ်လို့ သေသွားတာမဟုတ်ဘူး၊ မသေလို့ စိတ်အတိုင်းတိုင်းလို့ ဘုန်းကြီးတို့က ဟောတာ၊စိတ် အလုပ်မရှိဘူးဆိုတာ သေသွားပြီလားလို့ပြောရင် သေသွားရင် ပုပ်သွားမှာပေါ့။

စိတ်အတိုင်းတိုင်းဆိုတာဖြစ်နိုင်ပါ့မလား၊ ဟုတ်နိုင်ပါ့မလား လို့ အချို့ကပြောကြတယ်၊ မသိသေးတော့လဲ ပြောကြမှာ ပေါ့၊ စိတ်ဆိုတာ မကုန်ဘူးဗျ၊ စိတ်ဆိုတာ ကုန်တယ်လို့ ကုန် ကောင်းတဲ့တရားမဟုတ်ဘူး၊ စိတ်မှာဖြစ်လေ့ရှိတဲ့ အာသဝေါ ကုန်မှာ၊ အဲဒီ အာသဝေါကုန်လို့ ကျန်တဲ့စိတ်၊ အာသဝေါ ကုန်တော့ စိတ်ချည်. ကြွင်းကျန်လိမ့်မယ်၊ စိတ်ကတော့ စိတ်ပဲ၊ ဒီစိတ်က မတုန်လှုပ်တဲ့စိတ်၊ မတုန်လှုပ်ပဲ ဒီအတိုင်း နေတဲ့စိတ်၊ စိတ်-စိတ်အတိုင်းတိုင်း နေတာပေါ့၊ အဲဒီ စိတ်ကို ပြောတာ၊ အဲဒါကြောင့် အာသဝ,ဩဃ, ယောဂ, နိဝရဏ အစရှိတဲ့တရား

တွေ့သာ ကုန်ကောင်းတာပါ၊ စိတ်ကုန်သွားကောင်းတာမဟုတ်ဘူး၊ စိတ်အတိုင်းတိုင်းရှိတယ်။

ဝိမုတ္တိဆိုတာ သူ့အလိုလိုကတော့လွတ်နေတယ်၊ လွတ်နေတဲ့တရားရှိပါတယ်၊ အဲဒါကြောင့်မို့ ရှိပြီးသားပါ၊ ဒါကြောင့်ဝိမုတ္တိရသ အားဖြင့် တပါးသာလျှင် ရှိတယ်၊ ခွဲမယ် ဆိုလို့ရှိလျှင်လဲ....

ဝိမုတ္တိရသအားဖြင့် တပါး၊
ဓမ္မဝိနယအားဖြင့် နှစ်ပါး၊
ပိဋကတ်အားဖြင့် သုံးပါး၊
နိကာယ်အားဖြင့် ငါးပါး၊
အင်္ဂါအားဖြင့် ကိုးတန်၊

ဓမ္မက္ခန္ဓာအားဖြင့် ရှစ်သောင်းလေးထောင်၊

ယူဇနာပေါင်း ရှစ်သောင်းလေးထောင် ပမာ ဆောင်၍ မဟာ မြင့်မိုရ်တောင်ကြီး ပမာဏ ကျယ်ဝန်းတယ်၊ ရှိတယ်၊ နက်တယ်လို့ ဟောခဲ့တာ။

အဲဒီလိုရှိပေမယ်လို့ အကျယ်တွေကိုလိုက်နေဖို့မဟုတ်ပါဘူး၊ ဖြစ်စရာရှိတော့ဖြစ်၊ ဖြစ်ပြီးတော့လဲပျက်မှာပဲ၊ သစ္စာတရားတွေကို၊ သစ္စာဆိုတာ အမှန်လို့ဆိုတာ၊ ဘယ်တော့မှ မလွဲဘူး။ လောဘဆိုတဲ့တရားတွေ ဖြစ်ဖြစ်လာတာလဲ မှန်တယ်၊ သစ္စာအားဖြင့် အမှန်ရှိတယ်၊ ဒီနေရာမှာ ရှိတယ်ဆိုတာ ဖြစ်ပြီးသားအနေနဲ့ရှိနေတာ မဟုတ်ဘူး၊ ဥပါဒ်-ဋ္ဌီ-ဘင်နဲ့ ရှိတာမျိုးမဟုတ်ဘူး၊ ဥပါဒ်-ဋ္ဌီ-ဘင် ဖြစ်ဆဲလဲမဟုတ်ဘူး၊ ဥပါဒ်-ဋ္ဌီ-ဘင်

အဖြစ်ကို မရောက်သေးဘူး၊ ပရမတ္တအနေနဲ့ ရှိတယ်၊ သင်္ခတအနေနဲ့ ရှိတယ်၊ သုညတ အနေနဲ့ ရှိတယ်၊ အသင်္ခတ အနေနဲ့ ရှိတယ်၊ခယအနေနဲ့ ရှိတယ်၊ဝယအနေနဲ့ ရှိတယ်၊ ဝိရာဂအနေနဲ့ ရှိတယ်၊ နိရောဓအနေနဲ့ ရှိတယ်။

အဲဒီဖြစ်ဆိုတာ ဖြစ်စရာသဘော၊ ဖြစ်ဦးမဲ့သဘော၊ ဖြစ်ခွင့်ရှိက ဖြစ်စရာသဘော၊ ဒီအနေနဲ့ ရှိတာ၊အဲဒီအရှိက ဘယ်တော့မှ မပျက်ဘူး၊ ဘယ်တော့မှလဲမကုန်ဘူး၊ဘယ်တော့မှလဲ မသုဉ်းဘူး၊ ဘယ်သူမှလဲ ဖန်ဆင်းထားတဲ့ တရားမဟုတ်ဘူး၊ ဘယ်သူမှ ပြုပြင်ထားတဲ့ တရားမဟုတ်လို့ အဲဒါကြောင့် ပရမတ်လို့ဆိုတာ။

မဖေါက်မပြန် မြဲမြန်စွာ မြတ်တယ်လို့ ဆိုတာ၊ ဒါပေမဲ့ ဘယ်လိုမြဲမြန်တယ်၊ ဘယ်လိုမြတ်တယ်ဆိုတာ သိခဲ့တယ်၊ သူ့အလိုလိုအားဖြင့် ရှိနေတာ အမြဲရှိနေတာ၊ အမှန်ရှိနေလို့ ရှိကြောင်း ဘာဖြစ်လို့ သိရသလဲ၊ ဖြစ်ဖြစ်လာလို့ သိရတာ၊ ဖြစ်လာလို့ရှိရင် ဒီနေရာကဖြစ်လာလို့ရှိရင် ရှိနေတယ်လို့ဆိုတာ သိတာ။

ဥပမာ ဒီနေရာက ရွှေတွေ၊ငွေတွေ၊ကျောက်သံပတ္တမြားတွေ တွက်တယ်လို့ ဆိုလို့ရှိရင်၊ ဒီနေရာမှာ ရွှေတွေ ငွေတွေ၊ ကျောက်သံပတ္တမြားတွေရှိတယ်လို့ သိရတာပဲ၊အဲဒီလိုပဲ ပရမတ်အရှိကိုလဲ ဒီလိုသိရမယ်၊ မဖေါက်မပြန် မြဲမြန်စွာ မြတ်သော ပရမတ်တရားဆိုတာ အဲဒါ၊ ဖြစ်လာတော့မှ ဖေါက်ပြန်ပျက်စီးကုန်ကြမှာပေါ့၊ ဝိပရိနာမလက္ခဏာတွေ ဖြစ်ကုန်ကြမှာပေါ့၊ မဖေါက်မပြန် မြဲမြန်စွာ မြတ်တယ်ဆိုတာ ဘယ်သူမှ မပြုပဲ၊

သူ့အနေနဲ့ သူမှန်နေတာ ရှိနေတာ၊ ရှိနေလို့ ဖြစ်ဖြစ်လာတာပေါ့၊ အဲဒါ အနုသယအနေနဲ့ ပြောတာ အနုသယဘုံ၊ ဖြစ်လာတော့ ပရိယုဋ္ဌာနဘုံ၊ လွန်ကျူးတော့ ဝီတိက္ကမဘုံလို့ ခေါ်တယ်၊ အဲဒါ နက်နဲတယ် ခက်ခဲတယ်၊ ပရမတ္ထဝိဒူတဲ့၊ မြတ်စွာဘုရား ဤလိုသိတော်မူတာ။

ဤလိုသိတော့ အလျော့ပေးလိုက်တာ အရှုံးပေးလိုက်တာပေါ့၊ သူ့အနေနဲ့ မရှိလို့ ကုန်အောင်လုပ်တော့ ဘယ်တော့မှ မကုန်ဘူး၊ သခ်ဘတရားဆိုတာ ကုန်အောင်လုပ်လို့ ကုန်ကောင်းတာမျိုးမဟုတ်ဘူး၊ သခ်ါရ တရားတွေကသာ ပျောက်ပျက်ကုန်ဆုံးသွားတာ၊ ဘုရားတို့ မြင်တာက ဤလိုတရားကို တရားအတိုင်းတိုင်း သိတာ မြင်တာ။

ဘုရားတွေပရိနိဗ္ဗာန်စံယူတော့ တရားတွေက ကုန်သွားရောလား၊သာဝကတွေပရိနိဗ္ဗာန်စံယူတော့ရော လျော့သွားသလား၊ နည်းသွားသလား၊ ကြံစမ်းပါ၊ ဘုရားတွေသာလျှင် ဂင်္ဂါဝါလုသဲစုအမျှ ပွင့်တော်မူခဲ့တယ်၊ ၎င်းဘုရားတွေက တဆူတဆူတွင် နှစ်ဆယ့်လေးသင်္ချေ၊ ကုဋေ့ခြောက်ဆယ်၊ ဗိုလ်ခြေတသိန်း၊ ကျွတ်တန်းတွေ ဝင်ခဲ့ကြတယ်တဲ့၊ တရားတွေကတော့ မလျော့သွားပါဘူး၊ ဖြစ်ပြီးသားတရားတွေ အနေနဲ့ ကမရှိလို့မို့ ပရမတ္ထအားဖြင့်ကတော့ မလျော့ဘူး၊ ဒီအတိုင်းပဲ ကမ္ဘာတွေ အကြိမ်ကြိမ် ပျက်သော်လဲ၊ ကမ္ဘာမီးတွေ အကြိမ်ကြိမ်လောင်သော်လဲ၊ သစ္စာလေးပါး(ဝါ) ဝိမုတ္တိတရားကတော့ ဒီအတိုင်း ဒီအတိုင်းပဲ၊ ဒီလောက်မြဲတဲ့ နိစ္စ ဓုဝ သဿတတရားပဲ။

အနိစ္စဓမ္မဆိုတဲ့ စိတ်စေတသိက် ရုပ်ဆိုတဲ့ တရားတွေကလဲ အတူတူပါပဲ၊ သမုဒယ ပယ်တယ်ဆိုတာက ဘယ်လိုလဲ၊ ဒီနေရာမှာ ရှင်းလင်းစရာတွေက ဒီလိုပါ၊ ဝိမုတ္တိကို မြင်နေတဲ့ဉာဏ် ဖြစ်နေတော့ ဝိမုတ္တိကို မြင်နေတဲ့ဉာဏ် ဖြစ်ခြင်းအားဖြင့် သမုဒယ မဖြစ်အားဘူး၊ဖြစ်ခွင့်မရဘူး၊ ဥပမာအားဖြင့် ဘုန်းကြီးက ဒီနေရာမှာ ထိုင်နေတော့ ဘယ်သူမှ ဝင်ထိုင်လို့ မရဘူး၊ အဲဒီလိုပဲ လောဘဖြစ်နေကျနေရာမှာ ဝိမုတ္တိကိုမြင်နေတဲ့ (၀၁) နိဗ္ဗာန်ကို မြင်နေတဲ့ မဂ်ဉာဏ်က ဖြစ်နေလို့ လောဘဆိုတဲ့ သမုဒယက ဖြစ်ခွင့်မရဘူး၊အဲဒါကို သမုဒယပယ်တယ်လို့ ပြောတာ၊ တနည်းအားဖြင့် မဂ်က ကိလေသာတွေကိုပယ်တယ်လို့ ပြောတာ။

အဲဒါပရမတ္ထ တရားတို့ရဲ့ နက်နဲပုံ၊ ခက်ခဲပုံတွေ၊ သဗ္ဗညုမြတ်စွာဘုရား ဤလိုဟောတော်မူတယ်၊ သစ္စာအနေနဲ့ မြင်တော်မူတယ်၊ ဖြစ်စရာသဘောတွေကတော့ ဒီအတိုင်းပဲ၊ ဘယ်တော့မှ မကုန်ဘူး ဖြစ်ပြီးသားအနေနဲ့ သာမရှိတာ။ ဖြစ်အောင်လုပ်လျှင် ဖြစ်ဦးမည့် သဘောကတော့ ရှိနေတယ်၊ တခုခုကို တီးခေါက် ကြည့်စမ်းပါလား၊ အသံတွေ မြည်မလာဘူးလား၊ ရိုက်ပေးရင် မြည်မှာပေါ့၊ ရိုက်လေ မြည်လေပဲ၊ မြည်ပြီးသားကတော့ မရှိဘူး၊ ရိုက်လျှင် မြည်တဲ့သဘောကတော့ ရှိတယ်၊ ဘယ်တော့မှမကုန်ဘူး၊ အသံတွေကုန်အောင်လို့ ရိုက်ထုတ်လို့ ကုန်ပါ့မလား၊ ဖြစ်လာတဲ့သဘောကသာ ပျက်ကုန်မှာ၊ ပြုလျှင် ဖြစ်ဦးမဲ့သဘောကတော့ မကုန်ဘူး၊ မမြဲဘူး၊ အမြဲမရှိဘူးဆိုတာ အဲဒီလိုပြုပြင်လို့ဖြစ်ဖြစ်လာတဲ့ သင်္ခါရတရားတွေကို ပြောတာ၊

သင်္ခါရတရားဖြစ်တဲ့ ပြုလျှင်ဖြစ်ဦးမဲ့သဘောကတော့ လျော့တယ်၊ ကုန်တယ်လို့မရှိဘူး။

အဲဒါကိုမယုံရင် ကြေးစည်ကြီးတလုံးကိုတီးကြည့်ပါ၊ တီးလေမြည်လေပဲ၊ မြည်လာတဲ့အသံတွေကသာ ပျောက်ပျက် ကုန်ဆုံးမယ်၊ တီးလျှင် မြည်ဦးမဲ့ မြည်စရာတွေကတော့ ဒီအတိုင်း ဒီအတိုင်းပဲ၊အဲဒီလိုပဲ ခင်ဗျားတို့တတွေ ကုသိုလ်တွေပြုဘူးကြမှာပေါ့၊ ပြုခဲ့တဲ့ကုသိုလ်တွေကတော့ ပျောက်ပျက် ကုန်ဆုံးခဲ့ပြီ၊ ထပ်ပြုလျှင် ဖြစ်ဦးမည့် သဘောကတော့ ရှိနေတာပဲ၊ ဒီအတိုင်း ဒီအတိုင်းပဲ၊ တွေးတောကြံစည်တော့ တွေးတောကြံစည်တာတွေက ပျောက်ပျက်ကုန်ဆုံးခဲ့တယ်၊ တွေးစရာ,ကြံစရာ ဖြစ်စရာ တရားတွေကတော့ ဒီအတိုင်း ဒီအတိုင်းပါပဲ၊ ဒါဖြင့်ရင် ပြုပြင်နေလို့ကော့ မထူးပါဘူး၊ ရှုမှတ်နေလို့တော့ မထူးပါဘူး၊ ပြုဘာတွေ့ ရှုတာတွေ့မှတ်တာတွေကသာ ပျောက်ပျက်ကုန်ဆုံးတယ်လို့သိတော့ ပြုရပြင်ရ ရှုမှတ်ရမှာကို ပျင်းပြီး ငြီးငွေ့လာတယ်၊ နိဗ္ဗိန္ဒဉာဏ်ဖြစ်လာတယ်၊ အဲဒီလို ပြုပြင်ရမဲ့သဘောတွေကို မနှစ်သက်တော့ပဲ ဥပေက္ခာပြုလာတော့တယ်။

အနတ္တလက္ခဏာသုတ်မှာ ဟောတော်မူခဲ့တယ်၊ ရုပ်,ဝေဒနာ,သညာ ဝိညာဉ်အစရှိသည်တို့သည် အနိစ္စလား၊ နိစ္စလား၊ ဒီလိုမေးထားတော့ အနိစ္စပါဘုရား၊ မမြဲပါဘူးဘုရား၊ အမြဲမရှိပါဘူးဘုရား၊ အဲဒီတရားတွေဟာ ဆင်းရဲသလား၊ ချမ်းသာသလား မေးတော့ ဆင်းရဲပါတယ်ဘုရား၊ အဲဒီတရားတွေဟာ အတ္တဟုတ်ပါ့မလား၊ ပုဂ္ဂိုလ်သတ္တဝါ ဟုတ်ပါ့မလား၊ ယောကျ်ား

မိန်းမ ဟုတ်ပါ့မလား စသည်ဖြင့် ဒီလိုမေးလေတော့၊ မဟုတ်ပါဘူးဘုရား၊ တရားတွေသာလျှင် ဟုတ်ပါတယ်ဘုရား၊ တရားတွေသာ ဟုတ်တယ်ဆိုတော့ တရားတွေဖြစ်ပြီးတော့ တရားတွေ ပျက်မှာမို့၊ တရားတွေဖြစ်အောင် ပျက်အောင်လုပ်နေရတာကို အပြစ်မြင်လာတယ်၊ မုန်းလာတယ်၊ ငြီးငွေ့လာတယ်၊ ကိုယ်ရှုမှတ်နေရတာကို တရားတွေဖြစ်၊ တရားတွေပျက်မှာပဲ၊ ဖြစ်လာခဲ့တဲ့ တရားတွေလဲ ပျောက်ပျက် ကုန်ဆုံးသွားမှာပဲလို့ ဒီလိုသိတာ၊ အခုပြောတာတွေဟာ ပဋိဝေဓ ဉာဏ်အမြင်နဲ့ သိပုံတွေကို ပြောတာ။

ရှုမှတ်တာတွေ တွေးကြံဘာတွေ ကတော့ ပျောက်ပျက်ကုန်ဆုံးသွားတာ၊ ရှုမှတ်စရာ တွေးကြံစရာသဘောတွေကတော့ ဒီအတိုင်းတိုင်းပဲ၊ အဲဒါကြောင့် ဒေါသတွေကတော့ ဖြစ်တယ်၊ ဖြစ်ပြီးတော့လဲ ပျောက်ပျက်ကုန်ဆုံးသွားတယ်၊ ပြုလျှင်ဖြစ်ဦးမဲ့ သဘောကတော့ ဒီအတိုင်းတိုင်းပဲ၊ ပုထုဇဉ်တွေ မှာကတော့ ဒီလိုပဲဖြစ်နေကြတာမဟုတ်ဘူးလား၊ ချုပ်ငြိမ်းရာကိုမြင်တတ်တဲ့ အရိယာများမှာကတော့ ငြိမ်းလျှင် ငြိမ်းတဲ့အတိုင်းတိုင်း နေထိုင်ကျင့်သုံးသွားတော့ ငြိမ်းချမ်း၍ နေကြဘာ။

ငြိမ်းရာကိုမြင်ပြီး ငြိမ်းသလို နေထိုင်ကျင့်သုံးခဲ့လျှင် ငြိမ်းအေးမည့် သဘောကလဲ ထင်ရှားရှိနေတယ်။

အဲဒီလိုပြုလျှင် ဖြစ်ဖြစ်လာသော သခ်ါရတရား၊ ပြုပြင်လျှင် ဖြစ်ဖြစ်လာဦးမည့် သဘောရှိတဲ့ သခ်တတရား၊ သူ့အလိုလို

ပကတိ ငြိမ်းအေးနေတဲ့ ငြိမ်းရာ၊ အသခ်တတရားတို့ကို ပိုင်းပိုင်း ခြားခြား သိကြရမယ်။

လောဘတဏှာဆိုတဲ့ သမုဒယသစ္စာရှိနေလို့ရှိရင် ဒုက္ခသစ္စာကတော့ ဖြစ်နေမှာပဲ၊ လိုချင်ရင်ဖြင့် လိုချင်ရုံနဲ့ ရပ်နေဦးမှာ မဟုတ်ဘူး၊ ရအောင်အားထုတ်မှုတွေ ပြုကြရမှာပဲ၊ အမျိုးမျိုး အမည်မည် ကာယကံ ဝစီကံ အစရှိသည်ဖြင့် ပြောဟဲ့ ဆိုဟဲ့ လုပ်ဟဲ့ ကိုင်ဟဲ့နဲ့ ပြုပြင်ရဦးမယ်၊ အားထုတ်ရဦးမယ်၊ အဲဒါ ဒုက္ခတွေ ဖြစ်ရလာတာပဲ၊ အဲဒါကြောင့် သမုဒယသစ္စာကြောင့် ဒုက္ခသစ္စာဖြစ်ပုံကို ပြောပြရတာ၊ သစ္စာဖွဲ့ပြတာ၊ သမုဒယသစ္စာ ဆိုတာ သူ့အလိုလိုကတော့ ဖြစ်ပြီးသားမရှိဘူး၊ တွေးတော ကြံစည်အောက်မေ့တော့မှ ဖြစ်လာတဲ့တရားတွေပဲ၊ အလိုလို ရှိပြီးသားကတော့ ငြိမ်းရာဆိုတဲ့ နိရောဓ သစ္စာတရားသာလျှင် ရှိပါတယ်၊ အဲဒီငြိမ်းရာ နိရောဓသစ္စာမြင်တဲ့ဉာဏ်က မဂ္ဂသစ္စာ ခေါ်တယ်။ အဲဒီလို သစ္စာလေးပါးကို သိကြရမယ်။

ဃိုရင်းကတော့ ပကတိအားဖြင့်ရှိနေတဲ့ နိရောဓသစ္စာဆိုတဲ့ ဝိမုတ္တိရသ တရားတခုကိုသာလျှင် ဉာဏ်ဖြင့် သိမြင်ရဖို့ပါပဲ၊ အဲဒါ သတိထားပြီးတော့ နာကြားကြ၊ ဘာတွေ ညာတွေ ဟိုဟာတွေ ဒီဟာတွေ မတွေ့ပေမဲ့၊ ဒီဝိမုတ္တိတရားကြီးသိရင် ပြီးပါတယ်၊ ဝိမုတ္တိဆိုတာ လွတ်နေတယ်၊ ကျွတ်နေတယ်၊ တရားနာလာကြတဲ့ ပရိသတ်တွေ ကျွတ်ချင်၊ လွတ်ချင်ကြတယ် မဟုတ်လား၊ ဒုက္ခ ခပ်သိမ်းတို့မှ လွတ်ချင်ကြတယ်၊ ကျွတ်ချင်ကြတယ် ထွက်မြောက်ချင်ကြတယ်၊ အဲဒီကျွတ်ရာ လွတ်ရာဆိုတဲ့ ဝိမုတ္တိတရားကိုမြင်မှ

ကျွတ်ခြင်း၊ လွတ်ခြင်းဆိုတဲ့ဉာဏ်က ဖြစ်နေမှာ၊ မသိတဲ့ မမြင်တဲ့ အဝိဇ္ဇာကစပြီးတော့ ချုပ်မှာ၊ အဲဒါကြောင့်မို့ ဝိမုတ္တိတရားကို သိဘို့ တခုသာလျှင် အရေးကြီးတော့တယ်။

ဝိမုတ္တိက အလိုလိုက လွတ်နေတဲ့ လွတ်ပြီးသားကြီး၊ လွတ်ပြီးသားကြီးဆိုတာ မြင်ကြရအောင် ဥပမာတခု ပြောပြရမယ်၊ တရားနာနေကြတဲ့ ပရိသတ်တွေ ယခုအချိန်, ယခုအခါ, ယခုအခိုက်မှာ အပါယ်လေးဘုံမှ လွတ်နေတာ မဟုတ်ဘူးလား"၊ ဟုတ်သလား၊ လွတ်နေပါတယ်၊ အပါယ်လေးဘုံမှ လွတ်နေပါတယ်၊ အခုအတိုင်းအတိုင်း ကတော့ လွတ်နေပါတယ်၊ အခု အပါယ်လေးဘုံမှ လွတ်နေတာမို့ လွတ်ရာကြီး ရှိတယ်၊ အဲဒီ လွတ်ရာကြီးကိုသိမှ ခင်ဗျားတို့ အပါယ်လေးဘုံက လွတ်မယ်၊ လွတ်တော့ လွတ်ပါရဲ့ လွတ်ရာကတော့ရှိပါရဲ့၊ မသိတာကခက်တယ်၊ ကျွတ်ရာ, လွတ်ရာ တရားကရှိပါရဲ့ မသိတာက ခက်ဘယ်၊ ဒီမသိတာကို အဝိဇ္ဇာခေါ်တယ်၊ အဲဒီလိုမသိမှုဖြင့် ကျွတ်အောင် လွတ်အောင်ဆိုပြီး ဟိုလိုလုပ် ဒီလိုလုပ် လုပ်ပါလေရော၊ ဟိုလိုကြံ, ဒီလိုကြံ, ဟိုလိုတွေး ဒီလိုတွေး အဲဒါ သင်္ခါရတွေ မဟုတ်ဘူးလား၊ အဲဒီသင်္ခါရတွေဟာ မသိမှု အဝိဇ္ဇာကြောင့် ဖြစ်တာ၊ အဲဒါကြောင့် အဝိဇ္ဇာပစ္စယာသင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ လို့ ဟောတာ၊ အဲဒါ ပဋိစ္စသမုပ္ပါဒ် ဖြစ်လိုင်းကြီးပဲ။

သူ့အလိုလို လွတ်နေတဲ့ လွတ်ရာကို သိလိုက်တော့ မသိမှု အဝိဇ္ဇာတွေ ပျောက်ပျက်ကုန်တယ်၊ အလင်းရောင် ရောက်တော့

အမှောင်ပျောက်သလိုပဲ၊ လွတ်ရာမျက်မှောက်ပြုနေတော့ သည့်ပြင် ဟာတွေမဖြစ်ဘူး၊ ဖြစ်လို့မရဘူး၊ မဖြစ်တော့ချုပ်နေတယ်။

အဲဒါကတော့ချမ်းသာတဲ့လိုင်း၊ ချုပ်တဲ့လိုင်း၊ အဲဒီချုပ်လိုင်းကိုတော့ အဝိဇ္ဇာယတွေဝ အသေသ ဝိရာဂ နိရောဓါ၊ သင်္ခါရနိရောဓော၊

အဲဒီလို ဖြစ်လိုင်းနဲ့ ချုပ်လိုင်းရယ်လို့ လိုင်းနှစ်လိုင်းရှိတဲ့ အနက် ခင်ဗျားတို့တတွေက ဘယ်လိုင်းကများ လိုက်လာခဲ့ကြသလဲ၊ မေးမနေပါနဲ့ ဖြစ်လိုင်းလိုက်လာကြတာကတော့ ထင်ရှားပါတယ်၊ဖြစ်လိုင်းလိုက်လာလို့ အခုလူတွေ ဖြစ်လာကြတယ်၊ ဒီကရှေ့ ဘာတွေများဖြစ်အောင် တောင်းကြဦးမယ် မသိဘူး၊ လူချမ်းသာ နတ်ချမ်းသာ တောင်းကြဦးမှာလား၊ စိတ်ကလဲပဲ ဒီအတိုင်းမနေဘူး၊ အအားမနေဘူး၊ ဟိုတောင့်တ ဒီတောင့်တ, ဟိုကြောင့်ကြ, ဒီကြောင့်နဲ့ နေကြတယ်၊ စိတ်အအားနေရင် ဝိမုတ္တိတွေသွားမှာ စိုးလို့ထင်တယ်၊ အခုတော့ စိတ်အကြံ, စိတ်အတွေး,စိတ်အမှုတွေ ကြပ်ကြပ်ကြီးပြုနိုင်မှ ရမယ်လိုလိုထင်နေကြတယ်၊ ကြပ်ကြပ်ကြီးပြုနိုင်မှ ငြိမ်းရာမြင်ရမှာ မဟုတ်ဘူး၊ အဲဒီလိုပြုမှ စိတ်တွေဖြစ်ပြီး စိတ်အမှောင်ကျနေတာ၊ အဲဒီ စိတ်မှောင်တွေ ကျနေတော့ ငြိမ်းရာနဲ့ဝေးသွားပြီ၊ သတိထားကြ။

အပါယ်ဘုံ ကျတယ်ဆိုတာ ဘယ်လိုလုပ်ကြသလဲ၊ လယ်တီဆရာတော် ဘုရားကြီးက လူတိုင်းလူတိုင်းမှာ မိမိတို့ရဲ့ရင်ထဲနှလုံးထဲမှာ အပါယ်ကျဘို့ အပြစ်အမှုကြီးတွေက ရဲရဲတောက်ပါရှိနေတယ်တဲ့၊ ဆိုလိုတာကတော့အတတ်ကံပြောတာ၊ အတိတ်

တရားဆိုတာ ရှိတယ်၊ မြတ်စွာဘုရားက အတိတ်, ပစ္စုပ္ပန်, အနာဂတ်, အဇ္ဈတ္တ, ဗဟိဒ္ဓ, ဩဠာရိက, သုခုမ အစရှိသည်ဖြင့် သင်္ခါရ တရားနှမ်သမျှမှာ တသယ်တပါး ပြားရမယ်တဲ့၊ အဲဒါ အတိတ် တရားတွေရှိတယ်၊ အဲဒီ အတိတ်တရားတွေက အတိတ်တရားတွေ အတိုင်းတိုင်းနေရင်တော့ ကောင်းတာပဲ၊ အဲဒီအတိုင်းမနေတော့ ယခုပစ္စုပ္ပန်က မပြတ်လို့ အကျိုးပေးတော့ အခုပစ္စုပ္ပန် ဖြစ်ဆဲ ဖြစ်တဲ့စိတ်က အတိတ်ကို သွားအာရုံပြုတယ်ပေါ့၊ အာရုံပြုတော့ အသစ်အသစ် ဖြစ်လာတာပေါ့၊ အတိတ်ကံ အနန္တ အကျိုးပေး တယ်ဆိုတာ အဲဒီလိုပြောတာ၊ အသူတခု ပြုခဲ့ရင်လဲ အနန္တ အကျိုးပေးတယ်လို့မဟောဘူးလား၊ ဟောပါတယ်၊ ဆရာတော် တွေကလဲ ဟောကြသားပဲ၊ ကျမ်းဂန်မှာလဲရှိပါတယ် ဘယ်လိုလဲ ဆိုတော့ အတိတ်ကဖြစ်ခဲ့ပြီးတာ ပြုခဲ့ပြီးဘာကို ပြန်ပြန် အာရုံ ပြုတော့ ပြန်ပြန်ပြီး အသစ်အသစ်မဖြစ်ဘူးသား၊ ကုန်သွားပါ့ မလား၊ ပြုရင်ပြုတိုင်းပြုတိုင်း ဖြစ်နေတာပေါ့၊ မကုန်နိုင်ဘူး၊ သစ္စာအနေနဲ့ကတော့ မှန်နေလို့မို့၊ ပြုရင်တော့ ပြုတိုင်းပြုတိုင်း ဖြစ်နေမှာပဲ၊ ဘယ်လောက်ပြုပြု ပြုရင်ဘော့ ဖြစ်မှာပဲ၊ ဘယ် လောက်သာလျှင် ဖြစ်မယ်လို့ အပိုင်းအခြား ရှိနိုင်ပါ့မလား၊ ကုန်သွားမယ်လို့ အပိုင်းအခြား ရှိပါ့မသား၊ ဘယ်တော့မှ ကုန် မသွားလို့ အနန္တအကျိုးပေးမယ်လို့ ဟောခဲ့တာ ဟုဘ်သားပဲ။

အကုသိုလ်တခုကလဲပဲ ဒီနည်းအတိုင်း၊ အဲဒီကံတွေပဲ ဆက် ဆက်ပြီး အကျိုးပေးပုံပြောတာ ဒါကြောင့် အဘိတ်ကံတွေက ရှိနေတယ် ကျလုဆဲဆဲဆိုတာ ဥပမာအားဖြင့် ကျပုံက ဘယ်လို

များလဲလို့ ဆိုလို့ရှိရင်၊ အဲဒီဘက်ကိုလှည့်လှည့်နေတာ၊ အပါယ် လေးဘုံ ရောက်ပုံက တရားနာပရိသတ်တွေ သိကြရအောင် နည်းနည်းတော့ပြောရဦးမယ်၊ ယခုတရားနာနေကြတဲ့ ပရိသတ် တွေ တရားနာပြီးတဲ့အခါ ပွဲဆုံးတဲ့အခါ ဘယ်ကိုပြန်ကြမလဲ၊ ကိုယ့်အိမ်ရှိနေတော့ ကိုယ့်အိမ် ကိုယ်ပြန်ကြမှာပေါ့၊ တခြား တပါး ဘုရားဖူးသွားတော့ကော ဘယ်ကိုပြန်ကြမလဲ အိမ်ကိုပဲ ပြန်တယ်၊ အဲဒီလိုပဲ လူ့ဘုံပဲ ဖြစ်နေရပေမယ်လို့ သေတော့ ဘယ်ပြန်မလဲ၊ ဘယ်ရောက်မယ်သို့မေးရင် များသောအားဖြင့် အပါယ်လေးဘုံပဲပြန်ကြတယ်၊ နတ်တွေ ဗြဟ္မာတွေ ဖြစ်ပေမဲ့ အပါယ်လေးဘုံပဲ ပြန်ကြတာပဲ။

ဘယ်သွားသွား၊ ဘယ်နေနေ မိမိတို့အိမ် ပြန်သလိုပေါ့၊ အဲဒါဥပမာပေးတာ၊ ဒါကြောင့် ကိုယ်ပိုင်အိမ်နဲ့ တူဘယ်လို့ ဆိုတာ၊ ပါဠိတွေတော့ မရွတ်လိုက်တော့ပါဘူးဗျာ၊ ဒီအတိုင်း မှန်ပါတယ်။

အဲဒါ ဘာဖြစ်လို့ ပြန်ကြရသလဲဆိုတော့ အတိတ်တရားတွေ က ရှိတယ်၊ ဖြစ်ရဦးမှာက အနာဂတ်ပေါ့၊ အခုဟာက ပစ္စုပ္ပန် ပေါ့၊ အခုပစ္စုပ္ပန်မှာ အဲဒီအပါယ်လေးဘုံက လွတ်ပြီးသားကြီး ဖြစ်ပါလျက်နဲ့ ဘာဖြစ်လို့ရောက်ရတာလဲ၊ သူ့ဟာသူ အသိုလို လွှတ်ရာကိုမသိလို့ပဲ၊ အဲဒီ မသိတာကလေးတခုကြောင့် ရောက် ရမှာ၊ အဲဒီလိုရောက်တာ အပါယ်လေးဘုံ ရောက်တယ်ဆိုတာ ဒီအတိုင်း မရောက်ဘူး၊ ရောက်စရာ တရားတွေက ဖြစ်လာမှ ရောက်စရာတရားတွေက အစမထင် သံသရာ ဖြစ်လာတာ

တွေက တပုံတခေါင်းကြီး၊ မရေမတွက်နိုင်ဘူး၊ အနန္တတဲ့၊ အခုလဲ ခင်ဗျားတို့တတွေ ဖြစ်ချင် ဖြစ်နေကြဦးမှာပါပဲ၊ သူ့အလိုလို လွတ်ရာဆိုတဲ့ ဝိမုတ္တိနိဗ္ဗာန်ကို သိဘူး မြင်ဘူးထားတဲ့ သောတာပန်မှ မဟုတ်သေးရင် ဘယ်သူက အပါယ်မကျဘူးလို့ တာဝန်ခံနိုင်မလဲ။

သောတာပန်ဖြစ်သွားရင်တော့ တာဝန်ခံနိုင်တယ်၊ အပါယ်လေးဘုံတော့ မရောက်တော့ဘူး၊ အဲဒီ အပါယ်လေးဘုံကို ဘာပြုလို့ အခေါက်ခေါက် အခါခါ ရောက်နေကြရသလဲ အခုလွတ်နေတာ မသိလို့ပဲ၊ ရောက်တာက ရောက်စေတတ်တဲ့တရားကြောင့် ဖြစ်တယ်၊ ရောက်စေတတ်တဲ့ တရားကလဲ အခု အချိန်အခိုက်အတန့်မှာ ဖြစ်နေတာရှိသလား၊ စဉ်းစားပါ၊ အပါယ်လေးဘုံ ရောက်စေတတ်တဲ့တရားဆိုတာ အကုသိုလ်တရားတွေပေါ့၊ သတ်တယ်, ခိုးတယ်, ဝှက်တယ်, အတင်းပြော, အဖျင်းပြော အစရှိသည်ဖြင့်ပေါ့၊ အကုသိုလ်တရားတွေဆိုရင် နားမလည်စရာ မရှိပါဘူး၊ မကောင်းတဲ့တရားတွေဖြစ်မှ အပါယ်လေးပါးရှိတာ၊ ရောက်တာ။

ဥပမာတခု ပြောရဦးမယ်၊ နေတဲ့လူတွေရှိလို့ အိမ်တွေရှိတယ် မဟုတ်ဘူးလား၊ နေမဲ့လူကိုက မရှိရင် အိမ်မရှိနိုင်ဘူး၊ တရားဟောတဲ့သူရှိမှ တရားနာသူရှိမှ ပရိသတ်တွေရှိမှာ၊ ကေန်မှန်ပါတယ်၊ အဲဒီလိုပဲ အပါယ်လေးပါး ရောက်စရာတရားတွေရှိမှ အပါယ်လေးပါးရှိတာ၊ ရောက်တာ၊ အပါယ်လေးပါး ရောက်စရာ တရားတွေမှမရှိရင် အပါယ်လေ ပါး ရှိပါ့မလား၊ မရှိဘူး။

အဲဒါက အပါယ်လေးပါးမရှိနိုင်ပုံကိုပြောတာ၊ဒါကို နားမလည်ရင်တော့ အခက်ကြီးပဲ၊ တမျိုးရှောက်ပြောနေဦးမှာပဲ၊ လူ့ဘုံနတ်ဘုံဆိုတာလဲအတူတူပဲ၊ လူ့ဘုံနတ်ဘုံ ရောက်စရာ တရားတွေဖြစ်မှ လူ့ဘုံနတ်ဘုံ ဆိုတာလဲ ရှိတာ၊ သူ့အတွက် ရှိတာပြောတာ၊ ရောက်စရာတရားတွေမရှိတဲ့လူ ဘယ့်နှယ်လုပ်ရောက်ပါ့မလဲ၊မနေ့ကဟောခဲ့တာ ဖြစ်စရာရောက်စရာအကြောင်းခန္ဓာ၊ ဒီခန္ဓာရဲ့ သဘောလက္ခဏာ ဖြစ်ပုံပြောတာ၊ အဲဒီခန္ဓာက အခုမရှိဘူးဗျ၊ ရှိပြီးသား မဟုတ်ဘူး၊ လွတ်နေတယ် သတ်တယ်, ဖြတ်တယ်, ခိုးတယ်, ဝှက်တယ်ဆိုတဲ့ မကောင်းတဲ့စိတ်တွေ အခုမရှိဘူး၊ ကောင်းတဲ့စိတ်ကလဲမရှိဘူး၊ စိတ်အကြံ, စိတ်အတွေး, စိတ်အမှု, စိတ်ကိစ္စတွေ(ဝါ)ဥပါဒါနက္ခန္ဓာတွေ အခုမရှိဘူးပေါ့။

ဒီအတိုင်းတိုင်း နေသွားတော့ လွတ်တာပေါ့၊ အဲဒီလို နေသွားမှလွတ်ရော၊ ဒီအတိုင်းတိုင်း နေသွားတယ်ဆိုတာ သမာဓိကို ဟောတာပဲ၊ ဘယ်ကိုမှ စိတ်က မကြံမတွေးတော့ မပျံ့လွင့်ပဲ၊ စိတ်ကလေး အလိုလိုတည်ငြိမ်နေတာ၊ အဲဒါသမာဓိပဲ၊ဘာတွေမှ လွန်ကျူးမှု မရှိတာကို သီလလို့ ဟောတာပဲ၊ သီလဆိုတာက ကာယကံ, ဝစီကံ, မနောကံတို့ မလွန်ကျူးပဲ ကာယဒုစရိုက်, ဝစီဒုစရိုက် စသည့် အမှုတို့ကို မလွန်ကျူးပဲ အသာနေတာ သီလခေါ်တယ်၊ အဓိစိတ္တဆိုတဲ့ သမာဓိက "အဝိက္ခေပတ္တော အဓိစိတ္တံ" တဲ့၊ အခိုက်အတန့်အားဖြင့် မပျံ့လွင့်တာ မပျံ့လွင့်ဆိုတာ ဒီအတိုင်းနေတာပေါ့၊ စိတ် စိတ်အတိုင်း နေတာပေါ့၊ အဲဒါ ကမာဓိခေါ်တယ်၊ ဖြစ်နေတာတွေက ဘာမှ မရှိဘူး၊

ဖြစ်နေကျ တရားတွေမှ လွတ်နေတယ်၊ ဖြစ်တယ် ဆိုတာက အကြောင်းရှိမှဖြစ်လာတာ၊ အာရုံပြုတော့ တွေးမှ ကြံစည်မှ ဖြစ်လာတာ ဖြစ်နေတာတွေက မရှိဘူး၊ ဖြစ်နေတာ တွေက လွတ်နေလို့ လွတ်ရာသာရှိပါတယ်။ အဲဒါသိသွားတာ အဲဒါ လွတ်ရာမြင်တော့ လွတ်ရာမြင်တဲ့ဉာဏ် ဖြစ်လာတာပေါ့။

တနည်း ဥပမာပေးဦးမယ်၊ အနုတရားနာပရိသတ်တွေ အခု ထောင်ကြီးထဲ ကျနေကြသလား၊ ထောင်ကြီးမှ လွတ်နေကြ သလား။ အဲဒါ သေသေချာချာ စဉ်းစားကြပါ။ ထောင်က လွတ်နေတာဗျ။ လွတ်နေလို့ အခုဓမ္မာရုံကြီးထဲမှာ တရားနာ နေကြတာပေါ့။ ထောင်ကလွတ်နေတာကမမှန်ဘူးလား။အဲဒီလို ထောင်က လွတ်နေအောင် ဘာတွေများ လုပ်ထားရသေးလဲ။ သူများပစ္စည်းများ ခိုးရသေးသလား, တိုက်ရသေးသလား, သတ် ရဖြတ်ရသေးသလား, ဘာမှ မလုပ်ရပါဘူး။ ဒီအတိုင်းတိုင်း နေတာပဲ။ လွတ်နေတာကတော့ ပကတိအတိုင်းတိုင်း လွတ်နေ ပါတယ် မလွတ်အောင်ကတော့ ထောင်ကျအောင် ကတော့ တော်တော့ကို မိုက်ရဲရမယ်၊ သတ်ရဲရမယ်၊ ဖြတ်ရဲရမယ်။

အဲဒီလိုပဲသံသရာတည်းဟူသော ထောင်ကြီး၊ နှောင်အိမ်ကြီး သံသရာတည်းဟူသော မီးပုံကြီးအစရှိသည်ဖြင့် သုတ္တန် ဒေသနာ တော်မှာ များစွာဟောတယ်။ သံသရာတည်းဟူသော ထောင် ကြီးထဲကို ဘာပြုလို့ ရောက်ကြတာလဲ။ အဲဒါ ကောင်းကောင်း ဆိုးဆိုး အမျိုးမျိုးသော တွေးမှု, ကြံမှု, အားထုတ်မှု တွေကို ပြုလို့ပဲ။

သိမြင်ရေးက ရှေ့ဦးစွာ မဖြစ်လို့ ပြုပြင်ရေးတွေ မမှန်ကြတာ။ သံသရာတည်းဟူသော ထောင်ကြီးက ဘယ်လောက်ကျယ်လဲဆိုတော့ သုံးဆယ့်တစ်ဘုံ တောင်မှ နဲတာမဟုတ်ဘူး။ အဲဒါကြောင့်မို့ ဝိမုတ္တိရသဆိုဘဲ့တရားက ထောင်ကြီးမှ အလိုလိုလွတ်ရှဲနေကြသလို ဒီမှာလဲ ကောင်းကောင်းဆိုးဆိုး အမျိုးမျိုးဆိုတဲ့စိတ်တွေ၊ ထွေထွေလာလာ ဘာဘာညာညာဆိုတဲ့စိတ်တွေ၊ ထိုထိုဤဤ အလီလီဆိုတဲ့စိတ်တွေ၊ စိတ်အမူ စိတ်ကိစ္စ၊ စိတ်အလုပ်၊ စိတ်အကြံ၊ စိတ်အတွေးတွေ၊ စိတ်အလုပ် ပေးမှုတွေအလျော့ပေး၊ အရှုံးပေးလို့မို့ တော်ပြီ တန်ပြီလို့ပြုထားလို့၊ မောပြီ ပန်းပြီလို့ ပြုထားလို့မို့၊ ဒီအတိုင်းနေတော့ လွတ်မနေဘူးလား။

အဲဒီအလုပ်တွေဆိုတာက တခြားမဟုတ်ဘူးဗျ။ ကိုယ့်စိတ်က လုပ်လို့ နိဗ္ဗာန်ကိုဖုံးကွယ်နေတာ။ ဖုံးပုံကနိဗ္ဗာန်ကိုယူချင်တယ်တဲ့၊ ဒီတော့ နိဗ္ဗာန်ကိုယူချင်တယ်ဆိုတဲ့စိတ် မဖြစ်ဘူးလား နိဗ္ဗာန်ကိုယူချင်တယ်ဆိုတဲ့စိတ်က နိဗ္ဗာန်လား၊ နိဗ္ဗာန်ဆိုတာက အဖြစ်ငြိမ်းရာ၊ အဖြစ်ငြိမ်းရာတဲ့။ ဒါဖြင့်ရင် ငြိမ်းသေးရဲ့လား။

စိတ်ဖြစ်မနေဘူးလား၊ ဆုတောင်းတာက ချုပ်ရာ ငြိမ်းရာ၊ ကဲ နိဗ္ဗာန်ကို ယူချင်တယ်ဆိုတော့ ချုပ်ငြိမ်းနေတာလား၊ ဖြစ်ပေါ်လာတာသား။ နိဗ္ဗာန်ဆိုတာ ချုပ်နေရမှာတဲ့၊ ချုပ်ရာတဲ့၊ ချုပ်ရာကို ဆုတောင်းတယ်၊ ဖြစ်ပေါ် ဖြစ်ပေါ်၍ နေလျက်၊ နေလျက်ကလဲဖြစ်နေတယ်။

တမျိုးပြောရရင် ခင်ဗျားတို့ ကြားဘူးထားတာက သမုဒယ သစ္စာ ပဟာတဗ္ဗာဆိုတော့ သမုဒယသစ္စာကိုတော့ ပယ်ချင်တယ် တဲ့၊ ပယ်ချင်တာက ချင်ခြင်းတပ်တာက ဘာလဲ။ သမုဒယက သမုဒယကို ပယ်ချင်နေလို့ ဖြစ်နိုင်ပါ့မလား၊ အဲဒါ မသိလို့ပါ နိဗ္ဗာန်ဆိုတာငြိမ်းရာ၊ အဖြစ်ငြိမ်းနေတယ်ဆိုတာ ထင်ရှားပါ တယ်။ အဖြစ်ငြိမ်းနေတာသိရင် ငြိမ်းရာကိုသိနိုင်ပါတယ်။ ငြိမ်း တာကိုသိရင် ငြိမ်းရာမျက်မှောက်ပြုပြီးသား ဖြစ်တော့တာပါပဲ။ သိတာကိုး။ အခုတော့ နိဗ္ဗာန်ကိုယူချင်တယ်ဆိုတော့ ရောက်ချင် တယ်ဆိုတော့၊ ယူချင်ရောက်ချင်တဲ့စိတ်က ဖြစ်လာပြန်တာပဲ၊ မဟုတ်ဘူးလား။ ချမ်းသာချင်တယ်ဆိုတော့ ချမ်းသာချင်တဲ့ စိတ်က ဖြစ်လာတော့ ချမ်းသာချင်တယ်ဆိုတဲ့စိတ်က ချမ်းသာ တာလား၊ ချမ်းသာရာလား၊ ချမ်းသာချင်တယ်၊ ချမ်းသာချင် တယ်ဆိုတဲ့စိတ်ကိုကဆင်းရဲ၍နေတာ။ ဒီနေရာမှာသတိထားကြ။

အဲဒီလို ချမ်းသာချင်တယ်၊ ချမ်းသာချင်တယ်ဆိုတဲ့ စိတ်က ရော၊ အမြဲတစေမျှား ဖြစ်ပြီးသားအနေနဲ့ ရှိနေပါ့မလား။ နိစ္စ ဓူဝ ဖြစ်ပါ့မလား။ တည်တန့်၍မျှားနေပါ့မလား။ စိတ်ကူးရတဲ့ အခါ ချမ်းသာချင်တယ်လို့ဖြစ်မှာပေါ့။ ပြီးတော့လဲ မရှိတော့ ပါဘူး။ လွတ်နေတာကမျှားပါတယ်။ အခုနထောင်ကြီးမှ လွတ် နေတာကမျှားသလို၊ လွတ်နေတာက မျှားပါတယ်။ အလိုလိုက တော့ လွတ်နေတာကို ရှိနေတယ်လို့၊ လွတ်နေတာကို မလွတ်ဘူး ရှိနေတယ်လို့ ထင်ပြန်ရော။ လောဘတွေကရှိနေတယ်။ ဒေါသ တွေကရှိနေတယ်။ မောဟတွေကရှိနေဘယ်။ အဲဒီလိုကထင်တယ်။

ရှိနေတယ်လို့ ထင်တော့ ကုန်အောင်လုပ်မယ်၊ မရှိမှ ကောင်းမယ်လို့ ယူပြန်ရော။ ရှိနေတယ်ထင်တာက သဿတ၊ ကုန်အောင်လုပ်ချင်တာ၊ ကုန်မှနေရာကျမယ်လို့ မြင်တာက ဥစ္ဆေဒအမြင်ဖြစ်တယ်။

ဘာဖြစ်လို့ ဒီလိုဖြစ်ရတာလဲဆိုတော့ အတ္တက ရောတည်ထားလို့၊ အတ္တဒိဋ္ဌိက မူလရှိနေလို့ သဿတဥစ္ဆေဒက ဖြစ်၍လာကြရတာ။ တရားတွေချည်းပဲလို့ မမြင်လို့၊ အဲဒါကြောင့်မို့ စိတ်ဆိုတာက ဖြစ်ချင်သလိုဖြစ်တာ။ ကြံရင်လဲ ကြံချင်သလိုဖြစ်တာ၊ တွေးရင်လဲတွေးချင်သလိုဖြစ်တာ။ စိတ်ကူးနဲ့ တခုခုကိုထားပြီး တွေးကြည့်ပါလား၊ ကိုယ်ကြည့်ချင်သလို ဖြစ်တာပဲ၊ အဲဒါကြောင့်မို့ သမထထိုင်တော့ အမျိုးမျိုးနိမိတ်တွေ ထင်ကြတယ်။ ထင်မှတ်ထားတဲ့အတိုင်း ဝိညာဉ်ဖြစ်တာပေါ့။ ဝိညာဉ်ဆိုတာ ဖန်ဆင်းတတ်တယ်။ဘယ်လိုဖန်ဆင်းတာရယ်လို့ အပိုင်းအခြားမရှိဘူး။ ဂန္ဓဗ္ဗနဂရံဝိယ၊ အစရှိသည်ဖြင့် ဖန်ဆင်းတာတွေကို ဟောခဲ့တယ်။ ဘယ်လိုဖန်ဆင်းသလဲဆိုရင် ဘယ်လိုမဆိုဖန်ဆင်းနိုင်တယ်။ ကိုယ်ဖန်ဆင်းချင်သလို ဖန်ဆင်းနိုင်တယ်။ ကိုယ်ထင်သလို ထင်တယ်၊ မုန်းချင်လဲမုန်းလိုက်မယ်၊ ချစ်ချင်လဲချစ်လိုက်မယ်၊ ကြည်ညိုချင်လဲ ကြည်ညိုမယ်ပေါ့၊ စိတ်တခုနဲ့ပါပဲ၊ အဲဒီလို အမျိုးမျိုး အမည်မည်နဲ့ဖြစ်တာ၊ ဖြစ်ပြီးသားအနေနဲ့တော့ မရှိဘူး။

ဖြစ်မှာကဘယ်သူ့ကြောင့်ဖြစ်တာလဲ စာလိုကတော့၊ မနသိကာရကြောင့် ဖြစ်တာလို့ ဆိုတယ်။ မနသိကာရ နှလုံးသွင်း

ဆိုတော့ နားလည်မှာ မဟုတ်လို့ ဘုန်းကြီးတို့က အဲဒါစိတ်၊ တွေးစိတ်ကြောင့် ဖြစ်တာလို့ ဟောခဲ့တာ။ တွေးလို့ပူတာ။ တွေးလို့ဆွေးတာ။ ကုသိုလ်ဖြစ်တယ်ဆိုတာ ဒီအတိုင်းမဖြစ်ဘူး၊ မြင်ရုံနဲ့ဖြစ်တာမဟုတ်ဘူး။ ကြားရုံနဲ့ဖြစ်တာမဟုတ်ဘူး။ နံရုံနဲ့ ဖြစ်ဘာမဟုတ်ဘူး။ မြင်ရုံကာမျှပဲရှိတယ်။ မြင်ရင် မြင်ကာမျှ ကတော့ ကုသိုလ်လဲ မဟုတ်ဘူး၊ အကုသိုလ်လဲ မဟုတ်ဘူး၊ အဲဒါကို ဆရာတော့ ဆရာတော်တွေကလဲ ရှင်းလင်းဟောခဲ့ကြ ပါတယ်။

မြင်ဆိုတာ ဝိပါက်၊ ဝိပါက်စိတ်ကိုး။ စက္ခုဝိညာဉ်စိတ်ကိုး။ စက္ခုဝိညာဉ်ဆိုတာ ဝိပါက်စိတ်ပဲ။ အဗျာကတာမမွာ၊ ကုသိုလ်လဲ မဟုတ်ဘူး၊ အကုသိုလ်လဲမဟုတ်ဘူး။ ကိလေသာ မဟုတ်ဘူး။ အခုတော့ မြင်တာ ကိလေသာ မှတ်ချင်မှတ်နေတာကိုး။ အဲဒါ မဟုတ်ဘူး။ မြင်-မြင်ကာမျှပဲ၊ မြင်တဲ့တရားကိုတော့ မဂ်မပယ်ဘူး။ မြင်တဲ့အခါမှ စိတ်က မြင်တဲ့အာရုံအပေါ်မှာ တွေးပြီး သာယာတယ်၊ မုန်းထားတယ်၊ ပြစ်မှားတယ် အစရှိသည်ဖြင့် ကိလေသာတွေဖြစ်လာရော၊ အဲဒီတရားတွေကိုသာ မဂ်ကပယ်မှာ၊ လိုရင်းကတော့ အဲဒီသာယာတယ်၊ မုန်းထားတယ်ဆိုတဲ့ စိတ်တွေက ဖြစ်ပြီးသားအနေနဲ့မရှိဘူး၊ မိမိက နှလုံးသွင်းမှ ဖြစ်မှာ၊ ဖြစ်နေတာတွေမရှိဘူး၊ ဖြစ်နေတာတွေမရှိတော့ ဒီအတိုင်းတိုင်း အဖြစ်မှလွတ်နေတဲ့ လွတ်ရာကြီး ရှိတယ်ပေါ့၊ ဖြစ်မှာတွေက လွတ်တာ၊ လွတ်တာရှိလို့ လွတ်ရာရှိတာ။ အဲဒီ လွတ်ရာကိုပဲ သိကြပါ မြင်ကြပါ၊ အဲဒီလိုသိကြရမှာ။

တနည်း အလိုလိုလွတ်နေပုံ ပေါ်လွင်ထင်ရှားအောင်ဥပမာ တခု ပြောရဦးမယ်၊ အခုတကာကြီးတို့ တကာမကြီးတို့ ခေါင်းပေါ်မှာ၊ ပုခုံးပေါ်မှာ တစုံတခု အလေးအပင်များ ထမ်းရွက်ထားတာ ရှိနေသလား၊ မရှိပါဘူးဗျ၊ သူ့အလိုလိုက လွတ်မနေဘူးလား၊ အခုဘုန်းကြီးဟောတဲ့ ဝိမုတ္တိရသဓမ္မဆိုတာကဒီလိုပဲ၊ ပခုံးပခုံးချည်း နေသလို အဲဒီဥပမာပြောတော့ တော်တော်ကြာ ပခုံးကို ဝိမုတ္တိလို့ ကျောက်သဘော် ဆရာတော်က ဟောသွားတယ်လို့လဲမဆိုကြနဲ့ဦး၊ ဥပမာပြောရတာ၊ အဲဒီလိုပဲ သူ့အလိုလို လွတ်လွတ်နေပါကလားလို့ မသိဘူး၊ ထမ်းမှရှိလာမှာ ရွက်မှရှိလာမှာ အမြဲရှိနေတာ မဟုတ်ဘူး၊ အဲဒါကို အမြဲမရှိဘူးလို့ ပြောတာ၊ အခုတော့ မမြဲတာတင်ဆုံးနေတယ်၊ ဖြစ်တာ ပျက်တာတင်ဆုံးနေကြတယ်၊ အခု ဘုန်းကြီးတို့ ဟောတာက အဲဒီဖြစ်တာပျက်တာကိုက ရှိမနေပါဘူးလို့ ဟောတာ၊ ရှိမနေဘူးလို့ သိတာ၊ အခုမရှိပဲ အနိမိတ္တ အနိစ္စ ဝိပဿနာဉာဏ် ဖြစ်ရမှာ၊ ရှိတာက သစ္စာအနေအားဖြင့်တော့ ရှိနေတယ်၊ အခုဖြစ်နေတာ သာ မရှိတာ၊ ဖြစ်ဦးမှာ၊ ဖြစ်ဦးမဲ့သဘော သင်္ခတသဘောက ရှိနေတာပေါ့၊ အဲဒါကို အနိမိတ္တအနိစ္စလို့ ပြောတာ။

အခုသိကြဖို့က ဝိမုတ္တိတရားဟောလို့ ကိုယ့်ခေါင်းပေါ်၊ ပခုံးပေါ်မှာ အလိုလိုအလေးအပင်တွေမှ လွတ်နေသလို အဲဒီလိုဒီမှာလဲပဲ အလုံးစုံသောအဖြစ်တို့မှလွတ်ရာဆိုတဲ့ ဝိမုတ္တိရသနိဗ္ဗာန်ကို ဉာဏ်ဖြင့် မြင်ဖို့ပါပဲ။

အလုံးစုံသော ဝန်ထုပ်တွေမှ လွတ်ရာ ပခုံးတ ဝိမုတ္တိရသဆိုတဲ့ နိဗ္ဗာန်နဲ့ တူတယ်၊ အဲဒါမြင်တော့မြင်တာကမဂ်ဉာဏ်နဲ့ တူတယ်၊ အဲဒါဥပမာပဲ၊ပခုံးချည်းနေတာကို ယူဆောင်ပြီးတော့ သယ်ပိုး ပြီးတော့ တင်လိုက်ရင်မဖြစ်ကြဘူးလား၊ ဆန်အိတ်ကြီးများပိုး တော့ ပခုံးပေါ် ဆန်အိတ်ကြီးရောက်မနေဘူးလား၊ သူ့အလိုလို များ ရောက်လာသလား၊မရောက်ပါဘူး၊ ရောက်အောင်ကတော့ အတော်ကြီး အားထုတ်ရပါတယ်၊ အားထုတ်လို့ ရောက်လာ တော့ကော သက်သာသေးသလား၊ မပင်ပန်းမဆင်းရဲဘူးလား၊ အဲဒီလိုပဲ ပခုံးပေါ်ရောက်အောင် ယူဆောင်ချင်တာနဲ့ သမုဒယ သစ္စာနဲ့တူတယ်၊ ပခုံးပေါ်ရောက်လို့ ဝန်လေးတာနဲ့ ဒုက္ခ သစ္စာနဲ့တူတယ်၊အဲဒီဒုက္ခ၊အဲဒီဝန်ထုပ်ဝန်ပိုးကြီး ဘာဖြစ်လို့ဖြစ် ရသလဲ၊ ကိုယ်လုပ်လို့ကိုယ်ဖြစ်တာ၊ ကိုယ်ဆင်လို့ ကိုယ်ဖြစ်တာ၊ ကိုယ့်ဝန်လေးတာပေါ့၊ ကိုယ်မိုက်လို့ ကိုယ်မလိမ်မာလို့ ဒုက္ခ ဖြစ်တာ၊ မသိမလိမ္မာဆိုတာကအခု သိစရာတွေမသိတာပေါ့။

အဲဒီလိုပဲ သမုဒယနဲ့ ဒုက္ခက အခုရှိနေတာမဟုတ်ဘူး၊ ဒီလို ယူဆောင် အဲဒီ ယူဆောင်နေလို့ ဖြစ်ဖြစ်နေတာ၊ ဘာပြုလို့ ယူဆောင်ဘာလဲ အဲဒီလို ယူဆောင်တာကို သက်သာမယ်လို့လို ထင်ခဲ့တာကိုး၊ ဤကဲ့သို့ပဲ ဆန်အိတ် ထမ်းပိုးစားတဲ့ လူများ ကတော့ များများ ထမ်းပိုးရတာ သဘောကျမယ် ထင်တယ်၊ ဝမ်းမြောက်မယ် ထင်တယ်၊ ဆန်အိတ်တွေက ပိုးစရာတွေက များလိုက်တာလို့ စိတ်ညစ်သွားမယ် မဟုတ်ဘူး၊ ဆန်အိတ်တွေ များလေလေ၊ သဘောကျလေပဲ၊ အဲဒီလို သတ္တဝါတွေက ဒုက္ခ

တွေကို ကြိုက်နေကြတာကိုး၊ တွေ့ရ ကြုံရတာကိုပဲ အကောင်း မှတ်နေကြတယ်။ ဒီလိုယူဆောင်နေတာ ယူဆောင်လာတာက သမုဒယသစ္စာ၊ အိတ်ကြီး ပုခုံးပေါ် ရောက်တာက ဒုက္ခသစ္စာ၊ မူလက သူ့အတိုင်းတိုင်း လွတ်ရာက နိရောဓသစ္စာ၊ သူ့အတိုင်း တိုင်း လွတ်ရာသိတာက မဂ္ဂသစ္စာ၊ သစ္စာလေးပါးဆိုတာ ဒါပဲ။

တရားမြင်စရာ အလိုလိုလွတ်နေတဲ့တရား တခုပါပဲ၊လောဘ တို့ ဒေါသတို့မောဟတို့က အခုဖြစ်ဆဲ ဖြစ်နေတာ မဟုတ်ဘူး၊ အခုတော့ မဖြစ်သေးဘူး၊ အကုသိုလ်တွေကလဲ ဖြစ်ဆဲ ဖြစ်နေ တာမဟုတ်ဘူး၊ ဒါကြောင့်မို့ မဖြစ်အောင်အကျင့်တခုပဲ လိုတာ၊ မဖြစ်အောင် အကျင့်တခုရရှိ၊ မဖြစ်အောင် အကျင့်ကျင့် နေ တော့ ဘယ်တော့မှမဖြစ်ဘူး၊ ဘယ်တော့မှ မဖြစ်ဘူးဆိုတာ သမုစ္ဆေဒပဟာန်ခေါ်တယ်။

အကုသိုလ်တရားတွေ အာသဝတရားတွေ အကုန်လုံး ဘယ် တော့မှ မဖြစ်ဘူးဆိုရင်ဖြင့် အဲဒါ ရဟန္တာပဲ၊ အဲဒါမဖြစ်အောင် အကျင့်ကျင့်တတ်လို့ အခုဖြစ်မနေဘာ မထင်ရှား ဘူးလား၊ ထင်ရှားပါတယ်၊ လိုရင်းကတော့ မဖြစ်အောင် အကျင့်တရားပဲ၊ အဲဒီအကျင့်ကိုပဲလိုရင်းပဓာန ထားပြီးတော့ ဟောကြားမယ်လို့ မြတ်စွာဘုရား ပွင့်တော်မူလာတာ။

မဖြစ်အောင် အကျင့်ဆိုတာကဘာလဲ၊ ဘယ်လိုလဲ၊ သူ့အလို လိုကတော့ ဖြစ်ပြီးသားမရှိလို့ မဖြစ်ရာချည်းရှိတယ်၊ ဝိမုတ္တိ ရှိတယ်၊ သိစရာက နိဗ္ဗာန်ပဲရှိတယ်တဲ့၊ အလုံးစုံသော ကိလေသာ အဖြစ်တွေ ဖြစ်မှုတွေ မရှိဘူးလို့ သိတာက ဝိပဿနာဉာဏ်၊ မရှိ

ဘူးလို့ဆိုတော့ မရှိရာကြီးရှိတယ်၊ အဲဒါကိုတော့ သိလို့ဖြစ်တယ်ပေါ့၊ လျှော်ကန်သောအသိပေါ့၊ အဲဒါ အနုလောမဉာဏ်၊ အဲဒီမရှိရာ ချုပ်ရာချည်း အာရုံပြုပြုနေတာ၊ ဖြစ်နေကျ တရားတွေရဲ့ မရှိရာပေါ့၊ ချုပ်ရာပဲပေါ့၊ မပေါ်ပေါက်ရာချည်းပေါ့ ငြိမ်းရာ, ကင်းရာ, ကုန်ရာ, ခန်းရာတဲ့၊ ဘာပြုလို့လဲ ဆိုတော့ ချုပ်တာ, ကုန်တာ, ခန်းတာတွေက မရှိလို့ အခုနေ အခါ ကုန်ခန်းမနေဘူးလား၊သူ့အသက်သတ်မှု့ဝက်မှု့တိုက်မှု့ လုယက်မှုတွေ ကုန်နေသလို၊အခုလဲ တရားနာရင်းနဲ့ ဒီအတိုင်းနေလိုက်မယ် ဆိုတော့ ဘာစိတ်တွေများ ဖြစ်နေပါသေးသလဲ၊ အားလုံးသော စိတ်တွေ (ဝါ) ကိလေသာ စိတ်တွေမှ စွန့်လွှတ်ပြီးသားဖြစ်နေတာ၊ အဲဒါအလုံးစုံစွန့်လွှတ်ဆိုတာ ဒါပြောတာ၊ သဗ္ဗနိသဂ္ဂါ သောတ္တိံ ပဿာမိ ပါဏိနံတဲ့၊ ဒီအတိုင်းတိုင်း အကုန်လွှတ်လိုက်တော့ ဒီအတိုင်းတိုင်း လွှတ်ရာကြီး ဖြစ်မနေဘူးလား၊ အဲဒီတရားက အလွန်တရာ မွန်မြတ်လှတဲ့ ဝိမုတ္တိရသခမ္မဆိုတာ အဲဒါပြောတာ။

အခုပြောတဲ့အတိုင်းသိတာ၊ လွှတ်အောင်တော့သွားမလုပ်နဲ့ သွားလုပ်ခါမှ မလွှတ်ပဲဖြစ်နေဦးမယ်၊သွားမျှားမကြံနဲ့၊ ကြံကာမှ မလွှတ်ပဲဖြစ်နေတာ၊ နိဗ္ဗာန်ရချင်တယ်ဆိုတော့ ရချင်တာကိုက ဖြစ်ဆဲကြီး ဖြစ်ပေါ် နေတယ်မဟုတ်လား၊ အဖြစ်ငြိမ်းတာဟုတ်ပါတော့မသား၊ ဤလိုစဉ်းစားရမှာ။

သမထ အားထုတ်တဲ့ သူတွေကလဲ အာနာပါန ထွက်လေ ဝင်လေ၊ ထွက်လေ ဝင်လေ အားထုတ်တယ်၊ ဒီလိုလုပ်နေတာ

နိဗ္ဗာန်ရောက်နေတာလား၊ ထွက်လေ ဝင်လေတို့ မှတ်နေတာ မှတ်ရာရောက်နေတာလား၊ တနည်းအားဖြင့် ဒုက္ခပဲ ရောက်နေသလား၊ နိဗ္ဗာန်ပဲရောက်နေသလားလို့ ဒီလိုစဉ်းစားရမှာ၊ ဒီလို စဉ်းစားမှ ဒီသမထသမား နိဗ္ဗာန်ရောက်ဖို့နီးစပ်လာမှာ၊ သမထ မလုပ်ရဘူးမဟုတ်ပါဘူး၊လုပ်ပေမဲ့ ဒီလိုစဉ်းစားကြည့်ကြရမယ်။

လွှတ်ရာ တရားဆိုတာ အလိုလိုကတော့ လွှတ်နေပါတယ်၊ ပခုံး ပခုံးချည်း ရှိသလိုပေါ့၊ အဲဒါကြောင့် ခန္ဓာဝန်တွေ ချကြ ခန္ဓာဝန်တွေစွန့်ကြလို့ ပြောတာ၊ တပါးသောခန္ဓာဝန်တွေ မယူကြနဲ့လို့ပြောတာ၊ အဲဒါမနေ့ာတခုပါပဲ၊ မနေ့ာက စိတ်ကိစ္စ၊ စိတ်အမူ၊ စိတ်အလုပ်တွေ ပြုပြင်သမျှတော့၊ ကောင်းကောင်း ဆိုးဆိုး အမျိုးမျိုးသောစိတ်တွေ သူ့အလိုလိုကတော့ လွှတ်နေတာ မှန်တယ်၊ အဖြစ်မှလွှတ်နေတယ်ပေါ့၊ အဲဒီလို လွှတ်နေတဲ့ လွှတ်ရာသိတော့ ကျွတ်သင့်တဲ့ တရားတွေက ကျွတ်သွားတာ၊ လွှတ်သင့်တဲ့တရားတွေက လွှတ်သွားတာ။

ကဲ....တော်လောက်ပါပြီ။

၁၃၂၅-ခုနှစ်၊ တပေါင်းလဆန်း
၁၄-ရက်နေ့ည(၂၅-၂-၆၄)ပဲခူးမြို့
ရွှေမော်ဓောဘုရား မြေတော်ရင်းရှိ
မဟာပညာဓမ္မသာလာယံတန်ဆောင်း
တော်ကြီး၌ ကျောက်ဆည်မြို့ ကျေး
ဇူးရှင် ကျောက်သဘော် ဆရာတော်
ဘုရားကြီး ဟောကြားတော်မူသော
( မဂ်ပေါက် ဖိုလ်ဝင် နိဗ္ဗာန်မြင် )
တရားတော်မြွက်ခဒသနာ။

"မဂ်ပေါက် ဖိုလ်ဝင် နိဗ္ဗာန်မြင်"

တရားတော်မြတ်ဒေသနာ။

တရားဟောရတယ်ဆိုတာ သိစရာတရား၊ သိအပ်တဲ့ တရားတွေကို သိကြရအောင်လို့ ဟောရတယ်၊ ပြောရတယ်၊ တရားဆိုတာကတော့ တရားတွေချည်းပဲပေါ့၊ တရား မဟုတ်တာရယ်လို့ မရှိဘူး၊ တရားနဲ့ လွဲနေတာရယ်လို့ မရှိဘူး၊ တရားမဟုတ်တဲ့ အချိန်ရယ်လို့ မရှိဘူး၊ တရားတွေချည်းပဲ၊ ဖြစ်ရှိလာတာလဲ တရားပဲ၊ အဲဒါကို တနည်းပြောတော့ အကြောင်းတရားနဲ့ အကျိုးတရားပဲ၊ အကြောင်းတရားကြောင့် အကျိုးတရားတွေ ဖြစ်ရှိဖြစ်ရှိလာတာ၊ သုံးဆယ်တဘုံ ဖြစ်တယ်ဆိုတာ အကြောင်းတရားကြောင့် အကျိုးတရားတွေ ဖြစ်ဖြစ်နေတာပဲ။

အကြောင်းတရားကလဲတရားပဲ၊ အကျိုးတရားကလဲတရားပဲ၊ အကြောင်းဆိုတာ ဘယ်သူလဲ၊ သစ္စာနည်းနဲ့ ကြည့်တော့ သမုဒယသစ္စာပဲ၊ သမုဒယတည်းဟူသော အကြောင်းကြောင့် ဒုက္ခသစ္စာတွေ ဖြစ်၍ဖြစ်၍နေကြတာ၊ အကြောင်းတရားကြောင့် ဖြစ်တာပါ၊ လိုရင်းကတော့ အကြောင်းတရား၊ အကျိုးတရားပဲ၊ မဂ္ဂသစ္စာကြောင့် သုံးဆယ့်တဘုံ အဖြစ်ငြိမ်း၍ နေတာဟာ၊ အကြောင်းကြောင့်မဖြစ်ပဲ၊ အဖြစ်မှုငြိမ်းချမ်းနေတာ၊ မဂ္ဂသစ္စာ တည်းဟူသော အကြောင်းကြောင့် ဒုက္ခသစ္စာ တည်းဟူသော အကျိုးတရားတွေချည်း ချုပ်ငြိမ်းရတာ၊ အဲဒါ စတုသစ္စာ ဒေသနာနည်းလို့ ခေါ်တယ်၊ မဂ္ဂသစ္စာကို အကြောင်းတရား၊ နိရောဓသစ္စာကို အကျိုးတရား။

မဂ္ဂသစ္စာတွင်လဲ လောကီ မဂ္ဂသစ္စာ, လောကုတ္တရာ မဂ္ဂသစ္စာ ရယ်လို့ နှစ်ပိုင်းရှိပါတယ်။

လောကီ မဂ္ဂသစ္စာမှာတော့....

ကမ္မသကတာ သမ္မာဒိဋ္ဌိမဂ္ဂင်

ဈာန သမ္မာဒိဋ္ဌိမဂ္ဂင်

ဝိပဿနာ သမ္မာဒိဋ္ဌိမဂ္ဂင်

အဲဒီမဂ္ဂင်ကတော့ လောကီတရားမို့ ဆင်းရဲတယ်၊ ဖြစ်ပျက်ဘဲ့ အချိုး သင်္ခါရမျိုးမို့ မကောင်းဘူး။

လောကုတ္တရာ မဂ္ဂသစ္စာမှာတော့ ...

မဂ္ဂဖလ သမ္မာဒိဋ္ဌိမဂ္ဂင်၊ အဲဒီ လောကုတ္တရာ မဂ္ဂင်တရားက တော့ မဖြစ်ပျက်ပဲ သခ်ါရ ဒုက္ခတို့မှ ကင်းလွတ်နေတဲ့တရား၊ ငြိမ်းအေးတဲ့ နိဗ္ဗာန်ချမ်းသာတရား။

ပဋ္ဌာန်း ဒေသနာတော် နည်းကတော့ နိဗ္ဗာန် ဆိုတာက အကြောင်းတရားလို့ ယောဂီ များဟာ ဤလို သိကြရမယ်၊ ဒေသနာဆိုတာက အများသား၊ နိဗ္ဗာန်ဆိုတာ ရှိပြီးသားပဲ၊ နဂို အတိုင်းက ပကတိက ရှိပြီးသား၊ သူ့အနေအတိုင်းက ရှိပြီးသား ဖြစ်လို့မို့၊ သူက အကြောင်းတရား၊ မဂ်ကိစ္စက အကျိုးတရား၊ အဲဒီနိဗ္ဗာန်ကိုမြင်တဲ့မဂ်ဉာဏ်ကြောင့် ကိလေသာတွေ ချုပ်ငြိမ်း တာ၊ ခန္ဓာတွေ ချုပ်ငြိမ်းတာ၊ ကိလေသာနဲ့တကွဖြစ်တဲ့ ခန္ဓာ တွေ ချုပ်ငြိမ်းရတာ၊ အဲဒါ အကျိုးတရားလို့ ဟောရတာ။

သစ္စ ဒေသနာနည်း၊ ပဋ္ဌာန်း ဒေသနာနည်း တို့မှာတော့ သူ့နည်းနဲ့သူက မှန်ပါတယ်၊ အကြောင်းအကျိုးကလဲ မှန်ပါ တယ်၊ သို့သော် နိဗ္ဗာန်တရားကို သန့်သန့် သီးသန့်ပြီးပြောရလျှင် နိဗ္ဗာန်ဟာ နိဗ္ဗာန်ပါပဲ အကြောင်းလဲ မဟုတ်ပါဘူး၊ အကျိုးလဲ မဟုတ်ပါဘူး၊ အကြောင်းအကျိုးမှ ကင်းပြတ်ပါတယ်၊ လောကီ တရားမှာသာ အကြောင်းအကျိုးတွေ ရှိပါတယ်၊ လောကုတ္တရာ နိဗ္ဗာန်မှာ ဤကဲ့သို့မဟုတ်လို့ ခွဲခြားပြီးသိကြရမယ်။

လိုရင်းကတော့ ဤကဲ့သို့ လေးပါးသော တရားကိုမသိလို့၊ လေးပါးသော တရားက ရှိပြီးသား၊ ရှိပြီးသားဆိုတော့ သစ္စာ

ဟုတ်ပြီးသား၊ အပြည့်အစုံမှန်ပြီးသား၊ ပြည့်ပြည့်စုံစုံ မှန်ပြီးသား သူ့အနေနဲ့သူ ရှိပြီးသား သစ္စာလေးပါး။

လေးပါးသော သစ္စာတရားမှ လျော့လည်းမသွား၊ ပိုလည်း မသွား၊ သူ့အတိုင်းတိုင်း မှန်၍မှန်၍နေတာ၊လိုရင်း သိဖို့ကတော့ နိဗ္ဗာန်တည်းဟူသော နိရောဓသစ္စာတရား တခုသာလျှင် ရှိပါ တယ်၊ အားလုံးသောသစ္စာတို့ကို မဆိုလိုပါဘူး၊ ဘာကြောင့်လဲ ဆိုတော့ ဒုက္ခသစ္စာ၊ သမုဒယသစ္စာနှင့် မဂ္ဂသစ္စာဟာ အမြဲ ရှိသော တရားမဟုတ်ဘူး၊ မိမိတို့က နှလုံးသွင်းမှ အာရုံပြုမှ ဖြစ်လာတာ၊ နိရောဓသစ္စာ တရားသာလျှင် အမြဲရှိနေသော တရားမို့၊ နိရောဓသစ္စာဖြစ်လို့မို့၊ သူ့ကိုသာ ထင်ထင်ရှားရှား သိကြရမှာ။

ပြည့်သွားအောင် ဖြည့်ပေးရမှာလဲ မဟုတ်ဘူး၊ ဖြစ်လာ အောင် လုပ်ပေးရမှာလဲ မဟုတ်ဘူး၊ အခုတော့ ယောဂီတို့က နိဗ္ဗာန်ဆိုတာ ဖြစ်လာအောင် လုပ်ပေးရမယ်လို့ ထင်နေကြ တယ်၊ တရားက တရားအနေနဲ့ ပြီးပြည့်စုံပြီးသား၊ ဟုတ်ပြီးသား မှန်ပြီးသား၊ ဤလေးပါးသော သစ္စာတရားသည် ဘယ်တုံးက စဖြစ်လာသလဲလို့၊ အစလဲမရှိဘူး၊ အဆုံးလဲမရှိဘူး၊ ရှော့မယ်၊ နည်းမယ်၊ တိုးမယ်၊ ဆုတ်မယ်လို့လဲ မရှိဘူး၊ သူ့အတိုင်း သူ့ အတိုင်းပဲ၊ လေးပါးသောသစ္စာတရားသာလျှင် ရှိတယ်လို့သိဘဲ့ ဉာဏ်က မဖြစ်ကြဘူး။

လေးပါးသော သစ္စာတရားမှာပါး ထင်တာတွေ မရှိဘူး၊ သူထင်တယ်၊ ငါထင်တယ်၊ လူထင်တယ်၊ နတ်ထင်တယ်၊ ပုဂ္ဂိုလ်

ထင်တယ်, သတ္တဝါတွေထင်တယ်, ယောကျ်ားတွေ ထင်တယ်, မိန်းမတွေ ထင်တယ်, လူချမ်းသာထင်တယ်, နတ်ချမ်းသာ ထင်တယ်၊ ဗြဟ္မာချမ်းသာရယ်လို့ ထင်ကြတယ်၊ ယုံကြတယ်၊ ယူကြတယ်၊ မှတ်ကြတယ်။ အဲဒီထင်တာတွေမဟုတ်ဘူး၊ ဖေါက်ပြန်တဲ့ တရားတွေ ဖြစ်လာတာ၊ မဟုတ်မမှန် ဖေါက်ပြန်တဲ့ တရားတွေ ဖြစ်လာတာကို လူ့ ချမ်းသာတွေ ဖြစ်တယ်၊ နတ်ချမ်းသာတွေ ဖြစ်တယ်၊ ဗြဟ္မာချမ်းသာတွေဖြစ်တယ်လို့ ဆိုကြတာက ဖေါက်ပြန်တဲ့ စိတ်တရားတွေ ဖြစ်လာတာ။ တကယ်မဟုတ် တကယ်မမှန်ဘူး၊ တကယ်ဟုတ် တကယ်မှန် တကယ်မှန်တာက လေးပါးသော သစ္စာတရားသာလျှင် ရှိတယ်။

ဒုက္ခသစ္စာဆိုတာကလဲ တရား၊
သမုဒယသစ္စာဆိုတာကလဲ တရား၊
နိရောဓသစ္စာဆိုတာကလဲ တရား၊
မဂ္ဂသစ္စာဆိုတာကလဲ တရား၊ အားလုံးတရားချည်းပါပဲ၊
ကုသိုလ်ဆိုတာကလဲ တရား၊
အကုသိုလ်ဆိုတာကလဲ တရား၊
အဗျာကတဆိုတာကလဲ တရား၊
ရုပ်ဆိုတာကလဲ တရား၊
နာမ်ဆိုတာကလဲ တရား၊
အနိစ္စဆိုတာကလဲ တရား၊
ဒုက္ခဆိုတာကလဲ တရား၊
အနတ္တဆိုတာကလဲ တရား၊

သတိပဋ္ဌာန်ဆိုတာကလဲ တရား၊
သမ္မပဓာန်ဆိုတာကလဲ တရား၊
ဗိုလ်-ဗောဇ္ဈင်ဆိုတာကလဲ တရား၊
မဂ်ကလဲ တရား၊
ဖိုလ်ကလဲ တရား၊
နိဗ္ဗာန်ကလဲ တရား၊ အားလုံးတရားတွေချည်းပါပဲ။

လွယ်လွယ်သိဖို့ကတော့ ဩြဝ် - တရားတွေသာလျှင်ရှိပါက လား၊ဟုတ်ပါကလား မှန်ပါကလားရယ်လို့ မသိကြလို့၊ တရားတွေသာဟုတ်တယ် တရားတွေချည်းသာ မှန်နေပါကလား ရယ်လို့ သိကြရအောင်လို့ တရားဟောရဘာကို သိမြင်ရေး တရားလို့ခေါ်တယ်၊ တရားတွေသိအောင်လို့တရားဟောရတာ၊ အခုတော့ တရားတွေကို တရားရယ်လို့မသိကြဘူး၊ မမြင်ကြဘူးပေါ့၊ တရားကို တရားရယ်လို့ မသိကြဘူး၊ မမြင်ကြဘူး၊ တရားဆိုတာ သိစရာ သိဘို့ဘရား၊ အဲဒါကြောင့် ညေယျဓံတရားလို့ ခေါ်တယ်။ ညေယျ-ဆိုတာက သိအပ်တာ သိဘို့ရာ၊ ဓံ-ဆိုတာက တရား၊ နှစ်ခုပေါင်းလိုက်တော့ သိစရာဘရား၊ သိအပ်တဲ့တရားရယ်လို့ခေါ်တယ်။ ညေယျဓံဆိုတာ ငါးပါးရှိတယ်။

(၁) သင်္ခါရ၊
(၂) ဝိကာရ၊
(၃) လက္ခဏ၊
(၄) နိဗ္ဗာန်၊
(၅) ပညတ်၊ ဆိုပြီးရှိတယ်။

တရားတွေပဲ ရှိတယ်၊ ရှိတာက ဘယ်လို ရှိသလဲ ဆိုတော့ အကြောင်းကြောင့် အကျိုးတွေဖြစ်နေတဲ့ တရားတွေပဲရှိတယ်၊ ကောင်းတဲ့အကြောင်းတွေပြုတော့ ကောင်းတဲ့တရားတွေ ဖြစ်တယ်၊ မကောင်းတဲ့ အကြောင်းတွေကြောင့် မကောင်းတဲ့ တရားတွေဖြစ်တယ်၊ မကောင်းတဲ့ အကုသိုလ် အကြောင်းတွေ ပြုတော့ မကောင်းတဲ့ အကုသိုလ်တရားတွေ ဖြစ်ကြရတယ်၊ ကောင်းတဲ့ ကုသိုလ်အကြောင်းတရားတွေကြောင့် ကောင်းတဲ့ ကုသိုလ်တရားတွေ ဖြစ်ကြရတယ်၊ လူတွေ နတ်တွေ ဗြဟ္မာတွေ ဖြစ်ကြရတယ်၊ မကောင်းတာအကြောင်းခံပြန်တော့ မကောင်းတဲ့ ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ်တွေ ဖြစ်ကြရတယ်။

အဲဒါက ဖြစ်လိုင်းလို့ ခေါ်တယ်၊ တရားဆိုတာက ဖြစ်လိုင်း မဖြစ်လိုင်းရယ်လို့ နှစ်မျိုးရှိတယ်၊ ကောင်းမကောင်းဆိုတာက ဖြစ်လိုင်း ဖြစ်လာတာကလဲတရား၊ မဖြစ်တာကလဲတရားပဲ၊ ဘာမှ မဖြစ်ပဲနေတော့ ဘာမှမဖြစ်တဲ့အနေနဲ့ မှန်နေတယ်၊ အခုတော့ ဘာမှ မဖြစ်ပဲနေရင် ဘာမှမဖြစ်ပဲနေတာကို ခင်ဗျားတို့က ဘာမှ မဟုတ်ဘူးလို့ ယူနေကြဒါ၊ အဲဒါခက်တယ်၊ ဘာမှမဖြစ်ပဲ နေတော့ ငြိမ်းချမ်းနေတယ်လို့ ပြောရတာ၊ အဲဒီတော့ ဘာမှ မဖြစ်ပဲ အဖြစ်တွေမှ ငြိမ်းချမ်းနေတဲ့တရားကို သိရမှာ၊ အဲဒါကို အသိခက်နေကြတာပဲ၊အဖြစ်တွေအကုန်ငြိမ်းနေကြဒါ၊ ဖြစ်ပေါ်မှုတွေ ချုပ်ငြိမ်းနေဒါ၊ အဲဒါကို တရားရယ်လို့မမှတ်ဘာ တရားရယ်လို့မသိတာခက်တယ်၊ အဲဒါက ချုပ်လိုင်းခေါ်တယ်။

ဥပမာ မီးဖိုထဲမှာ မီးလောင်လာတော့ မီးလောင်တယ်လို့ သိတယ်၊ မီးတွေတောက်နေတာ ဟုတ်တယ်လို့ ဒီလိုသိကြတယ်၊ မတောက်ပဲ မီးတွေငြိမ်းနေတဲ့ အခါမှာတော့ ငြိမ်းနေတယ်လို့ မသိကြဘူး၊ အဲဒါကို ဘာမှန်းမှ မသိကြဘူး၊ မီးတွေ ငြိမ်းနေတော့လဲ ငြိမ်းနေတာမှန်တယ် ဟုတ်တယ်လို့ သိရမှာပဲ၊ တရားဆိုတာ ဗမာလိုပြန်တော့ မှန်တယ် ဟုတ်တယ်လို့ ဆိုရတာပဲ၊ မီးတွေ ငြိမ်းနေတာ မှန်ပါတယ်၊ ဟုတ်ပါတယ်၊ မီးတွေမွှေးလို့ မီးတွေတောက်လာတာလဲ ဟုတ်ပါတယ် မှန်ပါတယ်၊ မီးတွေ ငြိမ်းအေးအောင်ကတော့ပြုလုပ်ပေးရသေးသလား၊ပြုလုပ်မပေးရပါဘူး၊ သူ့အလိုလိုကတော့ငြိမ်းနေတယ် သူ့အလိုလိုကတော့ ချုပ်နေတယ်၊ နိဗ္ဗာန်ဆိုတာ အဲဒီသဘောပါပဲ၊ အဲဒီ ဥပမာတူစွာ သူ့အလိုလိုကတော့ အေးနေတယ်၊ သူ့အလိုလိုကတော့ ငြိမ်းနေတယ် ချုပ်နေတယ်၊ သူ့အတိုင်းတိုင်းကတော့ အေးပြီးသား ချုပ်ပြီးသား ငြိမ်းပြီးသား၊မီးဖိုထဲကမီးဟာ ပကတိအတိုင်းတိုင်းကတော့ အေးပြီးသား ငြိမ်းပြီးသား ချုပ်ပြီးသားမှန်နေသလိုပဲ။

အဲဒီလိုပဲ ဒီမှာလဲပဲ မိမိတို့ရဲ့စိတ်မှာ သူ့အလိုလိုကတော့ အေးပြီးသား၊ ငြိမ်းပြီးသား၊ ချုပ်ပြီးသား၊ အဲဒါကို နိဗ္ဗာန်လို့ ပြောရတယ်၊ နိရောဓသစ္စာလို့ ပြောရတယ်၊ အဲဒီနိဗ္ဗာန်ကိုပဲ သိတဲ့ဉာဏ်ဖြစ်တာ၊ အဲဒီသိတဲ့ဉာဏ်ကိုပဲ မဂ္ဂသစ္စာခေါ်တယ်၊ သူကလဲ တရားပဲ၊ လိုရင်းကတော့ သစ္စာလေးပါးတရားပဲ။

သုံးဆယ့်တဘုံကလဲ သမုဒယသစ္စာကြောင့် ဒုက္ခသစ္စာဖြစ်နေတာပါပဲ၊ သခါရတရားတွေဟာ ဖြစ်လာရင် ပျက်တယ်၊

လူရယ်,နတ်ရယ်လို့ဖြစ်လာရင်၊ လူအို နတ်အို ရယ်လို့ ဖြစ်ရတယ်၊ နောက် လူသေ နတ်သေရယ်လို့ သေရပြန်တယ်၊ဒီအတိုင်း မှန်မှန်ကန်ကန် ဖြစ်နေကြပါတယ်၊ ဒီ သဘောတရားကတော့ ဘယ်တော့မှ ပြောင်းသွားတယ်လို့ မရှိဘူး၊ ဖြစ်လာကလဲ ပျက်ကြရတယ်လို့ ဒီလိုသိကြရမယ်၊ အဲဒါ သူတွေ ငါတွေ လူတွေ နတ်တွေ မခေါ်ဘူး၊ တရားတွေသာဟုတ်တယ်။

အဲဒီတရားတွေကိုနားလည်အောင်ပြောရရင်တော့၊ ခင်ဗျား တို့ရဲ့ ခြေအစခေါင်းအဆုံးဆိုတဲ့ ရုပ်တုံးကြီးကိုကတရားတုံးကြီး၊ တရားကောင်ကြီးပဲ၊ ဘယ်လို တရားတုံးကြီးလဲဆိုတော့၊ တရားဆိုတာ မှန်မှန်ကန်ကန်ဖြစ်တယ်၊ တရားဆိုတာရိုးရိုးသားသားပဲ၊ အဲဒါကြောင့် တရားလို့ခေါ်တယ်၊ ခင်ဗျားတို့ကသိသိ၊ မသိသိ၊ အောက်မေ့မေ့၊ မမေ့မေ့ ဖြစ်လာလို့ရှိရင် အိုမယ်, နာမယ်, သေမယ်,ဆံဖြူမယ်,သွားကျိုးမယ်, နားထိုင်းမယ်, ခါးကုန်းမယ်၊ ရိုးရိုးသားသား ဒီအတိုင်းဖြစ်နေကြတာ မှန်ပါတယ်၊ လူတွေက တရားသိဆိုတာ တခြားသိစရာ ရှိတယ်မှတ်တယ်၊ မိမိတို့ ကိုယ်တိုင်က တရားတုံးကြီး တရားကောင်ကြီးဖြစ်နေတာ မသိကြဘူး ဒီတရားကိုတော့ အကျိုးတရားလို့ခေါ်တယ်၊ တရားသိချင်ရင် အဲဒီကစသိ၊ဒီရုပ်ကောင်ကြီးကိုပဲ ပုဂ္ဂိုလ်သတ္တဝါအဖြစ် ခေါ်ကြ ပြောကြ ဆိုကြတာ၊အဲဒီခေါ် ပြောတာတွေကို အသာဖယ်ထား လို့ရှိရင် သူ့သဘောက ဘယ်လိုဖြစ်မလဲ တနေ့ထက်တနေ့ဘယ် လိုများ ဖြစ်မလဲ၊ အဲဒီလိုစဉ်းစားကြည့် မိမိကိုယ်ကောင်ကြီးကို မေးကြည့် "နင်-တနေ့ဘယ်လိုဖြစ်မှာလဲ" လို့ မေးကြည့်၊ ကောင်

အိုမှာပါ့ကေန်သေမှာပါ့ကေန်နာမှာပါ၊ တနေ့သေမှာ မှန်ပါတယ်၊ ကိုယ်က မသိသိ၊ မအောက်မေ့မေ့ သူ့ဟာသူကတော့ မှန်ပါတယ်၊ အဲဒါ တရားလို့ခေါ်တယ်၊ တရားကောင်ကြီး တရားတုံးကြီးပဲလို့ ဒီကစပြီး သိကြရမှာပဲ၊ တရားနဲ့လွဲလို့ကို မဖြစ်ခဲ့ဘူး၊ တရားမဟုတ်လို့ကိုမဖြစ်ဘူး၊ ဟုတ်နေတာကတရားတွေပဲ၊ ဗဖြစ်လာကတည်းက ဇာတိတရားကစဖြစ်လာတာ၊ ဒါကို စာလိုကတော့ ဇာတိပိဒုက္ခာလို့ ဟောတာ၊ စဖြစ်ကတည်းက တရားတွေဖြစ်လာလို့အနုလံတရားပဲ၊နောက်လံတရားပဲ၊ ခြေအစခေါင်းအဆုံးဆိုတဲ့ ဒီတရားကြီးကတော့ ဖြောင့်ဖြောင့်မှန်မှန် ရိုးရိုးသားသားပဲ၊ အင်မတန်မှ ရိုးသားဖြောင့်မတ်ပြီး သဘောကောင်းတယ်၊ သူဖြစ်စဉ်အတိုင်း သူဖြစ်နေတာပဲ၊ အဲဒီတရားအပြင် မရိုးမသား ဆိုးဝါးတဲ့ တရားလဲရှိတယ်၊ သူခိုးနဲ့တူတဲ့ တရားကလဲရှိတယ်၊အဲဒါစိတ်တရား၊ အဲဒီဆန်းပြားတဲ့ စိတ်တရားက သူ့ဟာသူ ရိုးရိုး သားသား ဖြစ်နေတဲ့ ရုပ်တရားကြီးကို သူ့အတိုင်းတိုင်း မထင်ဘူး၊ မမြင်ဘူး၊ မရိုးမသား ဆိုးဝါးတဲ့ စိတ်တရားက....

သူထင်ချင်ရာထင်တယ်၊
သူမြင်ချင်ရာမြင်တယ်၊
ယူချင်သလိုယူတယ်၊
စွဲလမ်းချင်သလို စွဲလမ်းတယ်၊
သူယူပုံက ဘယ်လိုယူသလဲဆိုတော့....
သူထင်တယ်၊

ငါထင်တယ်၊
လူထင်တယ်၊
နတ်ထင်တယ်၊
သတ္တဝါတွေထင်တယ်၊
သားတွေထင်တယ်၊
သမီးတွေထင်တယ်၊
မြေးတွေထင်တယ်၊ အဲဒါဆိုးဝါးတဲ့စိတ်တရားပဲ။

တခါတခါတော့လဲ လောဘတွေ ဒေါသတွေ သောကတွေ ဖြစ်တယ်၊ တခါတခါ တောင့်တစိတ်ဖြစ်တယ်၊ အမျိုးမျိုးသော အယူအဆတွေဖြစ်တယ်၊ လူမျိုးကများပြားလို့ အယူတွေကလဲ များပြားနေကြတယ်၊ ကိုယ့်အယူနဲ့ကိုယ်ကတော့ ဟုတ်တယ်လို့ယူနေကြတာပဲ၊ ကိုယ့်ဟာနဲ့ ကိုယ်ကတော့မှန်နေကြတယ်၊ သံသရာဆိုတာ ဒီလိုသည်တာ၊ တကယ်ဟုတ်လို့ တကယ်မှန်နေတာ မဟုတ်ဘူး၊ ကိုယ့်အယူနဲ့ ကိုယ်ဟုတ်တာ၊ ကိုယ့်အထင်နဲ့ ကိုယ်လုပ်တာ၊စိတ်ကဒီလိုလိမ်ပြတာ၊အဲဒါသံသရာလို့ခေါ်တာ။

ဟုတ်-ဟုတ်တဲ့အတိုင်း မှန်-မှန်တဲ့အတိုင်းတရားကို တရားလို့ မသိဘူး၊ မသိတော့ စိတ်ကထင်ချင်သလိုထင်တယ်၊ ကိုယ့်အယူနဲ့ကိုယ်ကတော့ ဟုတ်နေတာပဲ၊ ဟုတ်တယ်လို့ မြင်ကြတယ်၊ သိကြတယ်၊ တကယ်တော့ ဟုတ်တာမဟုတ်ဘူး။

ငါ့ကိုယ်ထင်တယ်၊
သူ့ကိုယ်ထင်တယ်၊
ငါ့အိုးငါ့အိမ်ရယ်လို့ထင်ကြတယ်။

အထင်နဲ့ ပျော်တာ၊
အထင်နဲ့မော်တာ၊
အထင်နဲ့ကြွားတာ၊
အဲဒါကို ဘုရားက သင်တို့ထင်သလိုမဟုတ်ဘူး။
အထင်နဲ့ ပျော်ကြတယ်၊
အထင်နဲ့ ပြုံးကြတယ်၊
အထင်နဲ့ ရင်တီးလက်ခတ်ငိုကြတယ်၊
အထင်နဲ့ ပူကြတယ်၊
အထင်နဲ့ဆွေးကြတယ်၊

ငိုကြတယ်, ရယ်ကြတယ်, ပျော်ကြတယ်,ရှင်ကြတယ်, အမျိုးမျိုးသော လောကီစိတ်တွေအထင်နဲ့ ပြောနေကြတာ၊အထင်နဲ့ဖြစ်နေကြတာ၊ တကယ်ဟုတ်တာမဟုတ်ဘူး၊ ဒီလိုဘာကြောင့်ဖြစ်ရသလဲဆိုတော့ ဟုတ်တာကို မသိလို့ပဲ၊ လိုရင်းကတော့တရားကို တရားအတိုင်းတိုင်းသိဖို့ပါပဲ တရားကို တရားအတိုင်းတိုင်း သိမြင်တော့ ငြိမ်းတယ်၊ ဘာတွေငြိမ်းသလဲဆိုကော့ အခုပစ္စုပ္ပန်မှာ အခုမသေခင် အရှင်လတ်လတ်မှာတော့....

လောဘအဖြစ်ကလဲငြိမ်းတယ်
ဒေါသအဖြစ်ကလဲငြိမ်းတယ်
သောကအဖြစ်ကလဲငြိမ်းတယ်
စိတ်ပူစိတ်ဆွေးတွေကငြိမ်းတယ်

ဘာဖြစ်လို့လဲဆိုတော့ ဟုတ်-ဟုတ်တဲ့အတိုင်းတိုင်းတရားကိုတရားအတိုင်းတိုင်းသိလို့ အဲဒါတွေငြိမ်းရမှာ၊ အခု အဲဒါတွေ

မငြိမ်းကြလို့ စိတ်ပူတွေ ဖြစ်ကြရတယ်၊ စိတ်ပူ စိတ်ဆွေး စိတ်မအေးတွေ ဖြစ်ကြရတယ်၊ အခုဘဝမှာကိုပဲ ဒီစိတ်တွေ ဖြစ်ရလွန်းလို့ နောင်တမလွန်မှာတော့ ဘဝ ဘဝတွေ ဖြစ်ကြတယ်၊ ဖြစ်ကြရရင်တော့ အိုရမယ်, နာရမယ်, သေရမယ်, ဒီအဖြစ်တွေကို မြင်လို့ အခုအခါမှာ တရားကိုနာကြတယ်၊ အဲဒီလိုဖြစ်ရတဲ့ ခပ်သိမ်းသောဒုက္ခတွေ ဘာဖြစ်လို့ရသလဲဆိုတော့ မသိလို့ပါ၊ ဘယ်လိုမသိလို့လဲ၊ ဩော်....လေးပါးသော တရားသာလျှင်အမှန်ရှိတယ်၊ လေးပါးသော တရားမှတပါး ဆင်းရဲခံနေရတဲ့ လူတွေ,နတ်တွေ,ဗြဟ္မာတွေ မရှိဘူး၊ နိဗ္ဗာန်ရောက်တယ် ဆိုတဲ့ သတ္တဝါတွေမရှိဘူး၊ ဆင်းရဲကင်းတဲ့ နိရောဓ သစ္စာသာလျှင် ရှိတယ် ဒီလိုမြင်ရ ဒီလိုသိကြရမှာ။

ငါဆိုတာကတော့တယ်တွင်ကျယ်ချင်တယ်၊ နိဗ္ဗာန်ငါရောက်ချင်ပြန်တယ်၊ သူ့အတွက် ခက်တာပဲ၊ ငါ့အတွက် ခက်တာပဲ၊ ဒါကြောင့် ခင်ဗျားတို့ အရပ်ထဲမှာလဲ တကာ-တကာမကြီးတွေ တခါတခါ ညည်းနေကြသားပဲ၊ ငါ့အတွက်ခက်လွန်းလို့၊ အရာရာမှာ ငါချည်းပဲ၊ ငါသေရင်တော့ အေးမယ်လို့ ပြောကြတယ် ပြောကြတာတွေက ဟုတ်ပါတယ်၊မှန်ပါတယ်၊ ငါသေရင်တော့ အေးမှာပါပဲ။

ငါငါဆိုတာ သက္ကာယဒိဋ္ဌိခေါ်တယ်၊ ငါငါဆိုတဲ့ခေါ်ဝေါ် အသုံးပြုတဲ့စိတ်နှင့်မဆိုင်၊ အဲဒီ ငါငါဆိုတဲ့ အယူအစွဲ ဥပါဒါန်စိတ် သေရင်တော့ သိပ်ကောင်းတာပေါ့၊ အဲဒီ နယ်ချဲ့နေတဲ့ ငါ-မြန်မြန်သေပါစေလို့ ဆုတောင်းရင်တော့ ကောင်းတယ်၊

အဲဒီလိုအရပ်ထဲမှာ ပြောကြဆိုကြတဲ့ အသံတွေက မှန်နေတာကို ဘုန်းကြီးက ရှင်းပြနေရတာ၊ ငါမသေနိုင်လွန်းလို့ ငါသေရင်တော့ အေးမယ်ဆိုတာ ဟုတ်သားပဲ၊ငါက ရောတည်ထားတော့ အစစအရာရာ ငါ့ဟာ, ငါ့ပစ္စည်း, ငါ့သား, ငါ့မယားနဲ့ ငါ ဆိုတဲ့ သက္ကာယဒိဋ္ဌိက တွင်ကျယ်နေလိုက်ထာ အဲဒီ သက္ကာယဒိဋ္ဌိ သေရင်တော့ အေးမယ်၊ အဲဒီ ငါမသေလို့ ဒုက္ခတွေ ဖြစ်ကြရတာပဲ၊ သံသရာဆိုတာ ဒီကစတာပဲ။

ဖြစ်လာရတာမကောင်းလို့ ဘုရားကဟောတာကို သတ္တဝါတွေက အကောင်းထင်နေကြတာ၊ တကယ်တော့ အကောင်းဖြစ်နေတာ မဟုတ်ဘူး။ မသာလောင်းတွေဖြစ်နေတာ တနေ့သေမှာမှန်တယ်၊ သေခြင်းဆိုးတရားဆိုတာမှန်တယ်။ သေတော့ သေခြင်းဆိုးတရား၊ နာတော့ နာခြင်းဆိုးတရား၊ အိုတော့ အိုခြင်းဆိုးတရား ဒီတရားတွေသာ မှန်ပါတယ်။

ဒါတွေမဖြစ်အောင်လို့ ရှောင်နေ ပုန်းနေလို့ မဖြစ်ပါဘူး၊ ဘယ်လိုနေလို့မှမရဘူး။ မှန်မှန်ကန်ကန် သူ့အတိုင်းတိုင်း ရိုးရိုးသားသား ဖြစ်နေကြတဲ့တရား ဖြစ်လာရင်တော့ အိုရမယ် နာရမယ် သေရမယ်၊ အဲဒါတွေကြောင့် မကောင်းဘူး။ အဲဒီလိုအသိမမှန်လို့ အယူမမှန်လို့ အကောင်းထင်နေကြတယ်။ လောဘတည်းဟူသောအကြောင်း၊ ဒေါသတည်းဟူသော အကြောင်း၊ သောကတည်းဟူသောအကြောင်း၊ ပဋ္ဌာန်းဒေသနာတော်အလိုကတော့ ဟေတုတည်းဟူသော ပစ္စည်းအကြောင်းကြောင့်....

လောဘဟေတု

ဒေါသဟေတု၊

မောဟဟေတု၊

အဲဒီ ဟေတုပစ္စည်းကြောင့် ဘဝတွေဖြစ်လာသရသဲ့ဆိုတော့ သတ္တဝါတွေလို့ခေါ်တဲ့ သုံးဆယ့်တဘုံ ဖြစ်၍ လာကြတာ။ ခင်ဗျားတို့ဟေတုပစ္စယောဆိုတဲ့ ပဋ္ဌာန်းများ အဆန်းမှတ်မနေကြနဲ့၊ ငါလို့ထင်နေတာကိုပြောတာ၊ ပဋ္ဌာန်းဆိုတာ ပဋ္ဌာနဖြစ်နေတာကိုပြောတာ. လူတွေနတ်တွေ သတ္တဝါတွေ ဖြစ်လာတာ။

လောဘပစ္စည်းကြောင့်၊

ဒေါသပစ္စည်းကြောင့်၊

မောဟပစ္စည်းကြောင့်၊ သုံးဆဲ့တဘုံ ဖြစ်လာရတာ။

ဒီအကြောင်းသုံးပါးပဲရှိတယ်၊ အဲဒါကြောင့် မကောင်းတာ၊ လောဘဆိုတာ မကောင်းဘူး၊ ဒေါသဆိုတာ မကောင်းပါဘူး၊ မောဟဆိုဘာမကောင်းပါဘူး။ မကောင်းတာ ဖြစ်မယ်ဆိုတာ၊ အိုမယ်၊နာမယ်၊သေမယ်၊ အကြောင်းကမကောင်းတွေ ခံထားတော့ မကောင်းတာတွေဖြစ်လာတာပဲ။ သတ္တဝါတွေက လူချမ်းသာ, နတ်ချမ်းသာ, ဗြဟ္မာချမ်းသာတဲ့၊ လူချမ်းသာ ဆိုတာ ဘယ်တုံးကမှ မဖြစ်ခဲ့ဘူးပါဘူး၊ အခုလဲ အထင်ကြီးမနေကြပါနဲ့၊ လူချမ်းသာ ဆိုတာက သမုတ်တာ၊ အခုလဲ လူချမ်းသာ မဟုတ်ဘူး၊ ဒီကာယကြီးကတော့ အိုရမယ်၊နာရမယ်, သေရမယ်၊ စိတ်ကသဲ လောဘ,ဒေါသ, မောဟ, ပရိဒေဝ, ဒေါမနဿ တွေသာ ဖြစ်နေတယ်။

သူဌေးကြီးဆိုတာလဲ သွားမေးကြည့်ပါလား၊ သူဌေးကြီး ပရိဒေဝဒုက္ခ ဒေါမနဿ ဆိုတာတွေ ဖြစ်မနေကြဘူးလား၊ အိုခြင်း၊ နာခြင်း၊ သေခြင်း ဆိုတာကလဲ ကေန် ဖြစ်နေတာပဲ၊ သူဌေးမင်းကြီးရယ်လို့ ခေါ်ကြပြောကြတော့ သူဌေးမင်းကြီး ရယ်လို့ တကယ်ဖြစ်လာသလား၊ သူဌေးမင်းကြီးများ တကယ် ရှိသလား၊ မရှိပါဘူး၊ လူချမ်းသာက တကယ်မရှိဘူး၊ ရှိနေတာ ဟုတ်နေတာက ဘာလဲ၊ အိုမယ်၊ နာမယ်၊ သေမယ်၊ စိတ် ကကော စိတ်ပူ၊ စိတ်ဆွေး၊ စိတ်ဘေးဒုက္ခတွေဖြစ်နေတယ်၊ အလို မကျလို့ သောကတွေ ဖြစ်ကြရတယ်၊ ဒါလဲဒုက္ခပဲ၊ လူချမ်းသာ၊ နတ်ချမ်းသာ၊ ဟုတ်တယ်လို့ သတ္တဝါ ဝေနေယျတွေ ထင်နေ တယ်၊ အဲဒီလို သင်တို့ထင်တာတွေမဟုတ်ဘူး၊ မြင်တာတွေသာ ဟုတ်တယ်၊ အိုတာကိုမြင်ရတယ်၊ နာတာကိုမြင်ရတယ်၊ နားကလဲ ကြားတယ်၊ ပါးစပ်ကလဲ ညည်းတယ်။ အဲဒါဟုတ်တယ်၊ ဒုက္ခ မို့လို့ဒုက္ခသံတွေ တွက်လာတာ၊ အဲဒါသာဟုတ်တယ်၊ သမုတိ သစ္စာဆိုတာ၊ခေါ်တာ၊ပြောတာ၊ လူချမ်းသာဆိုဘာမဟုတ်ဘူး၊ နောင်လဲ လူချမ်းသာဖြစ်မှာမဟုတ်ဘူး။

ရုပ်မှာ ဇာတိရယ်လို့ဖြစ်၊ လူ့ဇာတိ၊နတ်ဇာတိ၊ပြဟ္မာဇာတိ ရယ်လို့ဖြစ်လာရင် လူအို၊ နတ်အို၊ ပြဟ္မာအို၊ လူသေ၊ နတ်သေ၊ ပြဟ္မာသေနဲ့ ဖြစ်ကြရတာပါ။ ဘုရားက အဲဒါတွေ ဒုက္ခလို့ ဟောတယ်၊ဒါတွေသာလျှင်ဖြစ်မယ်၊ အဲဒါတရားရယ်လို့ ဟော ခဲ့တယ်။ သိတဲ့ဉာဏ်ကမဖြစ်လို့ မကောင်းတဲ့ဒုက္ခတွေ ဖြစ်တယ်။ မသိတဲ့ မောဟနဲ့ လောဘ ဒေါသသာလျှင် အကြောင်းရင်းခံ

မို့လို့၊ မကောင်းတဲ့အမှုတွေ ဖြစ်နေရတာ၊ လူရော့၊ နတ်ရော့၊ ဗြဟ္မာရော၊ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် ဆိုတာတော့ ပြောစရာမရှိတော့ပါဘူးပေါ့။ ဟေတုမကုန်ခြင်းကြောင့် ဟေတုပစ္စယော ဖြစ်တာသို့ ဟောတယ်၊ လောဘ-ဟေတု၊ ဒေါသ-ဟေတု၊ မောဟ-ဟေတု၊ အလောဘ-ဟေတု၊ အဒေါသ-ဟေတု၊ အမောဟ-ဟေတု ဖြစ်တယ်။

အလောဘ၊ အဒေါသ၊ အမောဟဆိုတာ လောဘ၊ ဒေါသ၊ မောဟ မဖြစ်ဘူး၊ ဒီအတိုင်းတိုင်းနေတာ၊ နေတော့မှ ဘာမှ မဖြစ်ဘူး၊ အဒေါသ၊ အမောဟ၊ အလောဘ အကြောင်းတို့ ကြောင့် ဘာမှမဖြစ်ဘူး၊ ပကတိငြိမ်းဘယ်ဖြစ်ပေါ်ရခြင်းမရှိဘူး၊ အဲဒီ ဖြစ်ပေါ်ရခြင်းမရှိရာ နိဗ္ဗာန်ပြောတာ၊ ခင်ဗျားတို့က ဖြစ်အောင် ဖြစ်အောင်ချည်း လုပ်ပေးနေတာ၊ ဘာမှ ဖြစ်ပေါ်ခြင်း မရှိဘူးလို့ သိရမှာ၊ အဲဒါကို (နိဗ္ဗာန်) လို့ ပြောတာ၊ အဲဒါ အလောဘ၊အဒေါသ၊အမောဟ အသိကြောင့် အဖြစ်ငြိမ်းတယ်၊ အမောဟဆိုတာ ပညာ၊ ဘယ်လိုက စသိသွားသလဲ၊စောစောက ပြောခဲ့သလို ငါသေရင် အေးမယ်၊ သိရမှာက ဘယ်လိုသိရမှာလဲ ငါဆိုတာက သေနေတယ်၊ အသေဘရား၊ ဒီလိုသိကြ၊ စာလိုက ဆော့ အနိစ္စလို့ပြောတယ်၊ ငါငါဆိုတဲ့စိတ်၊ ငါငါဆိုတဲ့အယူက အမြဲမရှိဘူး၊ ဖြစ်တဲ့အခါလဲဖြစ်တယ်၊ ဖြစ်ပြီးတော့လဲ ပျောက်ပျက် ကုန်ဆုံးသွားတယ်၊ အဖြစ်မှကုန်နေတယ်၊ သုဉ်းနေတယ်၊ ဆိတ်နေတယ်၊ ငြိမ်းနေတယ် ဆိုတာက သေနေတယ်၊ စာလို

ကတော့ နိရောဓပေါ့၊ ငါငါဆိုတာက သခ်ါရသဘော မဖြစ်ပဲ နိရောဓသဘောဖြစ်၍နေတယ်၊ ငါကသူ့ဟာသူ သေနေတာပဲ။

ငါဆိုတာကစိတ်၊ သူ့ရယ်လူရယ် ဆိုတာကစိတ်၊ ယောကျ်ား ဆိုတာကစိတ်၊ မိန်းမဆိုတာကစိတ်၊ ဘာဘာညာညာ ဆိုတာက စိတ်၊ အဲဒီ ငါငါဆိုတဲ့စိတ်က သူ့အလိုလိုက သေနေတယ်၊ စိတ် ကလေး အသာထားပြီးနားကြည့် စိတ်အတိုင်းတိုင်း နေကြည့်၊ စိတ်အတိုင်းတိုင်း နေကြည့်တော့ ငါငါ ဆိုတဲ့စိတ်က မရှိဘူး၊ ဖြစ်နေတာမရှိဘူး၊ ဖြစ်နေတာတွေက မရှိဘူး၊ ဖြစ်နေတာ မရှိ တော့ ချုပ်နေတာ ရှိတယ်၊ ချုပ်ခြင်းရှိတယ်၊ ငါငါ ဆိုတဲ့ စိတ်က သူ့အလိုလိုကတော့ သေနေတယ်၊ အခုနပြောခဲ့တဲ့ မီး ဥပမာလို၊ မီးကအလိုလိုသေနေတယ်၊ငြိမ်းနေတယ်၊ ထမင်းချက် တဲ့ မီးဖိုထဲမှာ သူ့အလိုလိုတော့ မီးသေနေတာ၊ အဲဒီ မီးသေနေ သလို ခင်ဗျားတို့ရဲ့ စိတ်သန္တာန်မှာလဲ ငါငါဆိုတဲ့မီးက သူ့ အလိုလို သေနေတယ်၊ ဖြစ်နေတာမရှိဘူး၊ သူ့အလိုလိုကတော့ သေနေပါကလားလို့ သိတဲ့ဉာဏ်ဖြစ်တာ၊ အဲဒါ ဝိပဿနာ ဉာဏ်ပဲ။

သက္ကာယဒိဋ္ဌိက သူ့အလိုလို သေနေတယ်၊ သက္ကာယဒိဋ္ဌိကို ချုပ်သွားအောင် သွားမလုပ်နဲ့၊ သေအောင် သွားမလုပ်နဲ့၊ သေနေတာကိုသိရမှာ၊ ကုန်အောင်သွားမဖြုတ်နဲ့၊ ပြုတ်အောင် တော့ သွားမဖြုတ်နဲ့၊ကုန်အောင်သွားမလုပ်နဲ့၊ သွားဖြုတ်ရင် တပ်လျက်သားချည်း ဖြစ်နေမယ်၊ သက္ကာယဒိဋ္ဌိပြုတ်အောင် လုပ်တော့ဘာနဲ့လုပ်မလဲ၊ စိတ်နဲ့လုပ်ရမှာပဲ၊ စိတ်နဲ့လုပ်တော့

အတ္တမဟုတ်ဘူးလား၊ တရားက "သဗ္ဗေဓမ္မာ အနတ္တာ" မဟုတ်ဘူးလား၊ ဘုရားဟောတာက အနတ္တ၊ သူတို့က အတ္တနဲ့ လုပ်မလို့၊ အတ္တဆိုတာ ကိုယ့်ကိစ္စ ကိုယ့်ပယောဂ ကိုယ်က ဂရုစိုက်တာ အားစိုက်တာ၊ သတ္တကိစ္စ အတ္တကိစ္စလို့ ခေါ်တယ်၊ သင်္ခါရဒိဋ္ဌိဆိုတာက သူ့အလိုလိုကတော့....

အေးနေတယ်၊
ပူနေတယ်၊
ချုပ်နေတယ်၊
ငြိမ်းနေတယ်၊

ချုပ်အောင်သွားလုပ်ရမှာမဟုတ်ဘူး၊ လုပ်တော့မှ သတ္တကိစ္စ အတ္တကိစ္စလို့ခေါ်တယ်၊ ဤဟာစဗျာပါဒ မျှားတယ်လို့ခေါ်တာ၊ အဲဒါ မမှန်ဘူး။

သင်္ခါရဒိဋ္ဌိဆိုတာ "သဗ္ဗေသင်္ခါရာ အနိစ္စာ" လို့ ဘုရားက ဟောတဲ့အတိုင်း၊ ဖြစ်နေတာတွေ အမြဲမရှိဘူး၊ မရှိတာ သေခနေလို့ မရှိတာ။

ဥပမာ ပဲခူးမြို့မှာ လူမိုက်တယောက် ရှိသေးလားလို့မေးရင် မရှိပါဘုရား အနိစ္စရောက်သွားပြီလို့ ပြောကြတယ်၊ အခိပ္ပါယ်ကတော့ သေပြီလို့ပြောတာပဲ၊ သေပြီဆိုတော့ ရှိသေးသလား မရှိဘူး၊ အနိစ္စမြင်တယ်ဆိုတာ အဲဒီလို မြင်ရမှာ၊ ဖြစ်တယ်ပျက်တယ် မမြဲဘူး၊ ဒါမြင်ရမှာပဲ၊ ဖြစ်တာကိုက အမြဲမရှိဘူး၊ ဖြစ်တာမရှိဘူး၊ သူ့အလိုလိုကတော့ သေနေတယ်၊ အဲဒါသိကြ အဲဒါလောကီသမ္မာဒိဋ္ဌိပဲ၊ဝိဇ္ဇာဉာဏ်လင်းလာပြီး အမော်ဟလေး

အရဏ်တက်လာပြီ၊ နေဝန်းမပေါ်သေးဘူး၊ ဝိပဿနာဥာဏ်မို့လို့ ပုဗ္ဗဘာဂမဂ်လို့ခေါ်တယ်။ သက္ကာယဒိဋ္ဌိက သူ့အလိုလိုကတော့ သေနေတာမို့ သေရာကြီးကရှိတယ်။ သူ့အလိုလိုက ချုပ်နေလို့ ချုပ်ရာကြီးရှိတယ်။ သက္ကာယဒိဋ္ဌိက ဖြစ်နေတာမရှိဘူး၊ ဒီအတိုင်းတိုင်း အေးနေပါတယ်၊ ငြိမ်းနေပါတယ်၊ ဒီအတိုင်းတိုင်း ငြိမ်းနေတာမှန်ပါတယ်။

ခင်ဗျားတို့ အလုပ်မလုပ်တော့ အလုပ်မလုပ်တဲ့လူကလဲ မှန်တာပဲ၊ အလုပ်လုပ်တော့ လုပ်တဲ့သူကလဲ မှန်တာပဲ၊ ဒီမှာလဲ ဖြစ်နေတော့ ဖြစ်နေတာလဲ မှန်တယ်၊ မဖြစ်တော့ မဖြစ်သေးတာလဲ မှန်တယ်၊ သူ့ဟာသူ ငြိမ်းနေတာ မှန်တယ်၊ အဲဒါ သိကြရမှာ၊ ဒီလိုသိတာကို အမောဟလို့ခေါ်တယ်။ အဲဒီ အမောဟကြီးက သိမြင်နေလို့ ဟေတုပစ္စယောထဲက ဘာဖြစ်လို့လဲ၊ ဘာမှမဖြစ်ဘူး။ ဒီအတိုင်းတိုင်း ဒီအတိုင်းတိုင်းပဲ။ ဒီအတိုင်းကြီးက နေပြီးသားကြီး၊ ဒီအတိုင်းတိုင်း နေပြီးသားက တရားပါကလားလို့ သိရမှာ မြင်ရမှာ။ ဒီအတိုင်းတိုင်း တရားရယ်လို့ မသိတာမောဟလို့ခေါ်တယ်။ တရားရယ်လို့ သိတာကို အမောဟလို့ခေါ်တယ်။ အလောဘ အဒေါသ အမောဟတွေ ဖြစ်နေတော့ ဟေတုပစ္စယောတွေ ငြိမ်းနေတယ်လို့ ပြောရဘာ၊ သူကလဲ စိတ်လိုပဲ၊ သူက အဖြစ်ငြိမ်းရမယ်။

ငါမသေနိုင်လို့ ငါသေရင် အေးမယ်လို့ပြောတာ ဟုတ်တယ်၊ ဟုတ်တဲ့တရားပဲ၊ တရားနဲ့တည့်အောင်နေကြည့်ပါ၊ ဟုတ်

တဲ့တရားပဲ၊ အရပ်ထဲကပြောကြတယ်၊ ဘုရားဖူးတို့ တရားနာတို့ သွားကြ၊ လာကြ ခေါ်ကြတဲ့အခါ သွားတော့ သွားချင်ပါရဲ့ လိုက်တော့ လိုက်ချင်ပါရဲ့ သို့ပေမဲ့လို့ ငါမရှိရင် မဖြစ်ဘူး၊ ငါမရှိမဖြစ်လို့ မလိုက်နိုင်ပါဘူးတဲ့၊ ခင်ဗျားတို့ မှတ်မိအောင် ပြောတာ၊ ငါမရှိရင်တော့ မဖြစ်ဘူးလို့ ပြောကြတာ မှန်ပါ တယ်၊ ဘယ်သိုမှန်သလဲဆိုတော့ ငါသာမရှိရင် မဖြစ်ဘူးလို့ ပြောကြတာမှန်တယ်၊ အဲဒီလို ငါတွေလဲမဖြစ်တော့ဘူး၊ နတ် တွေလဲ မဖြစ်တော့ဘူး၊ ငရဲ, ပြိတ္တာ, အသူရကာယ်ဆိုတာတွေလဲ မဖြစ်တော့ဘူး၊ သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ,ဥပါယာသ ဆိုတာတွေကလဲ မဖြစ်ရတော့ဘူး၊ ဘာမှမဖြစ်ရတော့ဘူး၊ ဖြစ်ရ အုံးမှာတွေ အကုန်ငြိမ်းသွားဘယ်၊ အဖြစ်ခပ်သိမ်း အကုန်ငြိမ်း သွားတယ်၊ အဲဒါ ငါမရှိလို ပဲ သဗ္ဗေခမ္မာ အနတ္တာဆိုတာ မသိကြဘူး၊ မသိတော့ငါနိဗ္ဗာန်ရအောင်လို့ဆိုပြီး မနားအောင် လုပ်ရပြန်ရော၊ တချို့ကလဲ ငါလောဘတွေ ငါဒေါသတွေ ငါမောဟတွေ မဖြစ်အောင်လို့ဆိုပြီး လုပ်ရပြန်ရော၊ သောက ပရိဒေဝမီးတွေ ငြိမ်းအောင်လို့ လုပ်ရပြန်ရော။

အဲဒီလိုမဟုတ်ဘူး၊ လောဘ, ဒေါသ, မောဟ ဆိုတဲ့ တရား တွေကိုက အမြဲမရှိဘူး၊ တခါတခါမှ ဖြစ်ရတာ၊ ဖြစ်ပြီးတော့လဲ ပျက်ရတာ၊ တခါတခါတော့ အဖြစ်ငြိမ်း၍ ငြိမ်း၍ နေတယ်၊ ဖြစ်နေတာတွေကမရှိဘူး၊ အဲဒီလို မှန်·မှန်တဲ့အတိုင်းတိုင်းသိရမှာ ပုံပြင်သိရမှာမဟုတ်ဘူး၊ ရှောင်တိမ်းသိရမှာမဟုတ်ဘူး၊ တွေး တော ကြံစည်ပြီး သိရမှာလဲ မဟုတ်ဘူး၊ ပြောင်ငြိမ်းနေတာကို

သိရမှာ၊ ဘယ်လိုမှ မပြုမပြင်ပဲ ဟုတ်-ဟုတ်တဲ့အတိုင်း မှန်-မှန်တဲ့ အတိုင်းတိုင်း သိရမှာ။

နိဗ္ဗာန်ဆိုတာ သေပြီးမှရောက်မှာ၊ ဘုံကြီးနဲ့ပြာသာဒ်ကြီးနဲ့ စာကလဲ နိဗ္ဗာန်ရွှေပြည်ကြီးနဲ့ ဝေးပြီးလို့ ရေးတယ်၊ အဲဒါ စိတ်အထင် စိတ်အယူ ဝိညာဉ်အယူလို့ခေါ်တယ်၊ ပုထုဇဉ်အယူ လို့ခေါ်တယ်၊ ဒီလိုမဟုတ်ဘူး၊ နိဗ္ဗာန်ဆိုတာ လောကရဲ့ ဟိုမှာ ဘက်မှာ ရှိတယ်လဲမဟုတ်ဘူး၊ နိဗ္ဗာန်ဆိုတာ မိမိရဲ့ခန္ဓာကိုယ်မှာ ရှိတယ်၊ စိတ်သညာနဲ့တကွ တလံမျှလောက်သော ကဠေဝရ ဤခန္ဓာကိုယ်ကောင်ပုပ်ကြီးထဲမှာရှိတယ် နိဗ္ဗာန်ဆိုတာ စိတ်မှာ အဖြစ်ငြိမ်းနေတာ။

နိဗ္ဗာန်ဆိုတာတော့ ရှိရှိနေတယ်၊ စိတ်အဖြစ်တွေ တခါတခါ တော့ ငြိမ်းနေတယ်၊ နိဗ္ဗာန်တရားကတော့ရှိတယ်၊ သစ္စာနည်းနဲ့ ရှိတယ်၊ ဘယ်တော့မှ မပျက်ဘူး၊ မကွယ်ဘူး၊ ဘယ်တုံးကစ ဘယ်တော့မှ ဆုံးမဲ့တရားလဲ့ မဟုတ်ဘူး၊ ဘယ်သူမှ ပြုပြင်ထား တာ မဟုတ်ဘူး၊ ဘယ်သူကမှ ပြုပြင်ဖန်ဆင်းထားတာမဟုတ်ဘူး၊ ဒီအတိုင်းတိုင်း ရှိပြီးသားကြီး၊ ရှိပြီးသားကို ခင်ဗျားတို့က သိပြီး သား ဉာဏ်ကမရှိလေတော့ အဲဒီ နိဗ္ဗာန် တန်ဘိုးမရှိတာ၊ မသုံး ကြရတာ၊ အလကား အချည်းနှီးဖြစ်နေတာ၊ အဲဒါ ခင်ဗျားတို့ သန္တာန်မှာ နိဗ္ဗာန်ဆိုတာ ရှိပြီးသားလို့ သိသွားရအောင် ဟော ရတာ၊ ဟောဒါ နိဗ္ဗာန်လို့ပြောရတာ၊ စိတ်မှာ ဖြစ်ပေါ်မှုတွေ ငြိမ်းနေတာ မရှိတာ၊ နိဗ္ဗာန်ဆိုတာ ဖြစ်ပေါ်မှုတွေငြိမ်းနေတာ၊ ယခုမှစ၍ ဖြစ်ပေါ်မှုမရှိလို့ နောင်အခါလဲ့ ဘဝတွေမဖြစ်ပေါ်

ဘူးလို့ပြောတာ၊ ယခုက ဖြစ်ပေါ်မှုမရှိတာကို ဇာတိကုန်တယ်လို့ပြောတာ၊ ယခုက ဇာတိကုန်လို့ နောင်ဘဝလဲ ဇာတိကုန်ပြီမရှိတော့ဘူးလို့ပြောတာ။

လွယ်လွယ်သိဖို့ကတော့ ကောင်းကောင်း ဆိုးဆိုး အမျိုးမျိုးသော၊ ဟုတ်ဟုတ်မှန်မှန်အမျှားအပြားသောစိတ်တွေဖြစ်ပေါ်မှုမရှိတဲ့အချိန်၊ တသက်လုံးရှိရမှာမဟုတ်ဘူး၊ နိဗ္ဗာန်ဆိုတာ နိဗ္ဗာန်သဘောကို သိမြင်တာက အဲဒီလို တကြိမ်မြင်လိုက်ရင် မိုးကြိုးနဲ့ပစ်လိုက်သလို အင်မတန်မှ ထက်မြက်တယ်၊ အဲဒါ မဂ်လို့ခေါ်တယ်၊ စိတ်တွေဘာမှဖြစ်ပေါ်ခြင်းမရှိပဲဒီအတိုင်းတိုင်းငြိမ်းနေတဲ့ငြိမ်းရာကို နိဗ္ဗာန်လို့ခေါ်တယ်၊ ဒီအတိုင်းတိုင်း သူ့အလိုလိုငြိမ်းနေတာကို မှန်ကန်တဲ့ တရားပါကလားလို့သိတာ တရားတခုပါပဲ၊ ဒီအတိုင်း မနေပြန်တော့လဲ မနေတာကမှန်ပြန်တယ်၊ အဲဒါက ဒုက္ခသာမှန်ဘယ်၊ ဤလိုသိကြပါ။

နိဗ္ဗာန်ဆိုတာ ယောဂီတို့က တခြားမှာ ရှာနေတယ်၊ နိဗ္ဗာန်ဖြစ်အောင် လုပ်နေကြတယ်၊ အဲဒီလို လုပ်တာတွေ ငြိမ်းရမှာ၊ ဒီလိုဖြစ်အောင် လုပ်ပြီးတော့ နိဗ္ဗာန်ရချင်ရချင်နေတယ်၊ အဲဒီလို နိဗ္ဗာန်ကို ရချင်ရချင်နေလို့ မရပဲနေတာ၊ နိဗ္ဗာန် ရောက်ချင်ရောက်ချင်နေလို့ မရောက်ပဲနေတာ၊ ရချင်ရချင်နေတော့ ရချင်တဲ့စိတ်က ဖြစ်မလာဘူးလား၊ အဲဒီရချင်တဲ့စိတ်က ဖြစ်ဆဲဖြစ်ဆဲကြီး ဖြစ်နေတာပေါ့၊ ဖြစ်ဆဲချည်းဖြစ်နေကြရင် အဖြစ်ငြိမ်းတာဘယ်ဟုတ်မလဲ၊ အဲဒီရချင်တဲ့စိတ် အဖြစ်ငြိမ်း၍နေရတာ၊ ရချင်တဲ့စိတ် မဖြစ်ခင်က အဖြစ်ငြိမ်းနေတဲ့ နိဗ္ဗာန်၊ ရချင် ရောက်ချင်

နေတဲ့စိတ်ဖြစ်လာမှ သမုဒယနှင့်ဒုက္ခဖြစ်နေတယ်၊ နိဗ္ဗာန်ဆိုတာ လုပ်လို့ဖြစ်တာမဟုတ်ဘူး၊ နိဗ္ဗာန်မမြင်တော့ နိဗ္ဗာန်ကို လိုချင်တယ်၊ လိုချင်နေတာ သမုဒယ၊ လိုချင်တော့ ဒီအတိုင်းက မရဘူး၊ ဒီအတိုင်းမရတော့ ပြုရပြင်ရ လုပ်ရကိုင်ရမယ် မဟုတ်လား၊ သခ်ါရတွေ ဒုက္ခတွေ ဖြစ်မနေဘူးလား။

သခ်ါရဖြစ်လာတာကို ဒုက္ခသစ္စာလို့ ပြောကြတာ၊ သမုဒယသစ္စာနှင့် ဒုက္ခသစ္စာသာ ဖြစ်လာတာပဲ။

နိဗ္ဗာန်ဆိုတာ လွယ်လွယ်ပြောရရင်တော့....

အဖြစ်ငြိမ်းနေတာပါ
စိတ်အလုပ် စိတ်အကြံ
စိတ်အတွေး စိတ်အဆွေး
စိတ်အမှု စိတ်ကိစ္စတွေ
ကောင်းကောင်းဆိုးဆိုး အမျိုးမျိုးသောစိတ်
ဟုတ်ဟုတ်မှန်မှန် အတန်တန်သောစိတ်

ဘာစိတ်မှ မဖြစ်ပဲ ပကတိအတိုင်း ငြိမ်းအေးနေတာကို နိဗ္ဗာန်ခေါ်တာပဲ၊ ပကတိအတိုင်း နိဗ္ဗာန်ရှိနေတာကို မြင်သွားတော့ မြင်တဲ့အတိုင်းတိုင်းပဲနေသွားတယ်၊ ဒီအတိုင်းနေတော့ ဘာစိတ်မှ မဖြစ်ပဲ အဖြစ်တွေငြိမ်း၍နေပြီး၊ ဒီအတိုင်းပဲ သေသွားကြရတာပဲ၊ ရဟန္တာများမှာ ဒီအတိုင်း ပရိနိဗ္ဗာန် ပြုသွားရတယ်၊ စိတ်က ဟိုယူ ဒီယူ ဒီထင် ဟိုထင် စသည်တို့ မဖြစ်ဘူး။

ဒီလိုမှ နိဗ္ဗာန်ကိုမသိပဲ ·နိဗ္ဗာန်နဲ့မနေတဲ့နောက် ခင်ဗျားတို့ စိတ်က ဒီလိုမနေဘူး၊ တခုခုထင်သွားမှာ၊ တခုခုမြင်သွားမှာ၊

တခုခုစွဲသွားမှာ၊ အဲဒါကြောင့်မို့ သေခါနီးမှာ ကံ၊ ကမ္မနိမိတ်တွေ ဂတိနိမိတ်တွေ ထင်လာရတာ၊ အဲဒါ နိဗ္ဗာန်ကို မြင်ဘူးမထားလို့၊ သိဘူးမထားလို့ပဲ။

နိဗ္ဗာန်ကို သိဘူး၊ မြင်ဘူးထားတဲ့ ပုဂ္ဂိုလ်ကတော့ ငြိမ်း၍အတိုင်းတိုင်းနေသွားတာပဲ၊ စိတ်မှာ ဘာမှဖြစ်ပေါ်မလာဘူး၊ စိတ်အလုပ်တွေအကုန်ငြိမ်းနေတယ်၊ ဒီအတိုင်းတိုင်း ငြိမ်းနေတာမှန်တယ်လို့ မှန်တဲ့အတိုင်းသိတာ၊ အဲဒါ သူ-ငါ မဟုတ်ဘူး၊ စိတ်ကလေးငြိမ်းနေတဲ့နိရောဓသစ္စာ၊ မငြိမ်းပဲ ဖြစ်ဖြစ်လာတာကသင်္ခါရ ဒုက္ခခေါ်တယ်၊ဒုက္ခသစ္စာတရား ခင်ဗျားတို့က ကြားထဲက သူထင်၊ငါထင်၊နတ်ထင်၊ လူထင်နဲ့ ထင်နေကြတယ်။

ခင်ဗျားတို့စိတ်က ဘာမှမလုပ်ရသေးခင်၊ ဘာမှမပြုရသေးခင်၊ ဘာမှ မတွေးရသေးခင်၊ စိတ်ကလေး ဒီအတိုင်းတိုင်းအေးနေပါတယ်၊ အဲဒီ အေးနေတဲ့ ငြိမ်းနေတဲ့ ချုပ်နေတဲ့ တရားကိုနိရောဓသစ္စာ၊ နိဗ္ဗာန်ရယ်လို့ မသိကြရင်တော့ တရားရှာရတဲ့ဒုက္ခတွေ ဖြစ်ကြရမယ်၊ ဒီလိုမှ မသိရင်တော့ ခင်ဗျားတို့စိတ်က ဒီလိုတော့ နေလို့မဖြစ်သေးပါဘူးဆိုပြီးတော့....

အာနာပါန ကမ္မဋ္ဌာန်းဖြစ်ဖြစ်
အသုဘကမ္မဋ္ဌာန်းဖြစ်ဖြစ်
သုံးဆယ့်နှစ်ကောဋ္ဌာသကမ္မဋ္ဌာန်းဖြစ်ဖြစ်
ရုပ်နာမ်ဖြစ်ဖြစ် အားထုတ်ကြတော့မယ်။

နိဗ္ဗာန်ကိုအမျိုးနားလည်အောင် ခန္ဓာနဲ့ကပ်ပြီးပြောရတာ အမှန်က နိဗ္ဗာန်ဟာ နိဗ္ဗာန်ပါပဲ၊ ခန္ဓာကလဲ ခန္ဓာတရားပါပဲ၊

ခန္ဓာလဲ နိဗ္ဗာန်မဟုတ်ပါဘူး၊ နိဗ္ဗာန်ကို ခန္ဓာနဲ့ကင်းပြီး သိလို့ မရပါဘူး။

ခန္ဓာတရားက ဖြစ်ပျက်မျိုး၊ နိဗ္ဗာန်ဘာရားက မဖြစ်မပျက်တဲ့ မျိုး၊ ခန္ဓာက ဉပါဒ်-ဌီ-ဘင်တရား၊ နိဗ္ဗာန်က ဉပါဒ်-ဌီ-ဘင် ကင်း တဲ့သဘောပဲ၊ ခန္ဓဝိမုတ်တရားပဲ၊ ကာလဝိမုတ်တရားပဲ၊ ရုံခါရုံခါ ပုဂ္ဂလမိဋ္ဌာန်အားဖြင့် အဇ္ဈတ္တလို့လဲဟောတယ်၊ ဗဟိဒ္ဓရယ်လို့လဲ ဟောတယ်၊ အကြောင်းရယ် အကျိုးရယ်လို့လဲ ဟောတယ်။

အမှန်ကတော့ နိဗ္ဗာန်ဟာ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်၊ အဇ္ဈတ္တ၊ ဗဟိဒ္ဓ ဩဠာရိက သုခုမ၊ ဟိန၊ ပဏီတ၊ ဒူရ၊ သန္တိက ဟု ဆိုအပ်သော(၁၁)ပါးသော အခြင်းအရာမှ လွတ်ပါတယ်။

ကောက်ရိုးမှာ လောင်တဲ့မီးဟာ ကောက်ရိုးမှာပဲ ငြိမ်းတယ်၊ ထင်းမှာလောင်တဲ့မီးဟာ ထင်းမှာပဲငြိမ်းတယ်၊ ထို့အတူပါပဲ၊ စိတ်မှာလောင်တတ်တဲ့ကိလေသာမီးဟာလဲ စိတ်မှာပဲငြိမ်းတယ်။

အဲဒါကြောင့် စိတ်မှာ, ခန္ဓာမှာ ကပ်ပြီး ပြလိုက်တဲ့အခါ နိဗ္ဗာန်ရဲ့သဘောကို သိလွယ်မြင်လွယ်တဲ့အတွက် ခန္ဓာမှာ,စိတ် မှာ ကပ်၍ပြရတာပဲ၊ ဒါကြောင့်မို့ လိုရင်းကတော့ စိတ်ကလေး ငြိမ်းနေတာ နိဗ္ဗာန်လားဆိုရင် မဟုတ်ဘူး၊ ငြိမ်းတာက စိတ် တရား၊ ငြိမ်းရာကနိဗ္ဗာန်တရား။

ငြိမ်းတာကိုသိတာက အထက်တန်းဝိပဿနာဉာဏ်၊
အနိမိတ္တ နုပဿနာဉာဏ်၊
ငြိမ်းရာကိုသိတော့မှ မဂ်ဉာဏ်၊

ငြိမ်းတာက ဥပ္ပါဒနိရောဓ၊
ငြိမ်းရာက အနုပ္ပါဒနိရောဓ၊
ငြိမ်းတာက သင်္ခတဓမ္မ၊
ငြိမ်းရာက အသင်္ခတဓမ္မ၊
ငြိမ်းတာက နိရောဓဓမ္မ၊
ငြိမ်းရာက နိရောဓသစ္စာ၊
ကုန်တာက ကိလေသာ၊
ကုန်ရာက နိဗ္ဗာန်၊

ကိလေသာကုန်တာနိဗ္ဗာန်မဟုတ်ဘူး၊ ကိလေသာကုန်တာကို သိတော့မှ ကုန်ရာငြိမ်းရာတည်းဟူသော နိဗ္ဗာန်ကို မျက်မှောက်ပြုတာ၊ ကိလေသာကုန်တာကို သိတာက ပရိညေယျကိစ္စ၊ ကုန်ရာကို သိမြင်တာကမှ သစ္ဆိကာတဗ္ဗကိစ္စဖြစ်မှာ။ ဒီလိုအမှန်ကို မသိသေးရင်တော့ တခုခုကို ရှမှာ်နေရတဲ့ သင်္ခါရမှု တခုခုကိုတော့ လုပ်နေရဦးမှာပဲ၊ ထူထောင်နေရဦးမှာပဲ၊ အဲဒီလို လုပ်တော့မှ ဒုက္ခတွေဖြစ်လာတာမမှန်ပေဘူးလား။ဘာဖြစ်လို့ ဒီလို ဒုက္ခတွေ ဖြစ်လာရသလဲဆိုတော့ နဂိုမူလ သူ့သဘာဝအတိုင်းတိုင်း ငြိမ်းချမ်းနေတဲ့တရားကို ငြိမ်းချမ်းနေပါကလားလို့ မသိတဲ့ အဝိဇ္ဇာအကြောင်းခံသားသော တရားရှုရ တဲ့သင်္ခါရဒုက္ခတွေ ဖြစ်ကြရတော့မယ်၊ အဲဒါမသိလို့ သင်္ခါရ ဖြစ်လာတာ။

အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊
သင်္ခါရပစ္စယာ ဝိညာဏံ၊
ဝိညာဏပစ္စယာ နာမရူပံ၊

အစရှိတဲ့ ပဋိစ္စသမုပ္ပါဒ်ဖြစ်လိုင်းကြီး ဖြစ်ရှိလာတာ။ အဲဒီလို ဖြစ်လိုင်းကြီး ဖြစ်လာတော့လဲ ဖြစ်တဲ့အနေနဲ့ မှန်ပါတယ်လို့ အစက ဘုန်းကြီးဟောကြားခဲ့တာပဲ။

အကြောင်း သမုဒယကြောင့် အကျိုးဒုက္ခတွေ ဖြစ်နေကြရတာ၊အခုခင်ဗျားတို့စိတ်ပကတိအတိုင်းအဖြစ်ငြိမ်းနေတာ တရားပါကလားရယ်လို့ မသိတာ၊ မသိဆိုတာ အဝိဇ္ဇာခေါ်တယ်၊ အဲဒါ မသိရင်တော့ တရားရှာရဦးမှာပဲ၊ အဲဒါကို ဘုရားက အဝိဇ္ဇာပစ္စယာ သင်္ခါရာလို့ ဟောကြားခဲ့တာပဲ။

ပကတိ အလိုလိုငြိမ်းနေတာ တရားရယ်လို့သိတော့၊ တရားရှာရတဲ့ သင်္ခါရ ချုပ်တယ်၊ အဝိဇ္ဇာက ချုပ်မှကိုး၊ သင်္ခါရက ချုပ်ရောပေါ့။အဲဒီအဝိဇ္ဇာ (မသိမှု) ချုပ်လို့ သင်္ခါရချုပ်တာကို ပဋိစ္စသမုပ္ပါဒ် ပဋိလုံမှာ....

အဝိဇ္ဇာယတွေဝ အသေသ ဝိရာဂ နိရောဓါ သင်္ခါရ နိရောဓောလို့ ဘုရားကဟောတာပေါ့။ အဲဒါကနိရောဓခေါ်တဲ့ ချုပ်လိုင်းကြီးဗျ။ အဲဒါ ဘုရားဖြစ်ပြီးနောက်လေးဆယ့်ငါးရက် အတွင်းမှာ မုက္ခပတ်တော်မှ မဟောသေးပဲ၊ ဉာဏ်တော်မှာ ထင်လာတာ၊ ဥဒါန်းဂါထာလို့ခေါ်တယ်။ အဲဒါကို အခုနေ အခါ၊ အနေကဇာတင်ကြတယ်။

အဝိဇ္ဇာပစ္စယာသင်္ခါရာ
သင်္ခါရပစ္စယာ ဝိညာဏံ
ဝိညာဏပစ္စယာ နာမရူပံ

ဆိုတဲ့ ပဋိစ္စသမုပ္ပါဒ် အနုလုံမှာ ဆိုတာ၊ အဝိဇ္ဇာယတွေဝ အသေသ ဝိရာဂ နိရောဓါ သင်္ခါရနိရောဓော ရယ်လို့ လိုင်းနှစ်လိုင်း အနက်က၊ မဖြစ်တဲ့လိုင်းမှဆိုရင် ခင်ဗျားတို့က ဖြစ်အောင် များ လုပ်ပေးရသေးသလား၊ အဲဒီစိတ် မဖြစ်လိုင်းကို ဟောချင်လို့ ဘုရားပွင့်လာတာ၊ ခင်ဗျားတို့ ပြောသလို စိတ်က ဖြစ်ဖြစ်လာတာတွေကို လူတွေ နတ်တွေ ဗြဟ္မာတွေ ဖြစ်လာတာတွေကို ဟောချင်လို့ ဘုရားပွင့်တာမဟုတ်ဘူး၊ ဘုရားမပွင့်မီက ဖြစ်လိုင်းကြီး ရှိပြီးသားပဲ။

အဲဒီနည်းကတော့ ဘုရားကဟောပေးရတာမဟုတ်ဘူး၊ ဟောပေးဘို့လဲမလိုဘူး၊ အခုလိုဘုရားသာသနာတော်နဲ့ ကြုံတဲ့ တွေ့တဲ့ အတွက် အဘိုးတန်တယ်၊ အခါကောင်းတယ်၊ အခွင့်ကောင်းတယ်၊ အချိန်ကောင်းတဲ့ ဒုလ္လဘတရားကြီးပဲ။ ဘာကြောင့်လဲ ဆိုတော့ မဖြစ်ရာမဖြစ်ကြောင်း၊ ချုပ်ရာချုပ်ကြောင်း၊ငြိမ်းရာငြိမ်းကြောင်း နည်းလမ်းကောင်းတွေကို ဟောပြောပြသလို့ပဲ။ ဘယ်လိုဟောသလဲ ဆိုတော့ ပကတိအတိုင်းတိုင်းနေတာ ချမ်းသာနေတဲ့ တရားပါကလားရယ်လို့ မသိလို့ သိအောင် ဟောပြော ပေးရတာ၊ သက်သာနေတဲ့ တရားပါကလား၊ ချမ်းသာနေတဲ့ တရားပါကလားရယ်လို့ မသိလို့ သိအောင် ဟောပြောရတာ၊ ဘုရားတွေပွင့်ရှလာရတာ၊ အဲဒါချမ်းသာနေတဲ့ တရား။

ရှင်းရှင်း ပြောရရင် ချမ်းသာနေတဲ့ တရားနဲ့ ဆင်းရဲတဲ့ တရားရယ်လို့ တရားနှစ်ခုရှိတယ်၊ ဆင်းရဲတဲ့ တရားဆိုတာက

ခြေအစ ခေါင်းအဆုံး ရိုးရိုးသားသားမှန်မှန် အိုခြင်း၊ နာခြင်း၊ သေခြင်းဆိုတဲ့ တရားတွေက ဖြစ်နေလို့မို့ ဆင်းရဲမနေဘူးလား၊ ဆင်းရဲနေတာမှန်ပါတယ်၊ ကာယိက ဒုက္ခပေါ့၊ ဒီဒုက္ခကိုမဂ်က မပယ်သတ်နိုင်ဘူး၊ ဘုရားရဟန္တာတွေလဲ ဒီဒုက္ခကြီးကို မပယ်နိုင်ဘူး၊ သူက အကျိုးဒုက္ခ ခေါ်တယ်၊ ဒီလိုသိရမယ်၊ အဲဒါ ဆင်းရဲတဲ့တရားတခုပဲ၊အခုနေချင်တာက ချမ်းသာတဲ့တရားပါ၊ ချမ်းသာတဲ့တရားက ဘယ်တရားလဲ၊ နိဗ္ဗာန်တရားပါ။

ဘုန်းကြီးက ဆင်းရဲတဲ့တရားတွေ တယ်မဟောချင်ဘူး၊အဲဒါနဲ့ ပတ်သက်လို့ ဘုန်းကြီးကြားဘူးထားတာကလေးတခု ပြောပြချင်တယ်၊ ဒို့ဗမာပြည်က ပုဂ္ဂိုလ်ကျော်တပါး အနောက်နိုင်ငံ အင်္ဂလန်ပြည်ကို ရောက်သွားတော့ သစ္စာလေးပါးတရားဟောတယ်တဲ့၊ သစ္စာလေးပါးမှာ ဒုက္ခသစ္စာက စပြီးတော့ ဒုက္ခကို ကျယ်ကျယ်ပြန့်ပြန့်ကြီးအကျယ်ချဲ့ပြီးတော့ ဒုက္ခဒုက္ခလို့ ဟောတော့ အင်္ဂလိပ်အမျိုးသမီးတကာမတယောက်က "အရှင်ဘုရား တရားဟောတာက ဒုက္ခ ဒုက္ခနဲ့ ဒုက္ခဆိုတာ ဖြစ်ရလွန်းလို့ ပေါလွန်းလို့....

ဟိုအရေးလဲဒုက္ခ၊
ဒီအရေးလဲဒုက္ခ၊
သားအရေးလဲဒုက္ခ၊
သမီးအရေးလဲဒုက္ခ၊
စား-ဝတ်-နေရေးတွေကလဲဒုက္ခ၊

စိတ်ကလဲဟိုဘောင့်တာ ဒီကြောင့်ကြ၊ ဟိုတွေးရ ဒီတွေးရနဲ့ ပူပန်ရလွန်းလို့ ဒုက္ခတွေရောက်ကြလွန်းလို့ ဒုက္ခပေါပြီး တောထ နေတာကို အရှင်ဘုရားကလာပြီး ဒုက္ခတွေမဟောပါနဲ့၊ ဒုက္ခ တွေကတော့ ပေါများလွန်းလို့ဟောချင်ရင်ဖြင့် အရှင်ဘုရားတို့ အရှေ့တိုင်း ဗမာနိုင်ငံပြန်ပြီးတော့ ဟောပါဘုရား''တဲ့။

အဲဒီလိုပြန်ပြီး ရှောက်ထားလိုက်သတဲ့၊ အဲဒီသို ဘုန်းကြီး ကြားရတာပဲ၊ ဟုတ်လိုက်တာဗျာ၊ ဒုက္ခတွေပေါလွန်းလို့ ဒုက္ခ ချည်းပဲ၊ အဲဒါကြောင့် လိုရင်းဖြစ်တဲ့ သုခတရားကို ဟောပေး ရတာ၊သုခဆိုတာက စိတ်မှာခပ်သိမ်းသောအဖြစ်တွေမှ အလိုလို ငြိမ်းနေပါတယ်။

အခုတရားလာနာနေကြတဲ့ ယောဂီတို့ရဲ့ စိတ်သန္တာန်မှာ စိတ်များ ဆင်းရဲနေကြသလား၊ အခု တရားနာဆဲမှာ စိတ်ဒုက္ခ တွေများ ရောက်နေကြသလား၊ မရောက်ပါဘူး၊ စိတ်ဒုက္ခတွေ မရောက်ပါဘူး၊ စိတ်ဒုက္ခတွေ ဖြစ်မနေပါဘူး၊ ဖြစ်မနေတာ မှန်ပါတယ်၊ ဒုက္ခသစ္စာတရားက အမြဲမရှိဘူး၊ ဒီလိုသိရမှာ၊ရံခါ ရံခါတော့လဲ ဖြစ်တာပေါ့၊ နဂိုက စိတ်ကလေးက ချမ်းသာနေ တာ၊ ဒီစိတ်ကလေးကဘာပြုလို့ ချမ်းသာပြီး နေရတာလဲ၊ ဒုက္ခ တွေက၊ စိတ်ဆင်းရဲတာတွေက၊ စိတ်ညစ်တာတွေက ဖြစ်မနေ ဘူး၊ ဖြစ်မနေလို့ အဲဒီ စိတ်ဆင်းရဲ စိတ်ဒုက္ခတွေ မဖြစ်ပဲနဲ့ နေတဲ့စိတ်မို့လို့ အဲဒီစိတ်ဆင်းရဲ စိတ်ဒုက္ခတွေမဖြစ်ရာ နိဗ္ဗာန် လို့ပြောတာ၊ ခင်ဗျားတို့က နိဗ္ဗာန် တခြားရှာမနေကြနဲ့၊

စိတ်ဆင်းရဲတို့ မဖြစ်ရာဆိုတာ နိဗ္ဗာန်၊ အဲဒီမဖြစ်ရာနဲ့ နေတဲ့စိတ် မို့လို့အဲဒီစိတ်ကလေး အခုချမ်းသာနေတယ်၊ အဲဒါကို စာလို ကတော့....

ဝိဝေကနိဿိတ၊
ဝိရာဂနိဿိတ၊
နိရောဓနိဿိတ၊
ဝေါဿဂ္ဂ ပရိနာမိံ လို့ခေါ်တယ်။
ဆိတ်ငြိမ်ရာနဲ့ နေဘဲ့စိတ်၊
ရာဂကင်းရာနဲ့ နေတဲ့စိတ်၊
ချုပ်ငြိမ်းရာနဲ့ နေတဲ့စိတ်၊
စိတ်အလုပ်၊ စိတ်အရှုပ်တွေ မရှိရာနဲ့ နေတဲ့စိတ်။

အဲဒီလိုမရှိရာ, ချုပ်ရာ,ငြိမ်းရာတွေကို ကိုင်းညွတ်တဲ့စိတ်၊ အဲဒီ စိတ်က ပြောခဲ့တဲ့အတိုင်း ဝိသေသန လေးပုဒ်ရှိမှမဂ္ဂင်ထိုက်တာ၊

ဝိဝေကနိဿိတ၊
ဝိရာဂနိဿိတ၊
နိရောဓနိဿိတ၊
ဝေါဿဂ္ဂပရိနာမိံ၊
သမ္မာဒိဋ္ဌိံ ဘာဝေတိ၊
သမ္မာသင်္ကပ္ပံ ဘာဝေတိ၊

စသည်ဖြင့် စာက ဒီလိုလာတာ။ အဲဒါကြောင့် ယောဂီတို့ ချမ်းသာနေကြပါတယ်။ အလိုလိုကတော့ ချမ်းသာနေပါတယ်၊ ယောဂီတို့က ဘယ်လိုမှမလုပ်နဲ့ အနာဂတ်လွတ်တဲ့ အတိုင်းတိုင်း

နေ၊ အတိတ် အနာဂတ်ဆိုတော့ နားလည်ဦးမှာ မဟုတ်ဘူး။ ရှေ့ရေး နောက်ရေးတွေကို မတွေးနဲ့၊ ရှေ့ရေး နောက်ရေး မအောက်မေ့နဲ့၊ တနည်းအားဖြင့် ဘာကိုမှ ဘယ်လိုမှမအောက်မေ့နဲ့၊ ဒီလိုဆိုရင် စိတ်ဆင်းရဲပါဦးမလား၊ အောက်မေ့ရတဲ့ စိတ်ဆင်းရဲဒုက္ခဖြစ်ပါဦးမလား၊ မဖြစ်ပါဘူး၊ ဘယ်လိုမှ မဖြစ်ပါဘူး။ ဒီအတိုင်းနေတာပဲ၊ ဒီအတိုင်းနေတယ်ဆိုတော့ ဖြစ်တတ်တဲ့ စိတ်မျိုးတွေမှ ...

ငြိမ်းနေတယ်၊
အေးနေတယ်၊
ချုပ်နေတယ်၊
ကုန်နေတယ်၊
ခန်းနေတယ်၊
ဖြစ်နေတာ မရှိဘူး။

အဲဒီစိတ်မျိုးတွေနဲ့ မဖြစ်ရာ, ကုန်ရာ,ခန်းရာ, ချုပ်ရာကြီးကို နိဗ္ဗာန်လို့ပြောရတာ။ အဲဒီမဖြစ်ရာနဲ့ စိတ်နဲ့ နေလို့မို့၊ တနည်းအားဖြင့် နိဗ္ဗာန်နဲ့နေတဲ့စိတ်မို့လို့ ယောဂီဟို့ချမ်းသာနေတယ်၊ ချမ်းသာတဲ့တရား ဖြစ်နေတယ်၊ သက်သာတဲ့တရား ဖြစ်နေတယ်၊ စိတ်ဆင်းရဲနေတာ မဖြစ်ပါဘူး၊ ချမ်းသာနေပါတယ်။ ဖြစ်တာတွေက မရှိလို့ မရှိရာနဲ့ နေတဲ့စိတ်၊ ဒုက္ခတွေ ဖြစ်မနေလို့မို့ ဒုက္ခမဖြစ်ရာနဲ့ နေတဲ့စိတ်၊ လောဘတွေက ဖြစ်မနေလို့မို့ လောဘမဖြစ်ရာနဲ့ နေတဲ့စိတ်၊ ဒေါသတွေက ဖြစ်မနေလို့မို့ ဒေါသမဖြစ်ရာနဲ့ နေတဲ့စိတ်။

ဖြစ်တာတွေမရှိရာကနိဗ္ဗာန်၊
နေတာကစိတ်၊ နိဗ္ဗာန်နဲ့ နေတဲ့စိတ်၊
ဒုက္ခတွေမဖြစ်ရာက နိဗ္ဗာန်၊
နေတာကစိတ်၊ နိဗ္ဗာန်နဲ့ နေတဲ့စိတ်၊
လောဘတွေမဖြစ်ရာက နိဗ္ဗာန်၊
နေတာကစိတ်၊ နိဗ္ဗာန်နဲ့ နေတဲ့စိတ်၊
ဒေါသတွေမဖြစ်ရာက နိဗ္ဗာန်၊
နေတာကစိတ်၊ နိဗ္ဗာန်နဲ့ နေတဲ့စိတ်။

စိတ်ကဘာ့နိဗ္ဗာန်မဟုတ်ဘူး အဲဒါကြောင့် အဲဒီစိတ်နိဗ္ဗာန် ရောက်နေတယ်လို့ ပြောတာ။ နိဗ္ဗာန်ရောက်နေလို့ ချမ်းသာ နေတယ်လို့ ဆိုရတာ။ ချမ်းသာအောင်များ ဘယ့်နှယ်လုပ်ရ ဦးမလဲ။ သူ့အလိုလိုတော့ရောက်နေတယ်။ ရောက်ပြီးသားကြီး။ ရောက်ပြီးသားကို သိပြီးသားဉာဏ်က မဖြစ်ကြလို့ တန်ဘိုး မရှိခဲ့ဘူး၊ ဒါ တရားပါကလား၊ ဒါ ဒီလိုဟုတ်နေပါကလား၊ မှန်နေပါကလားရယ်လို့ ခင်ဗျားတို့မသိကြဘူး၊ ဒီလို ဟုတ်နေ ပါကလား၊ ဒီလိုမှန်နေပါကလားလို့ သိဘာ အဲဒါသိတာ ဝိဇ္ဇာ ဉာဏ်လို့ ပြောတယ်။ သူ့အလိုလိုရောက်နေတာကို ဒီလိုပြောပြ ဒီလိုသိသွားတာကို အကျွတ်ဘရား ရသွားတယ်လို့ပြောရတာ။

ဘုရားလက်ထက်က လွယ်လွယ်ကူကူနဲ့ တရားနာရင်း နိဗ္ဗာန် ရောက်သွားတယ်ဆိုတာ ဒီလို သိသွားတာပဲ။ အဲဒါကြောင့် မြတ်စွာဘုရားရဲ့ ကျေးဇူးတွေကြီးတာ ကျေးဇူးတော်အနန္တ၊ ဂုဏ်တော်အနန္တဟု ဆိုရတာ။ ဘုရားက လွယ်လွယ်ကူကူကလေး

ပြောပြလိုက်တော့ တရားနာတဲ့သူတွေကလဲ လွယ်လွယ်ကူကူနဲ့ သိခွင့်မြင်ခွင့် သက်သာရာရကြတယ်။ ဘုရားအနေနဲ့ကတော့ သူ့ဟာသူ သိအောင်လုပ်ရတော့ မခဲယဉ်းဘူးလား၊ အလွန်ပဲ ခဲယဉ်းခဲ့ပါတယ်။ ကမ္ဘာသင်္ချေ ပါရမီတွေ ဆည်းပူးခဲ့ရပါတယ်။ ဆည်းပူးပြီး ပါရမီပြည့်လာတော့မှ ဒီသစ္စာလေးပါး သိလာတာပါ။ မြင်လာတာပါ။ သိလာမြင်လာတော့မှ အခုလို လွယ်လွယ်ကူကူနဲ့ ဟောပြောပြသတော့မှ ခင်ဗျားတို့ ဘုန်းကြီးတို့တတွေ လွယ်လွယ်ကူကူနဲ့ သိမြင်ခွင့် မရကြပေဘူးလား ရကြပါတယ်။ အဲဒါကြောင့် ဘုရားကျေးဇူး ကြီးပါပေတယ်လို့ ပြောရတာ။ လွယ်လွယ်ကူကူ ချမ်းချမ်းသာသာ သက်တောင့်သက်သာ လျင်လျင် မြန်မြန် သိရပေတယ် မြင်ရပေတယ်။ ချမ်းသာရာ ရပေတယ်။ ထောက်ရာတည်ရာ ရပေတယ်လို့ ဒီလိုကျေးဇူးတွေ ဖြစ်လာတာ၊ အဲဒီလိုသိထားရမှာ။

အခုတော့ဒီလိုမဟုတ်ဘူး၊ ဘုရားတောင်မှ ခြောက်နှစ်လုံးလုံး ဒုက္ကရစရိယာ ကျင့်ရသေးတာပဲလို့ သွားယူကြပြန်ရော ခင်ဗျားတို့ မိဘဘိုးဘွား လက်ထက်က ပစ္စည်းဥစ္စာ အမွေအနှစ်တွေ ထားရစ်ခဲ့ဘော့၊ ခင်ဗျားတို့ ချမ်းချမ်းသာသာ မစားရဘူးလား။ သေသည့်နောက် ငါတို့ရှိတဲ့ပစ္စည်းတွေ စားရစ်ကြပေတော့လို့ ထားရစ်ခဲ့ပေလို့ ချမ်းချမ်းသာသာနဲ့ သုံးရစွဲရစားရသောက်ရတာပေါ့၊ မိဘဘိုးဘွားတွေကတော့ ဆင်းရဲခဲ့မှာပေါ့။ သူတို့က ပင်ပင်ပန်းပန်း ရှာဖွေ စုဆောင်း ထားခဲ့ရတာကိုး၊ ထိုနည်းအတိုင်းပဲ မြတ်စွာဘုရားမှာတော့ ပင်ပန်းခဲ့တယ် ဆင်းရဲခဲ့တယ်၊

ပင်ပင်ပန်းပန်းနဲ့ တရားရှာဖွေခဲ့ရတယ်၊ ဘုရားက ခဲခဲယဉ်းယဉ်း ရှာဖွေလို့ သိလာလို့၊ အသိတွေဖြစ်လာသို့ ဟောပြောလိုက်တော့ လွယ်တယ်၊ ဒို့ဘတွေလွယ်လွယ်ကူကူနဲ့ သိခွင့်ရကြရတယ်။

ဒို့တတွေ လွယ်တယ်လို့ ပြောတာ၊ လွယ်ပုံက စိတ်ဟာ ဒီအတိုင်းတိုင်းပဲ ချမ်းသာနေပါတယ်၊ ဒီအတိုင်း သက်သာနေပါတယ် ဒုက္ခသစ္စာက အမြဲမရှိဘူး၊ ဒုက္ခဖြစ်တယ်ဆိုတာ သမုဒယဖြစ်လို့၊ သမုဒယကမဖြစ်ဘော့ ဒုက္ခလဲဖြစ်လို့မရဘူး။ သမုဒယစိတ်ကဖြစ်မနေလို့ ဒုက္ခစိတ်က ဖြစ်မနေဘူး။ ဒုက္ခဖြစ်တယ်ဆိုတာ သမုဒယစိတ်ကဖြစ်ပေးမှဖြစ်တာ။ သမုဒယမဖြစ်ပဲ ဒုက္ခမဖြစ်ဘူး၊ ခင်ဗျားတို့ အခုအချိန်အခါမှာ ခင်ဗျားတို့ စိတ်က ဟိုဟာလိုချင်တယ် ဒီဟာလိုချင်ဘယ် ဖြစ်မနေပါဘူး၊ အဲဒါ သမုဒယက ဖြစ်မနေတော့ ဒုက္ခမဖြစ်ဘူး၊ အဲဒီ သမုဒယနဲ့ ဒုက္ခဖြစ်နေတာမရှိလို့မို့ မဖြစ်ခဲ့ရတဲ့ အဲဒါ နိရောဓသစ္စာ၊ ဥဘိန္နအပဝတ္တိနိရောဓသစ္စာ။ သမုဒယနဲ့ ဒုက္ခ မဖြစ်ပေါ်ခြင်း မဖြစ်ရာက နိရောဓသစ္စာတဲ့ ဒီလိုဟောတာ။ ခင်ဗျားတို့က နိဗ္ဗာန်ဆိုတော့ ဘယ်လိုများရှာဦးမလို့လဲ၊ ဟိုနား ဒီနားမှာ မရှိဘူး၊ ဒီအတိုင်း ငြိမ်းချမ်းနေဘာကို ပြောတာ။ ဒီအတိုင်း အေးချမ်းနေတာလဲ တရားပဲ။ အဲဒါကြောင့် ခင်ဗျားတို့ဘတွေ တရားနဲ့ လွဲနေတဲ့ အချိန်ရယ်လို့မရှိဘူးလို့ ဟောခဲ့တာ။

လွတ်နေတဲ့အချိန်မရှိဘူး၊ တရားနဲ့ လွဲနေတဲ့အချိန် တရားမဟုတ်ဘဲ့ အချိန်ရယ်လို့ မရှိဘူး၊ တရားက သေးပါးသော

တရားသည်သာလျှင် ရှိနေလို့မို့၊ ခင်ဗျားတို့မှာ သမုဒယနှင့် ဒုက္ခဖြစ်ချင်ရင်လဲ ဖြစ်နေမယ်၊မဖြစ်ရင်တော့လဲအလကားနေတာ မဟုတ်ဘူး၊လွတ်နေတာမဟုတ်ဘူး၊ လွဲနေတာမဟုတ်ဘူး၊ နိရောဓ မှန်နေတယ်၊ အဲဒါကြောင့်မို့လို့ တရားနဲ့ လွဲနေလို့ မဖြစ်ဘူး လို့ပြောတာ။ အဲဒါ ဘာမှလုပ်ရမှာ မဟုတ်ဘူး၊ ဒီသဘော သိရုံသာ သိပါလို့ပြောတာ။ ဘုရားဟောဆိုတာ ဒါပြောတာ။ ဟိုလိုလုပ်ပါဦး၊ ဒီလိုလုပ်ပါဦးလို့ ပြောတာ မဟုတ်ဘူး။ယခု ပြောဒါက သုခပဋိပဒါလမ်း။

ဒီလိုတော့ မကြိုက်သေးဘူး ဘုရား။ ဘုရား တပည့်တော်တို့ တခုခုလုပ်ရဦးမှကျေနပ်မယ်လို့ဆိုရင်လဲ ဒုက္ခပဋိပဒါလိုင်းတော့ ရှိတယ်။ ယောဂီတို့ ဒုက္ခဖြစ်အောင်လို့ပြောခဲ့မယ်၊ ဟောခဲ့မယ်၊ နက်ဖြန်ခါ လာတောင်းလှဲ့ကြ။ မမ္ဘက္ခန္ဓာပေါင်း ရှစ်သောင်း လေးထောင် ဆိုပြီး နည်းပေါင်းများစွာရှိတယ်။ အဲဒါ ဒုက္ခ ပဋိပဒါလမ်းပဲ၊ ဒီလိုလွယ်လွယ်ကူကူနဲ့တော့ ဘုရားတပည့်တော် တို့ ယုံလဲမယုံဘူး။ ယုံလဲမယူနိုင်ဖြစ်လဲမဖြစ်နိုင်ဘူး၊လုပ်မှရမှာလို့ လုပ်ချင်သေးတာပဲလို့ အားထုတ်ချင်သေးတာပဲရယ်လို့ ဆိုလို့ ရှိရင် မနက်ဖြန် လာသာလာခဲ့ကြ။ ခင်ဗျားတို့ ဆင်းရဲအောင် တော့ ခိုင်းထားခဲ့မယ်။ အဲဒါ မခက်ပါဘူးဗျ လွယ်ပါတယ်။

ဤကဲ့သို့ ဆင်းရဲတာတွေ မခိုင်းတော့ပဲ....

ဤကား ဒုက္ခသစ္စာ၊

ဤကား သမုဒယသစ္စာ၊

ဤကား နိရောဓသစ္စာ၊
ဤကား မဂ္ဂသစ္စာ၊

လို့ ဆိုပြီး အသိဉာဏ်ရစေရန် ဟောပြောနေရတာ။ အားလုံးပဲ ခင်ဗျားတို့ မသိသေးတာက နိရောဓသစ္စာပဲ၊ ဒုက္ခနဲ့ သမုဒယက အမြဲဖြစ်နေတာမရှိလို့ နိရောဓသာလျှင် အမြဲရှိနေတယ်။ ခင်ဗျားတို့ ဒီအတိုင်းတိုင်းနေတာ တရားနဲ့လွဲမနေဘူး၊ ဘာမှမလုပ်ရသေးဘူး၊ ဘာမှမကြံရသေးဘူး၊ ဘာကမ္မဋ္ဌာန်းမှလဲ မထိုင်ရသေးဘူး၊ ဘာမှလဲမရှုရ၊မမှတ်သားရသေးဘူး၊အဲဒါမှန်တယ်၊ ဘာမှမရှုရသေးခင်ကလဲမှန်တယ်။ ဘာမှမလုပ်ရသေးခင်က လုပ်မှုတွေ မဖြစ်သေးတာကလဲမှန်တယ်။ ဒီအတိုင်း ငြိမ်းနေတာလဲ မှန်တယ်။ ဩော်...ပကတိအတိုင်းနေတာ ငြိမ်းချမ်းနေတဲ့တရား၊ ချမ်းသာနေတဲ့ တရားပါကလား ရယ်လို့ သိဘာ။ ချမ်းသာဆိုတာ နိဗ္ဗာန်ပြောတာ။ အလုံးစုံသော အဖြစ်တို့မှ ငြိမ်းချမ်းနေတယ်။ သန္တိလက္ခဏာဆိုတာ အဲဒါပြောတာ။

လိုရင်းကတော့ မိမိတို့စိတ်ကလေး ဒီအတိုင်းတိုင်း နေတာ ချမ်းသာနေတဲ့ တရားပါကလားလို့ ဤလိုသိတာ။ စိတ်ဆင်းရဲတာတွေက မဖြစ်လို့ အဲဒီမဖြစ်ရာနဲ့ နေလိုက်တာ။

မဖြစ်ရာက နိဗ္ဗာန်၊
သိတာက မဂ်ဉာဏ်၊
သိတဲ့အတိုင်းတိုင်း နေသွားတာက မဂ္ဂင်ကျင့်၊
အေးချမ်းနေတာ၊ ငြိမ်းချမ်းနေတာဖိုလ်လို့ခေါ်တယ်။

အလွန်သိသာပါတယ်၊ ပကတိအတိုင်းတိုင်း နိဗ္ဗာန်ပါကလား ရယ်လို့ သိမြင်ဉာဏ် ဖြစ်လာဘာကို၊ ပုဂ္ဂလနည်းနဲ့ ပြောတော့ သောတာပန် ဖြစ်တယ်လို့ ပြောရတာ။ အဲဒါ ပကတိငြိမ်းရာ မြင်တဲ့ ဉာဏ်ဖြစ်တာကို ပုဂ္ဂလနည်းနဲ့ ပြောရတာပဲ။

ကဲ....တော်လောက်ရောပေါ့။

—*—

၁၃၂၄-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း
၁၄-ရက်နေ့တွင် ရန်ကုန်မြို့ ကျိုက္ကစံ
ကျောက်သင်္ဘော ရိပ်သာ၌ ဟော
ကြားသော ကျေးဇူးရှင် ကျောက်
သင်္ဘော ဆရာတော် ဘုရားကြီး၏
( မဂ်ပေါက် ဖိုလ်ဝင် နိဗ္ဗာန်မြင် )
တရားတော်မြတ် ဒေသနာ။

"မင်္ဂလာ ဖိုလ်ဝင် နိဗ္ဗာန်မြင်"

တရားတော်မြတ်ဒေသနာ။

မြတ်စွာဘုရားက တပည့်သား သံဃာတော်တို့အား မှာကြားတဲ့ စကားကတော့ မမေ့ကြနဲ့၊မမေ့သောသတိတရားနဲ့ ပြည့်စုံကြလေ၊ ဒီလိုပဲ နေ့တိုင်းနေ့တိုင်း ဆုံးမလေ့ရှိတယ်၊ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံလွန်ခါနီးမှာလဲ အရေးကြီးတဲ့စကားမှာကြားခဲ့တယ်၊ အလွန်အရေးကြီးတဲ့စကားပဲ။

မိဘများ သေခါနီးမှာ သားသမီးများအတွက် အရေးကြီးတဲ့ စကားများ မှာကြားခဲ့သလို၊ ဘယ်လိုနေဖို့ ဘယ်လိုထိုင်ဖို့ ဘယ်လိုသွားဖို့ ဘယ်လိုစားဖို့၊ဒီမှာလဲပဲ မြတ်စွာဘုရားသခင် ပရိနိဗ္ဗာန်

စံခါနီး သာသနာတော်မှာ အလွန်အရေးကြီးသော စကားကို မှာကြားတော်မူခဲ့တယ်၊ ဘယ်လိုမှာကြားခဲ့သလဲဆိုတော့ " ဝယ ဓမ္မာ သင်္ခါရာ အပ္ပမာဒေန သမ္ပာဒေထ " တဲ့။

အဲဒီ ဝယဓမ္မကို မမေ့ကြနဲ့၊ သင်္ခါရတို့ရဲ့ ဝယဓမ္မသဘော ကို မမေ့ကြနဲ့။

လိုရင်းကတော့ သင်္ခါရတို့က ဝယဓမ္မဖြစ်နေလို့ပဲ၊ ဝယ ဆို တာ ပျောက်ကွယ်နေတယ်ဆိုတာ ရှာလို့မတွေ့ဘူး၊ ဝယဆိုတာ ပျောက်တယ်၊ ခယဆိုတာ ကုန်တယ်၊ နိရောဓဆိုတာ ချုပ်တယ်၊ သင်္ခတဆိုတာ ဖြစ်စရာသဘော၊ ဖြစ်နေတာမရှိဘူး၊ အနိစ္စဆိုတာ မရှိဘူး၊ အမြဲမရှိဘူး၊ ပဋိစ္စသမုပ္ပန္န - အကြောင်းရှိမှ ရှိရမယ်၊ ဝိရာဂ-ဆိုတာ ကင်းနေတယ်၊ ကင်းပြတ်နေတယ်။

ဒါ သင်္ခါရတွေကို လျှောက်ပြောတာ၊ အဲဒါကြောင့်မို့ သင်္ခါရက....

ဝယဓမ္မာ၊
ခယဓမ္မာ၊
နိရောဓဓမ္မာ၊
ဝိရာဂဓမ္မာ၊

ဖြစ်နေလို့၊ ပျောက်ကွယ် ကင်းစင်နေလို့ သင်္ခါရဆိုတာ ပျောက်ကွယ်ကင်းစင်နေတယ်၊ ကုန်ဆုံးနေတယ်၊ ကုန်ဆုံးနေလို့ ရှိရင် (ဝါ) ဖြစ်နေတာတွေ အခုမရှိလို့ရှိရင် အဖြစ်အေးရာသာ ရှိပါတယ်၊ မိမိတို့သိရမဲ့ ခန္ဓာသင်္ခါရတရားက ဖြစ်နေတာတွေမရှိ ဘူး၊ ဒီလိုသိရမှာ၊ အဲဒီဖြစ်နေတာတွေမရှိခြင်းကြောင့် ဝယဓမ္မ

သင်္ခါရမျိုး ဖြစ်နေတယ်၊ ဝယမမှသင်္ခါရမျိုးဖြစ်နေလို့ ဝယဓမ္မာဆိုတာက ကုန်ခန်းနေတဲ့သဘောဖြစ်နေလို့ သင်တို့မှာ ဘယ်လိုများ နေကြလိမ့်မလဲ၊ ဒီလိုသိစေလိုတယ်။

ဤကဲ့သို့ ဥပါဒါနက္ခန္ဓာ ဒုက္ခ အရိယာသစ္စာထိုက်တဲ့ သင်္ခါရဓမ္မာက ပျောက်ကွယ်နေတယ်၊ အဖြစ်ကင်း၍နေတယ်၊ အဖြစ်ရှင်း၍နေတယ်၊ အဖြစ်ကင်း အဖြစ်ရှင်းနေလို့မို့ ယခုအချိန် ယခုအခါ တရားနာ ပရိသတ်တွေ မိမိ မိမိတို့မှာ ဘယ်လိုများဖြစ်၍ နေကြသလဲ။

ဘယ်လိုမှ ကိလေသာမှုအညစ်အကြေးတွေ ဖြစ်မနေပါဘူး၊ အေးချမ်းလျက်နေပါတယ်၊ ငြိမ်းချမ်း၍နေပါတယ်၊ လွတ်လပ်၍နေပါတယ်၊ ဒီလို မနေရဘူးလား၊ ပူတာတွေ ဆွေးတာတွေ မရှိဘူးဆိုလို့ရှိရင် အေးနေမှာပေါ့၊ ငိုကြွေးနေတာတွေ မရှိဘူးဆိုလို့ရှိရင် ဒီအတိုင်းတိုင်း အေးမနေဘူးလား၊ အေးနေပါတယ်ဗျ၊ အေးနေပါတယ်၊ သင်္ခါရက ဝယဓမ္မာတွေပဲ သင်္ခါရဆိုပေမဲ့ သင်္ခါရတိုင်းကိုဆိုတာမဟုတ်ဘူး၊ တခါတခါမှ ဖြစ်တတ်တဲ့ ကိလေသာနှင့်တကွ ဖြစ်တဲ့ခန္ဓာကို ဥပါဒါနက္ခန္ဓာခေါ်တယ်၊ သစ္စာအနေနဲ့ ပြောတော့ဒုက္ခအရိယသစ္စာလို့ ခေါ်တယ်၊ အဲဒီ ဒုက္ခအရိယသစ္စာ ဖွဲ့ထိုက်တဲ့ သင်္ခါရဓမ္မသာ ဥပါဒါန်သဘော သက်ရောက်တာ၊ အဲဒီ ဒုက္ခအရိယသစ္စာ ဖွဲ့ထိုက်တဲ့ သင်္ခါရဓမ္မက သူ့အတိုင်းတိုင်းက သူ့အလိုလိုကတော့ ပျောက်ကွယ်နေလို့၊ ပျောက်ကွယ်၍နေသောသဘောကြောင့် ပျောက်ကွယ်နေခြင်း

ကြောင့် ပကတိအတိုင်းကတော့ အေးချမ်းလျက် ရှိပါတယ်၊ ငြိမ်းချမ်းလျက် ရှိပါတယ်၊ ချမ်းသာလျက် ရှိပါတယ်။

မိမိတို့ ဒီအတိုင်း ချမ်းသာလျက်ရှိတာကို ချမ်းသာစွာ နေရတာကို ဒါ-နိဗ္ဗာန်ရနေတယ်လို့ ပြောတာ၊ ချမ်းသာစွာ နေတာ အေးငြိမ်းစွာနေတာ၊ အေးငြိမ်းစွာနေတယ်ဆိုတာ ကြောင့်ကျနေတယ်၊ တောင့်တနေတယ်၊ ပူပန်နေတယ်၊ စိုးရိမ်နေတယ်လို့ ဒီလိုတော့ မဟုတ်ဘူးပေါ့၊ စိတ်ပူ၊ စိတ်ဆွေး၊ စိတ်မအေးတဲ့ စိတ်ဘေးဒုက္ခတွေ ဖြစ်၍မနေဘူးပေါ့၊ ငိုကြွေးနေတာတွေလဲ ဖြစ်ပါ့မလား၊ အဲဒါ ပျောက်ကွယ်နေတယ်ဆိုတာ အလွန် ထင်ရှားနေပါတယ်။

သင်္ခါရတွေက ဝယမွေဖြစ်နေတယ်၊ ပျောက်ကွယ်နေတယ်၊ ပျောက်ကွယ်နေတာမို့ ဒီအတိုင်းတိုင်းကတော့ အေးချမ်းလျက် ရှိတယ်၊ ရှိကြောင်း ထင်ရှားလာအောင် ဘုန်းကြီးက ခိုင်းဦးမယ်၊ ခင်ဗျားတို့ ငယ်ငယ်တုံးက နောက်တုံးက အကြောင်းတစုံတခုကြောင့်၊ သမီးသေ၊ သားသေ၊ ပစ္စည်းဥစ္စာတွေဆုံးရှုံး၊ ဘာ့ကြောင့် ညာ့ကြောင့် စိတ်မချမ်းမသာဖြစ်လို့၊ တခါတခါ မျက်ရည်တွေများ ကျအောင် မငိုခဲ့ကြဘူးလား၊မငိုဘူးဘူးလား ငိုဘူးပါတယ်ဗျ ငိုဘူးပါတယ်၊ တခုခုသော အကြောင်းကြောင့် ငိုဘူးမှာပါ၊ မငိုဘူးတဲ့သူ မရှိပါဘူး။

ကိုင်း.... အဲဒီတုံးက ငိုခဲ့သလို ယခုအခါမှာ မျက်ရည်တွေ ကျအောင် ငိုကြစမ်းပါ၊ ကဲ.... တကာကြီးတို့ တကာမကြီးတို့ အားလုံး ငိုကြစမ်းပါဗျ၊ ကဲ.... ဘာဖြစ်လို့ ငိုလို့ မရသလဲ၊

ဘာဖြစ်လို့ မျက်ရည်မကျသလဲ၊ ငိုချင်တဲ့စိတ်ကိုက မဖြစ်ဘူး၊ ငိုချင်တဲ့စိတ်ကိုက မရှိလို့ ဟုတ်လား ဘာဖြစ်လို့ ငိုချင်တဲ့စိတ်က မဖြစ်သလဲ၊ ငိုစရာတွေ ရှောက်ရှောက်ပြီးတော့ မတွေးလို့၊ ငိုစရာတွေ လှည့်လှည့်ပြီးတော့ မတွေးမိလို့ပဲ၊ သေဘူးခဲ့ဘာတွေကို လှည့်လှည့်ပြီးတော့ မအောက်မေ့လို့၊ မျက်ရည်ကျစရာ ငိုစရာ တခုခုကိုလှည့်လှည့်မတွေးမိလို့၊ တွေးတဲ့အလုပ်မလုပ်လို့၊ ငိုက်ရှူးတဲ့အလုပ်မလုပ်လို့၊ အောက်မေ့တဲ့အလုပ်မလုပ်လို့၊ စိတ်အလုပ်မလုပ်လို့ပေါ့၊ အဲဒါကြောင့်မို့ ငိုချင်တဲ့စိတ် မဖြစ်ဘူး၊ ငိုချင်တဲ့စိတ်မဖြစ်ဘူး၊ ငိုချင်တဲ့စိတ်ကမဖြစ်တော့ ငိုစိတ်တွေကလဲ မဖြစ်ဘူး၊ ငိုစိတ်တွေမဖြစ်တော့ မျက်ရည်တွေကလဲ မကျဘူး၊ ကိုင်း သူ့အတိုင်းတိုင်းက ငြိမ်းမနေဘူးလား။

မျက်ရည်ကျမှုကလဲ ငြိမ်းနေတယ်၊ ငိုတဲ့စိတ်ကလဲ ငြိမ်းနေတယ်၊ သူ့ဘာသာသူ ငြိမ်းမနေဘူးလား၊ အဖြစ်ငြိမ်းမနေဘူးလား၊ အဖြစ်ငြိမ်းနေတော့ ဖြစ်နေတာဘာ ရှိပါမလား၊ ဖြစ်နေတာတွေ မရှိပါဘူး၊ ဖြစ်နေတာတွေ မရှိလို့ရှိရင် ဖြစ်နေတာတွေ ပျောက်ကွယ်မနေဘူးလား၊ သူ့အလိုလို ပျောက်ကွယ်နေတာ မဟုတ်ဘူးလား၊ မငိုချင်အောင် ဘယ်နည်းများလုပ်ထားရသလဲ၊ ဘယ်သူကများ ဘုရားဟောထားလို့လဲ၊ ဘယ်သူ့တရားများ နာထားလို့လဲ၊ ဘယ်တရားများ အားထုတ်ထားလို့လဲ၊ ဘယ်နည်းမှမလုပ်ရပါဘူး၊ သူ့ဘာသာအလျောက် သူ့သဘော သူ့ဘာသာသူ ပျောက်ကွယ်၍ နေတဲ့သဘော မမှန်ဘူးလား၊ သူ့ဘာသာသူ ချုပ်အေးနေတယ်၊ ပျောက်ကွယ်နေတယ်၊ မရှိလို့

အနိစ္စတဲ့၊ အဲဒီလိုသိရမှာ၊ သူ့ဘာသာသူ ပျောက်ကွယ်နေတာလဲ ဟုတ်တယ် မှန်တယ်။

ပုထုဇဉ်များမှာလဲ ပျောက်ကွယ်နေတာပဲ၊ သို့သော် ပုထုဇဉ်ကတော့ မသိဘူး၊ တခါတခါ ဖြစ်ပေါ်လာတာရော မမှန်ဘူးလား မှန်သားပဲ၊ သားအတွက် သမီးအတွက် မြေးအတွက် မြစ်အတွက် သေသူအတွက် ရှင်သူအတွက် ကွဲသူအတွက် ခွဲသူအတွက် ရန်ဖြစ်နေသူအတွက် အစရှိသည်ဖြင့် ဝမ်းနည်း၍ ငိုကြွေးရတာ အမျိုးမျိုးတွေပေါ့ဗျာ၊ များစွာပဲ မြင်ရ တွေ့ရ ဘူးပါတယ်၊ အဲဒီလို ကိစ္စမျိုးတွေ စိတ်မျိုးတွေ အခုမရှိပါဘူး၊ တခါတခါ ဖြစ်လာတာတော့ မမှန်ဘူးလား၊ ဖြစ်လာတာလဲ မှန်ပါတယ်၊ အဲဒါ သူ့အနေအားဖြင့် သူ့ဘာသာသူ မှန်နေတာ၊ တရားဆိုတာ မိမိတို့က မှန်အောင်လုပ်လို့ မှန်နေတာ မဟုတ်ဘူး၊ ရှိအောင်လုပ်လို့ရှိတာမဟုတ်ဘူး၊ ငြိမ်းအောင်လုပ်လို့ ငြိမ်းနေတာလဲ မဟုတ်ဘူး၊ သူ့အလိုအားဖြင့် သူမှန်နေတာ သိရမှာ၊ သိရုံ သိရမှာ။

အဲဒါကြောင့်မို့ တခါတခါဖြစ်၍လာတာကလဲ ဖြစ်ကြောင်း မှန်ပါတယ်၊ တခါတခါ အဖြစ်ငြိမ်း၍နေတာကလဲ ငြိမ်းရာ မှန်ပါတယ်၊ မမှန်ဘူးလား အဲဒါကြောင့်မို့ —

ဓမ္မစကြာမှာပါတယ်၊ ရံခါရံခါမှာ ဖြစ်တာမှန်တယ်၊ ရံခါရံခါ အဖြစ်ငြိမ်းနေတာလဲမှန်တယ်။ တဒင်္ဂငြိမ်းလို့ ခေါ်တယ်၊ သူ့အလိုလိုကတော့ ငြိမ်းနေတယ်၊ တခါတခါမှဖြစ်တယ်။

ဒေါသဆိုတာ တခါတခါမှဖြစ်တယ်၊
တခါဘခါတော့လဲ အဖြစ်ငြိမ်းနေတယ်၊
လောဘဆိုတာ တခါတခါမှဖြစ်တယ်၊
တခါတခါတော့လဲ အဖြစ်ငြိမ်းနေတယ်၊
သောကပရိဒေဝကလဲ တခါတခါတော့ဖြစ်တယ်၊
တခါတခါတော့လဲ အဖြစ်ငြိမ်းနေတယ်၊
ကုသိုလ်ဆိုတာကသဲတခါတခါအောက်မေ့မှ ဖြစ်လာတာ
မအောက်မေ့တော့ အဖြစ်တွေမှငြိမ်းနေပါဘယ်။

အကုသိုလ်ကလဲ ချုပ်နေတယ် တခါတခါမှ သတ်ချင် ဖြတ်ချင် ခိုးချင် ဝှက်ချင်တဲ့စိတ်တွေက ကြံစည်စိတ်ကူး နှလုံးသွင်းမှ ဖြစ်လာတာပါ၊ အယောနိသော မနသိကာရသို့နှလုံးသွင်းပါမှ အဲဒီအကုသိုလ်တွေက ဖြစ်လာမှာ၊ အဲဒီနှလုံးမသွင်းမိ အခါမှာ တော့ သူ့အလိုအလျောက် ကတော့ အလိုလို အဖြစ်တွေမှ ငြိမ်းနေတယ်၊ မငြိမ်းဘူးလား ငြိမ်းပါတယ်၊ အဲဒါ တဒင်္ဂလို့ ခေါ်တယ်၊ မသိလဲငြိမ်း သိလဲငြိမ်းနေတာပဲ၊ မသိလဲဖြစ် သိလဲ ဖြစ်နေတာပဲ။

တခါတခါ ဖြစ်လာတာလဲမှန်ပါတယ်၊ တခါတခါ အဖြစ် ငြိမ်းနေတာလဲမှန်တယ်၊ မှန်တာကိုသိရမှာ၊ မှန်တာဟာတရားပဲ၊ သူ့သဘောသူ မှန်နေတာကို သိရမှာ၊ အဲဒါကြောင့် အဖြစ် ငြိမ်းနေတာကလဲမှန်လို့ ယခုအခါမှာ ခင်ဗျားတို့မှာ ခိုးချင်တဲ့ စိတ်တွေ ဖြစ်၍မနေတာ မှန်တယ်၊ မရှိပါဘူး၊ သူ့ဘာသာသူ အဖြစ်ငြိမ်း၍နေတာ။

အဖြစ်ဆိုဘာမရှိဘူး ဖြစ်တာတွေမရှိဘူး၊
ဖြစ်တာတွေပျောက်နေတယ်။
အဲဒါဝယဓမ္မလို့ခေါ်တယ်၊
ဖြစ်တာတွေကုန်ခန်းနေတယ်၊
အဲဒါခယဓမ္မလို့ခေါ်တယ်၊
ဖြစ်တာတွေကင်းလွတ်နေတယ်၊
အဲဒါဝိရာဂဓမ္မလို့ခေါ်တယ်၊
ဖြစ်ဘာတွေဖြစ်မလာဘူး၊
ပေါ်ပေါက်မလာဘူး ချုပ်နေတယ်၊
အဲဒါနိရောဓဓမ္မလို့ခေါ်တယ်။

အနိစ္စ၊အနိစ္စဆိုဘာ သူ့ဟာသူသေဆုံးနေဘယ်၊ သေပျောက်နေတယ်၊ အနိစ္စရောက်နေရှာကြတယ်၊ အဲဒါ အနိစ္စ၊ ခုတော့ဖြစ်ပြီး ပျက်ဘဲ့ အနိစ္စလောက်ပဲသိနေကြတယ်၊ အနိစ္စကို နံပါတ်ကုန် မသိကြဘူး၊ အဓိပ္ပါယ်ကုန်စင်အောင် မသိကြဘူး၊ ပဋိဝေဓဖနက်အထိ ထိုးထွင်း၍ မသိကြဘူး၊ ဖြစ်တာ ပျက်တာတို့ မမြဲတာတို့ဆိုဘာ အနိစ္စဟုတ်တယ်၊ ဟုတ်ပေမယ်လို့ ဆုံးအောင်သိသေးတာမဟုတ်ဘူး၊ နံပါတ်မကုန်ဘူး၊ အနိစ္စ အနိစ္စ ဆိုတာသူ့လက္ခဏာ သူ့နံပါတ် ကုန်အောင်သိရမှာက "သူ့အလိုလိုကဘော့ ပျောက်နေတယ်၊ ကွယ်နေတယ်၊ ဆုံးနေတယ်"လို့ ဒီလိုသိရမှာ၊ ဒီလိုသိမှ နိဗ္ဗာန်မျက်မှောက်ပြုနိုင်မယ်။

ဥပမာအားဖြင့် ခင်ဗျားတို့ ရွာတွေထဲမှာ ဘယ်သူ ဘယ်ဝါအဘိုးကြီး တဦးဟာ အနိစ္စ ရောက်သွားရှာပြီလို့ ပြောသလို

ဒီအဘိုးကြီးအနိစ္စရောက်ခဲ့ရှာပြီဆိုရင် ခင်ဗျားတို့ မြို့ရွာတွေထဲမှာ ရှိသေးသလား၊ မရှိဘူးသွားလို့ မတွေးတော့ဘူး၊ ဘာဖြစ်လို့ မရှိသလဲဆိုတော့ အနိစ္စရောက်ခဲ့လို့မရှိတာ၊ စာကလဲ "အနိစ္စံ ခယဋ္ဌေန"တဲ့။

ဒီမှာသဲပဲအနိစ္စ၊ အနိစ္စဆိုတာ သာမညပြောတာ မဟုတ်ဘူး၊ အနိစ္စရောက်ကုန်ပြီ၊ အနိစ္စရောက်နေရှာကြတယ်၊ ဘာတွေ အနိစ္စ ရောက်နေကြသလဲဆိုတော့ ဥပါဒန်နဲ့တကွဖြစ်တဲ့....

ခန္ဓာတွေကလဲ အနိစ္စရောက်နေတယ်၊
ဝေဒနာတွေကလဲအနိစ္စရောက်နေတယ်၊
သညာတွေကသဲ အနိစ္စရောက်နေတယ်၊
သင်္ခါရတွေကလဲ အနိစ္စရောက်နေတ ယ်၊
ဝိညာဉ်တွေကသဲ အနိစ္စရောက်နေတယ်၊

၎င်းတို့၏ တည်ရာအာရုံ၊ အာရုံပြုရာရုပ်ကို အာရုံ ရုပ်လို့ ခေါ်တယ်၊ အဲဒီရုပ်နာမ်ကလဲ အနိစ္စရောက်နေရှာတယ် မရှိဘူး။

အခုတော့ ဒီလိုသိသွားကြတာ မဟုတ်ဘူးဗျ၊ ဝိပဿနာရှု ဆိုတာက ခြေအစ ခေါင်းအဆုံး တကိုယ်လုံး ရုပ်ကြီးပြောတာ မဟုတ်ဘူး၊ သဏ္ဍာန်ဒြပ်နဲ့ အထည် ကောင်ကြီးက စိတ်ရယ် ဥတုရယ် အာဟာရရယ်ကြောင့် ဖြစ်နေတာတွေ၊ အဲဒါရှုရမှာ မဟုတ်ဘူး၊ ခင်ဗျားတို့ သိရမှာက အာရုံရုပ်နာမ် ခေါ်တယ်၊ ခင်ဗျားတို့ အာရုံပြုမှုဖြစ်မှာ အာရုံမပြုခင်ကမရှိဘူး၊ မရှိတော့ ဘယ်ရောက်နေသလဲ ပျောက်နေတယ်၊ အဲဒီ ပျောက်နေတယ် ဆိုတာက "ဝယဓမ္မာသင်္ခါရာ"တဲ့၊ ရုပ်အာရုံ သင်္ခါရတရားတွေက

ပျောက်ကွယ်၍နေတယ်၊ ပျောက်ကွယ်နေတော့ ပကတိအတိုင်း ချမ်းသာနေတယ်၊ ခင်ဗျားတို့စိတ်က တခုခုကိုအာရုံပြုထားတာ မရှိဘူးပေါ့၊ အဲဒီနာမ်ရုပ်ကိုသိရမှာ။

အဲဒီနာမ်ရုပ်က နာမ်က လုပ်လို့ဖြစ်တဲ့ရုပ်၊ နာမ်က လုပ်မှ ဖြစ်မှာ၊ နာမ်ဆိုတာ ဘာကိုပြောသလဲဆိုတော့ "စိတ်-စိတ် အတိုင်းတိုင်း မနေတာ" ကိုပြောတာ၊ စိတ်အတိုင်းတိုင်း မနေ တော့ ဘယ်လိုများနေကြသလဲ၊ ခင်ဗျားတို့စိတ်ကလေး ညွတ် ညွတ်ပေးတယ်၊ အိမ်တို့ အိုးတို့ သားတို့ သမီးတို့ကို ညွတ်ညွတ် ပေးတယ်၊ဒီထက်ရှင်းအောင်ကတော့ ခင်ဗျားတို့စိတ်က သားဆို သမီးဆို အိုးအိမ်ဆိုကို လှမ်းလှမ်းပြီး အောက်မေ့တယ်၊ တွေး တယ်ပေါ့၊ အဲဒါ ညွတ်တယ်ပြောတာ၊ ဒီညွတ်တာကိုပဲ နာမ်လို့ ပြောရဟောရတာ ဘာဖြစ်လို့ ညွတ်ညွတ်သွားရတာသလဲဆိုတော့ စိတ်-စိတ်အတိုင်းတိုင်း မနေလို့ ညွတ်ညွတ်သွားတာ၊ နာမ်ဖြစ် လာတာ။ နာမ်ဖြစ်တော့ နာမ်ရဲ့ဆွဲကိုင်ရာဆိုပါတော့၊ ဆွဲမှီရာ အဲဒါ အာရုံရုပ်ခေါ်တယ်၊ မိမိတို့က အာရုံပြုတဲ့စိတ်ဖြစ်မှ အဲဒီ အာရုံပြုတဲ့စိတ်နှင့် ယှဉ်ပြီး ပုံဟန် သဏ္ဌာန်နဲ့ ပေါ်လာတာ၊ ကိုင်စမ်းဖမ်းလို့လဲမရဘူး၊ သွားရှာလို့လဲမတွေ့ဘူး၊ အာရုံပြုမှ ကိုယ်ကအာရုံပြုမှ ဖြစ်ပေါ်လာတာ။

နာမ်ဖြစ်တော့ နာမ်ရဲ့ဆွဲကိုင်ရာဆိုပါတော့၊ ဆွဲမှီရာ အဲဒါ အာရုံရုပ်ခေါ်တယ်၊ မိမိတို့ကအာရုံပြုတဲ့စိတ်ဖြစ်မှ အဲဒီအာရုံ ပြုတဲ့ စိတ်နှင့်ယှဉ်ပြီး ပုံဟန်သဏ္ဌာန်နဲ့ ပေါ်လာတာ၊ ကိုင်စမ်း ဖမ်းလို့လဲမရဘူး၊ သွားရှာလို့လဲမတွေ့ဘူး၊ အာရုံပြုမှ ဖြစ်ပေါ်

လာတာ၊ အာရုံတရားဆိုတာ အင်မတန်မှ သိမ်မွေ့တယ်၊ နက်နဲတယ် သိနိုင်ခဲတယ်။ အဲဒီနာမ်ရုပ်ကိုသိရမှာ။

မြင်တာ ကြားတာ နံ့တာတွေကို ပြောတာ မဟုတ်ဘူး။ ဥပါဒါန်နာမ်ရုပ်၊ ဥပါဒါနက္ခန္ဓာ၊ အဲဒီနာမ်ရုပ်သိရမှာ။ အဲဒီနာမ်ရုပ်ကကြံကြံဖန်ဖန် မနေနိုင်လို့ လှုပ်လှုပ်ပြီးတော့ ညွတ်မှ အာရုံပြုမှ ဖြစ်လာမှာ၊ မနေနိုင်လို့ တွေးတောမှ ပြုပြင်ပေးတော့မှ ဖြစ်လာမှာ၊ မနေနိုင်လို့ တွေးတောမှ ပြုပြင်ပေးတော့မှ ပြုလုပ်ပေးတော့မှ ဒုက္ခတွေများလာကြတာ။ အဲဒါတွေကို ဒုက္ခတွေလို့ သိတော့ နေနိုင်သွားတာ။ ဪ... ဒီဒုက္ခဘာရားဘေဟာ ဒီလိုတွေးမှ ဒီလိုကြံမှ ဖြစ်လာရတဲ့ ဒုက္ခသက်သက်တွေပါကလား၊ ဆင်းရဲရုံသက်သက်ပါပဲ၊ အလကားဒုက္ခ၊ အငှါးဒုက္ခ၊ အပိုဒုက္ခ၊ အကြိုဒုက္ခတွေ ပါပဲရယ်လို့ သိပြီး၊ အဲဒီစိတ်ကလေး ဖြစ်မပေးချင်ဘူး။

ခင်ဗျားတို့မီးကို မကိုင်ချင်တာလို၊ မီးကိုင်ရင် ပူလွန်းလို့ ဘယ်တော့မှ မကိုင်ချင်ဘူး၊ ကိုင်ချင်တဲ့စိတ် ဖြစ်မလာဘူး။ ဒီမှာလဲ အဲဒီလိုပဲ ဟိုအောက်မေ့ ဒီအောက်မေ့ သားအောက်မေ့ သမီးအောက်မေ့ မြေးအောက်မေ့နဲ့ အောက်မေ့ပလားဆိုရင် စိတ်ပူရလွန်းလို့ စိတ်ဆင်းရဲလွန်းလို့ စိတ်ဒုက္ခများလွန်းလို့ ဒီစိတ်ကိုနာပြီးတော့ မအောက်မေ့တော့တာ။ စိတ်နာတယ်ဆိုတာ အာဒီနဝ ဖြစ်နေတယ်ခေါ်တယ်၊ နိဗ္ဗိဒါဉာဏ်လို့ခေါ်တယ်၊ အပြစ်မြင်တယ်လို့ခေါ်တယ်၊ ဒီတော့ ဒီစိတ် ဖြစ်မပေးဘူး။ ဖြစ်မပေးတော့ အဖြစ်အေးနေတာပေါ့။

စိတ်ကလေးက ညွှတ်ညွှတ်ပေးနေလို့ နာမ်ရုပ်က ဖြစ်ပေါ် ဖြစ်ပေါ် ရှိလာတာ။ အဲဒီနာမ်ရုပ်ကို သိရမယ်။ အခုဟောလို တာကတော့ ဒါတွေ ဟောချင်တာမဟုတ်ဘူး။ ပကတိအတိုင်း က အေးနေတယ်၊ အေးနေလျက်သာလျှင် ရှိနေပါတယ်။ငြိမ်း လျက်သာလျှင် ရှိနေကြပါတယ်၊ ပကတိ အတိုင်းတိုင်းကတော့ ငြိမ်းချမ်းလျက်နေပြီးသားဖြစ်၍နေကြပါတယ်၊ အဲဒီ ငြိမ်းအေး ရာကြီး ဖြစ်တဲ့နိဗ္ဗာန်ကို မျက်မှောက်ပြုတတ်တဲ့အတတ်ပညာတွေ ရကြအောင်လို့ ဟောလိုတာပါပဲ။

နိဗ္ဗာန်မသိဘူးဆိုတာ ဒါဗျ။ အသိခက်နေတယ် ဆိုဒါလဲ မှန်ပါတယ်။ ဒီအတိုင်း ငြိမ်းချမ်းလျက် ငြိမ်းရာကို နိဗ္ဗာန်လို့ မထင်ကြဘူး။ဒါမှတပါး အခြားသတောမျှားလားလို့ ခင်ဗျား တို့ ထင်နေတာ၊ ပြောလို့လဲယုံချင်မှယုံမှာ၊ တရားလို့သွားပြော ယင်လဲ ကိုက်ချင်မှကြိုက်မှာ၊ သူတို့သိထား မြင်ထားတာကြီးက ခက်လိုက်တာကြီးနဲ့ မပြောပါနဲ့တော့၊ အဲဒါ ဘုန်းကြီးတို့ ကိုယ်တွေ့ ဖြစ်လာခဲ့ပါတယ်။ ခင်ဗျားတို့ သိထားတာလောက် တောင် မကပါဘူး။ သိထားလိုက်တာမှ ပိဋကတ်စာပေတွေ သင်ကြားလာလို့မို့၊ နိဗ္ဗာန်ဆိုတာ....

ဂမ္ဘီရော၊ အလွန်နက်နဲ၏။
ဒုရနုဗောဓော၊ အလွန်သိနိုင်ခဲ၏။
သန္တော၊ ငြိမ်သက်၏။
ပဏီတော၊ မြတ်၏။

အတက္ကာဝစရော၊ ပုထုဇဉ်တို့၏အရာမဟုတ်၊အကြံသမား
တို့၏ အရာမဟုတ်။
ပဏ္ဍိတဝေဒနီယော၊ မဂ်ပညာ၊ဖိုလ်ပညာ ရှိသူတို့သာ
သိမြင်နိုင်၏။

အစရှိသည်ဖြင့်ပေါ့၊လွယ်လွယ်နဲ့ မရဘူး၊လေးသချေ်္ခ ကမ္ဘာ အသချေ်္ခ အစရှိသည်ဖြင့်ကျင့်ရမှာ၊ အရိုးကြေကြေ အရေခန်း ခန်း အသားအရေအသွေး အသက်ကိုမှ မညှာတာရ၊ သမ္မပ္ပဓါန် တရားနဲ့ဝေး၊ အဲဒါတွေကို ပြစ်ခွါသွားတော့ လုပ်မှ ရမှာပါဟ ဆိုပြီးတော့ လုပ်လဲလုပ်သာခဲ့တယ်၊ ကျင့်လဲ ကျင့်လာခဲ့တယ်၊ အားလဲထုတ်လာခဲ့တယ်။ ဗမာပြည်မှာရှိတဲ့ ကမ္မဋ္ဌာန်းတွေထဲက တော့ တခုမှမလွတ်ပါဘူး၊ လုပ်လာခဲ့တယ်၊ ငယ်ငယ်ကလေး ထဲက ဝိပဿနာအလုပ်ကို ဝါသနာပါခဲ့တယ်။

အောက်မြန်မာပြည်မှာဆိုရင် ပုသိမ်၊ မြောင်းမြ၊ လက်ပန် တန်းမြို့တွေ နယ်တွေမှာ လေ့လာအားထုတ်ခဲ့ဘူးတယ်၊ သထုံ ဘက်မှာလဲ အားထုတ်ခဲ့ဘူးတယ်၊ မင်းကွန်းတို့ စစ်ကိုင်းတို့၊ မိုးညှင်းတို့၊ ကြောင်ပန်းတို့ ဖိုဝန်းတောင်တို့ အနှံ့ပါပဲ၊ ရှိသမျှ ကမ္မဋ္ဌာန်းတိုက်တွေ အနှံ့ပါပဲ။ အဲဒီလောက် နှံ့ခဲ့ပေမဲ့ တခုမှ မကြိုက်ခဲ့ဘူး၊ တခုမှသဘောမကျခဲ့ဘူး၊ ဘုန်းကြီးက လုပ်သာ လုပ်ခဲ့တာ လုပ်သမျှတခုမှအားမရဘူး။ ဒီလိုနေလို့တော့ မဖြစ် သေးပါဘူးဆိုပြီး မဖြစ်တာ ကိုယ်တိုင်သိနေတာကိုး၊ ကိုယ့်မှာ သက်သာရာ မရခဲ့ဘူး၊ ထောက်တည်ရာမရခဲ့ဘူး၊ ကိလေသာ

ကလဲ မငြိမ်းအေးဘူး၊ ငြိမ်းအေးတဲ့တရား ဟုတ်မဟုတ်ကို ဒီလို စမ်းကြည့်ရမယ်၊ မှတ်ကျောက်တင်ကြည့်ရမယ်။

မှတ်ကျောက်တင်တယ်ဆိုတာ မိမိတို့ကိုယ်တိုင်က သက်သာရာရရဲ့လား၊ ထောက်တည်ရာရရဲ့လား၊ လောကဓံ ခံနိုင်ရဲ့လား၊ ခံနိုင်ရည် ရှိသလား မရှိဘူးလား၊ ဒါ သက်သေခံဗျ။ သက္ကာယဒိဋ္ဌိမပြုတ်ဘူး ပြုတ်တယ်၊ ကိလေသာ မခေါင်းပါးဘူး ခေါင်းပါးတယ်ပေါ့။ ရှောက်ပြောလို့တော့ ကိစ္စ မပြီးဘူး၊ အလကားပဲ၊ဘုန်းကြီး အဲဒီတုံးကလဲပဲ ဟောလဲဟောတတ်တယ်၊ ပြောလဲပြောတတ်တယ်၊ ရဟန်းဝါ ရှစ်ဝါရပြီးတော့ တရား စလိုက်တော့တာပဲ။စာရှစ်ဝါလောက်စာသင်ခဲ့တယ်။ ပခုက္ကူတို့ မန္တလေးတို့မှာ စာသင်ခဲ့တယ်။ ဒီရှစ်ဝါကကျော်ကာထဲက တရားလိုက်တာ မြန်မာပြည်နှံ့ရော၊ ကမ္မဋ္ဌာန်းတိုက်အမျိုးမျိုးမှာ နည်းအမျိုးမျိုးတွေပေါ့'နည်းအမျိုးမျိုးတွေ ပေးကြတာပဲ။ လုပ်လုပ်ဆိုတာကိုတော့ သဘောကျခဲ့တာပဲ။

စလိုက်တာကတော့ မိုးညှင်းကစလိုက်တာ၊ နို့ပေမဲ့ အားမရဘူး။ အားမရဆို လောကဓံကမခံနိုင်တာကိုး ကိုယ်တိုင်တွေ့နေတယ်ဗျ။ စိတ်ဆိုးစရာရှိလဲ နင်းဆိုးပြစ်လိုက်တာပဲ၊ သာတောင်ဆိုးသေးတယ်။ ကမ္မဋ္ဌာန်းသမား သာဆိုးသေးတယ်၊ ကိုယ်တွေ့ကိုဗျ။ သမထစွမ်းအားဖြင့်စိတ်ကငြိမ်နေလို့၊ ငြိမ်ရာကထဖြစ်တဲ့ဒေါသ၊ သာမညဒေါသမဟုတ်ဘူး။ မိုးပေါ်က ဈာန်လျှောတဲ့ ဟရိဘာစရသေ့ကြီးဟာ ဘာဖြစ်လို့ ဒီလောက်တောင်ကျရသလဲ၊

ခင်ဗျားတို့ လူလူချင်းမြင်လို့ ဘာကိစ္စရှိမလဲ၊ မဘုတ်ဂါမမြင်လို့ ခင်ဗျားတို့ လဲကျသွားသလား။ ဘယ့်နှယ်မှမဖြစ်ဘူး။

ဟိုမှာတော့ ချာန်နဲ့ မိုးကောင်းကင်ကတောင် ထိုးကျရတာ၊ ဘာဖြစ်လို့ကျရသလဲ၊ စောစောက ချာန်စိတ်နဲ့ အငြိမ်းဓာတ် ဖြစ်နေလို့၊ ချာန်အငြိမ်းဓာတ်က ထွက်ပေါ်ဖြစ်ရတဲ့ ကာမရာဂ စိတ်မို့လို့ အင်မတန်မှ ပြင်းထန်တယ်၊ ဂျွန်းပြန်အောင်ကျရှုံ လာရတယ်။ အဲဒါကြောင့် တရားသမား စိတ်ဆိုးပလားဆို ဘာစိတ်ဆိုးတာနဲ့မှ မတူဘူး၊ သတိထားကြ။ သမထသမားများ စိတ်ဆိုးပလားဆိုမှ ဘာစိတ်ဆိုးတာနဲ့မှ မတူဘူး၊ စိတ်ငြိမ်းနေ ရာက ထွက်ဖြစ်တာဗျ။ အဲဒါ ကိုယ်တွေ့မို့ပြောတာ၊ သက်သေ တွေ ဆောင်ရတာဗျ။

အခု ဒီအတိုင်းတိုင်းနေတော့ ဘာဖြစ်တာတွေ ရှိသလဲဆို တော့ ဘာဖြစ်တာတွေမှမရှိဘူး၊ သူ့အတိုင်း သူ့အလိုလို ငြိမ်း နေပါတယ်၊ နဂိုငြိမ်းပေါ့၊ ဟိုကတော့ နဂိုငြိမ်း မဟုတ်ဘူး၊ ငြိမ်း အောင်လုပ်ထားလို ငြိမ်းနေတာ၊ အဲဒါ နှိုင်းယှဉ်ကြည့်ပါလား၊ အဲဒါကြောင့် အားမရခဲ့တာ၊ ဒီလိုသိရတယ်၊ ကိုယ့်ကိုကိုယ် စစ်ဆေးရတယ်။

ဟန်ကြီးပန်ကြီးနဲ့ ငါသိတယ်၊ ငါတတ်တယ်၊ ငါမြင်တယ်လို့ ထိုင်ပြောနေတာ၊ ငါ့မှာ ဘယ်လောက်များ ခံနိုင်ရည်ရှိသလဲ၊



F. 22

ထောက်ရာ့တည်ရာ့သက်သာရာ ဘယ်လိုများရှိသလဲဆိုတာ မိမိ စိတ်ကို မိမိစစ်တမ်းတွေ ထုတ်စစ်ကြည့်ကြပါ။

ဒီလိုသိကာမျှနဲ့ လိုမ့်ခံရတာ၊ ဘာ၀နာမရှိပဲနဲ့တော့ လိမ့်ခံ ရမယ်၊ အခု ဘုန်းကြီးတို့ ဟောတော့ ဟောတဲ့အတိုင်း မသိဘူး လား၊ သိပြီးပေမဲ့ ရာဂဖြစ်စရာရှိလဲ ဖြစ်သေး၊ ဒေါသဖြစ်စရာ ရှိလဲ ဖြစ်သေး၊ ကြောက်စရာရှိလဲ ကြောက်တုံးပဲ၊ ဒါဘယ်နှယ် ဟာတွေလဲ တရားတရားအတိုင်း သိတာတော့မှန်တယ်၊ သော တာပန် သောတာပန်ဆိုတာ အရိယာ အငယ်စားလေးပေါ့၊ သံဃာ့ဇာ ရခါရှိသေးတယ်၊ ချုပ်ရာ ငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန်ကို မြင်သိကာရှိသေးတယ်၊ အဲဒီငြိမ်းရာကိုသိ၊ သိတဲ့အတိုင်းတိုင်း၊ ငြိမ်း-ငြိမ်းတဲ့ အတိုင်းတိုင်း၊ ကျင့်သုံးပါမှ ဘာ၀နာ ပွားပါမှ လောကဓံတရားကို ခံနိုင်မှာ၊ အဲဒါကြောင့် မြတ်စွာဘုရားပရိ နိဗ္ဗာန်စံခါနီးမှာ "မမေ့ကြနဲ့၊ ၀ယဓမ္မာသခ်ါရာ၊ အပ္ပမာဒေန သမ္ပာဒေထ" လို့ မမေ့မလျော့သော သတိတရားနဲ့ နေရစ် ကြရန် ဟောခဲ့တာ။

ဒီလို ဖြစ်မဲ့အရေးတွေမြင်လို့မို့ သင်တို့ သိရှိတဲ့ တရားကို မမေ့ကြနဲ့၊ သိ-သိတဲ့အတိုင်း နေကြ၊ သိပြီးတဲ့တရားကို မမေ့ နဲ့လို့ ပြောခဲ့တာ၊ မှာခဲ့တာ အရေးတကြီး မှာခဲ့တော်မူတယ်၊ အခုတော့ သိပြီးတော့လဲ ပြီးတာပဲလို့ ဒဿနကိစ္စရောက်ခါမျှနှင့် သောင်တင်နေပြီး ဘာ၀နာကိစ္စသို့ မကူးပါက ဒီလူ ဂျမ်းပြန်

တော့မယ်လို့ ဘုန်းကြီးက သနားတယ်၊ လောကဓံနဲ့တွေ့ရင်တော့ ဂျမ်းပြန်တော့မယ်၊ သိရုံ သိတာနဲ့တော့ လောကဓံ မခံနိုင်ဘူး။

ဒဿနေန ပဟာတဗ္ဗ၊

ဘာဝနာယ ပဟာတဗ္ဗ၊

နေဝဒဿနေန နဘာဝနာယ ပဟာတဗ္ဗ၊

ဒီလိုလာတာဗျ၊ သိပြီးတော့ ပယ်သွားမယ် ဆိုတာ၊ အခုဟောတော့ သိသွားတယ်ဆိုပါတော့၊ သက္ကာယဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာကိုသာ ပယ်နိုင်သေးတာ၊ ကျန်တဲ့ ကိလေသာက ပြန်ဖြစ်ဦးမှာ၊ ကျန်တဲ့ ကိလေသာတွေ ဘာဝနာကိစ္စ၊ ဘာဝနာ အစွမ်းနဲ့ ပယ်ရမှာ၊ ဘာဝနာဆိုတာ အေးငြိမ်းရာနိဗ္ဗာန်ကို သိတဲ့အတိုင်းတိုင်း ငြိမ်းတဲ့အတိုင်းတိုင်း နေသွားတာ၊ အလေ့လုပ်သွားတာ၊ အလေ့အကျင့်လုပ်သွားတာ၊ စာလိုကတော့ ကျင့်သုံးတယ်ပေါ့၊ အဲဒီကျင့်သုံးဘို့ရာ အရေးကြီးတယ်၊ အဲဒါ လွယ်တာမဟုတ်ဘူး၊ အဲဒီအကျင့်က မဂ်လေးပါး ဖိုလ်လေးပါး နိဗ္ဗာန်တည်းဟူသော လောကုတ္တရာတရား ကိုးပါးအားလျော်သောအကျင့်။

ဘုန်းကြီး တရားရှာခဲ့ပုံလေး ဆက်ကြဦးစို့၊ နောက်အချိန်မှာတော့ ကြောင်ပန်း ရောက်သွားတယ်၊ ကြောင်ပန်း ရောက်တော့မှ ဒီလိုနဲ့တော့ မဖြစ်သေးဘူး၊ ဒွတ္တိံသတို့ ဘာတို့ စတု

ဘုမ္မိက သတိပဋ္ဌာန်နည်းတို့ ဒီလိုလဲ လုပ်ခဲ့ဘူးပါတယ်၊ ကေသာ လောမာ နခါ ဒန္တာ တစော၊ တစော ဒန္တာ နခါ လောမာ ကေသာ စသည်ဖြင့်ပေါ့၊ နောက်တော့လဲ ဒါတွေ အသုံးကျ လာတာပဲ။

ကေသာ၊ လောမာ၊ နခါ၊ ဒန္တာ၊ တစော။ တစော၊ ဒန္တာ၊ နခါ၊ လောမာ၊ ကေသာ ဆိုတာ ဘယ်မှာပေါ်သလဲ၊ စိတ်မှာ မပေါ်ဘူးလား၊ စိတ်ထဲမှာမဖြစ်ဘူးလား၊ စိတ်ထဲမှာ ဖြစ်ဖြစ် နေတယ်၊ အဲဒါကိုရှု အဲဒါကိုရှု၊ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ၊ ဆိုရင်တော့ စိတ်ထဲမှာ မဖြစ် လာဘူးလား၊ စိတ်တွေဖြစ်လာတာ၊ အဲဒီစိတ်တွေဖြစ် စိတ်တွေ ပျက်တာ ရှေးဦးစွာသိမယ်၊ ရှေးဦးစွာ စသိပါတယ်။

အခုလဲပဲ တရားကို အဲဒီက ဟောနေတာမဟုတ်ဘူး၊ အဲဒီက ဟောနေရင် ဆုံးမှာမဟုတ်ဘူးဆိုပြီးတော့ လိုရင်းကနေ ဟော နေတယ်။ အဲဒါတွေ ရှုတ်မှ ဘတ်မှ ရှိတာကိုးဗျ။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဆိုတာက ရှုတ်မှရှိမှာ မရှုတ်ယင် ဒီအတိုင်းတိုင်း က တော့ ငြိမ်းနေတယ်၊ ပျောက်နေတယ်၊ ကုန်နေတယ်၊ ခုနင်က ကေသာ၊ လောမာ၊ နခါ၊ ဒန္တာ၊ တစော။ တစော၊ ဒန္တာ၊ နခါ၊ လောမာ၊ ကေသာ အစရှိသည်ကလဲ အနုလုံ ပဋိလုံ မှန်တယ်၊ အဲဒီလို အောက်မေ့တော့ အောက်မေ့တဲ့စိတ်တွေ ရှုတ်လိုက်တော့ ရှုတ်တဲ့ စိတ်တွေ အမျိုးမျိုး ရှုတ်မှုတွေ

ဖြစ်မလာဘူးလား၊ မရှုတ်ရင်တော့ကော သူ့အလိုလိုက ပျောက်မနေဘူးလား။ သူ့အလိုလိုက ပျောက်နေတယ်၊ ကွယ်နေတယ်၊ ချုပ်နေတယ်၊ ငြိမ်းနေတယ်၊ မရှိဘူး၊ အဲဒီလိုသိရမှာ၊ နောက်ဆုံးတော့ ဒီကိုရောက်လာရမှာဗျ၊ နောက်ဆုံး ဒီလာရမှာ။

လောကီသင်္ခါရ ဥပါဒါနက္ခန္ဓာတွေက ရှိမနေပါဘူး၊ ခုနက နာမ်ရုပ်ကလဲ မရှိပါဘူး၊ သူ့အလိုလိုက ပျောက်ကွယ်၍ နေတယ်၊ ချုပ်ငြိမ်း၍နေတယ်၊ အဲဒါကြောင့်မို့ လောဘသက္ကာယဒိဋ္ဌိဆိုတဲ့ သက္ကာယ အစရှိသည့် သက္ကာယတရားတွေ မရှိဘူး၊ ချုပ်ပြီးသား၊ ငြိမ်းပြီးသား၊ အေးပြီးသား တရားသာလျှင် ရှိပါတယ်။

တရားသိဖို့လွယ်လွယ်လေးပါ၊ ခင်ဗျားတို့ နေပြီးသားအတိုင်း သိကြ။ ဘုန်းကြီးတို့ ဆုံးမလိုတာကတော့ ဘုရားကျင့်သုံးဖို့၊ တရားသိဖို့၊ တရားအားထုတ်ဖို့ များတယ်မမှတ်လေနဲ့၊ တခုထဲရယ်၊ သိစရာတရား မျက်မှောက်ပြုစရာတရားက တခုပဲရှိတယ်၊ ပကတိအားဖြင့် ငြိမ်းချမ်း၍နေတယ်။ ငြိမ်းအေး၍ နေတဲ့ ငြိမ်းရာသဘောတခုပဲရှိပါတယ်။ ဒါပဲရှိတယ်။ နောက်တုံးက ဖြစ်တာတွေက ဘယ်ရောက်သွားသလဲ၊ လောဘမျိုး၊ ဒေါသမျိုး၊ သောကမျိုး၊ ပရိဒေဝမျိုး၊ စာလိုကတော့ " သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာပိ ဒုက္ခာ " အဲဒီ ဒုက္ခတရားတွေက မရှိဘူး။ ဖြစ်ခဲ့တာတွေကလဲ ပျက်ခဲ့လို့ မရှိဘူး။ အခုလဲ ဖြစ်ဆဲ မရှိဘူး။

ဖြစ်တယ် ပျက်တယ်လို့ ရှုစရာမရှိဘူး၊ သိစရာလဲမရှိဘူး၊ သူက ဖြစ်လာမှ ရှိမှာကိုး၊ မဖြစ်ရင် မရှိဘူးပေါ့၊ ဖြစ်မှရှိမှာ မဖြစ်ရင် မရှိဘူး၊ ရှိတာက ဘာလဲ ဖြစ်ခြင်း ပျက်ခြင်းတို့မှ ငြိမ်းအေးနေတဲ့ သဘော၊ ဖြစ်ခြင်း ပျက်ခြင်းတို့မှ ကင်းနေတဲ့ ကင်းရာ, ကုန်ရာ, ချုပ်ရာ တခုသာလျှင်ရှိပါတယ်၊ ဥပါဒါနက္ခန္ဓာတွေ မရှိဘူးပေါ့။

တရားကို နာနာနယနည်းဖြင့် ဟောဒါက၊ သံဝေဂရအောင် ဟောတဲ့နည်းလဲရှိတယ်၊ ဟောဒီ အကျိုးဝိပါက် ခန္ဓာကြီးကို ဟောရတာက၊ သံဝေဂရအောင် ဟောတာ၊ အိုခြင်း, နာခြင်း, သေခြင်း အစရှိတာတွေကို လိုက်ပြီး ဟောနေရတာက မထိရောက်ဘူး၊ နိဗ္ဗာန်နဲ့မနီးကပ်ဘူး။

နိဗ္ဗာန်နဲ့ နီးကပ်တဲ့ တရားကတော့ ဥပါဒါနက္ခန္ဓာဆိုတဲ့ စိတ်ကူးလို့ပေါ်လာတဲ့ ဇာတိတရား၊ ပရမတ်တရား၊ ပဋိသန္ဓေနေရခြင်းဆိုတဲ့ ဇာတိတရားက သမုတိတရား၊ ပညတ်တရား၊ အဲဒီတရားကတော့ နိဗ္ဗာန်နဲ့ အလှမ်းမမှီနိုင် လောက်အောင် ကွာဝေးလှပါဘယ်၊ ဟောဒီ ဥပါဒါနက္ခန္ဓာဇာတိက နိဗ္ဗာန်နဲ့ တိုက်ရိုက် ဆက်စပ်နေတယ်၊ တိုက်ရိုက်ဆက်သွယ်နေတယ်။

ဘယ်လို ဆက်သွယ်နေသလဲဆိုတော့ အဲဒီ ဥပါဒါနက္ခန္ဓာ ဆိုတဲ့ စွဲလမ်းမှုနဲ့တကွဖြစ်တဲ့စိတ်၊ အဲဒီ စိတ်ဆိုတဲ့ ဇာတိတရားက စိတ်ကူးလို့၊ အာရုံပြုလို့၊ ကြံစည်လို့၊ တွေးတောလို့၊ စိတ်ကိစ္စ စိတ်အလုပ်၊ စိတ်ပြုပြင်မှုတွေ ပြုလို့ ဖြစ်ပေါ် လာရတဲ့

တရားပဲ၊ ဖြစ်ပေါ်ပြီးရင်လဲ ပျက်ရတဲ့ တရားပါကလားရယ်လို့ သိတာ၊ အဲဒါ ဥဒယဝယ အနိစ္စ နုပဿနာဉာဏ်ခေါ်တယ်။

အဲဒီဥပါဒါနိဇာတိတရားသည် မိမိတို့၏ ပွားပြင်လို့ဖြစ်ပေါ် ရခြင်းပါကလား၊ စိတ်ကိစ္စ၊ စိတ်အမူ၊ စိတ်ပွားပြင်မှုတွေ မပွားပြင် မိက၊ အစပကတိကတော့ သူ့အလိုလိုကတော့ သုဉ်းနေပါ ကလား, ဆိတ်နေပါကလား, ချုပ်နေပါကလား, အစမရှိပါ ကလားလို့ ဤလို သိမြင်လိုက်တော့ အဲဒါကို စာလိုကတော့ သင်္ခါရုပေက္ခာဉာဏ်၊ သုညတနုပဿနာဉာဏ်၊ အနိမိတ္တအနိစ္စ ဝိပဿနာဉာဏ်၊ ဝဋ္ဋာနုဂါမိနီ ဝိပဿနာဉာဏ်၊ အနုလောမ ခန္တီ ဉာဏ်၊ ပုဗ္ဗဘာဂမဂ်၊ မဂ်ဝင် ဝိပဿနာဉာဏ်လို့ ခေါ်တယ်။ ဝိပဿနာဉာဏ်ရဲ့ အထွဋ်အထိပ်ကို ရောက်ပြီး၊ ဝိပဿနာတွင် တနည်းလုပ်စရာ မရှိတော့ဘူး။

ညာတပရိညာ၊ တိရဏပရိညာ၊ ပဟာနပရိညာ ဆိုတဲ့ ပရိညာ သုံးပါးပိုင်အောင် သိတဲ့ဉာဏ်ပဲ။ သစ္စဉာဏ်၊ ကိစ္စဉာဏ်၊ ကတ ဉာဏ်နဲ့ ဆိုရင်တော့နာမ်ရုပ်နှစ်ပါးဆိုတဲ့ဒုက္ခသစ္စာမှာပရိညေယျ ကိစ္စ ပြီးပြီ၊ ဒီကတဆင့်တက်ရင် မဂ်ဉာဏ်ဖြင့် နိရောဓသစ္စာ မျက်မှောက်ပြုဘို့ပဲ၊ သစ္ဆိကာတဗ္ဗကိစ္စဖြင့် မျက်မှောက်ပြုဘို့ ကိစ္စပဲ ကျန်တော့တယ်၊ ဘုန်းကြီးတို့ကတော့ စာတွေ ရှောက် ဟောလေ့မရှိပါဘူး၊ ဒီပရိသတ်တွေထဲမှာတော့ စာပေလေး ဘာလေး သင်ဘူးတဲ့သူ ရှိချင်ရှိမှာမို့ ဟောရပြောရတာ။

အဲဒီ ဥပါဒါနက္ခန္ဓာ လောကဆိုတဲ့ စိတ်ဆိုတာ ဘယ်စိတ်လဲ၊ ခင်ဗျားတို့က ပြုပြင်လို့ဖြစ်လာတဲ့စိတ် ကြံစည်အောက်မေ့လို့ ဖြစ်လာတဲ့စိတ်၊ ရှုမှတ်ပွားများလို့ ဖြစ်လာတဲ့စိတ်၊ အဲဒီ အာရုံပြုမှုကြောင့် ဖြစ်ပေါ်လာရတဲ့ စိတ်ပါကလား၊ လောကီပရမတ် ဓာတ်တရားပါကလား၊ မပြုပြင်မိက, မအောက်မေ့မိက၊ မရှုမှတ်မိက ဖြစ်ပေါ်မှုတွေ သုဉ်းနေပါကလား၊ ဆိတ်နေပါကလား၊ အဖြစ်ကင်းနေပါကလားလို့ သိပြီး၊ အဲဒီကင်းရာ, ကုန်ရာ, ချုပ်ရာတည်းဟူသော နိဗ္ဗာန်တရားက အဇာတိတရားကို အာရုံအာရမ္မဏိက အားဖြင့် (ဝါ) ငြိမ်းအေးသော အဖြစ်ကင်းသော နိရောဓသစ္စာ နိဗ္ဗာန်ကို သစ္စိကာတဗ္ဗကိစ္စဖြင့် မျက်မှောက်ပြုတာပါပဲ။

လိုရင်းကတော့ သူ့အလိုလို အေးငြိမ်းနေတဲ့နိဗ္ဗာန်ကို ဉာဏ်ဖြင့် သိမြင်နေတာပါပဲ၊ သိတဲ့နေရာမှာလဲ ကိုယ်တိုင်သိနေတာဖြစ်လို့၊ စာလိုကတော့ ဒိဋ္ဌဓမ္မော၊ ပတ္တဓမ္မော၊ ဝေဒိတဓမ္မော၊ ပရိယောဂဠှဓမ္မောလို့ဆိုတာ၊ အဲဒီနိဗ္ဗာန်သိတဲ့ဉာဏ်ကို မဂ်ဉာဏ်ခေါ်တယ်။

ဥပါဒါနက္ခန္ဓာကို ပေါ်လွင်အောင်ဟောမှ ထိရောက်တာ၊ တရားဆိုတာ ထိရောက်တဲ့ တရားကို နာမှ ထိရောက်တာ၊ ဥပါဒါနက္ခန္ဓာ၊ တနည်း၊ ဒုက္ခအရိယသစ္စာ၊ အဲဒီ ဒုက္ခအရိယသစ္စာဆိုတာကတော့ တခါတခါမှ ဖြစ်တဲ့တရား တကာကြီးတို့ တကာမကြီးတို့ တခါတခါ အိုးအိမ်အတွက် သားအတွက်

သမီးအတွက်စိတ်များမဖြစ်ကြဘူးလား၊ ခင်ဗျားတို့မှာ ဖြစ်တာ မမှန်ဘူးလား၊ ဒုက္ခအရိယသစ္စာဆိုတာ တခြားများ ထင်နေကြသလား၊ ဒါ-နေ့တိုင်း နေ့တိုင်း ဖြစ်နေတဲ့စိတ်၊ မကြာမကြာ ဖြစ်နေတဲ့စိတ်၊ အဲဒီစိတ်ကို ပြောနေတာ၊ အဲဒါ ဒုက္ခအရိယသစ္စာပဲ။

ငါ့အိုးရယ်၊ငါ့အိမ်ရယ်၊ ငါ့သားရယ်၊ ငါ့သမီးရယ်၊ ငါ့မြေးရယ်လို့ အောက်မေ့တဲ့ စိတ်တွေ၊ သွားရေးလာရေး၊ နေရေးထိုင်ရေး စသည့် အမျိုးမျိုးဖြစ်နေတဲ့စိတ်တွေ ဖြစ်မနေဘူးလား၊ မဖြစ်ပဲနေတယ်လို့ မရှိပါဘူး၊ အဲဒါ ဒုက္ခအရိယသစ္စာပဲ၊ ဒီစိတ်တွေကတော့ ခင်ဗျားတို့မှာ မကြာမကြာ ဖြစ်၍ဖြစ်၍ နေကြရတာ၊ အဲဒီစိတ်တွေက ဒီအတိုင်းတိုင်းများ ဖြစ်ကြသလား ဆိုတော့ သူ့အလိုလို မဖြစ်ပါဘူး။ လှည့်လှည့် အောက်မေ့နေလို့ပါ။ တခါတခါ ရှေ့ရေး လှည့်လှည့်တွေး၊ နောက်ရေး လှည့်လှည့်တွေး၊ လှည့်လှည့်အောက်မေ့ကြ၊ အဲဒီတော့မှ ဒီစိတ်ဖြစ်လာကြတာ မမှန်ဘူးလား၊ အဲဒါ ဒုက္ခအရိယသစ္စာဗျ။ အောက်မေ့မှ ဖြစ်တာ။

သည့်ပြင်ဟာတွေ ဖြစ်တာက ဒုက္ခသစ္စာ။ တခါတခါ လိုချင်တယ် ရချင်တယ်ဆိုတာ ဖြစ်မနေကြဘူးလား၊ အဲဒါ သမုဒယသစ္စာ။ အဲဒါတွေက ပကတိကတော့ ငြိမ်းအေး နေပါတယ်။ အဲဒါတွေမဖြစ်တော့ အဖြစ်တို့မှငြိမ်းအေးရာကရှိနေတယ်၊ အဲဒါ

နိရောဓသစ္စာခေါ်တယ်၊ အဲဒီ ငြိမ်းရာကို သိတာ မဂ္ဂသစ္စာပဲ၊ တရားက ဒါပဲရှိတာ၊ သည့်အပြင်များရှိသေးသလား၊ ဒီလေးပါး အပြင်မှ သည့်ပြင် ဘာများဖြစ်ဘာရှိသေးသလဲ။

လူတွေရှိတယ်၊ ယောကျ်ားတွေ မိန်းမတွေ ရှိသေးတယ်လို့ ပြောဦးမလား၊ အဲဒါ ဒုက္ခတရားတွေကို လူရယ်လို့ ခေါ်တာ၊ တကယ်ရှိလို့မဟုတ်ဘူး။ စိတ်ဖြစ်တာလဲ ဒုက္ခဖြစ်တာ၊ ရုပ်ဖြစ်တာလဲ ဒုက္ခဖြစ်တာ၊ အဲဒီ ဒုက္ခဖြစ်တာတွေကိုပဲ သမုတ်ရတာ။ ဒုက္ခတရားတွေကိုပဲ လူရယ်လို့ ခေါ်ဝေါ်သမုတ်ရတာ၊ ခင်ဗျားတို့ ထင်သလိုတော့ ဘယ်တော့မှဖြစ်မလာဘူး၊ ခင်ဗျားတို့ထင်ရင် ထင်ရုံရှိတာပဲ၊ ခင်ဗျားတို့တောင်းလာကြတဲ့ လူချမ်းသာ နတ်ချမ်းသာ ဗြဟ္မာချမ်းသာတွေက ဘယ်တော့မှ ရလာမှာမဟုတ်ဘူး၊ အဲဒါကိုပြောဘော့ "ယံပိစ္ဆံ နလဘတိ တံပိ ဒုက္ခံ" တဲ့၊ သာမညဟောတာမဟုတ်ဘူး၊ ပဋ္ဌိဝေခဉာဏ်နဲ့ အနက်ပြန်လိုက်ရလို့ရှိရင် အဲဒီလိုပြန်ရမှာ။

အနက်ပြန်တယ်ဆိုတာ ပရိယတ္တိဉာဏ်နဲ့ ပြန်တာရှိတယ်။ ပဋိပတ္တိဉာဏ်နဲ့ ပြန်တာရှိတယ်၊ ပဋိဝေဓဉာဏ်နဲ့ အနက်ပြန်တာရှိတယ်၊ ပဋိဝေဓဉာဏ်နဲ့ အနက်ပြန်ရလို့ရှိရင် "ခင်ဗျားတို့ လူချမ်းသာ နတ်ချမ်းသာ ဗြဟ္မာချမ်းသာဆိုတာ ဘယ်သိုပင် ဆုတွေတောင်းဘောင်း၊ ဘယ်လိုပင်လိုချင်သိုချင်၊ ဘယ်တော့မှ မရကောင်းဘူးလို့ပြောတာ" ဘယ်ဘောမှလဲ ရမလာပါဘူး။

ဘယ်တုန်းကမှလဲ ရမလာခဲ့ပါဘူး။ ယခုလဲမရဘူး နောင်လဲ ဘယ်တော့မှ ရမှာမဟုတ်ဘူး။ မရကောင်းဘူးလို့ ပြောတာ၊ ရတာ ဘာတွေရခဲ့သလဲ၊ ဒုက္ခတွေသာရမယ်၊ ဒုက္ခသာလျှင်ဖြစ်မယ်၊ ဒါပြောတာ။ အမှန်စင်စစ်ကတော့ ဘယ်တော့မှမရခဲ့ဘူး၊ ဖြစ်မလာခဲ့ဘူး၊ ရှိမနေခဲ့ဘူး။

မရှိပေမဲ့၊ မရပေမဲ့၊ တကယ်အမှန်မရပေမဲ့၊ သတ္တဝါတွေရဲ့ စိတ်က အဝိဇ္ဇာဆိုတဲ့ တိမ်သလာတွေက ဖုံးအုပ် နေလို့မို့၊ ဉာဏ်မှာ သညာမှာ ဖုံးဖိထားလို့မို့ ရလာတယ်လို့ထင်တယ်။ နတ်တွေဖြစ်တယ်လို့ ထင်တယ်၊ လူချမ်းသာတွေ ဖြစ်တယ်လို့ ထင်တယ်၊ မထင်ကြဘူးလား၊ အထင်နဲ့ဖြစ်ရတာ၊ တကယ်ဖြစ်တာမဟုတ်ဘူး။ ဒါကြောင့်မို့ ထင်တာတွေက တခြား ဖြစ်တာတွေကတခြား၊ ခင်ဗျားတို့ထင်ရင် ထင်တာပဲ ရှိတာ၊ တကယ်မဟုတ်ဘူး။

မရကောင်းတာကို ဆုတောင်း လာကြတာ၊ ဘယ်တော့မှ ဖြစ်ကောင်းတာမျိုးမဟုတ်ဘူး၊ သစ္စာတရား ဟောလိုတာက ဒီလိုဟောလိုတာ၊ လူချမ်းသာရယ်လို့ ဘယ်တော့မှ ဖြစ်မလာပေမဲ့၊ ခင်ဗျားတို့က လူဖြစ်တယ်လို့ ထင်နေတယ်၊ မှတ်တယ်၊ သိတယ်၊ ယူတယ်၊ သညာရယ်၊ စိတ်ရယ်၊ ဒိဋ္ဌိရယ်၊ ဝိပလ္လာသ တရားသုံးပါးပေါ့။ ဒီက စလာတာ၊ ဝိပလ္လာသ တရားဆိုတာ။ အဲဒါ အမြင်မှားနေတယ်၊ အမြင်လွဲနေတယ်လို့ပြောကာ။

ဂန္ဓဗ္ဗနတ်များကဲ့သို့၊ ဂန္ဓဗ္ဗနတ်များဟာ ဘာမှမရှိတဲ့ဟာလာဟင်းလင်း လဟာပြင်ကြီးမှာ မြို့ကြီး ပြကြီး မြို့ရိုး ပြရိုး ပြအိုးပစ္စင် ရင်တား အစရှိသည်တို့ ဖန်ဆင်းသကဲ့သို့၊ သူ့ဟာသူ ဖန်ဆင်းပြီး၊ သူ့ဟာသူ ကစားတာ၊ တကယ်ဟုတ် တကယ်ရှိပါ့မလား၊ တကယ်မဟုတ် တကယ်မရှိဘူး၊ ဟင်းလင်းပြင်ကြီးထဲမှာ တကယ်မဟုတ် တကယ်မရှိပဲလျက်၊ သူ့စိတ်ကူးနဲ့ ဖန်ဆင်းပြီးတော့ မြူးတူးပျော်ပါးကစားသလို၊ ဒီမှာလဲဒီလိုပဲ၊ ကိုယ့်စိတ်ကိုကိုယ်ဖန်ဆင်းတာ-ကိုယ်ကြိုက်ရာ ကိုဆုတောင်းကြတာ၊ ကိုယ့်စိတ်နဲ့ ကိုယ်ထင်ကြတာ။ ဘယ်တော့မှ ရှိတာမဟုတ် ဘယ်တော့မှ မရဘူး။

တကယ်ဟုဘ် တကယ်မှန်ပြီးတော့ ရှိတာ ရတာရယ်လို့ ခင်ဗျားတို့ကထင်တာ၊ အဲဒီဝိပလ္လာသစိတ်၊ အဲဒီစိတ်ကို အရူးနဲ့တူဘာယ်လို့ ပြောတာ၊ "ပုထုဇ္ဇနော ဥမ္မတ္တကော" ကိုးဗျ၊ အရူးနဲ့တူတယ်ဆိုဒါ ဒါပြောဘာ။ တနည်းအားဖြင့် "မာယူပမဉ္စ ဝိညာဏံ ဂန္ဓဗ္ဗနဂရံဝိယ" လို ဆိုတာ။ ခင်ဗျားတို့ တခါတခါ အိမ်မက် မမက်ဘူးလား။ အမျိုးမျိုးတွေ မက်ဖူးကြမှာပေါ့။ အကောင်အထည် အမျိုးမျိုးတွေနဲ့၊ တိုက်ကြီး တာကြီးနဲ့၊ ပွဲလမ်းသဘင်တွေနဲ့၊ ဒီလိုဘခါတခါ မက်ဘယ်မဟုတ်လား။ အိပ်ရာကနိုးတော့ တကယ်ဟုတ်ပါ့မလား၊ အိမ်မက်ထဲမှာတော့ တကယ်ဟုတ်ဘယ်၊ တကယ်ထင်တယ်၊ နိုးလာတော့ တကယ်မဟုတ်ဘူးပေါ့၊ ဒီမှာလဲဒီလိုပဲ အဝိဇ္ဇာအိပ်ပျော်နေလို့၊ ခင်ဗျား

တို့ လူတွေ, နတ်တွေ, ဗြဟ္မာတွေ, ယောကျ်ားတွေ, မိန်းမတွေ, လူချမ်းသာ, နတ်ချမ်းသာ တွေ့ရယ်လို့ ထင်နေတာ၊ အဝိဇ္ဇာ အိပ်ပျော်နေလို့၊ အဲဒီအဝိဇ္ဇာမှ နိုးထလာရင်တော့၊ ဝိဇ္ဇာဆိုတဲ့ ဉာဏ်က နိုးကြားလာပြန်တော့၊ လူချမ်းသာ နတ်ချမ်းသာ ဆိုတာတွေ တကယ်မဟုတ်ပါလား၊ လူတွေ နတ်တွေ ဆိုတာ တကယ်မဟုတ်ပါကလား၊ သမုတ်တာတွေပါလား၊ တကယ် စင်စစ် ဟုတ်တာက ဒုက္ခတွေပါလား၊ ဒုက္ခဆိုတာ အလကား တရားတွေဖြစ်မှာရယ်လို့၊ ဤလိုသိလာပြန်တယ်။

အလကား တရားဆိုတာ ခင်ဗျားတို့ခန္ဓာကိုယ်ကြီးသေတော့ အလကား သွားမပြစ်ရဘူးလား၊ သုသာန်မှာသွားပြစ်ရမှာပါ။ ခင်ဗျားတို့သေရင်တော့ သုသာန်သွားပြစ်ရမှာပါ၊ ဒုက္ခဆိုတာ ခင်ဗျားတို့စိတ်တွေ့ အလကား တွေးတွေးပေးတော့ အလကား ဖြစ်မလာဘူးလား စိတ်အလုပ်တွေ လုပ်မနေဘူးလား၊ လုပ်ပါ တယ်ဗျ။

မနက်စောစော ကျောင်းဥပုသ်စောင့်သွားပြီးတော့ တရား နာမယ်လို့ အလုပ်တွေလုပ်လာတယ်မဟုတ်ဘူးလား။ ဒီစိတ်က ကြံမှုဖြစ်မှာပါ၊ အဲဒီစိတ်တွေက အခုရှိနေသလား၊ ပျောက်ပျက် ကုန်ဆုံးကုန်လို့ဘာမှမရှိပါဘူး။ ရှာလို့မတွေ့ဘူး။ အလကား ဖြစ်ကုန်တာပဲ။ အလကားဖြစ်ခဲ့တာ၊ အလကား အလကား ဖြစ်သွားတာ၊ အဲဒါကို ဒုက္ခအရိယသစ္စာဆိုတာပဲ။

စိတ်အနေခက်တာ, စိတ်ဝန်လေးတာ, စိတ်အနေကြပ်တာ၊ နင့်အတွက် ငါဝန်လေးတယ်၊ နင့်အတွက် ငါမှာခက်တယ်၊နင့်အတွက်ငါပူရတယ်၊ စိုးရိမ်ရတယ်ဆိုတဲ့ စိတ်မျိုးတွေကော မဖြစ်ကြဘူးလား၊ ဖြစ်ပါတယ်ဗျ။ စိတ်တွေက ပဋိသန္ဓေ နေကြတာကိုး၊ စိတ်တွေကပဋိသန္ဓေနေတော့ စိတ်တွေကျဉ်းကြပ်လာတာ၊ လူများ ပဋိသန္ဓေနေတော့ မကျဉ်းကြပ်ဘူးလား၊ အနေခက် အထိုင်ခက် ကျဉ်းကျဉ်းကြပ်ကြပ်နေရလို့၊ မလှုပ်သာ မလှည့်သာနဲ့၊ ဒါလိုပဲ ခင်ဗျားတို့စိတ် အကျဉ်းကြပ်လို့ စိတ်ပဋိသန္ဓေနေတာ၊ အဲဒါကို ဥပါဒါနက္ခန္ဓာရဲ့ဖြစ်မှုဇာတိလို့ သိကြရမယ်၊ အမေမွေးတုံးက ဇာတိမဟုတ်ဘူး၊ ယခုဥပါဒါန်နှင့်တကွ (ဝါ) ကိလေသာနှင့်တကွ ဖြစ်ပေါ်လာတဲ့ စိတ်ဇာတ်၊ ဤဇာတိ သိကြရမှာ၊ ဤလိုသိကြရမှာ။

လိုရင်းကလဲ ဒီလိုအချည်းနှီးဖြစ်ခဲ့ရတဲ့ ဒုက္ခရယ်လို့သိတာ။ လူချမ်းသာဆိုတာ တကယ်ရှိပါ့မလား၊ အဲဒါကြောင့်ခင်ဗျားတို့ တောင်းနေပေမဲ့ ဘယ်တော့မှမရဘူး၊ "ယံပိစ္ဆံ နလဗ္ဘတိ တံပိ ဒုက္ခံ" တဲ့၊ ယံ-အကြင်အမှုကို၊ ဣစ္ဆတိ-အလိုရှိအပ်၍၊ လဗ္ဘတိ-တောင်းတအပ်၏၊ ထိုအလိုရှိတိုင်းမရခြင်းသည်၊ ဒုက္ခံ-ဆင်းရဲ၏၊ (မရသောသဘော ဆုတောင်းတာကိုး) တောင့်တတိုင်းမရ မရအပ်သော တရားသဘောတွေကိုတောင့်တ၍ နေမိလို့မို့၊ ဒုက္ခဖြစ်ရုံပဲရှိမယ်၊ဒီလိုဆိုတာ၊ လိုချင်တာတွေက အလွန်ပဲများတယ်၊ ဤမှတပါး အိုခြင်း,နာခြင်း, သေခြင်း, ကွဲခြင်း ဒါတွေကိုတော့ မဖြစ်ချင်ကြဘူး၊ မတောင့်တဘူး၊ ဒါပေမဲ့ ရလာတာပဲ။

မနှစ်သက်တဲ့ အာရုံတရားတွေ၊မမြင်ချင်တာတွေ မြင်ရတယ် မကြားချင်တာတွေကြားရတယ်၊ "ယံပိစ္ဆံ နလဘတိ တံပိဒုက္ခံ" လို့ ဘုရားဟောတဲ့ တရားတွေက အနက်အဓိပ္ပါယ် သိသွားရင် စကားတလုံးဆိုဖွင့်လို့မကုန်ဘူး၊ ပြောလို့မကုန်ဘူး၊ နောက်ဆုံး ပဋိဝေဓဉာဏ်နဲ့ ကြည့်လိုက်တော့ လူချမ်းသာ နတ်ချမ်းသာ၊ ဘယ်လိုပင် လိုချင်တောင့်တ၍ နေကြငြားသော်လည်း၊ ဘယ် တော့မှ မရလို့မို့ ဒုက္ခ၊ စင်စစ်က ခင်ဗျားတို့ တောင်းကြတာ၊ ရှိတယ်ထင်လို့ ရတယ်ထင်လို့တောင်းလာကြတာကိုး၊ ဖြစ်လာ ပြန်တော့လဲရတယ်လို့ထင်တယ်၊ စိတ်က တခါတခါဖြစ်ပြန်ရော အဲဒါ ဝိပလ္လာသစိတ်တွေ၊ အထင်နဲ့ ရှိလိုက်ရတာ၊ ခင်ဗျားတို့က ထင်လို့ဖြစ်လာတာမဟုတ်ဘူး၊ ထင်သလို ဖြစ်လာတာ မဟုတ် ဘူး၊ ယူသလိုဖြစ်လာတာမဟုတ်ဘူး၊ ခင်ဗျားတို့ ထင်ချင်တာ ထင် သူ့ဟာသူ ကတော့ မှန်နေတာပဲ၊ မှန်တာက ဘာလဲ၊ ပညတ်နဲ့ပြောတော့ အချည်းနှီး အလကားဖြစ်တဲ့ဒုက္ခ ဒါပဲ ရမယ်လို့ပြောတာ။

အဲဒီစိတ်တရား၊ ဥပါဒါနက္ခန္ဓာဆိုတဲ့စိတ်တရားကအချည်းနှီး ဒုက္ခ၊ အလကားဒုက္ခ၊ အငှါးဒုက္ခ၊သင်္ခါရဒုက္ခ၊ သင်္ခါရေပရတော ဆိုတာ သူ့ပြောတာ၊ တခြားတပါးပြောတာမဟုတ်ဘူး၊ အစ ရှိသည်ဖြင့် ဒီလိုဆိုရမှာ၊ ဟောလိုတဲ့ တရားကတော့ ဒါတွေ မဟုတ်ဘူး။ ဒါတွေက အကြောင်းသင့်လို့ လျှောက်ပြောခနေ တာ၊ အဲဒီစိတ်မျိုးတွေ၊ ယခုအချိန် ယခုအခါမှာ လူ့ပြည်၊

နတ်ပြည်,ပြဟ္မာပြည်,အစရှိသည်ဖြင့်၊ လူချမ်းသာ,နတ်ချမ်းသာ, ပြဟ္မာချမ်းသာတွေကို တောင့်တ၍ နေတဲ့စိတ်တွေ၊ အခုနေ အခါမှာ အခုအခိုက်မှာ ဖြစ်နေတာ မရှိပါဘူး၊ သူ့ဟာသူ ကတော့ ငြိမ်းနေတာ၊ သူ့ဟာသူကတော့ အဖြစ်ငြိမ်းနေလို့ အေးအေးကလေးနေတာ (ဝါ) ဒီအတိုင်းတိုင်းနေတာ။ဘာတွေ ညာတွေ တောင့်တ၍ မနေပါဘူး၊ ကြောင့်ကြ၍မနေပါဘူး၊ လိုချင်တယ်ဆိုတဲ့ စိတ်ကလဲ ဖြစ်၍မနေပါဘူး၊ သတ်ချင်တယ် ဖြတ်ချင်တယ် ခိုးချင်တယ် ဖျက်ချင်တယ် ဆိုတဲ့စိတ်ကလဲဖြစ်မနေ ပါဘူး၊ စောင်းချင်တယ် ရွဲ့ချင်တယ် မဲ့ချင်တယ် ကဲ့ရဲ့ချင်တယ် ချီးမွမ်းချင်တယ်ဆိုတဲ့စိတ်ကလဲဖြစ်မနေပါဘူး၊ အဲဒါ အကုသိုလ် စိတ်တရားလို့ ခေါ်တယ်။

ကိလေသာတဲ့၊

အာသဝတဲ့၊

ဂန္ထတဲ့၊

နိဝရဏတဲ့၊

အစရှိသည်ဖြင့် ခေါ်ရတာတွေပဲ၊ အဲဒါ စာစကားတွေ။ အဲဒါတွေလျှောက်ဟောနေကြလို့ တရားမရနိုင်တာ၊ ပြောတော့ ဟောတော့လဲ ဟောလျက်ပဲရှိနေတာပဲ၊ အဲဒါ တရားမရနိုင် တာပေါ့၊ ဒါတွေပဲ လျှောက်ဟောနေတာကိုး။

ဘုန်းကြီးတို့ ဟိုတုံးက ကြောင်ပန်းရောက်သွားပြီး၊ ရှေးဦးစွာ နမ်မြင်တာစိတ်၊ ကိုယ့်စိတ်ကို ကိုယ်တယ်ပြီး သိခဲ့တယ်။ နှလုံးထဲမှာ ရှိတယ်လို့ ထင်တယ်၊ ခေါင်းထဲမှာ ရှိတယ်လို့ ထင်တယ်၊ ဘုန်းကြီးတို့ တရားစမြင်တာ စိတ်ကိုစမြင်တာပေါ့၊ ကိုယ့်စိတ်ကို ကိုယ်စမြင်တာပဲ၊ ရိပ်မိတာပဲ၊ တခြားမဟုတ်ဘူး။ ကြောင်ပန်းက တုံးနာမ်၊တိုင်နာမ်၊ဖျာနာမ်လို့ ဟောနေတာ ဘုန်ကြီးတို့အသုံးနဲ့ကတော့....

တုံးဆိုတာစိတ်၊

တိုင်ဆိုတာစိတ်၊

ဖျာဆိုတာစိတ်၊

ထွေးခံဆိုတာစိတ်၊

ရေခွက်ဆိုတာစိတ်၊

ရေဖလားဆိုတာစိတ်၊

လူဆိုတာစိတ်၊

နတ်ဆိုတာစိတ်၊

ပြဟ္မာဆိုတာစိတ်၊

သတ္တဝါဆိုတာစိတ်၊

စိတ်တလုံး ဟောနေတာ၊ အဲဒါ သဘောမပေါက်ပဲ သွားငြင်းတာပဲ၊ "တုံးဆိုတာ အဌကလာပ် ရုပ်ရှစ်ခု၊ ရုပ်တရားကြီးပဲ ဘယ်ကနာမ်ဟုတ်ရမလဲ" စသည်ဖြင့် ငြင်းတာ၊ ဒုတိယကြောင်းပန်းဆရာတော်ဖြစ်တဲ့ ပန်းသာဆရာတော်ဆီ သွားငြင်းတာပဲ။ ဆရာတော်ကလဲ မေးလို့မြန်းလို့ အလွန်ကောင်းတယ်၊ မေးစရာရှိရင် သူ့ခြေထောက်ဆွဲပြီး သွားမေး၊ အင်မတန်ပေးလို့ကောင်းတယ်၊သဘောလဲအလွန်ကောင်းတယ်၊ ပန်းသာဆရာတော် ခေါ်တယ်၊ ဒုတိယ ကြောင်ပန်း ဆရာတော်ပဲ၊ ဘုန်းကြီးတို့ မှီလိုက်တယ်၊ မေးချင်တာမေး အိပ်ပျော်နေရင်တောင် ခြေထောက်ဆွဲပြီး နိူးမေး၊ ကိစ္စမရှိဘူး။

တုံးနာမ်၊တိုင်နာမ်၊ဖျာနာမ် အစရှိသည်ဖြင့် ဟောတာ၊ဒီလိုဟောခဲ့တာကို မကြိုက်ခဲ့ဘူးပေါ့ဗျ၊ သူဟောချင်တာက စိတ်တလုံးဟောချင်တာ၊ ခု-ဘုန်းကြီးတို့ ပြတာမျိုး ဟောတာမျိုးမဟုတ်ဘူး၊ မကြိုက်ပေမဲ့ ဖိပြီးနာနေတာပဲ၊ အစ-အဆုံးအထိ၊ ဆုံးခန်းတိုင်အောင် နာခဲ့တာပဲ။

တနေ့တော့ တရားနာပြီး၊ ခုလိုပေါ့ တရားနာပြီးတော့ ဘုန်းကြီးလဲ စကြံကြွသွားတယ်၊ စကြံလျှောက်သွားရင်း လက်မောင်းကို ခပ်များများလွှဲမိတယ်၊ ခပ်များများလှုပ်တယ်။

လက်မောင်း - လက်မောင်း၊

လက်မောင်း - လက်မောင်း၊

လက်မောင်း - လက်မောင်း၊

လက်မောင်း - လက်မောင်း၊

လက်မောင်း - လက်မောင်း၊

ဟင်....လက်မောင်းဆိုတာ စိတ်မှာဖြစ်တာပါလား၊ လက်မောင်း လက်မောင်း ဆိုတာ စိတ်ဖြစ်လာတာ၊ အဲဒါ စိတ်ပါလားလို့သိတာ၊ စသိလာတာပဲ၊ လက်မောင်း လက်မောင်း စိတ်ပါကလားရယ်လို့ ကိုယ်တိုင်သိတာ၊ နာမပရိစ္ဆေဒဉာဏ်။

စိတ္တေ စိတ္တာနုပဿီ ဝိဟရတိ၊

စိတ္တေ၊ စိတ်၌။ စိတ္တာနုပဿီ၊ စိတ်ဟူ၍သိသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ ဒီလိုသိတာပါ။ စိတ္တေစိတ္တာနုပဿီဆိုပြီး စာတွေပေါ်လာတာပဲ၊ တရားစသိပုံပြောတာ။

လက်မောင်းဆိုတာစိတ်၊

စာအုပ်ဆိုတာစိတ်၊

ပုလင်းဆိုတာစိတ်၊

စားပွဲဆိုတာစိတ်၊

တုံးဆိုတာစိတ်၊

တိုင်ဆိုတာစိတ်၊

ဖျာဆိုတာစိတ်၊

စိတ်တွေချည်းဖြစ်ကုန်တာပဲ၊ စိတ်မှာ ဖြစ်ပေါ်လာတာကိုး လက်မောင်းဆိုတာ၊ သူက လက်မောင်းပါလို့ ပြောသလား၊ ခေါင်းကလဲ ပြောခဲ့ဘူးသလား၊ လက်မောင်းကများ ပြောခဲ့ဘူးသလား၊ မပြောခဲ့ပါဘူး၊ ပြောလဲမပြောနိုင်ပါဘူး၊ စိတ်မှာ ဖြစ်လာတာဗျ၊ စိတ်က ဖြစ်လာတာ၊ ခင်ဗျားတို့စိတ်က သိမှတ်တာ၊ ကိုယ့်ဖြစ်ပေါ်လာတဲ့စိတ် ကိုယ်သိရမှာ၊ တရား သိချင်တယ်ဆိုရင် မိမိတို့စိတ်၊ မိမိတို့အကဲခတ်ကြ၊ မိမိတို့စိတ် မိမိတို့ ရိပ်မိအောင်ကြည့်ကြ၊ ဒါမှဘုန်းကြီးတို့ဟောတဲ့တရားကို ရိပ်မိမယ်။

ဥပါဒါနက္ခန္ဓာဆိုတာ ဒီစိတ်မှာ ဖြစ်ရမှာ၊ ဒီစိတ်မှ မကြည့်လိုက်လို့ရှိရင် ခင်ဗျားတို့ ဘယ်လိုမှ မသိလိုက်ဘူး၊ အဲဒီလိုပဲ

ဘုန်းကြီးလဲ ရိပ်မိခဲ့တာ၊ ဒါတောင်မှ ဒီစိတ်က အခုဖြစ်ပေါ်ပြီး တော့ ပျက်သွားတဲ့ စိတ်ပါကလားလို့ မသိသေးဘူး၊ ဒါပေမဲ့ နည်းနည်းတော့ ရိပ်မိလာပြီ။

ဪ....ဒီစိတ်ဟာ ခုမှဖြစ်ပေါ်လာပြီး ပျက်သွားတဲ့စိတ်ပဲ၊ ဒါဖြစ်ရင် မဖြစ်ခင်က ဒီစိတ်ကရှိနေပါ့မလား၊ အဲဒီလိုပဲ ပဋ္ဌာ လောမနည်းနဲ့ ပြန်ပြီး ဆင်ခြင်မိတယ်၊ လက်မောင်းလက်မောင်း ဟူ၍ သိမှတ်တဲ့စိတ်က မဖြစ်မီက ရှိ၍များနေပါ့မလား မရှိပါ ဘူး၊ သူ့ဟာသူ အဖြစ်ကင်းနေပါလားလို့ ဒီလိုပဲ သိမြင်ခဲ့တယ်၊ သူ့ဟာသူ အဖြစ်ကင်းမနေဘူးလား၊ အဖြစ်ရှင်းမနေဘူးလား၊ ဝယမမွှာ ဖြစ်မနေဘူးလား၊ အဖြစ်တွေ ကုန်မနေဘူးလား၊ ဝယမမွှာဖြစ်နေပါတယ်၊ ဖြစ်နေတာမရှိတော့ အဖြစ်ကင်းပြီး တော့ နေတာပေါ့။

ဒေါသမဖြစ်တော့လဲ ဒေါသကင်းလျက်မနေဘူးလား၊ ဒေါ သ ကင်းတာကတခြား ဒေါသကင်းတဲ့စိတ်နဲ့ နေတာကတခြား၊ ဒီနေရာကိုပဲ ကင်းရာ, ကုန်ရာ, ချုပ်ရာ, ငြိမ်းရာလို့ စာလို ခေါ်တယ်၊ စာလိုပြောတော့ ခင်ဗျားတို့နားမလည်မှာ စိုးလို့ "နေလျက် နေလျက်" လို့ ထည့်ပြောတာ၊ လောဘ မဖြစ် တော့ လောဘကင်းလျက် နေတယ် မဟုတ်လား၊ ဒေါသက မှဖြစ်တော့ ဒေါသကင်းလျက်၊ သောကတွေက ပူပန်ကြောင့် ကျမှု ဆိုတဲ့ စိတ်တွေက မဖြစ်လေတော့၊ ပူပန် ကြောင့်ကျတဲ့

စိတ်တွေမှ ကင်းလျက်မနေဘူးလား၊ချမ်းသာစွာနေတယ်၊နေတဲ့ စိတ်က တခြား၊ ပူတဲ့စိတ် မဖြစ်ဘူးလို့ဆိုရင် ချမ်းသာတဲ့ စိတ်နဲ့နေလျှက် မရှိဘူးလား၊ နေတဲ့စိတ်ကတခြား၊ ဒေါသတွေ လောဘတွေ မဖြစ်သေးတာက သခ်ိတာဓမ္မာ၊ အဖြစ်ရော ငြိမ်း လျက် ရှိတာက အသခ်ိတာဓမ္မာ၊ ယခုပြုတာက သခ်ါရဓမ္မာ၊ သခ်ါရတရား။

သခ်ါရ၊ အသခ်ိတ၊ အစရှိသည်ဖြင့်ပေါ့ စာလိုလျှောက်ပြီး တော့ ခဲ့ပြောတာ၊ အဲဒါလက်မောင်း လက်မောင်းလို့ သိလာ ပုံကစပြီး ဆက်ပြောလာခဲ့တာပါ။

အဲဒီလို နောင်တချိန်မှာပေါ့၊ ဂူထဲမှာ ဆိုပါတော့၊ ဒါလဲ ဥပါဒါန်တွေ ကပ်နေသေးတာပဲ၊ ကိုယ်ချင်းစာ ပြောရတာ။ နာမ်တော့သိတယ်၊ သိပေမဲ့ ဥပါဒါန်တွေက ကပ်နေသေးတယ်။ ကိုယ့်စိတ် အထင်တွေက ကပ်နေသေးတယ်၊ ဟိုနားပြောင်း ထိုင်ရမလိုလို၊ ဟိုလှည့်ရမလိုလို၊ ဒီစောင်းရမလိုလိုနဲ့ ဟိုသွား ဒီလာနဲ့ ဒီလိုရှိသေးတာပဲ မြစ်လယ်ကို ငှက် (သမ္ဗာန်) နဲ့ ကူးတော့၊ ခတ်ကွင်းပျက်နေသလို၊ ချာလည်ချာလည်နဲ့ ဒီလိုပဲ ရှိသေးတာ ခက်ခဲတယ် နက်နဲတယ်ဆိုတာဟုတ်တယ်၊ ရုတ်တရက် မပေါ်ဘူးဆိုတာ ဟုတ်တယ်၊ ပြောလဲပြောထိုက်တယ်။

တချိန်တုံးက ဦးပဉ္ဇင်းလေးတွေနဲ့စာချလိုက်တော့၊ သုတ်သီ လက္ခန် ပြဟ္မဇာလသုတ်မှာ (၆၂) ပါးသော ဒိဋ္ဌိဖြစ်ပုံတွေ

ပါတယ်၊ (၆၂)ပါးပြားသည့်ဒိဋ္ဌိ သုတ်သီလက္ခန်၊ ဗြဟ္မဇာလ သုတ်မှာ ဟောတယ်၊ အဲဒီသုတ်ရောက်တော့ (၆၂)ပါးသော ဒိဋ္ဌိဖြစ်ပုံတွေကိုဟောတော့ ရိပ်မိသွားတယ်။

အဲဒီဗြဟ္မဇာလသုတ်မှာ ၆၂-ပါးပြားသည့်ဒိဋ္ဌိကို ဟောလိုက်တော့ နောက်ဆုံး စိတ်ကလေး ဘယ်လိုဖြစ်နေနေ၊ ဖြစ်နေရင်တော့ ဘယ်ဒိဋ္ဌိနဲ့မှ မလွတ်ဘူး၊ တခုခုသော ဒိဋ္ဌိနဲ့တော့သွားပြီး ငြိတာပဲ၊ ၆၂-ပါးသော ဒိဋ္ဌိနဲ့ချကြည့်၊ စိတ်ကလေးတခုခု ဖြစ်နေသလား၊ ဖြစ်နေရင် တခုခုသော ဒိဋ္ဌိနဲ့ သွားငြိတာပဲ၊ ဖြစ်ရင်တော့ တခုခုနဲ့ သွားငြိတယ်လို့သိဘယ်၊ အဲဒီလို သိလာတယ်၊ လက်စသတ်တော့ မိမိစိတ်ကဘာမှမဖြစ်ပဲ၊ ဒီအတိုင်းတိုင်း နေတဲ့သဘောကို မြင်တော့တာ။

ဪ....ဒီအတိုင်းတိုင်း အဖြစ်ငြိမ်းနေမှ ၆၂-ပါးပြားသည့် ဒိဋ္ဌိမှ လွတ်တယ်လို့သိဘယ်၊ ဒီအတိုင်းတိုင်း ငြိမ်းနေတာပဲဗျ၊ ဟိုလှည့်ကြည့်လဲငြိမ်း၊ ဒီလှည့်ကြည့်လဲငြိမ်း၊ ငြိမ်းနေတာ ဒီ-အတိုင်းတိုင်းငြိမ်းနေတာပဲ၊ ဒီအတိုင်းတိုင်းက ငြိမ်းနေတယ်၊ "စိတ် - စိတ်အတိုင်းတိုင်း" ဆိုတာ အဲဒီက ထွက်လာဘာပဲ၊ ဒီအတိုင်းတိုင်းပဲ၊ စိတ်ကလဲ တွေးမပေးတော့ ဟိုလုပ်ချင်ဒီလုပ်ချင်၊ ဟိုကြံဒီတွေး၊ အောက်မေ့မှုတွေ၊ ဆင်ခြင်မှုတွေမရှိတော့ ဒီအတိုင်းတိုင်း အေးနေတာ၊ အဲဒါ "စိတ်အတိုင်းတိုင်း" ပါပဲ၊

အဲဒီအခါမှာ မိမိစိတ်နဲ့ ဘယ်အာရုံနဲ့မှ သွားမတွေ့ဘူး၊ မိမိရဲ့ စိတ်နဲ့ လောကီအာရုံ၊ လောကီသင်္ခါရအာရုံနဲ့ စိတ်နဲ့ မတွေ့ဘူး၊ မတွေ့အောင်နေကြ၊ ဒီလိုပြောတာ။

ခြောက်ပါးသော ဖဿ အာယတနတွေ ချုပ်ငြိမ်း၍ နေတာ၊ နောက်မှ စာတွေ ဘာတွေ ကောက်ကြည့်ပြီး၊ ကိုယ့်ဖြစ်တဲ့ သဘောနဲ့ တိုက်ကြည့်တာ၊ သံယုတ် ငါးကျမ်းထဲက မဟာဝဂ္ဂ သံယုတ်မှာ အများဆုံးပဲ၊ အဲဒီ မဟာဝဂ္ဂသံယုတ်ဖတ်ကြည့်လိုက်၊ ကိုယ့်ဖြစ်နေတာတွေနဲ့ ကြည့်လိုက်၊ ဒီလိုဖြစ်တာကိုး ဆိုပြီး သိလာတာ။ ဒီအတိုင်းတိုင်း ငြိမ်းနေတာကို သိလာတာ။

ခုနကပြောခဲ့သလို၊ မငြိမ်းတဲ့ တရားတွေက၊ ဥပါဒါနက္ခန္ဓာ တရားတွေဖြစ်တတ်တဲ့ ခန္ဓာတွေက၊ မရိုး မသား ဆိုးဝါးတဲ့ စိတ်တရားတွေက၊ တခါတခါ ဖြစ်တော့ ဖြစ်တယ်၊ ဖြစ်ပေမဲ့ မမြဲတဲ့အမျိုးမို့လို့၊ ဖြစ်ပျက်မျိုးမို့ ဖြစ်ပြီးတော့ပျက်ကုန်ခဲ့ပြီ၊ ယခုကော ဖြစ်နေတာရှိသလား မရှိပါဘူး၊ မဖြစ်အောင်တော့ ဘယ့်နှယ်များ လုပ်ထားသလဲ၊ ဘယ်နှယ်မှ မလုပ်ရဘူး၊ သူ့ဘာသာသူ၊ သူ့အလိုလိုက မဖြစ်ပဲနေတာ၊ ဒါဖြစ်ရင် ဖြစ်နေတာတွေ မရှိဘူးပေါ့၊ ဖြစ်နေတာတွေက ဝယမှာ ဖြစ်မနေဘူးလား၊ ပျောက်နေတယ်, ကွယ်နေတယ်, ချုပ်နေတယ်, ငြိမ်းနေတယ်, သူ့အလိုလို ပျောက်ကွယ် ချုပ်ငြိမ်းနေတယ်၊ မရိုး မသား ဆိုးဝါးတဲ့စိတ်တရားက၊ သူ့အလိုအလျောက် ပျောက်ကွယ်၍ ချုပ်ငြိမ်းနေလို့၊ ရိုးရိုးသားသားလေး နေလျှက်ရှိပါ

တယ်။ မရှိဘူးလား၊ တကာကြီးတို့ တကာမကြီးတို့မှာ ရှိးရှိး သားသား ဖြစ်နေလျက်ရှိပါတယ်၊ အဲဒါကြီးကို ဖျောက်ပြစ်လို့ ရမှာမဟုတ်ဘူး၊ လွဲသွားအောင် လုပ်လို့မရဘူး၊ တရား မဟုတ် အောင် နေလို့မရဘူး၊ ခင်ဗျားတို့ လောကီရင်လဲ ဖြစ်မယ်၊ လောကီတွေ ဘာမှမဖြစ်ရင် လောကုတ္တရာဖြစ်နေရမယ်၊ အဲဒါ သိတော့ သိတဲ့ဉာဏ်ဖြစ်နေမယ်၊ မသိဘူးဆိုတော့ မသိတာကြီး ဖြစ်၍နေပြန်တာ အဝိဇ္ဇာတရားပေါ့၊ အဲဒါကြောင့် တရားနဲ့ လွဲနေအောင် နေလို့မဖြစ်ဘူး၊ တရားမဟုတ်တာ ရယ်လို့ မရှိဘူး။

တရားချည်းရှိတာမို့ တရားချည်း သိနေရမှာ၊ အဲဒီလို သိတာက စပြီးဖြစ်လာတဲ့စကား "စိတ်-စိတ်အတိုင်းတိုင်းထား" ဆိုတာ စိတ်အလုပ်မရှိဘူးပေါ့၊ စိတ်အလုပ်မရှိတော့ စိတ်ငြိမ်း နေတာ၊ စိတ်ငြိမ်းချမ်းနေတာ၊ ဆိုလိုရင်းကတော့ ဖိုလ်စိတ်ဗျ၊ စိတ်နားနေတာ စိတ်အနားယူနေတာ၊ စိတ်နားထားတာ၊ အဲဒါ ဖလသမာပတ် ဝင်စားတယ်လို့ ပြောတာ၊ စာလိုတော့ ကြီးကျယ် တာ၊ ဗမာလိုတော့ ဖိုလ်ဝင်စားတယ်၊ ဖိုလ်ဝင်စားတယ်ဆိုတာ ဟာ ဘယ့်နှယ်ဟာတုံး၊ စိတ်နားတာပဲ၊ စိတ်အနားယူတာပါ ပဲဗျ၊ တခါစိတ်နားတယ်ဆိုတာကို နားလည်အောင် ထပ်ပြော ရတော့၊ စိတ်အလုပ်မလုပ်တာ စိတ်အလုပ်မရှိဘူး၊ စိတ် ဒီအတိုင်း နေတာ အတိုင်းတိုင်းနေတာ၊ စိတ်-စိတ်အတိုင်းတိုင်းနေတာကို ဖိုလ်စိတ်လို့ ပြောတာ။

စိတ်တွေဖြစ်အောင်လုပ်မပေးပဲ ပကတိအတိုင်း နေလိုက်တာ အဲဒါဖိုလ်စိတ်တဲ့၊ ရှေးဦးစွာ သိတာဆိုတော့ မဂ်ဉာဏ်လို့ ပြောတာ၊ အဲဒီလို သိကြရမယ်၊ လွယ်လွယ်လေးပဲဗျ၊ ခုန ပြောတဲ့ ပကတိ အတိုင်းကတော့ ငြိမ်းပြီးသား, လွတ်ပြီးသား, ကင်းပြီးသား, ရှင်းပြီးသား။

ဖြစ်၍လာတာတွေက တကယ်မဟုတ်ဘူး အလကားပဲ၊လေထဲ တိုက်အိမ်ဆောက်သလို စိတ်ထင်လိုက်ရတာ၊ သူ့ပဲ,ငါပဲ,ပုဂ္ဂိုလ်ပဲ, သတ္တဝါပဲ, သားရယ်, မယားရယ် အစရှိသည်ဖြင့် စိတ်က ထင်လိုက်ရတာ၊ တဘဝလုံး စိတ်သင်နဲ့ပြီးလိုက်ရတာ၊ ကြေနပ်ကြတာ ငိုချင်းချ၍ နေကြတာ၊ ပျော်၍နေကြတာ ပြုံးနေကြတာ စိတ်အသင်နဲ့ သာလျှင် ပျော်ကြတာ တကယ်မဟုတ်ဘူး၊ ရုပ်သေးဆွဲဘဲ့မင်းသားများလိုပေါ့၊ကိုယ့်အရုပ်ကလေးကိုယ်ထု၊ ကိုယ့်ကြိုးကလေးကိုယ်တပ်၊ ကိုယ့်ဟာကို ငိုကြရယ်ကြ၊ ဒီလိုပဲ ဒီမှာလဲ ကိုယ့်စိတ်ကလုပ်တာ ဟုတ်ဘယ် မှန်တယ် သယ့်နှယ် ညာ့နှယ်နဲ့ စိတ်ကလျှောက်လုပ်တာ၊ သဘောကျတော့ စွဲလန်း စိတ်တွေဖြစ်ရော၊ စိတ်-စိတ်ချင်း ဆက်ဖြစ်သွားတာ ပဋ္ဌာန်း ပစ္စည်း ခေါ်တယ်၊ စာလိုပြောရင် နက်ဘယ် စိတ်-စိတ်ချင်း ဆက်ဖြစ်သွားတာ၊ ကိုယ်စိတ်က ဟုတ်တယ်လို့ ထင်လိုက်တာပါပဲ။

တကယ်ဟုတ်နေတာဘာလဲ တကယ်ဟုတ်နေတာ ဒုက္ခတွေပါ၊ ဒုက္ခဆိုတာ ဟုတ်တယ်၊ ဒုက္ခသစ္စာဆိုတာ ဟုတ်ဘယ်၊ ဒုက္ခ

အရိယ သစ္စာဆိုတာ ဟုတ်တယ်၊ အဲဒီ ဒုက္ခ သုံးမျိုးတို့တွင် ဒုက္ခ အရိယသစ္စာကို သိရမယ်၊ အဲဒီ ဒုက္ခအရိယသစ္စာက ယခုအခိုက် ယခုအခါမှာ ဘယ်လိုများသိလို့ ဖြစ်ပါလိမ့်မလဲ၊ ဒုက္ခအရိယ သစ္စာက ယခုအခိုက်မှာတော့ ဖြစ်နေတာတွေမရှိဘူး၊ သူ့အလို အလျောက် အဖြစ်တွေကင်း အဖြစ်တွေရှင်းနေတယ်၊ အဲဒီ ဒုက္ခ အရိယသစ္စာသည်....

ဝယမ္မာဖြစ်၍နေတယ်၊

ခယမ္မာဖြစ်၍နေတယ်၊

ဝိရာဂဓမ္မာဖြစ်၍နေတယ်၊

နိရောခဓမ္မာဖြစ်၍နေတယ်၊

အဖြစ်တို့မှ ကွယ်ပျောက်နေတယ်၊

အဖြစ်တို့မှ ကုန်ခန်းနေတယ်၊

အဖြစ်တို့မှ ကင်းလွတ်နေတယ်၊

အဖြစ်တို့မှ ချုပ်ငြိမ်းနေတယ်၊

ဘုရားကလဲ လိုရင်းအချက်ကို ဟောချင်လို့ "သုညတော လောကံ အဝေက္ခဿု" အစရှိသည်ဖြင့် ဟောခဲ့တာပဲ၊ အဘိဓမ္မာတို့ ဘာတို့ ဟောခဲ့တာက ရဟန္တာဖြစ်ပြီးတဲ့ ပုဂ္ဂိုလ်တွေ ဥာဏ်ကျက်စားဘို့ပါ။ ပကတိသာဝက အရာမဟုတ်ပါဘူး၊ မိမိတို့ နိဗ္ဗာန်ရဘို့က ဒီလောက်မခက်ခဲပါဘူး လွယ်ပါတယ်။

ခင်ဗျားတို့ စိတ်ကူးတွေဖြစ်ရင်တော့ ဒုက္ခတွေဖြစ်ဖို့ချည်းပဲ။ အခုတွေးပေးရင် အခုကိုဖြစ်တာ၊ အိုးအိမ်အတွက်၊ သားအတွက်၊ သမီးအတွက်၊ ရောင်းရေး-ဝယ်ရေးအတွက်၊ နေရေး-ထိုင်ရေးအတွက်ပေါ့ဗျာ၊ ရှိထားတဲ့ ပစ္စည်းကလေးတွေ ကုန်ခန်းသွားတာက မခက်ပါဘူး၊ အခု ဘာလုပ်စားကြမလဲ ဆိုတာက ခက်တယ်၊ အဲဒီအတွက် ခက်နေတာ၊ အဲဒီတော့ ခက်တာတွေ ကြုံမလာဘူးသား၊ ခက်တာတွေ တွေးတော့ အလိုမကျတာတွေ၊ သဘောမကျတာတွေ၊ သောက ဖြစ်စရာတွေ၊ မနှစ်သက်စရာတွေပေါ့၊ အိပ်မပျော်စရာတွေ မဖြစ်ဘူးလား၊ ကိုယ်ဖြစ်နေတာတွေ ကိုယ်သိမှပေါ့၊ အဲဒီ ဒုက္ခ အရိယသစ္စာ ဖြစ်တယ်တဲ့၊ ရုံခါရုံခါ ဖြစ်တတ်တယ်၊ ဖြစ်၍ ဖြစ်၍ နေကြပါတယ်၊ ဖြစ်ပေမဲ့လို့ မမြဲဘူး၊ ဖြစ်ပြီးတော့ ပျက်တဲ့တရားမို့၊ နောက်တုံးက ဖြစ်တဲ့တရားတွေ အခုတော့မရှိဘူး၊ မရှိပေမဲ့ ညကျယင် ပြန်ဖြစ်ချင်ဖြစ်မှာ။

အခု ဖြစ်နေသလားဆိုတော့ အခု အခိုက်အတန့်ကလေးမှာတော့ ဖြစ်နေတာမရှိတာမရှိဘူး၊ တွေးစိတ်က ခုနေအခါမှာ ဖြစ်

နေတာတွေမရှိဘူး သူ့အလိုအလျောက် ပကတိ မူလမှာတော့ ပကတိအတိုင်း မိမိတို့ မိမိတို့မှာ အေး၍ အေး၍ မနေဘူးလား၊ အေးလျက် မနေကြဘူးလား၊ စိတ်မှာ ပကတိ လွတ်လပ်လျက် ချမ်းသာလျက် ငြိမ်းချမ်းလျက် ရှိပါတယ်၊ ဒါဘဲရှိတော့၊ရှိတာပဲ သိနေတာဗျ။

မျက်မှောက်ပြုစရာ တရားတခုပဲရှိတယ်၊ အဲဒါ ရှင်းပါတယ်။ အင်မတန်မှ ရှင်းပါတယ်၊ မျက်မှောက် ပြုအပ်တဲ့တရားက သူ့ဘာသာ သူ့အလိုအလျောက် ငြိမ်းနေတဲ့ ငြိမ်းရာတခုထဲရှိတယ်။ ငြိမ်းရာ တခုသာလျှင်ရှိတယ်၊ ဖြစ်တယ်ပျက်တယ် ရှုစရာမရှိဘူး။ ဖြစ်ပျက်ရှုရင် ဒုက္ခဖြစ်မှာပေါ့၊ ဖြစ်ပျက်တွေက မရှိဘူး ကုန်နေပြီ ဖြစ်ပျက်တို့ရဲ့ မရှိရာ, ဖြစ်ပျက်တို့ရဲ့ ကင်းရာ, ကုန်ရာ, ချုပ်ရာ, ဆိုတဲ့ ပကတိအတိုင်း ငြိမ်းချမ်း အေးချမ်းမှု သန္တိလက္ခဏာ ရှိတဲ့ နိဗ္ဗာန်တခုသာလျှင် ရှိပါတယ်၊ ဖြစ်နေတာတွေကတော့ မရှိပါဘူး။

ဖြစ်လာအောင်ကတော့ ကြံမှ, စည်မှ, တွေးမှ,အောက်မေ့မှ, မနေနိုင်လို့ ပြုလုပ်မှ ငွေမြိုင် ဒုက္ခများဆိုတဲ့ စကား ပမာလို၊ ဒုက္ခ များလာရမှာပါ၊ ဒီလိုသိလို့ ပကတိကတော့ ငြိမ်းနေတာ၊ အေးနေတာ၊ ချမ်းသာနေတာ တခုပဲရှိပါတယ်။ အဲဒီငြိမ်းချမ်း နေတဲ့ ငြိမ်းရာတခုကိုတော့ ဘယ်တော့မှ မမေ့ကြနဲ့၊ အဲဒါကို မမေ့ဘူ ဘုရားက....

ကျောက်သဘော်ဆရာတော်ဘုရားကြီး၏

" ဝယမ္မော သင်္ခါရာ အပ္ပမာဒေန သမ္ပာဒေထ "

သင်္ခါရတို့ရဲ့ ကုန်ရာ, ခန်းရာ, ချုပ်ရာ ဖြစ်တဲ့ နိဗ္ဗာန်ကို မမေ့မလျော့သော သတိတရားနှင့် ပြည့်စုံကြလေတဲ့။

ကိုင်း....တော်လောက်ပါပြီ။

—*—